

GLOBAL
FREEMASONRY
THE MASONIC PHILOSOPHY
UNVEILED AND REFUTED
တကမ္ဘာလုံးဆိုင်ရာ
ဖရီးမေဆွန်ရီအဖွဲ့
မေဆွန်အတွေးအခေါ်ကို ဖေါ်ထုတ်ခြင်း
နှင့် ချေပပယ်ချခြင်း
HARUN YAHYA

ဟာရွန် ယဟ်ယာ

အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင်
ရပ်တည်ရန်ရည်ရွယ်ချက်ဖြင့်
ကျွန်ုပ်၏ ချစ်လှစွာသော
ဇနီး၊ သားသမီးများ၊
ညီအစ်ကိုများနှင့်မိတ်သင်္ဂဟများကို
နှစ်ရှည်လများ ခွဲခွာခဲ့ခြင်းဂျီဟာဒ်တွင်
တစိတ်တဒေသ ဖြည့်တင်းပါစေဟု ရည်စူးလျက်
ဤစာအုပ်ကို ကုသိုလ်ဖြစ် မြန်မာဘာသာပြန်ဆိုပါသည်။
မည်သူမဆိုမူရင်းမပျက် ပုံနှိပ်ထုတ်ဝေရောင်းချခွင့် ရှိပါသည်။

မိုဟမ္မဒ်အလီ(လဟီ)တန်ဂွန်း
စက်တင်ဘာလ ၂၀၀၉–ခုနှစ်

# တကမ္ဘာလုံးဆိုင်ရာ ဖရီးမေဆွန်ရီအဖွဲ့

## Global Freemasonry

ဖရီးမေဆွန်ရီအကြောင်းသည် လူတို့အား စိတ်အားထက်သန်စွာဆွေးနွေးကြရအောင် နှစ်ပေါင်းရာစုများစွာဆွဲဆောင်လာခဲ့ပေသည်။ အချို့က မေဆွန်ရီအဖွဲ့ကို ဆန်းပြားသောရာဇဝတ်မှုနှင့် မကောင်းမှုဒုစရိုက်ကျူးလွန်သည်ဟု စွပ်စွဲကြသည်။ ဤအဖွဲ့သားများအချင်းချင်း ခိုင်မာသော ညီနောင်စိတ်ဓါတ်ဆက်သွယ်မှုရှိခြင်းကို သဘောပေါက်ရန်လေ့လာမည့်အစား၊ ဝေဖန်သူ အများအားဖြင့် သူတို့၏လုပ်ရပ်များကိုသာ ဂရုစိုက် ရန်မူလိုကြသည်။

ဤစာအုပ်သည် မေဆွန်ရီအဖွဲ့၏ အတွေးအခေါ်အစစ်အမှန်ကို ဖေါ်ပြပေသည်။ မေဆွန်ရီအဖွဲ့သားတို့ကို စည်းလုံးထားနိုင်သည့်အချက်မှာ အဖွဲ့၏အတွေးအခေါ်ဖြစ်၍၊ ၎င်းအတွေးအခေါ်သည် "ရုပ်ဝါဒ"ဖြစ်သည်။ "လူသားကိုသာ အဓိကထားသော လောကီရေးအတွေးအခေါ်"ဟု ခေါ်ရပါမည်။ သို့သော်လည်း၊ ၎င်းသည် မှားယွင်းသောအယူအဆနှင့် ချို့ယွင်းချက်ရှိသော သီအိုရီများတွင်အခြေခံသည့် မှားယွင်းသောအတွေးအခေါ်ဖြစ်ကြောင်း ဤစာအုပ်တွင် တွေ့ရပါလိမ့်မည်။

ဤစာအုပ်တွင် ဖရီးမေဆွန်တို့က ဖန်ဆင်းရှင်ဘုရားသခင်ကို ကိုးကွယ်သောဘာသာအယူဝါဒများကို ဆန့်ကျင်ရာ၌ ကြိုးပမ်းခဲ့ကြသည့်သမိုင်းကိုလည်း စာဖတ်သူတို့အား တင်ပြပါမည်။ ဥရောပတိုက်သားများကို ဘာသာအယူဝါဒဆိုင်ရာကိုယ်ကျင့်တရားများမှကင်းကွာသွားကြရန် ဆောင်ရွက်သူတို့တွင်၊ ဖရီးမေဆွန်ရီအဖွဲ့ဝင်တို့က အရေးကြီးဆုံး အရာရောက်ဆုံးပုဂ္ဂိုလ်များဖြစ်၍၊ ဘာသာအယူဝါဒကိုယ်ကျင့်တရားများ၏နေရာတွင် ရုပ်ဝါဒနှင့် လူသားကိုသာ အဓိကထားသောလောကီရေးအတွေးအခေါ်ကို အစားထိုးပေးခဲ့ကြသည်။ စာဖတ်သူအနေဖြင့်၊ အနောက်နိုင်ငံသားများနှင့်အတူ အနောက်နိုင်ငံမဟုတ်သောယဉ်ကျေးမှုများအပေါ် ဖရီးမေဆွန်ရီအဖွဲ့ဝင်တို့က ၎င်းတရားသေဝါဒများနှင့် လူမှုရေးစနစ်သစ်ကို အတင်းအကျပ်သွတ်သွင်းရာ၌ မည်သို့ဩဇာညောင်းကြသည်ကို တွေ့ရပါလိမ့်မည်။


ဤစာအုပ်ကို ဖတ်ရှုပြီးနောက် စာရှုသူအနေဖြင့်၊ အတွေးအခေါ်ရေးရာအမြင့်တူအုပ်စုများမှအစ သတင်းစာခေါင်းစီးများအထိကိုလည်းကောင်း၊ တေးသီချင်းများမှစ၍ နိုင်ငံရေးအတွေးအခေါ်များအထိကိုလည်းကောင်း၊ ပိုမိုနက်ရှိုင်းစွာကြည့်မြင်နိုင်ပြီး ရှုထောင့်အမျိုးမျိုးဖြင့် သုံးသပ်နိုင်လိမ့်မည်။ အဖြစ်အပျက်အမျိုးမျိုးတို့ကို ၎င်းတို့၏နောက်ကွယ်မှ အခြေခံအကြောင်းရင်းများကိုပါ သတိပြုရိပ်စားမိလာနိုင်ပါလိမ့်မည်။



ဤစာအုပ်ကို **ဟာရွန်ယဟ်ယာ**ဟူသောကလောင်အမည်ဖြင့် ရေးသားသူစာရေးဆရာကြီး အာဒ်နာန်အို့ခ်တာရ်သည်၊ တူရကီနိုင်ငံအန်ကာရာမြို့၌ ၁၉၅၆–ခုနှစ်တွင်မွေးဖွားခဲ့၍ အန်ကာရာမြို့တွင်ပင် အထက်တန်းကျောင်းပညာသင်ယူခဲ့လေသည်။ အစ္စတန်ဘူလ်မြို့ရှိ မိမာရ်ဆီနန်တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ်ကို ဆက်လက်ဆည်းပူးကာ ဝိဇ္ဇာဘွဲ့နှင့်မဟာဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးခဲ့လေသည်။ ထို့နောက် အစ္စတန်ဘူလ်တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကိုဆွတ်ခူးခဲ့လေသည်။ ၁၉၈၀–ခုနှစ်မှစ၍ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ သိပ္ပံဘာသာရပ်နှင့် ယုံကြည်ချက်ဆိုင်ရာအရေးများနှင့်ပတ်သက်သည့်စာအုပ်

များကို ရေးသားထုတ်ဝေခဲ့ပေသည်။ သူ၏ရေးသားချက်များသည် သိပ္ပံပညာအရေခြုံထား၍ တင်ပြထားသော ခေတ်သစ်အတွေးအခေါ်နှစ်ခုဖြစ်သည့် ဒါဝင်ဝါဒနှင့် ရုပ်ဝါဒတို့ကို အဓိက ထားချေပငြင်းပယ်ပစ်ရန် ဖြစ်သည်။

ဟာရွန်ယဟ်ယာ၏စာအုပ်များကို ကမ္ဘာတစ်ဝှမ်းလုံးရှိ စာဖတ်သူပရိသတ်က ကြိုက်နှစ်သက်ကြသည့်အပြင်၊ အမြောက်အမြားသောပုဂ္ဂိုလ်တို့ကို အစ္စလာမ်သာသနာသို့ ပြန်လည်ရောက်လာစေ၍ သူတို့၏ယုံကြည်ချက်ကိုလည်း ပိုမိုနက်နဲစွာရှုမြင်စေပါသည်။ ဟာရွန်ယဟ်ယာ၏စာအုပ်များသည် စာဖတ်သူအား အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း၊ ထိုအရှင်မြတ်သည် တစ်ပါးတည်းသောအရှင်မြတ်ဖြစ်ကြောင်း၊ စသည့်အရေးကြီးသည့်အချက်များကို စဉ်းစားဆင်ခြင်တွေးတောရန် အဓိကထား၍ တိုက်တွန်းနှိုးဆော်ထားသည့်အပြင်၊ ဘုရားတရားမဲ့အတွေးအခေါ်တို့၏ ဟောင်းနွမ်းဆွေးမြေ့သည့်အခြေခံအုတ်မြစ်များနှင့် ၎င်းတို့၏သွေဖြည်ဖေါက်ပြန်သောလုပ်ရပ်များကို ဖေါ်ထုတ်ထားသဖြင့်၊ ကလေးလူကြီးမရွေး၊ လူငယ်လူရွယ်မရွေး၊ လူမျိုးဘာသာမရွေး စိတ်ဝင်စားကြကာ အကျယ်တဝင့် ဖတ်ရှုကြပါသည်။


بسم الله الرحمن الرحيم
الله
رسول
محمد

# စာရေးသူအကြောင်း

## (About the Author)

ဤစာအုပ်ကို **ဟာရွန်ယဟ်ယာ**ဟူသော ကလောင်အမည်ဖြင့်ရေးသားသူ စာရေးဆရာကြီး အာဒ်နာန်အိုခ်တာရ်သည်၊ တူရကီနိုင်ငံ အန်ကာရာမြို့၌ ၁၉၅၆ခုနှစ်တွင် မွေးဖွားခဲ့သည်။ အန်ကာရာမြို့တွင်ပင် အထက်တန်းကျောင်းပညာသင်ယူခဲ့လေပြီး၊ အစ္စတန်ဘူလ်မြို့ရှိ မီမာရ်ဆီနန်တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ်ကို ဆက်လက်ဆည်းပူးခဲ့လေသည်။ ၁၉၈၀–ခုနှစ်မှစ၍ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ သိပ္ပံဘာသာရပ်နှင့် ယုံကြည်ချက်ဆိုင်ရာအရေးများနှင့်ပတ်သက်သည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပေသည်။ အီဗိုလူးရှင်းခေါ် တစ်စတစ်စဆင့်ကဲပြောင်းလဲဖြစ်ပေါ်ခြင်းအတွေးအခေါ်ဝါဒီများ၏အယောင်ဆောင်လိမ်လည်မှုနှင့် ၎င်းတို့၏အခိုင်အမာ အဆိုပြုချက်များသည် ကျိုးကြောင်းဆီလျော်မှုမရှိကြောင်းအပြင်၊ ဒါဝင်ဝါဒနှင့်တကွ ကမ္ဘာပေါ်တွင် သွေးချောင်းစီးစေခဲ့သည့် ဖက်ဆစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့အား နောက်ကွယ်မှနေ၍ ဆက်စပ်ပေးနေသူတို့အကြောင်းကို စာအုပ်ပေါင်းများစွာရေးသား ဖော်ထုတ်ထားသည်။

ဟာရွန်ယဟ်ယာ၏စာအုပ်များကို ဘာသာစကားပေါင်း ၅၇–မျိုးဖြင့် ဘာသာပြန်ဆိုထား၍၊ စာမျက်နှာပေါင်း ၄၅၀၀၀ ပါဝင်ကာ ဓါတ်ပုံပေါင်း ၃၀၀၀၀ အထိ ပါဝင်ပါသည်။

သူ၏ကလောင်အမည်သည် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သူတို့အား အတိုက်အခံလုပ်ရာ၌ ကျော်ကြားခဲ့ကြသော တမန်တော်နှစ်ပါးဖြစ်သည့် ဟာရွန်(အာရွန်)နှင့် ယဟ်ယာ(ယောဟန်)တို့၏အမည်နှစ်ခုကို ပေါင်းစပ်ထားသောအမည်ဖြစ်ပေသည်။ ဤစာအုပ်၏မျက်နှာဖုံးများတွင်ပါသည့် တမန်တော်မြတ်၏တံဆိပ်သည် စာအုပ်အတွင်းရှိအကြောင်းအချက်များနှင့် ဆက်စပ်လျက် ရှိနေပါသည်။ နောက်ဆုံးကျမ်းတော်မြတ်ဖြစ်သောကုရ်အာန်ကျမ်းတော်မြတ်နှင့် နောက်ဆုံးတမန်တော်မြတ်ဖြစ်သည့်မိုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟေ့ဝဆလ္လမ်)တို့ကို ကိုယ်စားပြုထားခြင်းဖြစ်သည်။ ဘာသာတရားကိုဆန့်ကျင်ခြင်း၏အခြေခံရေသောက်မြစ်အချက်အလက်များကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဆွန္နတ်(တမန်တော်မြတ်၏ဩဝါဒကျင့်စဉ်)များ၏သွန်သင်ချက်ပါ သက်သေအထောက်အထားများဖြင့် ချေပပယ်ဖျက်ပစ်၍ ဘာသာအယူဝါဒများကို တားမြစ်စွပ်စွဲသောအသံများအား တိတ်ဆိတ်သွားစေပါသည်။ ပညာ့အလင်းကိုရရှိ၍ ပကတိပြည့်စုံ ကောင်းမွန်သော အကျင့်သိက္ခာနှင့်ကိုယ်ကျင့်တရားများဖြင့်ပြည့်စုံသည့်နောက်ဆုံးတမန်တော်မြတ်၏တံဆိပ်တော်ကိုအသုံးပြု၍ တမန်တော်မြတ်အလိုတော်ရှိခဲ့သည့်အတိုင်း ထိုဘုရားမဲ့ဝါဒီတို့၏အသံကို တိတ်ဆိတ်သွားစေရန် ဖြစ်ပါသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာပေများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်၏သတင်းမှာကြားချက်များကို ပို့သပေး၍၊ စာဖတ်သူတို့အား ယုံကြည်ချက်နှင့်သက်ဆိုင်သည့် အခြေခံအချက်အလက်များကို စဉ်းစားဆင်ခြင်သုံးသပ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းနှင့် ထိုအရှင်မြတ်သည် တစ်ပါးတည်းသောအရှင်မြတ် ဖြစ်တော်မူကြောင်းကို သိရှိကြ၍၊ ဖေါက်ပြန်သောဘာသာတရားမဲ့အတွေးအခေါ်များ၏ ကျိုးကြောင်းခိုင်လုံမှုမရှိသည့် အခြေခံများကို ဖေါ်ထုတ်ပြသရန်သာ အဓိကပန်းတိုင် ဖြစ်ပေသည်။

ဟာရွန်ယဟ်ယာရေးသားသည့်စာအုပ်များကို အိန္ဒိယနိုင်ငံမှအမေရိကန်နိုင်ငံအထိ၊ အင်္ဂလန်နိုင်ငံမှအင်ဒိုနီးရှားနိုင်ငံအထိ၊ ပိုလန်နိုင်ငံမှဘော့စနီးယားနိုင်ငံအထိ၊ စပိန်နိုင်ငံမှဘရာဇီးလ်နိုင်ငံအထိ၊ မလေးရှားမှ အီတလီနိုင်ငံအထိ၊ ပြင်သစ်နိုင်ငံမှ ဘူလ်ဂေးရီယားနိုင်ငံအထိ၊ စသဖြင့် ကမ္ဘာအနှံ့အပြားမှ စာဖတ်ပရိသတ်တို့ ဖတ်ရှုကြပါသည်။ သူရေးသားသောစာအုပ်အချို့ကို အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အီတလီ၊ ပေါ်တူဂီ၊ အူရဒူ၊ အာရဗီ၊ အလ်ဘေးနီးယန်း၊ တရုတ်၊ ဆွာဟီလီ၊ ဟောင်ဆာ၊ ဒီဗေဟီ(မော်ရီတီယပ်ကျွန်းစကား)၊ ရုရှား၊

ဆာဘို–ခရိုအက်(ဘော့စ်နီယာ)၊ ပိုလန်၊ မလေး၊ အီဂုရ်၊ တူရကီနှင့် အင်ဒိုနီးရှား၊ ဘန်ဂါလီ၊ ဒိန်းမတ်နှင့် ဆွီဒင်ဘာသာစကားများဖြင့် ဘာသာပြန်ထားသည်ကို ဘတ်ရှုနိုင်ပါသည်။

ဟာရွန်ယဟ်ယာ၏ စာအုပ်များသည်၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ စာဖတ်ပရိသတ်က ကြိုက်နှစ်သက်ကြသည့်အပြင်၊ အမြောက်အမြားသောပုဂ္ဂိုလ်တို့ကို အစ္စလာမ်သာသနာသို့ ပြန်လည်ရောက်ရှိလာစေ၍ သူတို့၏အီမာန်ယုံကြည်ချက်ကိုလည်း ပိုမိုခိုင်မာစေရာတွင် အရေးပါလှပေသည်။ သူ၏စာသားများသည် ဥာဏ်အမြော်အမြင်နှင့်ပြည့်စုံ၍ ရှင်းလင်းပြတ်သားသည့်အပြင်၊ နားလည်သဘောပေါက်လွယ်သော ရေးနည်းရေးဟန်များဖြစ်ကာ၊ ဖတ်ရှုသူ၏ အသိတရားကိုလွယ်ကူစွာပွင့်လင်းစေပါသည်။ ဤစာအုပ်တွင်ရေးသားထားသောအချက်များသည်၊ ရုပ်ဝါဒအတွေးအခေါ်များကို လျင်မြန်ထိရောက်စွာချေပထားခြင်းများဖြင့် စီကုံးထားသောကြောင့်၊ ဤစာအုပ်များကို အလေးအနက်ထားသူတို့သည်လည်း ဘုရားမဲ့ဝါဒနှင့်အတူ အခြားဖေါက်ပြန်သောအတွေးအခေါ်များကို ဆက်လက်ထောက်ခံကြတော့မည်မဟုတ်ပေ။ အကယ်၍ ဆက်လက်ထောက်ခံနေကြသေးသော်လည်း၊ တမင်သက်သက်ပေကပ်နေခြင်းသာဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်၊ ဤစာအုပ်များသည် ထိုကဲ့သို့သော အတွေးအခေါ်များကို ၎င်းတို့၏အခြေခံရာအုတ်မြစ်များမှစတင်၍ လှန်ပစ်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့လက်ရှိအချိန်တွင် အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်သောလှုပ်ရှားမှုများအားလုံးသည်၊ ဟာရွန်ယဟ်ယာ၏စာအုပ်များကြောင့် အတွေးအခေါ်အရ စစ်ရေးရှုံးနိမ့်သွားကြလေပြီ။

ယင်းရလဒ်အကျိုးတရားများသည် ကုရ်အာန်ကျမ်းတော်မြတ်ရှိဥာဏ်အလင်းနှင့် ယင်း၏ရှင်းလင်းပြတ်သားမှုများကြောင့်ဖြစ်သည်မှာ ယုံမှားသံသယမရှိနိုင်တော့ပေ။ စာရေးသူသည် အလ္လာဟ်အရှင်မြတ်၏လမ်းမှန်ကို အများလူသားများရှာဖွေစူးစမ်းရာတွင် အထောက်အကူဖြစ်စေရန် ရိုးသားသောစေတနာအရင်းခံ ရည်ရွယ်ချက်ထားရှိပါသည်။ ဤစာအုပ်များကို ရေးသားထုတ်ဝေသောလုပ်ငန်းတွင် မည်သည့်ရုပ်ဝတ္ထုအမြတ်အစွန်းကိုမျှ မျှော်ကိုးခြင်းအလျင်းမရှိပါ။

ဤစာအုပ်များကို အခြားသူများဖတ်ရှုရန် အားပေးကူညီရင်း ၎င်းတို့ကို အလ္လာဟ်အရှင်မြတ်၏သစ္စာရှိသောကျေးကျွန်များဖြစ်လာအောင် သူတို့၏စိတ်နှလုံးများကိုဖွင့်ပေး၍ အလ္လာဟ်အရှင်မြတ်၏လမ်းစဉ်သို့ ခေါ်ဆောင်သွားနိုင်သူတို့သည် တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးကျယ်သောအကျိုးဆောင်သူများပင်ဖြစ်ပေသည်။

ယခုအချိန်တွင် လူများ၏စိတ်ကို ဇဝေဇဝါရှုပ်ထွေးစေ၍၊ သူတို့၏စိတ်ထဲရှိ ဒွိဟသံသယဖြစ်နေခြင်းများကိုထိရောက်စွာ ရှင်းလင်းစေနိုင်ခြင်းမရှိသည့်အပြင် ခိုင်လုံသောသက်သေအထောက်အထားများမရှိသည့် ရှုပ်ထွေးသောအတွေးအခေါ်ဆီသို့ ဦးဆောင်သွားမည့်စာအုပ်များကို ဖြန့်ဝေခြင်းသည် အလဟဿအချိန်ဖြုန်းနေခြင်းသာလျှင်ဖြစ်ပါလိမ့်မည်။ လူအများအား အီမန်ယုံကြည်မှုပျောက်ကွယ်နေခြင်းမှ ကယ်တင်လိုသည့်မွန်မြတ်သောရည်ရွယ်ချက်အစား၊ စာရေးသူ၏စာပေအစွမ်းကိုပြရန်ကိုသာ အဓိကထားသည့်စာအုပ်များသည် ထိရောက်မှုမရှိနိုင်ပေ။ ဤအချက်ကို သံသယဖြစ်သူတိုင်းသည် ဟာရွန်ယဟ်ယာ၏စာအုပ်တွင်၊ အီမန်ယုံကြည်မှုကင်းမဲ့ခြင်းကိုချိုးနှိမ်ကျော်လွှား၍ ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားချက်ကျင့်စဉ်တန်ဖိုးများကိုသာအဓိကထား ဖြန့်ဖြူးသည်ကိုကြည့်၍၊ စိတ်ရှင်းသွားနိုင်ပါသည်။ ဤအကျိုးဆောင်ချက်၏အောင်မြင်မှုသည် စာဖတ်သူတို့၏ခံယူချက်အပေါ်တွင် သရုပ်သကန် ပေါ်လွင်လာမည်သာဖြစ်၏။

ယနေ့ကမ္ဘာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှုများနှင့်တကွ သဘောထားကွဲလွဲမှုကြောင့် ရင်ဆိုင်တိုက်ခိုက်ပဋိပက္ခဖြစ်နေကြခြင်းနှင့်အတူ လူအများကြုံတွေ့နေကြရသည့် အခြားဒုက္ခဆင်းရဲခြင်းအပေါင်းတို့သည်၊ အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ငြင်းပယ်သည့် အတွေးအခေါ်များ လွှမ်းမိုးမှုကြောင့်ဖြစ်သည်ကို အရေးကြီးဆုံးအချက်အဖြစ် မှတ်သားထားရန် လိုအပ်ပါသည်။ ထိုဒုက္ခပင်လယ်မှ လွတ်မြောက်နိုင်ရန်မှာ အလ္လာဟ်အရှင်မြတ်၏ အံ့ဖွယ်မခန်းသော

ဖန်ဆင်းခြင်းကို သတိတရားရရှိကြပြီး၊ ထိုအရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် သင်ကြားပို့ချထားသောကျင့်ဝတ်တရားဒေသနာတော်များကို ဖြန့်ချိခြင်းဖြင့် မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ကို ဆုံးခန်းတိုင်အောင်ချေဖျက်ပစ်ရန်လိုအပ်ပေသည်။ လက်ရှိကမ္ဘာ့အခြေအနေကိုကြည့်ပါက၊ အကြမ်းဖက်ခြင်းမျိုးစုံနှင့် ဖေါက်ပြန်မှုပဋိပက္ခအမျိုးမျိုးသို့သာလျှင် ရှေ့ရှုဦးတည်လျက် ရှိနေသဖြင့်၊ အချိန်မနှောင်းမီ အလ္လာဟ်အရှင်မြတ်၏ဒေသနာတော်ကို ထိရောက်စွာနှင့် လျင်မြန်စွာပို့ချဖြန့်ဝေရန် လိုအပ်နေကြောင်း ထင်ရှားနေပေသည်။

ယင်းကြိုးပမ်းချက်တွင်၊ ဟာရွန်ယဟ်ယာရေးသားသော စာအုပ်များသည် ရှေ့တန်းမှ ပါဝင်လျက်ရှိပါသည်။ အင်ရှာအလ္လာဟ် (အလ္လာဟ်အရှင်မြတ်အလိုတော်ဖြင့်)၊ နှစ်ဆယ့်တစ်ရာစုနှစ်ရှိ ကမ္ဘာသူကမ္ဘာသားများသည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် ကတိကဝတ်ပြုထားသည့်အတိုင်း ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် သာယာပျော်ရွှင်မှုများကို ရရှိအောင်ပေးဆောင်ရာတွင် ဤစာအုပ်များမှတစ်ဆင့် ရရှိသော အသိတရားများက တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နိုင်ပါလိမ့်မည်။



မူရင်းတူရကီဘာသာမှ အင်္ဂလိပ်ဘာသာပြန်စာအုပ်

Title: GLOBAL FREEMASONRY
Author: HARUN YAHYA
Translated by Ron Evans
Edited by David Livingstone
ISBN 975-6426-00-4
ကို မြန်မာဘာသာသို့
မိုဟမ္မဒ်အလီ(လဟီ)တန်ဂွန်းမှ ပြန်ဆိုခြင်းဖြစ်ပါသည်။

# ဘာသာပြန်သူထံမှအမှာစာ
## Notes from Translator

ဟာရွန်ယဟ်ယာရေးသားသောစာအုပ်အမြောက်အမြားမှရွေးချယ်၍ မြန်မာဘာသာသို့ပြန်ဆိုခဲ့ရာ၌၊ ဤစာအုပ်သည် ဆဋ္ဌမမြောက်စာအုပ်ဖြစ်ပါသည်။ www.harunyahya.com နှင့် www.harunyahya.org မြန်မာဘာသာအပိုင်းမှ ကူးယူဖတ်ရှုနိုင်ပါသည်။

ကျွန်ုပ်သည် ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ အသက် ၄၀ နီးပါးအထိ အများအားဖြင့် မြန်မာစကားပြောဆိုနေထိုင်ကြီးပြင်းလာခဲ့သော်လည်း၊ မျိုးရိုးဇာတိအရ မြန်မာလူမျိုးစစ်စစ်မဟုတ်သောကြောင့်၊ ကျွန်ုပ်၏ဘာသာပြန်တွင် မြန်မာစာအထားအသိုဝေါဟာရအသုံးအနှုန်းတို့သည် အညာသားဆန်၍ အနည်းငယ်ရေးကျနေမည့်အပြင် အမှားများမကင်းဖြစ်နေလိမ့်မည်ဟု ရိုးသားစွာဝန်ခံပါသည်။ ထို့ကြောင့်၊ မြန်မာမွတ်စလင်မ်စာဖတ်ပရိသတ်က အမှားများကိုတွေ့ရှိပါက ခွင့်လွှတ်၍ ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။ မူရင်းတူရကီဘာသာစာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားရာမှ မြန်မာဘာသာသို့ ထပ်ဆင့်ဘာသာပြန်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်ဘာသာပြန်ခဲ့သောစာအုပ် ၅–အုပ်သည် အလ္လာဟ်အရှင်မြတ်အမှန်တကယ်တည်ရှိကြောင်းကို သိပ္ပံနည်းကျကျတွေးတောဆင်ခြင်၍ သိပ္ပံပညာတွေ့ရှိချက်များနှင့် ဆက်စပ်ဆွေးနွေးထားသောစာအုပ်၊ အစ္စလာမ်သာသနာသည် လိုက်နာကျင့်သုံးရန်လွယ်ကူသောသာသနာ ဖြစ်သည်ဟူသောအချက်ကို ဆွေးနွေးတင်ပြထားသောစာအုပ်၊ အများလူထုကိုဝါဒဖြန့်ထားသည့် "ကမ္ဘာဦးခေတ်ကာလတွင်ကြုံကြိုက်၍ဖြစ်ပေါ်လာခဲ့သောအသက်သည် တစ်ခုတည်းသောဆဲလ်မှစတင်၍၊ တစ်စစီဆင့်ကဲပြောင်းလဲခြင်းဖြင့် တိရစ္ဆာန်များထပ်ဆင့်ဖြစ်လာကာ ကျောက်ခေတ်တွင် မျောက်ဝံများမှ လူသားအဖြစ်သို့ ဖွံ့ဖြိုးပြောင်းလဲလာခဲ့သည်" ဟူသောမိစ္ဆာဒိဋ္ဌိအတွေးအခေါ်မှားယွင်းကြောင်းသက်သေအထောက်အထားများဖြင့် ဆွေးနွေးတင်ပြထားသောစာအုပ်၊ ယင်းအတွေးအခေါ်များကြောင့် ကမ္ဘာမြေပြင်ပေါ်တွင် မည်သို့သောဒုက္ခပေါင်းစုံကိုတွေ့ကြုံခဲ့ကြရပြီး လူ့အသက် သန်းပေါင်းရာချီ၍ သတ်ဖြတ်ခြင်းခံခဲ့ကြရကြောင်းကို ဖော်ထုတ်ထားသောစာအုပ်၊ ထိုအတွေးအခေါ်များမှတစ်ဆင့်ပွားလာခဲ့သောနာဇီဖက်ဆစ်ဝါဒနှင့်ကွန်မြူနစ်ဝါဒတို့၏ဆိုးဝါးကြမ်းကြုတ်ခြင်းအကြောင်းကိုဖော်ထုတ်သောစာအုပ်၊ စသည်တို့ဖြစ်ပါသည်။ ၎င်းစာအုပ် ၅–အုပ်အနက် ၃–အုပ်သည် နိုင်ငံရေးအတွေးအခေါ်များနှင့်အများဆုံးပတ်သက်ပါသည်။ ထိုစာအုပ်သုံးအုပ်တွင်ဆွေးနွေးထားသောနိုင်ငံရေးအတွေးအခေါ်များအပြင် ယနေ့ကျွန်ုပ်တို့၏မျက်မှောက်ခေတ်အရင်းရှင်စနစ်နှင့် ဂလိုဘာလိုင်ဇေးရှင်းခေါ် စီးပွားရေးနှင့်လူနေမှုစနစ်ကို တကမ္ဘာလုံးတပြေးညီဖြစ်ပေါ်ပြန့်ပွားစေခြင်းတို့၏နောက်ကွယ်တွင် ထိန်းချုပ်နေသည့်အဖွဲ့ သို့မဟုတ်အုပ်စုသည် ဖရီးမေဆွန်ရီအဖွဲ့ဖြစ်ကြောင်း ဤစာအုပ်တွင် အသေးစိတ်ဆွေးနွေးတင်ပြထားပါသည်။ စာရေးသူ၏အမှာစာတွင်ဖော်ပြထားသည့်အတိုင်း မြန်မာမွတ်စလင်မ်စာဖတ်ပရိသတ်ကလည်း ဤစာအုပ်ကိုဖတ်ရှုပြီးနောက် အဖြစ်အပျက်အမျိုးမျိုးတို့ကို ၎င်းတို့၏နောက်ကွယ်မှအခြေခံအကြောင်းရင်းများကိုပါ သတိပြုရိပ်စားမိနိုင်ပါလိမ့်မည်။

လူ့လောကကို နည်းမျိုးစုံဖြင့်လိမ်လည်လှည့်ဖြားဒုက္ခပေး ဖျက်ဆီးနေသည့်ထိုရုပ်ဝါဒ မိစ္ဆာဒိဋ္ဌိအတွေးအခေါ်များကိုဆန့်ကျင်တိုက်ခိုက်သည့်အတွေးအခေါ်စစ်ပွဲတွင် ညီနောင်မြန်မာမွတ်စလင်မ်တို့ကလည်း တတတ်တအားပါဝင်ဆင်နွှဲနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ သာမန်လူတစ်ဦးမှအစ တိုင်းပြည်ခေါင်းဆောင်များအထိ လူတိုင်း၏စိတ်ကူးနှင့် ပြုမူလုပ်ဆောင်ချက်မှန်သမျှ –ကောင်းမွန်ခြင်း သို့တည်းမဟုတ်ဆိုးသွမ်းခြင်းအားလုံးသည်– ထိုသူ၏အတွေးအခေါ်တွင်သာ မူတည်ပါသည်။ လူသားတို့၏အတွေးအခေါ်မှန်ကန်သောလမ်းကြောင်းရောက်အောင် လမ်းညွှန်ခြင်းသည် ကြီးကျယ်သောဂျီဟာဒ်တစ်မျိုးဖြစ်ပါသည်။ ဟာရွန်ယဟ်ယာရေးသားသောစာအုပ်များသည် လူတို့၏အတွေးအခေါ်ကို ကုရ်အာန်ကျမ်းတော်မြတ်၌ညွှန်ကြားထားသည့်အတိုင်း ကောင်းရာသို့ညွှန်လတ်သောစာအုပ်များဖြစ်ပါသည်။ ကျွန်ုပ်ထက်မြန်မာစာပေကို ပိုမိုတတ် ကျွမ်းသူမြန်မာမွတ်စလင်မ်ပညာရှင်တို့ကလည်း၊ ဟာရွန်ယဟ်ယာ၏ကျန်စာအုပ်များကို အလ္လာဟ် အရှင်မြတ်၏လမ်းတော်၌ ဂျေဟာဒ်ပြုခြင်းအနေဖြင့် မြန်မာဘာသာသို့ပြန်ဆိုဖြန့်ဝေကြပါရန် တိုက်တွန်းအပ်ပါသည်။

မိုဟမ္မဒ်အလီ (လဟီ)တန်ဂွန်း။ ၂၀၀၉–ခုနှစ် စက်တင်ဘာလ ၁၄–ရက်


တကမ္ဘာလုံးဆိုင်ရာ
ဖရီးမေဆွန်ရီအဖွဲ့
S
B
HARUN YAHYA
November, 2005
ဟာရွန် ယဟ်ယာ

# စာဖတ်သူသို့

## To The Reader

အီဗိုလူးရှင်းသီအိုရီ ပျက်သုဉ်းသွားခြင်းအကြောင်းကို ဤစာအုပ်၌ အထူးအခန်းတစ်ခန်းအဖြစ် ဖေါ်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသီအိုရီသည်၊ ဘာသာအယူဝါဒကို ဆန့်ကျင်သည့်အတွေးအခေါ်များအားလုံးနှင့် ဘုရားမဲ့ဝါဒတို့၏အခြေခံသဘောတရားများ ပါရှိသောကြောင့် ဖြစ်ပါသည်။ ဒါဝင်ဝါဒသည် ဖန်ဆင်းခြင်းယုံကြည်ချက်ကို ငြင်းပယ်လိုက်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်ရှိခြင်းကိုလည်း ငြင်းပယ်ရာရောက်သောကြောင့်၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀ ကျော်အတွင်း လူအမြောက်အမြားအား သူတို့၏ဘာသာအယူဝါဒယုံကြည်ချက်များကို စွန့်လွှတ်သွားစေခဲ့ခြင်းနှင့် ဒွိဟသံသယဖြစ်စေခြင်းများ ပြုခဲ့ပေသည်။ ထို့ကြောင့် ၎င်းသီအိုရီအတွေးအခေါ်သည် လိမ်လည်လှည့်ဖြားခြင်းသာလျှင်ဖြစ်ကြောင်းကို လူအများ ရှင်းလင်းစွာသိရှိသဘောပေါက်အောင်တင်ပြရန်မှာ မလုပ်မနေရတာဝန် ဖြစ်ပေသည်။ အချို့သောစာဖတ်ပရိသတ်တို့သည် ကျွန်ုပ်တို့၏စာအုပ်အချို့ကိုသာ ဖတ်မိကြမည်ဖြစ်သောကြောင့်၊ ယင်းသီအိုရီအကြောင်းကို ဤစာအုပ်တွင်လည်း အခန်းတစ်ခန်းတွင် အကျဉ်းချုပ်၍ ဖေါ်ပြသင့်သည်ဟု ယူဆပါသည်။

စာရေးသူရေးသားခဲ့သော စာအုပ်အားလုံးတွင်၊ ဘာသာရေးယုံကြည်မှုနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော်များဖြင့်ရှင်းပြ၍၊ စာဖတ်သူအား အလ္လာဟ်အရှင်မြတ်၏မိန့်ကြားသွန်သင်ချက်များကို လေ့လာမှတ်သားကာ ထိုသွန်သင်ချက်များအတိုင်း နေထိုင်ရန် ဖိတ်ခေါ်ထားပေသည်။ အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များနှင့်ပတ်သက်သောအကြောင်းရပ်များကိုရှင်းပြရာ၌ စာဖတ်သူ၏စိတ်တွင် ဒွိဟသံသယကင်းရှင်း၍ နောက်ထပ်မေးခွန်းများ ထုတ်ရန်မရှိနိုင်အောင် ရှင်းလင်းတင်ပြထားသည်။ စာရေးသူ၏စိတ်ရင်းစေတနာအရင်းခံသော ရေးနည်းရေးဟန်နှင့် လွယ်ကူရှင်းလင်းသောအသုံးအနှုန်းများသည် စာဖတ်သူလူကြီးလူငယ် အရွယ်တိုင်းနှင့် လူမှုရေးအုပ်စုတိုင်းက လွယ်ကူစွာနားလည်သဘောပေါက်နိုင်ပါသည်။ ထိရောက်၍ ရှင်းလင်းသောစာသားများကြောင့် တစ်ထိုင်တည်းတွင် အပြီးဖတ်ရှုနိုင်ပါသည်။ ဘာသာအယူဝါဒများကို ပြင်းထန်စွာငြင်းပယ်သူတို့ပင်လျှင်၊ ဤစာအုပ်များပါမှန်ကန်သည့် ရှင်းလင်းချက်နှင့် ကိုးကားချက်များကို ငြင်းဆန်၍ မရနိုင်ကြချေ။

ဤစာအုပ်နှင့်အတူ စာရေးသူ၏ ကျန်စာအုပ်အားလုံးတို့ကို တစ်ဦးချင်းဖတ်ခြင်းသို့မဟုတ် အုပ်စုလိုက် ဆွေးနွေးခြင်းပြုနိုင်ပါသည်။ စာရေးသူ၏စာအုပ်များမှ အကျိုးကျေးဇူးရရှိလိုသူတို့အတွက် အုပ်စုဖွဲ့၍ဆွေးနွေးရန်အလွန်သင့်လျော်ပါသည်။ ထိုသို့ပြုခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး၏အမြင်နှင့် အတွေ့အကြုံများကို နှီးနှောဖလှယ်နိုင်လိမ့်မည်။

ထို့အပြင်၊ ဤစာအုပ်ကို ရေးသားခြင်းသည် အလ္လာဟ်အရှင်မြတ်၏နှစ်သက်ခြင်းကို ရယူရန်ကိုသာ ရည်ရွယ်သောကြောင့်၊ မည်သူမဆို ဖတ်ရှုခြင်းနှင့်ပုံနှိပ်ထုတ်ဝေခြင်းသည် ကြီးကျယ်သောအစ္စလာမ့်အကျိုးဆောင်ခြင်းပင်ဖြစ်ပါသည်။ ဤစာရေးဆရာ၏စာအုပ်များသည် ဖတ်ကောင်းရုံမက ယုံကြည်ထိုက်သောစာအုပ်များဖြစ်ပါသည်။ ထို့ကြောင့်၊ မှန်ကန်သောဘာသာအယူဝါဒအတွက် အခြားသူများကို ဆက်သွယ်ရာ၌ ဤစာအုပ်များကို ဖတ်ရှုရန်တိုက်တွန်းခြင်းသည် အကောင်းဆုံးသောနည်းလမ်းဖြစ်ပါသည်။

ဤစာရေးသူ၏စာအုပ်များတွင်၊ စာရေးသူ၏ပုဂ္ဂလိကအမြင်များ၊ ဒွိဟသံသယဖြစ်ဖွယ်သော ကိုးကားချက်များဖြင့်ရှင်းလင်းတင်ပြခြင်း၊ ရိုသေလေးစားထိုက်သောမွန်မြတ်သည့်အရာများနှင့် ယုံကြည်ချက်များကို ထိပါးသည့်အသုံးအနှုန်းများ၊ စာဖတ်သူ၏စိတ်ကို ရှုပ်ထွေးစေမည့် ဝေဖန်သုံးသပ်ချက်များ ကင်းရှင်းပါသည်။

# မာတိကာ


| | | |
|---|---|---|
| | စကားချီး | ၁၄ |
| | နိဒါန်း | ၁၆ |
| ၁။ | တင်ပလာများမှစ၍ ရှေးဟောင်းအီဂျစ်ပြည် | ၁၈ |
| ၂။ | ကဗ္ဗလ္လာ၏ အတွင်းရေး | ၃၉ |
| ၃။ | လူသားပဓါနအခြေပြုဝါဒကို တစ်ကျော့ပြန်ကောက်ခြင်း | ၅၆ |
| ၄။ | ရုပ်ဝါဒကိုတစ်ကျော့ပြန်ကောက်ခြင်း | ၈၀ |
| ၅။ | အီဗိုလူးရှင်းသီအိုရီကို တစ်ကျော့ပြန်ကြည့်ခြင်း | ၁၁၂ |
| ၆။ | မေဆွန်တို့၏ ဘာသာရေးတိုက်ပွဲ | ၁၄၁ |
| ၇။ | နိဂုံးချုပ် | ၁၆၄ |
| ၈။ | မှတ်ချက်များ | ၁၆၇ |

# စကားချီး

## PREFACE

ဤစာအုပ်သည် ကမ္ဘာပေါ်တွင် အလျှို့ဝှက်ဆုံးအဖွဲ့အစည်းတစ်ခုဖြစ်သောဖရီးမေဆွန်ရီအဖွဲ့၏အတွေးအခေါ်ဆိုင်ရာအခြေခံအုတ်မြစ်များကို ဆန်းစစ်၍၊ မေဆွန်တို့၏ပူဇော်ပသခြင်းအခန်းအနားများနှင့် အယူသီးယုံကြည်မှုများ၏နောက်ကွယ်အကြောင်းရပ်များကို ဖော်ထုတ်ထားသောစာအုပ်ဖြစ်ပါသည်။ သုတေသနများက ဂျူးဘာသာအယူဝါဒတွင် အရေးကြီးသောအပိုင်းတွင်ပါဝင်နေသောကဘ္ဘာလာဟ်သည် မေဆွန်ယုံကြည်မှုနှင့်ထုံးဓလေ့တွင်လည်း အရေးပါလျက်ရှိကြောင်းဖော်ပြထားသည်။ သို့သော်လည်း၊ ဤအကြောင်းရပ်နှင့်ပတ်သက်သည့် ကျွန်ုပ်တို့၏အခြားစာအုပ်များမှာကဲ့သို့၊ မေဆွန်ရီအဖွဲ့သားတို့၏ စာပေစာစောင်များ၊ သမိုင်းပါရဂူများနှင့် လေ့လာစစ်ဆေးသူများ၏မှတ်တမ်းအစုံစုံများမှထုတ်ဖော်ထားသောအချက်အလက်များကို ဆန်းစစ်ခြင်းအားဖြင့် အရေးကြီးသည့်အချက်တစ်ချက် ရရှိနိုင်သည်ကို သတိမူသင့်ပါသည်။ ယင်းအချက်မှာ၊ မေဆွန်တို့က ကဘ္ဘာလာဟ်မှအချို့သောအချက်အလက်များကို သူတို့၏အကျိုးအတွက် သူတို့၏မှားယွင်းသောအမြင်အတိုင်းအဓိပ္ပါယ်ဖော်ခြင်းဖြစ်ပေသည်။ မေဆွန်ရီအဖွဲ့သားတို့၏မှားယွင်းသောအဓိပ္ပါယ်ဖွင့်ဆိုချက်များအတွက် ဂျူး(ယဟူဒီ)ဘာသာယုံကြည်မှုတွင် မည်သည့်တာဝန်မျှမရှိပေ။ ထို့ကြောင့် ဖရီးမေဆွန်ရီအဖွဲ့နှင့် ကဘ္ဘာလာဟ်သွန်သင်ချက်များအကြားတွင်ဆက်စပ်မှုကိုဝေဖန်သုံးသပ်ခြင်းသည်၊ ဂျူးဘာသာကို ရည်ရွယ်ခြင်းမဟုတ်ပါ။

ကဘ္ဘာလာဟ်ဟူသောဝေါဟာရဆင်းသက်လာသောဇစ်မြစ်စကားလုံးမှာ ဟီဘရူးဘာသာစကားဖြစ်၍၊ "ရရှိသည်–လက်ခံယူသည်"ဟု အဓိပ္ပါယ်သက်ရောက်၍၊ ဂျူး(ယဟူဒီဘာသာ)ကျမ်းဂန်များမှ အဓိကကျမ်းတစ်စောင်ဖြစ်သည်။ ဂျူးဘာသာဝင်တို့၏ယုံကြည်ချက်အရ၊ တိုရာကျမ်းက ဂျူးလူမျိုးများ၏ဘဝနေထိုင်အသက်ရှင်ရေးနှင့် ကျင့်ရန်ကြဉ်ရန်ပညတ်ချက်များ၊ ကိုယ်ကျင့်တရားများ စသည်တို့ကိုသတ်မှတ်ပေးသဖြင့် အရေးကြီးသလို၊ ကဘ္ဘာလာဟ်သည်လည်း ဘာသာရေးကိုင်းရှိုင်းသည့်ဂျူးဘာသာဝင်တို့ ယုံကြည်မှုနှင့်ပတ်သက်၍ ပိုမိုနက်ရှိုင်းစွာ သဘောပေါက်စေမည့်ကျမ်းဂန်အဖြစ် လက်ခံထားကြပေသည်။ တိုရာကျမ်းနှင့် (နောက်ထပ်ကျမ်းတစ်စောင်ဖြစ်သော)တလ်မူသ်ကျမ်းများကို ဆည်းပူးပြီးသူအသက် ၄၀–နှစ်ကျော်ပြီးသူကိုသာလျှင် ကဘ္ဘာလာဟ်ကျမ်းကို သင်ယူဆည်းပူးခွင့်ရှိသည်။ ကဘ္ဘာလာဟ်တွင် တရားလမ်းမှန်နှင့်ယှဉ်တွဲလက်ခံနိုင်သည့်သင်ကြားချက်များပါရှိ၍၊ အချိန်ကာလကြာညောင်းလာသည်နှင့်အမျှ တဖြေးဖြေးဖေါက်ပြန်သောအတွေးအခေါ်များ၊ ဖွင့်ဆိုချက်များ ဝင်ရောက်ရောနှောလာခဲ့သည်။

ကဘ္ဘာလာဟ်တွင်ပါရှိသော သင်္ကေတရုပ်ပုံများက သမိုင်းတလျှောက်လုံး လူတို့အားအဓိပ္ပါယ်အမျိုးဖေါ်စေခဲ့သည်။ လူသိအများဆုံးအတွေးအခေါ်မှာ၊ ကဘ္ဘာလာဟ်ကိုလေ့လာသူတို့သည် ပဋ္ဌလက်မှော်အတတ်ပညာနှင့်ဆက်စပ်ရောထွေးကြသည်ဟူသော အဆိုဖြစ်သည်။ သို့သော်လည်း၊ ကဘ္ဘာလာဟ်သည် ပဋ္ဌလက်မှော်အတတ်ပညာကျမ်းဂန်တစ်စောင်ဖြစ်သည်ဟု အထင်မမှားသင့်ပါ။ ဤအဆိုကိုထောက်ခံသည့်အဓိကအချက်တစ်ချက်မှာ၊ ရှေ့တန်းယဟူဒီသာသနာ့ခေါင်းဆောင်ရဗ္ဗိဘုန်းကြီးတို့က ကဘ္ဘာလာဟ်တွင်ပါရှိသောအချက်အလက်အချို့၏အဓိပ္ပါယ်ဖွင့်ဆိုချက်များကို လျှို့ဝှက်ထားကြခြင်းဖြစ်သည်။ ဤသို့သောသင်္ကာမကင်းဖြစ်စေသည့်အချက်တစ်ချက်မှာ၊ ဂျူးဘာသာဝင်အချို့တို့က၊ အထူးသဖြင့် ၁၃–ရာစုနှစ်မှစတင်၍၊ ကဘ္ဘာလာဟ်တွင်ပါရှိသောလျှို့ဝှက်ချက်များက ဂျူးဘာသာဝင်တို့စောင့်မျှော်နေသည့် မေရှိယ (Messiah)ကို ပိုမိုမြန်ဆန်စွာရောက်ရှိလာစေပြီး ဂျူးလူမျိုးများအတွက် ကတိကဝတ်ပြုထားသော မြင့်မြတ်သည့်နယ်မြေသို့ခေါ်ဆောင်သွားမည်ဟု ယုံကြည်လာခဲ့ကြသည်။ ဤခံယူချက်

များဖြင့် မေဆွန်တို့က ကဘ္ဘာလာဟ်တွင်ပါရှိသည့် သင်္ကေတများနှင့်လျှို့ဝှက်ချက်များကိုအသုံးပြု၍ ကမ္ဘာကို စိုးမိုးနိုင်လိမ့်မည်ဟု ယူဆကြပေသည်။

အမှန်မှာ၊ ဤမှားယွင်းသောယူဆချက်များ၊ အချို့ဂျူးလူမျိုးတို့၏လုပ်ရပ်များနှင့် ယင်းမှားယွင်းသောယူဆချက်ကိုအခြေခံသော မေဆွန်တို့၏စီမံကိန်းများကြောင့် ဂျူးလူမျိုးအားလုံးအပေါ်အပြစ်ပုံချ၍ မရပေ။ သူတို့၏ယုံကြည်ချက်နှင့်လုပ်ဆောင်ချက်များသည် အချိန်ကာလအားဖြင့် ကြာညောင်းလာခဲ့ပြီဖြစ်သောသမိုင်းတစ်ခုလုံးတွင် မည်သို့ပင်ဖေါက်ပြန်ပေသော်ငြားလည်း၊ အလ္လာဟ်အရှင်မြတ်က သူတို့ကို ကျမ်းရအမျိုးသားများဟု ဖေါ်ပြထားပေသည်။ သူတို့သည်၊ နဗီတမန်တော်များဖြစ်သော အိဘ်ရာဟင်မ်(အာဘရာဟမ်)၊ စူလိုင်မာန်(ဆောလမွန်)၊ ဒါဝူဒ်(ဒေးဗစ်)၊ ယာကူဘ်(ယာကု)၊ ယူဆွဖ်(ဂျိုးဇက်)၊ မူစာ(မိုးဇက်) အလိုင်ဟုမ်ဆလာမ်တို့နှင့်အတူ သူတို့ထံသို့ပို့ခဲ့သောနဗီတမန်တော်များအား ယုံကြည်၍၊ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ကြသည့်အပြင် သူတို့အားသတ်မှတ်ပေးသောသာသနာ့စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးသူများဖြစ်ကြပေသည်။ မွတ်စလင်မ်တို့သည် အောက်ဖေါ်ပြပါကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော်နှင့် တမန်တော်မြတ်(ဆွလ်လလ္လာဟ်ဟုအလိုင်ဟေ့ဆလာမ်)တို့၏သင်ကြားချက်အတိုင်း ဂျူးဘာသာဝင်တို့အား ကရုဏာတရားနှင့်အတူ နားလည်မှုရှိကြပေသည်။

> (အို–နဗီ) အသင်သည် (ယဟူဒီနှင့်ခရစ်ယာန်တို့အား) ပြောကြားပါလေ၊ အို–ကျမ်းဂန်ရရှိသူအပေါင်းတို့၊ အသင်တို့သည် အကျွန်ုပ်တို့နှင့် အသင်တို့ကြား၌ (အားလုံးလက်ခံထားသည့်) တူညီသောစကားဘက်သို့ လာကြကုန်၊ (ထိုစကားသည်ကား) ငါတို့သည် အလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သည့်အရာကိုမျှ မခဝပ်မကိုးကွယ်ခြင်း၊ ငါတို့သည် တစုံတခုသောအရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဘက်ယှဉ်ဘက်ဟူ၍ မပြုခြင်း၊ ငါတို့အနက် အချို့သည် အလ္လာဟ်အရှင်မြတ်ကို ဖဲကြဉ်၍ အချို့သောသူများကို မွေးမြူတော်မူသောအရှင်များဟူ၍ မပြုလုပ်ခြင်း(ပင်တည်း)။ (စူရာအာလေ့အီမရာန် ၃း၆၄)




ဖရီးမေဆွန်ရီအကြောင်းသည် လူတို့ကို စိတ်အားထက်သန်စွာဆွေးနွေးကြရအောင် နှစ်ပေါင်းရာစုများစွာဆွဲဆောင်လာခဲ့ပေသည်။ အချို့က မေဆွန်ရီအဖွဲ့ကို ဆန်းပြားသော ရာဇဝတ်မှုနှင့် မကောင်းမှုဒုစရိုက်ကျူးလွန်သည်ဟု စွပ်စွဲကြသည်။ ဤအဖွဲ့သားများအချင်းချင်း ခိုင်မာသော "ညီနောင်သဟာယစိတ်ဓါတ်" ဆက်သွယ်မှုရှိခြင်းကို သဘောပေါက်ရန် လေ့လာမည့်အစား၊ ဝေဖန်သူအများအားဖြင့် သူတို့၏လုပ်ရပ်များကိုသာ ဂရုစိုက် ရန်မူလိုကြသည်။ မေဆွန်ရီအဖွဲ့သားများအနေဖြင့်၊ သူတို့၏သမရိုးကျမြဲထားလျှိုထားသည့်အလေ့အထကို ပိုမိုအလေးထား၍ သူတို့၏အဖွဲ့အစည်းကို သာမန်အသင်းအဖွဲ့များအဖြစ်သာ ပြသထားကြတော့သည်။ အမှန်မှာ ဤအဖွဲ့အစည်းသည် သာမန်အဖွဲ့အစည်းမဟုတ်ပေ။

ဤစာအုပ်သည် မေဆွန်ရီအဖွဲ့၏ အတွေးအခေါ်အစစ်အမှန်ကို ဖော်ပြပေသည်။ မေဆွန်ရီအဖွဲ့သားများကို စည်းလုံးထားနိုင်သည့်အချက်မှာ အဖွဲ့၏အတွေးအခေါ်ဖြစ်၍၊ ၎င်းအတွေးအခေါ်သည် "ရုပ်ဝါဒ" ဖြစ်ပြီး၊ "လူသားကိုပဓါနထား၍အခြေပြုသော လောကီရေးအတွေးအခေါ်" ဟု ခေါ်ရပါမည်။ သို့သော်လည်း၊ ၎င်းသည် မှားယွင်းသောအယူအဆနှင့် ချို့ယွင်းချက်ရှိသောသီအိုရီများတွင်အခြေခံသည့် မှားယွင်းသောအတွေးအခေါ်ဖြစ်သည်။ ဤအချက်သည် မေဆွန်ရီတို့အား ဝေဖန်ရမည့်အခြေခံလမ်းစဖြစ်သည်။

မေဆွန်အဖွဲ့ဝင်မဟုတ်သူတို့ကို အသိပေးနှိုးဆော်ခြင်းသာမက မေဆွန်ရီအဖွဲ့ဝင်များကိုလည်း အမှန်တရားကိုမြင်နိုင်ရန်အလို့ငှါ ဤသို့စတင်ဝေဖန်သုံးသပ်ခြင်းသည် အရေးကြီးပေသည်။ မေဆွန်ရီအဖွဲ့ဝင်တို့သည် သူတို့ယုံကြည်ရာကို ရွေးချယ်ယူ၍ မိမိအလိုရှိသည့် ကမ္ဘာ့အမြင်အတိုင်း နေပိုင်ခွင့်ရှိသည်ကား မှန်၏။ ၎င်းသည် သူတို့ပိုင်ဆိုင်သော သဘာဝအခွင့်အရေးဖြစ်သည်။ သို့သော်လည်း အခြားသူတို့ကလည်း သူတို့၏အမှားများကို ထုတ်ဖော်ဝေဖန်ပိုင်ခွင့် ရှိသည်။ ဤစာအုပ်သည် ထိုသို့ထုတ်ဖော်ဝေဖန်ရန် ကြိုးစားခြင်းဖြစ်ပါသည်။

ဝေဖန်ရာ၌ အခြားသောအသိုင်းအဝိုင်းအုပ်စုများကို ဝေဖန်သည့်နည်းအတိုင်း ကိုင်တွယ်ချဉ်းကပ်ပါသည်။ ဥပမာအားဖြင့် ဂျူးလူမျိုးများကို ဝေဖန်သကဲ့သို့ဖြစ်ပါသည်။ ဤစာအုပ်တွင်လည်း ဂျူးဘာသာအယူဝါဒသမိုင်းကို အနည်းငယ်ဖော်ပြ၍ ၎င်းနှင့်ပတ်သက်သော ဝေဖန်ချက်ကိုလည်း ရေးသားထားပါသည်။ ဤဝေဖန်ချက်များသည် ဆီမိုက်လူမျိုးဆန့်ကျင်ရေး သို့မဟုတ် "ဂျူးဘာသာဝင်များနှင့် မေဆွန်ရီတို့၏ ပူးပေါင်းလုပ်ကြံမှုအယူအဆ" နှင့် မပတ်သက်ကြောင်းကို အထူးပြု၍ ဖော်ပြရန်လိုအပ်သည်ဟုယူဆပါသည်။ အမှန်မှာ စစ်မှန်သောမွတ်စလင်မ်တစ်ဦးအတွက် ဆီမိုက်လူမျိုးဆန့်ကျင်ရေး လုံးဝမရှိနိုင်ပေ။ ဂျူးလူမျိုးများသည် တစ်

ချိန်တုန်းက အလ္လာဟ်အရှင်မြတ်က ရွေးချယ်ခဲ့သောလူမျိုးတစ်မျိုးဖြစ်၍၊ ၎င်းတို့အနက်မှ နဗီတမန်တော်အမြောက်အမြားကိုလည်း ရွေးချယ်ပေါ်ထွန်းစေခဲ့လေသည်။ သမိုင်းတလျှောက်လုံးတွင် ရက်စက်ကြမ်းကြုတ်မှုအမျိုးမျိုးကို ခံခဲ့ရ၍၊ လူမျိုးဖြုတ်သတ်ဖြတ်မှုကိုပင် ခံခဲ့ကြရသည်။ သို့သော်လည်း သူတို့၏အမျိုးသားလက္ခဏာကို မပျောက်ပျက်သွားအောင် ထိန်းသိမ်းလာခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ ၎င်းတို့ကို ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ကျမ်းရအမျိုးသားများဖြစ်ကြောင်း၊ မွတ်စလင်မ်တို့အနေဖြင့် သူတို့အား ကြင်နာစွာဆက်ဆံရန် ညွှန်ကြားထားပေသည်။ ဤဖေါ်ပြပါတရားမျှတမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အချို့သောသူတို့၏ယုံကြည်ချက်သည် မှားယွင်းနေကြောင်းကိုဖေါ်ပြ၍ ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းမှန်ကို ပြသရန်လည်း တာဝန်ရှိနေပါသည်။ သူတို့အနေဖြင့် ထိုလမ်းမှားကို ဆက်လက်ယုံကြည်လိုက်နာနေရန်နှင့် သူတို့၏ကိုယ်ပိုင်ဆန္ဒမှာ သူတို့၏ကိုယ်ပိုင်အခွင့်အရေးပင် ဖြစ်ပေသည်။

*တကမ္ဘာလုံးဆိုင်ရာမေဆွန်ရီအဖွဲ့*စာအုပ်သည် ဤအကြောင်းချက်ပေါ်အခြေခံစတင်၍ မေဆွန်ရီအဖွဲ့၏မူလအခြေခံရာနှင့် ၎င်း၏ရည်ရွယ်ချက်အပါအဝင် လှုပ်ရှားဆောင်ရွက်မှုများကို လေ့လာစစ်ဆေးဝေဖန်ခြင်း ဖြစ်သည်။ ဤစာအုပ်တွင် စာဖတ်သူအနေဖြင့် မေဆွန်တို့၏ ဘုရားသခင်ကိုကိုးကွယ်ဆည်းကပ်သောဘာသာအယူဝါဒများ၏ကိုယ်ကျင့်တရားဆိုင်ရာတရားဓမ္မများကိုဆန့်ကျင်သည့်လုပ်ရပ်များ၏သမိုင်းအကျဉ်းချုပ်ကိုလည်း ဖတ်ရှုရပါမည်။ ဖရီးမေဆွန်ရီတို့သည် ဥရောပတိုက်သားတို့အား ဘာသာအယူဝါဒမှကင်းကွာစေခြင်းနှင့် ၎င်းနေရာတွင် ရုပ်ဝါဒနှင့် လူသားကိုသာပဓါနပြုသော လောကီရေးသက်သက်ဝါဒကိုအစားထိုးပေးရာ၌ အရေးကြီးသည့်အပိုင်းတွင် ပါဝင်လာခဲ့သည်။ မေဆွန်ရီအဖွဲ့က အနောက်နိုင်ငံမဟုတ်သည့် ယဉ်ကျေးမှုများတွင်လည်း၊ ၎င်းတစ်ယူသန်ဝါဒကို အတင်းအဓမ္မသွတ်သွင်းရာ၌ မည်သို့ကြိုးစားလှုပ်ရှားကြသည်ကိုလည်း လေ့လာကြပါမည်။ နောက်ဆုံးတွင်၊ မေဆွန်ရီအဖွဲ့က လူမှုရေးလောကတွင် မည်သည့်နည်းများဖြင့် ယင်းတစ်ယူသန်ဝါဒများကို ကူညီတည်ဆောက်၍ တည်တံ့မြဲမြံနေအောင် ဆောင်ရွက်ကြသည်ကိုလည်း ဆွေးနွေးကြပါမည်။ ဤအတွေးအခေါ်များကို တည်ဆောက်ရာ၌ သူတို့အသုံးပြုသောနည်းများကိုလည်း ဖေါ်ထုတ်ဝေဖန်သုံးသပ်ကြပါမည်။

မေဆွန်ရီအဖွဲ့၏ ဘုရားမဲ့ဝါဒ၊ ဒါဝင်ဝါဒနှင့် ရုပ်ဝါဒအတွေးအခေါ်များကို ဆန်းစစ်ရာ၌၊ မေဆွန်တို့ကိုယ်တိုင်ရေးသားသောစာပေများမှ ကိုးကားချက်များကိုလည်း ထည့်သွင်းဖေါ်ပြထားပါသည်။ ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်၊ နဗီတမန်တော်များ၊ ကောင်းကင်တမန်များ၊ မိုးကျကျမ်းတော်မြတ်များနှင့်ဘာသာတရားကသွန်သင်သောကိုယ်ကျင့်တရားများနှင့်ပတ်သက်သည့်အကြောင်းအရာများတွင် ဒွန်တွဲကိုးကားခြင်းမသင့်တော်သော်လည်း၊ ဖရီးမေဆွန်ရီအဖွဲ့၏အဖြစ်မှန်ကို ဖေါ်ပြသည့်အရေးကြီးသောအထောက်အထားများ ဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၊ နဗီတမန်တော်များ၊ ကောင်းကင်တမန်မလာအေ့ကာများ၊ သာသနာ့ကျမ်းတော်မြတ်များနှင့် တရားတော်ကသွန်သင်သောကိုယ်ကျင့်တရားတို့သည်၊ ထိုကိုးကားချက်များထက် များစွာသာလွန်မြင့်မြတ်လျက်ရှိပေသည်။

ဤစာအုပ်တွင် ဖေါ်ပြထားသောအရေးကြီးသည့်အချက်အလက်များသည်၊ မေဆွန်ရီအဖွဲ့ဝင်များအပါအဝင်၊ လူအများက ကမ္ဘာလောကကိုသတိတရားရှိရှိကြည့်မြင်နိုင်စေမည့်နည်းလမ်းဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုပြီးနောက် စာရှုသူအနေဖြင့်၊ အတွေးအခေါ်ရေးရာအမြင်တူအုပ်စုများမှစ၍ သတင်းစာခေါင်းစီးများအထိကိုလည်းကောင်း၊ တေးသီချင်းများမှစ၍ နိုင်ငံရေးအတွေးအခေါ်များအထိကိုလည်းကောင်း၊ ပိုမိုနက်ရှိုင်းစွာကြည့်မြင်နိုင်ပြီး ရှုထောင့်အမျိုးမျိုးဖြင့် သုံးသပ်နိုင်ပါလိမ့်မည်။ အဖြစ်အပျက်အမျိုးမျိုးတို့ကို ၎င်းတို့၏နောက်ကွယ်မှ အခြေခံအကြောင်းရင်းများကိုလည်း သတိပြု ရိပ်စားမိလာနိုင်ပါလိမ့်မည်။




## FROM THE TEMPLARS TO ANCIENT EGYPT

# ခရူးဆိတ်စစ်သူရဲကောင်းများ

## THE CRUSADERS

ဖရီးမေဆွန်ရီအဖွဲ့နှင့်ပတ်သက်သည့်သမိုင်းဆရာအများအားဖြင့် ဤအဖွဲ့သည် ခရူးဆိတ် စစ်ပွဲမှစတင်ခဲ့သည်ဟု ခံယူကြသည်။ မေဆွန်ရီအဖွဲ့ကို အင်္ဂလန်နိုင်ငံတွင် ၁၈–ရာစုနှစ် ဦးပိုင်းလောက်တွင်မှ တရားဝင်အသိအမှတ်ပြုခဲ့သော်လည်း၊ အဖွဲ့၏သမိုင်းအစသည် ခရူးဆိတ် စစ်ပွဲအထိ ရှေးကျခဲ့ပေသည်။ ထိုသမိုင်းပုံပြင်အရ ခရူးဆိတ်စစ်သူရဲကောင်းတို့စတင်ခဲ့သည့် အုပ်စု သို့မဟုတ်အဖွဲ့ကို နိုက်တင်ပလာ(Knights Templar) သို့မဟုတ် တင်ပလာများ(The Templars)ဟု ခေါ်ကြသည်။

ဤစာအုပ်မပြုစုမီ ခြောက်နှစ်အလျင်က၊ မေဆွန်အဖွဲ့သစ်*(The New Masonic Order)* အမည်ရှိစာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့ရာ၊ တင်ပလာသူရဲကောင်းများ၏သမိုင်းကြောင်းကို အတော်အတန်အသေးစိတ်၍ လေ့လာတင်ပြခဲ့လေပြီ။ ထို့ကြောင့်၊ ဤနေရာတွင် အကျဉ်းချုံး၍သာ ဖော်ပြပါမည်။ အဘယ့်ကြောင့်ဆိုသော်၊ မေဆွန်ရီအဖွဲ့၏ မူလအစသမိုင်းကို ထပ်မံလေ့လာသည့်အခါ "တကမ္ဘာလုံးဆိုင်ရာ မေဆွန်ရီအဖွဲ့"၏အဓိပ္ပါယ်ကို ထပ်မံတွေ့ရှိသောကြောင့် ဖြစ်ပါသည်။

ခရူးဆိတ်စစ်ပွဲသည် ခရစ်ယာန်ဘာသာအတွက်တိုက်ခိုက်သည့် ဘာသာရေးစစ်ပွဲဖြစ်သည်ဟု အမျိုးမျိုးအကြောင်းပြကြသော်လည်း၊ အခြေခံအားဖြင့် ထိုစစ်ပွဲတို့သည် ရုပ်ဝတ္ထု ဥစ္စာပစ္စည်းရရှိရေးကို အဓိကထားသည့် စစ်ပွဲဖြစ်သည်။ ဥရောပတိုက်၌ ဆင်းရဲနွမ်းပါးခြင်း ဖြစ်နေသည့်အချိန်ကာလတစ်ခုတွင်၊ အရှေ့တိုင်းများ–အထူးသဖြင့် အရှေ့အလယ်ပိုင်းရှိ မွတ်စလင်မ်တို့၏ ကြွယ်ဝချမ်းသာမှုများက ဥရောပတိုက်သားတို့ကို ဆွဲဆောင်လျက် ရှိနေလေသည်။ ဤကဲ့သို့သောဓနဥစ္စာမက်မောမှုကို ဘာသာရေးယမယ်ရှာပြီး ခရစ်ယာန်သာသနာ သင်္ကေတများဖြင့်မွမ်းမံချယ်သကာ စစ်ခင်းခဲ့ကြသည်။ အမှန်မှာ ခရူးဆိတ်စစ်ပွဲသည် လောကီရေးအကျိုးအမြတ်ရရှိရေးမှ မွေးဖွားပေါ်ပေါက်လာခဲ့ခြင်းသာ ဖြစ်လေသည်။ ဤအကြောင်းရင်းကပင် ဥရောပသားခရစ်ယာန်တို့၏ ယွင်ကကျင့်သုံးခဲ့ကြသည့် ငြိမ်ဝပ်ပိပြားငြိမ်းချမ်းရေးကို ဦးစားပေးသောပေါ်လီစီများက ချက်ချင်းလက်ငင်း စစ်လက်နက်ဖြင့်ကျူးကျော်ရေးပေါ်လီစီသို့



**The roots of Masonry date back to the Crusades against Muslims initiated by Pope Urban II**

**မေဆွန်ရီအဖွဲ့သည် ပုပ်ရဟန်းမင်းကြီးဒုတိယအာဘန်ကမကထပြုသောခရူးဆိတ်စစ်ပွဲခေတ်မှစတင်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။**

ကူးပြောင်းသွားလေသည်။

ခရူးဆိတ်စစ်ပွဲကို စတင်ခဲ့သူမှာ ပုပ်ရဟန်းမင်းကြီးဒုတိယအာဘန် ဖြစ်သည်။ ၁၀၉၅–ခုနှစ်တွင် ရဟန်းမင်းကြီးက ကလားမောင့်ကောင်စီအစည်းအဝေးဆင့်ခေါ်လိုက်သည်။ ထိုအစည်းအဝေးတွင် ခရစ်ယာန်ဘာသာ၏ ငြိမ်းချမ်းရေးပေါ်လစီကို ပစ်ပယ်လိုက်ကြသည်။ မွတ်စလင်မ်တို့၏လက်ထဲသို့ရောက်နေသော မြင့်မြတ်သည့်နယ်မြေများကို ပြန်လည်သိမ်းပိုက်ရန် ဘာသာရေးစစ် ကြေညာလိုက်သည်။ ထိုညီလာခံအစည်းအဝေးနောက်ပိုင်းတွင် အလွန်ကြီးမားသော ခရူးဆိတ်တပ်ဖွဲ့ကြီးကို ဖွဲ့စည်းလိုက်သည်။ ထိုတပ်ဖွဲ့ကြီးတွင်၊ ကြေးစားစစ်သားများအပြင် သာမန်အရပ်သားထောင်သောင်းမြောက်မြားစွာ ပါဝင်လေသည်။

သမိုင်းပါရဂူတို့က ပုပ်ရဟန်းမင်းကြီးဒုတိယအာဘန်အနေဖြင့် ပုပ်ရဟန်းရာထူးကို ယှဉ်ပြိုင်မည့်ရဟန်းတို့အား ဟန့်တားနိုင်ရန်ရည်ရွယ်ချက်ဖြင့် ခရူးဆိတ်စစ်ပွဲစတင်ခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ ဥရောပနိုင်ငံများမှဘုရင်များ၊ မင်းညီမင်းသားများနှင့် မင်းစိုးရာဇာအသိုင်းအဝိုင်းတို့သည်လည်း ပုပ်ရဟန်းမင်းကြီး၏ဆင့်ခေါ်ချက်ကို ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့ကြခြင်းအကြောင်းရင်းမှာ အများသိပြီးသားဖြစ်သည်။ အီလီနိုဂျက်တက္ကသိုလ်မှ ဒိုနာလ်ကွဲလ်လိုက "ပြင်သစ်စစ်သူရဲကောင်းများက နယ်မြေပိုမိုလိုချင်ကြသည်။ အီတာလီကုန်သည်တို့က အရှေ့အလယ်ပိုင်းပင်လယ်ဆိပ်ကမ်းများသို့ ကူးသန်းရောင်းဝယ်ရေးတိုးချဲ့လိုကြသည်။ –ကျန်အများလူထုအရပ်သားများက သူတို့ကြုံတွေ့နေခဲ့ကြသည့်နေ့စဉ်အခက်အခဲများမှ လွတ်မြောက်ရန်ဖြစ်သည်။"[၁] ဤလောဘသားစစ်အင်အားထုကြီးက လမ်းတလျှောက်တွင် မွတ်စလင်မ်နှင့် ဂျူးအမြောက်အမြားကို ရွှေငွေရတနာများလုယူရရှိရန် သတ်ဖြတ်ခဲ့ကြသည်။ ခရူး

ဆိတ်စစ်သည်တော်တို့သည်၊ မသေမီမိမိရှိကျောက်မျက်ရတနာများကို မျိုချထားကြမည်ဟုယုံကြည်သဖြင့် လူသေအလောင်းများ၏ ဝမ်းပိုက်ကိုပင် ခွဲကြည့်ကြလေသည်။ ခရူးဆိတ်စစ်သည်များ၏ရုပ်ဝတ္ထုပြစ္စည်းလောဘရမက်မည်မျှအထိ ကြီးမားသည်မှာ စတုတ္ထခရူးဆိတ်စစ်ပွဲတွင် ခရစ်ယာန်မြို့တော်တစ်ခုဖြစ်သည့် ကွန်စတင်တီနိုပလ်(အစ္စတန်ဘူလ်မြို့)ကို ဖျက်ဆီးပစ်ရာတွင်၊ ဟာဂီယာဆိုဖီယာမှ ခရစ်ယာန်ဘုရားရှိခိုးကျောင်းရှိ ခရစ်ယာန်နံရံကပ်အင်္ဂတေပန်းချီများမှ ရွှေပန်းရွှေရွက်များကို ခွါယူကြရာ၌ စိတ်စနိုးစနောင့် မဖြစ်ခဲ့ကြချေ။

ခက်ခဲဝေးလံသောခရီးကို လျှောက်လာခဲ့သည့် သောင်းပြောင်းထွေလာလူအမျိုးမျိုးပါဝင်သည့် ဤခရူးဆိတ်စစ်သည်များသည် လမ်းတလျှောက်လုံး တွေ့သမျှမွတ်စလင်မ်တို့ကို သတ်ဖြတ်ကြရင်း ၁၀၉၉–ခုနှစ်တွင် ဂျေရုဆလင်မြို့တော်ကြီးသို့ ရောက်ရှိခဲ့ကြသည်။ တနင်္ဂနွေ ၅–၆ ပါတ်အတွင်း မြို့တော်ကြီးကျသွား၍ ခရူးဆိတ်စစ်သည်တို့သည်လည်း မြို့တွင်းသို့ ဝင်ရောက်သိမ်းပိုက်ကြလေသည်။ ကမ္ဘာ့လူသားတို့က တွေ့မြင်ခဲသောရက်စက်ကြမ်းကြုတ်ခြင်းအပြုအမူများ ကျင့်ကြံကြလေသည်။ မြို့တော်တွင်းရှိ ဂျူးဘာသာဝင်များနှင့် မွတ်စလင်မ်အားလုံးကို သုတ်သင်သတ်ဖြတ်ပစ်လေသည်။ **"ဆာရာစင်ခေါ်မွတ်စလင်မ်အာရဗ်များနှင့် တူရကီလူမျိုးများကို တွေ့ရာသင်္ချိုင်းခါးမဆိုင်း ကလေးလူကြီးမိန်းမများပါမကျန်အောင် သုတ်သင်သတ်ဖြတ်ပစ်ကြလေသည်။"**[၂] ခရူးဆိတ်စစ်သည်တစ်ဦးဖြစ်သူ ရေမွန်အာဂွီလက်စ် က ဤအကြောင်းနှင့်ပတ် သက်၍ ဂုဏ်ယူပြောဆိုခဲ့သည်။



**The Crusaders wreaked havoc in Jerusalem. The Mediaeval engraving shown above depicts certain scenes of the horror.**

ခရူးဆိတ်စစ်သည်တို့က ဂျေရုဆာလင်မြို့ကို ပြောင်းဆန်သွားအောင် ဖျက်ဆီးပစ်ကြသည်။ အလယ်ခေတ်မှ အထက်ပါကျောက်နံရံတွင်ထွင်းထားသော ပန်းချီကားသည် ထိုကြောက်မက်ဖွယ်အဖြစ်ကို ပြထားသည်။

> အင်မတန်ကောင်းမွန်တဲ့မြင်ကွင်းကို တွေ့ရတယ်။ ကျုပ်တို့ရဲ့တချို့လူတွေက(သနားကျင်နာဆုံးနည်းအဖြစ်) ရန်သူရဲ့ဦးခေါင်းကို ဓါးနဲ့ပိုင်းဖြတ်ချလိုက်တယ်။ တချို့က မျှော်စင်ပေါ်ကရန်သူကို လေးနဲ့ပစ်ချလိုက်တယ်။ တချို့ကတော့ အသက်ထွက်ဖို့ပိုကြာအောင် မီးလျှံများတောက်နေတဲ့မီးပုံ

ထဲသို့ ပစ်ချလိုက်ကြတယ်။ မြို့တော်ကြီးရဲ့လမ်းမတွေမှာ လူလက်နဲ့ခြေထောက်တွေ ပြန့်ကျဲနေတာကိုတွေ့ရတယ်။ မြင်းနဲ့လူသေကောင်တွေကို ခက်ခက်ခဲခဲရှောင်ကွင်းကျော်လွှားပြီး လျှောက်သွားရတယ်။ ဆောလမွန်ကျောင်းတော်ကြီးက အဖြစ်အပျက်နဲ့စာရင်တော့ ဒါတွေကအသေးအဖွဲဖြစ်သွားတယ်။––ဆောလမွန်၏ မိန့်ခွန်းပြောရာစင်မြင့်အနီးမှ မြင်းစီးသူရဲကောင်းများက ဒူးဆစ်နဲ့မြင်းဇက်ကြိုးအထိနစ်တဲ့သွေးအိုင်ကို ဖြတ်ပြီးမြင်းစီးဖြတ်ကြရတယ်။[၃]

ထိုအချိန်က မွတ်စလင်ဦးရေပေါင်း ၄၀၀၀၀–ထက်မနည်းကို ခရူးဆိတ်စစ်သည်တို့က ရက်စက်ဆုံးနည်းများဖြင့် သတ်ဖြတ်ခဲ့ကြသည်။[၄] ခရူးဆိတ်စစ်သည်တို့က ဂျေရုဆလင်မြို့ကို သူတို့၏မြို့တော်ကြီးအဖြစ် သတ်မှတ်၍၊ ပါလက်စတိုင်းမှ အင်တီယောက်အထိကျယ်ဝန်းသော လက်တင်နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြလေသည်။

နောက်ပိုင်းတွင်၊ ခရူးဆိတ်စစ်သူရဲကောင်းတို့သည် အရှေ့အလယ်ပိုင်းဒေသ၌ သူတို့၏ အဆင့်အတန်းကို ဆက်လက်ထိန်းထားနိုင်ရန် စတင်ကြိုးပမ်းကြသည်။ သူတို့တည်ဆောက်ထားခဲ့ပြီးသောအခြေအနေကို ဆက်လက်ထိန်းထားနိုင်ရန် စည်းရုံးရေးလုပ်ငန်းလိုအပ်လာလေသည်။ ထို့ကြောင့် စစ်တပ်ပုံစံကို စတင်တည်ဆောက်ကြသည်။ ယွင်က ဤကဲ့သို့သော လက်နက်ကိုင်အဖွဲ့အစည်း မရှိခဲ့ဘူးပေ။ ဤအုပ်စုတွင် အဖွဲ့သားများသည် ဥရောပတိုက်မှ ပါလက်စတိုင်းဒေသသို့ လာခဲ့သူများဖြစ်၍၊ ခရစ်ယာန်ဘုန်းကြီးကျောင်းကဲ့သို့သောနေရာတွင် နေထိုင်ကြပြီး မွတ်စလင်မ်တို့ကို တိုက်ခိုက်ရန်အတွက် စစ်ပညာကိုသင်ယူလေ့ကျင့်ကြသည်။



The Crusaders put to sword all those living in the lands they conquered.

ခရူးဆိတ်စစ်သည်တော်တို့သည် သူတို့ရောက်ရှိသိမ်းပိုက်စိုးမိုးသောအရပ်ဒေသတိုင်းတွင် နေထိုင်သူတို့အား ဓါးမိုး၍ ခြိမ်းခြောက်ဒုက္ခပေးကြသည်။

ထိုအုပ်စုများအနက်၊ အုပ်စုတစ်ခုသည် အခြားအုပ်စုများနှင့် ထူးကဲစွာ ခြားနားသည်။ ၎င်းသည် ကမ္ဘာ့သမိုင်းတလျှောက်လုံးတွင် ဩဇာညောင်းနိုင်ခဲ့လောက်အောင် ပြောင်းလဲတိုးတက်လာခဲ့ပေသည်။ ၎င်းအုပ်စုမှာ တင်ပလာစစ်သူရဲကောင်းများ (The Templars) ဖြစ်သည်။

# တင်ပလာစစ်သူရဲကောင်းများ

## THE TEMPLARS

တင်ပလာစစ်သူရဲကောင်းများ၊ တစ်နည်းအားဖြင့်အမည်အပြည့်အစုံဖြင့်ခေါ်ရသော်၊ –ဆောလမွန်ကျောင်းတော်နှင့် သခင်ခရစ်တော်၏ ဆင်းရဲနွမ်းပါးသောစစ်သည်တော်များ–ဂိုဏ်းကြီးကို ခရူးဆိတ်စစ်ပွဲပြီးဆုံးသွားပြီးနောက် နှစ်၂၀–အကြာလောက် ၁၁၁၈–ခုနှစ်တွင် ခရူးဆိတ်စစ်သည်တော်တို့က ဂျေရုဆာလင်မြို့တော်ကြီး၌ တည်ထောင်ခဲ့သည်။ ဂိုဏ်းကြီးကို တည်ထောင်သူတို့မှာ ပြင်သစ်စစ်သူရဲကောင်းများဖြစ်သော Hugues(Hugh) ဟူဂ်ဒီပဲယင်းနှင့် ဂေါ့ဖရီဒီစိန့်အိုမာရ်တို့နှစ်ဦးက ဦးစီးဦးဆောင်၍ တည်ထောင်ခဲ့သည်။ တည်ထောင်စတွင် ဂိုဏ်းသားကိုးယောက်သာ ရှိခဲ့သော်လည်း တဖြေးဖြေးကြီးထွားများပြားလာခဲ့လေသည်။ ဂိုဏ်းကြီး၏အမည်ကို ဆောလမွန်ဘုရင်(နဗီတမန်တော် စူလိုင်မန်–အလိုင်ဟေ့ဆလာမ်)၏ ကျောင်းတော်ကြီးကိုအမည်သဟဲပြု မှည့်ခေါ်ခြင်းသည်။ သူတို့၏ဂိုဏ်းဗဟိုဌာနချုပ်အဖြစ်ရွေးချယ်သောနေရာသည် တစ်ချိန်က ဆောလမွန်ဘုရင်ကြီး၏ ကျောင်းတော်ကြီးတည်နေရာ ဖြစ်သည်ဟု ယုံကြည်ကြသည်။ ၎င်းနေရာသည် (ကုဘ်ဘေ့ အဆ္ဆက်ခရာဟ်)ခေါ် ကျောက်ဆောင်ကြီးသို့မဟုတ် Dome of the Rock ရှိသောနေရာဖြစ်သည်။

တင်ပလာဂိုဏ်းသားတို့သည် မိမိတို့ကိုယ်ကို “ဆင်းရဲနွမ်းပါးသောစစ်သည်တော်များ”ဟု မှည့်ခေါ်ထားသော်လည်း၊ မကြာမီအတွင်း အလွန်ချမ်းသားကြွယ်ဝလာကြလေသည်။ ဥရောပမှ ပါလက်စတိုင်းသို့လာကြသောခရစ်ယာန်ဘုရားဖူးများအားလုံးသည်၊ သူတို့၏ ထိန်းချုပ်မှုအောက်သို့ လုံးလုံးလျားလျားရောက်သွားလေသည်။ ဤအကျိုးအမြတ်ဖြင့် တိုတောင်းသောအချိန်အတွင်း ချမ်းသာကြွယ်ဝလာခဲ့ခြင်းဖြစ်သည်။ ယနေ့ခေတ် ဘဏ်လုပ်ငန်းကဲ့သို့သော ချက်လက်မှတ်အသုံးပြုခြင်းနှင့် ခရဲဒစ်ခေါ်အကြွေးချေခြင်းစနစ်ကို ကမ္ဘာပေါ်တွင် ပထမဦးဆုံးတီထွင်အသုံးပြုခဲ့ကြသည်။ ဗြိတိသျှလူမျိုးစာရေးဆရာ မိုက်ကယ်ဘေးဂျင့်နှင့် ရစ်ချာဒ်လေးတို့၏အဆိုအရ၊ တင်ပလာဂိုဏ်းသည် အရှေ့အလယ်ပိုင်း အရင်းရှင်စနစ်ကို တည်ဆောက်ခဲ့၍၊ သူတို့၏ဘာသာယုံကြည်မှုနှင့်ဆန့်ကျင်သော်လည်း အတိုးနှုန်းထားဖြင့် ငွေပေးငွေယူလဲလှယ်ခြင်းတွင်အခြေခံသောစနစ်ကို တည်ဆောက်၍ ယနေ့ခေတ်သစ်ဘဏ်စနစ်ကို လမ်းခင်းပေးခဲ့ကြသည်။[၅]

မွတ်စလင်မ်တို့ကို တိုက်ခိုက်သတ်ဖြတ်သူများအနက် တင်ပလာစစ်သူရဲကောင်းတို့က အများဆုံးပြုကျင့်ခဲ့သည်။ ထို့ကြောင့်၊ ၁၁၈၇–ခုနှစ်တွင် ခရူးဆိတ်စစ်သည်တို့ကို တိုက်ခိုက်အောင်နိုင်ခဲ့သည့် ဆာလာဒင်(ဆလာအုဒ္ဒင်း)က ခရူးဆိတ်စစ်သည်တော်ခရစ်ယာန်ဘာသာဝင်အများအားဖြင့်တို့ကို အသက်လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော်လည်း၊ ဟတ္တင်စစ်ပွဲနှင့် ဂျေရုဆာလင်မြို့တော်ကိုပြန်လည်သိမ်းပိုက်ပြီးနောက်ပိုင်းတွင် တင်ပလာစစ်သူရဲကောင်းတို့ကိုမူကား တွေ့သမျှအားလုံးကို သတ်ပစ်လိုက်လေသည်။ ဂျေရုဆာလင်မြို့တော်ကို လက်လွှတ်လိုက်ရသည့်အပြင် စစ်သူရဲကောင်းအမြောက်အမြားအသက်ဆုံးရှုံးသွားသော်လည်း၊ တင်ပလာတို့သည် ပျောက်သုဉ်းကုန်ခြင်းမရှိဘဲ ကျန်ရှိနေခဲ့ကြသည်။ ပါလက်စတိုင်းနိုင်ငံတွင် ခရစ်ယာန်လူဦးရေလျော့နည်းသွားသော်လည်း၊ ပထမပြင်သစ်နိုင်ငံနှင့် နောင်အခြားဥရောပနိုင်ငံများတွင်၊ တိုင်းပြည်အတွင်း တိုင်းပြည်ငယ်အဖြစ်ရောက်အောင် ဩဇာအာဏာလွှမ်းမိုးခဲ့ကြလေသည်။

သူတို့၏နိုင်ငံရေးအာဏာကြီးထွားမှုကြောင့်၊ ဥရောပနိုင်ငံများမှဘုရင်များအနေဖြင့် နေမထိထိုင်မသာဖြစ်လာကြသည်။ တင်ပလာတို့က သာသနာ့ဦးစီးဘုန်းတော်များကို စိတ်အနှောင့်အယှက်ပေးသည့်နောက်ထပ်အချက်တစ်ချက်ရှိသေးသည်။ တင်ပလာဂိုဏ်းကြီးသည် ခရစ်ယာန်သာသနာအယူဝါဒနှင့် ဆန့်ကျင်သွေဖြည်ဖေါက်ပြန်သောအပြုအမူအများအပြားကျင့်သုံး

လာကြသည်။ ဂျေရုဆာလင်မြို့တော်တွင်နေထိုင်သည့်အချိန်တွင် လျှို့ဝှက်နက်နဲ ထူးခြားဆန်းပြားသည့်အယူဝါဒများကို ကျင့်သုံးကြသည်။ ထိုအယူဝါဒ၏ သီးခြားဆန်းပြားသည့်ပူဇော်ပသမှုများကိုလည်း ကျင်းပကြသည်ဟူသော ကောလာဟဠသတင်းထွက်လာသည်။

နောက်ဆုံး ၁၃၀၇–ခုနှစ်တွင် ပြင်သစ်ဘုရင် ဖီးလိပ္ပီလေဘဲလ်က ဤဂိုဏ်းသားများကို ဖမ်းဆီးရန် ဆုံးဖြတ်လိုက်သည်။ အချို့ကလွတ်မြောက်သွားကြသော်လည်း၊ အများအားဖြင့် အဖမ်းခံကြရသည်။ ပုပ်ရဟန်းမင်းကြီး ပဉ္စမမြောက် ကလဲမင့်ကလည်း ထိုဖမ်းဆီးသုတ်သင်သူတို့တွင် ပါဝင်ခဲ့သည်။ အချိန်ကြာမြင့်စွာ စစ်ဆေးမေးမြန်းခဲ့ကြရာ၊ အချို့တင်ပလာစစ်သူရဲကောင်းဂိုဏ်းသားများက မိစ္ဆာဒိဋ္ဌိအယူဝါဒများကို ယုံကြည်ကြကြောင်းနှင့် ခရစ်ယာန်ဘာသာကို ပစ်ပယ်ပြီး လူအများရှေ့မောက်တွင် ခရစ်တော်သခင်ယေရှုကိုဆဲရေးကြကြောင်း ဝန်ခံကြလေသည်။ နောက်ဆုံးတွင်၊ အရေးကြီးဆုံးခေါင်းဆောင်ဖြစ်သူ ဂျက်ဒီမိုလေအပါအဝင် "ဂရဲင်းမာစတာ" ခေါ် တင်ပလာစစ်သူရဲကောင်းဂိုဏ်းခေါင်းဆောင်များကို ၁၃၁၄–ခုနှစ်တွင် ခရစ်ယာန်အသင်းတော်နှင့်ဘုရင်မင်းမြတ်တို့က သေဒဏ်ပေးလိုက်လေသည်။ အများအားဖြင့်ကို ထောင်ဒဏ်ပေး၍၊ ကျန်ဂိုဏ်းသားများ ကစင့်ကလျားထွက်ပြေးသွားကြကာ ဂိုဏ်းကြီးသည်လည်း တရားဝင်အားဖြင့် ပျောက်ကွယ်သွားတော့သည်။

အချို့သမိုင်းပါရဂူတို့က၊ ထိုတင်ပလာစစ်သူရဲကောင်းများကို ဒဏ်ခတ်သောတရားစီရင်ချက်သည် ပြင်သစ်ဘုရင်၏ဖေါက်ပြန်လုပ်ကြံမှုကြီးဖြစ်၍၊ စစ်သူရဲခေါင်းတို့ကို အပြစ်မရှိသကဲ့သို့ တင်ပြထားကြပေသည်။ သို့သော်လည်း၊ ဤကဲ့သို့သောရှုထောင့်သည် အဖက်ဖက်တွင် အားနည်းချို့ယွင်းလျက်ရှိသည်။ ကျော်ကြားသောဗြိတိသျှလူမျိုးသမိုင်းပါရဂူ နက်စတာ အိပ်ချ် ဝဲဘ်စတာ (Nesta H. Webster) သည် လျှို့ဝှက်ဆန်းကြယ်သောလောကီပညာများနှင့်ပတ်သက်၍ အကျယ်တဝင့် လေ့လာခဲ့ပြီးနောက်၊ ဤကိစ္စနှင့်ပတ်သက်သည့် သူမ၏ရှုဒေါင့်ကို *လျှို့ဝှက်အသင်းများနှင့် အဖျက်လုပ်ငန်းများ (Secret Societies and Subversive Movements)* ဟူသောစာအုပ်တွင် ဆန်းစစ်ထားသည်ကို တွေ့ရှိရသည်။ ပထမအနေဖြင့်၊ ထိုစစ်ဆေးမေးမြန်းခြင်းပြုချိန်တွင်၊ တင်ပလာဂိုဏ်းသားအားလုံးကို နှိပ်စက်ညှင်းပန်းခြင်း မပြုခဲ့ချေ။

> နောက်ထပ်အချက်တစ်ချက်မှာ၊ ထိုစစ်သူရဲကောင်းတို့ ပေးခဲ့သောဝန်ခံချက်များသည် နှိပ်စက်ညှင်းပန်းခြင်းခံနေရသောကြောင့် ထွက်ဆိုဝန်ခံသောအချက်များဖြစ်သည်ဟု ဆိုခြင်းသည် စိတ်ကူးယဉ်သက်သက်သာလျှင် ဖြစ်ပေသည်။ နိုင်ငံအမြောက်အမြားတွင် ဖမ်းဆီးစစ်ဆေးခြင်းခံရသည့် တင်ပလာစစ်သူရဲကောင်းတို့၏ထွက်ဆိုချက်များသည် ဘာသာစကားမတူ ဝေါဟာရအသုံးအနှုန်းမတူကြသော်လည်း ဝတ်ပြုပူဇော်နည်းများသည် အချို့အချက်များတွင် တူညီနေ၍ အချို့အချက်များတွင် ဆင်တူရိုးမှား ဖြစ်နေခြင်းသည် တီထွင်ချက်သာဖြစ်သည်ဟူသော ဖေါ်ပြချက်ကို ယုံကြည်စေနိုင်ရန် အင်မတန်ခက်ခဲပေသည်။ အကယ်၍ တရားခံတို့က နှိပ်စက်မှုကိုမခံနိုင်သဖြင့် သက်သက်တီထွင်ထွက်ဆိုကြပါက၊ ထူးခြားဆန်းကျယ်သည့်ပူဇော်ပသမှုများသည်လည်း ထိုသို့ပါဝင်မေးမြန်းဆွေးနွေးသည့်ပုဂ္ဂိုလ်အားလုံးတို့၏အလိုဆန္ဒကိုပြည့်စေပြီး ကိုယ်လွတ်ရုန်းရန် သာဖြစ်ပါက တစ်မျိုးတည်း တစ်ပုံစံတည်းတူညီနေအောင် ထွက်ဆိုကြလိမ့်မည်မဟုတ်ပေ။ သို့သော်လည်း ထိုသို့မဖြစ်ပဲ တစ်ဦးချင်း၏ ထွက်ဆိုချက်သည် ပူဇော်ပသမှုအခန်းအနားတစ်ခုတည်း တစ်မျိုးတည်းကို ပြည့်စုံစွာဖေါ်ပြလျက်ရှိနေသည်။ ပူဇော်ပသမှုအခန်းအနားကို ဦးဆောင်သူ၏ဥပဓိရုပ်အနေအထားနှင့် အင်္ဂါရပ်များ၊ ပူဇော်ပသပုံ ပသနည်းများသည်လည်း အားလုံးချုံ၍သုံးသပ်သော် အခန်းအနားတစ်ခုတည်းကို ဖေါ်ပြနေကြကြောင်း ထင်ရှားလျက်ရှိပေသည်။[၆]



တင်ပလာတို့က ခရစ်ယာန်အရေခြုံ၍ မိစ္ဆာဒိဋ္ဌိအယူကို တီထွင်ကြသည်။ Templars developed a pagan faith in Christian guise.

မည်သို့ပင်ဖြစ်စေ၊ တင်ပလာတို့ကို ရုံးတင်စစ်ဆေးခြင်းတွင် ဂိုဏ်းကြီးတစ်ခုလုံးကို ဖျက်သိမ်းပစ်ရန် ဆုံးဖြတ်ချက် ချခဲ့သည်။ သို့သော်လည်း၊ ထိုဂိုဏ်းကြီးသည် "တရားဝင်အားဖြင့်" မရှိတော့သော်လည်း လုံးဝပျောက်ကွယ်သွားခဲ့ခြင်းမဟုတ်ပေ။ ၁၃၀၇–ခုနှစ်တွင် တင်ပလာစစ်သူရဲကောင်းဂိုဏ်းသားများကို ရုတ်တရက်ဖမ်းဆီးသည့်အချိန်တွင် အချို့သူရဲကောင်းတို့ ထွက်ပြေးလွတ်မြောက်သွား၍ ခြေရာဖျောက်နိုင်ခဲ့ကြသည်။ သမိုင်းစာအုပ်အမြောက်အမြားမှ ရှာဖွေလေ့လာရရှိသောအချက်အလက်များကို စုဆောင်းရေးသားထားသည့် စာတမ်းတစ်စောင်အရ၊ တင်ပလာစစ်သူရဲကောင်းဂိုဏ်းဝင်အများအပြားတို့သည်၊ ထိုကာလ ကာသောလိတ်ခရစ်ယာန်အသင်းတော်၏ အာဏာစက်ကိုအသိအမှတ်မပြုသော တစ်ခုတည်းသောနိုင်ငံဖြစ်သည့် စကော့တလန်နိုင်ငံတွင် သွားရောက်ခိုလှုံကြကြောင်းသိရ၏။ စကော့တလန်နိုင်ငံဘုရင် ရောဘတ် သာဘရူးစ်က သူတို့ကို အသိအမှတ်ပြု လက်ခံကာကွယ်ထားခဲ့သည်။ နောင်များမကြာမီ သူတို့၏ဂိုဏ်းကို ကိုယ်ယောင်ဖျောက်၍ သက်တောင့်သက်သာဆက်လက်တည်တံ့ဖွဲ့စည်းထားမည့်နည်းကို တွေ့ရှိကြလေသည်။ ဗြိတိသျှကျွန်းစုမှ တံတိုင်းဆောက်လုပ်ရေးအစည်းအရုံးတွင် စိမ့်ဝင်သွားကြပြီး နောင်တွင်တဖြေးဖြေး ၎င်းအစည်းအရုံးနှင့် အဖွဲ့ခွဲများအားလုံးကို လွှမ်းမိုးသိမ်းပိုက်လိုက် ကြလေသည်။[2]

ခေတ်သစ်ကာလ အစဦးပိုင်းလောက်တွင် တံတိုင်းဆောက်လုပ်ရေးအစည်းအရုံးက "မေဆွန်အဖွဲ့"(ပန်းရံအဖွဲ့)ဟု အမည်ပြောင်းလိုက်သည်။ စကော့တလန်အဖွဲ့ခွဲသည် မေဆွန်အဖွဲ့၏ရှေးအကျဆုံးအဖွဲ့ခွဲဖြစ်၍ စကော့တလန်နိုင်ငံသို့ တင်ပလာစစ်သူရဲကောင်းတို့ထွက်ပြေးခိုအောင်းခဲ့သည့် ၁၄–ရာစုနှစ်အထိ ရှေးကျသည်။ စကော့တလန်အဖွဲ့ခွဲမှ ချီးမြှင့်သည့်ဘွဲ့အမည်



Templars fleeing the Church were given refuge by the Scottish king, Robert the Bruce .

ခရစ်ယာန်အသင်းတော်၏ဖမ်းဆီးခြင်းမှထွက်ပြေးလာကြသူတို့ကို
စကော့တလန်ဘုရင် ရောဘတ် သာဘရူးစ်က ခိုလှုံခွင့် ပေးထားသည်။


များသည် တင်ပလာစစ်သူရဲကောင်းဂိုဏ်းမှ စစ်သူရဲကောင်းများ၏ ဘွဲ့ထူးဂုဏ်ထူးများထက် ရေးကျသည်။ ယနေ့အချိန်အထိ ဤဘွဲ့များကို အသုံးပြုနေကြသေးသည်။

အကျဉ်းအားဖြင့်၊ တင်ပလာဂိုဏ်းသားတို့ ပျောက်ကွယ်သွားခြင်းမရှိခဲ့ချေ။ သူတို့၏ တမူထူးခြားသောအတွေးအခေါ်၊ ယုံကြည်ချက်နှင့် ပူဇော်ပသခြင်းထုံးစံတို့သည် ဖရီးမေဆွန်ရီ အဖွဲ့အသွင်ဖြင့် ဆက်လက်တည်ရှိနေသေးသည်။ ၎င်းစာတမ်းသည် သမိုင်းအထောက်အထားအ မြောက်အမြားများက အထောက်အကူပေးထားရုံမက၊ လက်ရှိအနောက်နိုင်ငံသမိုင်းပါရဂူအများ အပြား –ဖရီးမေဆွန်ရီအဖွဲ့သားဟုတ်သူနှင့်မဟုတ်သူတို့ပါ–ကလည်းလက်ခံထားသောစာတမ်း ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ *မေဆွန်ဂိုဏ်းသစ်* ဟူသောစာအုပ်တွင်၊ ဤကိစ္စနှင့်ပတ်သက်သည့် အထောက်အထားများကို အသေးစိတ် ဆန်းစစ်ထားပါသည်။

မေဆွန်ရီအဖွဲ့၏ မူရင်းသမိုင်းကို ခြေရာကောက်သည့် ၎င်းစာတမ်းမှအချက်အလက် များကို မေဆွန်ရီအဖွဲ့သားများအတွက် ထုတ်ဝေသော မဂ္ဂဇင်းများတွင် မကြာခဏကိုးကားထား ပေသည်။ ဖရီးမေဆွန်ရီအဖွဲ့ဝင်တို့ကလည်း ဤအချက်ကို လှိုက်လှဲစွာလက်ခံကြပေသည်။ ထိုသို့သောမဂ္ဂဇင်းများအနက် တူရကီဖရီးမေဆွန်တို့အတွက်ထုတ်ဝေသော *မီမာရ်ဆေနန်ခေါ်* မဂ္ဂဇင်းတွင်၊ တင်ပလာစစ်သူရဲကောင်းဂိုဏ်းကြီးနှင့် ဖရီးမေဆွန်ရီအဖွဲ့ဆက်စပ်မှုကို အောက် ပါအတိုင်း ဖော်ပြထားသည်။

> ၁၃၁၂–ခုနှစ်တွင်၊ ပြင်သစ်ဘုရင်က ခရစ်ယာန်အသင်းတော်၏ဖိအားပေးမှုကြောင့် တင်ပလာစစ်သူရဲကောင်းဂိုဏ်းကြီးကို ဖျက်သိမ်းပစ်ပြီး ၎င်းတို့ပိုင်ဥစ္စာပစ္စည်းများကို စိန့်ဂျွန်းမှစစ်သူရဲကောင်းများကို ပေးအပ်လိုက်ချိန်၊ တင်ပလာတို့၏လုပ်ငန်းလှုပ်ရှားမှုသည် ရပ်တန့်သွားခြင်းမရှိခဲ့ချေ။ ထို

အချိန်တွင် ဥရောပတခွင် နေရာအမြောက်အမြား၌ ဖွဲ့စည်းလှုပ်ရှားနေပြီဖြစ်သော ဖရီးမေဆွန်ရီအဖွဲ့သို့ အများအားဖြင့်ဝင်သွားကြသည်။ တင်ပလာများ၏ခေါင်းဆောင်တစ်ဦးဖြစ်သူ မာဘိဂ်နက်နှင့် ဂိုဏ်းသားအချို့သည် စကော့တလန်နိုင်ငံတွင် ခိုလှုံ၍ မက် ဘီနက်အမည်ဖြင့် အုတ်တံတိုင်းဆောက်လုပ်သူအဖြစ် ကိုယ်ယောင်ဖျောက်နေခဲ့သည်။ စကော့တလန်ဘုရင်ရောဘတ် သာဘရူးစ်က ကြိုဆိုလက်ခံ၍ စကော့တလန်ရှိမေဆွန်အသင်းများအပေါ် ဩဇာညောင်းခွင့်ပြုထားခဲ့သည်။ ထို့ကြောင့် စကော့တလန်မေဆွန်အသင်းသည် ပိသုကာလက်ရာနှင့်အတွေးအခေါ်ဆိုင်ရာတွင် အလွန်အရေးပါလာခဲ့လေသည်။



*စစ်သူရဲကောင်းများနှင့် ဘဏ်လုပ်ငန်းရှင်များ* – တင်ပလာတို့အ ကြောင်းစာအုပ်ဖြစ်သည်

ယနေ့အချိန်တွင် ဖရီးမေဆွန်တို့က မက်ဘီနက် ဟူသောအမည်ကို အလွန်တရာလေးစားကြသည်။ တင်ပလာတို့၏ ထုံးတမ်းစဉ်လာများကို အမွေဆက်ခံခဲ့သည့် စကော့တလန်ဖရီးမေဆွန်တို့သည် နောင်နှစ်ပေါင်းများစွာတွင် ပြင်သစ်ပြည်သို့ပြန်လာခဲ့ကြပြီး စကော့တလန် ထုံးစံအဖွဲ့အဖြစ် တည်ထောင်ကြလေသည်။[၈]

*မီမာရ်ဆေနန်*စာစောင်သည် တင်ပလာစစ်သူရဲကောင်းများနှင့် ဖရီးမေဆွန်တို့အကြားဆက်နွယ်မှုနှင့်ပတ်သက်သည့်အချက်အလက်အများအပြားကို ဖော်ပြပေး၏။ "တင်ပလာများနှင့်ဖရီးမေဆွန်များ" ဟူသောဆောင်းပါးတွင်၊ **"တင်ပလာစစ်သူရဲကောင်းဂိုဏ်းကြီး၏ ဂိုဏ်းသွင်းအခန်းအနားမှ ပူဇော်ပသနည်းများသည် ယနေ့ဖရီးမေဆွန်ရီ၏ ပူဇော်နည်းများနှင့် အတူတူဖြစ်သည်။"**[၉] ဟုဖော်ပြထားသည်။

ယင်းဆောင်းပါးအရ၊ မေဆွန်ရီများ အချင်းချင်းခေါ်ကြသည့်နည်းအတိုင်း၊ တင်ပလာတို့သည်လည်း **"နောင်တော်၊ညီတော်"**[၁၀] ဟုခေါ်ခဲ့ကြသည်ဟုဆို၏။ ဆောင်းပါး၏ နောက်ဆုံးပိုင်းတွင်၊ အောက်ပါအတိုင်း ရေးသားထားပေသည်။



တူရကီမေဆွန်အဖွဲ့သားများအတွက် သီးသန့်ရည်ရွယ်၍ ထုတ်ဝေသော မီမာရ်ဆီနန် မဂ္ဂဇင်း၊

တင်ပလာစစ်သူရဲကောင်းဂိုဏ်းနှင့် ဖရီးမေဆွန်အဖွဲ့တို့သည် အချင်းချင်း အလွန်တရာဩဇာသက်ရောက်ကြကြောင်း ထင်ရှားသည်။ ကော်ပိုရေးရှင်းများ၏ ပူဇော်ပသနည်းများသည်ပင် တင်ပလာတို့ထံမှ တိုက်ရိုက်ကူးယူခဲ့သည်ဟုဆိုနိုင်လောက်အောင် တူညီလှပေသည်။ ဤအချက်နှင့်ပတ်သက်၍၊ မေဆွန်တို့သည် မိမိတို့ကိုယ်ကို တင်ပလာတို့အဖြစ်ခံယူကြသဖြင့်၊ မေဆွန်တို့၏ မူလလျှို့ဝှက်ချက်များသည် တင်ပလာတို့ထံမှ အမွေအနှစ်ဆက်ခံခဲ့ကြခြင်းသာဖြစ်သည်ဟုပင် ဆိုနိုင်ပါသည်။ ဤဆောင်းပါး၏ အစပိုင်းတွင် ဆိုခဲ့သည့်အတိုင်း၊ မေဆွန်ရီအဖွဲ့၏ မင်းစိုးရာဇာဆန်သည့် အနုပညာနှင့် ဂိုဏ်းသွင်းပူဇော်ပသမှုအခန်းအနားတို့သည် တင်ပလာစစ်သူရဲကောင်းများ၏ ထုံးဓလေ့ဖြစ်၍၊ ဖရီးမေဆွန်တို့တွင် ဆက်လက်တည်မြဲနေသည်ဟု အကျဉ်းချုံးနိုင်ပေသည်။[၁၁]

အဆုံးတွင်၊ ဖရီးမေဆွန်ရီ၏ဇစ်မြစ်သည် တင်ပလာစစ်သူရဲကောင်းများဂိုဏ်းကြီးအထိ ရေးကျ၍၊ မေဆွန်တို့သည် ၎င်းဂိုဏ်းကြီး၏အတွေးအခေါ်ကို ဆက်ခံခဲ့ကြသည်ဟု အပြတ်ပြောနိုင်ပေသည်။ မေဆွန်တို့ကလည်း ဤအဆိုကို လက်ခံကြသည်။ သို့သော်လည်း၊ သူတို့၏ အတွေးအခေါ်ပိုင်းဆိုင်ရာသဘောသဘာဝသည် ကျွန်ုပ်တို့ဆန်းစစ်ရမည့် အရေးကြီးသောကိစ္စဖြစ်သည်မှာ ဧကန်မုချယုံမှားဖွယ်ရာမရှိသောအချက် ဖြစ်ပေသည်။ အဘယ့်ကြောင့် တင်ပလာ


စစ်သူရဲကောင်းတို့ ခရစ်ယာန်သာသနာကို စွန့်လွှတ်၍ မိစ္ဆာဒိဋ္ဌိဖြစ်သွားကြသနည်း။ ဘယ်အရာက သူတို့ကို ထိုသို့ပြောင်းလဲသွားစေခဲ့သနည်း။ အဘယ့်ကြောင့် သူတို့ဂျေရုဆာလင်မြို့တော်ကြီးတွင် ထိုသို့ပြောင်းလဲသွားခဲ့ကြသနည်း။ တင်ပလာစစ်သူရဲကောင်းတို့ ခံယူခဲ့သောအတွေးအခေါ်က မေဆွန်ရီအဖွဲ့မှတစ်ဆင့် ကမ္ဘာ့(အရေးနှင့်လူနေမှုစနစ်)တွင်မည်သို့သြဇာသက်ရောက်ထိခိုက်လာပါသနည်း။

## တင်ပလာစစ်သူရဲကောင်းတို့နှင့် ကဘ္ဘာလာဟ်

## THE TEMPLARS AND THE KABALLAH

မေဆွန်အဖွဲ့ဝင်နှစ်ဦးဖြစ်သော ခရစ္စတိုဖါနိုက်နှင့် ရောဘတ်လိုမတ်စ်တို့ရေးသားသော *ဟီရာမ်သော့ချက်(The Hiram Key)* ဟူသောစာအုပ်တွင်၊ ဖရီးမေဆွန်ရီ၏ ဇစ်မြစ်အကြောင်းအချို့ကို ဖေါ်ထုတ်ထားသည်။ ဤစာရေးဆရာနှစ်ဦး၏အဆိုအရ မေဆွန်ရီအဖွဲ့သည် တင်ပလာစစ်သူရဲကောင်းဂိုဏ်း ဆက်လက်တည်ရှိခြင်းဖြစ်သည်။ ထို့အပြင်၊ တင်ပလာစစ်သူရဲကောင်းတို့၏ မူလဇစ်မြစ်ကိုလည်း လေ့လာဆန်းစစ်ထားပေသည်။

၎င်းတို့၏စာတမ်းများအရ၊ တင်ပလာစစ်သူရဲကောင်းတို့သည် ဂျေရုဆာလင်မြို့တော်တွင်နေထိုင်ခဲ့စဉ်အတွင်း ပြောင်းလဲမှုအမြောက်အမြားရှိခဲ့သည်။ ခရစ်ယာန်အယူဝါဒအစား အခြားအယူဝါဒများကို လက်ခံယုံကြည်ကျင့်သုံးခဲ့ကြသည်။ ဤကဲ့သို့ပြောင်းလဲသွားခဲ့ခြင်း၏ ဇစ်မြစ်မှာလည်း၊ ဂျေရုဆာလင်မြို့တော်ကြီးရှိ ဆောလမွန်ဘုရင်၏ကျောင်းတော်ကြီးတွင် တွေ့ရှိခဲ့ကြသော လျှို့ဝှက်ချက်များကြောင့် ဖြစ်သည်။ ထိုကျောင်းတော်ကို သူတို့က အသေးစိတ်လေ့လာခဲ့ကြသည်။ စာရေးသူတို့က၊ တင်ပလာစစ်သူရဲကောင်းတို့သည် ခရစ်ယာန်ဘုရားဖူးတို့ကို ကာကွယ်စောင့်ရှောက်ရန်ဟုဆိုကြသော်လည်း၊ သူတို့၏အခြားသောရည်ရွယ်ချက်များအတွက် ဟန်ဆောင်ခြင်းသာဖြစ်လေသည်။



ဟီရာမ်သော့–ဖါရိုးဘုရင်၊ ဖရီးမေဆွန်နှင့်သွင်ခရစ်တော်၏ လျှို့ဝှက်ပေစာတို့အကြောင်း။

––ဤတင်ပလာဂိုဏ်းကြီးကို တည်ထောင်ခဲ့သည့် တင်ပလာစစ်သူရဲကောင်းတို့က ခရစ်ယာန်ဘုရားဖူးတို့အား အကာအကွယ်ပေးသည်ဟူသောသက်သေအထောက်အထား တစ်ခုမျှမရှိပါ။ သို့သော်လည်း ဟဲရှဒ်ဘုရင်၏ကျောင်းတော်ကြီးတွင် အသေးစိတ်တူးဖေါ်ရှာဖွေခဲ့ကြကြောင်း ခိုင်လုံသည့်သက်သေခံများရှိပေသည်။––[၁၂]

*ဟီရာမ်သော့(The Hiram Key)* စာအုပ်ရေးသူတို့ကသာ ဤအထောက်အထားများကို တွေ့ရှိခဲ့ကြသည်မဟုတ်။ ပြင်သစ်လူမျိုးသမိုင်းပါရဂူဂီတန်ဒီလာဖေ့ါဂျ်ကလည်း အလားတူ သဘောထားကို တင်ပြထားသည်။

ထိုစစ်သူရဲကောင်း ကိုးယောက်ဆောင်ရွက်လိုသည့်လုပ်ငန်းမှာ ထိုဒေသကို အသေးစိတ်လေ့လာရှာဖွေ၍ ဂျူးဘာသာနှင့် ရှေးဟောင်းအီဂျစ်မှ ထုံးတမ်းစဉ်လာလျှို့ဝှက်ချက်ဆိုင်ရာစာပေမှတ်တမ်းများကို ရယူလိုခြင်း ဖြစ်သည်။[၁၃]

၁၉–ရာစုနှစ်အဆုံးပိုင်းတွင်၊ ရော်ယလ်အင်ဂျင်နီယာတက္ကသိုလ်မှ ချားလ်စ် ဝီလ်ဆန်က၊ ဂျေရုဆာလင်မြို့တော်တွင်သုတေသနပြုခဲ့သည်။ တင်ပလာစစ်သူရဲကောင်းတို့သည် ဂျေရုဆာလင်မြို့ရှိ ဘုရားကျောင်းပျက်နေရာများသို့ လေ့လာရှာဖွေရန်သွားကြသည်ဟု နောက်ဆုံး


# တင်ပလာ/ မေဆွန်ကျောင်းတော်ကြီး ရော့စ်လင်းဝတ်ပြုဆုတောင်းရာဌာန


## A TEMPLAR-MASON TEMPLE: ROSSLYN CHAPEL

စကော့တလန်နယ် အီဒင်ဘာဂ်အနီးရှိ "ရော့စ်လင်းဝတ်ပြုဆုတောင်းရာဌာန"ဟုမည်တွင်သည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသည် တင်ပလာစစ်သူရဲကောင်းဂိုဏ်း၏ မိစ္ဆာဒိဋ္ဌိအယူဝါဒသင်္ကေတတဖြစ်သည်ဟု အသိအမှတ်ပြုကြသည်။ ဤဗိမာန်ကြီးကိုဆောက်လုပ်ခဲ့ချိန်တလျှောက်လုံးတွင်၊ တင်ပလာစစ်သူရဲကောင်းဂိုဏ်းကြီးကို ဆက်ခံခဲ့သူ မေဆွန်များနှင့် ရိုစီခရူးရှန်းတို့ကို ငှါး၍ မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ဆိုင်ရာသင်္ကေတများဖြင့် တန်ဆာဆင် ချယ်သသည်။

တူရကီနိုင်ငံမေဆွန်အဖွဲ့ခွဲ၏ *မီမာရ်ဆီနန်*မဂ္ဂဇင်းတွင်၊ မေဆွန်ရီအဖွဲ့၏မူလဇစ်မြစ်နှင့် ထိုဆုတောင်းရာဗိမာန်ကြီးရှိ မိစ္ဆာဒိဋ္ဌိသင်္ကေတများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားဖေါ်ပြထားပေသည်။

> တင်ပလာစစ်သူရဲခေါင်းဂိုဏ်းနှင့် စကော့တလန်မှမေဆွန်ရီအဖွဲ့သားတို့၏ စည်းလုံးမှုနှင့်ပတ်သက်သော ယုံကြည်နိုင်စရာအကောင်းဆုံးသာဓကတစ်ခုမှာ၊ အီဒင်ဘာဂ်၏တောင်ဘက် (၁၀)ကီလိုမီတာအကွာအဝေးရှိ ရော့စလင်းရွာမှရဲတိုက်နှင့်ဆုတောင်းပူဇော်ပသရာဗိမာန်သည် ရှေးဟောင်းတင်ပလာစစ်သူရဲကောင်းတို့နေထိုင်ခဲ့သည့် ဘာလန်တြိုဒေါက်မှ (၁၅)ကီလိုမီတာသာ ဝေးကွာခြင်းဖြစ်သည်။ တင်ပလာစစ်သူရဲကောင်းတို့သည် စိန့်ကလဲမှဘေရွန်စော်ဘွားကြီးတို့၏အကာအကွယ်အောက် ဤရဲတိုက်တွင် ၁၃၁၂–ခုနှစ်ထိ နေထိုင်ခဲ့ကြသည်။
>
> ––ဤဆုတောင်းပသရာဗိမာန်ကို ၁၄၄၆–၄၈ ခုနှစ်အတွင်း စကော့တလန်နှင့် ဥရောပတိုက်တခွင်လုံးတွင် ကျော်ကြားထင်ရှားဆုံးဖြစ်သော ဆာဝီလျံ စိန့်ကလဲက ဆောက်လုပ်ခဲ့သည်။ မေဆွန်နှင့် ရိုစီခရူးရှန်တို့က ဆောက်လုပ်ခဲ့ကြသည်။ ပိသုကာလက်ရာများ၏အဓိကပုဂ္ဂိုလ်မှာ တင်ပလာစစ်သူရဲကောင်းဂရိုင်းမာစတာဘွဲ့ရ ဆာဝီလျံ စိန့်ကလဲဖြစ်၍၊ ဥရောပတခွင် လှည့်လည်နေသော မေဆွန်ပိသုကာများနှင့် ပန်းရံဆရာတို့ကို စုဆောင်းခေါ်ယူ၍ ဆောက်လုပ်ခဲ့သည်။ ရော့စလင်းရွာအနီးတွင် အိမ်ယာများဆောက်လုပ်ပြီး အဖွဲ့ခွဲတစ်ခု ဖွင့်ထားခဲ့သည်။–––





လက်ရှိရော့စ်လင်းဗိမာန်နှင့်
အတွင်းရှိမိစ္ဆာဒိဋ္ဌိသင်္ကေတများမှ ဥပမာတစ်ခု

ပန်းက်ပုံစံနှင့် ဆင်ယင်မွန်းမံပုံတို့သည် အလွန်ထူးခြားပေသည်။ စကော့တလန်နှင့် ဥရောပတခွင်လုံးတွင် ၎င်းဗိမာန်နှင့်တူသည့် အခြားအဆောက်အအုံတစ်ခုတစ်လေမျှ မရှိချေ။ ဟဲရုဒ်မင်းကြီး၏ ပူဇော်ပသသည့်ဗိမာန်ကို ပုံတူကူးချထားခြင်းဖြစ်၍၊ ဗိမာန်တစ်ခုလုံးကို မေဆွန်သင်္ကေတများဖြင့် ပြည့်နက်နေအောင် ဆင်ယင်မွန်းမံထားပေသည်။ ထိုသင်္ကေတများတွင် ဟီရမ်၏ဦးခေါင်းနှင့် သူ့ကိုသတ်ခဲ့သူ၏ပုံ တို့ကိုဖေါ်ပြထားသော နံရံကပ်ဖေါင်းကြွပုံများ၊ ဂိုဏ်းသွင်းအခန်းအနားပုံများ၊ မုခ်ခုံးပေါင်းကူးကျောက်နှင့်စက်ဝိုင်းတိုင်းကွန်ပါပုံများ စသည်တို့ပါဝင်သည်။ ဤဗိမာန်ကြီးသည် အီဂျစ်လူမျိုးများ၊ ဟေဗရူးလူမျိုး၊ ဂိုးတစ်လူမျိုး၊ နော်မန်လူမျိုး၊ ဆဲလ်တစ်လူမျိုး၊ စကင်ဒီနေဗီယန် လူမျိုးများ၊ တင်ပလာစစ်သူရဲကောင်းနှင့် မေဆွန်တို့၏ ပိသုကာပညာလက်ရာ ပေါင်းစုံပါဝင်သည့်ပြင်၊ အင်မတန်ထူးခြားလှပကောင်းမွန်သော ကျောက်ပန်းရံလက်ရာများပါဝင်လျက်ရှိသည်။ စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ တံတိုင်းနှင့်နံရံထိပ်ဆုံးပိုင်းများတွင် အခြားအပင်များအပြင် ရှားစောင်းပင်နှင့် ပြောင်းဖူးပုံများဖြင့် ချယ်လှယ်မွန်းမံထားခြင်း ဖြစ်သည်။---

၎င်းဗိမာန်အတွင်း၌ "မိစ္ဆာဒိဋ္ဌိမွန်းမံမှုများပြည့်နက်လွန်းသဖြင့်၊ ၁၅၈၉–ခုနှစ်တွင် ရော့စ်လင်းစော်ဘွားကြီး(Baron of Rosslyn)၏ နှစ်ခြင်းမင်္ဂလာဆောင်ရွက်ပေးမည့် ခရစ်ယာန်ဘုန်းတော်ကြီးက၊ ယင်းခရစ်ယာန်ဓမ္မမင်္ဂလာအခန်းအနားပြုမည့်နေရာမတွေ့ကြောင်း အရေးဆိုခဲ့ဘူးလေသည်။ ရော့စ်လင်းမှစိန့်ကလဲစော်ဘွားကြီးဘဲရွန်အိုလီဗာစိန့်ကလဲအား ဝိုင်းဝန်းဖိအားပေးကြခြင်းကြောင့်၊ ၁၅၉၂–ခုနှစ် ဩဂုတ်လ ၃၁–ရက်နေ့တွင်၊ မိစ္ဆာဒိဋ္ဌိပုံစံတရားဟောစင်မြင့်ကို ဖျက်ပစ်လိုက်ရသည်။" (Tamer Ayan, "The Oldest Known Masonic Institution-the Scottish Royal Order," *Mimar Sinan*, 1998, No.110, pp.18-19)

ယူဆလိုက်သည်။ ကျောင်းတော်၏အုတ်မြစ်နေရာများတွင် တူးဆွသည့်အရာများကို တွေ့ခဲ့သည်။ ထိုတူးဆွသည့်အရာများသည်လည်း၊ တင်ပလာတို့တွင်ပါလာခဲ့သော လက်နက်ကိရိယာများဖြင့် တူးဆွခြင်းဖြစ်သည်ဟု မှတ်ချက်ချလေသည်။ ဤပစ္စည်းများသည် တင်ပလာစစ်သူရဲကောင်းများနှင့်ပတ်သက်သည့် မော်ကွန်းဝင်ပစ္စည်းမြောက်မြားစွာစုဆောင်းထားသူ ရောဘတ် ဘရိုင်ဒွန်ထံ၌ ရှိနေသေးသည်။[၁၄]

*ဟီရာမ်သော့* စာအုပ်ကိုရေးသားသူတို့က တင်ပလာစစ်သူရဲကောင်းတို့၏ ရှာဖွေတူးဖော်ရေးလုပ်ငန်းသည် အကျိုးမဲ့မဖြစ်ခဲ့ဟု ဆိုကြသည်။ ထိုစစ်သူရဲကောင်းဂိုဏ်းသည် သူတို့၏ ကမ္ဘာကိုမြင်သော ရှုထောင့်ပြောင်းလဲသွားနိုင်လောက်သည့် ရှေးဟောင်းသူတော်စင်တို့၏ အမွေအနှစ်တစ်မျိုးမျိုးကို ဂျေရုဆာလင်မြို့တော်တွင် တွေ့ရှိခဲ့သည်ဟု ဆိုသည်။ အခြားသုတေသီအမြောက်အမြားတို့သည်လည်း ထိုနည်းတူပင် ယူဆကြသည်။ တင်ပလာစစ်သူရဲကောင်းတို့သည် ခရစ်ယာန်နိုင်ငံများမှလာခဲ့ပြီး သူတို့ကိုယ်တိုင် ခရစ်ယာန်များဖြစ်ကြသော်ငြားလည်း၊ ခရစ်ယာန်ထုံးတမ်းစဉ်လာနှင့်မတူ ဖီလာဆန့်ကျင်သည့် မိစ္ဆာဒိဋ္ဌိနည်းများဖြင့် ဆုတောင်းပူဇော်ပသခြင်း၊ ပဋ္ဌလက်မှော်အတတ်များကို ကျင့်သုံးခြင်းအဖြစ်သို့ ပြောင်းသွားစေနိုင်လောက်သော အရာတစ်မျိုးမျိုး ရှိရမည်။

သုတေသီအများ၏ တူညီသောယူဆချက်မှာ ထို "တစ်မျိုးမျိုး" သည် **ကဗ္ဗာလာဟ်** ဖြစ်ပေသည်။

စွယ်စုံကျမ်းများတွင်မူ၊ ကဗ္ဗာလာဟ်ကို သက်ဆိုင်ရာပညာရှင်များမှသာ နားလည်နိုင်သော ဂျူးဘာသာမှဆင့်ပွားလာသည့်အယူဝါဒတစ်ခု၏ နက်နဲသောပညာရပ်ဟု အဓိပ္ပါယ်ဖေါ်ထားသည်။ ဤဖွင့်ဆိုချက်အရပြောရမည်ဆိုပါက၊ ကဗ္ဗာလာဟ်သည် တောင်ရာသ်ကျမ်းနှင့် ဂျူးဘာသာစာပေများမှ လျှို့ဝှက်ဆန်းကျယ်သည့်အချက်များကို အဓိပ္ပါယ်ဖေါ်ထားခြင်းဟု ဆိုလိုသည်။ ဤကိစ္စကို ပိုမို၍နက်နဲစွာထပ်မံဆန်းစစ်ပါက ယင်းအဓိပ္ပါယ်ဖေါ်ချက်များနှင့် တစ်ခြားစီဖြစ်နေပေသည်။ ဤလေ့လာသုံးသပ်ချက်များမှတစ်ဆင့် **တောင်ရာသ်ကျမ်းတော်မြတ်မတိုင်မီကတည်းက ရှိနေခဲ့ပြီးဖြစ်သော ရုပ်ဆင်းတုကိုးကွယ်သောမိစ္ဆာဒိဋ္ဌိအယူဝါဒသင်ကြားချက်များသည် ဂျူးလူမျိုးများအကြားတွင် ကျယ်ပြန့်သွားပြီး သူတို့ထံသို့တောင်ရာသ်ကျမ်းတော်မြတ် ကျရောက်သည့်နောက်ပိုင်းတွင် ကဗ္ဗာလာဟ်တွင် ထိုမိစ္ဆာဒိဋ္ဌိအယူဝါဒသင်ကြားချက်များကိုလည်း ထည့်သွင်းလိုက်ကြသည်** ဟုနိဂုံးချုပ်ရပေမည်။

ဤစိတ်ဝင်စားဖွယ်ကောင်းသောကဗ္ဗာလာဟ်အကြောင်းသည်၊ ၎င်း၏ဇစ်မြစ်ကိုလည်း စိတ်ဝင်စားဖွယ်ကောင်းစေသည်။ *မေဆွန်ရီဘာလဲ၊ ဘာနဲ့တူသလဲ* (*Masonluk Nedir ve Nasildir*) ဟူသောစာအုပ်တွင် စာရေးသူတူရကီဖရီးမေဆွန် မူရာတ် အိုဇ်ဂင် ကသူ၏စာအုပ်တွင်အောက်ပါအတိုင်း ရေးထားသည်။

> ကဗ္ဗာလာဟ်မည်သည့်နေရာမှစတင်၍လာခဲ့သည်၊ မည်သို့ကြီးထွားကျယ်ပြန့်လာခဲ့သည် ဟူသောအချက်ကို ကျွန်ုပ်တို့မသိပါ။ ၎င်းသည် ထူးခြားဆန်းကျယ်သော အယူသီးခြင်းများပါဝင်သည့် ဂျူးဘာသာနှင့်ဆက်စပ်နေသော မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ကို ပေးထားသောယေဘုယျအမည်ဖြစ်သည်။ ဂျူးလူမျိုးတို့နှင့်သက်ဆိုင်သော လျှို့ဝှက်နက်နဲသော စိတ်တန်ခိုးပညာဟု အများကလက်ခံထားကြသည်။ သို့သော်လည်း ၎င်းတွင်ပါဝင်သောအချက်အလက်အချို့သည် တိုရာဟ်(တောင်ရာသ်)ကျမ်းထက်အလျင်များစွာရှေးကျနေသည်ကို တွေ့ရှိရပေသည်။[၁၅]

ပြင်သစ်သမိုင်းပါရဂူ ဂေါ့ဂျ်နော် ဒေ မော်ဆီယူက ကဗ္ဗာလာဟ်တွင်ပါဝင်သည့်အချို့သောအချက်အလက်များသည် ဂျူးဘာသာထက် အမှန်တကယ်များစွာရှေးကျကြောင်း ရှင်းပြထားပေသည်။[၁၆]

ဂျူးလူမျိုးသမိုင်းပါရဂူ သီအိုဒို ရိမ်းနက်က ကဗ္ဗာလာဟ်သည် "ဂျူးဘာသာ၏သွေးကြောထဲသို့စိမ့်ဝင်လာပြီး နောက်ဆုံးတစ်ခုလုံးပြည့်သွားအောင်ကူးစက်သွားသည့်ညှင်သာသော အဆိပ်ဖြစ်သည်။[၁၇] ဟုဆိုသည်။ ဆောလမွန်ရိမ်းနက်က ကဗ္ဗာလာဟ်သည် "လူသားတို့၏စိတ်ကို အဆိုးဆုံးမှုန်ဝါးစေသောအရာဖြစ်သည်။"[၁၈] ဟု သတ်မှတ်ထား၏။



**Traces remain in the Kabbalah, external to Judaism. These stem from the pagan beliefs of Ancient Egypt and Mesopotamia**
ဂျူးဘာသာ၏ပြင်ပမှ ကျန်ရှိနေသေးသော ကဘ္ဘာလာသဲလွန်စ။ ၎င်းသည် ရှေးဟောင်းအီဂျစ်နိုင်ငံနှင့် မယ်ဆိုပိုတေးမီယားတို့မှမိစ္ဆာဒိဋ္ဌိအယူဝါဒများမှ အစပြုခဲ့သည်။

ရိမ်းနက်က ကဘ္ဘာလာဟ်သည် "လူသားတို့၏စိတ်ကို အဆိုးဆုံးမှုန်ဝါးစေသောအရာ" ဟုဆိုခြင်းမှာ၊ ၎င်း၏သင်ကြားချက်အချို့အပိုင်းကို လူအချို့က ပဥ္စလက်မျက်လှည့်မှော်အတတ်နှင့်ဆက်နွယ်၍အသုံးချနေသောကြောင့်ဖြစ်သည်။ နှစ်ပေါင်းထောင်ပေါင်းများစွာ ကဘ္ဘာလာဟ်သည် ပဥ္စလက်မျက်လှည့်မှော်အတတ်ပူဇော်ပသနည်းများအားလုံး၏အခြေခံအုတ် မြစ်ဖြစ်လာခဲ့သောကြောင့်တည်း။ ကဘ္ဘာလာဟ်ကို လေ့လာဆည်းပူးသည့် ဂျူးဘာသာရေး ဆရာရဗ္ဗိအချို့တို့သည် မှော်အတတ်တွင်ကျွမ်းကျင်ကြသည်ဟုဆိုကြသည်။ ဂျူးလူမျိုးဂျူး ဘာသာဝင်မဟုတ်

သူအများအပြားကိုလည်း၊ ကဘ္ဘာလာဟ်အတတ်ပညာကသြဇာညောင်း၍၊ ၎င်း၏သင်ကြားချက်များကို ပဥ္စလက်မျက်လှည့်ပညာများတွင်အသုံးပြုကြသည်။ သက်ဆိုင်ရာပညာရှင်များသာ နားလည်နိုင်သောနက်နဲသောပညာရပ်ဆန်သည့် လေ့ကျင့်မှုများက အလယ်ပိုင်းခေတ်တွင် ဥရောပတိုက်တစ်ခွင်လုံးတွင် ခေတ်စားခဲ့ကြသည်။ ၎င်းပညာရပ်များတွင် အလ်ခေမီခေါ် ဖိုထိုးခြင်းလည်းပါဝင်၍ ကဘ္ဘာလာတွင် အလွန်အမင်းခိုင်မာစွာအခြေခံသည်။

ဆန်းပြားသည့်အချက်တစ်ချက်မှာ၊ ဂျူးဘာသာသည် မောရှယ်(တမန်တော်မူစာ–အလိုင်ဟေ့ဆလာမ်)ထံတော်သို့ကျရောက်ခဲ့သော တိုရာ(တောင်ရာသ်)ကျမ်းတော်မြတ်ဖြင့် စတင်ခဲ့သည့် တစ်ပါးတည်းသောဖန်ဆင်းရှင်ကို ယုံကြည်သည့်ဘာသာဖြစ်နေသည်။ သို့သော်လည်း၊ ဤသာသနာတွင် ဘာသာတရားကသွန်သင်ထားသောကိုယ်ကျင့်တရားနှင့် ဆန့်ကျင်သည့် ပဥ္စလက်မှော်အတတ်ပညာကို ကျင့်သုံးသောအခြေခံကျင့်စဉ်များက ဝင်ရောက်နေသည်။ ဤအချက်သည်ပင် အထက်ကကျွန်ုပ်တို့ဆိုခဲ့သည့်အတိုင်း ကဘ္ဘာလာဟ်တွင် ဖေါ်ပြထားသောအချက်အချို့သည် ဂျူးဘာသာသို့ ပြင်ပမှဝင်ရောက်လာခဲ့ခြင်းသာဖြစ်ကြောင်း ဖေါ်ပြနေပေသည်။

သို့သော်လည်း၊ ဤအခြေခံအင်အားစု၏ ဇစ်မြစ်က ဘာများဖြစ်ပါသနည်း။

ဂျူးလူမျိုးသမိုင်းပါရဂူ ဖေဘာ ဒီအိုလီဗတ်က ထိုဇစ်မြစ်သည် ရှေးဟောင်းအီဂျစ်နိုင်ငံမှ လာသည်ဟုဆိုသည်။ ဤစာရေးဆရာ၏အဆိုအရ၊ **ကဘ္ဘာလာဟ်တွင်ပါဝင်သောအချက်အချို့၏ ဇစ်မြစ်သည် ရှေးဟောင်းအီဂျစ်ခေတ်**အထိ ရှေးကျသည်။ ကဘ္ဘာလာဟ်၏သွန်သင်ချက်အချို့သည် အိစ္စရာအီလီလူမျိုးတို့၏ခေါင်းဆောင်အချို့က ရှေးဟောင်းအီဂျစ်နိုင်ငံမှ သင်ယူဆည်းပူးခဲ့၍ ပါးစပ်ပြောသွန်သင်နည်းဖြင့် လူ့သက်တန်းမျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းခဲ့ကြသည်။[၁၉]

ထို့ကြောင့်၊ ကဘ္ဘာလာဟ်/ တင်ပလာစစ်သူရဲကောင်းများ/ ဖရီးမေဆွန်ရီ ဆက်နွယ်မှု၏ အခြေခံဇစ်မြစ်ကို ရှာဖွေရန် ရှေးဟောင်းအီဂျစ်ခေတ်ကို လေ့လာကြရပါမည်။

## ရှေးဟောင်းအီဂျစ်နိုင်ငံမှ ပဥ္စလက်မှော်ဆရာများ

### THE MAGICIANS OF ANCIENT EGYPT

ရှေးဟောင်းအီဂျစ်နိုင်ငံဖါရိုးဘုရင်၏ခေတ်ယဉ်ကျေးမှုသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ယဉ်ကျေးမှုခေတ်များတွင်ပါဝင်ပေသည်။ ၎င်းခေတ်သည် ဖိနှိပ်ချုပ်ချယ်မှုကြီးကျယ်ဆုံးသောခေတ်တစ်ခေတ်လည်းဖြစ်သည်။ ယနေ့အထိကျန်ရှိနေသောကြီးကျယ်ခန်းနားသည့်အီဂျစ်ရှေးဟောင်းပစ္စည်းများဖြစ်သည့်ပီရမစ်များ၊ မနုသီဟများနှင့် အိုဘီလစ်ကျောက်တိုင်ကြီးများကို ထောင်သောင်းပေါင်းများစွာသောကျေးကျွန်အပေါင်းတို့က အစာငတ်မွတ်ခြင်းနှင့် ကြာပွတ်ဒဏ်အောက်တွင် အသက်သေဆုံးသည်အထိ ဆောက်လုပ်ပေးခဲ့ကြရသည်။ အီဂျစ်နိုင်ငံ၏ သက်ဦးဆံပိုင် ဖါရိုးဘုရင်များသည် မိမိတို့ကို ပြည်သူလူထုကနတ်ဘုရားများအဖြစ် ရှိခိုးပူဇော်ကြသည်ကို ခံယူလိုကြသည်။ (အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ထက် မြင့်မြတ်တော်မူ၏။)

ရှေးဟောင်းအီဂျစ်နိုင်ငံအကြောင်းကို သူတို့ချန်ထားခဲ့သောကျောက်စာများမှ ကျွန်ုပ်တို့သိရပေသည်။ ဤကျောက်စာများကို ၁၉–ရာစုနှစ်တွင် တွေ့ရှိခဲ့၍၊ ပင်ပန်းကြီးစွာကြိုးပန်းမှုဖြင့် ရှေးဟောင်းအီဂျစ်စာပေကို အဓိပ္ပါယ်ဖေါ်နိုင်ခဲ့ကြရာ၊ ရှေးဟောင်းအီဂျစ်နိုင်ငံအကြောင်းကို သိလာကြပေသည်။ သို့သော်လည်း ထိုကျောက်စာများမှာ အုပ်ချုပ်ရေးအရာရှိများက ရေးသားခဲ့ခြင်းဖြစ်သဖြင့်၊ ဘက်လိုက်မှုဖြင့် ပြည့်နက်နေကာ အစိုးရကို ချီးကြူးထားသည့် ပုံစံများဖြင့်သာ ပြည့်လျက်ရှိပေသည်။

ကျွန်ုပ်တို့အတွက်မှာမူ၊ အသိပညာများအတွက် အကောင်းဆုံးကိုးကားရမည့်အရာမှာ ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်မှ နဗီတမန်တော်မူစာ(အလိုင်ဟေ့ဆလာမ်)အကြောင်းတွင်၊ ကျွန်ုပ်တို့ကို အီဂျစ်လူမျိုးတို့၏ စနစ်နှင့်ပတ်သက်သည့် အရေးကြီးသည့်အချက်များကို ပေးထားပေသည်။ ကုရ်အာန်အာယသ်(အပိုဒ်)တော်များက ဖါရိုး၏အတွင်းကောင်စီ(အကြီးအမှူးအုပ်စု)တွင် အရေးကြီးသည့်အပိုင်းနှစ်ပိုင်းရှိကြောင်းဖော်ပြထားသည်။ ထိုကောင်စီနှစ်ခုက ဖါရိုးဘုရင်ပေါ်သို့ အရေးပါသည့်သြဇာသက်ရောက်မှုရှိပုံပေါ်သည်။ ဖါရိုးက သူတို့ကို မကြာမကြာတိုင်ပင်၍ သူတို့၏အကြံဉာဏ်အတိုင်း လိုက်နာဆောင်ရွက်သည်။ အောက်ဖော်ပြပါကုရ်အာန်အာယသ်တော်များက ယင်းကောင်စီအဖွဲ့က ဖါရိုးဘုရင်ပေါ်တွင် သြဇာသက်ရောက်ပုံကို ဖော်ပြထားသည်။ (အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်၏။)

၎င်းပြင် (နဗီတမန်တော်)မူစာက "အို–ဖစ်ရ်အောင်န်" ငါသည် ဧကန်စင်စစ် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ စေလွှတ်ခြင်းခံရသော ရစူလ်တမန်တော်တစ်ပါးပင်ဖြစ်ချေသည်ဟု ပြောကြားခဲ့လေ၏။

အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ (တစုံတရာကို ကြံဖန်လီဆယ် ပြောဆိုခြင်းမပြုပဲ)အမှန်ကိုသာပြောဆိုရန် ငါ၏အပေါ်၌ တာဝန်ရှိပေသည်။ ငါသည် ဧကန်စင်စစ် အသင်တို့ထံ အသင်တို့၏အရှင်မြတ် အထံတော်မှ ထင်ရှားစွာသောသက်သေလက္ခဏာကို ယူဆောင်ခဲ့လေပြီ။ သို့ဖြစ်ပေရာ (အို–ဖစ်ရ်အောင်န်) အသင်သည် အစ္စရာအီလီအမျိုးသားတို့အား ငါနှင့်အတူ ထည့်လိုက်ပါ။

ထိုအခါ ယင်း(ဖစ်ရ်အောင်န်)ကပြန်ပြောသည်မှာ (အို–မူစာ)အသင်သည် သက်သေလက္ခဏာတစုံတရာကို ယူဆောင်ခဲ့၍ မှန်ကန်စွာပြောဆိုသူတဦးဖြစ်ခဲ့ပါလျှင် ထိုသက်သေလက္ခဏာကို (ငါ၏ရှေ့ဝယ်)တင်ပြလော့ ဟု ပြန်ပြောလေ၏။

ထိုအခါ ထိုနဗီတမန်တော်(မူစာ)သည် မိမိတော်ဝေးကို (မြေကြီးပေါ်သို့) ပစ်ချလေရာ ရုတ်တရက် ထိုတော်ဝေးသည် ထင်ရှားသောမြွေ(နဂါး)တကောင် ဖြစ်နေလေ၏။

၎င်းပြင် ထိုနဗီတမန်တော်(မူစာ)သည် မိမိလက်ကို (မိမိရင်တွင်း၊ ချိုင်းကြားမှ) အပြင်သို့ဆွဲ၍ ထုတ်ခဲ့ရာ ရုတ်တရက် ထိုလက်မှာ ကြည့်ရှုသူတို့ရှေ့တွင် *ထွန်းတောက်လျက်* ရှိနေလေသည်။

ဖစ်ရ်အောင်န်၏အမျိုးသားများအနက်မှ အကြီးအမှူးတို့သည် (ဤသည့်တန်ခိုးပြာဋိဟာများကိုတွေ့မြင်ကြသောအခါ) မုချဧကန် ဤသူသည် တဘက်ကမ်းခတ် တတ်မြောက်သော ပဥ္စလက်ဆရာတဦးပင်ဖြစ်သည်ဟု ပြောဆိုကြကုန်သည်။

၎င်းသည် (မိမိ ပဥ္စလက်ပညာ၏အစွမ်းဖြင့်) အသင်တို့အား အသင်တို့၏နယ်မြေ(ဝါ)တိုင်းပြည်မှ ထုတ်ပစ်ရန် ကြံရွယ်လျက်ရှိနေလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (ဤကိစ္စနှင့်စပ်လျဉ်း၍) မည်သို့အကြံပေးလိုကြသနည်း။

ထိုအခါ ယင်း(ဖစ်ရ်အောင်န်၏မှူးမတ်)တို့က (ဖစ်ရ်အောင်န်အား ဤသို့)လျှောက်ထားအကြံဉာဏ် ပေးကြလေသည်။ ၎င်းနဗီတမန်တော်(မူစာ)နှင့် ၎င်း၏နောင်တော် နဗီတမန်တော်ဟာရွန်အား ဆိုင်းခွင့်ပေးပါ။ ဆိုင်းငံ့ထားပါ။ ထို့ပြင် အမြို့မြို့အရွာရွာသို့ မင်းစေများကို စေလွှတ်ပါ။

ထိုမင်းစေများသည် ဘုရင်မင်းမြတ်၏ထံသို့(တဘက်ကမ်းခတ်)ကျွမ်းကျင်တတ်မြောက်သော ပဥ္စလက်ဆရာအပေါင်းတို့ကို (ရှာဖွေ)ခေါ်ဆောင်လာကြပေမည်။
(ကုရ်အာန် စူရာအလ်အအ်ရာဖ် ၇း၁၀၄–၁၁၂)



**An Ancient Egyptian hieroglyphic script**

ရှေးဟောင်း အီဂျစ်လူမျိုးတို့၏ အရုပ်စာ ကျောက်စာ

ဤအာယသ်တော်များတွင် အမျိုးသားအကြီးအမှူး(တစ်နည်း–ကောင်စီ)က ဖါရိုးဘုရင်အား အကြံပေးကြကြောင်း ဖေါ်ပြထားသည်ကို သတိမူသင့်သည်။ ထိုကောင်စီက နဗီမူစာ(အလိုင်––)ကို ဆန့်ကျင်နိုင်မည့် နည်းများဖြင့် အကြံဉာဏ်ပေးကြသည်။ ကျွန်ုပ်တို့က ရှေးဟောင်းအီဂျစ်သမိုင်းကို ပြန်လည်ကြည့်သောအခါ၊ ဤအကြီးအကဲကောင်စီတွင် အပိုင်းနှစ်ပိုင်းပါဝင်၍၊ ၎င်းတို့မှာ အီဂျစ်စစ်တပ်နှင့် ထိုအချိန်ကဘုန်းတော်ကြီးများဖြစ်ကြသည်။

ဖါရိုးဘုရင်၏ ထိုအချိန်ကအုပ်ချုပ်ရေးအစိုးရအာဏာတည်ဆောက်မှုအုပ်စုနှစ်ခုတွင် ဘုန်းတော်ကြီးများ ပါဝင်ဆောင်ရွက်သည့် လုပ်မှုရေးအပိုင်းက အလွန်အရေးပါနေပေသည်။ ထိုဘုန်ကြီးများ၏ပါဝင်မှုအပိုင်းကို ပိုမိုနက်နဲစွာ ကြည့်ရပါမည်။ ရှေးဟောင်းအီဂျစ်နိုင်ငံမှ ဘုန်းတော်ကြီးလူတန်းစားသည် ပဉ္စလက်မှော်ဆရာများ ဖြစ်ကြသည်။ သူတို့က ဖါရိုး၏အုပ်ချုပ်ရေးအစိုးရကို ထောက်ခံသောဂိုဏ်းဖြစ်သည်။ သူတို့သည် ထူးခြားသောစွမ်းအားနှင့် လျှို့ဝှက်သည့် ပညာများကို တတ်ကျွမ်းကြသည်ဟု ယုံကြည်ရပေသည်။ ဤသို့သော အင်အားများဖြင့် အီဂျစ်လူမျိုးတို့အပေါ် သြဇာလွှမ်းမိုးထားကြပြီး၊ ဖါရိုးဘုရင်များ၏ အုပ်ချုပ်ရေးယန္တရားတွင် ရာထူးရာခံကောင်းများ ရရှိကြလေသည်။ ဤလူတန်းစားကို အီဂျစ်သမိုင်းမှတ်တမ်းများတွင် "အေမွန်ဘုန်းကြီးများ" ဟု ခေါ်ထားသည်။ သူတို့သည် ပဉ္စလက်မျက်လှည့်မှော်အတတ်များနှင့် မိစ္ဆာဒိဋ္ဌိအယူပူဇော်ပသနည်းများ၊ နက္ခတ္တဗေဒ၊ သင်္ချာဘာသာရပ်နှင့် ဂဲသြမေတြီ စသည့်သိပ္ပံဘာသာရပ်များကို အထူးပြုလေ့လာဆည်းပူးကြသည်။

ဤဘုန်းတော်ကြီးလူတန်းစားသည် အများနှင့်ရောနှောခြင်းမပြုပဲလျှို့ဝှက်သိုသိပ်သည့်ဂိုဏ်းတစ်မျိုးဖြစ်ပြီး သူများနှင့်မတူသည့်ထူးခြားသောပညာတတ်ကြသည်ဟုဆိုကြသည်။ ဤသို့သောဂိုဏ်းများကို သက်ဆိုင်ရာပညာရှင်များမှသာ နားလည်နိုင်သော နက်နဲသောပညာရပ်ပိုင်ရှင်အဖွဲ့ဟုလည်း ခေါ်တွင်ကြသည်။ တူရကီမေဆွန်ရီအဖွဲ့သားများကိုသာ ဖြန့်ဝေသော *မေဆွန်ဒါဂျီစီ*ခေါ်မေဆွန်ဂျာနယ်တွင်၊ ဖရီးမေဆွန်ရီ၏မူလဇစ်မြစ်သည် ဤသို့သောဂိုဏ်းများမှ

စတင်လာခဲ့ကြောင်းနှင့် အထူးသဖြင့် ရှေးဟောင်းအီဂျစ်ဘုန်းတော်ကြီးများအကြောင်း အထူးပြု ရေးသားဖေါ်ပြထားသည်။



ရှေးဟောင်းအီဂျစ်နိုင်ငံမှ ဖါရိုးဘုရင်တို့၏အစိုးရများကို အရေးပါဆုံးထောက်ခံသူများသည် ဘုန်းတော်ကြီးလူတန်းစား(ပဉ္စလက်မှော်ဆရာများ)ဖြစ်ကြသည်။ သူတို့၏ အယူဝါဒသည် နောင်တွင် ကဗ္ဗာလာဟ်၏အခြေခံဇစ်မြစ်ဖြစ်လာပြီး မေဆွန်တို့ထံသို့ ဆက်လက်၍ အမွေဆက်ခံပေးလာခဲ့သည်။

လူသားတို့၏စဉ်းစားဆင်ခြင်နိုင်ခြင်းဉာဏ်ဖွံ့ဖြိုးလာသည်နှင့်အမျှ၊ သိပ္ပံပညာသည်လည်း တိုးတက်လာသည်။ ထိုမှတစ်ဆင့် နက်နဲသောပညာရပ်များ၏လျှို့ဝှက်ချက်များသည်လည်း များပြားလာပေသည်။ ဤကဲ့သို့တိုးတက်ဖွံ့ဖြိုးလာရာ၌၊ လျှို့ဝှက်နက်နဲသောဤပညာရပ်များသည် ပထမဦးစွာ အရှေ့တိုင်း–တရုတ်ပြည်နှင့်တိဘက်တွင် စတင်ပေါ်ပေါက်၍ အိန္ဒိယ၊ မယ်ဆိုပိုတေးမီယားနှင့် အီဂျစ်ပြည်တို့သို့ကူးစက်သွားခဲ့ရာ၊ သူတော်စင်ဘုန်းတော်ကြီးများ၏ပညာရပ်များ၏အခြေခံ ဖြစ်ပေါ်လာခဲ့သည်။ နောင်နှစ်ပေါင်းထောင်ပေါင်းများစွာ ကျင့်သုံးကျင့်ကြံလာခဲ့ရာမှ အီဂျစ်ပြည်မှ သူတော်စင်ဘုန်းတော်ကြီးဂိုဏ်း၏ စွမ်းအားအခြေခံအုတ်မြစ်ဖြစ်လာခဲ့လေသည်။[၂၀]

ရှေးဟောင်းအီဂျစ်မှ ဘုန်းတော်ကြီးဂိုဏ်း၏လျှို့ဝှက်နက်နဲသောပညာရပ်အတွေးအခေါ်များသည် ယနေ့ဖရီးမေဆွန်တို့နှင့် မည်သို့ဆက်စပ်နိုင်ပါသနည်း။ ကုရ်အာန်ကျမ်းတော်မြတ်တွင်ဥပမာပုံစံအဖြစ် ဖေါ်ပြထားသောရှေးဟောင်းဘုရားမဲ့မိစ္ဆာဒိဋ္ဌိနိုင်ငံရေးစနစ်သည်၊ နှစ်ပေါင်းထောင်ပေါင်းများစွာကတည်းက ပျောက်ကွယ်သွားခဲ့လေပြီ။ ယနေ့ခေတ်တွင် ဩဇာသက်ရောက်နိုင်ပါဦးမည်လော။

ဤမေးခွန်းများ၏အဖြေများကို ရှာဖွေတွေ့ရှိနိုင်ရန်အတွက်၊ ရှေးဟောင်းအီဂျစ်ဘုန်းတော်ကြီးတို့၏ စကြာဝဠာနှင့် အသက်ဇီဝိန်အကြောင်း ယုံကြည်ချက်ရှုထောင့်အမြင်ကို ကြည့်ရပါမည်။

## ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ ရုပ်ဝါဒအီဗိုလူးရှင်းယုံကြည်ချက်
## THE ANCIENT EGYPTIAN BELIEF IN MATERIALIST EVOLUTION

*ဟီရာမ်သော့* အမည်ရှိစာအုပ်တွင် အင်္ဂလိပ်မေဆွန်စာရေးဆရာနှစ်ဦးဖြစ်သော ခရစ္စတိုဖါ နိုက် နှင့် ရောဘတ် လိုမတ်စ်တို့က မေဆွန်ရီ၏ မူလဇစ်မြစ်နှင့်ပတ်သက်၍ ရှေးဟောင်းအီဂျစ်သည် အလွန်အရေးကြီးသည်ဟု တင်ပြထားသည်။ ဤစာရေးဆရာနှစ်ဦး၏အဆိုအရ၊ ခေတ်သစ်မေဆွန်ရီတို့ကိုအမွေပေးဆက်ခံစေသည့် အရေးကြီးဆုံးအတွေးအခေါ်မှာ၊ စကြာဝဠာသည် သူ့အလိုလိုတည်ရှိနေပြီး တစ်စတစ်စဖွံ့ဖြိုးပြောင်းလဲနေသည်ဟူသော မှားယွင်းသည့် အတွေးအခေါ်ဖြစ်သည်။ သူတို့နှစ်ဦးက မှားယွင်းသည့် ရှေးဟောင်းအီဂျစ်လူမျိုးတို့၏အတွေးအခေါ်ကို အောက်ပါအတိုင်းရှင်းပြထားပေသည်။

> အီဂျစ်လူမျိုးတို့က ဒြပ်ဝတ္ထုသည် အစဉ်အမြဲတည်ရှိလာခဲ့သည်။ သူတို့အတွက် ဘုရားသခင်က ဗလာနတ္ထိ ဘာမှအလျင်းမရှိရာက တစ်စုံတစ်ခုရှိလာအောင်ဖန်ဆင်းလိုက်သည်ဆိုခြင်းမှာ အဓိပ္ပါယ်ကင်းမဲ့၏။ သူတို့၏အမြင်တွင်၊ ကမ္ဘာလောကသည် ဖရိုဖရဲဗြောင်းဆန်နေသည့်အခြေအနေမှ အစီအစဉ်တကျဖြစ်လာခြင်းအဖြစ်ဖြင့် ပေါ်ထွက်လာခဲ့သည်။ ထိုအချိန်မှစတင်၍ စည်းရုံးမှုအင်အားနှင့် ဖရိုဖရဲဗရမ်းဗတါအင်အားနှစ်မျိုးတို့ စစ်ခင်းခြင်းစတင်လာခဲ့သည်––ဤဖရိုဖရဲအခြေအနေကို နွန် (နန်) ဟုခေါ်၍၊ စူမာရ်လူမျိုးတို့––ဖေါ်ပြသကဲ့သို့––အရာခပ်သိမ်းအားလုံးသည် မှောင်မိုက်လျက်ရှိသည်။ နေမရှိရေမရှိသည့် အသူတရာနက်သောချောက်မှအင်အားစု၏အတွင်း၌ ဖန်ဆင်းနိုင်ခြင်းစွမ်းအင်ရှိနေရာက ထိုစွမ်းအင်ကပင် အစီအစဉ်ကျခြင်းစတင်ရန် ညွှန်ကြားထိန်းကွပ်သည်။ ဤနှစ်မြုပ်နေသောအင်အားသည် ဖရိုဖရဲဖြစ်နေသော ဒြပ်ဝတ္ထုအတွင်းရှိနေစဉ် သူကိုယ်တိုင်က မိမိ၏တည်ရှိနေခြင်းကိုမသိရှိချေ။ ဖြစ်တန်ရာခြင်း(probability)တစ်ခုသာဖြစ်ခဲ့၍၊ ထိုဖရိုဖရဲဖြစ်နေခြင်းအတွင်း၌ တစ်ခုနှင့်တစ်ခုရစ်ပတ်လုံးထွေးလာခြင်းဖြင့် အလျင်းသင့်သလိုကျဘန်းဖြစ်ပေါ်လာသော အလားအလာစွမ်းရည်သတ္တိ ဖြစ်သည်။[၂၁]

ဤနေရာတွင်ဖေါ်ပြသည့်၊ ယနေ့လက်ရှိခေတ် ရုပ်ဝါဒီအဖွဲ့အစည်းတို့တင်ပြလေ့ရှိသော မှားယွင်းသည့်အဆိုများနှင့် ကိုက်ညီလျက်ရှိနေသည့်အချက်ကို သတိထားရန်လိုအပ်ပါသည်။ ၎င်းကိုက်ညီချက်ဆိုသည်မှာ၊ သိပ္ပံပညာရှင်အသိုင်းအဝိုင်းမှ တီထွင်တွေးဆအဆိုပြုသော “အီဗိုလူးရှင်းသီအိုရီ”(သူ့အလိုလိုကြုံကြိုက်တိုက်ဆိုင်၍တစ်စတစ်စဆင့်ကဲပြောင်းလဲခြင်း)၊ “ဖရိုဖရဲသီအိုရီ”(အစကနဦးတွင်အစီအစဉ်တကျမရှိဘဲ ဗရန်းဗတါပျံ့နှံ့နေခြင်း)နှင့် “လိုအပ်မှုကြောင့် ဒြပ်ဝတ္ထုများဖွဲ့စည်းခြင်း”စသည်တို့ဖြစ်သည်။ နိုက်နှင့်လိုမာတ်စ်တို့က အောက်ပါအတိုင်းဆက်လက်ဆွေးနွေးထားသည်။

> အံ့သြဖွယ်ရာအချက်မှာ၊ ဤဖြစ်ပေါ်ခြင်းနှင့်ပတ်သက်သည့် ဖေါ်ပြချက်သည် ခေတ်သစ်သိပ္ပံပညာအဆိုနှင့် ထပ်တူထပ်မျှဖြစ်နေခြင်းပင်။ အထူးသဖြင့် “ဖရိုဖရဲသီအိုရီ”က၊ အင်မတန်အနုစိတ်သည့် ပုံစံများထွက်ပေါ်လာပြီး၊ သင်္ချာနည်းအရ မည်သည့်ကြိုတင်စီမံမှုမျှမရှိသည့် အဖြစ်အပျက်များအား ထပ်မံ၍ဆင့်ကဲဖြစ်ပေါ်လာခဲ့ခြင်းအဖြစ်ကို၊ ပြသထားပေသည်။[၂၂]

နိုက်နှင့်လိုမတ်စ်တို့က ရှေးဟောင်းအီဂျစ်လူမျိုးတို့၏မှားယွင်းသောယုံကြည်ချက်နှင့် ခေတ်သစ်သိပ္ပံပညာတို့သဟဇာတဖြစ်သည်ဟု တင်ပြခြင်းမှာ၊ သူတို့က ရုပ်ဝါဒအယူအဆသိပ္ပံပညာကို မှားယွင်းစွာအဓိပ္ပါယ်ကောက်ယူယုံကြည်ကြသဖြင့် ဤသို့ဆိုလိုခြင်းဖြစ်၍၊ အီဗိုလူးရှင်းသီအိုရီ သို့မဟုတ် ဖရိုဖရဲသီအိုရီကို ဆိုလိုရင်းဖြစ်သည်။ ဤမှားယွင်းသောသီအိုရီတို့သည် မည်သည့်သိပ္ပံပညာအခြေခံမျှမရှိသော်လည်း၊ လွန်ခဲ့သည့် ရာစုနှစ်ခု(နှစ်ပေါင်းနှစ်ရာလောက်)ကြာမြင့်သည်အထိ သိပ္ပံလောကသို့အတင်းသွတ်သွင်းခဲ့ကြပြီး၊ သူတို့၏သီအိုရီကို သိပ္ပံပညာအရ တရားဝင်သည်ဟုထင်အောင် လုပ်ခဲ့ကြသည်။ (ရှေ့လာမည့်အခန်းတွင် ထိုသီအိုရီ များကို သိပ္ပံလောကသို့ အတင်းအကြပ်သွတ်သွင်းသူများအကြောင်း လေ့လာကြပါမည်။)



ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ "ကမ္ဘာ့အမြင်" သည် ဤကျောက်ရုပ်များနှင့်အတူ မြုပ်နေခဲ့ ခြင်းမရှိ။ ယနေ့ခေတ်အထိ ဆက်လက်ယူဆောင်လာခဲ့ကြသည်။ မိမိကိုယ်ကို ရှေးဟောင်း အီဂျစ်တို့၏အမွေခံများဟုထင်မြင်သတ်မှတ်သူအသင်းအဖွဲ့တို့က ယူဆောင်လာခဲ့၏။--

ဤတွင်၊ ကျွန်ုပ်တို့ ဤစာအုပ်၏အရေးကြီးသည့်အဆင့်သို့ရောက်ရှိလာပေသည်။ ဤအချိန်အထိ သိရှိဖေါ်ထုတ်ခဲ့ပြီးသမျှအချက်များကို အကျဉ်းချုံးကြည့်ကြပါစို့။

၁။ မေဆွန်ရီ၏မူလဇစ်မြစ်ဖြစ်သည်ဟု ထင်ရသော တင်ပလာစစ်သူရဲကောင်းဂိုဏ်းအကြောင်း စတင်ဆွေးနွေးခဲ့ကြသည်။ တင်ပလာစစ်သူရဲကောင်းတို့သည်၊ ခရစ်ယာန်များဖြစ်ခဲ့ကြသော်လည်း ဂျေရုဆာလင်မြို့တွင်တွေ့ရှိခဲ့သောလျှို့ဝှက်နက်နဲသောပညာများကြောင့် ခရစ်ယာန်ဘာသာကိုပစ်ပယ်၍ဘာသာအယူဝါဒများကိုဆန့်ကျင်သော မိစ္ဆာဒိဋ္ဌိပူဇော်ပသနည်းထုံးစံများကို လက်ခံကျင့်သုံးသည့် အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြသည်။

၂။ တင်ပလာစစ်သူရဲကောင်းတို့ကို မည်သည့်အတွေးအခေါ်သင်ကြားချက်က သြဇာသက်ရောက်လွှမ်းမိုးသွားသနည်းဟု မေးလျှင်၊ ကဗ္ဗာလာဟ်ဖြစ်ကြောင်း တွေ့ရှိရသည်။

၃။ ကဗ္ဗာလာဟ်ကိုစစ်ဆေးသောအခါ၊ ဂျူးဘာသာ၏လျှို့ဝှက်နက်နဲသောပညာနှင့် ဆင်တူနေသော်လည်း၊ ၎င်းသည် ဂျူးဘာသာမဟုတ်ဘဲ၊ ဂျူးဘာသာထဲသို့စိမ့်ဝင်လာခဲ့သော အခြားဘုရားမဲ့သင်ကြားချက်များသာဖြစ်ကြောင်းသဲလွန်စများနှင့်ပြည့်နေ၍၊ ၎င်း၏မူလဇစ်မြစ်အမှန်သည် ရှေးဟောင်းအီဂျစ်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရပေသည်။

၄။ ရှေးဟောင်းအီဂျစ်နိုင်ငံသည် ဖါရိုးဘုရင်၏ မိစ္ဆာဒိဋ္ဌိစနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်သည်။ ဤတိုင်းပြည်တွင် ယနေ့ခေတ်သစ်ဘုရားမဲ့အတွေးအခေါ်စတင်ခဲ့ကြောင်း တွေ့ရှိရ၏။ ၎င်းမှားယွင်းသောအတွေးအခေါ်မှာ **စကြာဝဠာသည် မိမိဖါသာအလိုလိုတည်ရှိလာခဲ့၍ ကြုံကြိုက်မှုဖြင့် ပြောင်းလဲလာခဲ့သည်** ဟူသောအတွေးအခေါ်ဖြစ်သည်။

ဤအချက်များက စိတ်ဝင်စားဖွယ်ပုံပန်းကို အမှန်ပင်ဖေါ်ပြနေပေသည်။ ရှေးဟောင်းအီဂျစ်နိုင်ငံမှဘုန်းတော်ကြီးများ၏အတွေးအခေါ်ဆက်လက်ရှင်သန်နေခြင်းသည် မတော်တဆကြုံကြိုက်ခြင်းလော။ ယနေ့အချိန်အထိကြီးစိုးမှုကို ဆက်လက်ထိန်းသိမ်းထားသည့် ကဗ္ဗာလာဟ်-တင်ပလာစစ်သူရဲကောင်းများနှင့် မေဆွန်ရီဆက်နွယ်မှုသဲလွန်စရှိနေခြင်းသည်လည်းမတော်တဆကြုံကြိုက်ခြင်းသာဖြစ်ပါသလား။

လွန်ခဲ့သည် တစ်ဆယ့်ရှစ်ရာစုနှစ်မှစတင်၍ ကမ္ဘာ့သမိုင်းတွင်၊ တော်လှန်ရေးမျိုးစုံကို လှုံ့ဆော်ဆွပေးလာခဲ့ခြင်း၊ အတွေးအခေါ်နှင့် နိုင်ငံရေးစနစ်များကို ပြုစုပျိုးထောင်လာခဲ့ကြခြင်း၊ စသည့်ထင်ရှားသောခြေရာလက်ရာများကို ထင်ချန်ထားသောမေဆွန်တို့သည် ရှေးဟောင်းအီဂျစ်ပဋ္ဌလက်မှော်ဆရာတို့၏ အမွေစားအမွေခံများဖြစ်နိုင်ပါသလား။

ဤမေးခွန်းများကို ပိုမိုရှင်းလင်းစွာဖြေကြားနိုင်ရန်အတွက်၊ ကျွန်ုပ်တို့ယခုအချိန်အထိ အတိုချုံး၍သာပြောခဲ့သည့် သမိုင်းဖြစ်ရပ်များကို ပိုမိုနီးကပ်စေ့စပ်စွာ ဆန်းစစ်ကြရပါမည်။






## THE INSIDE STORY ON THE KABBALAH

"ထွက်မြောက်ရာကျမ်း"(Exodus)သည်၊ တိုရာကျမ်း၏ ဒုတိယကျမ်းအစောင် ဖြစ်သည်။ ဤကျမ်းအစောင်၌၊ အစ္စရာအီလီလူမျိုးတို့ မောရှယ်(တမန်တော်မူစာ–အလိုင်ဟေ့ဆလာမ်)၏ခေါင်းဆောင်မှုအောက်တွင်နေ၍ အီဂျစ်နိုင်ငံမှမည်သို့ထွက်ပြေး၍ ဖါရိုးဘုရင်၏ ရက်စက်ကြမ်းကြုတ်မှုမှ မည်သို့လွတ်မြောက်သွားကြသည့်အကြောင်း ဖော်ပြထားသည်။ ဖါရိုးဘုရင်သည်လည်း အစ္စရာအီလီလူမျိုးများကို ကျွန်အဖြစ်ခိုင်းစေထားရာ မလွှတ်ပေးစေလိုခဲ့ချေ။ သို့သော်လည်း ဘုရားသခင်က မောရှယ်(တမန်တော်မူစာ–အလိုင်ဟေ့ဆလာမ်)မှတဆင့် ပြသတော်မူသောအံ့ဖွယ်တန်ခိုးပြာဋိဟာနှင့်ရင်ဆိုင်ရပြီး သူ၏လူများကို ဘေးဥပါဒ်ကျရောက်စေသည်ကို တွေ့မြင်ရသောအခါ၊ ဖါရိုးဘုရင်သည် နောက်ဆုတ်သွားလေသည်။ သို့ဖြင့်၊ တစ်ညတွင် အစ္စရာအီလီလူမျိုးတို့အုပ်စုကြီးအဖြစ်စုရုံးကြပြီး၊ အီဂျစ်ပြည်မှ ထွက်ပြေးကြလေသည်။ နောက်မကြာမီ ဖါရိုးဘုရင်က ထိုအစ္စရာအီလီလူမျိုးလူအုပ်ကြီးကို တိုက်ခိုက်လေသည်။ သို့သော်လည်း ဘုရားသခင်(အလ္လာဟ်အရှင်မြတ်)က အစ္စရာအီလီအမျိုးသားများအား တမန်တော်မူစာ(အလိုင်––)မှတဆင့် ပြသတော်မူသော တန်ခိုးပြာဋိဟာများဖြင့် ကယ်တင်ခဲ့လေသည်။

ရှေဟောင်းအီဂျစ်နိုင်ငံမှ အစ္စရာအီလီလူမျိုးတို့ ထွက်ခွာသွားခဲ့သည့် အဖြစ်အကြောင်းနှင့်ပတ်သက်သည့် အကြောင်းရပ်များကို ကုရ်အာန်ကျမ်းတော်မြတ်တွင်သာ အမှန်ကန်ဆုံးအဖြစ်တွေ့ရှိနိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ တိုရာ(တောင်ရာသ်ကျမ်းတော်မြတ်)သည် တမန်တော်မူစာ(အလိုင်––)ထံတော်သို့ ချပေးတော်မူသော ကျမ်းဂန်အစစ်အမှန်ဖြစ်သော်လည်း၊ နောက်ပိုင်းတွင် ဖြည့်စွက်ပြင်ဆင်ခြင်းပြုခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ဓမ္မဟောင်းကျမ်း(၅)စောင်ဖြစ်သည့်ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်းနှင့် တရားဟောရာကျမ်းတို့တွင် တစ်စောင်နှင့်တစ်စောင်ကွဲလွဲမှုအမြောက်အမြားရှိသည်။ တရားဟောရာကျမ်းတွင် နဗီတမန်တော်မူစာ(အလိုင်ဟေ့ဆလာမ်)သက်တော်ကုန်ဆုံး၍ မည်သို့မြုပ်နှံခဲ့သည့်အကြောင်းပါရှိနေခြင်းသည်၊ တမန်တော်မူစာ(အလိုင်ဟေ့ဆလာမ်)၏ နောက်ပိုင်းတွင် ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ကြောင်း ငြင်းဆို၍မရသည့်အချက်ဖြစ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ အမှန်ကန်ဆုံးအသေးစိတ် ဖော်ပြထားသည်။ ထို့ထက်မက အခြားဇာတ်ကြောင်းများမှာကဲ့သို့ပင် ဖော်ပြသောဇာတ်ကြောင်းတစ်ခုလုံးတွင် အလ္လာဟ်အရှင်မြတ်က နက်နဲသောမြော်မြင်မှုအသိတရားအသိဉာဏ်များကို ထည့်သွင်းထားပေသည်။

ထို့ကြောင့် ဤဇာတ်ကြောင်းများကို အလ္လာဟ်အရှင်မြတ်၏တရားဒေသနာတော်ကို ယုံကြည်သူတို့က သေချာစေ့စပ်စွာ လေ့လာကြည့်ပါက သင်ခန်းစာအများအပြားရယူမည်ဖြစ်သည်။

## ရွှေနွားကလေးရုပ်ဆင်းတု
## THE GOLDEN CALF



အစ္စရာအီလီလူမျိုးတို့ သာသနာမှန်မှ လမ်းလွဲသွေဖည်သွားပြီး သူတို့ကိုးကွယ်သောနွားရုပ်သည် အီဂျစ်လူမျိုးတို့ကိုးကွယ်သည့် ရွှေဖြင့်သွန်းလောင်းထားသောရုပ်ထုဖြစ်ကြောင်း သုတေသီအများကဆိုကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြသောအကြောင်းများ၌ အရေးကြီးဆုံးအချက်များမှာ၊ အစ္စရာအီလီလူမျိုးတို့ကို ဖါရိုးဘုရင်၏ဖိနှိပ်ချုပ်ချယ် ရက်စက်စွာကျွန်ပြုသောဘဝမှ၊ နဗီမူစာ(အလိုင်ဟေ့ဆလာမ်)မှတစ်ဆင့် ကယ်တင်ခဲ့သော်လည်း အချို့သောသူတို့သည် အလ္လာဟ်အရှင်မြတ်ချမှတ်ပေးသနားတော်မူသောတရားလမ်းမှန်မှသွေဖည်သွားကြခြင်းအကြောင်း ဖြစ်သည်။ အချို့သောအစ္စရာအီလီလူမျိုးတို့သည် တမန်တော်မူစာ(အလိုင်ဟေ့ဆလာမ်) ဟောကြားပြသသောသာသနာတရားဒေသနာကို နားလည်သဘောပေါက်ခြင်းမရှိကြသည့်အပြင်၊ ရုပ်ဆင်းတုကိုကိုးကွယ်ဆည်းကပ်ခြင်း၌ ဆက်လက်ကျင့်သုံးခဲ့ကြ၏။

ကုရ်အာန်ကျမ်းတော်မြတ်က၊ ဤသို့သောသွေဖည်သည့်လမ်းစဉ်သို့ ကိုင်းညွတ်မှုနှင့်ပတ်သက်၍ ဖေါ်ပြထား၏။

ထိုမှတပါး ငါအရှင်မြတ်သည်အစ္စရာအီလီအ မျိုးသားတို့အား သမုဒ္ဒရာပင်လယ်ကို ကူးကျော်ဖြတ်သန်း၍ တဘက်ကမ်းသို့ရောက်စေ တော်မူခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် အကြင်လူမျိုးတို့ထံ ရောက်ရှိလာကြကုန်သည်။ ထိုလူမျိုးတို့သည် မိမိတို့၏ ရုပ်ပွားဆင်းတုများထံ ချဉ်းကပ်*(ကိုးကွယ်)လျက် ရှိကြလေသည်။* ထိုအခါ ၎င်း(အစ္စရာအီလီလူမျိုး)တို့က အို-(နဗီတမန်တော်)မူစာ၊ အသင်သည် ကျွန်ုပ်တို့အဖို့လည်း ၎င်းတို့၌ ရှိကုန်သော ကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာတဆူကို ပြုလုပ်၍ပေးပါလော့ဟု ပြောဆိုကြလေသည်။ (နဗီတမန်တော်)မူစာက "အချင်းတို့" အသင်တို့သည် ဧကန်စင်စစ် အသိတရားကင်းမဲ့ကြကုန်သော သူမိုက်များပင် ဖြစ်ကြကုန်သည်ဟု ပြောဆိုခဲ့လေ၏။ ဧကန်မလွဲ ၎င်းတို့လုံးပမ်းလျက်ရှိသော အမှုကိစ္စများသည် ဖျက်ဆီးခြင်းခံရပေမည်။ ထို့ပြင် ၎င်းတို့ပြုလျက်ရှိကြသောအမှု ကိစ္စများသည်(လုံးဝ)အချည်းနှီး(အခြေအမြစ်မရှိသော)ကိစ္စများသာဖြစ်ကုန်၏။ (စူရာအလ်အအ်ရာဖ် ၇း၁၃၈-၁၃၉)

တမန်တော်မူစာ(အလိုင်ဟေ့ဆလာမ်)သတိပေးထားသော်လည်း၊ တမန်တော်မူစာက ဆီနိုင်းတောင်ပေါ်သို့တက်သွားသောအခါ၊ အချို့သောအစ္စရာအီလီလူမျိုးတို့၏ သွေဖည်မှုတို့သည်လည်း ဘွင်းဘွင်းပေါ်လာတော့သည်။ နဗီတမန်တော်မူစာ(အလိုင်ဟေ့ဆလာမ်)မရှိသည်ကို အခွင့်ကောင်းယူ၍ ဆာမီရီဟူသောပုဂ္ဂိုလ်တစ်ဦးက ပေါ်လာခဲ့သည်။ ထိုပုဂ္ဂိုလ်သည် အစ္စရာအီလီလူမျိုးတို့ ရုပ်ဆင်းတုကိုးကွယ်လိုခြင်းသို့ ကိုင်းညွတ်နေကြသည့်စိတ်ကို နှိုးဆွပေး၍ နွားကလေးရုပ်ဆင်းတုတစ်ခုကို သွန်းလောင်းပြီး ကိုးကွယ်ကြရန် မြူဆွယ်ပြောဆိုလေသည်။

ထိုအခါ မူစာသည် မိမိအမျိုးသားတို့ထံဒေါသအမျက်ထွက်ကာ ဝမ်းနည်းပူဆွေးစွာ ပြန်လာခဲ့ပြီးလျှင် (ဤသို့)ပြောဆိုခဲ့လေသည်။ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့အား ကောင်းမြတ်လှစွာသော ကတိကိုပေးတော်မူခဲ့သည် မဟုတ်လော။

သို့ဖြစ်ပေရာ အသင်တို့အပေါ်၌ ချိန်းချက်ထားသောထိုအချိန်ကာလသည် ရှည်လျားကြာညောင်းခဲ့လေပြီလော။ သို့တည်းမဟုတ်အသင်တို့သည် မိမိအပေါ်၌မိမိတို့အရှင်မြတ်၏ အမျက်တော်သက်ရောက်ခြင်းကို အလိုရှိသောကြောင့် ကျွန်ုပ်နှင့်ထားရှိပြီးဖြစ်သော ကတိကို ဖောက်ဖျက်ခဲ့ကြလေသလော။

(ထိုအခါ) ယင်းအမျိုးသားတို့က (ဤသို့)ပြောကြားခဲ့ကြကုန်၏။ (အို–နဗီတမန်တော်မူစာ၊ စင်စစ်) ကျွန်ုပ်တို့သည် အသင်နှင့်ထားရှိခဲ့သောကတိကို မိမိတို့အလိုသဘောနှင့် ဖေါက်ဖျက်ခဲ့ကြသည်မဟုတ်၊ သို့ရာတွင် ကျွန်ုပ်တို့မှာမူကား (ကစ်ဗ်တီ)အမျိုးသားတို့၏ လက်ဝတ်လက်စားများကို ပစ်ချခဲ့ကြပေသည်။ ထို့နောက် စာမိရီသည်လည်း ထိုနည်းအတိုင်းပင် ပစ်ချခဲ့လေသည်။

ထို့နောက် ယင်းစာမိရီသည် ၎င်းတို့အဖို့အသံထွက်သော နွားငယ်ကလေးတစ်ကောင်၏ ခန္ဓာကိုယ်အသွင်သဏ္ဍာန်တစ်ခုကို (သွန်းလောင်း)ထုတ်ယူလာခဲ့လေသည်။ (ထိုအခါ) ယင်းအမျိုးသားတို့က "ဤသည်ပင် အသင်တို့၏ ကိုးကွယ်ရာအရှင်၊ မူစာ၏ကိုးကွယ်ရာအရှင်ဖြစ်သည်။ သို့သော် မူစာကား(မိမိကိုးကွယ်ရာအရှင်အား ဤမှာပင်)မေ့ထားခဲ့လေပြီ" ဟု (အချင်းချင်း) ပြောဆိုကြလေသည်။ (စူရာတွာဟာ ၂၀း၈၆–၈၈)

အဘယ့်ကြောင့် အစ္စရာအီလီလူမျိုးတို့ ရုပ်ဆင်းတုပြုလုပ်ပြီးကိုးကွယ်လိုစိတ် အဆက်မပြတ်ရှိနေကြသနည်း။ ဤသို့သောစိတ်ဓါတ်ကိုင်းညွတ်မှုသည် ဘာကစတင်လာခဲ့သနည်း။

ယခင်က ရုပ်ဆင်းတုများကို ကိုးကွယ်ဆည်းပူးခြင်းမရှိသည့် လူ့အဖွဲ့အစည်းသည်၊ နေရင်းထိုင်ရင်း အဓိပ္ပါယ်မရှိ ရုပ်ဆင်းတုတစ်ခုခုကို ကိုးကွယ်ဆည်းကပ်လိုသည့်စိတ်ပေါ်ပေါက်လာမည်မဟုတ်သည်မှာ ရှင်းနေပါသည်။ ရုပ်ဆင်းတုများကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသူတို့သာလျှင် ထိုကဲ့သို့စိတ်ကူးနှင့် ဆန္ဒဖြစ်ပေါ်လာနိုင်ပေသည်။

သို့သော်လည်း၊ အစ္စရာအီလီလူမျိုးတို့သည် သူတို့၏ဘိုးဘေးဖြစ်သော အီဘရာဟင်မ် (အာဘရာဟမ်)၏လက်ထက်ကစ၍ တစ်ပါးတည်းသောဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်ခဲ့သူများ ဖြစ်သည်။ "အစ္စရာအီလီ" လူမျိုးများဟူသောအမည်ကပင် "အစ္စရာအီလ်၏သားသမီးများ" ဟု အဓိပ္ပါယ်ရသည်။ အစ္စရာအီလ်သည် တမန်တော်ယာကုဘ် (ဂျက်ကော့ဘ်)၏ဘွဲ့တော်ဖြစ်သည်။ နောင်တွင် ဂျူးလူမျိုးများအားလုံးက ထိုအမည်ကိုယူ၍ ယာကုဘ်(ဂျက်ကော့ဘ်)၏ သားသမီးများ (ဝါ) အစ္စရာအီလီလူမျိုးများဟု ခေါ်တွင်လာကြသည်။ အစ္စရာအီလီလူမျိုးတို့သည်။ အာဘရာဟမ်၊ အိုက်ဇက်နှင့် ဂျက်ကော့ဘ်(နဗီတမန်တော်အီဘရာဟင်မ်၊ အစ္စဟာက်နှင့် ယအ်ကူဘ်–အလိုင်ဟုမ်ဆလာမ်)တို့ထံမှ တပါးတည်းသောဖန်ဆင်းရှင်ဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်သည့်သာသနာကို ထိန်းသိမ်းလာခဲ့ကြသည်။ ထိုတမန်တော်တို့သည်၊ ဂျိုးဇက် (တမန်တော်ယူဆွဖ်–အလိုင်ဟေ့ဆလာမ်)နှင့်အတူ၊ ပြည်သူအများစုက ရုပ်ဆင်းတုကို ကိုးကွယ်ကြသည့် အီဂျစ်နိုင်ငံသို့သွားရောက်နေထိုင်ကြရာတွင် နှစ်ပေါင်းမြောက်မြားစွာ မိမိတို့၏ သာသနာကို ထိန်းသိမ်းထားခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားချက်အရ၊ နဗီတမန်တော်မူစာ–အလိုင်ဟေ့ဆလာမ် ပေါ်ထွန်းချိန်တွင် အစ္စရာအီလီလူမျိုးတို့သည် မိမိတို့၏မူရင်းသာသနာအတွင်းရှိကြ၍ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်နေကြဆဲဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍၊ အစ္စရာအီလီလူမျိုးတို့သည် တစ်ဆူတည်းသောဘုရားကို ကိုးကွယ်သည့်မိမိတို့၏အယူဝါဒကို မည်မျှပင်ထိန်းသိမ်းထားကြပေသော်လည်း၊ နှစ်ရှည်လများကြာမြင့်လာသောအခါ၊ သူတို့နေထိုင်လျက်ရှိသောပတ်ဝန်းကျင်လူတို့၏ မိစ္ဆာဒိဋ္ဌိအယူဝါဒသြဇာလွှမ်းမိုးမှုရှိသဖြင့်၊ အချို့သောအစ္စရာအီလီလူမျိုးတို့သည် တဖြေးဖြေးအတုယူကာ မိမိတို့၏အယူဝါဒနှင့်တွဲဖက်၍ ရုပ်ဆင်းတုကိုးကွယ်ခြင်းပြုလာကြသည်ဟု ရှင်းပြခြင်းသည် အသင့်တော်ဆုံးဖြစ်ပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ သမိုင်းမှတ်တမ်းများတွင် ထပ်မံလေ့လာစစ်ဆေးကြည့်သောအခါ၊ အစ္စရာအီလီလူမျိုးတို့အပေါ် သြဇာလွှမ်းမိုးထားသည့် မိစ္ဆာဒိဋ္ဌိအယူသည် ရှေးဟောင်းအီဂျစ်

လူမျိုးတို့၏ အယူဝါဒဖြစ်ကြောင်း တွေ့ရှိရပေသည်။ တမန်တော်မူစာ(အလိုင်ဟော့ဆလာမ်) ဆီနိုင်းတောင်ပေါ်သို့ တက်သွားချိန်တွင်အစ္စရာအီလီလူမျိုးတို့ကိုးကွယ်ကြသည့် **ရွှေနွားကလေး ရုပ်ဆင်းတုသည် အီဂျစ်လူမျိုးတို့ကိုးကွယ်သည့် "ဟာသော်"နှင့်"အာဖစ်"နွားကလေးရုပ်ဆင်းတုနှစ်ခုကို ပုံတူကူးသွန်းလောင်းထားခြင်း** ဖြစ်ကြောင်းပင် ဤအဆိုကိုထောက်ခံသည့်အရေးကြီးဆုံး သာဓကအထောက်အထား ဖြစ်ပေသည်။ ခရစ်ယာန်စာရေးဆရာ ရစ်ချာဒ်



**ရှေးဟောင်းအီဂျစ်လူမျိုးတို့ ကိုးကွယ်သည့် "ဟာသော်"ခေါ် ရွှေနွားကလေးရုပ်ဆင်းတုတစ်ခု**

ရိဗ်စ်က သူရေးသားသော *Too Long in the Sun* ဟူသောစာအုပ်တွင် အောက်ပါအတိုင်း ရေးသားထား၏။



နွားမကလေး"ဟာသော်"နှင့် နွားထီးကလေး"အာဖစ်"ရုပ်ဆင်းတုနှစ်ခုသည်အီဂျစ်လူမျိုးတို့ ကိုးကွယ်သောနေမင်းကို ကိုယ်စားပြုသည့်နတ်ဘုရားဖြစ်သည်။ သူတို့၏ယင်းကိုးကွယ်မှုသည် နေမင်းကိုကိုးကွယ် ကိုင်းရှိုင်းသည့် ရှည်လျားလှသည့်သမိုင်းကြောင်း၏အဆင့်တစ်ဆင့်ဖြစ်သည်။ ဆီနိုင်းတောင်ခြေမှ ရွှေနွားကလေးရုပ်ဆင်းတုနှင့် ထိုအချိန်က ကျင်းပခဲ့သည့်ပူဇော်ပသပွဲကြီးသည် နေမင်းကြီးကိုကိုးကွယ်သောထုံးစံအတွက် လုံလောက်သောသက်သေအထောက်အထားဖြစ်ပေသည်။--[၂၇]

**ရှေးဟောင်းအီဂျစ်လူမျိုးတို့ ကိုးကွယ်သည့် ဟာသော် နွားကလေးရုပ်ဆင်းတုတစ်ခု။**

အချို့သောအစ္စရာအီလီလူမျိုးတို့အပေါ် အီဂျစ်လူမျိုးတို့၏မိစ္ဆာဒိဋ္ဌိအယူဝါဒသြဇာ သက်ရောက်ခြင်းသည် အဆင့်အများအပြားရှိခဲ့သည်။ မိစ္ဆာဒိဋ္ဌိအယူဝါဒကို ယုံကြည်ကျင့်သုံးသည့်လူမျိုးများနှင့် တွေ့ဆုံသည်နှင့်တပြိုင်တည်း၊ ရှိရင်းစွဲရုပ်ထုကိုးကွယ်လိုသည့်ဆန္ဒပြင်းပြလာသဖြင့် ကုရ်အာန်ကျမ်းတော်မြတ်(အာယသ်တော် ၇း၁၃၈)တွင်ဖေါ်ပြထားသည့်အတိုင်း **"အို–(နဗီတမန်တော်)မူစာ၊ အသင်သည် ကျွန်ုပ်တို့အဖို့လည်း ၎င်းတို့၌ ရှိကုန်သော ကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာတဆူကို ပြုလုပ်၍ပေးပါလော့"**ဟု နဗီတမန်တော်မူစာအား တောင်းဆိုကြလေသည်။ နဗီတမန်တော်မူစာ(အလိုင်ဟဲ့ဆလာမ်)ကို **"အို–မူစာ၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကို ဒိဋ္ဌမျက်ဝါးထင်ထင် မဖူးမြင်ရသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် အသင့်အား အလျင်းယုံကြည်ကြမည်မဟုတ်"**ဟု ပြောဆိုကြကုန်၏။ (စူရာ အလ်ဘကွာရာ ၂း၅၅)။ ဤအာယသ်တော်အရ အစ္စရာအီလီလူမျိုးတို့သည် အီဂျစ်လူမျိုးများက သွန်သင်ထားသည့်အတိုင်း မျက်စိဖြင့်မြင်တွေ့ရသည့်ဝတ္ထုပစ္စည်းရုပ်ဆင်းတုကို ကိုးကွယ်ဆည်းကပ်ခြင်း၌ အားသန်ကြကြောင်း သိရှိရပေသည်။

ရှေးဟောင်းအီဂျစ်မိစ္ဆာဒိဋ္ဌိအယူဝါဒကို အစ္စရာအီလီလူမျိုးအချို့တို့ စွဲလမ်းခြင်းနှင့်ပတ်သက်၍အကြမ်းဖျဉ်းဖေါ်ပြခြင်းသည်၊ မူလတိုရာကျမ်းဂန်စာသားများလွဲချော်ပြောင်းလဲလာခဲ့ခြင်းနှင့် ကဗ္ဗာလာဟ် စတင်လာသည့် မူလဇစ်မြစ်ကို သဘောပေါက်ရန်အတွက် အရေးကြီးပေသည်။ ဤခေါင်းစဉ်နှစ်ခုကို ကျွန်ုပ်တို့သေချာစွာဆန်းစစ်ကြည့်သောအခါ ၎င်းတို့၏ဇစ်မြစ်သည် ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ မိစ္ဆာဒိဋ္ဌိအယူဝါဒနှင့် ရုပ်ဝါဒအတွေးအခေါ်ဖြစ်ကြောင်း တွေ့ရှိရပေသည်။

## ရှေးဟောင်းအီဂျစ်နိုင်ငံမှ ကဗ္ဗာလာဟ်သို့
## FROM ANCIENT EGYPT TO THE KABBALAH

နဗီတမန်တော်မူစာ(အလိုင်ဟဲ့ဆလာမ်) သက်တော်ထင်ရှားနေစဉ်မှာပင်၊ အစ္စရာအီလီလူမျိုးအချို့တို့သည် အီဂျစ်နိုင်ငံတွင် တွေ့မြင်စွဲလမ်းခဲ့သည့် ရုပ်ဆင်းတုကိုးကွယ်သည့်အယူဝါဒကိုပြန်လည်စိတ်စွဲလမ်းနှစ်သက်ကြ၍ ဆက်လက်ကိုးကွယ်ကြသည်။ နဗီတမန်တော်မူစာ ကွယ်လွန်ပြီးသည့်နောက်ပိုင်းမှာမူကား သာသနာမှန်မှသွေဖည်ခြင်း တိုးလာခဲ့လေသည်။ ဂျူးလူမျိုးအားလုံး ထိုကဲ့သို့ဖြစ်သည်ဟု မဆိုနိုင်သော်လည်း၊ အချို့က အီဂျစ်နိုင်ငံမှ မိစ္ဆာဒိဋ္ဌိအယူဝါဒကို အမှန်ပင်လက်ခံကျင့်သုံးကြသည်။ အီဂျစ်နန်းတွင်းပဍ္ဍလက်အောက်လမ်းမှော်ဆရာတို့၏မှားယွင်းသောသင်ကြားချက်များကို ဆက်လက်ယူဆောင်ကျင့်သုံးကြရင်း ထိုသင်ကြားချက်များကို မိမိတို့၏သာသနာ့ထုံးစံကျင့်စဉ်များနှင့်စာပေများတွင် သွတ်သွင်းဖေါက်ပြန်လာခဲ့ကြသည်။

ရှေးဟောင်းအီဂျစ်နိုင်ငံမှဂျူးဘာသာသို့ ယူဆောင်သွတ်သွင်းသည့်သင်ကြားချက်များကို ကဗ္ဗာလာဟ်တွင်လည်း သွတ်သွင်းကြသည်။ အီဂျစ်လူမျိုးဘုန်းတော်ကြီးများကဲ့သို့ ၎င်းသည်လည်းနက်နဲသောပညာရပ်စနစ်ဖြစ်၍ အောက်လမ်းပဍ္ဍလက်မှော်အတတ်ကျင့်ကြံခြင်းတွင် အခြေခံပေသည်။ ကဗ္ဗာလာဟ်တွင် ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ တိုရာဟ်ကျမ်းဂန်နှင့်မတူ သွေဖည်လမ်းလွဲသည့်အယူအဆပေးထားခြင်းကလည်း စိတ်ဝင်စားစရာတစ်ခုဖြစ်သည်။ ၎င်းအယူအဆမှာ ရုပ်ဝါဒဖြစ်၍ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ဒြပ်ဝတ္ထုပစ္စည်းများ အစဉ်အမြဲထာဝရတည်ရှိသည်ဟူသော မှားယွင်းသည့် အတွေးအခေါ်ဖြစ်သည်။ ဤခေါင်းစဉ်နှင့်ပတ်သက်၍ တူရကီလူမျိုးဖရီးမေဆွန်တစ်ဦးဖြစ်သူ မူရာတ်အွဇ်ဂျင်က အောက်ပါအတိုင်း ဆိုထားသည်။

> ကဗ္ဗာလာဟ်သည် တိုရာကျမ်းမပေါ်ပေါက်မီအလျင်နှစ်ပေါင်းများစွာကစ၍ စီစဉ်ရေးသားထားခြင်းဖြစ်ကြောင်းထင်ရှားသည်။ ကဗ္ဗာလာဟ်၏အရေးကြီးဆုံးကဏ္ဍမှာ စကြာဝဠာစတင်ဖြစ်ပေါ်လာခြင်းသီအိုရီဖြစ်သည်။ ဤသီအိုရီသည် ဘုရားသခင်ကိုကိုးကွယ်သောဘာသာအယူဝါဒက လက်ခံထားသော ဖန်ဆင်းခြင်းအကြောင်းနှင့် အလွန်ကွာခြားနေပေသည်။ ကဗ္ဗာလာဟ်အရ၊ ဖန်ဆင်းခြင်း၏အစကနဦးတွင်၊ *ဆေဖီရွတ်(Sefiroth)*ခေါ် ရုပ်ဝတ္ထုနှင့်စိတ်ပိုင်းဆိုင်ရာအင်္ဂါရပ်နှစ်မျိုးစလုံး

ပါဝင်သည့် "အဝိုင်းသဏ္ဍာန်" သို့မဟုတ် "ပတ်လည်လှည့်နေသောအရာ"များ ရှိသည်။ အားလုံးစုစုပေါင်း ၃၂–ခုရှိသည်။ ပထမ ၁၀–ခုက သူရိယစနစ်ကိုကိုယ်စားပြု၍၊ ကျန်အရာများက ကြယ်တာရာများနှင့် ကြားရှိအာကာသကိုကိုယ်စားပြုသည်။ ကဘ္ဘာလာဟ်သင်ကြားချက်မှ၍အချက်သည် ရှေးဟောင်းနက္ခတ်ဗေဒင်ပညာနှင့်ဆက်စပ်လျက်ရှိကြောင်းဖော်ပြလျက်ရှိသည်။––ထို့ကြောင့်၊ ကဘ္ဘာလာဟ်သည် ဂျူးဘာသာအယူဝါဒနှင့်မသက်ဆိုင်ဘဲ အရှေ့တိုင်းမှ ဆန်းပြားသောရှေးဟောင်းဘာသာအယူဝါဒနှင့် ပိုမို၍ နီးစပ်သက်ဆိုင်နေပေသည်။[၂၄]




*ဆေဖီရွတ်*သည် ကဘ္ဘာလာဟ်၏ဖြောင်အကျဆုံး လိုရာဆွဲ၍မမှန်မကန်တီထွင်ထားသောအယူဝါဒ သင်ကြားချက်ဖြစ်သည်။
လက်ဝဲဘက်ပုံပါ ကဘ္ဘာလာဟ်ကျောက်စာတွင် တွေ့ရသောအဝိုင်းပုံများသည် *ဆေဖီရွတ်* အချို့ဖြစ်သည်။ ကဘ္ဘာလာဟ်ဆရာများက ဖန်ဆင်းခြင်းကို *ဆေဖီရွတ်*ဖြင့် ရှင်းပြကြသည်။ သူတို့တင်ပြသော ဇာတ်လမ်းသည် စိတ်ကူးယဉ်ဒဏ္ဍာရီအယူအဆသာဖြစ်၍ မိုးကျကျမ်းဂန်များတွင် ဖော်ပြထားသောအချက်များနှင့် ဖီလာဆန့်ကျင်ခြားနားလျက်ရှိ၏။



အချို့သောဂျူးလူမျိုးတို့သည်၊ ရှေးဟောင်းအီဂျစ်နိုင်ငံနှင့် မယ်ဆိုပိုတေးမီယားယဉ်ကျေးမှုများ၏ ဩဇာလွှမ်းမိုးခြင်းခံရ၍၊ ဘုရားသခင်က သူတို့အတွက် ဘဝလမ်းညွှန်အဖြစ်ချမှတ်ပေးတော်မူသော တိုရာကျမ်းတော်မြတ်မှ သွေဖည်သွားပြီး၊ ရုပ်ဝတ္ထုအမျိုးမျိုးကို ကိုးကွယ်စပြုလာခဲ့ကြသည်။ အထက်ပုံမှာ မိစ္ဆာဒိဋ္ဌိအယူဝါဒ၏ သူရိယနေမင်းကို ပူဇော်ပသသည့်မျှော်စင်မြင့် ကျောင်းတော်ကြီးဖြစ်သည်။

ယဟူဒီဂျူးလူမျိုးတို့သည်၊ ထိုရှေးဟောင်းအီဂျစ်လူမျိုးတို့၏ ရုပ်ဝါဒနှင့်အောက်လမ်းပဍ္စလက်မှော်အတတ်ပညာတွင်အခြေခံသောနက်နဲဆန်းပြားသည့်သင်ကြားချက်များကို လက်ခံကျင့်သုံး၍၊ တိုရာကျမ်းတော်မြတ်တွင် တားမြစ်ထားသောအချက်များကို ပစ်ပယ်လိုက်ကြသည်။ မိစ္ဆာဒိဋ္ဌိတို့၏ပဍ္စလက်မှော်အတတ်ပူဇော်ပသနည်းများကို လက်ခံကျင့်သုံးကြသည်။ သို့ဖြင့်၊ ကဘ္ဘာလာဟ်သည် ဂျူးသာသနာအတွင်း တိုရာကျမ်းတော်မြတ်နှင့်ဆန့်ကျင်သည့် လျှို့ဝှက်နက်နဲသောအောက်လမ်းပညာရပ်အဖြစ် ပါဝင်သွားလေသည်။ အင်္ဂလိပ်စာရေးဆရာမကြီးနက်စတာ အိတ်ချ် ဝဲဘ်စတာက သူ၏ *Secret Societies and Subversive Movements* ဟူသောစာအုပ်တွင် အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> ပယောဂပြုစားခြင်းမှော်အတတ်ပညာကို ကာနန်နယ်သားတို့က၊ ပါလက်စတိုင်းတွင် အစ္စရာအီလီလူမျိုးတို့ဝင်ရောက်သိမ်းပိုက်အခြေချခြင်းမပြုမီအလျင်ကတည်းက၊ ကျင့်သုံးနေကြပြီးဖြစ်သည်။ အီဂျစ်၊ အိန္ဒိယနှင့် ဂရိနိုင်ငံတို့မှာလည်း ဗေဒင်ဆရာများရှိနေပြီးဖြစ်သည်။ မောရှေထံသို့ကျရောက်သည့်ကျမ်းဂန်တွင်ပါရှိသောတားမြစ်ချက်ပညတ်ချက်များကို ဂျူးလူမျိုးတို့က ဂရုမမူဘဲ ဘေးပတ်ဝန်းကျင်ဓလေ့ယုံကြည်ချက်များကူးစက်လာဖြင့် သူတို့၏ကျမ်းဂန်များတွင် ပဍ္စလက်မှော်အတတ်အောက်လမ်းပညာအတွေးအခေါ်များကို ရောနှောစပ်ယှက်၍ အခြားလူမျိုးတို့၏အယူဝါဒများကို မိမိတို့၏ထုံးတမ်းစဉ်လာများအဖြစ်မွေးစားကျင့်သုံးကြလေသည်။ တစ်ချိန်တည်းတွင် ပါးရှားလူမျိုးတို့၏မဂ္ဂီအတွေးအခေါ်၊ ပလာတိုအတွေးအခေါ်သစ်၊ ပိုက်သာဂိုရပ်အတွေးအခေါ်သစ် စသည့်အတွေးအခေါ်များကိုငှားရမ်း၍ ကဘ္ဘာလာဟ်၏ရှေ့ရေးဗေဒင်ဟောအတတ်ပိုင်းကို ဖြည့်စွက်ယူကြသည်။ ဤအချက်များက ယနေ့လက်ရှိကျွန်ုပ်တို့သိသောကဘ္ဘာလာဟ်သည် ဂျူးလူမျိုးတို့မှသာစစ်စစ်ဆင်းသက်လာခြင်းမဟုတ်ဟူသော ကဘ္ဘာလာဟ်ကိုဆန့်ကျင်သူတို့၏အဆိုကို တရားဝင်စေသည်။[၂၅]

ဤခေါင်းစဉ်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်အာယသ်တစ်ခုတွင် မိန့်ဆိုထားခြင်းရှိသည်။ အလ္လာဟ်အရှင်မြတ်က အချို့သောအစ္စရာအီလီလူမျိုးတို့သည် ပြင်ပလူမျိုးများထံမှ ပဍ္စလက်မှော်အတတ်ကိုဆည်းပူး၍ မိမိတို့၏သာသနာအတွင်းသို့ သွတ်သွင်းကြကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားတော်မူသည်။

> ထိုမျှမက(အသိအလိမ္မာကင်းမဲ့ကြကုန်သော ယင်းယဟူဒီဘာသာဝင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ဓမ္မဒေသနာတော်ကို မလိုက်နာကြဘဲလျက်) နဗီတမန်တော် စုလိုင်မာန်(အ)စိုးမိုးအုပ်ချုပ်မင်းပြုလုပ်နေသောအခါဝယ် ရှိုင်တွာန်များရွတ်ဘတ်သရဇ္ဈာယ်ကြလေသော စုန်းပယောဂအတတ်ကိုသာ ဆည်းပူးလိုက်စားကြကုန်၏။ (ဤမျှမကသေးအချို့သော လူ့ဗာလတို့သည် နဗီတမန်တော် စုလိုင်မာန်(အ)ကိုပင် မိစ္ဆာဒိဋ္ဌိအယူကိုလိုက်စားသည်ဟု စွပ်စွဲကြသည်။) စင်စစ်တမူကား နဗီတမန်တော် စုလိုင်မာန်(အ)သည် မည်သည့်အခါမျှ မိစ္ဆာဒိဋ္ဌိအယူကို လိုက်စားခဲ့သည် မဟုတ်ချေ။ သို့ရာတွင် ထိုရှိုင်တွာန်တို့သာလျှင် မိစ္ဆာဒိဋ္ဌိအယူကို လိုက်စားကြခဲ့၏။ ယင်းရှိုင်တွာန်တို့ပင်လျှင် စုန်းပယောဂအတတ်ကို လူတို့အား သင်ကြားပြသပေးကြလေသည်။ ထို့ပြင်တဝ (ယင်းယဟူဒီ ဘာသာဝင်တို့) ဗာဗိလုံမြို့ရှိ အပါးတော်စေတမန်နှစ်ပါးဖြစ်သော ဟာရူတ်နှင့် မာရူတ်တို့အပေါ်ဝယ် ကျရောက်သည့် စုန်းပယောဂအတတ်ကိုလည်း လိုက်နာဆည်းပူးကြလေသည်။
>
> ထိုအပါးတော်စေတမန် နှစ်ပါးတို့သည် (မိမိတို့ထံ ကျရောက်သော စုန်းပယောဂအတတ်များကို) မည်သူတစ်ဦးတစ်ယောက်ကိုမျှ သင်ကြားပေးလေ့မရှိ။ (သင်ကြားပို့ချပေးပါရန် တောင်းဆိုသူတို့ကို အို–အချင်းတို့) အကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ (အသင်တို့အဖို့) အစမ်းအသပ်တစ်ရပ်အဖြစ်နှင့်သာ ဆင်းသက်ရောက်ရှိလာကြသည်။ အသင်တို့သည် (ဤစုန်းပယောဂ အတတ်ကို ဆည်းပူးလေ့လာပြီး) မိစ္ဆာဒိဋ္ဌိအယူကို မလိုက်စားကြကုန်လင့် (ဟုသွန်သင်ဆုံးမ၍ မြစ်တားကြ

လေသည်)။ သို့မြစ်တားငြားသော်လည်း ယင်းသူတို့သည် ထိုအပါးတော်စေတမန်နှစ်ပါးတို့ထံမှ ဇနီးမောင်နှံနှစ်ဦးကို ပြတ်စဲစေသောအတတ်ကို နည်းခံသင်ယူကြကုန်၏။ စင်စစ်ဆိုသော် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်မရှိဘဲလျက်နှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုအတတ်ဖြင့် ဘေးအန္တရာယ်မပြုနိုင်ကြချေ။ အမှန်သော်ကား ယင်းသူတို့သည် မိမိတို့အား အကျိုးကျေးဇူးမဖြစ်ထွန်းစေဘဲ အကျိုးယုတ်နစ်နာစေတတ်သော စုန်းပယောဂအတတ်ကိုသာ နည်းခံသင်ယူကြလေသည်။ စင်စစ်အားဖြင့် (ထိုကဲ့သို့)အလ္လာဟ်အရှင်မြတ်၏ ကျမ်းမြတ်ဒေသနာတော်ကို ပစ်ပယ်၍ စုန်းပယောဂအတတ်ကို လေ့လာဆည်းပူးသူများအဘို့အရာ နောင်တမလွန်ဘဝတွင် ကုသိုလ်အကျိုး ဝေစုဝေပုံ မရရှိနိုင်ကြောင်းကိုလည်း ယင်းယဟူဒီဘာသာဝင်တို့သည် အသိပင်ဖြစ်ကြသည်။ ထိုယဟူဒီများသည် မိမိတို့အသက်နှင့်ပင် လဲလှယ်၍ လေ့လာလိုက်စားဆည်းပူးထားသော ထိုစုန်းပယောဂအတတ်များသည် ဆိုးယုတ်သိမ်ဖျင်းလှစွာတကား၊ ထိုသူတို့သည် (မိမိတို့၏ဘဝ ဖြစ်အင်ကို) သိကြပါလျှင် ကောင်းလေစွ။ (စူရာ အလ်ဘက္ကရာ ၂း၁၀၂)

ယဟူဒီဂျူးလူမျိုးအချို့သည်၊ နောင်တမလွန်ဘဝတွင် အခွင့်အရေးဆုံးရှုံးကြရမည်ကို သိရှိကြသော်လည်း၊ ပဉ္စလက်မှော်အတတ်အောက်လမ်းပညာကို သင်ယူကျင့်ကြံအသုံးပြုကြကြောင်း ဤအာယသ်တော်တွင် ဖေါ်ပြထားပေသည်။ သို့ဖြင့်၊ သူတို့ထံသို့ ထာဝရဘုရားသခင်က ပို့ချပေးသောတရားဒေသနာစည်းမျဉ်းများမှ လမ်းလွဲသွားကြပြီး၊ သူတို့၏စိတ်နှင့်ဝိညာဉ်တို့သည် မိစ္ဆာဒိဋ္ဌိတို့၏ ပဉ္စလက်မှော်အတတ်ပညာတွင် နစ်မြုပ်သွားကြလေသည်။ သူတို့သည် မကောင်းဆိုးဝါးအတွက် သူတို့ကိုယ်ကိုရောင်းချလိုက်ကြလေပြီ။ တနည်းအားဖြင့် သူတို့၏ယုံကြည်မှုကို ပစ်ပယ်လိုက်ကြလေသည်။

ဤအာယသ်တော်တွင် ဖေါ်ပြထားသောအချက်များသည်၊ ဂျူးလူမျိုးတို့၏သမိုင်းတစ်လျှောက် ဖြစ်ပျက်ခဲ့သောအရေးပါသည့်ပဋိပက္ခကို ဖေါ်ပြလျက်ရှိသည်။ ဤပဋိပက္ခမှာ တမန်တော်များမှတစ်ဆင့် ထာဝရဘုရားသွခင်(အလ္လာဟ်အရှင်မြတ်)က ဂျူးလူမျိုးများကို ချပေးတော်မူသည့်တရားဒေသနာများကို လိုက်နာကျင့်သုံးသည့်ဂျူးလူမျိုးများကတစ်ဘက်နှင့် ဘုရားသွခင်၏အမိန့်ပညတ်ချက်များမှ ဖေါက်ပြန်၍ သူတို့၏ပတ်ဝန်းကျင်ရှိ မိစ္ဆာဒိဋ္ဌိများ၏ယဉ်ကျေးမှုကို အတုယူလိုက်နာကျင့်သုံးသူဂျူးလူမျိုးအချို့တို့ကနောက်တစ်ဘက်အကြား၌ ဖြစ်ပေါ်သောပဋိပက္ခဖြစ်ပေသည်။

## တိုရာကျမ်းတော်တွင် မိစ္ဆာဒိဋ္ဌိသင်ကြားချက်များဖြည့်စွက်ခြင်း
## PAGAN DOCTRINES ADDED TO THE TORAH

ထိုဖေါက်ပြန်သောဂျူးလူမျိုးတို့၏အပြစ်များကို ဂျူးလူမျိုးတို့၏သမ္မာကျမ်းဓမ္မဟောင်းကျမ်းတွင် မကြာခဏဖေါ်ပြထားခြင်းရှိပေသည်။ ဓမ္မဟောင်းကျမ်းအတွင်း ဓမ္မရာဇဝင်တစ်ခုအဖြစ်ပါဝင်သော**နေဟမိမှတ်စာ**တွင် ဂျူးလူမျိုးတို့က သူတို့၏ပြစ်မှုများကိုဝန်ခံ၍ သံဝေဂနောင်တတရားရရှိကြကြောင်း ဖေါ်ပြထားသည်။

ထိုအခါ ဣသရေလ အမျိုးစစ်ဖြစ်သောသူတို့သည် တပါးအမျိုးရှိသမျှတို့နှင့် ကွာ၍၊ ကိုယ့်အပြစ်နှင့် ဘိုးဘေးတို့၏အပြစ်များကိုဖော်ပြတောင်းပန်ကြ၏။ မိမိတို့နေရာ၌ရပ်နေ၍ မိမိတို့ဘုရားသခင်ထာဝရဘုရား၏ ပညတ္တိကျမ်းစာကို နေ့လေးစုတစ်စုဖတ်ကြ၏။ အပြစ်ကိုဖေါ်ပြတောင်းပန်၍ မိမိတို့ဘုရားသခင်ကို နေ့လေးစုတစ်စု ကိုးကွယ်ကြ၏။ ထိုအခါ လေဝိသားယောရှု၊ ဗာနိ၊ ကပ်မျေလ၊ ရှေဗနိ၊ ဗုန္နိ၊ ရှေရဗိ၊ ဗာနိ၊ ခေနာနိတို့သည် ပလ္လင်ပေါ်မှာရပ်၍၊ သူတို့၏ဘုရားသခင် ထာဝရဘုရားအား ကြီးစွာသောအသံနှင့် ကြွေးကြော်ကြ၏။

--(ဤသို့ဆိုကြ၏)--သို့ရာတွင် အမိန့်တော်ကိုနားမထောင်၊ ပုန်ကန်လျက်တရားတော်ကို ကျောနောက်သို့ပစ်ထားကြ၏။ အထံတော်သို့ပြန်လာစေခြင်းငှါ၊ ဆုံးမသောကိုယ်တော်၏ပရောဖက်တို့ကိုသတ်၍အလွန်ပြစ်မှားခြင်းကို ပြုကြ၏။ ထို့ကြောင့် သူတို့ကို နှောင့်ယှက်သောရန်သူလက်သို့

အပ်လိုက်တော်မူ၏။ ဆင်းရဲခံရ၍ ကိုယ်တော်ကို အော်ဟစ်ကြသောအခါ၊ ကောင်းကင်ဘုံက နားထောင်၍၊ ကရုဏာကျေးဇူးတော်ကြွယ်ဝသည့်အတိုင်း၊ ရန်သူလက်မှကယ်လွှတ်သော ကျေးဇူးရှင်တို့ကို ပေါ်ထွန်းစေတော်မူ၏။ တဖန်ချမ်းသာရသောအခါ၊ ရှေ့တော်၌ ဒုစရိုက်ကို ပြုကြပြန်သောကြောင့်၊ ရန်သူအစိုးရမည်အကြောင်း တစ်ဖန်အပ်တော်မူ၏။ သူတို့သည် ပြန်လာ၍ကိုယ်တော်ကို အော်ဟစ်ကြသောအခါ၊ ကောင်းကင်ဘုံက နားထောင်၍၊ ကရုဏာတော်ရှိသည်အတိုင်း အထပ်ထပ်ကယ်တင်တော်မူ၏။ တရားတော်ကို ကျင့်ပြန်စေခြင်းငှါ ဆုံးမတော်မူသော်လည်း၊ သူတို့သည် နားမထောင်၊ မာနထောင်လွှားကြ၏။ ကျင့်သောသူ၌ အသက်ရှင်စရာအကြောင်းဖြစ်သောစီရင်တော်မူချက်တို့ကို လွန်ကျူးကြ၏။ ခိုင်မာသောလည်ပင်းနှင့်ရုန်းလျက် နားမထောင်ဘဲ နေကြ၏။
---သို့ရာတွင် ကိုယ်တော်သည်ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံသောဘုရားဖြစ်၍၊ ကရုဏာတော် ကြွယ်ဝသောကြောင့်၊ သူတို့ကိုရှင်းရှင်းဖျက်ဆီးတော်မမူ၊ စွန့်ပစ်တော်မမူ။
---သို့ဖြစ်၍၊ အိုအကျွန်ုပ်တို့၏ဘုရား၊ ကြီးမြတ်၍ မဟာတန်ခိုးနှင့်ပြည့်စုံကြောက်မက်ဖွယ်သောဘုရား၊ ကရုဏာပဋိညာဉ်တော်ကိုစောင့်တော်မူသောဘုရား၊ အာရှုရိရှင်ဘုရင်လက်ထက်မှစ၍ယနေ့တိုင်အောင်၊ အကျွန်ုပ်တို့ရှင်ဘုရင်၊ မှူးမတ်၊ ယဇ်ပုရောဟိတ်၊ ပရောဖက်၊ ဆွေမျိုးသူကြီး၊ ကိုယ်တော်၏ လူအပေါင်းတို့ပေါ်သို့ ရောက်သော ဘေးဒဏ်ရှိသမျှကိုပမာဏမပြုဘဲနေတော်မမူပါနှင့်။ ကိုယ်တော်မူကားအကျွန်ုပ်တို့ပေါ်သို့ရောက်စေသမျှသောအမှု၌ တရားတော်မူ၏။ အကျွန်ုပ်တို့သည် တရားသဖြင့်သာစီရင်တော်မူပြီ။ အကျွန်ုပ်တို့ရှင်ဘုရင်၊မှူးမတ်၊ ယဇ်ပရောဟိတ်၊ ဆွေမျိုးသူကြီးတို့သည်တရားတော်ကိုမစောင့်။ ပေးထားသောပညတ်များနှင့် သက်သေခံချက်များတို့ကို နားမထောင်ကြ။ ကြီးသောကျေးဇူးကိုပြုလျက်အပ်ပေးတော်မူ၍၊ သူတို့ပိုင်သောနိုင်ငံ၊ သနားတော်မူသောပြည်ကြီး၊ ပြည်ကောင်း၌နေရသော်လည်း၊ အမှုတော်ကိုမဆောင်မရွက်၊ မိမိတို့ပြုသော ဒုစရိုက်ကို မရှောင်ဘဲ နေကြပါ၏။ ဘိုးဘေးတို့သည် အလွန်မြတ်သောအသီးအနှံကိုစားရသောအခွင့်နှင့် သူတို့အားပေးသနားတော်မူသောပြည်၌ အကျွန်ုပ်တို့သည် ယနေ့အစေခံကျွန်ဖြစ်ကြပါ၏။ သူ့ကျွန်ခံရကြပါ၏။ အကျွန်ုပ်တို့အပြစ်ကြောင့်၊ အကျွန်ုပ်တို့ပေါ်မှာ ခန့်ထားတော်မူသော ရှင်ဘုရင်တို့သည် ဤပြည်၌ ကြွယ်ဝစွာဖြစ်သော သီးနှံကို သိမ်းစားမြဲရှိကြပါ၏။ အကျွန်ုပ်တို့၏ကိုယ်နှင့် တိရစ္ဆာန်များကို သူတို့သည် ကိုယ်သဘောအလျောက်အစိုးပိုင်၍၊ အကျွန်ုပ်တို့သည် အလွန်ဆင်းရဲခံလျက်နေရပါသည်ဟုမြွက်ဆိုကြ၏။ (နေဟမိမှတ်စာ ၉း၂–၄၊ ၂၆–၂၉၊ ၃၁–၃၅)

ဤကျမ်းစာပိုဒ်က၊ ယဟူဒီဂျူးလူမျိုးအတော်များများတို့သည်၊ ထာဝရဘုရားသခင်ကို ပြန်လည်ယုံကြည်ကိုးကွယ်ရန်လိုလားကြကြောင်းဖော်ပြပေသည်။ သို့သော်လည်း၊ ဂျူးလူမျိုးတို့၏သမိုင်းတလျှောက်လုံးတွင် ၎င်းတို့နှင့်မတူသည့်အုပ်စုက အင်အားကြီးထွားလာခဲ့ကြပြီး ထာဝရဘုရားသခင်ကိုယုံကြည်သည့်ဂျူးလူမျိုးများကို လွှမ်းမိုးသွား၍ သူတို့၏ဘာသာ သာသနာအချို့အပိုင်းများကိုလည်း လိုချင်သလိုပြောင်းလဲပစ်ကြလေသည်။ ထို့ကြောင့် တိုရာ(တောဝ်ရာသ်ကျမ်း)နှင့် ဓမ္မဟောင်းကျမ်းမှ အခြားကျမ်းများတွင် အထက်တွင်ဖော်ပြခဲ့သည့် ထာဝရဘုရားကို ကိုးကွယ်လိုသည့်အတွေးအခေါ်နှင့်အတူ မိစ္ဆာဒိဋ္ဌိအယူဝါဒများမှ သင်ကြားချက်အယူအဆများ ရောပြွမ်းလျက်ရှိ၏။ (အလ္လာဟ်အရှင်မြတ်သည် ဤဖော်ပြချက်များမှ လွတ်ကင်းတော်မူ၏)။ ဥပမာ၊

- တိုရာ(ဓမ္မဟောင်း)ကျမ်းပထမအစောင်တွင်၊ စကြာဝဠာတစ်ခုလုံးကို ထာဝရဘုရားသခင်က ခြောက်ရက်အတွင်း ဖန်ဆင်းသည်ဟုဆိုထားသည်။ ဤအချက်မှာ နကိုမူလဗျာဒိတ်တော်မှ ယူလာခြင်းဖြစ်၍ မှန်ကန်သည်။ ထို့နောက် ထာဝရဘုရားသခင်သည် ခုနစ်ရက်မြောက်နေ့တွင် အနားယူသည်ဟုဆိုခြင်းသည် လုံးဝလုပ်ကြံဖြည့်စွက်ခြင်းသာ ဖြစ်ပေသည်။ ၎င်းအဆိုသည် ဘုရားမဲ့မိစ္ဆာဒိဋ္ဌိအယူအဆကို ထာဝရဘုရားသခင်၏ ဂုဏ်တော်အာနုဘော်၌ လွဲမှားစွာ ဖြည့်စွက်သည့် ဖေါက်ပြန်ခြင်းသာဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်တစ်ပိုဒ်တွင်၊

**ထိုမှတပါး ဧကန်မလွဲ ငါအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ထိုမိုးများနှင့်မြေကြားရှိ အရာများကိုလည်းကောင်း၊ ခြောက်ရက်အတွင်း**

**ဖန်ဆင်းတော်မူခဲ့၏။ သို့တစေလည်း ငါအရှင်မြတ်၌ ပင်ပန်းနွမ်းနယ်မှုဟူ၍ အလျှင်းသက်ရောက်ခဲ့သည်မရှိချေ။** (စူရာကားဖ် ၅၀း၃၈) ဟု ဆိုထားသည်။

- တိုရာကျမ်း၏အခြားအပိုင်းများတွင်၊ ထာဝရဘုရားသခင်ကို မလေးမစားပြုသည့်အသုံးအနှုန်းဖြင့် ရေးသားထားသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် လူသားတို့၏ပျော့ကွက်များကို ထာဝရဘုရားသခင်၏ ပင်ကိုအရည်အချင်းအဖြစ် မှားယွင်းစွာထည့်သွင်းအသုံးပြုထားသည်။ (ထာဝရဘုရားသခင် အလ္လာဟ်အရှင်မြတ်သည် ၎င်းပျော့ကွက်များနှင့် ကင်းရှင်းပေသည်)။ ထာဝရဘုရားသခင်ကို ဤသို့လူသားတို့၏ပျော့ကွက်များဖြင့် လူတန္ဒန်းသဘောထားခြင်းသည် မိစ္ဆာဒိဋ္ဌိတို့က သူတို့၏စိတ်ကူးယဉ်နတ်ဘုရားများကို လူသဏ္ဌာန်သွင်းခြင်းနှင့် အလားတူပေသည်။
- အစ္စရာအီလီလူမျိုးတို့၏ဘိုးတော် ဂျက်ကော့(နဗီတမန်တော် ယာအ်ကူဘ် အလိုင်းဟေ့ဆလာမ်)က ထာဝရဘုရားသခင်နှင့် ယှဉ်ပြိုင်သတ်ပုတ်ရာ၌ အနိုင်ရရှိသည်ဟု ထာဝရဘုရားသခင်ကို စော်ကားမော်ကား ရေးသားထားသည်။ ဤအချက်သည် အစ္စရာအီလီလူမျိုးများသည် လူမျိုးအရမြင့်မြတ်ကြီးကျယ်ကြောင်းပြလိုခြင်းဖြစ်သည်။ မိစ္ဆာဒိဋ္ဌိလူမျိုးတိုင်းတွင် ဤသို့သောအယူအဆကျယ်ပြန့်လျက်ရှိသည်။ (သို့မဟုတ် တစ်နည်းအားဖြင့်၊ ကုရ်အာန်ကျမ်းတော်မြတ်အသုံးအနှုန်းအရ “တစ်ယူသန် မာန်ဟုန်ပြင်းပြခြင်း”ဖြစ်သည်)။
- ဓမ္မဟောင်းကျမ်းတွင် ထာဝရဘုရားသခင်အား အမျိုးသားပိုင်ဘုရားသခင် – ဆိုလိုရင်းမှာ၊ အစ္စရာအီလီလူမျိုးတို့၏ဘုရားသခင်အဖြစ် သတ်မှတ်လိုသည့်သဘောပါနေသည်။ သို့သော်လည်း၊ ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်သည်၊ စကြာဝဠာတစ်ခုလုံးနှင့်သက်ရှိသတ္တဝါလူသားများအားလုံး၏အရှင်သခင်ဖြစ်သည်။ ဤသို့သောအမျိုးသားပိုင်ဘုရားအဖြစ်သတ်မှတ်ခြင်းသည် မိစ္ဆာဒိဋ္ဌိတို့က သူတို့အမျိုးသားတစ်မျိုးချင်းကကိုးကွယ်သော အမျိုးသားပိုင်နတ်ဘုရားများရှိသည့်ထုံးဓလေ့နှင့် တူညီနေပေသည်။
- ဓမ္မဟောင်းကျမ်းအချို့ (ဥပမာ–ယောရှုမှတ်စာ)တွင်၊ ဂျူးအမျိုးသားမဟုတ်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ပြုကျင့်ရန် အမိန့်ပေးထားသည်။ မိန်းမ၊ ကလေးငယ်နှင့် ဇရာအိုများကိုပါ မချန်ဘဲ အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်ရန် အမိန့်ပေးထားသည်။ ကြင်နာသနားခြင်းကင်းမဲ့ခြင်းသည် ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)၏ တရားမျှတမှုနှင့် လုံးဝဆန့်ကျင်လျက်ရှိသည်။ ဤအမိန့်များသည်၊ စိတ်ကူးယဉ်စစ်နတ်ဘုရားများကို ကိုးကွယ်သည့် မိစ္ဆာဒိဋ္ဌိတို့၏ ရိုင်းစိုင်းရက်စက်မှုများကို ပြန်လည်ဖေါ်ထုတ်ခြင်းသာ ဖြစ်ပေသည်။

တိုရာကျမ်းတွင် ထည့်သွင်းရောစပ်လာသော ဤမိစ္ဆာဒိဋ္ဌိအယူဝါဒများ စတင်ခဲ့သော မူလဘူတလည်း ရှိရမည်။ တိုရာကျမ်း၏ပြင်ပမှ ထုံးတမ်းစဉ်လာများကို လေးစားယုံကြည်သည့် ဂျူး(ယဟူဒီ)လူမျိုးများ အမှန်ပင်ရှိရမည်။ ထိုထုံးတမ်းစဉ်လာများမှ ဆင့်ပွားယူသည့်အတွေးအခေါ်များကို တိုရာကျမ်းတွင် ထည့်သွင်းဖြည့်စွက်ကြခြင်းဖြစ်မည်။ ဤထုံးတမ်းစဉ်လာများ၏ မူလဘူတသည် ရှေးဟောင်းအီဂျစ်ဘုန်းတော်ကြီးများ(ဖါရိုးဘုရင်၏ ပဋ္ဌလက်မှော်ဆရာများ)မှ စတင်ခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ယင်းအတတ်ပညာသည် ဂျူး(ယဟူဒီ)လူမျိုးအများအပြားတို့မှတစ်ဆင့် ဆက်ခံပွားများလာခဲ့သည့် ကဘ္ဘာလာဟ်ပင် ဖြစ်သည်။ ကဘ္ဘာလာဟ်သည် ရှေးဟောင်းအီဂျစ်လူမျိုးများနှင့် အခြားမိစ္ဆာဒိဋ္ဌိများ၏ ပဋ္ဌလက်မှော်အတတ်များကို စုပေါင်း၍ ဂျူးဘာသာထဲသို့ သွတ်သွင်း၍ ယင်းဘာသာအတွင်း၌ ထပ်မံဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။ ကဘ္ဘာလာဟ်သည် တိုရာကျမ်းဂန်အတွင်း မြုပ်အောင်းနေသောလျှို့ဝှက်ချက်များကို ဖေါ်ထုတ်ပေးခြင်းသာ ဖြစ်သည်ဟုဆိုသော်လည်း၊ ဂျူးလူမျိုးသမိုင်းပါရဂူ သီအိုဒိုရိမ်းနက်၏အဆိုအရ **ကဘ္ဘာလာဟ်သည် ဂျူးဘာသာအတွင်းသို့ ညှင်သာစွာစိမ့်ဝင်ခဲ့သောအဆိပ်ဖြစ်၍ နောင်တွင် ဂျူးဘာသာတစ်ခုလုံးတွင် ပျံ့နှံ့သွားပြီးအဆိပ်အတောက်ပြင်းထန်စေခဲ့သည်။**[၂၆]

ဤသို့ဆိုပါက၊ ကဗ္ဗာလာဟ်တွင် ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ ရုပ်ဝါဒအတွေးအခေါ် ပါဝင်နေခြင်းကို လိုက်လံစစ်ဆေးတွေ့ရှိနိုင်ပေလိမ့်မည်။

## ဖန်ဆင်းခြင်းကို ပစ်ပယ်သော ကဗ္ဗာလာဟ်၏ မှားယွင်းသည့် သင်ကြားချက်
## THE KABBALAH'S FALSE DOCTRINE THAT IGNORES THE FACT OF CREATION

မူလတိုရာ(တောင်ရာတ်)ကျမ်းဂန်သည် လူသားများအတွက် အလင်းရောင်ခြည်ဖြစ်စေရန် ထာဝရဘုရားသခင်က ပို့ချပေးတော်မူသောကျမ်းဂန်ဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖေါ်ပြထားပေသည်။


> ဧကန်အမှန် ငါအရှင်မြတ်သည် 'တောင်ရာတ်'ကျမ်းကို ချပေးသနားတော်မူခဲ့၏။ ယင်း'တောင်ရာတ်'ကျမ်းမြတ်တွင် တရားဓမ္မညွှန်ကြားခြင်းနှင့် ရောင်ခြည်တော်သည် ရှိ၏။ (အလ္လာဟ်အရှင်မြတ်၏)အမိန့်တော်များကို လိုက်နာကြကုန်သော နဗီတမန်တော်များသည် ယဟူဒီများအပေါ်၌ ယင်း'တောင်ရာတ်'ကျမ်းမြတ်နှင့်အညီ တရားစစ်ဆေးစီရင်လေ့ရှိခဲ့ကြကုန်၏။ ထိုနည်းတူစွာ ယဟူဒီဘုန်းကြီးရဟန်းတို့နှင့် ပညာရှင်သုခမိန်တို့သည်လည်း ယင်းတောင်ရာတ်ကျမ်းမြတ်နှင့်အညီ တရားစစ်ဆေးစီရင်လေ့ရှိကြကုန်သည်။ အကြောင်းသော်ကား ၎င်း(ဘုန်းကြီးရဟန်းတို့နှင့်ပညာရှင်)တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်(နှင့်အညီ လိုက်နာကျင့်သုံးကြရန်)ကို ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်ပေးတော်မူခြင်း ခံခဲ့ကြသည့်အပြင်၊ ၎င်းတို့သည် ထိုကျမ်းတော်ကို လိုက်နာကျင့်သုံးကြပါမည်ဟု ဝန်ခံသူများလည်း ဖြစ်ခဲ့ခြင်းကြောင့်ပင်။ သို့ဖြစ်ပေရာ (အို–ယဟူဒီအကြီးအကဲအပေါင်းတို့) အသင်တို့သည် လူတို့အား မကြောက်မရွံ့ကြလေနှင့်၊ ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်၊ ၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်၏ မုက္ခပါဌ်တော်များကို အနည်းငယ်မျှသောအဖိုးအခကြေးငွေဖြင့် ရောင်းစားခြင်း မပြုကြကုန်လင့်။ ၎င်းပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ထုတ်ပြန်ချမှတ်တော်မူသည့်(အမိန့်တော်)အတိုင်း တရားစစ်ဆေး စီရင်ဆုံးဖြတ်ခြင်းကို မပြုခဲ့မူ၊ ထိုကဲ့သို့သော သူများသည် "ကာဖိရ်"သွေဖည်ငြင်းပယ်သောသူများပင် ဖြစ်ကြပေသတည်း။ (စူရာအလ်မာအေဒဟ် ၅း၄၄)

ထို့ကြောင့်၊ တိုရာ(တောင်ရာတ်)ကျမ်းသည်လည်း ကုရ်အာန်ကျမ်းတော်မြတ်ကဲ့သို့ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)တည်ရှိကြောင်း၊ အရှင်မြတ်၏အစွမ်းတန်ခိုးအာနုဘော်များ၊ အရှင်မြတ်သည် တစ်ပါးတည်းသောအရှင်မြတ်ဖြစ်တော်မူကြောင်း၊ စကြာဝဠာကို ဖန်ဆင်းကြောင်း၊ လူသားကို ဖန်ဆင်းခြင်း၏အကြောင်းရင်းနှင့် လူသားများလိုက်နာရန် အရှင်မြတ်ချမှတ်ပေးထားသောကိုယ်ကျင့်တရားများ စသည်တို့ ပါရှိပေသည်။ (သို့သော်လည်း၊ နဂိုမူလတိုရာကျမ်းတော်သည် ယနေ့အချိန်တွင် မူလအတိုင်းအပြည့်အစုံ မရှိတော့ချေ။ ယနေ့ရှိနေသောတိုရာကျမ်းသည် ပြောင်းလဲပြင်ဆင်ထားပြီးသော ကျမ်းသာကျန်နေတော့သည်။)

အရေးကြီးသည့်အချက်မှာ၊ နဂိုမူလအတိုင်းမှန်ကန်သောတိုရာကျမ်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်နှစ်ခုစလုံးသည် တူညီသောအချက်များရှိကြသည်။ ၎င်းအချက်များမှာ၊ ထာဝရဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ်အသိအမှတ်ပြုခြင်း၊ ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်သည် လုံးဝဥဿုံပရမတ်ဖြစ်ခြင်း၊ အစကနဦးကတည်းကစ၍တည်ရှိခြင်း၊ အရှင်မြတ်မှအပ အခြားသောအရာများအားလုံးကို အရှင်မြတ်က ဗလာနတ္ထိအခြေအနေမှဖန်ဆင်းထားခြင်း၊ စကြာဝဠာတစ်ခုလုံးနှင့်အတူ၊ မိုးနှင့်မြေကြီး၊ ကြယ်လနက္ခတ်တာရာ၊ သက်မဲ့ပစ္စည်းများ၊ လူသားများ

နှင့်အခြားသက်ရှိပစ္စည်းများအားလုံးကို ထိုအရှင်မြတ်ကဖန်ဆင်းထားခြင်း၊ ထာဝရဘုရားသခင်သည် တစ်ပါးတည်းတည်ရှိခြင်း၊ စသည့်အချက်များတွင် တူညီကြပေသည်။

ဤအမှန်တရား၏နောက်တစ်ဘက်တွင်၊ ကဗ္ဗာလာဟ်တွင် မတူညီကွဲပြားသောဖော်ပြချက်များကို တွေ့ရှိရပေသည်။ ဂျူးဘာသာအတွင်းသို့ ညှင်သာစွာစိမ့်ဝင်ခဲ့သောအဆိပ်ဖြစ်၍




စကြာဝဠာနှင့် သက်ရှိပစ္စည်းတို့၏မူလအစနှင့်ပတ်သက်၍ ကဗ္ဗာလာဟ်သွန်သင်ချက်များသည်၊ စိတ်ကူးယဉ်ဒဏ္ဍာရီဇာတ်လမ်းများနှင့်ပြည့်နက်လျက်ရှိပြီး၊ ဘာသာတရားကျမ်းဂန်များတွင် ဖော်ပြထားသောအချက်များနှင့် လုံးဝဆန့်ကျင်လျက်ရှိသည်။

နောင်တွင် ဂျူးဘာသာတစ်ခုလုံးတွင် ပျံ့နှံ့သွားပြီးအဆိပ်အတောက်ပြင်းထန်စေခဲ့သည့် ကဗ္ဗာလာဟ်ပညာတွင်၊ တိုရာကျမ်းအစစ်နှင့်ကုရ်အာန်ကျမ်းပါ ဖန်ဆင်းခြင်းအချက်များနှင့် ခြားနားလျက်ရှိသည်။ အမေရိကန် သုတေသနပညာရှင် လန်းစ် အက်စ် အိုဝင်က ကဗ္ဗာလာဟ်နှင့်

ပတ်သက်သော သူ၏စာတမ်းတစ်ခုတွင်၊ ကဗ္ဗာလာဟ်မည်သို့အစပြုလာနိုင်ခဲ့သည် ဟူသော အမြင်ကို အောက်ပါအတိုင်း တင်ပြထားပေသည်။ (အလ္လာဟ်အရှင်မြတ်သည် ထိုယူဆချက်များနှင့် အမှန်ပင်ကင်းရှင်းပါ၏)။

> ကဗ္ဗာလာဟ်ဆိုင်ရာအတွေ့အကြုံသည် မိုးကျကျမ်းဂန်နှင့်ပတ်သက်သောသဘောထားအများအပြားပေါက်ဖွားလာခဲ့စေသည်။ ၎င်းတို့အနက် အများအားဖြင့် သမရိုးကျအသင်းတော်၏ အမြင်သဘောထားနှင့် ကွာခြားပေသည်။ အစ္စရာအီလီလူမျိုးတို့၏ယုံကြည်မှုရေသောက်မြစ်သည် "ကျွန်ုပ်တို့၏ ထာဝရဘုရားသခင်သည် တစ်ပါးတည်းသာရှိ၏"ဟူသောကြေညာချက်ဖြစ်သည်။ ထာဝရဘုရားသခင်သည် အဆုံးမရှိ ပြောပြရှင်းပြ၍မရနိုင်လောက်အောင် မြင့်မားလွန်းသည့် အဆင့်တွင် တစ်ပါးတည်းရှိနေသည်။ ၎င်းကို ကဗ္ဗာလာဟ်ကျမ်းက *အိန်းဆော့ဖ်*(**Ein Sof**)–အဆုံးမရှိသောအရှင်ဟု ခေါ်ထားသည်။ လူသားတို့သည် ထိုအရှင်ကို သိရှိနားလည်နိုင်လောက်သောအသိဉာဏ်အစွမ်းမရှိသဖြင့်၊ အရှင်မြတ်၏ကိုယ်စား ဘုရားအဆူဆူကို ပေါ်ထွန်းစေရသည်၊ ထို့ကြောင့် ဘုရားပေါင်းအမြောက်အမြား ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ကဗ္ဗာလာဟ်က ထပ်မံဖြည့်စွက်ထားသည်။ ထာဝရဘုရားသခင်၏ကိုယ်စားလှယ်ဖြစ်သည့် ထိုဘုရားငယ် ဘုရားပွားများကို ကဗ္ဗာလာဟ်ကိုယုံကြည်သူတို့က *ဆေဖီရွတ်*(**Sefiroth**)ဟု ခေါ်ကြသည်။ ထာဝရဘုရားသခင်သည် လူသားအနေဖြင့်နားလည်သဘောပေါက်နိုင်ခြင်းမရှိသည့် တစ်ပါးတည်းတည်ရှိရာမှ များစွာသောဘုရားပွားများအဖြစ်သို့ ပြောင်းလဲလာခဲ့သည့်ပုံစံကို ကဗ္ဗာလာဟ်က အယူအဆရှုထောင့်အမျိုးမျိုးဖြင့် အကျယ်တဝင့်ဆန်းစစ်ရှင်းလင်းပြထားပေသည်။ ဤဗဟုဝစ်ဘုရားပွားများသည် ဘုရားမြောက်များစွာကိုကိုးကွယ်ခြင်းဖြစ်သည်ဟူသောစွပ်စွဲချက်နှင့်ပတ်သက်၍၊ ကဗ္ဗာလာဟ်ကိုယုံကြည်ဆည်းပူးသူတို့က၊ လုံးဝအောင်မြင်စွာမဟုတ်သော်လည်း အင်မတန်ပြင်းပြင်းထန်ထန်ညင်းဆိုတန်ပြန်ကြပေသည်။
>
> ကဗ္ဗာလာဟ်တရားကျင့်နည်းအရ ကမ္ဘဌာန်းထိုင်ခြင်းဖြင့်ထာဝရဘုရားသခင်အမြောက်အမြား ရှိသည်ဟု ထိုးထွင်းသိမြင်ခြင်းသာမက၊ ဖခမည်းတော်ဘုရားသခင်နှင့် အမိမယ်တော်ဘုရားသခင်ဟူ၍ လိင်အရ နှစ်ဆူနှစ်ပါးအဖြစ် ပထမဆုံးပေါ်ပေါက်လာသည်ဟု ဆိုသည်။ ၎င်းခမည်းတော်နှင့် မယ်တော်ကို *ဟုခ်မာနှင့်ဘီနာဟ်*(**Hokhmah and Binah**) ဟု မှည့်ခေါ်ထားသည်။ ၎င်းဖခမည်းတော်ဘုရားသခင် *ဟုခ်မာ* နှင့် မယ်တော်ဘုရားသခင် *ဘီနာဟ်* တို့၏စပ်ယှက်ခြင်းဖြင့် ဖန်ဆင်းခြင်း ဆက်လက်ဖြစ်ပေါ်လာသည်။––[၂၇]

ဤစိတ်ကူးယဉ်ဘာသာအယူဝါဒတွင် သတိထားရမည့်စိတ်တန်ခိုးဆန်သည့် ယူဆချက်တစ်ချက်မှာ၊ လူသားတို့သည် ဖန်ဆင်းထားသောသက်ရှိသတ္တဝါမဟုတ်သည်သာမက၊ အချို့မှာ နတ်ဘုရားများအဆင့်ရှိသည် ဟူသောအချက်ဖြစ်သည်။ ဤဒဏ္ဍာရီဆန်ဆန်အယူအဆနှင့် ပတ်သက်၍ အိုဝင်က အောက်ပါအတိုင်း ရှင်းပြထားသည်။

> ကဗ္ဗာလာဟ်ကျမ်းအဆိုတွင်၊ ထာဝရဘုရားသခင်၏ပုံသဏ္ဍာန်ကို တစ်ပါးတည်းသော အရှင်အဖြစ်ရှုမြင်သော်လည်း လူသားများနှင့်အလားတူသည့်ပုံသဏ္ဍာန်အဖြစ် ရှင်းပြထားသည်။ ဥပမာ၊ ထာဝရဘုရားသခင်သည် ကမ္ဘာဦးလူသား သို့မဟုတ် သမားရိုးကျလူသား *အာဒမ်ကဒ်မွန်* ဖြစ်သည်ဟု ဆိုထားသည်။ **လူသားသည် ပင်ကိုအရနှင့် ရှုပ်ထွေးနက်နဲသောဇီဝအခြေခံတွင် ထာဝရဘုရားသခင် နှင့်တူညီမှုရှိသည်။** ဤကဲ့သို့ *အာဒမ်နှင့်ယေဟောဝါ*တို့ကို ထူးထူးဆန်းဆန်းနှိုင်းယှဉ်ဒွန်တွဲထားခြင်းကို (ဗေဒင်တွက်နည်းဆန်သည့်)ကဗ္ဗာလာဟ်တွက်ချက်နည်းဖြစ်သည့် *ယွဒ်ဟေ ဗာဗ်ဟေ* (***Yod he vav he***)ခေါ် တွက်ချက်နည်းဖြင့် ကိန်းဂဏန်း ၄၅ အဖြစ် တွက်ချက်ဖော်ထုတ်ထားသည်။ ဤသို့ဖြင့် **ကဗ္ဗာလာဟ် အဖွင့်ဋီကာကျမ်းအဆိုတွင် ယေဟောဝါသည် အာဒမ်နှင့်တန်းတူ၍** အာဒမ်သည် ထာဝရဘုရားသခင်ဖြစ်သည်ဟု အကျယ်ဖွင့်ဆိုထားသည်။ ဤအဆိုအရ လူသားတိုင်းသည် အမြင့်ဆုံးအဆင့်၌ ထာဝရဘုရားသခင်နှင့် တန်းတူဖြစ်သည်။[၂၈]

မိစ္ဆာဒိဋ္ဌိဒဏ္ဍာရီအယူအဆရောထွေးပါဝင်သည့် ဤဖေါက်ပြန်လွဲချော်သည့်ဘာသာရေးအတွေးအခေါ်ကပင် ယဟူဒီ(ဂျူး)ဘာသာ ဆုတ်ယုတ်သွားစေသည့် အခြေခံဖြစ်သည်။ အချို့သောကဗ္ဗာလာဟ်ပညာရှိတို့က သာမန်လူ့အသိတရားထက်ကျော်လွန်၍ လူသားများကို ဘုရားအဆင့်အထိ သတ်မှတ်ကြသည်။ ဤဖေါက်ပြန်လွဲမှားသောဘာသာယုံကြည်ချက်တွင်၊ လူသားသည် နတ်ဘုရားအဆင့်ရှိသည်ဟု ယုံကြည်သည်သာမက၊ ထိုလူသားများသည်လည်း ဂျူးလူမျိုးများသာဖြစ်သည်ဟု ယုံကြည်သည်။ အခြားလူမျိုးများကို လူသားအဖြစ် မသတ်မှတ်ချေ။

ထို့ကြောင့်၊ တစ်ပါးတည်းသောထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)ကို ခဝပ်ကိုးကွယ်ခြင်းတွင် မိစ္ဆာဒိဋ္ဌိယုံကြည်မှုနှင့်ကျင့်ကြံမှုများက အစားထိုးသွားတော့သည်။ ဤလွဲမှားသောယုံကြည်ချက်များက တိုရာကျမ်းကို မူလဘာသာအယူဝါဒကိုယ်ကျင့်တရားများနှင့် ဒွန်တွဲနိုင်းယှဉ်၍မရနိုင်သည်အထိ ဖေါက်ပြန်လွဲမှားအောင် ပြင်ဆင်ကြလေသည်။

ကဗ္ဗာလာဟ်၏ ဖေါက်ပြန်သောသင်ကြားချက်များသည် ရှေးဟောင်းအီဂျစ်လူမျိုးများ၏ မိစ္ဆာဒိဋ္ဌိအတွေးအခေါ်နှင့် ဆင်တူနေခြင်းသည်လည်း စိတ်ဝင်စားဖွယ်အချက်တစ်ချက်ဖြစ်သည်။ ဒြပ်ဝတ္ထုပစ္စည်းသည် နကိုကတည်းကအစဉ်အမြဲထာဝရတည်ရှိလာခဲ့ကြောင်း၊ ဗလာနတ္ထိအလျှင်းမရှိရာမှ ဖန်ဆင်းထားခြင်းမဟုတ်ကြောင်း ယုံကြည်သည့်၊ တစ်နည်းအားဖြင့် ဖန်ဆင်းခြင်းကို ပစ်ပယ်သည့်၊ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ မိစ္ဆာဒိဋ္ဌိအယူဝါဒနှင့်ပတ်သက်၍ လွန်ခဲ့သောစာမျက်နှာများ၌ အတော်များများဆွေးနွေးခဲ့ကြလေပြီ။ ကဗ္ဗာလာဟ်၏အချို့အပိုဒ်များတွင် လူသားများနှင့်ပတ်သက်၍ ထိုအယူအဆကို ထည့်သွင်းထားသည်။ ထိုမှားယွင်းချက်မှာ၊ လူသားသည် ဖန်ဆင်းထားသည့်အရာမဟုတ်၊ လူသားသည် မိမိ၏အသက်ရှင်တည်ရှိရေးသည် လူသားတွင်သာ တာဝန်ရှိသည်ဟု ဆို၏။

ခေတ်သစ်ဝေါဟာရနှင့်ဖေါ်ပြမည်ဆိုပါက၊ လူသားကိုသာပဓါနအခြေပြုထားသော လောကီရေးသက်သက်ဝါဒ (secular humanism) ဖြစ်သည်။

ဤမှားယွင်းလွဲချော်သောရုပ်ဝါဒနှင့် လူသားကိုသာပဓါနအခြေပြုထားသော လောကီရေးသက်သက်ဝါဒအယူအဆတို့က လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာခန့် ကမ္ဘာ့လူသားအများစုအား သြဇာလွှမ်းမိုးခဲ့သည့်အတွေးအခေါ်ကို သတ်မှတ်ပေးခဲ့ခြင်းသည်လည်း စိတ်ဝင်စားဖွယ် မှတ်သားဖွယ်အချက်ဖြစ်ပေသည်။

ထို့ကြောင့်၊ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ သင်ကြားချက်များနှင့် အလားတူရှေးကျသည့် ကဗ္ဗာလာဟ်ကျမ်းများကို ယနေ့ခေတ်အထိ ယူဆောင်လာခဲ့သည့် အင်အားစုရှိပါသလားဟု ရဲရဲတင်းတင်းမေးနိုင်ပါသည်။

## တင်ပလာစစ်သူရဲကောင်းများမှတစ်ဆင့် မေဆွန်များသို့
## FROM THE TEMPLARS TO THE MASONS

အထက်ကစာမျက်နှာများတွင်၊ တင်ပလာစစ်သူရဲကောင်းများနှင့်ပတ်သက်၍ ဖေါ်ပြခဲ့စဉ်က၊ ခရူးဆိတ်စစ်သူရဲကောင်းအုပ်စုသည် ဂျေရုဆာလင်မြို့တော်ကြီး၌ သူတို့တွေ့ရှိခဲ့ကြသည့် "လျှို့ဝှက်ချက်"များကြောင့်၊ ခရစ်ယာန်ဘာသာယုံကြည်ချက်ကိုပစ်ပယ်ပြီး အောက်လမ်းပညာပဉ္စလက်မှော်အတတ်နှင့်ပတ်သက်သည့် ပူဇော်ပသခြင်းများကို လိုက်နာကျင့်သုံးသွားကြကြောင်း ထည့်ပြောခဲ့ပါသည်။ ထိုလျှို့ဝှက်ချက်များသည် ကဗ္ဗာလာဟ်နှင့်ပတ်သက်ဆက်နွယ်နေသည်ဟု သုတေသီအများကလည်း သဘောတူကြကြောင်းကိုလည်း ဖေါ်ပြခဲ့ပါသည်။ ဥပမာ ပြင်သစ်လူမျိုးစာရေးဆရာ အယ်လီဖတ် လေဗီ၏ *Histoire de la Magie* (ပဉ္စလက်မှော်အတတ်၏သမိုင်း) ဟူသောစာအုပ်တွင် တင်ပလာစစ်သူရဲကောင်းတို့က ကဗ္ဗာလာဟ်ပညာကို စတင်ဖေါ်ထုတ်ခဲ့ကြကြောင်း ပါရှိသည်။ သူတို့သည် ၎င်းပညာရပ်ကို အထူးပြုလေ့လာလေ့ကျင့်ခဲ့ကြသည်။[၂၉] ထို့ကြောင့် ရှေးဟောင်းအီဂျစ်နိုင်ငံတွင် အခြေခံသော ပညာရပ်သည် ကဗ္ဗာလာဟ်မှတစ်ဆင့် တင်ပလာစစ်သူရဲကောင်းများထံသို့ လွှဲပြောင်းရောက်ရှိသွားပေသည်။

*Foucault's Pendulum* (ဖိုးကော့၏ချိန်သီး)အမည်ရှိသောစာအုပ်တွင် အီတာလီလူမျိုးဝတ္ထုစာရေးဆရာ ဦး ဘာတို အီကိုက အဖြစ်အပျက်ဇာတ်လမ်းတစ်ခုလုံးတွင် ဤအကြောင်းနှင့်ပတ်သက်သည့်အချက်အလက်များကို ဖေါ်ပြထားသည်။ ကဗ္ဗာလာဟ်ကျမ်းက တင်ပလာစစ်သူရဲကောင်းတို့ကို မည်သို့သြဇာညောင်း၍ ကဗ္ဗာလာကျမ်းကို လိုက်စားကျင့်ကြံသူတို့ကလည်း

ရှေးဟောင်းအီဂျစ်ဖါရိုးဘုရင်များခေတ်အထိ ရှေးကျသောလျှို့ဝှက်ချက်များကို ပိုင်ဆိုင်ကြကြောင်း ဝတ္ထုတလျှောက်လုံးတွင် သူ၏ဝတ္ထုဇာတ်ကောင်များမှတစ်ဆင့် ပြောပြသွားသည်။

အီကို၏အဆိုအရ၊ ထင်ရှားသောဂျူးလူမျိုးခေါင်းဆောင်အချို့တို့သည် ရှေးဟောင်းအီဂျစ်လူမျိုးများထံမှ လျှို့ဝှက်ပညာများကိုသင်ယူဆည်းပူး၍ ဓမ္မဟောင်းကျမ်း၏ ပထမငါးစောင် **(Pentateuch)**တွင် ဖြည့်စွက်သွတ်သွင်းကြသည်။ ၎င်းလျှို့ဝှက်ချက်များကို ကဗ္ဗာလာဟ်ကျမ်းကို သီးခြားလေ့လာကျင့်ကြံတတ်မြောက်သူများကသာလျှင် သဘောပေါက်နိုင်သည်။ (နောက်ပိုင်းတွင် စပိန်နိုင်ငံ၌ရေးသားသော ဇိုဟာရ်ကျမ်းသည် ကဗ္ဗာလာဟ်ကျမ်းများ၏ အခြေခံကျမ်းဖြစ်လာပြီး ထိုကျမ်းငါးစောင်၌ပါရှိသော လျှို့ဝှက်ချက်များနှင့်ပတ်သက်၍ အသေးစိတ် ရေးသားထားသည်။) ကဗ္ဗာလာဟ်ကျမ်းကို လေ့လာသူတို့က ၎င်းရှေးဟောင်းအီဂျစ်လူမျိုးတို့၏ လျှို့ဝှက်ချက်များကို ဖတ်ရှုလေ့လာကြောင်း ဖေါ်ပြပြီးနောက်၊ တင်ပလာစစ်သူရဲကောင်းတို့သည် ဆောလမွန်ကျောင်းတော်ကြီး၏ ဂဲသြမေတြီအတိုင်းအတာများမှ လျှို့ဝှက်ချက်များကိုလည်း ဂျေရုဆာလင်မြို့တော်မှ ကဗ္ဗာလာဟ်ကျမ်းကိုကျွမ်းကျင်သည့် ရဗီဘုန်းကြီးများထံမှ လေ့လာဆည်းပူးခဲ့ကြသည်ဟု အီကိုကဆက်လက်ရေးသားထားသည်။

> ကျောင်းတော်ကြီးတွင် အပြည့်အစုံပါရှိနေပြီးဖြစ်သောလျှို့ဝှက်ချက်များကို ပါလက်စတိုင်းနိုင်ငံတွင် ကျန်ရစ်ခဲ့သော ရဗီဘုန်းကြီးအချို့သာသိကြ၍––၎င်းတို့ထံမှ တင်ပလာစစ်သူရဲကောင်းတို့က သင်ယူခဲ့ကြသည်။[၃၀]

တင်ပလာစစ်သူရဲကောင်းများက ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ကဗ္ဗာလာဟ်သင်ကြားချက်များကို လက်ခံကျင့်သုံးသောအခါ၊ ဥရောပတိုက်ကို လွှမ်းမိုးထားသောခရစ်ယာန်ဘာသာနှင့် အလိုအလျောက် ပဋိပက္ခဖြစ်လေသည်။ ဤပဋိပက္ခသည် နောက်ထပ်အင်အားစုတစ်ခုဖြစ်သည့် အချို့သောဂျူးလူမျိုးတို့နှင့်အတူ ဝိုင်းခံရခြင်းဖြစ်သည်။ ၁၃၀၇–ခုနှစ်တွင်၊ ပြင်သစ်ဘုရင်နှင့် ပုပ်ရဟန်းမင်းကြီးတို့၏ပူးတွဲအမိန့်ဖြင့် တင်ပလာစစ်သူရဲခေါင်းတို့ကို ဖမ်းဆီးသည့်အချိန်တွင်၊ တင်ပလာဂိုဏ်းသည် မြေအောက်ရောက်သွားသော်လည်း၊ သူတို့၏သြဇာလွှမ်းမိုးမှုမှာ ဆက်လက်ရှိနေပေသည်။ ထိုကျန်ရှိနေသည့်သြဇာလွှမ်းမိုးမှုသည် ယွှင်ကထက် ပိုမိုစိတ်အားထက်သန်၍ ပိုမိုပြင်းထန်အစွန်းရောက်သောနည်းသို့ပင် ပြောင်းလဲသွားလေသည်။

အထက်တွင် ပြောခဲ့သည့်အတိုင်း၊ တင်ပလာစစ်သူရဲကောင်းအတော်များများတို့သည် စကော့တလန်ဘုရင်ထံ အခစားဝင်၍အသနားခံခိုလုံခဲ့ကြသည်။ စကော့တလန်ဘုရင်သည် ထိုအချိန်က ပုပ်ရဟန်းမင်းကြီး၏အာဏာစက်ကို ငြင်းပယ်သည့်ဥရောပတိုက်မှ တစ်ပါးတည်းသောဘုရင်ဖြစ်သည်။ စကော့တလန်တွင် တင်ပလာစစ်သူရဲကောင်းတို့သည် တံတိုင်းဆောက်လုပ်ရေးအဖွဲ့အစည်းထဲသို့ စိမ့်ဝင်ကြပြီး နောင်မကြာမီအတွင်း သြဇာလွှမ်းမိုး၍ သိမ်းပိုက်လိုက်ကြလေသည်။ ထိုအဖွဲ့အစည်းက တင်ပလာစစ်သူရဲကောင်းတို့၏ ထုံးဓလေ့များကို ဆက်ခံကျင့်သုံးလိုက်ကြသည်။ သို့ဖြင့်၊ မေဆွန်ရီမျိုးစေ့ကို စကော့တလန်နိုင်ငံ၌ ချခဲ့ကြလေသည်။ ယွှုအချိန်တွင်ပင်၊ မေဆွန်ရီအဖွဲ့၏သွေးကြောမ အဆက်သည် "ရှေးကျသောစကော့တလန်ထုံးဓလေ့ကို လက်ခံကျင့်သုံးသည်"။

မေဆွန်အဖွဲ့သစ် *(The New Masonic Order)* ဟူသောစာအုပ်တွင် အသေးစိတ်လေ့လာတင်ပြခဲ့သည့်အတိုင်း၊ တစ်ဆယ့်လေးရာစုနှစ်အစပိုင်းမှစတင်၍ တင်ပလာစစ်သူရဲကောင်းများ၏ ခြေရာကို ကောက်နိုင်ခဲ့ပေသည်။ ၎င်းပြင် ဥရောပသမိုင်း၏ အဆင့်များစွာတွင်လည်း ထိုတင်ပလာစစ်သူရဲကောင်းများနှင့် ဂျူးလူမျိုးတို့ပူးပေါင်းဆောင်ရွက်မှုရှိကြလေသည်။ ယွှုတဖန်အသေးစိတ်လေ့လာခြင်းမပြုတော့ဘဲ ကျွန်ုပ်တို့၏လေ့လာချက် ခေါင်းစဉ်အချို့ကို ဖေါ်ပြအပ်ပါသည်။

- ပြင်သစ်နိုင်ငံ၊ ပရောဗင့်နယ်တွင် တင်ပလာတို့ခိုအောင်းခဲ့သည့်နေရာတစ်ခုရှိသည်။ သူတို့ကို လိုက်လံဖမ်းဆီးခဲ့ကြစဉ်က ဤနေရာတွင် အများအပြားခိုအောင်းလွတ်မြောက်ခဲ့ကြသည်။ နောက်ထပ်အရေးကြီးသည့်အချက်တစ်ချက်မှာ၊ ထိုဒေသ

သည် ကဘ္ဘာလာဟ်ကျမ်းပညာနှင့်ပတ်သက်၍ ဥရောပတိုက်တွင်အကျော်ကြားဆုံး ဒေသဖြစ်သည်။ နှုတ်တိုက်ဆက်ခံလာခဲ့သောကဘ္ဘာလာဟ်ကျမ်းကို ပရောဗင့်နယ်တွင် စာအုပ်အဖြစ်ပထမဦးဆုံးရိုက်နှိပ်ခဲ့သည်။

- ၁၃၈၁–ခုနှစ်တွင် တောင်သူလယ်သမားတို့ တော်လှန်ပုန်ကန်ခဲ့ခြင်းသည် လျှို့ဝှက်အဖွဲ့အစည်းတစ်ခုက ဆွပေးသောကြောင့်ဖြစ်သည်ဟု သမိုင်းပါရဂူတို့က ဆိုကြသည်။ မေဆွန်ရီအဖွဲ့၏သမိုင်းကို လေ့လာသူကျွမ်းကျင်သည့်ပညာရှင်တို့က ထိုလျှို့ဝှက်အဖွဲ့သည် တင်ပလာစစ်သူရဲကောင်းအဖွဲ့ဖြစ်သည်ဟု ဆိုကြသည်။ ထိုထကြွပုန်ကန်မှုသည် တောင်သူလယ်သမားပြည်သူတို့ရိုးရိုးပုန်ကန်ခြင်းသာမကဘဲ ခရစ်ယာန်သာသနာ ကာသောလိတ်ဂိုဏ်းကို တိုက်ခိုက်ခြင်းဖြစ်သည်။[၃၁]
- ဤပုန်ကန်မှုဖြစ်ပေါ်၍ ရာစုနှစ်ထက်ဝက်ကြာညောင်းပြီးနောက် ဘိုဟီးမီယားနိုင်ငံမှ ဂျွန်ဟပ်စ် အမည်ရှိဘုန်းတော်ကြီးတစ်ပါးက ခရစ်ယာန်ဘာသာ ကာသောလိတ်အသင်းတော်ကို ပုန်ကန်ထကြွအောင် စတင်ပေးလိုက်သည်။ ဤပုန်ကန်ထကြွမှု၏နောက်ကွယ်မှာလည်း တင်ပလာစစ်သူရဲကောင်းတို့ရှိနေပြန်သည်။ ထို့ထက်မက ဟပ်စ်သည် ကဘ္ဘာလာဟ်ကိုအလွန်စိတ်ဝင်စားသူတစ်ဦးဖြစ်နေပြန်သည်။ သူ၏ကဘ္ဘာလာဟ်ဆိုင်ရာပညာရပ်သင်ကြားချက်များကို ဖွံ့ဖြိုးစေရာ၌ အဗီဂ်ဒေါ ဘင်အိုက်ဇက် ကာရာသည် အရေးကြီးဆုံးနှင့်သြဇာသက်ရောက်မှုအများဆုံးပေးဆောင်သူဖြစ်သည်။ ကာရာသည် ပရေးဂ်မြို့ကြီးမှ ဂျူးလူမျိုးရဗ်ဗီ (ဂျူးဘာသာဘုန်းတော်ကြီး)ဖြစ်သည်။[၃၂]
- ဤဥပမာများက ဥရောပတိုက် လူမှုရေးဖွဲ့စည်းပုံပြောင်းလဲမှုဆိုင်ရာဦးဆောင်မှုတွင် တင်ပလာစစ်သူရဲကောင်းများနှင့် ကဘ္ဘာလာအတတ်ပညာရှင်တို့၏ ပူးတွဲယိုင်းပင်းမှုရှိကြောင်း ပြဆိုသည့်လက္ခဏာများဖြစ်ပေသည်။ ဤပြောင်းလဲမှုသည် ဥရောပတိုက်၏ ခရစ်ယာန်သာသနာဆိုင်ရာယဉ်ကျေးမှုအခြေခံပြောင်းလဲမှုလည်း ပါဝင်ပေသည်။ ၎င်းနေရာတွင် ကဘ္ဘာလာဟ်ကဲ့သို့သော မိစ္ဆာဒိဋ္ဌိအယူဝါဒတွင် အခြေခံသည့် ယဉ်ကျေးမှုများက အစားထိုးသည်။ ယဉ်ကျေးမှုပြောင်းလဲသည်နှင့်တပြိုင်တည်း နိုင်ငံရေးပြောင်းလဲမှုလည်း လိုက်ပါလာလေသည်။ ပြင်သစ်နှင့် အီတာလီတော်လှန်ရေးများဖြစ်ပေါ်ခြင်း၏ အကောင်းဆုံးဥဒါဟရုန်များဖြစ်သည်။–––

ရှေ့လာမည့်အခန်းတွင်၊ ဥရောပတိုက်သမိုင်းတွင် ဖြစ်ပျက်ခဲ့သောအဓိကပြောင်းလဲချက်များကို လေ့လာကြပါမည်။ ဥရောပတိုက်တစ်ခွင်လုံးတွင် ခရစ်ယာန်အမွေအနှစ်ကို ပစ်ပယ်၍ လောကီရေးသီးသန့်အတွေးအခေါ်ဖြင့် အစားထိုးပြီး၊ လူတို့အား ဘာသာသနာကသင်ကြားသောကိုယ်ကျင့်တရားများမှဝေးကွာစေရန် ကြိုးပမ်းသည့်အင်အားစုရှိနေခြင်းနှင့် လေ့လာမှုအဆင့်တိုင်းတွင် အမြဲတစေရင်ဆိုင်ကြရပေသည်။ ဤအင်အားစုသည် ဥရောပတိုက်အား ရှေးဟောင်းအီဂျစ်နိုင်ငံမှဆင်းသက်လာသော အတွေးအခေါ်လမ်းစဉ်ကို ခံယူကျင့်သုံးရန် ကဘ္ဘာလာဟ်မှတစ်ဆင့်ကြိုးပမ်းသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ဤအတွေးအခေါ်လမ်းစဉ်၏အခြေခံတွင် လောကီရေးသက်သက်ဝါဒနှင့် လူသားကိုသာပဓါနအခြေပြုသောခံယူချက် နှစ်ရပ်ပါဝင်လျက်ရှိပေသည်။

ပထမဦးစွာ လူသားကိုပဓါနအခြေပြုသောဝါဒကို လေ့လာကြည့်ကြပါစို့။




ဆောလမွန်ဘုရင်၏ကျောင်းတော်ပုံစံတစ်ခု။ တင်ပလာစစ်သူရဲကောင်းများနှင့် မေဆွန်တို့က၊ ဆောလမွန်ဘုရင်နှင့်ပတ်သက်သော သူတို့၏အယူသီးခြင်းကြောင့်၊ ဤကျောင်းတော်တွင် ရှေးဟောင်းမိစ္ဆာဒိဋ္ဌိခေတ်မှဆက်ခံခဲ့သော "လျှို့ဝှက်ချက်"ရှိသည်ဟု ယုံကြည်ကြသည်။ ဤအချက်ကြောင့် မေဆွန်စာပေများတွင် ဆောလမွန်ဘုရင်၏ကျောင်းတော်နှင့်ပတ်သက်၍ အထူးအလေးအနက်ထား၍ ရေးသားကြခြင်းဖြစ်သည်။




## III. HUMANISM REVISITED

လူသားကိုပဓါနထားသောဝါဒကို လူအများအားဖြင့် ကောင်းသောအတွေးအခေါ်အဖြစ် ယူဆကြသည်။ လူသားများကိုချစ်ခင်ခြင်း၊ ငြိမ်းချမ်းခြင်းကိုချစ်ခင်ခြင်းနှင့် ညီနောင်စိတ်ဓါတ်မွေးမြူခြင်း၊ ဟူသောအချက်များကို သင်ကြားအားပေးသည်ဟု ဆိုသည်။ သို့သော်လည်း၊ လူသားကိုပဓါနထားသောဝါဒသည် ပိုမိုထင်ရှားအရေးပါသောလူသားပဓါနအခြေပြုဝါဒအတွေးအခေါ်ဖြစ်၍ လူသားကိုသာလျှင်အချက်အချာပန်းတိုင်းအဖြစ်ထားသည့် ခံယူချက်ဖြစ်သည်။ တစ်နည်းအားဖြင့်၊ လူသားများကို ဖန်ဆင်းရှင်အားကျောခိုင်း၍၊ မိမိ၏တည်ရှိရေးနှင့် ကိုယ်ပိုင်လက္ခဏာအတွက်သာလျှင် ပူပန်ရန်ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ သာမန်အဘိဓါန်တွင်၊ လူသားပဓါနအခြေပြုဝါဒကို "သဘာဝလွန်တန်ခိုးဣဒ္ဓိပါဒ်ဩဇာအာဏာထက် လူသားတို့တွင်ရှိသောပင်ကိုတန်ဘိုး၊ အင်္ဂါရပ်လက္ခဏာနှင့် ပြုမူလုပ်ဆောင်ပုံပေါ်မူတည်၍ လူသားတို့အတွက်အကောင်းဆုံးဟုယုံကြည်ရသောစနစ်"ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပေသည်။[၃၃]




လူသားပဓါနအခြေပြုဝါဒ၏အရှင်းဆုံးအဓိပ္ပါယ်သတ်မှတ်ချက်ကို မူယင်းအတွေးအခေါ်ကိုအားပေးထောက်ခံသူတို့ကတင်ပြကြသည်။ လူသားပဓါနဝါဒ၏ အကျော်ကြားဆုံးခေတ်သစ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးမှာ ကောလစ်လာမောင် ဖြစ်သည်။ သူ၏ *လူသားပဓါနအခြေပြုဝါဒအတွေးအခေါ် (The Philosophy of Humanism)* စာအုပ်တွင်အောက်ပါအတိုင်းရေးသားထားသည်။

> (ချုံလိုက်ပါက) လူသားပဓါနအခြေပြုဝါဒသည် သဘာဝတွင်--
> မှန်ကန်ခြင်းတရားအားလုံးစုပေါင်းပါရှိ၍၊ ဒြပ်ဝတ္ထုပစ္စည်းနှင့်စွမ်းအင်တို့သည် စကြာဝဠာ၏အခြေခံပစ္စည်းဖြစ်ပြီး၊ စိတ်သည် ထိုအခြေခံတွင်မပါဝင်ဘဲ၊ သဘာဝလွန်တန်ခိုးအာနုဘော်အာဏာစက်မရှိချေ။
> ဤသဘာဝလွန်တန်ခိုးအာနုဘော်ဆိုင်ရာ လူသားအဆင့်တွင်၊ လူသားသည် သဘာဝလွန်အမြဲရှင်နေသောဝိညာဉ်မရှိခြင်းဖြစ်၍၊ စကြာဝဠာတစ်ခုလုံးတွင် သဘာဝလွန် ထာဝရဘုရားသခင်မရှိပေ။[၃၄]

ကျွန်ုပ်တို့တွေ့သည့်အတိုင်း ဘုရားမဲ့ဝါဒသည် လူသားပဓါနအခြေပြုအတွေးအခေါ်နှင့် ဆင်တူသလောက်ဖြစ်နေပေသည်။ ဘုရားမဲ့ဒါဒီတို့၏အဆိုများသည် သိပ္ပံပညာနှင့်ဆန့်ကျင်လျက်ရှိသောအမှားများနှင့်လိမ်လည်မှုများလည်း ပါဝင်နေသည်။

လွန်ခဲ့သည့်ရာစုနှစ်တွင် လူသားပဓါနအခြေပြုဝါဒီများက အရေးကြီးသည့်ကြေညာစာတမ်းနှစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ပထမကြေညာစာတမ်းကို ၁၉၃၃-ခုနှစ်တွင် ထုတ်ပြန်ခဲ့၍၊ ထိုခေတ်ကာလက အဓိကရပုဂ္ဂိုလ်အများအပြားလက်မှတ်ရေးထိုးခဲ့ကြသည်။ နောင်နှစ်ပေါင်း

လေးဆယ်ကြာပြီးနောက် ၁၉၇၃–ခုနှစ်တွင် ဒုတိယကြေညာစာတမ်းထပ်မံထုတ်ခဲ့သည်။ ထိုဒုတိယကြေညာစာတမ်းက ပထမစာတမ်းကို အတည်ပြုသည့်အပြင်၊ ထိုကာလတွင်ရှိသော တိုးတက်မှုအချို့နှင့်သက်ဆိုင်သည့်ဖြည့်စွက်ချက်များပါရှိသည်။ အတွေးအခေါ်ရှင်အများအပြားနှင့်၊ သိပ္ပံပညာရှင်၊ စာရေးဆရာ၊ မီဒီယာသတင်းလောကသားအများအပြားက အမေရိကန်လူသားပဓါနအခြေပြုဝါဒအသင်းမှ အားပေးထောက်ခံသော ၎င်းဒုတိယကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ကျွန်ုပ်တို့က ၎င်းကြေညာစာတမ်းများကို စစ်ဆေးကြည့်သောအခါ၊ တစ်ခုချင်းတွင် ဘုရားမဲ့ဝါဒအခြေခံတစ်ခုကို တွေ့ရှိရပေသည်။ ၎င်းမှာ–စကြာဝဠာနှင့်လူသားများသည်ဖန်ဆင်းခြင်းဖြင့်ပေါ်ပေါက်လာခဲ့ခြင်းမဟုတ်ဘဲ၊ တစ်မျိုးချင်းသည်သီးခြားလွတ်လပ်စွာ ပေါ်ပေါက်လာခဲ့ကြသည်၊ လူသားတို့သည်မိမိကိုယ်မှလွဲ၍ အခြားမည်သည့်ဩဇာအာဏာကိုမျှရိုကြိုးလိုက်နာရန်မလိုအပ်၊ ထာဝရဘုရားသခင်ကို ယုံကြည်ခြင်းသည် တစ်ဦးချင်းနှင့်လူ့အဖွဲ့အစည်းတိုးတက်ရေးတွင် နှောင့်နှေးစေသည် ဟူသောမှားယွင်းသည့်အတွေးအခေါ်များဖြစ်သည်။ ဥပမာ၊ ပထမလူသားပဓါနအခြေပြုဝါဒကြေညာစာတမ်း၏ ပထမခြောက်ပိုဒ်တွင် အောက်ပါအတိုင်းဆိုထားသည်။

**ပထမကြေညာချက်။** ဘာသာရေးကိုယုံကြည်ကိုင်းရှိုင်းသည့် လူသားပဓါနအခြေပြုဝါဒီတို့က စကြာဝဠာသည် သူ့အလိုလိုတည်ရှိလာခဲ့သည်၊ ဖန်ဆင်းထားခြင်းမဟုတ်ဟု ခံယူကြသည်။

**ဒုတိယကြေညာချက်။** လူသားပဓါနအခြေပြုဝါဒသည်၊ လူသားသည် သဘာဝ၏အစိတ်အပိုင်းတစ်ခုဖြစ်၍ အဆက်မပြတ်သောဖြစ်စဉ်များဖြင့် ပေါ်ထွန်းလာခြင်းဖြစ်သည်ဟုယုံကြည်သည်။

**တတိယကြေညာချက်။** အသက်ရှင်ခြင်းကို ဇီဝဖွဲ့စည်းပုံအမြင် (organic view of life) ဖြင့်ကြည့်၍၊ ရိုးရာယုံကြည်မှုဖြစ်သည့် စိတ်နှင့်ကိုယ်ခန္ဓာတို့၏ဒွံတွဲမှုကို ပစ်ပယ်လိုက်ရမည်ဟု လူသားပဓါနအခြေပြုဝါဒီတို့က တွေ့ရှိသည်။

**စတုတ္ထကြေညာချက်။** လူသားပဓါနအခြေပြုဝါဒက လူသားတို့၏ ဘာသာရေးဆိုင်ရာယဉ်ကျေးမှုထုံးဓလေ့နှင့်ယဉ်ကျေးမှုခေတ်တို့ကို၊ မနုဿဗေဒက သရုပ်ဖော်ထားသည့်အတိုင်း လူသားတို့၏ပတ်ဝန်းကျင်နှင့် အပြန်အလှန်အကျိုးပြုတုန့်ပြန်မှုကြောင့်အပြင် သူ၏လူမှုရေးအမွေဆက်ခံလာခြင်းကြောင့် တဖြေးဖြေးတိုးတက်ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ပြန်လည်စီစဉ်ထားသည်။

**ပဉ္စမကြေညာချက်။** ခေတ်သစ်သိပ္ပံပညာမှ သရုပ်ဖော်ထားသော စကြာဝဠာ၏သဘာဝက လူသားတို့၏တန်ဖိုးကို သဘာဝလွန်တန်ခိုးအာနုဘော်ကပေးသည့်အာမခံချက်ကိုမည်သို့မျှ လက်မခံနိုင်ဟု အခိုင်အမာအဆိုပြု၏။

**ဆဋ္ဌမကြေညာချက်။** ထာဝရဘုရားကိုကိုးကွယ်ခြင်းအယူဝါဒ၊ နတ်ဒေဝါများကို ကိုးကွယ်ဆည်းကပ်ခြင်း၊ ဘာသာအယူဝါဒနှင့်သက်ဆိုင်သောခေတ်မှီအတွေးအခေါ်နှင့် "အတွေးအခေါ်သစ်"အမျိုးမျိုးတို့အတွက် အချိန်ကုန်ခန်းသွားပြီဟု ကျွန်ုပ်တို့ယုံကြည်သည်။[၃၅]

အထက်ပါကြေညာချက်များတွင် မှားယွင်းသည့်အတွေးအခေါ်မှ ရုပ်ဝါဒ၊ ဒါဝင်ဝါဒ၊ ဘုရားမဲ့ဝါဒနှင့် ဘုရားရှိခြင်းကိုသံသယရှိခြင်း၊ စသည့်ဝေါဟာရများဖြင့် ပြည့်နက်နေပေသည်။ ပထမဦးဆုံးကြေညာချက်တွင် ရုပ်ဝါဒီတို့၏တရားသေယုံကြည်မှုဖြစ်သည့် စကြာဝဠာထာဝရတည်ရှိခြင်းကို ရှေ့တန်းထား၍ဖော်ပြထားသည်။ ဒုတိယကြေညာချက်တွင်၊ အီဗိုလူးရှင်းသီအိုရီ၏အဆိုအတိုင်း၊ လူသားများသည် ဖန်ဆင်းထားခြင်းမဟုတ်ဟု ဖော်ပြထားသည်။ တတိယကြေညာချက်တွင်၊ လူသားသည် ဝိညာဉ်မရှိဘဲ ဒြပ်ပစ္စည်းများစုဝေးနေခြင်းသာဖြစ်သည်ဟု ဆိုသည်။ စတုတ္ထကြေညာချက်တွင်၊ "ယဉ်ကျေးမှုတစ်စတစ်ပြောင်းလဲခြင်း(အီဗိုလူးရှင်း)"ကို တင်ပြထား၍ ဖန်ဆင်းရှင်ထာဝရဘုရားသခင်က လူသားကိုဖန်ဆင်းချိန်တွင် အထူးပြုအပ်နှင်းပေးသော သီးခြားဥပဓ္ဓိယ်ပြုဖန်ဆင်းထားခြင်းကို ငြင်းပယ်ထားသည်။ ပဉ္စမကြေညာချက်တွင်၊ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)၏ စကြာဝဠာနှင့်လူသားတို့အပေါ် စိုးမိုးထားသည့်တန်ခိုးအာဏာကို ငြင်းပယ်ထား၍၊ ထာဝရဘုရားသခင်ကို သက်ဝင်ယုံကြည်ခြင်းကို ပစ်ပယ်ရန် အချိန်ရောက်ပြီဟု ဆိုထားသည်။

ဤအဆိုများမှာ၊ မှန်ကန်သည့်ဘာသာရေးကိုယ်ကျင့်တရားများကို ရန်လိုသူအသိုင်းအဝိုင်းတို့၏ ပုံသေကားကျလိမ်လည်လှည့်ဖြားသည့် ပရိယာယ်ဖြစ်သည်ကို သတိထားမိပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်၊ လူသားပဓါနအခြေပြုဝါဒသည် ဘာသာရေးဆန့်ကျင်ရေးစိတ်ဓါတ်၏အခြေခံဖြစ်သောကြောင့်ပင်။ လူသားပဓါနအခြေပြုဝါဒဆိုသည်မှာလည်း၊ **"လူသားသည် စစ်ဆေးစောင့်ကျပ်ထားခြင်းမရှိဘဲ လွှတ်ထားခြင်းခံရသည်ဟု လက်ခံယူဆထားခြင်း"**ကို ဖေါ်ထုတ်ပြခြင်းပင် ဖြစ်ပေသည်။ ယင်းယူဆချက်သည်လည်း၊ သမိုင်းတလျှောက်လုံးတွင် ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်ခြင်း၏အခြေခံမှုများဖြစ်လာခဲ့ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော်တစ်ခုတွင်၊ အလ္လာဟ်အရှင်မြတ်က အောက်ပါအတိုင်း မိန့်ဆိုထားတော်မူ၏။

> **လူသားသည် မိမိမှာ ဤအတိုင်းစွန့်လွှတ်ထားခြင်းကို ခံနေရမည်ဟု ထင်မှတ်လေသလော။**
>
> **၎င်းမှာ သွန်းလောင်းခြင်းခံရသောသုတ်ရည်တစ်စက်သာလျှင်ဖြစ်ခဲ့သည်မဟုတ်လော။**
>
> **ထို့နောက် ယင်းသုတ်ရည်သည် သွေးခဲဖြစ်ခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည် (၎င်းအား)ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် (၎င်းအား) နေသားကျနအောင် ပြုပြင်တော်မူခဲ့၏။**
>
> **ထို့နောက် ထိုအရှင်မြတ်သည် ယင်း(သွေးခဲဖြစ်သွားခဲ့သောသုတ်ရည်)ကို ယောကျ်ားမိန်းမ(ဟူ၍) နှစ်မျိုးနှစ်စား ပြုလုပ်တော်မူခဲ့၏။**
>
> **ထို(ကဲ့သို့သော)အရှင်မြတ်သည် သူသေတို့အား (တစ်ဖန်ပြန်၍)ရှင်စေတော်မူရန် တတ်စွမ်းနိုင်တော်သောအရှင် မဟုတ်ပါသလော။** (စူရာအလ်ကိယာမဟ် ၇၅း၃၆–၄၀)

အလ္လာဟ်အရှင်မြတ်က လူတို့ကို "အတိုင်းသားစွန့်လွှတ်ထားခြင်းမရှိ"ကြောင်းမိန့်ဆိုတော်မူ၍ ဆက်လက်ပြီး အရှင်မြတ်၏ဖန်ဆင်းထားခြင်းခံရသူများဖြစ်ကြောင်းကို သတိပေးတော်မူ၏။ လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်က မိမိကိုဖန်ဆင်းထားကြောင်းသိရှိသည်နှင့်တပြိုင်တည်း၊ သူ့ကို"အတိုင်းသားလွှတ်ထားခြင်းမဟုတ်ကြောင်း"ကို သတိရသဖြင့် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်တွင် တာဝန်ရှိကြောင်းကိုလည်း သတိရမည်။ ထို့ကြောင့်၊ လူသားတို့ကိုဖန်ဆင်းထားခြင်းမဟုတ်ဟူသော မှားယွင်းသည့်အတွေးအ ခေါ်သည် လူသားပဓါနအခြေပြုဝါဒ၏အခြေခံအတွေးအခေါ်ဖြစ်လာလေသည်။ လူသားပဓါနအခြေပြုဝါဒ၏ ပထမကြေညာစာတမ်း၏ ပထမကြေညာချက်နှစ်ခုက ဤသင်ကြားချက်အတွေးအခေါ်ကို ဖေါ်ပြထားခြင်းဖြစ်သည်။ ထို့ထက်မက၊ လူသားပဓါနဝါဒီတို့က ဤအဆိုကို သိပ္ပံပညာက ထောက်ခံသည်ဟု အခိုင်အမာဆိုကြသည်။

သို့သော်လည်း၊ သူတို့ကမှားယွင်းကြသည်။ လူသားပဓါနအခြေပြုဝါဒ၏ပထမကြေညာစာတမ်းထုတ်ပြန်ပြီးသည်နှင့်၊ လူသားပဓါနအခြေပြုဝါဒက သိပ္ပံပညာနှင့်ကိုက်ညီသည်ဟုဆိုသောအခြေခံအချက်နှစ်ချက်က ပြိုပျက်သွားလေသည်။

၁။ စကြာဝဠာသည် မပြောင်းမလဲထာဝရတည်ရှိနေသည်ဟူသော မှားယွင်းသည့်အယူအဆကို လူသားပဓါနအခြေပြုဝါဒပထမကြေညာစာတမ်းရေးဆွဲနေချိန်တွင်၊ ထိုအချိန်က ရရှိသည့် အဆက်မပြတ်သောသိပ္ပံပညာတွေ့ရှိချက်များက ပယ်ဖျက်ခဲ့လေသည်။ စကြာဝဠာသည်ကျယ်ပြန့်လျက်ရှိခြင်း၊ အာကာသနောက်ခံရောင်ခြည်ဖြာခြင်းနှင့် ဟိုက်ဒြိုဂျင်ဓါတ်ငွေ့နှင့်ဟီလီယမ်ဓါတ်ငွေ့တို့၏အချိုးအစားတွက်ချက်မှု စသည်တို့က၊ စကြာဝဠာသည် အစမူလရှိကြောင်း၊ လွန်ခဲ့သည့် နှစ်သန်းပေါင်းထောင်ပေါင်း ၁၅–၁၇ လောက်တုန်းက ဗလာနတ္ထိအလျှင်းမရှိရာမှ "ဘစ်ဘိုင်း"ခေါ် ကြီးကျယ်သည့်ပေါက်ကွဲမှုကြီးဖြင့် စတင်ခဲ့ကြောင်းကို ဖေါ်ပြလျက်ရှိသည်။ လူသားပဓါနအခြေပြုဝါဒီတို့က ယင်းသိပ္ပံပညာတွေ့ရှိချက်များကို လက်မခံလိုကြသော်လည်း၊ နောက်ဆုံးသိပ္ပံတွေ့ရှိချက်များက လွှမ်းမိုးသွားပေသည်။ သိပ္ပံပညာတွေ့ရှိချက်များက ပိုမို၍ထင်ရှားစွာ ပြသလျက်ရှိသဖြင့်၊ အဆုံးတွင် သိပ္ပံပညာရှင်အသိုင်းအဝိုင်းက ဘစ်ဘိုင်းသီအိုရီကို

လက်ခံကြလေသည်။ ဆိုလိုရင်းမှာ၊ စကြာဝဠာသည် အစပျိုးခဲ့ခြင်းရှိသည်။ ထို့ကြောင့်၊ လူသားပဓါနအခြေပြုဝါဒီတို့က မည်သို့မျှစောဒက မတက်နိုင်ကြတော့ချေ။ သို့ဖြင့်၊ ဗြိတိသျှလူမျိုးအတွေးအခေါ်ရှင် အန်တိုနီဖလူးက အောက်ပါအတိုင်း ဆိုထားသည်။

---ဘုရားမဲ့ဝါဒီက လောလောဆယ်ကာလမှာ စကြာဝဠာဆိုင်ရာ အများလက်ခံသဘောတူချက်နှင့် ပတ်သက်၍ အနှောင့်အယှက်ဖြစ်မည်ကား အမှန်ပင်။ အဘယ့်ကြောင့်ဆိုသော်၊ စိန့်သောမတ်က စကြာဝဠာသည်အစမူလရှိခဲ့သည်ဟူသောအချက်ကို အတွေးအခေါ်အရ သက်သေထူနိုင်ခြင်းမရှိခဲ့သော်လည်း စကြာဝဠာပညာရှင်တို့က သိပ္ပံပညာအရ သက်သေထူလိုက်သောကြောင့်တည်း။---[၃၆]

၂။ လူသားပဓါနအခြေပြုဝါဒကြေညာစာတမ်းကို သိပ္ပံနည်းကျသည်ဟု ကျောထောက်နောက်ခံပေးသည့်အီဗိုလူးရှင်းသီအိုရီသည် ရေးသားပြီးနောက် ဆယ်စုနှစ်အနည်းငယ်မှစ၍ ၎င်း၏အခြေခံသည်လည်း တစ်စချင်းစတင်ပြိုပျက်လာခဲ့လေသည်။ ယနေ့အချိန်တွင်၊ ဘုရားမဲ့ဝါဒီ(လူသားပဓါနအခြေပြုဝါဒီတို့အပါအဝင်)အီဗိုလူးရှင်းဝါဒီ– ဥပမာ ၁၉၃၀–ခုနှစ်ပိုင်းများတွင် အေအိုင် အိုပါရင်နှင့် ဂျေဘီ အက်စ် ဟောလ်ဒိန်း တို့တင်ပြသည့်ဇာတ်လမ်းသည် သိပ္ပံပညာအရ တရားမတရားမဝင်တော့ချေ။ သက်ရှိအရာများသည် သက်မဲ့ပစ္စည်းဖြစ်သောဒြပ်ဝတ္ထုများမှ တစ်ပြိုင်တည်း ပေါ်ထွန်းလာသည်ဟူသော သူတို့တင်ပြသည့် အသက်၏မူလဘူတဇာတ်လမ်းသည် မှားယွင်းသောအတွေးအခေါ်ဖြစ်သွားလေပြီ။ ကျောက်ဖြစ်ရုပ်ကြွင်းများကလည်း သက်ရှိပစ္စည်းများသည် တစ်စတစ်စတိုးတက်ပြောင်းလဲလာခဲ့ခြင်းမဟုတ်ဘဲ၊ တစ်မျိုးချင်းသည် လိုအပ်သည့်အင်္ဂါရပ်များအပြည့်အစုံနှင့် ရုတ်တရက်ပေါ်ထွန်းပေါ်ပေါက်လာကြကြောင်း သက်သေခံနေသည့်အချက်ကို ၁၉၇၀–ခုနှစ်မှစ၍ အီဗိုလူးရှင်းဝါဒီ ရှေးဟောင်းပစ္စည်းဆိုင်ရာပညာရှင်များက လက်ခံကြလေပြီ။ ခေတ်သစ်ဇီဝဗေဒကလည်း သက်ရှိပစ္စည်းသည် သဘာဝနိယာမများနှင့် မတော်တဆဖြင့် ဖြစ်ပေါ်လာခြင်းမဟုတ်ကြောင်းကို တွေ့ရှိဖေါ်ထုတ်သက်သေပြထားလေပြီ။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုချင်းသည် အလွန်အမင်းရှုပ်ထွေးသောစနစ်များပါဝင်နေခြင်းက ဖန်ဆင်းခြင်းကို သက်သေထူနေပေသည်။ (အသေးစိတ်ကို *Dawinism Refuted: How the Theory of Evolution Breaks Down in the Light of Modern Science)*တွင် ဖတ်ရှုနိုင်ပါသည်။

ထို့ထက်မက၊ ဘာသာအယူဝါဒသည် လူသားတို့တိုးတက်ရေးတွင် အဟန့်အတားဖြစ်နေပြီး လူသားအချင်းချင်းပဋိပက္ခဖြစ်အောင် ဆွဲဆောင်သည်ဟူသောစွပ်စွဲချက်များ မှားယွင်းကြောင်းကိုလည်း သမိုင်းက သက်သေထူနေလေပြီ။ လူသားပဓါနအခြေပြုဝါဒီတို့က၊ ဘာသာအယူဝါဒများကို ဖျက်ဆီးပစ်ပါက လူသားတို့သည် လွတ်လပ်၍ပျော်ရွှင်သောဘဝကို ရရှိကြမည်ဟု တင်ပြကြသည်။ လက်တွေ့တွင် သူတို့၏တင်ပြချက်နှင့် ဖီလာဆန့်ကျင်ဘက်သာ ဖြစ်နေသည်ကို တွေ့မြင်နေကြရသည်။ လူသားပဓါနအခြေပြုကြေညာစာတမ်းပုံနှိပ်ထုတ်ပြန်ပြီးနောက် ခြောက်နှစ်အကြာတွင် ဒုတိယကမ္ဘာစစ်စတင်ပေါ်ပေါက်ခဲ့သည်။ လောကီရေးသက်သက်ဖက်ဆစ်အတွေးအခေါ်က ကမ္ဘာလောကကြီးကို စံတင်ရအောင်ပေးဆပ်သည့်ဘေးဒုက္ခကြီးဖြစ်သည်။ နောက်ထပ်လူသားပဓါနအခြေပြုအတွေးအခေါ်တစ်ခုဖြစ်သည့် ကွန်မြူနစ်ဝါဒကဆိုဗီယက်ရုရှားနိုင်ငံသားတို့ကို ပထမ ပြုတ်ပြုတ်ပြုန်းအောင် ဖျက်ဆီးခဲ့ပြီး၊ နောက်ထပ်ဆက်လက်၍ တရုတ်ပြည်သူတို့၊ ကမ္ဘောဒီးယားပြည်သူတို့၊ ဗီယက်နမ်ပြည်သူတို့၊ မြောက်ကိုးရီးယားပြည်သူတို့၊ ကျူဘားပြည်သူတို့နှင့် နောက်ထပ်အာဖရိကတိုက်လူမျိုးများ၊ လက်တင်အမေရိကလူမျိုးများ စသည်တို့အပေါ် သူမတူအောင် ရက်စက်ကြမ်းကြုတ်သည့်ဘေးဒုက္ခကပ် ဆိုက်စေခဲ့သည်။ ကွန်မြူနစ်အစိုးရများနှင့် ကွန်မြူနစ်အဖွဲ့အစည်းများက ကမ္ဘာ့လူသားပေါင်း သန်းပေါင်း ၁၂၀ ကို သတ်ဖြတ်ခဲ့ကြသည်။ အနောက်နိုင်ငံများ၏ လူသားပဓါနအခြေပြုဝါဒ၏ အခြားပုံစံတစ်မျိုးဖြစ်သော အရင်းရှင်စနစ်များလည်း သူတို့၏လူ့အဖွဲ့အစည်းများနှင့် ကမ္ဘာ့အခြားဒေသအမြောက်အမြားသို့ ပျော်ရွှင်မှုပေးဆောင်နိုင်ခြင်းမရှိသည်မှာ ထင်ရှားလျက်ရှိပေသည်။


လူသားပဓါနအခြေပြုဝါဒ၏ ဘာသာရေးကိုဝေဖန်သုံးသပ်သည့်အပိုင်းသည် စိတ်ပညာလောကတွင်လည်း ထင်ရှားပေသည်။ ဘုရားမဲ့ဝါဒ၏ နှစ်ဆယ်ရာစုနှစ်စောစောပိုင်းမှ စတင်လာခဲ့သည့် အခြေခံအုတ်မြစ်ဖြစ်သော ဖရွိုဒီယံအတွေးအခေါ်ကို လက်တွေ့မျက်မြင်တွင်အခြေခံသောမှတ်တမ်းများက ပယ်ဖျက်လိုက်ပေသည်။ ဂျော့ဝါရှင်တန်တက္ကသိုလ်မှ ပက်ထရစ်ဂလင်းက သူ၏ *လောကီရေးသက်သက်လောကနောက်ပိုင်း ထာဝရဘုရားနှင့်ပတ်သက်သည့် သက်သေအထောက်အထား၊ ယုံကြည်မှုညှိနှိုင်းခြင်းနှင့် ကျိုးကြောင်းရှာခြင်း* ***(God: The Evidence, The Reconciliation and Reason in a Postsecular World)*** ဟူသောစာအုပ်တွင်၊ အောက်ပါအတိုင်း ရှင်းပြထားသည်။

> နှစ်ဆယ်ရာစုနှစ်အဆုံးပိုင်းသည် စိတ်ပညာဆိုင်ရာအမြင်များကို သက်ညှာမှုမရှိခဲ့လှပေ။ အထူးတလည်ထင်ရှားသည့်အချက်မှာ၊ (အခြားအချက်အများအပြားကို အသာထား၍) ဖရွိုဒ်၏ဘာသာအယူဝါဒနှင့်ပတ်သက်သည့်အမြင် မှားယွင်းကြောင်းဖေါ်ထုတ်ခြင်းဖြစ်သည်။ လူတို့၏စိတ်ဓါတ်ဆိုင်ရာတည်ငြိမ်မှုနှင့် ဘဝပျော်ရွှင်မှုအတွက် ဘာသာရေးကိုင်းရှိုင်းမှုသည် အကောင်းဆုံးဖြစ်သည်ဟူသော လွန်ခဲ့သည့်နှစ်ဆယ့်ငါးနှစ်အတွင်းမှသိပ္ပံပညာသုတေသနတွေ့ရှိချက်များက ဘာသာရေးသည် စိတ်ဓါတ်ကျ၍ စိတ်ဓါတ်မူမမှန်ခြင်းဖြစ်စေသောစိတ်ရောဂါတစ်မျိုး **(neurois)** သို့မဟုတ် ထိုသို့ဖြစ်ခြင်း၏ ဇစ်မြစ်ဖြစ်သည်ဟု ဖရွိုဒ်နှင့်သူ၏တပည့်များက တင်ပြလက်ခံထားသောအဆိုကို ပျက်ပြားစေခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကိုသတ်သေခြင်း၊ အရက်သေစာ မူးယစ်ဆေးဝါးသောက်သုံးခြင်း၊ လင်မယားကွာရှင်းအိမ်ထောင်ပျက်ခြင်း၊ စိတ်ညစ်ခြင်း၊ ဇနီးမောင်နှံအကြား ကာမဆက်ဆံမှုတွင်ကျေနပ်မှုမရရှိခြင်းအဆင့်၊ စသည့်စိတ်ပိုင်းဆိုင်ရာပြဿနာများတွင် ဘာသာရေးကိုင်းရှိုင်းကျင့်ကြံမှုသည် အပေါင်းလက္ခဏာဘက်မှ ပါဝင်ဆက်စပ်နေကြောင်း သုတေသနလုပ်ငန်း တစ်ခုပြီးတစ်ခုတို့က ဖြည့်စွက်ထောက်ခံထားပေသည်။[၃၇]

အတိုချုံးရမည်ဆိုသော်၊ လူသားပဓါနအခြေပြုဝါဒကို တရားဝင်သည်ဟု လက်ခံစေရန် ကျောထောက်နောက်ခံပေးသည့်သိပ္ပံဆိုင်ရာကိုးကားချက်များ တရားမဝင်ကြောင်း သက်သေထူပြီးလေပြီ။ ထို့ကြောင့်၊ ၎င်း၏ကတိကဝတ်များသည်လည်း အလဟဿဖြစ်သွားတော့သည်။ သို့ပင်ငြားလည်း၊ လူသားပဓါနအခြေပြုဝါဒီတို့သည် သူတို့လက်ခံထားသောအတွေးအခေါ်ကို မစွန့်လွှတ်ကြဘဲ၊ အများလူထုကိုဝါဒဖြန့်၍ တကမ္ဘာလုံးပျံ့နှံ့သွားအောင်ကြိုးပမ်းနေကြသေးသည်။ အထူးသဖြင့် စစ်ပြီးနောက်ပိုင်းကာလတွင် လူသားပဓါနအခြေပြုဝါဒီတို့၏ဝါဒဖြန့်ခြင်းသည်၊ သိပ္ပံပညာ၊ အတွေးအခေါ်၊ တေးဂီတလောက၊ စာပေလောက၊ အနုပညာနှင့် ရုပ်ရှင်စသည်တို့ဖြင့် လူထုကိုအဆက်မပြတ်သွတ်သွင်းလာခဲ့ကြပေသည်။ အကျော်ကြားဆုံးဖြစ်ခဲ့သော တစ်ပင်တိုင်အဆိုကျော် ဂျွန်လင်နွန်၏တေးဂီတဝိုင်း "သာဘီတလ်စ်" (The Beatles) မှ သီဆိုခဲ့သော "စဉ်းစားကြည့်ပါ" (Imagine) ဟူသောသီချင်းသည် ဥပမာတစ်ခုဖြစ်ပေသည်။ ထိုသီချင်း၏အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်းစားကြည့်စမ်းပါ၊
ကောင်းကင်ဘုံနိဗ္ဗာန်မရှိဘူးလို့၊
အောက်မှာလဲ ငရဲဘုံမရှိဘူးလို့၊ စဉ်းစားကြည့်စမ်းပါ။
လွယ်ပါတယ်၊ အထက်မှာမိုးကောင်းကင်ဘဲရှိတယ်။
လူတွေအားလုံးက ကနေ့အတွက်ဘဲအသက်ရှင်တယ်၊
စဉ်းစားကြည့်စမ်းပါ။
ဘယ်တိုင်းပြည်အတွက်မှ၊
ဘယ်သူ့ကိုမှသတ်ဘို့မလို၊
ကိုးကွယ်တဲ့ဘာသာလဲမရှိဘူးလို့၊
စဉ်းစားကြည့်စမ်းပါ၊
လွယ်ပါတယ်။
စိတ်ကူးယဉ်တယ်လို့ဆိုမလား၊

ငါကအိပ်မက်မက်နေတယ်ဘဲဆိုမလား၊
ငါတစ်ယောက်ထဲတော့မဟုတ်ဘူးနော်၊
တစ်နေ့ကျရင် မင်းလဲပါမယ်၊
တကမ္ဘာလုံး တစ်ခုထဲဖြစ်မယ်၊



**ဂျွန်လေနွန်၏ "ဘာသာ သာသနာမရှိဘူးလို့ စဉ်းစားကြည့်စမ်းပါ" ဟူသော တေးသံသည် နှစ်ဆယ်ရာစု နှစ်အတွင်း အကျော်ကြားဆုံးအထင်ရှားဆုံးသော လူသားပဓါနအခြေပြုဝါဒ၏ ဝါဒဖြန့်ခြင်းဖြစ်သည်။**

သိပ္ပံပညာအရ ခိုင်လုံသည့်အခြေခံမရှိသော လူသားပဓါနအခြေပြုဝါဒကို လူထုအား စိတ်တွင်းခံစားချက်ဖြစ်လာအောင် ဖွတ်အတင်းသွတ်သွင်းကြရာ၌အသုံးပြုသောလှုံ့ဆော်မှုတွင် ဤသီချင်းသည် ဥပမာကောင်းတစ်ခုဖြစ်ပေသည်။ လူသားပဓါနအခြေပြုဝါဒက ဘာသာအယူဝါဒကို ကျိုးကြောင်းဆီလျော်စွာတားမြစ်နိုင်ခြင်းမရှိသည့်အပြင်၊ ဘာသာရေးကသင်ကြားပေးသောအမှန်တရားများကိုပစ်ပယ်ရန် ဆီလျော်စွာကျိုးကြောင်းမပြနိုင်သဖြင့်၊ သူတို့အနေဖြင့် အာနိသင်ထက်မြက်သည်ဟုထင်သည့် ဤသို့သောအကြံပြုနည်းများကို အသုံးပြုကြပေသည်။

၁၉၃၃–ခုနှစ်ထုတ်ပြန်သည့် ပထမလူသားပဓါနအခြေပြုကြေညာစာတမ်းမှကတိက ဝတ်တွေ ဖြစ်ပေါ်လာခြင်းမရှိသဖြင့်၊ လူသားပဓါနအခြေပြုဝါဒီတို့က ဒုတိယကြေညာစာတမ်း မူကြမ်းကို တင်ပြလာကြပြန်သည်။ ထိုမူကြမ်းတွင်၊ ပထမကြေညာစာတမ်းမှ ကတိကဝတ်များ အဘယ့်ကြောင့်ပြည့်စုံဖြစ်ပေါ်လာနိုင်ခြင်းမရှိသည့်အကြောင်းကို ရှင်းပြထားသည်။ ဤရှင်းပြ

ချက်များသည် အလွန်အင်အားပျော့ပြောင်းနေသော်လည်း၊ လူသားပခါနအခြေပြုဝါဒီတို့က သူတို့၏ဘုရားမဲ့ဝါဒအတွေးအခေါ်တွင် မည်မျှအထိတွယ်တာနေကြသည်ကို ပြဆိုပေသည်။

ဒုတိယကြေညာစာတမ်းတွင်၊ အထင်ရှားဆုံးအင်္ဂါရပ်မှာ ၁၉၃၃–ခုနှစ်ကြေညာစာတမ်း၏ ဘာသာအယူဝါဒဆန့်ကျင်ရေးအချက်အလက်များကို ဆက်လက်ထိန်းသိမ်းအသုံးပြုထားခြင်းဖြစ်သည်။ (အလ္လာဟ်အရှင်မြတ်သည် အောက်ပါကောက်နှုတ်ချက်များပါ ဖေါ်ပြချက်များမှ လွတ်ကင်းပါ၏။)

> ၁၉၃၃–ခုနှစ်ကကဲ့သို့၊ ရိုးရာဘာသာအယူဝါဒဖြစ်သော၊ အထူးသဖြင့် ဆုတောင်းခြင်းကို ကြားနာသည့်ထာဝရဘုရားသခင်၊ ဆုတောင်းသူတို့ကို ကြင်နာယုယစောင့်ရှောက်ခြင်း၊ လူတို့၏ဆုတောင်းစကားများကို ကြားနာသဘောပေါက်ခြင်း၊ ၎င်းတို့အတွက် တစ်စုံတစ်ခု လုပ်ဆောင်ပေးနိုင်ခြင်း၊ စသည့်ယုံကြည်ချက်များသည် သက်သေထူနိုင်ခြင်းမရှိသည့်အပြင် ခေတ်နောက်ကျနေပြီဖြစ်သော တစ်ယူသန်ယုံကြည်ချက်ဖြစ်သည်ဟု လူသားပခါနအခြေပြုဝါဒီတို့က သဘောထားကြသည်။––– ဘုရားသခင်၏ဗျာဒိတ်တော်၊ ပူဇော်ပသာခြင်းနှင့် တရားဒေသနာတို့ကို လူသားတို့ထက်မြင့်မြတ်အောင်ထားသည့် ရိုးရာဘာသာအယူဝါဒယုံကြည်မှုသည် တစ်ယူသန်ဖြစ်၍ အာဏာရှင်ဆန်ကာ လူသားတို့အတွက် အကျိုးမဲ့သည်ဟု ကျွန်ုပ်တို့က ယုံကြည်ကြပါသည်။––ဘုရားမဲ့ဝါဒီများဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် ထာဝရဘုရားမှမဟုတ်ဘဲ လူသားများမှစတင်ကြပါသည်။ နတ်ဒေဝါများမှမဟုတ်ဘဲ သဘာဝမှ စတင်ကြပါသည်။[၃၈]

ဤဖေါ်ပြချက်များတွင် လူသားပခါနအခြေပြုဝါဒ၏ အဓိပ္ပါယ်ကင်းမဲ့သော အပေါ်ယံကျောရှင်းပြချက်များပါရှိသည်။ ဘာသာအယူဝါဒဆိုင်ရာအတွေးအခေါ်ကို ရှင်းလင်းစွာနားလည်သဘောပေါက်ရန် လူတစ်ယောက်တွင် ပထမဦးစွာအသိဉာဏ်ရှိရမည်။ ပင်ကိုယ်သဘောကလည်း ရိုးစင်းသန့်စင်ရမည်။ ကြိုတင်ဘက်လိုက်ခြင်းကင်းရှင်းရမည်။ ထိုသို့ဖြစ်မည့်အစား၊ လူသားပခါနအခြေပြုဝါဒသည်၊ အစကတည်းက ဘုရားတရားသာသနာကို သဲကြီးမဲကြီးဆန့်ကျင်သူအချို့က သူတို့၏ တစ်ယူသန်ယုံကြည်ချက်ကို မှန်ကန်သည်ဟု ခံယူထားပြီး အခြားသူတို့အား အတင်းအဓမ္မသွတ်သွင်းရန် ကြိုးစားခြင်းသာဖြစ်ပေသည်။ ဤကြိုးပမ်းမှုများသည်လည်း အောင်မြင်မှုမရှိဘဲ ကျဆုံးလျက်သာ ရှိနေပေသည်။

သို့သော်လည်း၊ ထာဝရဘုရားသခင်ကို သက်ဝင်ယုံကြည်ခြင်းနှင့်ပတ်သက်၍ လူသားပခါနအခြေပြုဝါဒီတို့၏ကျိုးကြောင်းမဆီလျော်သောတင်ပြချက်များမှာ အသစ်အဆန်းမဟုတ်ချေ။ လွန်ခဲ့သည့်နှစ်ပေါင်းထောင်ပေါင်းများစွာအလျင်က ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်အား မယုံမကြည်ငြင်းပယ်သူတို့၏ မှားယွင်းသောတင်ပြချက်ကို ပြန်လည်တင်ပြခြင်းသာဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်အား မယုံကြည်သူတို့၏ ဤဟောင်းနွမ်းနေပြီဖြစ်သော အဆိုနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားတော်မူ၏။

> **အသင်တို့၏ ခဝပ်ကိုးကွယ်ရာအရှင်မြတ်သည် တစ်ဆူတည်းသောခဝပ်ကိုးကွယ်ရာအရှင်မြတ်ပင်ဖြစ်တော်မူ၏။ သို့ရာတွင် တမလွန်ဘဝကိုမယုံကြည်ကြသောသူတို့၏စိတ်နှလုံးများသည် (ထိုအရှင်မြတ်တစ်ဆူတည်းဖြစ်တော်မူကြောင်းကို) ငြင်းဆိုလျက်ရှိ၍ ၎င်းတို့မှာမူ မာန်မာန ထောင်လွှားလျက်ပင် ရှိကြကုန်၏။**
>
> **မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့လျှို့ဝှက်ကြသောအမှုကိစ္စတို့ကိုလည်းကောင်း၊ ထိုသူတို့ထင်ရှားစေကြကုန်သောအမှုကိစ္စတို့ကိုလည်းကောင်း၊ (အကြွင်းမဲ့) သိတော်မူပေသည်။ ဧကန်အမှန် ထိုအရှင်မြတ်သည် မာန်မာနထောင်လွှားသူတို့အား နှစ်သက်တော်မူသည်မဟုတ်ပေ။**
>
> **ထို့ပြင် ၎င်းတို့ကို အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မည်သည့်အရာကိုချပေးသနားတော်မူပါသနည်းဟု မေးမြန်းလေသောအခါ၊ ၎င်းတို့က "ရှေးသူဟောင်းတို့နှင့် စပ်လျဉ်း၍ဖန်တီးထားသော ဒဏ္ဍာရီဝတ္ထုပင်"ဟု ပြောဆိုဖြေကြားလေသည်။** (စူရာအလ်နဟလ် ၁၆း၂၂–၂၄)

ဤအာယသ်တော်များတွင် မိန့်ဆိုထားသည့်အတိုင်း၊ မယုံကြည်သူတို့က အလ္လာဟ်အရှင်မြတ်နှင့်တရားဒေသနာတော်ကိုငြင်းပယ်ကြခြင်းအကြောင်းရင်းမှာ၊ သူတို့၏နှလုံးတွင်းရှိ မောက်မာသောမာန်မာနကြောင့် ဖြစ်ပေသည်။ လူသားပဓါနအခြေပြုဝါဒဆိုသည့်အတွေးအခေါ်မှာလည်း ယျှခေတ်မှလူတို့က၊ ထိုဟောင်းနွမ်းခဲ့ပြီဖြစ်သည့်၊ ဖန်ဆင်းရှင်ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်ကို၊ ငြင်းပယ်ခြင်းပုံစံတစ်မျိုးသာလျှင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့်၊ လူသားပဓါနအခြေပြုဝါဒသည်၊ ၎င်းကိုထောက်ခံအားပေးသူတို့က ကြေညာသကဲ့သို့ အတွေးအခေါ်အသစ်မဟုတ်ပေ။ မိမိတို့၏မာန်မာနကြောင့် အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်ခဲ့ကြသည့် ရှေးပဝေသနီလက်ထက်ကလူများ၏ အတွေးအခေါ်သာလျှင် ဖြစ်ပေသည်။

ဥရောပတိုက်တွင် လူသားပဓါနအခြေပြုဝါဒ ကြီးထွားပြန့်ပွားလာခဲ့သည့်သမိုင်းကို လေ့လာခြင်းဖြင့် ဤအဆိုကို သက်သေခံသည့်အချက်များကို တွေ့ရှိမည်ဖြစ်သည်။



**လူသားပဓါနအခြေပြုအတွေးအခေါ်က ကတိကဝတ်ပေးခဲ့သည့်ပုံစံနှင့် ဗီလာဆန့်ကျင်၍၊ ဘုရားမဲ့ဝါဒသည် ကမ္ဘာကြီးကို စစ်ဖြစ်ခြင်း၊ ပဋိပက္ခဖြစ်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ဒုက္ခဆင်းရဲပေါင်းစုံခံစားရခြင်းများကိုသာ ပေးဆောင်ခဲ့၏။**

## ကဘ္ဘာလာဟ်မှ လူသားပဓါနအခြေပြုဝါဒ၏ဇစ်မြစ်
## THE ROOTS OF HUMANISM IN THE KABBALAH


ကဘ္ဘာလာဟ်မှ အချို့သောဝေါဟာရတို့တွင် ရှေးဟောင်းအီဂျစ်နိုင်ငံအထိရှေးကျသောမားယွင်းသည့်အတွေးအခေါ်များပါရှိနေကြောင်းနှင့် ထိုဝေါဟာရများကို နောက်ပိုင်းတွင် အစ္စရာအီလီလူမျိုးတို့အား အလ္လာဟ်အရှင်မြတ်မှ ချပေးတော်မူသည့်မှန်ကန်သောကျမ်းဂန်တရားဒေသနာ၌ ထည့်သွင်းထားကြောင်း တွေ့ရှိခဲ့ကြလေပြီ။ ထိုအတွေးအခေါ်သည်လည်း၊ လူသားများသည် သဘာဝလွန်အင်အားဖြစ်သည့်ထာဝရဘုရားသခင်က ဖန်ဆင်းထားခြင်းမဟုတ်ဘဲ အစဉ်အမြဲတည်ရှိလာခဲ့ခြင်းဖြစ်သည်ဟူသောမလျော်မကန်သည့်သဘောတရားတွင်အခြေခံထားကြောင်းကိုလည်း သိရှိခဲ့ကြပေပြီ။

လူသားပဓါနအခြေပြုဝါဒသည် ဥရောပတိုက်သို့ ဤလမ်းကြောင်းဇစ်မြစ်ဖြင့် ဝင်ရောက်လာခဲ့သည်။ ခရစ်ယာန်သာသနာသည် ထာဝရဘုရားသခင်ရှိခြင်းခံယူချက်တွင် အခြေခံသည်။ လူသားများကို ထာဝရဘုရားသခင်က ဖန်ဆင်းထား၍ ထိုအရှင်မြတ်တွင်သာ လုံးဝမှီခိုနေကြရသည့်ကျေးကျွန်များဖြစ်သည်ဟု ယုံကြည်သည်။ သို့သော်လည်း၊ ဥရောပတစ်ခွင်လုံးတွင် တင်ပလာစစ်သူရဲကောင်းများ၏ ထုံးဓလေ့ပျံ့နှံ့လာခဲ့သည်နှင့်အမျှ၊ အတွေးအခေါ်ရှင်အ

မြောက်အမြားကို ကဘ္ဘာလာဟ်က စတင်ဆွဲဆောင်ခဲ့လေသည်။ ထို့ကြောင့်၊ တစ်ဆယ့်ငါးရာစုနှစ်တွင်၊ လူသားပဓါနအခြေပြုဝါဒလှိုင်းအရှိန်သည် ဥရောပတိုက်၏ အတွေးအခေါ်ပိုင်းလောကတွင် ဖျောက်ဖျက်၍မရနိုင်သည့် အစွန်းအထင်းများကို ချန်ထားလေသည်။

ဤကဲ့သို့သော လူသားပဓါနအခြေပြုဝါဒနှင့် ကဘ္ဘာလာဟ်၏ဆက်စပ်မှုကို အခြားအထောက်အထားအများအပြားကလည်း အလေးအနက်ထား၍ ဖေါ်ပြထားသည်ကို တွေ့ရပေသည်။ ထိုအထောက်အထားများအနက် ဗက်တီကင်ပုပ်ရဟန်းမင်းကြီးသမ္မာကျမ်းစာတက္ကသိုလ်မှ သမိုင်းပါမောက္ခ မာလာခီ မာတင်၏ *ဤသွေး၏သော့ချက်များ* ***(The Keys of This Blood)*** ဟူသော စာအုပ်ဖြစ်သည်။ လူသားပဓါနအခြေပြုဝါဒီတို့အပေါ် ကဘ္ဘာလာဟ်၏ဩဇာလွှမ်းမိုးမှုရှိကြောင်း ထင်ထင်ရှားရှားတွေ့ရသည်ဟု ရေးသားထားသည်။

> အခြေအနေတိုင်းက မရေမရာဖြစ်နေသည့် အီတာလီနိုင်ငံ၏ အနုပညာနှင့်စာပေပြန်လည်ထွန်းကားလာသည့်ခေတ်စောစောပိုင်းတွင်၊ ထိုခေတ်တွင် ထိန်းချုပ်ထားသည့် အာဏာစက်များမှ လွတ်မြောက်ရန်အတွက် လူသားပဓါနအခြေပြုအသင်းအဖွဲ့များထွက်ပေါ်လာခဲ့သည်။ ဤအသင်းအဖွဲ့များကို လျှို့ဝှက်ခြင်းဖြင့် ကာကွယ်ထားရမည်ဟူသောအသိကို သွတ်သွင်းထား၍၊ လျှို့ဝှက်မှုများအပြင် ဤလူသားပဓါနအခြေပြုအသင်းအဖွဲ့များတွင် အခြားထင်ရှားသည့် အင်္ဂါရပ်နှစ်ရပ်ရှိသေးသည်။
> ပထမအင်္ဂါရပ်မှာ၊ ခရစ်ယာန်ဘုန်းတော်ကြီးဓမ္မဆရာတို့နှင့် ပြည်သူ့အုပ်ချုပ်ရေးအာဏာပိုင်တို့၏ သမရိုးကျဖေါ်သော ခရစ်ယာန်ကျမ်းစာအဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်၊ ပြည်သူ့အုပ်ချုပ်ရေးနှင့် နိုင်ငံရေးလောကအတွက် ဘာသာရေးကသတ်မှတ်ပေးသော အတွေးအခေါ်များကိုဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။---
> ဤအသင်းအဖွဲ့တို့သည် သမာကျမ်းစာနှင့် ထာဝရဘုရားသခင်၏ မုက္ခပါဠ်တော်ကို သူတို့၏သီးခြားနားလည်သဘောပေါက်သောဖွင့်ဆိုချက်နှင့် ခံယူချက်များရှိကြရာ၊ ထိုကဲ့သို့မုန်းတီးကြခြင်းသည်လည်း အထူးတလည်အံ့ဩဖွယ်သောအချက်မဟုတ်ပေ။ အာဖရိကမြောက်ပိုင်းဒေသ–အထူးသဖြင့်အီဂျစ်နိုင်ငံ–မှအမွေဆက်ခံခဲ့သည့်လောကီပညာရပ်များနှင့် ဂျူးလူမျိုးတို့၏ ကဘ္ဘာလဟ်တွင်အခြေခံသည့် *နော့ဆစ်*(***gnosis***)ခေါ် အင်မတန်လျှို့ဝှက်သောပညာရပ်တွင်တွယ်ကပ်နေကြသည်။– **အီတာလီလူမျိုးလူသားပဓါနအခြေပြုဝါဒီတို့က ကဘ္ဘာလာဟ်ကို နကိုပုံစံကိုပင်မမှတ်မိနိုင်လောက်အောင် လိုတိုးပိုလျှော့ လုပ်ကြလေသည်။** *နော့ဆစ်*ခံယူချက်ကို ပြန်လည်မွမ်းမံတည်ဆောက်၍ လောကီရေးသက်သက်ပုံစံသွင်းလိုက်ကြသည်။ အထူးတလည်မွမ်းမံထားသော *နော့ဆစ်* ခံယူချက်သည် မတွေ့မမြင်ရသောသဘာဝအင်အားကို လူမှုရေး–နိုင်ငံရေးကိစ္စအတွက် အသုံးပြုမည့် နည်းလမ်းပေးသည့် လျှို့ဝှက်ပညာဖြစ်သည်။[၃၉]




**ဗက်တီကင်တက္ကသိုလ်မှသမိုင်းပါရဂူ မာလာခီမာတင် ဖေါ်ပြသည့်အတိုင်း၊ ဥရောပမှလူသားပဓါနအခြေပြုဝါဒနှင့် ကဘ္ဘာလဟ်ပညာတို့ ဆက်စပ်မှု ရှိ၏။**

အတိုချုံးလိုက်ပါက၊ ထိုခေတ်တွင် ဖွဲ့စည်းလှုပ်ရှားခဲ့ကြသောလူသားပဓါနအခြေပြုဝါဒီအသင်းအဖွဲ့တို့က ဥရောပတိုက်ကို စိုးမိုးနေသည့် ကာသောလိတ်ခရစ်ယာန်အသင်းတော်ယဉ်ကျေးမှုကို ကဘ္ဘာလာဟ်တွင်အခြေခံသည့်ယဉ်ကျေးမှုနှင့် အစားထိုးရန်လိုလားခြင်းဖြစ်သည်။ လူမှုရေး–နိုင်ငံရေးပြောင်းလဲမှုကို ဖန်တီးလိုကြခြင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်အချက်တစ်ချက်မှာ၊ ကဘ္ဘာလာဟ်အပြင် ဤယဉ်ကျေးမှုအသစ်တွင် ရှေးဟောင်းအီဂျစ်အတွေးအခေါ်သင်ကြားချက်များလည်း ပါဝင်နေခြင်းဖြစ်သည်ဟု ပါမောက္ခမာတင်က ရေးသားထားပေသည်။

ထိုခေတ်လူသားပဓါနအခြေပြုအသင်းအဖွဲ့များကို တည်ထောင်ခဲ့ကြသူတို့သည်၊ စကြာဝဠာအာကာသ၏ကြီးကျယ်သောတန်ခိုးအာဏာရှင်ပိသုကာ(မွန်မြတ်သောတက်တြာဂရာမာတွန်– လေးမျက်နှာနတ်ဘုရား YHWH )ကိုပူဇော်ဆည်းကပ်၍၊ အများအားဖြင့် အီဂျစ်နိုင်ငံဇာတိဖြစ်သော ပီရ

မစ်နှင့် အလုံးစုံကိုတွေ့မြင်သောစက္ခုစသည့်သင်္ကေတများကို ကူးယူအသုံးပြုကြသည်။[၄၀]

လူသားပဓါနအခြေပြုဝါဒီတို့၏ယုံကြည်ချက်တွင်သုံးသော “စကြာဝဠာအာကာသ၏ကြီးကျယ်သောတန်ခိုးအာဏာရှင်ပိသုကာ”(the Great Architect of the Universe)ဟူသောဝေါဟာရကို ယနေ့ခေတ်မေဆွန်တို့လည်း အသုံးပြုဆဲဖြစ်သည်မှာ စိတ်ဝင်စားစရာတစ်ခုဖြစ်သည်။ ဤအသုံးအနှုန်းအရ လူသားပဓါနအခြေပြုဝါဒီနှင့် မေဆွန်ရီဂိုဏ်းသားများအကြား ဆက်စပ်မှုရှိရမည်ဟု ပါမောက္ခ မာတင်က အောက်ပါအတိုင်း ရေးသားထားပေသည်။

> ယ္ခုအချိန် အခြားမြောက်ပိုင်းအရပ်များတွင်၊ လူသားပဓါနအခြေပြုဝါဒီများနှင့် အရေးကြီးသည့်ပူးပေါင်းမှုရှိနေသည်။ ဤသို့သောပူးပေါင်းမှုကို မည်သူကမျှ မမျှော်လင့်ခဲ့ချေ။
>
> ၁၃၀၀–ခုနှစ်များတွင်၊ ကဘ္ဘာလာဟ်ကိုယုံကြည်သောလူသားပဓါနအခြေပြုဝါဒီအသင်းများက စတင်နေရာရှာနေကြစဉ်––အထူးသဖြင့်အင်္ဂလန်၊ စကော့တလန်နှင့် ပြင်သစ်နိုင်ငံများတွင် အလယ်ခေတ်ဂိုဏ်းများ ရှိနေလေပြီ။
>
> ၁၃၀၀–ခုနှစ်များတွင် အသက်ရှင်ခဲ့သည့်လူများမှ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖရီးမေဆွန်ဂိုဏ်းများနှင့် အီတာလီလူသားပဓါနအခြေပြုဝါဒီတို့၏ စိတ်ဓါတ်နှင့်ယုံကြည်မှုများ ပူးပေါင်းသွားနိုင်လိမ့်မည်ဟု ခန့်မှန်းခဲ့ကြမည်မဟုတ်ပေ။––
>
> မေဆွန်ရီဂိုဏ်းသစ်တို့သည် ရောမခရစ်ယာန်အသင်းတော်၏ အာဏာစက်ကို သစ္စာခံခြင်းမှ ထွက်ခွာသွားသည်။ အီတာလျံလူသားပဓါနအခြေပြုဝါဒီ လောကီပညာရှင်တို့အတွက် မေဆွန်ရီလော့ဂျ်(အဖွဲ့)၏လျှို့ဝှက်မှုအာမခံချက်က အခြေအနေအရအရေးတကြီးလိုအပ်နေသည်။ အမှန်မှာ၊ ထိုအုပ်စုနှစ်စုတို့သည်၊ လျှို့ဝှက်မှုထက် ပို၍နီးစပ်သည့်တူညီမှုရှိနေကြသည်။ မေဆွန်ရီဂိုဏ်းနှင့်ပတ်သက်သောစာပေများနှင့်မှတ်တမ်းများအရ၊ သူတို့၏အဓိကဘာသာအယူဝါဒမှာ အီတာလျံလူသားပဓါနအခြေပြုဝါဒီတို့၏ စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာကို ကိုးကွယ်ခြင်းဖြစ်သည်။––စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာသည် ရုပ်လောကအာကာသအတွက် အထင်ရှားဆုံးနှင့် အရေးပါဆုံးလိုအပ်ချက်ဖြစ်သည်။ ၎င်းမှာ “ပညာဉာဏ်ပွင့်လင်းသော” စိတ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။
>
> ဤယုံကြည်ချက်သည် အခြေခံ ခံယူချက်အရ ခရစ်ယာန်သာသနာနှင့် ညှိနှိုင်း၍ မရနိုင်ခဲ့ချေ။ အပြစ်ငရဲထိုက်သည်၊ ပြစ်ဒဏ်ခတ်ခြင်းအတွက် ငရဲဘုံရှိသည်၊ ဆုမွန်ကောင်းအဖြစ် ကောင်းကင်ဘုံ၌ စံစားစေခြင်း၊ အများလူထုအတွက်အမြဲတစေအနစ်နာခံခြင်း၊ စသည်တို့ကို တားမြစ်ထားခြင်းကြောင့်ဖြစ်သည်။[၄၁]

အတိုချုံးရသော်၊ ဥရောပတိုက်တွင် တစ်ဆယ့်လေးရာစုနှစ်အတွင်း ကဘ္ဘာလာဟ်တွင် အခြေခံသောလူသားပဓါနအခြေပြုဝါဒီနှင့်မေဆွန်ရီအဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့လေသည်။ ဤအဖွဲ့အစည်းတို့သည်၊ ဂျူးဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်နှင့် မွတ်စလင်မ်တို့က ထာဝရဘုရားသခင်သည် စကြာဝဠာတစ်ခုလုံးကိုဖန်ဆင်းတော်မူ၍ စိုးမိုးအုပ်ချုပ်ကာ လူသားတို့အတွက် တစ်ဆူတည်းသောထာဝရဘုရားသခင်ဖြစ်သည်ဟု ယုံကြည်သကဲ့သို့ မယုံကြည်ကြချေ။ ထာဝရဘုရားသခင်အစား၊ ရုပ်လောကစကြာဝဠာ၏တစ်စိတ်တစ်ဒေသဖြစ်သော “စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာ”ကိုသာ လက်ခံကြသည်။

တစ်နည်းဆိုသော်၊ ဥရောပတိုက်တွင် တစ်ဆယ့်လေးရာစုနှစ်အတွင်းပေါ်ပေါက်လာသော ၎င်းလျှို့ဝှက်အသင်းအဖွဲ့များသည်၊ ထာဝရဘုရားသခင်ကိုပစ်ပယ်၍၊ စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာခံယူချက်အောက်တွင်၊ ရုပ်ဝတ္ထုစကြာဝဠာကို သူတို့၏နတ်ဘုရားအဖြစ် လက်ခံယုံကြည်သည်။ (အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထို့ထက်သာလွန်မြင့်မြတ်တော်မူ၏။)

ဤဖေါက်ပြန်သောယုံကြည်မှုအယူဝါဒကို ပို၍ရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ဆိုမည်ဆိုလျှင် နှစ်ဆယ်ရာစုနှစ်သို့ခုန်ကူး၍ မေဆွန်ရီဂိုဏ်းသားတို့၏စာပေများကို လေ့လာကြည့်ရပါမည်။ ဥပမာတစ်ခုမှာ၊ တူရကီနိုင်ငံမှ ဝါရင့်ဆုံးဖရီးမေဆွန်အဖွဲ့သား ဆေလာမီအီဆင်ဒက်၏ မေဆွန်လုက်တန် အီဆင်လင်မေလာ (ဖရီးမေဆွန်ရီမှသင်ကြားချက်များ)ခေါ်စာအုပ်သည် မေဆွန်အဖွဲ့ဝင်သစ်များကိုသင်ကြားလေ့ကျင့်ပေးရန် ရေးသားထားသောစာအုပ်ဖြစ်သည်။ မေဆွန်အဖွဲ့

သားတို့၏ "စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာ"နှင့်ပတ်သက်သောယုံကြည်ချက်ကို အောက်ပါအတိုင်း ရေးသားဖေါ်ပြထားပေသည်။

> မေဆွန်ရီသည် ဘုရားမဲ့သောအဖွဲ့မဟုတ်ပေ။ သို့သော်လည်း သူတို့ခံယူသည့်ဘုရားသခင်သည် ဘာသာရေးတွင်လက်ခံယုံကြည်သောဘုရားသခင်နှင့်တစ်ခြားစီကွဲပြားခြားနားသည်။ **မေဆွန်ရီအဖွဲ့၏ဘုရားသခင်သည်၊ မြင့်မြတ်သောမူဝါဒဖြစ်သည်။ ၎င်းမှာ အီဗိုလူးရှင်း၏အထွတ်အထိပ်ဖြစ်သည်။** မိမိအတွင်းဝေနေယျကို ဝေဖန်သုံးသပ်ခြင်းဖြင့် မိမိကိုယ်ကိုနားလည်သဘောပေါက်ပြီး သိပ္ပံပညာ၏လမ်းကြောင်းပေါ်တွင် တမင်တကာလျှောက်ကာ၊ အသိဉာဏ်ရှိရှိ အကျိုးရှိရှိ (မြော်မြင်ခြင်းဖြင့်)၊ ထိုအထွတ်အထိပ်ဘုရားနှင့် ကွာဟလျက်ရှိသောထောင့်ကို ကျဉ်းမြောင်းစေနိုင်သည်။ ထိုရောအခါ၊ ၎င်းဘုရားသခင်သည်၊ လူသားတို့၏ကောင်းကျိုးနှင့်ဆိုးကျိုးအင်္ဂါရပ်များနှင့် မသက်ဆိုင်တော့ချေ။ ၎င်းသည် လူပုဂ္ဂိုလ်အဖြစ်အကောင်အထည်ကိုယ်စားပြုထားခြင်းမရှိ။ **၎င်းဘုရားသခင်သည်၊ လူသားလောကကို လမ်းညွှန်ပြသနေသည့်အရှင်အဖြစ်လည်းကောင်း၊ သဘာဝကိုထိန်းချုပ်နေခြင်းလည်းကောင်းမရှိပေ။ စကြာဝဠာ၏ကြီးကျယ်သောလုပ်ငန်း၏ ပိသုကာဖြစ်၍၊ အဆင်ပြေပြေတစည်းတလုံးတည်းအဖြစ် တည်ရှိသည်။ ၎င်းသည်** စကြာဝဠာအတွင်းရှိ သက်ရှိအရာအားလုံး၏စုပေါင်းမှုဖြစ်သည်။ **အစစအရာရာကိုသိမ်းကြုံးဝိုင်းပတ်ထားသည့် အင်အားစုစွမ်းအင်ဖြစ်သည်။** ဤအရည်အချင်းများရှိသော်လည်း၊ ၎င်းကို အစမူလဟုလက်မခံနိုင်ပေ၊---ယင်းကားကြီးကျယ်ဆန်းပြားသောလျှို့ဝှက်ချက်ဖြစ်၏။[၄၂]

၎င်းစာအုပ်တွင်၊ ဖရီးမေဆွန်ရီအဖွဲ့သားတို့ပြောသော "စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာ"မှာ သဘာဝတရားကိုဆိုလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သူတို့သည် သဘာဝကိုကိုးကွယ်သူများဖြစ်သည်။

> သဘာဝမှလွဲ၍ ကျွန်ုပ်တို့၏စိတ်ကူးစိတ်သန်း သို့မဟုတ်လုပ်ဆောင်ချက်များကို တာဝန်ယူထားသည့်တန်ခိုးအင်အားစုမရှိချေ။---မေဆွန်ရီအဖွဲ့၏မူဝါဒနှင့်သင်ကြားချက်များသည် သိပ္ပံပညာအရ ဖြစ်ရပ်မှန် အမှန်တရားများဖြစ်၍၊ ပညာဉာဏ်အစွမ်း၏ရလာဒ်များဖြစ်သည်။ ဘုရားသခင်ဆိုသည်မှာ အီဗိုလူးရှင်းဖြစ်သည်။ ၎င်း၏အခြေခံကျသောအစိတ်အပိုင်းတစ်ခုသည် သဘာဝစွမ်းအင်ဖြစ်သည်။ ထို့ကြောင့် အကြွင်းမဲ့ပရမတ်ဖြစ်သောအမှန်တရားသည် အီဗိုလူးရှင်းဖြစ်၍ ၎င်းကိုပတ်လည်ဝိုင်းလျက်ရှိသော စွမ်းအင်ဖြစ်သည်။[၄၃]

တူရကီလူမျိုးဖရီးမေဆွန်အဖွဲ့သားများအတွက်သက်သက် ထုတ်ဝေသော *မီမာရ် စီနန်* မဂ္ဂဇင်းတွင် လည်း မေဆွန်အတွေးအခေါ်နှင့်ပတ်သက်၍ ထိုနည်းအတိုင်း ဖေါ်ပြထားပေသည်။

> **စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာသည် ထာဝရတည်မြဲခြင်းသို့ကိုင်းညွှတ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အတွက်မူကား ချဉ်းကပ်ခြင်း ဖြစ်သည်။** ဆက်တိုက်ဖြစ်ပေါ်နေသောထာဝရ တည်မြဲခြင်းအခြေအနေကို ပြီးပြည့်စုံအောင် ဖြစ်ပေါ်စေသည်။ ၎င်းသည် လက်ရှိပစ္စုပ္ပန်အချိန်သမယနှင့် ဖရီးမေဆွန်အတွေးအခေါ် သို့မဟုတ်အသိတရားတို့အကြားရှိ ကွာဟမှုဖြစ်သည်။[၄၄]

မေဆွန်အဖွဲ့သားများက "ကျုပ်တို့ဘုရားသခင်ကိုယုံကြည်ပါသည်၊ ဘုရားမဲ့ဝါဒီတို့ကို ကျုပ်တို့လက်မခံပါ"ဟုဆိုရာ၌၊ သူတို့အဓိပ္ပါယ်ဖွင့်ဆိုထားသည့် စကြာဝဠာအာကာသ၏ကြီးကျယ်သောပိသုကာကို ဆိုလိုခြင်းဖြစ်သည်။ မေဆွန်ရီအဖွဲ့သားတို့၏ဖေါက်ပြန်သောယုံကြည်ချက်အရ၊ အများယုံကြည်သည့်ထာဝရဘုရားသခင်မဟုတ်ဘဲ၊ သဘာဝသမားနှင့်လူသားပဓါနအခြေပြုဝါဒီတို့၏ခံယူချက်ဖြစ်သော သဘာဝတရား၊ အီဗိုလူးရှင်းနှင့် လူသားလောကတို့သည် သာလျှင် သူတို့၏မိုးကျနတ်ဒေဝါဖြစ်သည်။

မေဆွန်ရီအဖွဲ့၏စာပေများကိုချုံကြည့်လိုက်လျှင်၊ ဤအဖွဲ့သည် သေခြာစနစ်တကျဖွဲ့စည်းထားသော လူသားပဓါနအခြေပြုဝါဒအဖွဲ့ဖြစ်ကြောင်းနှင့် ၎င်း၏ရည်ရွယ်ချက်မှာ တကမ္ဘာလုံးတွင် လောကီရေးသက်သက်ကိုသာအလေးထားသော လူသားပဓါနအခြေပြုစနစ်ကို တည်ဆောက်လိုခြင်းဖြစ်ကြောင်း စတင်တွေ့မြင်နိုင်ပေသည်။ ဤအတွေးအခေါ်များသည်၊ တစ်ဆယ့်လေးရာစုနှစ်တွင် ပေါ်ပေါက်ခဲ့သောလူသားပဓါနအခြေပြုဝါဒီတို့မှ စတင်လာခဲ့၍၊ လက်ရှိခေတ်မေဆွန်ရီအဖွဲ့ဝင်တို့က ဆက်လက်တင်ပြကာကွယ်နေကြသေးသည်။





မေဆွန်သင်္ကေတအချို့

## မေဆွန်ရီလူသားပဓါနအခြေပြုဝါဒ–
## ဝေနေယျလူ့လောကကို ကိုးကွယ်ခြင်း
## MASONIC HUMANISM: THE WORSHIP OF HUMANITY

မေဆွန်ရီအဖွဲ့တွင်း ဖြန့်ဝေသောစာပေများက အဖွဲ့၏လူသားပဓါနအခြေပြုဝါဒအတွေး အခေါ်ကိုဖေါ်ပြထား၍၊ တစ်ဆူတည်းသောထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)ကို ကိုးကွယ် သည့်သာသနာကို ရန်လိုမုန်းတီးတိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်ဖေါ်ပြထားပေ သည်။ မေဆွန်ရီစာပေတွင် ဤကိစ္စနှင့်ပတ်သက်၍ မရေမတွက်နိုင်အောင်များပြားသောရှင်း လင်းချက်များ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ကိုးကားချက်များနှင့် ဥပမာများပြည့်နက်လျက်ရှိ သည်။

ကျွန်ုပ်တို့အစဦးပိုင်းတွင် ဆိုခဲ့သည့်အတိုင်း၊ လူသားပဓါနအခြေပြုဝါဒသည် လူသား တို့၏ဖန်ဆင်းရှင်ထံတော်မှကျောခိုင်း၍၊ "လူသားသည် စကြာဝဠာတွင် အမြင့်ဆုံးအဆင့်တွင် ရှိသည်"ဟု မှားယွင်းစွာ လက်ခံယုံကြည်လေသည်။ ဤကား၊ အမှန်အားဖြင့် လူသားလောက ကိုကိုးကွယ်ခြင်းဖြစ်သည်။ ကဘ္ဘာလာဟ်လူသားပဓါနအခြေပြုဝါဒီတို့က တစ်ဆယ့်လေးရာစု နှစ်နှင့်တစ်ဆယ့်ငါးရာစုနှစ်များတွင် စတင်ခဲ့သော ဤယုံကြည်ချက်သည်၊ ယနေ့ခေတ်သစ် မေဆွန်ရီအဖွဲ့တွင်ပင် ကျိုးကြောင်းဆီလျော်ခြင်းမရှိသော်လည်း ဆက်လက်ယုံကြည်နေကြပေ သည်။



ပီကိုဒဲလ္လာ မီရန်ဒိုလာ – ကျော်ကြားသည့် လူ သားပဓါနအခြေပြုဝါဒီတစ်ဦး။

ပီကိုဒဲလ္လာ မီရန်ဒိုလာသည် တစ်ဆယ့်လေး ရာစုနှစ်မှ အကျော်ကြားဆုံးလူသားပဓါနအခြေပြုဝါ ဒီဖြစ်သည်။ သူရေးသားသော *Conclusiones ph iloso-phicae, cabalsticae, et theologicae* စာအုပ် ကို မိစ္ဆာဒိဋ္ဌိအတွေးအခေါ်များပါဝင်သဖြင့် ၁၄၈၉–ခု နှစ်တွင် အင်္ဂမမြောက်ပုပ်ရဟန်းမင်းကြီး အင်နိုစင့် က ရှုတ်ချပိတ်ပင်ခဲ့လေသည်။ ကမ္ဘာလောကတွင် လူသားထက်ပိုမိုကြီးမြင့်မြတ်သူ မရှိဟု မီရန်ဒိုလာ က ရေးသားထားသည်။ ခရစ်ယာန်အသင်းတော်မှ၊ ဤအတွေးအခေါ်သည် လူသားကို ကိုးကွယ်သော မိစ္ဆာဒိဋ္ဌိအယူဝါဒဖြစ်သည်ဟု မြင်သည်။ အမှန်မှာ လည်း မိစ္ဆာဒိဋ္ဌိအယူဝါဒပင်ဖြစ်ပေသည်။ ထာဝရ ဘုရားသခင် အလ္လာဟ်အရှင်မြတ်ထက် ပိုမိုမြင့်မြတ် သူဟူ၍ အလျှင်းမရှိချေ။ လူသားသည် ထိုအရှင် မြတ်က ဖန်ဆင်းထားခြင်းသာဖြစ်၏။

ယနေ့အချိန်တွင်၊ မေဆွန်တို့သည် လူသား လောကကို ကိုးကွယ်သောမီရန်ဒိုလာ၏မိစ္ဆာဒိဋ္ဌိအ တွေးအခေါ်ကို ပိုမိုပွင့်လင်းစွာ ကြေညာကြပေသည်။ ဥပမာ၊ မေဆွန်ရီအဖွဲ့၏စာစောင်ငယ်တစ် ခုတွင် အောက်ပါအတိုင်း ရေးထားပေသည်။

> ရှေးကျသည့် လူ့အဖွဲ့အစည်းတို့သည်၊ အားနည်းကြသည်။ ထိုသို့အားနည်းကြသောကြောင့်၊ သူတို့၏ ပတ်ဝန်းကျင်အင်အားများနှင့်ဖြစ်ရပ်များကို နတ်ဘုရားများအဖြစ် ကိုးကွယ်ကြသည်။ သို့သော်လည်း မေဆွန်ရီအဖွဲ့က လူသားလောကကိုသာ ကိုးကွယ်သည်။[၅၅]

*ဖရီးမေဆွန်ရီအဖွဲ့၏ပျောက်သွားသောသော့ချက်များ* **(The Lost Keys of Freeasonry)** ဟူသောစာအုပ်တွင်၊ မင်လီ ပီ ဟောလ်က ဤမေဆွန်ရီလူသားပဓါနအခြေပြုဝါဒသင်ကြားချက် သည် ရှေးဟောင်းအီဂျစ်နိုင်ငံမှ စတင်လာခဲ့သည်ဟု ရှင်းပြထားသည်။

> ရှေးဟောင်းအီဂျစ်လူမျိုးတို့ကဲ့သို့၊ အိုးထိန်းသည်၏ဘီးတွင်လှည့်သည့်ပမာ၊ လူသားသည် ဘုရားအဖြစ်သို့ရောက်အောင် ပုံစံသွင်းခံရသည်။ သူ၏ရောင်ခြည်လင်းထင်းလာသောအခါ အစစအရာရာကိုထိန်းသိမ်းထားနိုင်စွမ်းရှိ၍ အထက်ဆင့်သို့မြင့်တင်ခြင်းခံရပြီး၊ မာစတာမေဆွန်(မေဆွန်ဦးစီးခေါင်းဆောင်)များအုပ်စုသို့ သွားရောက်ပေါင်းစည်းလေသည်။ ထိုမေဆွန်ဦးစီးခေါင်းဆောင်တို့သည်၊ ရွှေဖြင့်တန်ဆာဆင်ထားသော အပြာရောင်ဝတ်ရုံများကို ခြုံရုံလျက်ရှိကြကာ၊ မေဆွန်ဟော်နန်းကြီး၏ သုံးဘက်သုံးတန်လင်းထင်းသောရောင်ခြည်ဖြင့် ညဥ့်၏အမှောင်ကို ပပျောက်လွင့်ပြယ်သွားစေရန် ရှာဖွေနေကြသည်။[၄၆]

မေဆွန်ရီအဖွဲ့၏ မှားယွင်းသောယုံကြည်ချက်တွင်၊ လူသားများသည် ဘုရားဖြစ်သည်။ သို့သော်လည်း ဂရင်းမာစတာ (Grand Master) ဟုခေါ်သော မေဆွန်ရီအဖွဲ့ခေါင်းဆောင်တို့သာလျှင် ထိုနတ်ဘုရားအဆင့်သို့အပြည့်အဝ ရောက်ကြသည်။ (အလ္လာဟ်အရှင်မြတ်သည် ထို့ထက်သာလွန်တော်မူ၏။) ဂရင်းမာစတာအဆင့်သို့အပြည့်အဝရောက်ရှိရန် ထာဝရဘုရားသခင်နှင့် လူသားများသည် အရှင်မြတ်၏ကျေးကျွန်များဖြစ်သည်ဟူသောယုံကြည်ချက်ကို အပြီးအပိုင်စွန့်လွှတ်ပစ်ရမည်။ *မေဆွန်ရီဆိုင်ရာ ထူးခြားနက်နဲသောဉာဏ်အမြင်(Mystic Masonry)* ဟူသောစာအုပ်ကိုရေးသည့် ဂျေ ဒီ ဘက်က ဤအချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားသည်။

> ဖရီးမေဆွန်ရီကလက်ခံသောတစ်ဆူတည်းသောဘုရားသည် လူ့လောကဖြစ်သည်။--လူသားလောကသည် လူတိုင်းအတွက် တည်ရှိသောတစ်ဆူတည်းသောဘုရားလည်းဖြစ်သည်။[၄၇]

မေဆွန်ရီအတွေးအခေါ်သည် ဘာသာအယူဝါဒတစ်မျိုးဖြစ်ကြောင်း ထင်ရှားလျက်ရှိ၏။ သို့သော်လည်း၊ တစ်ပါးတည်းသောထာဝရဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်သည့် သာသနာမဟုတ်ပေ။ ၎င်းသည် လူသားလောကကိုကိုးကွယ်သောဘာသာအယူဝါဒဖြစ်သဖြင့်၊ မှားယွင်းသောအယူဝါဒဖြစ်သည်။ မေဆွန်ရီအဖွဲ့၏စာပေများက ဤအချက်ကိုထပ်ခါတလဲလဲ အခိုင်အမာဆို၍ရေးသားကြသည်။ *တာက်မေဆွန်*အမည်ရှိ တူရကီနိုင်ငံမေဆွန်ရီအဖွဲ့သားတို့ အတွက်ထုတ်ဝေသောမဂ္ဂဇင်းမှ ဆောင်းပါးတစ်ခုတွင်၊ **“မေဆွန်ရီ၏အမြင့်မားဆုံးစံနမူနာသည် ‘လူသားပဓါနအခြေပြုဝါဒ’သင်ကြားချက်တွင်ရှိသည်ဟု ကျွန်ုပ်တို့ခံယူကြပါသည်။”**[၄၈] ဟုရေးသားထားသည်။

နောက်ထပ်တူရကီစာစောင်တစ်ခုက၊ လူသားပဓါနအခြေပြုဝါဒသည် ဘာသာအယူဝါဒတစ်ခုဖြစ်ကြောင်း ရှင်းပြထားသည်။

> (လူသားပဓါနအခြေပြုဝါဒ)သည်၊ တစ်ယူသန်ဘာသာရေးဟောပြောမှုများနှင့် ကွာခြား၍ မှန်ကန်သည့်ဘာသာအယူဝါဒတစ်ခုဖြစ်သည်။ **ကျွန်ုပ်တို့၏ လူသားပဓါနအခြေပြုအယူဝါဒသည် အသက်ရှင်နေခြင်းဘဝ၏အခြေခံဇစ်မြစ်အဓိပ္ပါယ်က လူငယ်များမသိသေးသည့်လိုလားတောင့်တမှုများကို** ဖြည့်စွမ်းပေးလိမ့်မည်။[၄၉]

မေဆွန်အဖွဲ့ဝင်တို့က သူတို့ယုံကြည်သည့် ဤမှားယွင်းသောဘာသာအယူဝါဒကို မည်သို့ပူဇော်ပသနည်း။ ဤအချက်ကိုသိရှိရန် လူ့အဖွဲ့အစည်းသို့ မည်ကဲ့သို့သတင်းဖြန့်ကြသည်ကို အနီးကပ်၍ကြည့်ရပါမည်။

## လူသားပဓါနအခြေပြုဝါဒဆိုင်ရာ ကိုယ်ကျင့်တရားသီအိုရီ
## HUMANIST MORAL THEORY

ယနေ့အချိန်တွင်၊ မေဆွန်ရီအဖွဲ့ဝင်တို့သည် နိုင်ငံအမြောက်အမြားရှိလူ့အဖွဲ့အစည်းများသို့ ထိုးဝင်နေကြသည်။ သတင်းစာရှင်းလင်းပွဲများ၊ အင်တာနက်ဆိုက်များ၊ သတင်းစာကြော်ငြာများနှင့် ကြေညာစာတမ်းများဖြင့်၊ သူတို့၏အဖွဲ့သည် လူ့အဖွဲ့အစည်း၏ကောင်းကျိုးကိုသာဆောင်ရွက်သည်ဟု တင်ပြကြသည်။ အချို့တိုင်းပြည်များတွင်၊ မေဆွန်ရီအဖွဲ့မှထောက်ပံ့သောကုသိုလ်ရေးအသင်းအဖွဲ့များပင် ရှိသည်။

ရှိတာရီကလပ်နှင့်လိုင်းအွန်း(ခြင်္သေ့)ကလပ်တို့သည်လည်း မေဆွန်ရီအဖွဲ့၏ "ပျော့ပြောင်း" သောပုံစံဖြစ်၍ အထက်ပါအတိုင်း လူ့အဖွဲ့အစည်း၏ကောင်းကျိုးကိုသာ ဆောင်ရွက်သည်ဟု ဆိုကြသည်။


အမှန်စင်စစ်၊ လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးဆောင်ရွက်ခြင်းသည် တားမြစ်ရမည့် ဆောင်ရွက်ချက်များမဟုတ်ပေ။ ကျွန်ုပ်တို့ကလည်း မတားမြစ်လိုပါ။ သို့သော်လည်း သူတို့၏ အဆိုနောက်ကွယ်တွင်၊ လှည့်စားမှုကိန်းအောင်းနေပေသည်။ မေဆွန်ရီအဖွဲ့သားတို့က ဘုရားတရားဘာသာယုံကြည်မှုမရှိသော်လည်း ကိုယ်ကျင့်တရားရှိနိုင်သည်ဟု ဆိုသည်။ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသောကမ္ဘာကို ဘာသာအယူဝါဒမရှိဘဲ တည်ဆောက်နိုင်သည်ဟု တင်ပြကြသည်။ သူတို့၏အလျှူဒါနလုပ်ငန်းအားလုံး၏ရည်ရွယ်ချက်မှာလည်း ဤအဆိုကို လူ့အဖွဲ့အစည်းတွင်း၌ ဖြန့်ဖြူးရန်ဖြစ်သည်။

ဤအဆိုသည် မည်မျှအထိလှည့်စားထားသည်ကို မကြာမီတွေ့ကြပါမည်။ သို့သော်လည်း၊ ဤကိစ္စနှင့်ပတ်သက်၍ မေဆွန်ရီအဖွဲ့ဝင်တို့၏အမြင်ကို ဦးစွာသုံးသပ်ခြင်းသည်လည်း အသုံးဝင်ပါလိမ့်မည်။ မေဆွန်ရီတို့၏အင်တာနက်ဝဘ်ဆိုက်တွင် "ဘာသာအယူဝါဒမရှိသောကိုယ်ကျင့်တရား" ရှိနိုင်ကြောင်းကို အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

> လူသားဆိုတာဘာလဲ။ ဘယ်ကလာသလဲ။ ဘယ်ကိုဦးတည်နေသလဲ။--**လူတစ်ယောက်ဘယ်လိုနေထိုင်သလဲ။ ဘယ်လိုနေထိုင်ရမလဲ။ ဘာသာရေးများက ဤမေးခွန်းများကို ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းချက်များအတွင်းရှိ ကိုယ်ကျင့်တရားမူဝါဒများဖြင့် အဖြေပေးကြသည်။ သို့သော်လည်း သူတို့က ထာဝရဘုရားသခင်၊ ကောင်းကင်ဘုံနိဗ္ဗာန်၊ ငရဲဘုံ၊ ရှိခိုးဝတ်ပြုခြင်း၊ စသည့် ရုပ်လွန်ခံယူချက်များကို တင်ပြသင်ကြားကြသည်။ လူတို့က၊ သူတို့ရှင်းရှင်းလင်းလင်းနားမလည်နိုင်သည့် ရုပ်လွန်ပြဿနာနှင့်မပတ်သက်သည့် ဘဝ၏မူဝါဒလမ်းစဉ်များကို ရှာဖွေယူကြရသည်။** ဖရီးမေဆွန်ရီအဖွဲ့က ဤမူဝါဒများကို လွတ်လပ်မှု၊ တန်းတူမှု၊ လူသားအချင်းချင်းရင်းနှီးချစ်ခင်မှု(ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓါတ်)၊ လုပ်ငန်းကိုချစ်ခင်ခြင်း၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို လိုလားခြင်း၊ စသည်တို့ကို ရာစုနှစ်ပေါင်းများစွာကတည်းက ကြေညာလာခဲ့သည်။ ဤအချက်များက လူတစ်ဦးကို ဘာသာရေးဘောင်အတွင်းမှ လွတ်မြောက်သွားစေပြီး၊ ဘဝ၏မူဝါဒကိုဆက်လက်ပေးထားသည်။ သူတို့၏အခြေခံမှုကို ရုပ်လွန်လောကခံယူချက်တွင် ရှာဖွေခြင်းမဟုတ်ဘဲ၊ ဤကမ္ဘာမြေကြီးပေါ်ဝယ် နေထိုင်သော ရင့်ကျက်သည့်လူပုဂ္ဂိုလ်၏အတွင်းစိတ်မှ ရှာဖွေယူကြသည်။[၅၀]

ဤကဲ့သို့တွေးတောသောမေဆွန်တစ်ဦးသည်၊ ထာဝရဘုရားသခင်အားယုံကြည်၍ အရှင်မြတ်၏သဘောတူလက်ခံခြင်းကိုမျှော်ကိုးကာ ကုသိုလ်လုပ်ငန်းများဆောင်ရွက်သူကို ဆန့်ကျင်သည်။ သူတို့အတွက်၊ အစစအရာရာသည် လူသားလောကအတွက်သာ လုပ်ဆောင်ရမည်။ ဤအတွေးအခေါ်များကို တူရကီမေဆွန်ရီလော့ဂျ်မှ ထုတ်ဝေသောစာပေများတွင် တွေ့မြင်နိုင်ပေသည်။

> မေဆွန်ရီဆိုင်ရာကိုယ်ကျင့်တရားသည် လူသားလောကကို ချစ်ခင်ခြင်းတွင် အခြေခံသည်။ နောင်အနာဂတ်တွင်ရရှိမည့် ကောင်းကျိုး၊ ဆုလာဘ်၊ နိဗ္ဗာန်စသည်ကို ရရှိရန်အတွက်မျှော်လင့်ချက်ဖြင့်လည်းကောင်း၊ တစ်ဦးဦးကိုကြောက်၍ဖြစ်စေ၊ ဘာသာရေးပညတ်ချက် သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းကိုကြောက်၍ဖြစ်စေ၊ မတွေ့မမြင်ရသော သဘာဝလွန်အင်အားများကို ကြောက်ရွံ့၍ဖြစ်စေ၊ ကောင်းကျိုးပြုခြင်းကို လုံးဝပယ်ချသည်။ မိမိ၏အိမ်ထောင်စု၊ တိုင်းပြည်၊ လူသားများနှင့် လူသားလောကကို ချစ်ခင်မြှင့်တင်ထောက်ပံ့ခြင်းသာ ပြုသည်။ ဤကား ဖရီးမေဆွန်ရီဆိုင်ရာအီဗိုလူးရှင်းပြောင်းလဲမှု၏ အထင်ရှားဆုံးရည်မှန်းချက်ဖြစ်သည်။ လူများကိုချစ်ခင်ခြင်းနှင့် မည်သည့်အကျိုးရလာဒ်ကိုမျှမျှော်ကိုးခြင်းမရှိဘဲ ကောင်းကျိုးပြုခြင်းသည် ကြီးကျယ်သောအီဗိုလူးရှင်း၏ အမြင့်ဆုံးသောအဆင့်ဖြစ်သည်။[၅၁]






မေဆွန်ရီ “လူသားပဓါနအခြေပြုကျင့်ဝတ်တရား ”သည်၊ အစွန်းရောက်သောလှည့်ဖြားမှုတစ်ရပ်ဖြစ်သည်။ ဘာသာအယူဝါဒကိုဖျက်ဆီးပစ်သောလူ့အဖွဲ့အစည်းသည်၊ ကိုယ်ကျင့်တရားကင်းမဲ့၍၊ ပဋိပက္ခနှင့်ရှုပ်ထွေးမှုသာ ပြည့်နေသည်။ လက်ဝဲစွန်းပုံသည် ပြင်သစ်တော်လှန်ရေး၏ ရက်စက်မှုများကိုပြသောပုံဖြစ်၍၊ လူသားပဓါနအခြေပြုဝါဒ၏ရလာဒ်အစစ်ကို ဖေါ်ပြထားခြင်းဖြစ်သည်။


အထက်ပါကိုးကားချက်တွင်ပြထားသောအဆိုများသည်၊ အထင်အမြင်မှားစေအောင်လှည့်စားထားခြင်းသာဖြစ်သည်။ ဘာသာအယူဝါဒ၏ပညတ်ထားသောကိုယ်ကျင့်တရားစည်းမျဉ်းစည်းကမ်းမရှိဘဲ ကျန်သည့်လူ့အဖွဲ့အစည်းအတွက် ကိုယ်ကျိုးစွန့်မည်ဆိုခြင်းမှာ အဓိပ္ပါယ်ကင်းမဲ့ပေသည်။ ဤကဲ့သို့သောအဆိုကိုလိုက်နာကျင့်သုံးမှုရှိသည့်နေရာတိုင်းတွင်လည်း ဆက်ဆံရေးသည် အပေါ်ရံကျောသာ ဖြစ်လိမ့်မည်။ ဘာသာအယူဝါဒကိုယ်ကျင့်တရားကိုမယုံကြည်မလိုက်နာသူသည်၊ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)အားကြောက်ရွံ့ရိုသေခြင်းမရှိချေ။ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းမရှိပါက၊ လူသားတို့သည် မိမိ၏အကျိုးအမြတ်ကိုသာကြည့်မည်။ မိမိ၏ကိုယ်ကျိုးကို ထိခိုက်လာသည်ဟုထင်မြင်သည်နှင့်တပြိုင်တည်း၊ သူတို့သည် စစ်မှန်သောချစ်ခြင်း၊ သစ္စာရှိခြင်း၊ ကြင်နာခြင်း ကိုလည်းဖေါ်ထုတ်နိုင်စွမ်းမရှိတော့ချေ။ သူတို့၏ဤမှားယွင်းသောယုံကြည်ချက်ကြောင့်၊ သူတို့သည်ဤကမ္ဘာတွင် တစ်ကြိမ်တစ်ခါသာဖွားသည်ဟု ယုံကြည်သဖြင့်၊ ရနိုင်သမျှအားလုံးသိမ်းကြုံးယူရန်သာ ကြိုးစားကြပေသည်။ သူတို့၏ဤမှားယွင်းသောယုံကြည်ချက်ကြောင့် ဤကမ္ဘာတွင်သူတို့လုပ်သမျှ မရိုးဖြောင့်မှု မသမာမှုများအတွက် မည်သည့်ပစ်ဒဏ်ခတ်ခြင်း၊ ဝဋ်လည်ခြင်းလည်းမရှိနိုင်ဟု ယုံကြည်ကြသည်။

မေဆွန်ရီစာပေများတွင် အဆိုပါကိုယ်ကျင့်တရားဖြန့်ချိသည့် ဖိတ်ခေါ်မှုများဖြင့် ဤအချက်ကို မရှုပ်ရှုပ်အောင်ရေးသားသည့် ဆောင်းပါးများဖြင့်ပြည့်နက်လျက်ရှိသည်။ **သို့သော်လည်း၊ ဘာသာအယူဝါဒကင်းမဲ့သောကိုယ်ကျင့်တရားဆိုသည်မှာလည်း အာဝဇ္ဇန်းရွှင်ရွှင် လှည့်စားခြင်းသာ ဖြစ်ပေသည်။** ဘာသာအယူဝါဒက လူသားများ၏ ဝိညာဉ်သန့်စင်ရေးအတွက်ချမှတ်ပေးသောပညတ်ချက်စည်းမျဉ်းများမရှိပါက စစ်မှန်သည့်ကိုယ်ကျင့်တရားများကို တည်ဆောက်နိုင်ခြင်းမရှိနိုင်ကြောင်း သမိုင်းကသက်သေခံလျက်ရှိသည်။

၁၇၈၉–ခုနှစ်မှကြီးကျယ်သောပြင်သစ်တော်လှန်ရေးသည် အထင်ရှားဆုံးဥပမာတစ်ခုဖြစ်သည်။ တော်လှန်ရေးကိုလှုံ့ဆော်ပေးသည့် မေဆွန်ရီအဖွဲ့သားတို့က၊ “လွတ်လပ်ရေး၊ တန်းတူညီမျှရေးနှင့်သဟာယစိတ်ဓါတ်အရေး”ကြွေးကြော်သံဖြင့် အော်ဟစ်၍ရှေ့တန်းမှ ထွက်လာကြသည်။ သို့သော်လည်း၊ ထောင်သောင်းမကသောလူတို့ကို ခေါင်းဖြတ်စက်သို့ ပို့ခဲ့ကြသည်။ တိုင်းပြည်လည်း သွေးအိုင်ခဲ့လေသည်။ ဤရက်စက်ရိုင်းစိုင်းမှုမှ ထိုတော်လှန်ရေးခေါင်းဆောင်များပင် မလွတ်နိုင်ခဲ့ကြချေ။ သူတို့လည်း တစ်ယောက်ပြီးတစ်ယောက် ခေါင်းဖြတ်စက်သို့ အပို့ခံခဲ့ကြရသည်။

တစ်ဆယ့်ကိုးရာစုနှစ်တွင်၊ ဘာသာအယူဝါဒမရှိဘဲ ကိုယ်ကျင့်တရားရှိနိုင်သည်ဟူသောအမှားမှ ကွန်မြူနစ်ဝါဒ ပေါက်ဖွားလာခဲ့၍ ပိုမိုကြီးကျယ်ဆုံးရှုံးမှုကို ဖန်တီးပေးလေသည်။ ကွန်မြူနစ်ဝါဒသည်၊ တရားမျှတမှုကို တောင်းဆိုသည်ဟုဆိုသည်။ ခေါင်းပုံဖြတ်ခြင်းမရှိသည့် သာတူညီမျှနေထိုင်နိုင်သောလူ့အဖွဲ့အစည်းတည်ထောင်ရန်ဟု ဆိုသည်။ ထို့ကြောင့် ဘာသာအယူဝါဒများကို ပယ်ဖျက်ပစ်ရန် တင်ပြသည်။ သို့သော်လည်း၊ နှစ်ဆယ်ရာစုနှစ်တွင်၊ ရုရှားနိုင်ငံ၊ အရှေ့ဥရောပနိုင်ငံများအုပ်စု၊ တရုတ်နိုင်ငံ၊ အင်ဒိုချိုင်းနားနိုင်ငံများနှင့် အာဖရိက၊ အမေရိကအ

လယ်ပိုင်းနိုင်ငံအမြောက်အမြား၌ လူတို့အား ဒုက္ခဆင်းရဲခြင်းကြီးစွာသက်ရောက်စေခဲ့သည်။ ကွန်မြူနစ်အစိုးရများက ကမ္ဘာ့လူဦးရေသန်းပေါင်း ၁၂၀ကျော်အထိ သတ်ဖြတ်ခဲ့ကြသည်။[၇၂]



ရက်စက်ကြမ်းကြုတ်သည့် ပြင်သစ်တော်လှန်ရေး၏ နောက်ထပ်မြင်ကွင်းတစ်ခု

ထို့ထက်မက၊ ကွန်မြူနစ်ဝါဒက တောင်းဆိုသောတရားမျှတမှုနှင့် တန်းတူညီမျှမှုကို မတည်ဆောက်ခဲ့ကြချေ။ နိုင်ငံကိုစီမံခန့်ခွဲသည့် ကွန်မြူနစ်ခေါင်းဆောင်တို့သည် သီးခြားအခွင့်အရေးရရှိသည့် အထက်တန်းလွှာလူတန်းစားဖြစ်ကြသည်။ (ယူဂိုဆလာဗီးယားအတွေးအခေါ်ရှင် မီလိုဗန် ဂျီလားစ်က *လူတန်းစားသစ်* ဟူသောစာအုပ်တွင်၊ ကွန်မြူနစ်ခေါင်းဆောင်တို့သည် ကွန်မြူနစ်ဝါဒက ကြေညာထားချက်နှင့်ဆန့်ကျင်သည့် "nomenklatura" ခေါ် "အခွင့်ထူးခံလူတန်းစား"ဖြစ်ကြသည်ဟု ရှင်းပြထားသည်။



**ခေါင်းဖြတ်စက်သည် ပြင်သစ်တော်လှန်ရေးတွင်အသုံးပြုသောရက်စက်ကြမ်းကြုတ်မှုတစ်ခုဖြစ်သည်။**

ယနေ့ကာလမှာလည်း၊ မေဆွန်နရီအဖွဲ့တွင်းကို လေ့လာကြည့်ပါက၊ 'လူ့အဖွဲ့အစည်းကို အကျိုးဆောင်သည်'၊ 'လူသားလောကအတွက် ကိုယ်ကျိုးစွန့်သည်'ဟု သူတို့၏အတွေးအခေါ်ကို အဆက်မပြတ်ကြွေးကြော်နေကြသော်လည်း သန့်ရှင်းလှသည့်အခြေအနေကို မတွေ့ရှိရပေ။ **နိုင်ငံအတော်များများတွင် မေဆွန်နရီအဖွဲ့သားတို့သည် ဒုစရိုက်ဖြင့်ဥစ္စာဓနအကျိုးစီးပွားရှာသူများနှင့် ဆက်စပ်နေသည်ကို တွေ့ရှိရပေသည်။** ၁၉၈၀–ခုနှစ် အီတာလီနိုင်ငံမှ **ပီ၂ မေဆွန်နရီလော့ဂျ်**နှင့် ပတ်သက်၍ ဟိုးလေးတကျော်သတင်းဖြစ်ခဲ့စဉ်က၊ မေဆွန်နရီအဖွဲ့ဝင်တို့သည်မာဖီယာဂိုဏ်းနှင့်နီးနီးကပ်ကပ်ဆက်စပ်မှုရှိကြသည့်အပြင်၊ အချို့ဒါရိုက်တာ(ညွှန်ကြားရေးမှူး)တို့သည် လက်နက်မှောင်ခိုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းနှင့် ငွေမည်းခဝါချလုပ်ငန်းများလုပ်ကြကြောင်း ဘူးပေါ်သလိုပေါ်ခဲ့လေသည်။ သူတို့၏ပြိုင်ဘက်များကို တိုက်ခိုက်ခြင်းနှင့် သူတို့ကိုသစ္စာဖေါက်သူတို့အား သတ်ဖြတ်ဖျောက်ဖျက်ကြကြောင်းကိုလည်း ဖေါ်ထုတ်ခဲ့သည်။ ၁၉၉၂–ခုနှစ်တွင် ပြင်သစ်နိုင်ငံမှ "ဂရိတ်အီစတင်လော့ဂျ်"နှင့်ပတ်သက်၍ ဟိုးလေးတကျော်အနံ့ထွက်ခဲ့စဉ်နှင့်၊ အင်္ဂလန်နိုင်ငံတွင် "လက်သန့်ရှင်းရေး"ကိစ္စကို ၁၉၉၂–ခုနှစ်သတင်းစာများတွင်ဖေါ်ပြချက်များဖြင့်၊ မေဆွန်နရီအဖွဲ့ဝင်တို့၏ ဥပဒေပြင်ပအကျိုးအမြတ်ရှာစားကြသည့်ကိစ္စလည်း ထပ်မံပေါ်ခဲ့လေသည်။ မေဆွန်တို့၏ "လူသားပဓါနအခြေပြုကိုယ်ကျင့်တရား"သည် လိမ်လည်လှည့်စားမှုသာ ဖြစ်ပေသည်။

ဤကဲ့သို့ဖြစ်ရသည်မှာ မလွဲမရှောင်သာသောကိစ္စဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့အထက်တွင်ဆိုခဲ့သည့်အတိုင်း၊ လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားကို ဘာသာအယူဝါဒပညတ်ချက်စည်းကမ်းများဖြင့်သာ တည်ဆောက်နိုင်သောကြောင့်ဖြစ်၏။ ကိုယ်ကျင့်တရား၏ အခြေခံအုတ်မြစ်တွင် မာန်မာနကင်းမဲ့ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းလောဘကင်းမဲ့ခြင်းတို့ပါဝင်သဖြင့်၊ ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်နှင့်သက်ဆိုင်သောတာဝန်ကိုသိရှိသူသာလျှင် ၎င်းအဆင့်သို့ရောက်နိုင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့ကို ကိုယ်ကျိုးစွန့်ရန်ညွှန်ကြားတော်မူပြီးနောက်၊ အောက်ပါအတိုင်း ထပ်မံမိန့်ဆိုထားပေသည်။

> **–––စင်စစ်သော်ကား မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုနှင့် ကင်းစေခြင်းခံရလျှင် ထိုကဲ့သို့သောသူတို့သည် အောင်မြင်သောသူများ ဖြစ်ကြပေသည်။**
> (စူရာအလ် ဟရှရ် ၅၉း၉)

ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်ဖူရ်ကာန်တွင်၊ စစ်မှန်သောမုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ ကိုယ်ကျင့်တရားကို အောက်ပါအတိုင်း ဖော်ပြထားတော်မူ၏။

စင်စစ်သော်ကား 'ရဟ်မာန်'ကြီးမားလှသောကရုဏာတော်ရှင်၏ကျွန်များသည်အကြင်သူများပင်။ ထိုသူတို့သည်ပထဝီမြေပေါ်ဝယ် ကျိုးနွံစွာ၊ ဖြည်းညင်းစွာ၊ ဣန္ဒြေသိက္ခာရှိစွာ၊ လမ်းလျှောက်ကြကုန်၏။ ထိုမှတပါး အသိအလိမ္မာကင်းမဲ့ကြသောသူများသည် ၎င်းတို့နှင့် စကားပြောဆိုကြသောအခါ ၎င်းတို့သည် ကောင်းမွန်စွာ ပဋိပက္ခကင်းငြိမ်းသောစကားကို အပြစ်မဖြစ်စေသောစကားကို ပြောဆိုကြကုန်၏။

၎င်းပြင် အကြင်သူများပင် ထိုသူတို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ရှေ့တော်မှောက်ဝယ် 'စဂျ်ဒဟ်'ပျပ်ဝပ်ဦးချကြလျက်လည်းကောင်း၊ မတ်တတ်ရပ်ကြလျက်လည်းကောင်း၊ ညဥ့်ကို ကုန်လွန်စေကြကုန်၏။

ထို့ပြင် အကြင်သူများပင်။ ထိုသူတို့သည် (ဤသို့)လျှောက်ထားကြကုန်၏။ အို–ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ဖယ်ရှားပေးတော်မူပါ။ ဧကန်မလွဲ ယင်းဂျဟန္နမ်ငရဲ၏ ပြစ်ဒဏ်သည်ကား ပျက်စီးမှုပင်၊ ပြင်းထန်လှသောဒုက္ခပင်၊ အဆက်မပြတ်သက်ရောက်အံ့သောပြစ်ဒဏ်ပင်ဖြစ်ပါသည်။

ဧကန်စင်စစ် ယင်းဂျဟန္နမ်ငရဲသည် စခန်းချရာနေရာအဖြစ်လည်းကောင်း၊ နေထိုင်ရာနေရာအဖြစ်လည်းကောင်း၊ အလွန်ညံ့ဖျင်းလှပါသည်။

ထိုမှတပါး အကြင်သူများပင်။ ထိုသူတို့သည် သုံးစွဲကြသောအခါ အချည်းနှီး၊ ဖြုန်တီးကြသည်လည်းမဟုတ်ပေ။ စစ်စီစေးနဲကြသည်လည်းမဟုတ်ပေ။ စင်စစ်(၎င်းတို့၏သုံးစွဲမှုကား) ယင်း(အချည်းနှီးဖြုန်းတီးမှုနှင့် စစ်စီစေးနဲမှု)၏ အကြားတွင် မလွန်မယုတ်အလယ်(အလတ်သုံးစွဲမှု)သာလျှင် ဖြစ်ပေသတည်း။

၎င်းပြင် အကြင်သူများပင်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်(တွဲဖက်၍) အခြားကိုးကွယ်ရာတစ်စုံတစ်ရာကိုမျှဟစ်ခေါ်တသ(ကိုးကွယ်ဆည်းကပ်)ကြသည်မဟုတ်ပေ။ ၎င်းပြင် ထိုသူများသည် အလ္လာဟ်အရှင်မြတ်က 'ဟရာမ်'ဟူ၍ တားမြစ်ထားတော်မူသောအသက်ဇီဝိန်ကိုလည်း တရားသဖြင့်မှတပါး သတ်ဖြတ်ခြင်းမပြုကြပေ။ ထိုမှတပါး ၎င်းတို့သည် ကာမေသုမိစ္ဆာစာရကိုလည်း ကျူးလွန်ကြသည်မဟုတ်ပေ။ စင်စစ်သော်ကား မည်သူမဆို ထိုသည့်ပြစ်မှုများကို ကျူးလွန်ပါမူ ထိုသူသည်(အလွန်ကြီးလေးသော)ပြစ်ဒဏ်နှင့် တွေ့ကြုံရမည်သာ။

'ကိယာမတ်'ရှင်ပြန်ထရမည့်နေ့တွင် ထိုသူ၌ ပြစ်ဒဏ်သည် တိုးတက်(သက်ရောက်)စေခြင်းကို ခံရမည့်ပြင် ထိုသူသည် အမြဲထာဝရ ယင်းပြစ်ဒဏ်၌ပင် ဂုဏ်သရေယုတ်ညံ့စွာ ခံစားနေရမည်သာ။

သို့ရာတွင်အကြင်သူသည် (ကာဖိရ်ရှိရစ်က်မှ) ဝန်ချတောင်းပန်ပြီး သက်ဝင်ယုံကြည်ခဲ့၍ ကောင်းမြတ်သောအကျင့်သီလကို ကျင့်မှုဆောက်တည်ခဲ့လျှင်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် ထိုသို့သောသူတို့အား ၎င်းတို့၏ မကောင်းမှုများကို ကောင်းမှုများနှင့်လဲလှယ်၍ပေးသနားတော်မူပေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

အမှန်သော်ကား မည်သူမဆို (အပြစ်မှ)ဝန်ချတောင်းပန်၍ ကောင်းမြတ်သောအကျင့်သီလကို ကျင့်မှုဆောက်တည်ခဲ့ပါမူ ဧကန်မလွဲ ထိုသူသည် အလ္လာဟ်အရှင်မြတ်ဘက်သို့ အထူးပြန်လှည့်သူပင်ဖြစ်ပေသတည်း။

ထို့ပြင် အကြင်သူများပင်။ ထိုသူတို့သည် မလျော်ကန်သောနေရာသို့လည်း သွားရောက်ပါဝင်ကြသည်မဟုတ်ပေ။ (တနည်း) မုသားသက်သေခံကြသည်လည်း မဟုတ်ပေ။ ထိုမှတပါး ၎င်းတို့သည် အချည်းနှီးသောအမှုကိစ္စ၏အပါးမှ ဖြတ်သန်း၍သွားကြ

> လေသောအခါ၊ (မျက်နှာအောက်စိုက်၍) ဣန္ဒြေရှိသူများပီပီ ဖြတ်သန်း၍ သွားကြကုန်၏။
>
> ၎င်းပြင် အကြင်သူများပင်၊ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အာယသ်တော်များဖြင့် ဆုံးမဩဝါဒပေးခြင်းကို ခံကြရသောအခါ ထိုသူတို့သည် ၎င်းအာယသ်တော်များအပေါ်၌ နားပင်းသူများအဖြစ်လည်းကောင်း၊ မျက်စိကန်းသူများအဖြစ်လည်းကောင်း၊ ကျလာကြသည်မဟုတ်ပေ။
>
> (စူရာအလ်ဖုရ်ကာန် ၂၅း၆၃–၇၃)

ဤကား အလ္လာဟ်အရှင်မြတ်ထံတော်၌နှိမ့်ချအောက်ကျို့စွာဖြင့် "အရှင်မြတ်၏လက္ခဏာတော်များကို သတိပေးတော်မူသောအခါ၊ မျက်ကန်းနားပင်းသကဲ့သို့ ကျောခိုင်းခြင်းမပြုရန်" အီမာန်သက်ဝင်ယုံကြည်သူတို့၏တာဝန် ဖြစ်ပေသည်။ ဤတာဝန်များကြောင့်၊ လူတစ်ဦးသည် အတ္တလောဘ၊ လောကီကိုတွယ်တာလွန်းခြင်း၊ လိုအင်ဆန္ဒရမ္မက်များလွန်းခြင်း၊ သူတပါးကဲ့သို့ဖြစ်လိုလွန်းခြင်း၊ စသည့်လောကီရေးအာသာဆန္ဒများမှ လွတ်ကင်းနိုင်ပေသည်။ အထက်ပါအာယသ်တော်များတွင် ဖေါ်ပြထားသော ကိုယ်ကျင့်တရားများကို ဤနည်းဖြင့်သာလျှင် ထိန်းသိမ်းနိုင်ပေသည်။ ထို့ကြောင့်၊ မိမိ၏ဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်အား ချစ်ခင်ကြောက်ရွံ့ခြင်းမရှိဘဲ ထိုအရှင်မြတ်အား ယုံကြည်မှုမရှိသည့် လူ့အဖွဲ့အစည်းသည်၊ ကိုယ်ကျင့်တရားမရှိချေ။ ထိုသူ့အတွက် မည်သည့်သတ်မှတ်ချက်မျှမရှိတော့သဖြင့်၊ လူ့တိုင်းသည် အမှားအမှန်ကို မိမိ၏ဉာဏ်စွမ်းနှင့်အလိုဆန္ဒအတိုင်း သတ်မှတ်ယူကြလေသည်။

အမှန်မှာ၊ မူလကတည်းက မေဆွန်ရီ၏ လောကီရေးသက်သက်ဖြစ်သောလူသားပဓါနအခြေပြုဝါဒကိုယ်ကျင့်တရားအတွေးအခေါ်သည်၊ ကိုယ်ကျင့်တရားရှိသောကမ္ဘာကို တည်ဆောက်ရန်မဟုတ်ဘဲ၊ လောကီရေးသက်သက်ကိုဦးစားပေးသည့် ဆက်ကူလာကမ္ဘာတည်ဆောက်ရန်သာ ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော်၊ မေဆွန်တို့သည် သူတို့အလေးထားဆုံးဟုဆိုသည့် လူသားပဓါနအခြေပြုဝါဒအတွေးအခေါ်ကိုယ်ကျင့်တရားကို အားပေးမြှင့်တင်လိုခြင်းမဟုတ်ပေ။ ဘာသာအယူဝါဒမလိုအပ် ဟူသောသူတို့၏ယုံကြည်ချက်ကို လူ့အဖွဲ့အစည်းသို့ သွတ်သွင်းနိုင်ရန် အသုံးပြုခြင်းသာ ဖြစ်သည်။

## မေဆွန်ရီအဖွဲ့၏ပန်းတိုင်–
## လူသားပဓါနအခြေပြုဝါဒကမ္ဘာကို တည်ဆောက်ရန်
## THE MASONIC GOAL: TO ESTABLISH A HUMANIST WORLD

ကျွန်ုပ်တို့အထက်တွင်တွေ့ခဲ့သည့်အတိုင်း၊ မေဆွန်တို့သည် လူသားပဓါနအခြေပြုအတွေးအခေါ်တွင် အတင်းဖက်တွယ်နေကြသည်။ ထို့ကြောင့် ထာဝရဘုရားသခင်၌ယုံကြည်ခြင်းကို ငြင်းပယ်၍၊ လူသားကို ကိုးကွယ်ခြင်းဖြစ်သည်။ ထာဝရဘုရားသခင်အစား "လူ့လောက" ကိုအထွတ်အမြတ်ထားကြ၏။ စင်စစ်အလ္လာဟ်အရှင်မြတ်သည်သာလျှင်အထွတ်အမြတ်ဆုံးဖြစ်ပေသည်။ ဤတွင် အရေးကြီးသည့်မေးခွန်းတစ်ခု ပေါ်လာသည်။ မေဆွန်တို့သည် သူတို့၏ယုံကြည်ချက်ကို ကိုယ်ပိုင်ယုံကြည်ချက်အဖြစ်သာထားကြသလော။ သို့မဟုတ် အခြားသူများကိုလည်း သူတို့လို ယုံကြည်စေချင်ကြသလော။

မေဆွန်ရီအဖွဲ့၏စာပေများကိုကြည့်လျှင်၊ ဤမေးခွန်းများ၏အဖြေကို ရှင်းလင်းစွာသိရှိနိုင်ပေသည်။ ဤအဖွဲ့၏ပန်းတိုင်မှာ၊ လူသားပဓါနအခြေပြုအတွေးအခေါ်ကို တကမ္ဘာလုံးပျံ့နှံ့အောင်ဖြန့်၍၊ အစ္စလာမ်သာသနာ၊ ခရစ်ယာန်သနာနှင့် ဂျူး(ယဟူဒီ)သာသနာများဖြစ်သည့် တစ်ပါးတည်းသောဖန်ဆင်းရှင်ထာဝရဘုရားသခင်ကို ကိုးကွယ်သောဘာသာအယူဝါဒများကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။

ဥပမာ၊ *မီမာရ်ဆီနန်*ခေါ်မေဆွန်ရီအဖွဲ့မဂ္ဂဇင်းမှ ဆောင်းပါးတစ်ခုတွင်၊ “မေဆွန်တို့သည်၊ ဆိုးသွမ်းယုတ်မာခြင်း၊ တရားမျှတခြင်းနှင့် ရိုးဖြောင့်ခြင်းတို့၏ဇစ်မြစ်ကို ရုပ်လောကမှ လွန်၍ မရှာဖွေကြပါ။ သူတို့သည် ဤအရာများသည် လူတစ်ဦး၏လူမှုရေးပတ်ဝန်းကျင်၊ လူမှုရေးဆက်ဆံမှုနှင့် သူ၏ဘဝအတွက်ပဋိပက္ခဖြစ်ခြင်းများအပေါ်မူတည်၍ ဖြစ်ပေါ်လာသည်ဟု ယုံကြည်ကြသည်။”ဟုရေးသားထားသည်။ **“မေဆွန်ရီအဖွဲ့က ဤအတွေးအခေါ်ကို တကမ္ဘာလုံး ပျံ့နှံ့အောင်ကြိုးစားဖြန့်ဖြူးနေသည်။”**[၅၃]ဟု ထပ်၍ကွန့်ထားပေသည်။

တူရကီလူမျိုး ဝါရင့်မေဆွန်ရီအဖွဲ့ဝင်ဖြစ်သူ ဆေလာမီ အီဆင်ဒါက် က ဤသို့ရေးပြန်သည်။

> မေဆွန်ရီအဖွဲ့အတွေးအခေါ်အရ၊ **ဘာသာအယူဝါဒ၏သဘာဝလွန်လောကအပေါ်အခြေခံသော ကိုယ်ကျင့်တရားပညတ်ချက်နှောင်ကြိုးများမှ လူ့လောကကို ကယ်ဆယ်နိုင်ရန်၊** လူသားလောကကို ချစ်မြတ်နိုးခြင်းတွင်အခြေခံသည့်ကိုယ်ကျင့်တရားကို တည်ဆောက်ရန်လိုအပ်ပေသည်။ ၎င်း၏ အစဉ်အလာရှိကိုယ်ကျင့်တရားမူဝါဒတွင်၊ မေဆွန်ရီအဖွဲ့သည် လူသား၏ဇီဝဆိုင်ရာဖြစ်တတ်မှုများ၊ ကျေနပ်မှုအတွက်လိုအပ်မှုများ၊ လူမှုရေးဘဝ၏စည်းမျဉ်းများနှင့်သက်ဆိုင်ရာအသင်းအဖွဲ့များ၊ အသိတရား၊ လွတ်လပ်စွာတွေးခေါ်မှုနှင့်ပြောဆိုနိုင်ခွင့်များနှင့်အတူ၊ နောက်ဆုံးတွင် သဘာဝဆန်သောဘဝနေထိုင်မှုအားလုံးအတွက် လိုအပ်မှု၊ စသည်တို့ကို ထည့်သွင်းစဉ်းစားသည်။ ထို့ကြောင့်၊ မေဆွန်ရီအဖွဲ့၏ပန်းတိုင်မှာ၊ လူ့အဖွဲ့အစည်းအားလုံးတွင် လူသားပဓါနအခြေပြုကိုယ်ကျင့်တရားကို တည်ဆောက်၍ စောင့်ရှောက်ရန်ဖြစ်သည်။[၅၄]

မာစတာမေဆွန် အီဆင်ဒါက်ပြောသည့် “ဘာသာအယူဝါဒ၏ သဘာဝ လွန်လောကအပေါ်အခြေခံသောကိုယ်ကျင့်တရားပညတ်ချက်နှောင်ကြိုးများမှ လူ့လောကကို ကယ်ဆယ်နိုင်ရန်”ဟူသောအပိုင်းမှာ၊ လူအများအား ဘာသာအယူဝါဒမှ ကင်းကွာဖဲကြဉ်သွားစေခြင်းကို ဆိုလိုသည်။ ထိုစာအုပ်တွင် အီဆင်ဒါက်က ဤပန်းတိုင်နှင့်သူတို့အဆိုအရ ၎င်း၏ “တိုးတက်သည့်ယဉ်ကျေးမှုခေတ်ကို တည်ဆောက်မည့်မူဝါဒများ”အကြောင်းကိုလည်း ထပ်မံရှင်းပြထား၏။

> မေဆွန်ရီအဖွဲ့၏ အပြုသဘောဆောင်သောမူဝါဒများသည် တိုးတက်သောယဉ်ကျေးမှုခေတ်ကို တည်ဆောက်ရန် ပြည့်စုံလုံလောက်ပေသည်။ ၎င်းတို့မှာ–
>
> – ပုဂ္ဂလဓိဋ္ဌာန်မဟုတ်သောဘုရား(စကြာဝဠာ၏ကြီးကျယ်သောဗိသုကာ)ကို လက်ခံခြင်းဖြစ်၍၊ ၎င်းသည်ပင် အီဗိုလူးရှင်း(မတော်တဆတိုက်ဆိုင်မှုကြောင့် တစ်စတစ်စပြောင်းလဲခြင်း)ဖြစ်သည်။
>
> – ဗျာဒိတ်တော်ကျရောက်ခြင်း၊ ထူးခြားနက်နဲသောဉာဏ်အမြော်အမြင်ကိုယုံကြည်မှုနှင့် ဟာလာဟင်းလင်းအဆံမရှိသောယုံကြည်မှု၊ စသည်တို့ကို ပစ်ပယ်သည်။
>
> – ဆင်ခြင်တုံတရားရှိသော လူသားပဓါနအခြေပြုအတွေးအခေါ်နှင့်လုပ်အား၏ ထွတ်မြတ်မှု။

အထက်ပါအချက်သုံးချက်မှ၊ ပထမအချက်သည် ထာဝရဘုရားသခင်ရှိခြင်းကို ပယ်ချခြင်း ဖြစ်သည်။ ဒုတိယအချက်သည် ထာဝရဘုရားသခင်ထံတော်မှလာသော ဗျာဒိတ်တော်များနှင့် ၎င်းတွင်အခြေခံသောဘာသာရေးပညာများကို ပယ်ချခြင်းဖြစ်သည်။ (အီဆင်ဒါက်က ၎င်းကို “ဟာလာဟင်းလင်းအဆံမရှိသောယုံကြည်မှု”ဟု အမည်ပေးထားသည်။) တတိယအချက်သည်၊ အသိဉာဏ်ကင်းမဲ့စွာ လူသားလောကနှင့် လူသားပဓါနအခြေပြုခံယူချက်၏“လုပ်အား”ကို (ကွန်မြူနစ်ဝါဒမှာကဲ့သို့)အထွတ်အမြတ်အဖြစ် မြှင့်တင်ထားသည်။

အကယ်၍ ဤဖေါက်ပြန်လွဲမှားသောအတွေးအခေါ်များက ကမ္ဘာပေါ်တွင် မည်သို့အမြစ်တွယ်နေသည်ကို ကျွန်ုပ်တို့သုံးသပ်ပါက၊ မေဆွန်ရီအဖွဲ့၏ ဩဇာလွှမ်းမိုးမှုကို သိမြင်နိုင်ပေသည်။

ဤနေရာတွင် နောက်ထပ်အရေးကြီးသည့်အချက်တစ်ချက်ကို သတိထားသင့်ပေသည်။ မေဆွန်ရီအဖွဲ့က မိမိတို့ခံယူထားသည့်တာဝန်(မစ်ရှင်)ကို မည်သို့အသက်သွင်းလှုပ်ရှားကြပါသနည်း။ မေဆွန်ရီအဖွဲ့၏ စာပေများကိုဖတ်ရှုခြင်းဖြင့်သူတို့က အများလူထုအား “ဝါဒဖြန့်”ခြင်းဖြင့် ဘာသာအယူဝါဒကို ဖျက်ဆီးပစ်နိုင်လိမ့်မည်ဟု ထင်ကြသည်။ မာစတာအီဆင်ဒါက်က သူ၏စာအုပ်တွင် ဤကိစ္စနှင့်ပတ်သက်၍ အကျယ်တဝင့်တင်ပြထားပေသည်။

> **–––အလွန်အမင်းဖိနှိပ်ချုပ်ချယ်သည့်အစိုးရများကပင် ဘာသာအယူဝါဒကို ဖျက်ဆီးပစ်ရန် ကြိုးပမ်းရာ၌ မအောင်မြင်နိုင်ခဲ့ကြချေ။** လူ့အဖွဲ့အစည်းကို ဟာလာဟင်းလင်းအဆံမရှိသောလေ့န်ဓါးထစ်ယုံကြည်မှုမှ ကယ်တင်ရန်အတွက် နိုင်ငံရေးအရ ကြမ်းတမ်းတင်းကျပ်သောနည်းဖြင့် ပညာပေးခြင်းသည် အကျိုးမရှိဘဲ ဖီလာဆန့်ကျင်သည့်တန်ပြန်မှုကိုသာ ဖြစ်ပေါ်စေသည်။ ပိတ်ပင်ခဲ့သောသူတို့ခဝပ်ကိုးကွယ်မှုပြုသည့်နေရာဌာများသည် ယနေ့ပိုမို၍ ပြည့်လျှံနေပေသည်။ ဥပဒေအရ ပိတ်ပင်ခဲ့သော သူတို့၏တစ်ယူသန်ယုံကြည်ချက်များသည်လည်း ပိုမို၍သာ ခိုင်မာလာပေသည်။ နောက်ထပ်ဟောပြောပွဲတစ်ခုတွင် နှလုံးသားနှင့်စိတ်ခါတ်ခံစားမှုကို ထိခိုက်စိမ့်ဝင်သည့်ကိစ္စများတွင် **တားမြစ်ခြင်းသည် မထိရောက်ပေ။** အကျိုးပြုသောသိပ္ပံပညာနှင့် ကျိုးကြောင်းပြခြင်းမြော်မြင်မှုများကသာလျှင်အများလူထုကို အမှောင်တွင်းမှအလင်းသို့ရောက်လာအောင် ခေါ်ဆောင်နိုင်လိမ့်မည်။ **အကယ်၍ အများလူထုကို ဤနည်းဖြင့် ပညာပေးနိုင်ပါက၊ သူတို့သည် လူသားပဓါနအခြေပြုအတွေးအခေါ်ကို လေးစားလာကြမည်ဖြစ်ပြီး၊ ဘာသာအယူဝါဒ၏အကျိုးရှိသောအပိုင်းကိုသာ ရွေးချယ်ယူကြကာ၊ အသုံးမဝင်သောတစ်ယူသန် ယုံကြည်ချက်များမှ အလွတ်ရုန်းနိုင်ကြလိမ့်မည်။**[၅၅]

ဤနေရာတွင် မည်သို့ဆိုလိုသည်ကို သဘောပေါက်ရန် သေချာဃနစွာ ဆန်းစစ်ရပါမည်။ အီဆင်ဒါက်က၊ ဘာသာအယူဝါဒကို ဖိနှိပ်ချုပ်ချယ်ခြင်းအားဖြင့် ပိုမိုလှုံ့ဆော်ပေးသဖြင့် ဘာသာအယူဝါဒကို ပိုမိုအားကောင်းစေသည်ဟု ဆိုသည်။ ထို့ကြောင့် ဘာသာအယူဝါဒယုံကြည်မှုပိုမိုအားသန်လာခြင်းမရှိစေရန်၊ မေဆွန်ရီအဖွဲ့ဝင်တို့က ဘာသာအယူဝါဒကို ပညာရည်စွမ်းအဆင့်ဖြင့် ဖျက်ဆီးရမည်ဟု အီဆင်ဒါက်က စဉ်းစားမိပေသည်။ "အကျိုးပြုသောသိပ္ပံပညာနှင့် ကျိုးကြောင်းပြခြင်းမြော်မြင်မှုများ" ဆိုသည်မှာ၊ သိပ္ပံပညာအစစ်၊ ကျိုးကြောင်းပြအသိပညာအစစ်နှင့် မြော်မြင်မှုအစစ်မဟုတ်ချေ။" သူ၏ဆိုလိုရင်းမှာ ဒါဝင်ဝါဒကဲ့သို့ ပေါ်ပင်ရေပန်းစားစကားလုံးများဖြင့် ဖုံးကွယ်ထားသောလူသားပဓါနအခြေပြုအတွေးအခေါ်သာ ဖြစ်သည်။ ဤအတွေးအခေါ်များကို လူ့အဖွဲ့အစည်းတွင်းသို့ဖြန့်ဖြူးနိုင်သည်နှင့်တပြိုင်တည်း၊" လူသားပဓါနအခြေပြုအတွေးအခေါ်ကို လေးစားလာကြမည်" ဟုဆိုခြင်းသည်၊ ဘာသာအယူဝါဒတွင် လူသားပဓါနအခြေပြုဝါဒကလက်ခံသောအချက်များသာ ကျန်ရစ်လိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်၊ တစ်ပါးတည်းသောထာဝရဘုရားသခင်ကိုကိုးကွယ်သည့် ဘာသာအယူဝါဒ၏ အခြေခံအမှန်တရားများကို ပယ်ဖက်ငြင်းပယ်ပစ်ရန်ဖြစ်သည်။ (အီဆင်ဒါက်က ၎င်းအခြေခံများကို အသုံးမဝင်သောတစ်ယူသန်ယုံကြည်ချက်များဟု မှည့်ခေါ်ထားသည်)။ စင်စစ်အားဖြင့်၊ လူသားကိုထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားတော်မူ၍ လူသားသည် ထိုအရှင်မြတ်၏အမိန့်တော်များကိုနာခံလိုက်နာရန်တာဝန်ရှိခြင်းယုံကြည်ချက်အသိတရားသည် မှန်ကန်သောအခြေခံတရားဖြစ်သည့်အပြင် အဆုံးစွန်သောသစ္စာတရားလည်း ဖြစ်၏။

အီဆင်ဒါက်နှင့်အတူ သူ၏အတွေးအခေါ်ကိုလက်ခံအသုံးချနေသူ မေဆွန်အဖွဲ့ဝင်တို့သည် အကြီးအကျယ်မှားယွင်းနေကြကြောင်း ထင်ရှားနေပေသည်။

> ဤကဲ့သို့သောအကျိုးဆက်အားလုံးကြောင့်၊ လူသားပဓါနအခြေပြုဝါဒဆိုင်ရာနှင့် မေဆွန်ရီအဖွဲ့ဆိုင်ရာ အရေးကြီးဆုံးသောတာဝန်မှာ သိပ္ပံပညာနှင့်ကျိုးကြောင်းဆင်ခြင်ခြင်းမှ ဘယ်သောအခါမျှ ကျောခိုင်းသွားခြင်းမပြုရန်ဖြစ်သည်။ အီဗိုလူးရှင်းအရ၊ ဤနည်းသည် အကောင်းဆုံးနည်းဖြစ်သည်ကိုလက်ခံ၍၊ ကျွန်ုပ်တို့၏ဤယုံကြည်ချက်ကို အများလူထုထံသို့ဖြန့်ဖြူးကာ၊ အများလူထုကို အကျိုးဖြစ်ထွန်းသောသိပ္ပံပညာသင်ကြားပို့ချပေးရန်လည်း အရေးကြီးဆုံးသောတာဝန်တွင်ပါဝင်သည်ဟု ကျွန်ုပ်ပြောလိုပါသည်။ အာန်းရီနန်၏စကားများသည်လည်း အလွန်အရေးကြီးပါသည်။ **"အကျိုးဖြစ်ထွန်းသောသိပ္ပံနှင့် ကျိုးကြောင်းဆင်ခြင်ခြင်းတို့ဖြင့် လူသားတို့အား ဉာဏ်အလင်းပေးပါက၊ နောင်တစ်နေ့တစ်ချိန်တွင် ဘာသာအယူဝါဒသည်လည်း လိုအပ်တော့မည် မဟုတ်ပေ။"**[၅၆]

ဤကား မေဆွန်ရီအဖွဲ့၏ အဆုံးစွန်သော ပန်းတိုင်ဖြစ်သည်။ သူတို့သည် ဘာသာအယူဝါဒကို အပြီးအပိုင်ဖျက်ဆီးပစ်ပြီး၊ လူသားလောက၏ "မွန်မြတ်ခြင်း" တွင်အခြေခံသော လူသားကိုသာပဓါနအခြေပြုထားသောကမ္ဘာကို တည်ဆောက်လိုကြသည်။ ၎င်းမှာ၊ လူသားတို့သည် သူတို့ဖန်ဆင်းခဲ့သောအရှင်သခင်ကိုငြင်းဆန်ပစ်ပယ်၍ သူတို့ကိုယ်ကိုဘုရားအဖြစ်ယူဆ

သည့်အသိတရားကင်းမဲ့သောစနစ်ကို တည်ဆောက်လိုခြင်းဖြစ်သည်။--- ဤပန်းတိုင်သည်လည်း မေဆွန်ရီအဖွဲ့တည်ရှိနေသည့်အကြောင်းရင်းဖြစ်ပေသည်။ မေဆွန်အဖွဲ့၏ *အိုင်နာ*(ကြေးမုံ)အမည်ရှိမဂ္ဂဇင်းစာစောင်တစ်ခုတွင်၊ ၎င်းကို "အတွေးအခေါ်များ၏ ကျောင်းတော်ကြီး"ဟု အမည် ပေးထားပေသည်။




**ဂျီအီ လဲစ်စင်းနှင့် အီ ရီနန်။** မေဆွန်အဖွဲ့သားတို့သည်၊ ဤဘုရားမဲ့ဝါဒီစာရေးဆရာနှစ်ဦး၏ ဘာသာအယူဝါဒကို ဤကမ္ဘာမြေပြင်ပေါ်မှအပြီးပိုင်ဖျောက်ဖျက်ပစ်လိုသည့်အိပ်မက်ကို အကောင်အထည်ဖေါ်လိုကြသည်။

ခေတ်သစ်မေဆွန်ရီအဖွဲ့ဝင်တို့သည်၊ ရှေးယခင်ကမေဆွန်အဖွဲ့ဝင်များ၏ပန်းတိုင်ဖြစ်သော ရုပ်ဝတ္ထုကျောင်းတော်ကြီးများကိုတည်ဆောက်သည့်အတွေးအခေါ်ကို၊ "အတွေးအခေါ်များ၏ကျောင်းတော်ကြီး"ဖြင့် အစားထိုးလိုက်လေပြီ။ **မေဆွန်ရီအဖွဲ့၏မူဝါဒနှင့်အကျိုးများကို တည်ဆောက်ပြီး၊ ဤကမ္ဘာမြေပြင်ပေါ်တွင် အမြော်အမြင်ရှိသည့်လူပုဂ္ဂိုလ်များတိုးပွားလာသည့်အချိန်တွင် ယင်းအတွေးအခေါ်များ၏ကျောင်းတော်ကြီးကို တည်ဆောက်ရန် ဖြစ်နိုင်ပေမည်။**[၅၇]

ဤပန်းတိုင်သို့ရောက်နိုင်ရန်အတွက်၊ မေဆွန်ရီအဖွဲ့သားတို့သည် ကမ္ဘာ့နိုင်ငံအမြောက်အမြားတွင်၊ မမောမပန်းဆောင်ရွက်ကြပေသည်။ မေဆွန်ရီအဖွဲ့၏အသင်းအဖွဲ့များသည်၊ တက္ကသိုလ်များ၊ အခြားပညာရေးဌာနများ၊ စာနယ်ဇင်းလောက၊ အနုပညာလောနှင့်အတွေးအခေါ်အသိုင်းအဝိုင်းများတွင် ဩဇာညောင်းကြသည်။ သူတို့၏အတွေးအခေါ်ကို လူ့အဖွဲ့အစည်းတွင်ဖြန့်ဖြူးရန်နှင့်၊ ဘာသာအယူဝါဒ၏အခြေခံယုံကြည်ချက်အမှန်တရားများကို ရှုတ်ချကဲ့ရဲ့ပစ်ရန် မနားမနေ ကြိုးပမ်းကြသည်။ ရှေ့လာမည့်စာမျက်နှာအနည်းငယ်တွင် အီဗိုလူးရှင်းသီအိုရီသည် မေဆွန်ရီအဖွဲ့မူဝါဒ၏ ဝါဒဖြန့်ခြင်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါမည်။ ထို့ထက်မက သူတို့က ဘုရားသခင်၏အမည်နာမတော် သို့မဟုတ်ဘာသာရေးနှင့်ပတ်သက်၍ ပါးစပ်ပင်မဟကြဘဲ လူသားတို့၏ပျော်ရွှင်ရာကိစ္စများ၊ လိုအင်ဆန္ဒများနှင့် လောကီရေးရည်မှန်းချက်များကိုသာ ဂရုစိုက်ဆောင်ရွက်မည့် လူ့အဖွဲ့အစည်းမျိုးကို တည်ဆောက်ရန် ရည်ရွယ်ကြသည်။ ဤသို့သော လူ့အဖွဲ့အစည်းသည်၊ **"--စင်စစ်မှာမူကား အသင်တို့သည် ထိုအရှင်မြတ်ကိုပင် မိမိတို့၏ကျောနောက်တွင် အမှုမဲ့အမှတ်မဲ့ ပစ်ပယ်ထားခဲ့ကြကုန်၏"**(စူရာတမန်တော်ဟူဒ် ၁၁း၉၂)ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖေါ်ပြထားသော မဒယာန်လူမျိုးများအကြောင်းနှင့် တူပေသည်။ ဤကဲ့သို့ အသိဉာဏ်နည်းပါးသော ယဉ်ကျေးမှုတွင်၊ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်း၊ အရှင်မြတ်၏အလိုဆန္ဒကိုလိုက်နာကျင့်ကြံခြင်း၊ ခဝပ်ဆည်းကပ်ခြင်း၊ နောင်တမလွန်ဘဝအ

တွက် စဉ်းစားခြင်း မရှိချေ။ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်း၊ နောင်တမလွန်ဘဝအတွက်စဉ်းစားပူပန်ခြင်းစသည့်အတွေးအခေါ်တို့သည် ရှေးဆန်လွန်း၍၊ ပညာမဲ့သူတို့၏လက္ခဏာဖြစ်သည်ဟု ယူဆကြပေသည်။ သူတို့၏လိမ်လည်လှည့်ဖြားသည့်သင်ကြားချက်များကို ရုပ်ရှင်ဇာတ်လမ်းဖြင့်လည်းကောင်း၊ ကာတွန်းနှင့်ဝတ္ထုဇာတ်လမ်းများဖြင့်လည်းကောင်း၊ အဆက်မပြတ် သွတ်သွင်းနားချကြသည်။

ဤကြီးကျယ်သည့်လိမ်လည်လှည့်ဖြားမှုစီမံကိန်းကြီးတွင်၊ မေဆွန်ရီအဖွဲ့သားများက ရှေ့တန်းမှ ဦးစီးဦးဆောင်ပြုကြသည်။ သို့သော်လည်း အခြားအုပ်စုနှင့်ပုဂ္ဂိုလ်တို့လည်း ၎င်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြပေသည်။ မေဆွန်ရီအဖွဲ့ဝင်တို့ကလည်း ထိုသူတို့ကို “အကျိုးတော်ဆောင်”များအဖြစ်လက်ခံ၍ သူတို့နှင့်အတွေးအခေါ်ချင်းတူညီသည့်မဟာမိတ်များအဖြစ် သတ်မှတ်ကြသည်။ ဆေလာမီ အီဆင်ဒါက်က အောက်ပါအတိုင်း ရေးသားထားပေသည်။

> မေဆွန်ရီအဖွဲ့က ဤအချက်ကို လက်ခံသည်။ **ပြင်ပကမ္ဘာတွင် မေဆွန်ရီအဖွဲ့ဝင်များမဟုတ်ကြသော်လည်း၊ မေဆွန်ရီအတွေးအခေါ်ကိုထောက်ခံအားပေးသော အမြော်အမြင်ရှိသည့်ပုဂ္ဂိုလ်များ ရှိကြသည်။ ဤအတွေးအခေါ်သည်၊ အားလုံးခြုံငုံ၍ လူသားလောကမှ လူသားတို့၏အတွေးအခေါ်ဖြစ်သောကြောင့်တည်း။**[၃၈]

ဘာသာအယူဝါဒကိုတိုက်ခိုက်သည့် အဆက်မပြတ်သောစစ်တွင်၊ အခြေခံအကြောင်းပြချက် သို့မဟုတ် ရှင်းလင်းချက်နှစ်ခုကိုအသုံးပြုကြသည်။ ၎င်းတို့မှာ၊ ရုပ်ဝါဒအတွေးအခေါ်နှင့် ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီဖြစ်သည်။

ရှေ့လာမည့်အခန်းများတွင်၊ သူတို့ပေးသည့် အကြောင်းပြချက်နှစ်ချက်နှင့်အတူ သူတို့၏မူလဇစ်မြစ်အပြင် ၎င်းတို့နှင့်မေဆွန်ရီအဖွဲ့ဆက်စပ်ပုံတို့ကို လေ့လာကြပါမည်။ ထိုအခါ တစ်ဆယ့်ကိုးရာစုနှစ်မှစ၍ ဤကမ္ဘာကြီးကို သြဇာညောင်းလာခဲ့သည့်မြင်ကွင်းများနောက်ကွယ်အကြောင်းကို ရှင်းလင်းစွာသဘောပေါက်ကြပါလိမ့်မည်။




# IV. MATERIALISM REVISITED

ဤစာအုပ်၏ ပထမအခန်းတွင်၊ ရှေးဟောင်းအီဂျစ်နိုင်ငံ ဖါရိုးဘုရင်၏အုပ်ချုပ်မှုနှင့် ၎င်း၏ကျောထောက်နောက်ခံအတွေးအခေါ်များနှင့်ပတ်သက်၍ အရေးကြီးသည့် နိဂုံးချုပ်ခြင်းများပြုခဲ့ကြလေပြီ။ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏အတွေးအခေါ်မှ အထူးစိတ်ဝင်စားရမည့်အင်္ဂါရပ်တစ်ခုမှာ၊ ရုပ်ဝါဒဖြစ်ခြင်းနှင့် ဒြပ်ဝတ္ထုပစ္စည်းတို့သည် ထာဝရဖြစ်၍ ဖန်ဆင်းထားခြင်းမဟုတ်ဟူသောအတွေးအခေါ်ဖြစ်သည်။ *ဟီရမ်သော့များ* ဟူသောစာအုပ်တွင် ခရစ္စတိုဖါ နိုက်နှင့် ရောဘတ် လိုမတ်စ် တို့က၊ ဤနေရာတွင် ထပ်မံ၍ဖေါ်ပြသင့်သည့်အချက်များကို ရေးသားထားပေသည်။

> အီဂျစ်လူမျိုးတို့က ဒြပ်ဝတ္ထုသည် အစဉ်အမြဲတည်ရှိလာခဲ့သည်။ သူတို့အတွက် ဘုရားသခင်က ဗလာနတ္ထိ ဘာမှအလျင်းမရှိရာက တစ်စုံတစ်ခုရှိလာအောင်ဖန်ဆင်းလိုက်သည်ဆိုခြင်းမှာ အဓိပ္ပါယ်ကင်းမဲ့၏။ သူတို့၏အမြင်တွင်၊ ကမ္ဘာလောကသည် ဖရိုဖရဲဖြောင်းဆန်နေသည့်အခြေအနေမှ အစီအစဉ်တကျဖြစ်လာခြင်းမှ ပေါ်ထွက်လာခဲ့သည်။ ထိုအချိန်မှစတင်၍ စည်းရုံးမှုအင်အားနှင့် ဖရိုဖရဲဗရမ်းဗဒါအင်အားနှစ်မျိုးတို့ စစ်ခင်းခြင်းစတင်လာခဲ့သည်--ဤဖရိုဖရဲအခြေအနေကို နွှန်(နန်)ဟုခေါ်၍၊ စူမာရ်လူမျိုးတို့---ဖေါ်ပြသကဲ့သို့---အရာခပ်သိမ်းအားလုံးသည် မှောင်မိုက်လျက်ရှိသည်။ နေမရှိ ရေမရှိသည့် အသူတရာနက်သောချောက်မှအင်အားစု၏အတွင်း၌ ဖန်ဆင်းနိုင်ခြင်းစွမ်းအင်ရှိနေရာက ထိုစွမ်းအင်ကပင် အစီအစဉ်ကျခြင်းစတင်ရန် ညွှန်ကြားထိန်းကွပ်သည်။ ဤနစ်မြုပ်နေသောအင်အားသည် ဖရိုဖရဲဖြစ်နေသော ဒြပ်ဝတ္ထုအတွင်းရှိနေစဉ် သူကိုယ်တိုင်က မိမိ၏တည်ရှိနေခြင်းကိုမသိရှိချေ။ ဖြစ်တန်ရာခြင်း(probability)တစ်ခုသာဖြစ်ခဲ့၍၊ ထိုဖရိုဖရဲဖြစ်နေခြင်းအတွင်း၌ တစ်ခုနှင့်တစ်ခု ရစ်ပတ်လုံးထွေးလာခြင်းဖြင့် အလျင်းသင့်သလိုကျဘန်းဖြစ်ပေါ်လာသော အလားအလာစွမ်းရည်သတ္တိ ဖြစ်သည်။[၁၉]

ရှေးဟောင်းအီဂျစ်ဒဏ္ဍာရီနှင့် ခေတ်သစ်ရုပ်ဝါဒအတွေးအခေါ်တို့ သိသိသာသာဆင်တူနေသည်ကို တွေ့ရှိရပေသည်။ ဤအချက်နှင့်ပတ်သက်သောလျှို့ဝှက်ချက်မှာ၊ ခေတ်သစ်အဖွဲ့အစည်းတစ်ခုက ထိုရှေးဟောင်းအီဂျစ်ယုံကြည်မှုကို လက်ခံကျင့်သုံး၍၊ တကမ္ဘာလုံးသို့ သူတို့၏ယုံကြည်ချက်ကို ဖြန့်ဖြူးရန်ရည်ရွယ်ချက်ရှိခြင်းဖြစ်သည်။ ၎င်းအဖွဲ့အစည်းသည် မေဆွန်ရီအဖွဲ့ဖြစ်၏။

# မေဆွန်ရီအဖွဲ့သားများနှင့် ရှေးဟောင်းအီဂျစ်နိုင်ငံ
## MASONS AND ANCIENT EGYPT

ရှေးဟောင်းအီဂျစ်ရုပ်ဝါဒအတွေးအခေါ်သည် ဤယဉ်ကျေးမှုခေတ်ပျက်သွားပြီးနောက် ပျောက်ကွယ်သွားလေသည်။ ဂျူးလူမျိုးအချို့တို့က ကဗ္ဗာလာဟ်လောကီပညာတွင် ဤအတွေးအခေါ်ကိုထည့်သွင်း၍ ဆက်လက်ထိန်းသိမ်းလာခဲ့ကြသည်။ နောက်တစ်ဘက်တွင်၊ ဂရိလူမျိုးအတွေးအခေါ်ပညာရှင်တို့ကလည်း ၎င်းအတွေးအခေါ်ကိုရွေးချယ်ခံယူ၍၊ ထပ်မံအဓိပ္ပါယ်ဖွင့်ဆိုကာ "ဟားမက်အတွေးအခေါ်အုပ်စု"(Hermeticism)ခေါ် အမြင်ချင်းတူအုပ်စုကို တည်ထောင်ခြင်းဖြင့် တည်တံ့စေခဲ့သည်။

ဟာမက်အတွေးအခေါ်အုပ်စုအမည်သည်၊ ရှေးဟောင်းအီဂျစ်နတ်ဘုရား "သော့" (Thoth) နှင့်အဆင့်တူ ဂရိနတ်ဘုရား၏အမည်ဖြစ်သည်။ ဟားမက်အတွေးအခေါ်သည် ရှေးဟောင်းအီဂျစ်အတွေးအခေါ်ကို ဂရိလူမျိုးတို့ တွင်ခေါ်သောအမည်ဖြစ်သည်။

မာစတာဆေလာမီ အီဆင်ဒါက်က ဤအတွေးအခေါ်၏မူလဇစ်မြစ်နှင့်ပတ်သက်သောအကြောင်းကို ခေတ်သစ်မေဆွန်ရီအဖွဲ့တွင် မည်သို့ပတ်သက်နေသည်ကို ရှင်းပြထားပေသည်။

> ရှေးဟောင်းအီဂျစ်လူမျိုးတို့တွင် ဘာသာအယူဝါဒကိုကိုင်းရှိုင်းသောလူ့အဖွဲ့အစည်းတစ်ခုရှိခဲ့ရာ၊ ဟာမက်အတွေးအခေါ်အတွက် အတွေးအခေါ်စနစ်နှင့်ယုံကြည်မှုတစ်မျိုးကို အမွေအနှစ်အဖြစ်ပေးထားခဲ့သည်။ မေဆွန်ရီအဖွဲ့သည်လည်း ဤအတွေးအခေါ်မျိုးနှင့်အလားတူသောယုံကြည်မှုကို ခံယူထားသည်။ ဥပမာ၊ မြင့်သောအဆင့်တစ်ဆင့်ဆင့်သို့ရောက်ပြီးသူတို့သည်၊ အဖွဲ့၏ပူဇော်ပသမှုအခန်းအနားများတွင် သူတို့၏စိတ်တန်ခိုးမှအတွေးအခေါ်နှင့်ခံစားမှုများကို အဆင့်နိမ့်နေသေးသူတို့အား လေ့ကျင့်ပေးသည်။ ပိုက်သာဂိုရပ်သည် ထိုသို့လေ့ကျင့်ပေးခဲ့သူ ဟာမက်အတွေးအခေါ်သမားတစ်ဦး ဖြစ်သည်။ အလက်ဇန္ဒြားအတွေးအခေါ်အုပ်စုနှင့် နပိုလီယံခေတ်အတွေးအခေါ်အုပ်စုတို့သည်လည်း ရှေးဟောင်းအီဂျစ်ခေတ်တွင်အခြေခံကြ၍၊ ယနေ့ခေတ်မေဆွန်ရီအဖွဲ့၏ ပူဇော်ပသမှုထုံးဓလေ့များနှင့် သိသာထင်ရှားစွာ တူညီကြပေသည်။[၆၀]

အီဆင်ဒါက်သည် မေဆွန်ရီ၏မူလဇစ်မြစ်တွင် ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ဩဇာသက်ရောက်မှုရှိခြင်းနှင့်ပတ်သက်၍ **"ဖရီးမေဆွန်ရီအဖွဲ့သည် ရှေးဟောင်းအီဂျစ်နိုင်ငံအထိရှေးကျသောပူဇော်ပသမှုရှိသည့် လူမှုရေးအသင်းအဖွဲ့ဖြစ်သည်။"**[၆၁] ဟုမဖုံးမကွယ်ဖြောင့်အကျဆုံးကြေညာသူဖြစ်သည်။

အခြားမေဆွန်ရီအဖွဲ့ အာဏာပိုင်ခေါင်းဆောင်အများအပြားတို့ကလည်း၊ မေဆွန်ရီအဖွဲ့သည် ရှေးဟောင်းဘုရားမဲ့မိစ္ဆာဒိဋ္ဌိအီဂျစ်ယဉ်ကျေးမှုနှင့် ဂရိယဉ်ကျေးမှုများမှ လျှို့ဝှက်အဖွဲ့အစည်းများမှ ဆင်းသက်လာသည်ဟု ခံယူကြသည်။ တူရကီလူမျိုး ဝါရင့်မေဆွန်ရီအဖွဲ့ဝင်တစ်ဦးဖြစ်သူ စက်စီးလ် လေယိက်တက်ဇ်က *မီမာရ် ဆီနန်* မဂ္ဂဇင်းတွင် "မေဆွန်ရီအဖွဲ့ဆိုင်ရာလျှို့ဝှက်ချက်များ–လျှို့ဝှက်သည့်အချက်နှင့်မလျှို့ဝှက်သည့်အချက်"ဟူသောခေါင်းစဉ်ပါဆောင်းပါး၌ အောက်ပါအတိုင်း ရေးသားထားပေသည်။

> ရှေးဟောင်းဂရိ၊ အီဂျစ်နှင့် ရောမယဉ်ကျေးမှုခေတ်များတွင်၊ လျှို့ဝှက်ဆန်းပြားသည့် အုပ်စုများရှိခဲ့သည်။ ၎င်းအသင်းအဖွဲ့တို့သည် သီးခြားလျှို့ဝှက်သောပညာကို လိုက်စားလေ့ကျင့်ပေးသည်။ ဤအဖွဲ့တွင် အချိန်အားဖြင့်ကြာညောင်းသောလေ့လာလေ့ကျင့်မှုနှင့်ပူဇော်ပသမှုအခန်းအနားများကို ကျော်လွန်ပြီးနောက်မှ အဖွဲ့ဝင်အဖြစ်အသိအမှတ်ပြုခံရသည်။ ထိုအုပ်စုများအနက်၊ ပထမဦးဆုံးအုပ်စုမှာ "အိုရီစစ်"အုပ်စုဖြစ်သည်ဟု ဆိုကြသည်။ "အိုရီစစ်"နတ်ဘုရား၏ မွေးဖွားခြင်း၊ ငယ်ရွယ်စဉ်ဘဝ၊ အမှောင်နှင့်ယှဉ်ပြိုင်တိုက်ခိုက်ခြင်း၊ သေဆုံးခြင်းနှင့်ပြန်လည်ရှင်ထခြင်း စသည့်အဖြစ်အပျက်များအပေါ်အခြေခံသောအုပ်စုဖြစ်သည်။ ဤအကြောင်းရပ်များကို အထူးအလေးပေး၍ ဇာတ်လမ်းများဖေါ်ကာ ဘုန်းတော်ကြီးများဦးဆောင်သည့်ပူဇော်ပသမှုနှင့် ထိုအခန်းအနားကိုတက်ရောက်ခြင်းအတွက် အထူးစီမံထားသောဆုတံဆိပ်များ ချီးမြှင့်ခြင်း၊ စသည်တို့ပြုကြသည်။ --- နောင်နှစ်အတန်ကြာပြီးနောက်၊ ပထမဆုံးအပတ်ပြည့်သည့် မေဆွန်ရီအဖွဲ့ဝင်ပူဇော်ပသမှုအခန်းအနားများကို ကျင်းပကြသည်။ အဖွဲ့ဝင်တို့၏စည်းလုံးမှုကို အစဉ်မပြတ်ဆက်လက်ထိန်းသိမ်းလာခဲ့

ကြ၍၊ ဖိနှိပ်ချုပ်ချယ် ပိတ်ပင်ခြင်းခံရသည့်အချိန်တွင်လည်း သူတို့၏ဘဝကို လျှို့ဝှက်စွာ ရှင်သန်စေနိုင်ကြသည်။ ယနေ့ခေတ်အထိ ဆက်လက်တည်တန့်လာနိုင်ခဲ့ကြခြင်းမှာ၊ သူတို့၏အမည်နှင့် ပုံစံများကို အလိုက်သင့်သလို ပြောင်းလဲလာခဲ့ကြသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ သူတို့၏သင်္ကေတများနှင့်သီးခြားအင်္ဂါရပ်များကို သစ္စာရှိရှိထိန်းသိမ်းထား၍ သူတို့၏အတွေးအခေါ်များကို နောင်လာနောက်သားအဖွဲ့သားများအား ဆက်လက်အမွေခံစေခဲ့ကြသည်။ သူတို့တည်ဆောက်ထား



ရှေးဟောင်းအီဂျစ်လူမျိုးတို့က၊ ဒြပ်ဝတ္ထုပစ္စည်းသည် ထာဝရဖြစ်၍၊ စကြာဝဠာ၏ တည်ဆောက်မှုစနစ်သည် ထိုဒြပ်ပစ္စည်း၏ လျှို့ဝှက်ဆန်းကျယ်သော "ကိုယ်ပိုင်စီမံမှု" ဖြင့် ဖြစ်ပေါ်လာသည်ဟု ယုံကြည်ကြသည်။

သည့်အတွေးအခေါ်သည် သူတို့၏တည်ထောင်ထားသောအဖွဲ့အတွက် အန္တရာယ်ဖိတ်ခေါ်နိုင်ခြင်း၌ လျော့ပါးစေရန် သူတို့အကြားတွင် လျှို့ဝှက်သောစည်းမျဉ်းဥပဒေချမှတ်ထားသည်။ မသိနားမလည်သူ(လူပြိန်း)တို့၏ရန်မှ ကာကွယ်ရန်၊ လုပ်ငန်းဆောင်ရွက်မှုမေဆွန်ရီအဖွဲ့တွင် ခိုအောင်းကြသည်။ ၎င်းအဖွဲ့၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ ပိရိသောစည်းမျဉ်းများရှိသည်။ ၎င်းစည်းကမ်းများကို သူတို့၏စိတ်ကူးစိတ်သန်းများအတွေးအခေါ်များနှင့်ပူးပေါင်းကာ နောင်တွင်ယနေ့ကျွန်ုပ်တို့တွေ့မြင်ကြသော ရှုံးရှုံးယုတ္တိတန်သည့်မေဆွန်ရီအဖွဲ့ကို ညဩဇာလွှမ်းမိုးထားလေသည်။[၆၂]

လေယိက်တက်ဇ်က၊ မေဆွန်ရီ၏မူလဇစ်မြစ်အဖွဲ့များကို ချီးကြူးထားသည်။ သူတို့သည် "လူပြိန်းလူ့ဗာလ"များ၏ရန်မှကာကွယ်ရန် လျှို့ဝှက်ပိရိစွာ နေထိုင်လှုပ်ရှားခဲ့ကြသည်ဟု ဆိုထားသည်။ ဤမမှန်ဒိဋ္ဌာန်မကျသည့်အဆိုကိုခဏဖယ်ထား၍၊ မေဆွန်ရီအဖွဲ့သည် ရှေးဟောင်းအီဂျစ်၊ ရှေးဟောင်းဂရိနှင့်ရောမ မိစ္ဆာဒိဋ္ဌိခေတ်များတွင် တည်ထောင်ခဲ့သည့်အဖွဲ့အစည်းတို့ကို ကိုယ်စားပြုသောအဖွဲ့ဖြစ်ကြောင်း အထက်ပါကိုးကားချက်မှ သိရှိသဘောပေါက်နိုင်ပေသည်။ ထိုယဉ်ကျေးမှုခေတ်များတွင်၊ ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုခေတ်သည် ရှေးအကျဆုံးဖြစ်သဖြင့်၊ မေဆွန်ရီအဖွဲ့၏ဇစ်မြစ်သည် ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုဖြစ်သည်ဟု ဆိုနိုင်ပေသည်။ (အထက်တွင်၊ ထိုမိစ္ဆာဒိဋ္ဌိထုံးတမ်းစဉ်လာနှင့် ခေတ်သစ်မေဆွန်ရီအဖွဲ့တို့၏ဆက်စပ်မှုသည် တင်ပလာစစ်သူရဲကောင်းများဖြစ်ကြောင်း တွေ့ရှိခဲ့ကြပေပြီ။)

ဘုရားမဲ့စနစ်နှင့်ပတ်သက်သောအကြောင်းရပ်များကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြရာ၌ ရှေးဟောင်းအီဂျစ်နိုင်ငံကို အများဆုံးဖော်ပြထားသည်ကို တွေ့ရပေသည်။ ၎င်းသည်

ဆိုးသွမ်းဆုံးသော စနစ်ပုံစံဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်အများအပြား တွင် အီဂျစ်နိုင်ငံကို အုပ်စိုးခဲ့သောဖါရိုးဘုရင်များနှင့် အတွင်းလူများ၏ ရက်စက်မှု၊ မတရားမှု၊ ယုတ်မာစဉ်းလဲမှုနှင့် လွန်ကျူံမှုများအကြောင်းကို ဖေါ်ပြထားတော်မူ၏။ ထို့ထက်ပို၍ အီဂျစ်လူ မျိုးတို့သည်၊ မျက်စိမှိတ်ခေါင်းညိတ်တတ်သော ကြောင်တောင်တောင်လူမျိုးဖြစ်၍ အုပ်ချုပ်သူ တို့ကကိုးကွယ်ခိုင်းသမျှနတ်ဘုရားများကို ယုံကြည်ကြပြန်သည်။

သို့ဖြစ်စေကာမူ၊ မေဆွန်ရီအဖွဲ့သားတို့က သူတို့အဖွဲ့အတွေးအခေါ်သည်၊ ရှေးဟောင်းအီ ဂျစ်နိုင်ငံမှ အမွေခံလာခဲ့သည်ဟု ယုံကြည်ထားကြ၍၊ ထိုယဉ်ကျေးမှုသည် ချီးကြူးထိုက်သော ယဉ်ကျေးမှုခေတ်ဖြစ်သည်ဟု ဆိုကြသည်။ *မီမာရ်ဆေနန်*မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်တွင်၊ ရှေးဟောင်းအီဂျစ်နိုင်ငံမှ နတ်ဘုရားကျောင်းများကို "မေဆွန်ရီကျွမ်းကျင်မှု၏မူလဇစ်မြစ်"ဖြစ် သည်ဟု ချီးကြူးရေးသားထားသည်။

——အီဂျစ်လူမျိုးတို့သည် ဟီလျိုပိုလစ်(သူရိယမြို့တော်)နှင့်မင်းဖစ်မြို့တော်ကြီးတို့ကို တည်ဆောက် ခဲ့ကြသည်။ မေဆွန်ရီအဖွဲ့သားတို့၏ ပုံပြင်အရ၊ ဤမြို့တော်ကြီးနှစ်ခုသည် သိပ္ပံပညာ၏ဇစ်မြစ်ဖြစ် သည်ဟုဆိုသည်။ မေဆွန်အဖွဲ့သားတို့က "မဟာလင်းရောင်ခြည်"ဟုခေါ်ကြသည်။ ဟီလျိုပိုလစ်သို့ သွားရောက်ခဲ့သောပိုက်သာဂိုရပ်စ်က ထိုမြို့တော်ကြီးနှစ်ခုရှိနတ်ဘုရားကျောင်းတော်ကြီးအကြောင်း အကျယ်တဝင့်ဖေါ်ပြထားခဲ့ပေသည်။ ပိုက်သာဂိုရပ်စ် ပညာဆည်းပူးခဲ့သောမင်းဖစ်ကျောင်းတော်ကြီး သည်၊ သမိုင်းတွင် ထင်ရှားကျော်ကြားသောကျောင်းတော်ကြီးဖြစ်သည်။ သီးဘီးစ်မြို့တော်ကြီး တွင်၊ အဆင့်မြင့်သော စာသင်ကျောင်းများရှိသည်။ ပိုက်သာဂိုရပ်စ်၊ ပလာတိုနှင့် စီစေရိုတို့က မေ ဆွန်ရီဂိုဏ်းကို ဤမြို့ကြီးများ၌ စတင်ခဲ့ကြသည်။[၆၃]

မေဆွန်ရီစာပေများသည်၊ ရှေးဟောင်းအီဂျစ်ကို အပေါ်ရံကြောအနေဖြင့် ချီးကျူးခြင်း သာမဟုတ်ဘဲ၊ ဖါရိုးဘုရင်များ၏ ရက်စက်ကြမ်းကြုတ်သည့်အုပ်ချုပ်ရေးကို လေးလေးနက် နက်ပင် ကိုယ်ချင်းစာနာကြောင်းရေးသားဖေါ်ပြကြပေသည်။ *မီမာရ်ဆီနန်* မဂ္ဂဇင်းတွင် နောက် ထပ်ဆောင်းပါးတစ်ခုတွင် အောက်ပါအတိုင်းရေးသားထားသည်။

ဖါရိုးဘုရင်၏အဓိကတာဝန်မှာ ပညာအလင်းကိုရှာဖွေရန်ဖြစ်သည်။ ပိုမိုထွန်းလင်းပြတ်သား၍ အင်အားကြီးမားမြင့်မြတ်သောပညာ့အလင်းဖြစ်သည်။ ———ကျွန်ုပ်တို့က ဆောလမွန်ကျောင်းတော် ကြီးကိုဆောက်လုပ်ရန်ကြိုးစားနေကြသည်။ ရှေးခေတ်အီဂျစ်လူမျိုးတို့ကလည်း အေ့ဟ်ရာမ် သို့မ ဟုတ် လင်းရောင်ခြည်၏အိမ်တော်ကြီးကို ဆောက်လုပ်ရန် ကြိုးပမ်းကြသည်။ ရှေးဟောင်းအီဂျစ် ကျောင်းတော်ကြီးများတွင်ကျင်းပသည့်အခန်းအနားများကို အဆင့်ဆင့်ခွဲထားသည်။ အဓိကအား ဖြင့် အပိုင်းနှစ်ပိုင်းခွဲထားသည်။ ငယ်သောအဆင့်ပိုင်းနှင့် ကြီးမြင့်သောအဆင့်ပိုင်းဟူ၍ဖြစ်သည်။ အပိုင်းငယ်ကို ပထမဆင့်၊ ဒုတိယဆင့်နှင့်တတိယဆင့်ဟူ၍ခွဲထားပြီးနောက် ဒုတိယအပိုင်းကို ဆက်လက်၍အဆင့်စတင်ခွဲပြန်သည်။[၆၄]

ဤဆောင်းပါးအရ၊ ရှေးဟောင်းအီဂျစ်မှ ဖါရိုးဘုရင်တို့နှင့် မေဆွန်ရီအဖွဲ့သားတို့ရှာဖွေ သည့် "လင်းရောင်ခြည်"သည်တစ်ခုတည်းဖြစ်ကြောင်း သိရှိရပေသည်။ တစ်နည်းထပ်၍ အဓိ ပ္ပါယ်ကောက်ပါက၊ ခေတ်သစ်မေဆွန်ရီအဖွဲ့သားတို့သည် ရှေးဟောင်းအီဂျစ်မှ ဖါရိုး(ဖစ်ရ် အောင်န်)ဘုရင်များကိုကိုယ်စားပြုသူများဖြစ်ကြသည်။ (ဖစ်ရ်အောင်န်) ဖါရိုးဘုရင်များနှင့် သူတို့၏တပည့်များ၏အတွေးအခေါ်အခြေအနေကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ် အရှင်မြတ်က **"ဧကန်စင်စစ်၎င်းတို့မှာ စည်းကမ်းဖေါက်ဖျက်ကျူးလွန်ကြသောအမျိုးသားများ ပင် ဖြစ်ကြပေသည်။"**(စူရာအလ်နမလ် ၂၇း၁၂)ဟု ဖေါ်ပြမိန့်ဆိုထားတော်မူ၏။

နောက်ထပ်ကုရ်အာန်အာယသ်တော်များတွင်၊ ရှေးဟောင်းအီဂျစ်နိုင်ငံမှ ဘုရားမဲ့မိစ္ဆာဒိ ဋ္ဌိအယူဝါဒအကြောင်း၊ အောက်ပါအတိုင်း ဖေါ်ပြထားတော်မူ၏။

**၎င်းပြင် ဖစ်ရ်အောင်န်သည် မိမိအမျိုးသားတို့တွင် ကြေညာခဲ့၏။ ၎င်းက(ဤသို့)ပြော ဆို(ကြေညာ)ခဲ့လေ၏။ အို–ငါ၏အမျိုးသားတို့ အီဂျစ်နိုင်ငံကိုငါသာလျှင် စိုးမိုးအုပ် ချုပ်သည်မဟုတ်ပါလော၊ ထိုမှတစ်ပါး ဤသည့်ရေချောင်းတို့မှာ ငါ၏(ဘုံနန်း)**

အောက်မှ စီးတွေလျက်ရှိကြသည်(မဟုတ်လော)။ သို့ပါလျက် အသင်တို့သည် (ဤသည့်ဘုန်းတန်ခိုးများကို) မမြင်ကြလေသလော။ (စူရာအလ်ဇုခ်ရုဖ် ၄၃း၅၁)

ဆိုလိုရင်းမှာ ထိုဖစ်ရ်အောင်န်သည် မိမိ၏အမျိုးသားတို့အား လှည့်ဗာလများပြုလုပ်ခဲ့ပေရာ ထိုအမျိုးသားတို့မှာ ၎င်းတို့၏စကားကို နာယူခဲ့ကြကုန်၏။ စင်စစ်အမှန် ၎င်းတို့သည် စည်းကမ်းကျူးလွန်သော လေလွင့်သောအမျိုးသားများပင်ဖြစ်ခဲ့ကြကုန်၏။ (စူရာအလ်ဇုခ်ရုဖ် ၄၃း၅၄)။

## မေဆွန်ရီလော့ဂျ်များရှိ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏သင်္ကေတများ
## ANCIENT EGYPTIAN SYMBOLS IN MASONIC LODGES

ရှေးဟောင်းအီဂျစ်နှင့် မေဆွန်ရီအဖွဲ့တို့၏ ဆက်စပ်မှုရှိကြောင်း ပြဆိုသည့်အရေးကြီးဆုံးအချက်တစ်ချက်မှာ ၎င်းတို့အသုံးပြုသော သင်္ကေတများဖြစ်သည်။

သင်္ကေတအမှတ်တံဆိပ်များသည် မေဆွန်ရီအဖွဲ့တွင် အလွန်အရေးကြီးပေသည်။ မေဆွန်ရီအဖွဲ့ဝင်တို့သည် သူတို့၏အတွေးအခေါ်အစစ်အမှန်ကို ပုံဆောင်တင်စားချက်များဖြင့် သူတို့၏အဖွဲ့သားများအား ထုတ်ဖော်ပြလေ့ရှိကြသည်။ မေဆွန်ရီဝါစဉ် ၃၃ ဆင့်ကိုတက်လှမ်းသူ အဖွဲ့ဝင်တစ်ဦးသည်၊ အဆင့်တိုင်းတွင် သက်ဆိုင်သည့်သင်္ကေတများ၏အဓိပ္ပါယ်သစ်များကို လေ့လာဆည်းပူးရသည်။ ဤသို့ဖြင့် အဖွဲ့ဝင်တို့သည် မေဆွန်ရီအတွေးအခေါ်၏ နက်နဲနက်ရှိုင်းမှုကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းဆည်းပူးကြရပေသည်။

*မီမာရ်ဆီနန်*မဂ္ဂဇင်းတွင် သူတို့၏သင်္ကေတများ၏အသုံးဝင်ပုံကို ဖော်ပြထားပေသည်။

ကျွန်ုပ်တို့ မေဆွန်ရီအဖွဲ့၏မူဝါဒအတွေးအခေါ်များကို သင်္ကေတများနှင့်ပုံပြင်များ၊ တစ်နည်းအားဖြင့် ပုံဆောင်တင်စားချက်များဖြင့် ဖော်ပြကြသည်ကို အားလုံးသိပြီးဖြစ်သည်။ ဤပုံပြင်များတွင်၊ သမိုင်း၏အစဦးခေတ်ကာလအကြောင်းများပါဝင်သည်။ သမိုင်းမတိုင်မီကာလအထိ ရှေးကျအောင် ဖော်ပြထားသည်ဟုပင်ဆိုနိုင်သည်။ ဤသို့ဖြင့် မေဆွန်ရီအဖွဲ့သည်၊ ရှေးအကျဆုံးသောအကောင်းဆုံးစံနမူနာများကို ဖော်ပြနိုင်သဖြင့် များပြားလှသောသင်္ကေတများ၏ဇစ်မြစ်လည်းဖြစ်ပေသည်။[၆၅]

ကမ္ဘာ့သမိုင်း၏ပထမဦးဆုံးခေတ်ပိုင်းအထိရှေးကျသော ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ သင်္ကေတများနှင့်ပုံပြင်များသည် အထင်ရှားဆုံးဖြစ်သည်။ မေဆွန်ရီလော့ဂျ်တိုင်းနှင့်၊ မေဆွန်ရီစာပေအများအားဖြင့်တွင်၊ ပီရမစ်ပုံများ၊ မနုဿသီဟပုံများနှင့်အရုပ်စာများကို တွေ့ရှိရသည်။ *မီမာရ်ဆီနန်* မဂ္ဂဇင်းတွင် မေဆွန်ရီအဖွဲ့၏ရှေးဟောင်းအမွေအနှစ်ဇစ်မြစ်အကြောင်းကို အောက်ပါအတိုင်း ရေးသားထားပေသည်။


ရှေးဟောင်းဟူသောအရာများကိုရွေးချယ်ရာတွင်၊ ရှေးဟောင်းအီဂျစ်ကို "ရှေးဟောင်းအကျဆုံး"ဟု သတ်မှတ်ပါက မှားမည်မဟုတ်ပါ။ ထို့ထက်မက၊ ရှေးဟောင်းအီဂျစ်မှအခန်းအနားများ၊ ဂုဏ်အဆင့်များနှင့်အတွေးအခေါ်များသည် မေဆွန်ရီအဖွဲ့တွင်ဆင်တူများရှိနေခြင်းက အဆိုပါအချက်ကို ညွှန်းလျက်ရှိပေသည်။[၆၆]

*မီမာရ်ဆီနန်*မဂ္ဂဇင်းမှ "လူမှုဆက်ဆံရေးဇစ်မြစ်နှင့် ဖရီးမေဆွန်ရီ၏ရည်မှန်းချက်များ" ဟူသောဆောင်းပါးတစ်ပုဒ်တွင်လည်း ထပ်မံ၍၊

ရှေးဟောင်းအီဂျစ်ခေတ်ကာလတွင်၊ မင်းဖစ်နတ်ဘုရားကျောင်းတွင်ကျင်းပသောအခန်းအနားများသည်၊ ခေတ်သစ်မေဆွန်ရီအဖွဲ့အခန်းအနားများကဲ့သို့ အချိန်ကြာညောင်း၍ အင်မတန်ခန်းနားကြီးကျယ်စွာကျင်းပခဲ့ကြသည်။[၆၇] ဟု ဆိုထားသည်။


ရှေးဟောင်းအီဂျစ်နှင့် မေဆွန်ရီအဖွဲ့ဆက်စပ်မှုကို အထောက်အထားအချို့တို့ဖြင့် လေ့လာကြည့်ကြပါစို့။

## မေဆွန်ရီလော့ဂျ်တွင်းရှိ ဖါရိုး(ဖိရ်အော်န်)ဘုရင်
## PHARAOH IN THE LODGE




ခေတ်သစ်မေဆွန်ရီတို့သည် ရှေးဟောင်းအီဂျစ်လူမျိုးတို့၏အတွေးအခေါ်ကို ထိန်းသိမ်းထားကြ၍ ထိုသင်္ကေတများကို အသုံးပြုကြသည်။ အထက်ပါမေဆွန်ရီလော့ဂျ်ဓါတ်ပုံတွင် ယဇ်ပလ္လင်ရှေ့မှ ဖါရိုး (ဖိရ်အောန်) ဘုရင်၏ပုံကို ဤသင်္ကေတများ၏ဥဒါဟရုန်အဖြစ် တွေ့ရပေသည်။






ဝါရှင်တန်ဒီစီမှ မေဆွန်နီလော့ဂျ်အဝင်ဝတွင် ရှေးဟောင်း
အီဂျစ်မနုဿသီဟနှစ်ကောင် ရှိသည်။



အထက်၊ လက်ဝဲနှင့်
အောက်ပုံများသည်၊
မေဆွန်နီဘုရားကျောင်း
များ၏ တစ်စိတ်အစ်ဒေ
သကို ပြသောပုံများဖြစ်
သည်။






ရှေးဟောင်းအီဂျစ်နိုင်ငံမှ မင်းဖစ်မြို့တော်ကြီးကိုပြသော ပုံဖြစ်သည်။ မေဆွန်ရီအဖွဲ့ဝင်တို့က ဤမြို့တော်ကြီးရှိ များပြားလှသောနတ်ဘုရားကျောင်းများက၊ "ပညာအလင်း၏ဇစ်မြစ်"ဖြစ်သည်ဟု ယုံကြည်ကြသည်။

## မျက်လုံးအောက်ရှိ ပီရမစ်ပုံ
## THE PYRAMID UNDER THE EYE

မေဆွန်ရီအဖွဲ့၏ အကျော်ကြားဆုံးတံဆိပ်သင်္ကေတကို အမေရိကန်နိုင်ငံအစိုးရ၏ တံဆိပ်တော်တွင် တွေ့ရှိရပေသည်။ ဒေါ်လာငွေစက္ကူပေါ်တွင်လည်း တွေ့ရသည်။ ဤတံဆိပ်တွင်



ပီရမစ်ပုံတစ်ဝက်ပါ၍၊ ၎င်းအပေါ်တွင် တြိဂံပုံအတွင်းရှိမျက်လုံးတစ်လုံးတင်ထားသည်။ ဤတြိဂံပုံတွင်းရှိမျက်လုံးပုံကို မေဆွန်ရီလော့ဂျ်တိုင်းတွင်တွေ့ရသည့်ပြင်၊ မေဆွန်ရီစာပေတိုင်းတွင်လည်းတွေ့ရပေသည်။ မေဆွန်ရီအဖွဲ့စာပေအမြောက်အမြားတွင်၊ ဤအချက်နှင့်ပတ်သက်၍အထူးအလေးထား၍ ရေးသားထားပေသည်။ မျက်လုံး၏အောက်ရှိ ပီရမစ်ပုံကို အများအားဖြင့် သတိမထားမိကြချေ။ သို့သော်လည်း၊ ဤပီရမစ်ပုံသည် အင်မတန်အဓိပ္ပါယ်သက်ရောက်သည့်အပြင် မေဆွန်ရီအတွေးအခေါ်နှင့်ပတ်သက်၍ သဘောပေါက်ရန် အလွန်အရေးကြီးသောအချက်ဖြစ်ပေသည်။ အမေရိကန်လူမျိုးစာရေးဆရာ ရောဘတ် အယ်ရှိနိမတ်စ်က အမေရိကန်နိုင်ငံတော်တံဆိပ်နှင့်ပတ်သက်၍ ပါရဂူဘွဲ့အတွက်ရေးသော သုတေသနစာတမ်းတွင်၊ ၎င်းအမှတ်အသားပုံများနှင့်ပတ်သက်သောအချက်အလက်များကို ရေးသားထားပေသည်။ အယ်ရှိနိမတ်စ်၏စာတမ်းခေါင်းစဉ်မှာ၊ "အမေရိကန်နိုင်ငံတော်တံဆိပ်၏နောက်ကြောင်းပြန်လှည့်သည့်သမိုင်းနှင့် လူသားပဒါနအခြေပြုဝါဒစိတ်ပညာတို့၏ဆက်စပ်မှု"ဟူ၏။ သူ၏စာတမ်းတွင် နိုင်ငံတော်တံဆိပ်ကို တီထွင်ဆုံးဖြတ်သူ အမေရိကန်နိုင်ငံကိုတည်ထောင်ခဲ့သည့်ခေါင်းဆောင်တို့သည် မေဆွန်ရီအဖွဲ့ဝင်များဖြစ်သဖြင့် လူသားပဒါနအခြေပြုဝါဒစိတ်ပညာကို အားပေးထောက်ခံကြခြင်းဖြစ်သည်။ ဤအတွေးအခေါ်နှင့် ရှေးဟောင်းအီဂျစ်နိုင်ငံဆက်စပ်မှုကို နိုင်ငံတော်တံဆိပ်၏အလယ်ဗဟိုတွင် ပီရမစ်ပုံရေးဆွဲထည့်ထားခြင်းက ဖေါ်ပြနေပေသည်။ ထိုပီရမစ်ပုံမှာ ဖေရိုးဘုရင်(ဖစ်ရ်အောန်)များ၏သင်္ချိုင်းများအနက် အကြီးဆုံးဖြစ်သော ချီအော့ပ်မှပီရမစ်ကို ကိုယ်စားပြုထားခြင်းဖြစ်သည်။[၆၈]

## ခြောက်ထောင့်ကြယ်ကို မေဆွန်ရီအဓိပ္ပါယ်ဖွင့်ချက်
## THE MASONIC MEANING OF THE SIX POINTED STAR


မေဆွန်ရီအဖွဲ့၏ အများသိသောနောက်ထပ်သင်္ကေတတစ်ခုမှာ တြိဂံတစ်ခုပေါ်တစ်ခုထပ်ထားသောခြောက်ထောင့်ကြယ် ဖြစ်သည်။ ဤသည်မှာလည်း ဂျူးလူမျိုးတို့၏ ရိုးရာသင်္ကေတဖြစ်၍ ယနေ့အချိန်တွင် အစ္စရေးလ်နိုင်ငံ၏အလံတွင် တွေ့ရပေသည်။ ဆောလမွန်ဘုရင်(တမန်တော်ဆူလိုင်မာန်)က ပထမဦးဆုံး ဘုရင့်တံဆိပ်တော်အဖြစ်အသုံးပြုခဲ့သည်ဟု အဆိုရှိသည်။ ထို့ကြောင့် ခြောက်ထောင့်ကြယ်ပုံသည် တမန်တော်မြတ်တစ်ပါး၏ တံဆိပ်တော်ဖြစ်ပြီး မိုးကျသင်္ကေတတစ်ခုဖြစ်ပေသည်။

သို့သော်လည်း၊ မေဆွန်ရီအဖွဲ့ဝင်တို့က သီးခြားတစ်မျိုးခံယူထားကြသည်။ သူတို့က ခြောက်ထောင့်ကြယ်ကို နဗီတမန်တော်စူလိုင်မာန်၏သင်္ကေတအဖြစ်လက်မခံကြချေ။ ရှေးဟောင်းအီဂျစ်မိစ္ဆာဒိဋ္ဌိသင်္ကေတတစ်ခုအဖြစ်သာ လက်ခံယုံကြည်ကြသည်။ *မီမာရ်ဆီနန်မဂ္ဂဇင်း*မှ "ကျွန်ုပ်တို့၏ ပူဇော်ပသခြင်းများမှ ပုံဆောင်တင်စားချက်များ" ဟူသောဆောင်းပါးတစ်ပုဒ်တွင် ဤကိစ္စနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်သောအချက်အတော်များများ ရေးသားဖေါ်ပြထားပေသည်။



အကွာအဝေးတူညီးသောအမှတ်သုံးခုပါဝင်သည့် သုံးဘက်အနားညီတြိဂံက ဤတန်ဖိုးများသည် ၎င်းတို့ ၏တန်ဖိုးတူညီကြောင်းကို ပြဆိုသည်။ မေဆွန်ရီအဖွဲ့ဝင်တို့လက်ခံထားသောဤတံဆိပ်ကို ဒေးဗစ်၏ကြယ်ဟုခေါ်တွင်၍၊ အနားညီတြိဂံနှစ်ခုကို ထပ်ထား၍ဖြစ်လာသော ခြောက်ထောင့်ကြယ် ဖြစ်သည်။ ယနေ့အချိန်တွင် ဂျူးဘာသာ၏သင်္ကေတဟုခေါ်တွင်ပြီး အစ္စရေးနိုင်ငံ၏အလံတော်တွင် ပါဝင်လျက်ရှိသည်။ သို့သော်လည်း ဤသင်္ကေတ၏ဇစ်မြစ်အမှန်မှာ ရှေးဟောင်းအီ

ဂျစ်နိုင်ငံဖြစ်သည်။––ဤသင်္ကေတကို တင်ပလာစစ်သူရဲကောင်းတို့က ပထမဦးဆုံးတီထွင်ခဲ့ကြသည်။ ၎င်းသင်္ကေတကို သူတို့က ဘုရားရှိခိုးကျောင်း နံရံများတွင် ဆင်ယင်ထားကြသည်။ သူတို့က ခရစ်ယာန်ဘာသာနှင့်ပတ်သက်သောအချက်အလက်သစ်များကို ဂျေရုဆာလင်မြို့တော်ကြီးတွင် ပထမဦးစွာတွေ့ရှိခဲ့သူများဖြစ်သောကြောင့် ထိုသို့အသုံးပြုခြင်းဖြစ်သည်။ တင်ပလာစစ်သူရဲကောင်းများကို ရှင်းပစ်လိုက်သည့်နောက်ပိုင်းတွင် ဤသင်္ကေတကို ဂျူးဘာသာဘုရားရှိခိုးကျောင်း(ဆင်နီ




ခြောက်ထောင့်ကြယ်သည် နဗီတမာန်တော်၏တံဆိပ်ဖြစ်သည်။ သို့သော်လည်း မေဆွန်ရီအဖွဲ့ဝင်တို့က ရှေးဟောင်းအီဂျစ်နိုင်ငံမှ မိစ္ဆာဒိဋ္ဌိအယူဝါဒဖြင့် အဓိပ္ပါယ်ဖွင့်ဆိုကြသည်။

> ဂေါ့)များတွင် ဆက်လက်အသုံးပြုကြသည်။ သို့သော်လည်း မေဆွန်ရီအဖွဲ့တွင် ဤသင်္ကေတက ရှေးဟောင်းအီဂျစ်နိုင်ငံမှစတင်သည့်သင်္ကေတအဖြစ် နိုင်ငံတကာတွင်အသုံးပြုနေကြခြင်းကို ယုံမှားသံသယရှိရန်အကြောင်းမရှိချေ။ ဤသို့ဆိုသော်၊ ကျွန်ုပ်တို့က အရေးကြီးသည့်အင်အားစုနှစ်ခုကို ပေါင်းစပ်လိုက်ခြင်းဖြစ်သည်။ အကယ်၍ အနားညီတြိဂံနှစ်ခု၏အပေါ်ပိုင်းနှင့်အောက်ပိုင်းအခြေများကိုဖျက်လိုက်ပါက အားလုံးသိကြပြီးသည့် ရှားပါးသောသင်္ကေတတစ်ခုကိုရရှိပေသည်။[၆၉]

အမှန်မှာ မေဆွန်ရီအဖွဲ့၏ဆောလမွန်ကျောင်းတော်ကြီးနှင့်ဆက်စပ်သောသင်္ကေတများအားလုံးကို ဤအတိုင်းပင် အဓိပ္ပါယ်ဖေါ်ရမည်သာဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားသည့်အတိုင်း၊ ဆောလမွန်ဘုရင်ကြီးသည် ကျန်သောနဗီတမန်တော်များကဲ့သို့ ကြီးကျယ်သောနဗီတမန်တော်တစ်ပါးဖြစ်သည်။ သို့သော်လည်း လူအများက မကောင်းသတင်းဖြန့်၍ အတင်းအပင်းပြောကြသည်။ ကုရ်အာန်ကျမ်းတော်မြတ် စူရာအလ်ဘက္ကရာ ၂း၁၀၂ တွင် အလ္လာဟ်အရှင်မြတ်က **"ထိုမျှမက နဗီတမန်တော်စုလိုင်မာန်(အလိုင်−−)စိုးမိုးအုပ်ချုပ်မင်းပြုလုပ်နေသောအခါဝယ် ရှိုင်တွာန်များရွတ်ဘတ်သရဇ္ဈာယ်ကြလေသော စုန်းပယောဂအတတ်ကိုသာ ဆည်းပူးလိုက်စားကြကုန်၏။ ဤတွင်မျှမကသေး၊ အချို့သောလူ့ဗာလတို့သည် စုလိုင်မာန်(အလိုင်−−)ကိုပင် မိစ္ဆာဒိဋ္ဌိအယူကိုလိုက်စားသည်ဟု စွပ်စွဲကြသည်။ စင်စစ်တမူကား နဗီတမာန်တော်စုလိုင်မာန်သည် မည်သည့်အခါမျှ မိစ္ဆာဒိဋ္ဌိအယူကို လိုက်စားခဲ့သည်မဟုတ်ချေ။"** ဟု မိန့်ဆိုထားတော်မူ၏။

တမာန်တော်စူလိုင်မာန်(ဆောလမွန်ဘုရင်)အား မှားယွင်းစွာမေဆွန်တို့စွပ်စွဲထားသည့် ဤယူဆချက်ကို မေဆွန်ရီအဖွဲ့ဝင်တို့က အမှန်အဖြစ်ခံယူထားကြသည်။ ထို့ကြောင့် သူတို့၏ဝါဒသင်ကြားချက်များတွင် ဆောလမွန်ဘုရင်အား အရေးတယူလုပ်ထားကြသည်။ လျှို့ဝှက်ဆန်းကြယ်သည့်လောကီပညာတွင် ဆောလမွန်ဘုရင်အား အလယ်ပိုင်းခေတ်မှစ၍ အောက်လမ်းပယောဂပညာရှင်ကြီးအဖြစ် သတ်မှတ်လာကြသည်ဟု အမေရိကန်စာရေးဆရာ မိုက်ကယ်ဟိုးဝပ်က သူ၏*ပယောဂပညာဆိုင်ရာစုပေါင်းကြံစည်ချက်* ဟူသောစာအုပ်တွင် ရေးသားထားသည်။[၇၀] မေဆွန်ရီအဖွဲ့တို့က ဆောလမွန်ကျောင်းတော်ကြီးကို "မိစ္ဆာဒိဋ္ဌိကျောင်းတော်"အဖြစ်မြင်ကြသည်။[၇၁]

အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သောကျေးကျွန်တမာန်တော်စူလိုင်မာန်(ဆောလမွန်ဘုရင်)အား ဤကဲ့သို့မမှန်မကန်စွပ်စွဲကြခြင်းကပင် မေဆွန်ရီအဖွဲ့၏ ဇစ်မြစ်အစစ်ကို ပြဆိုလျက်ရှိပေသည်။

## တိုင်ကြီးနှစ်တိုင်
## THE DOUBLE COLUMN

မေဆွန်ရီလော့ဂျ်၏ဆင်ယင်မှုတွင် မရှိမဖြစ်သောအရာမှာ တံခါးအဝင်ဝရှိ တိုင်ကြီးနှစ်တိုင်ဖြစ်သည်။ "ဂျချင်"နှင့်"ဘိုအဇ်"ဟူသောစာပိုဒ်နှစ်ခုကို တိုင်နှစ်တိုင်တွင် ထွင်းထားခြင်းဖြင့် ဆောလမွန်ကျောင်းတော်ကြီးကို အတုယူကြသည်။ သို့သော်လည်း၊ မေဆွန်တို့အနေဖြင့် ဤတိုင်နှစ်တိုင်ကို ဆောလမွန်ဘုရင်(နဗီတမာန်တော်စူလိုင်မာန်)အား အမှတ်ရသည့်အနေဖြင့် စိုက်ထူထားခြင်းမဟုတ်ပေ။ ဆောလမွန်ဘုရင်ကြီးအား သူတို့၏စွပ်စွဲချက်များကို ပေါ်လွင်စေခြင်းသာဖြစ်ပေသည်။ ဤတိုင်ကြီးများ၏ဇစ်မြစ်သည်လည်း ရှေးဟောင်းအီဂျစ်နိုင်ငံပင် ဖြစ်သည်။

*မီမာရ်ဆီနန်မဂ္ဂဇင်းမှ* "ကျွန်ုပ်တို့၏ယစ်ပူဇော်ခြင်းမှသင်္ကေတများနှင့်တင်စားချက်များ"ဟူသောဆောင်းပါးတွင်၊ အောက်ပါအတိုင်း ဖေါ်ပြထားသည်။

> ဥပမာ၊ အီဂျစ်နိုင်ငံတွင်၊ ဟိုရပ်စ်နှင့် ဆက် တို့သည် အမွှာပူးပိသုကာများဖြစ်ကြ၍ ကောင်းကင်ဘုံကို ပင့်ထောက်ထားကြသည်။ သီဘီးစ်မှ ဘက်ကပ်စ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကျွန်ုပ်တို့၏ အဖွဲ့လော့ဂျ်များမှ တိုင်ကြီးများသည် ရှေးဟောင်းအီဂျစ်နိုင်ငံမှစတင်လာခဲ့သည်။ ၎င်း

တို့အနက် တစ်တိုင်မှာ အီဂျစ်တောင်ပိုင်းရှိ သီဘီးစ်တွင်ရှိ၍၊ အခြားတစ်တိုင်မှာ မြောက်ဘက် ဟီလျိုပိုလစ်တွင်ရှိသည်။ အမင်တာကျောင်းတော်ကြီး၏တံခါးဝတွင် အီဂျစ်နိုင်ငံ၏ နတ်ဘုရားအကြီးအကဲဖြစ်သော ပတာဟ်ကိုရည်စူး၍၊ ဆောလမွန်ကျောင်းတော်ကြီးမှာကဲ့သို့ တိုင်နှစ်တိုင်စိုက်ထူထားသည်။ သူရိယနေမင်းကြီးနှင့်ပတ်သက်သည့်ဇာတ်လမ်းတွင်၊ ထိုတိုင်နှစ်တိုင်အကြောင်းကိုလည်း ထည့်သွင်းဖော်ပြထား၍၊ ပညာဉာဏ်နှင့်အာဏာအင်အားဟုဖော်ပြထားသည်။ ထာဝရတည်ရှိခြင်း၏ တံခါးဝရှေ့တွင် စိုက်ထူထားသည်။[၇၂]



မေဆွန်ရီသင်္ကေတအမျိုးမျိုး––တံတိုင်းတစ်စုံ၊ မျက်လုံး၊ ကွန်ပါနှင့်စတုရန်းအကွက်။

## ဖရီးမေဆွန်လော့ဂျ်များမှ အီဂျစ်ဝေါဟာရများ
## THE EGYPTIAN TERMINOLOGY OF THE LODGES

ဗြိတိသျှလူမျိုး မေဆွန်ရီစာရေးဆရာနှစ်ဦးဖြစ်ကြသော ခရစ္စတိုဖါ နိုက် နှင့် ရောဘတ် လိုမတ်စ် တို့၏ *ဟီရာမ်သော့* ဟူသောစာအုပ်တွင်၊ မေဆွန်ရီအဖွဲ့၏ရှေးဟောင်းအီဂျစ်ဇစ်မြစ်ကို ဖေါ်ပြထားသည်။ မေဆွန်ရီအဖွဲ့ဝင်တစ်ဦးကို မာစတာမေဆွန်အဆင့်သို့မြှင့်တင်ပေးသော ပူဇော်ပသခြင်းအခန်းအနားတွင် ရွတ်ဆိုကြသည့်စကားလုံးများက စိတ်ဝင်စားဖွယ်ကောင်းသော အချက် ဖြစ်နေပေသည်။

*မအ်အတ်–နဲဘ်–မဲန်–အား၊ မအ်အတ်–ဘာ–အား။*[၇၃]

ဤစကားလုံးများကို ၎င်းတို့၏အဓိပ္ပါယ်ကိုမစဉ်းစားကြဘဲ အခန်းအနားအတွင်း တချိန်လုံးရွတ်ဘတ်ကြသည်၊ သို့သော်လည်း ယင်းစကားလုံးများသည် ရှေးဟောင်းအီဂျစ်စကားလုံးများဖြစ်ပြီး၊

'ဖရီးမေဆွန်ရီ၏ခေါင်းဆောင်မာစတာကို ခန့်အပ်ခြင်းသည် ကြီးကျယ်၏၊ ဖရီးမေဆွန်ရီစိတ်ဓါတ်သည် ကြီးကျယ်၏' ဟူ၍အဓိပ္ပါယ်ပေါက်သည်ဟု နိုက်နှင့်လိုမတ်စ်တို့က ရှင်းပြထားပေသည်။[၇၄]




ဝုဖ်ဂိုဏ်း အာမေဒီယတ်စ် မိုဇာတ်

"မအ်အတ်"ဟူသောစကားလုံးသည် တံတိုင်းဆောက်လုပ်ခြင်း၌ကျွမ်းကျင်မှုဟု အဓိပ္ပါယ်ပေါက်ကြောင်းစာရေးဆရာနှစ်ဦးက ဖေါ်ပြ၍၊ အနီးဆုံးဘာသာပြန်ပါက "မေဆွန်ရီ"(ပန်းရံ) ဖြစ်သည်။ ခေတ်သစ်မေဆွန်ရီအဖွဲ့ဝင်တို့သည် သူတို့၏မေဆွန်ရီလော့ဂျ်များ၌ ရှေးဟောင်းအီဂျစ်ဘာသာစကားကို နှစ်ပေါင်းထောင်ပေါင်းများစွာကြာညောင်းအောင် အသုံးပြု ထိန်းသိမ်းလာခဲ့ကြပေသည်။

## မိုဇာတ်၏ပဋ္ဌလက်ပုလွေ
## MOZART'S MAGIC FLUTE

မေဆွန်ရီအဖွဲ့၏ *ပဋ္ဌလက်ပုလွေ*ခေါ် အော်ပရာဇာတ်သည်လည်း စိတ်ဝင်စားဖွယ်တစ်ခု ဖြစ်သည်။ ဖရီးမေဆွန်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အလွန်နာမည်ကျော်ကြားသော အော်ပရာဇာတ်လမ်းရေးဆရာ မိုဇာတ်ရေးသားသောဇာတ်လမ်းဖြစ်၍၊ ဇာတ်လမ်းတစ်ခုလုံးတွင် ဖရီးမေဆွန်ရီအတွေးအခေါ်များကို ထည့်သွင်းထားသည်။ ဤမေဆွန်ရီအတွေးအခေါ်များသည်လည်း ရှေးဟောင်းအီဂျစ်မိစ္ဆာဒိဋ္ဌိအတွေးအခေါ်များနှင့် ဆက်စပ်လျက်ရှိနေသည်။ *မီမာရ်ဆီနန်*မဂ္ဂဇင်းက အောက်ပါအတိုင်း ရှင်းပြထား၏။

> ရှေးဟောင်းအီဂျစ်လူမျိုးများနှင့် မေဆွန်ရီယဇ်ပူဇော်ပသခြင်း အခန်းအနားများအကြား ဆက်စပ်မှုရှိနေခြင်းမှာ အများသိပြီးဖြစ်သည့်အပြင်၊ ရှင်းနေသောအချက်တစ်ခု ဖြစ်သည်။ ပဋ္ဌလက်ပုလွေအော်ပရာဇာတ်လမ်းကို "အရှေ့ဖြားမှ ဇာတ်လမ်းတစ်ပုဒ်"ဟု မည်မျှပင်ကြိုးစားအဓိပ္ပါယ်ဖေါ်စေကာမူ၊ ၎င်း၏အခြေခံသည် အီဂျစ်လူမျိုးတို့၏ ယဇ်ပူဇော်ပသသည့်ထုံးတမ်းစဉ်လာများသာ ဖြစ်ပေသည်။ နတ်ဘုရားများနှင့်နတ်မိမယ်များသည် အီဂျစ်ဘုရားကျောင်းများမှ နတ်ဘုရားနတ်မိမယ်များသာဖြစ်၍ ဇာတ်လမ်းတစ်ခုလုံးကို လွှမ်းခြုံထားသည်။[၇၅]



## အိုဘေလစ်များ
## OBELISKS

မေဆွန်ရီအဖွဲ့၏ အရေးကြီးသော နောက်ထပ်သင်္ကေတတစ်ခုမှာ ရှေးဟောင်း အီဂျစ်လူမျိုးတို့၏ ပိသုကာပညာဖြစ်သည့် အိုဘေလစ် ဖြစ်သည်။ အိုဘေလစ်သည် မတ်တပ်စိုက်ထူထား၍ ထိပ်တွင် ပီရမစ်ပုံ ထွင်းထားသော မြင့်မားသည့်လေးထောင့်ပုံ မော်ကွန်းကျောက်တိုင်ကြီး ဖြစ်သည်။ အိုဘေလစ်တွင် ရှေးဟောင်းအီဂျစ်လူမျိုးတို့၏အရုပ်စာများကို ထွင်းထားသည်။ မြေအောက်တွင် နှစ်ပေါင်းမြောက်မြားစွာမြုပ်နေခဲ့ရာမှ တစ်ဆယ့်ကိုးရာစုနှစ်တွင် တူးဖော်ရရှိခဲ့ရာ နယူးယောက်မြို့၊ လန်ဒန်မြို့နှင့် ပါရစ်မြို့အစရှိသည့် အနောက်နိုင်ငံမြို့ကြီးများသို့ သယ်ယူသွားကြသည်။ အကြီးဆုံးအိုဘေလစ်ကို အမေရိကန်နိုင်ငံသို့ သယ်ဆောင်သွားကြသည်။ မေဆွန်အဖွဲ့ဝင်တို့က စီစဥ်ကွပ်ကဲခဲ့ကြသည်။ အိုဘေလစ်နှင့်အတူ ၎င်းပေါ်တွင် ထွင်းထားသော ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ ရုပ်ပုံများသည် သူတို့နှင့်သက်ဆိုင်သောသင်္ကေတများဖြစ်သည်ဟု ယုံကြည်ကြသောကြောင့် ထိုသို့ပင်ပန်းတကြီး သယ်ဆောင်သွားကြခြင်း ဖြစ်သည်။ *မီမာရ်ဆေနန်မဂ္ဂဇင်း*က ၎င်းကျောက်တိုင်သည် ၂၁–မီတာမြင့်သည်ဟု အခိုင်အမာ ဆိုထားသည်။


ပိသုကာပညာရပ်တွင်အသုံးပြုသော သင်္ကေတများနှင့်ပတ်သက်သည့် ရင်သပ်ရှုမောဖွယ်အကောင်းဆုံးဖြစ်ရပ်မှာ အီဂျစ်နိုင်ငံမှ ဘုရင်ခံအစ္စမာအီလ်က ၁၈၇၈ခုနှစ်၌ **ကလီယိုပါတရာ၏အပ်ချောင်း**ဟုခေါ်သော မော်ကွန်းကျောက်တိုင်ကြီးကို အမေရိကန်နိုင်ငံသို့ လက်ဆောင်အဖြစ်ပေးအပ်ခြင်းပင် ဖြစ်ပေသည်။ ဤမော်ကွန်းကျောက်တိုင်မှာ ယခုအခါတွင် စင်ထရယ်ပါက်တွင် ရှိသည်။ ၎င်း၏မျက်နှာပြင်များသည် မေဆွန်ရီသင်္ကေတများဖြင့် ပြည့်နက်လျက်ရှိ၏။ ဤမော်ကွန်းကျောက်တိုင်ကို ဘီစီတစ်ဆယ့်ခြောက်ရာစုနှစ်တွင် ဟီလျိုပိုလစ်မြို့တော်မှ ဗဟိုယဇ်ပူဇော်ရေးဌာနဖြစ်သော သူရိယနေမင်းကျောင်းတော်၏အဝင်ဝတွင် ပထမဦးဆုံး စိုက်ထူခဲ့သည်။[၇၆]

## မုဆိုးမ အိုက်စစ်နတ်မိဖုရား
## THE LEGEND OF ISIS—THE WIDOW

မေဆွန်ရီအဖွဲ့၏ သင်္ကေတဆိုင်ရာအရေးကြီးသည့်အတွေးအခေါ်တစ်ခုမှာ မုဆိုးမဖြစ်သည်။ မေဆွန်အဖွဲ့ဝင်တို့က မိမိတို့ကိုယ်ကို မုဆိုးမ၏သားသမီးများဟု ခေါ်တွင်ကြ၍၊ သူတို့၏စာပေများတွင် မုဆိုးမများ၏ပုံကို မကြာခဏတွေ့ရသည်။ ဤအတွေးအခေါ်၏ဇစ်မြစ်မည်သို့ရှိပါသနည်း။ ဤမုဆိုးမသည် မည်သူဖြစ်ပါသနည်း။

မေဆွန်ရီစာပေများကို စစ်ဆေးကြည့်ခြင်းဖြင့်၊ မုဆိုးမသင်္ကေတ၏ဇစ်မြစ်သည် အီဂျစ်ဒဏ္ဍာရီပုံပြင်မှ ဆင်းသက်လာကြောင်း တွေ့ရှိရပေသည်။ ဤပုံပြင်သည် ရှေးဟောင်းအီဂျစ်၏ အရေးကြီးဆုံးသောဒဏ္ဍာရီပုံပြင်ဖြစ်သည်။ ၎င်းမှာ အိုရိစစ်နှင့် အိုက်စစ်တို့အကြောင်းဖြစ်သည်။ အိုရိစစ်သည် မျိုးအောင်ခြင်းနတ်ဘုရားဖြစ်၍ အိုက်စစ်မှာ သူ၏ဇနီးမိဖုရားဖြစ်သည်။ ပုံပြင်အဆိုအရ အိုရိစစ်အသတ်ခံရသဖြင့်၊ အိုက်စစ်က မုဆိုးမဖြစ်သွားသည်ဟူ၏။ ထို့ကြောင့်

မေဆွန်ရီတို့၏ မုဆိုးမမိဖုရားမှာ အိုက်စစ်ဖြစ်သည်။ *မီမာရ်ဆီနန်* မဂ္ဂဇင်းတွင် ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းပြထားပေသည်။



ရှေးဟောင်းအီဂျစ်နိုင်ငံ၏ အကြွင်းအကျန်များ။– ဘုရင်များ၏လှိုဏ်မြောင်တွင် ဖါရိုးဘုရင်များ၏ကျောက်ရုပ်များ၏ရှေ့၌ အိုဘေလစ်တစ်ခု မိုးထိုးလျက်ရှိ၏။

အိုရီစစ်–အိုက်စစ်ပုံပြင်သည်၊ ဆောင်းပါးပေါင်းများစွာနှင့် ဟောပြောပွဲများစွာတို့၏ ခေါင်းစဉ်ဖြစ်၍ ရှေးဟောင်းအီဂျစ်ပုံပြင်နှင့် မေဆွန်ရီအဖွဲ့၏အနီးဆုံးဆက်စပ်မှုဖြစ်ပေသည်။ အိုက်စစ်နတ်ဘုရားကျောင်း၏ ဘုန်းတော်ကြီးဖြစ်ရန် စစ်ဆေးခြင်းသည် မေဆွန်ရီအဖွဲ့၏ ယဇ်ပူဇော်ခြင်းထုံးစံတစ်ခု ဖြစ်သည်။ ဤနေရာတွင် ထပ်မံဖော်ပြနေရန်မှာ ငြီးငွေ့ဖွယ်ဖြစ်နေပေလိမ့်မည်။ လင်းရောင်ခြည်သည် အရေးကြီးဆုံးသောအပိုင်းဖြစ်၏။ အရှေ့ဘက်မှအမှောင်တွင် မြုပ်နှံသွားစေရန်အတွက် နံနက်ခင်းတွင်ထွက်လာသောနေမင်းကြီးသည်၊ မွန်းလွဲပိုင်းတွင်ကျဆင်းသွားပြီး၊ အိုရီစစ်၏တာဝန်ကို နေ့စဉ်လွှဲအပ်ယူလိုက်သည်။ ဤသည်လည်း ဟိုရပ်စ်က အသတ်ခံခဲ့ရသောသူ၏ဖခင်နေရာတွင် ဉာဏ်ပညာပိုမိုထက်မြက်စွာ တာဝန်ယူခြင်းနှင့် အလားတူ၏။ **ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ထို "မုဆိုးမ" ၏သားသမီးများဖြစ်ကြ၍၊ ထို "မုဆိုးမ" သည်လည်း အိုရီစစ်၏မုဆိုးမ အိုက်စစ်ပင်ဖြစ်ပေသည်။**[၇၇]



အိုက်စစ် နတ်ဘုရား၏ပုံကို ရေးဆွဲထားသော ရှေးဟောင်းအီဂျစ်ပန်းချီကားချပ်

## ကွန်ပါနှင့် စတုရန်းပုံ
## THE COMPASS AND SQUARE

သိပ္ပံပညာနှင့်တွေးတောဆင်ခြင်ခြင်းတွင်အခြေခံတည်ဆောက်သောအဖွဲ့ဖြစ်သည်ဟုဆိုသည့် မေဆွန်ရီအဖွဲ့သည်၊ စိတ်ကူးယဉ်ဒဏ္ဍာရီအယူသီးမှုအတွေးအခေါ်ယုံကြည်ချက်များဖြင့် ပြည့်နက်နေသည်ကို တွေ့ရှိရပေသည်။


လူသိအများဆုံးသောမေဆွန်ရီသင်္ကေတများတွင် စတုရန်းပေါ်၌ကွန်ပါထပ်ထားသည့်ပုံလည်း ပါဝင်သည်။ မေဆွန်ရီအဖွဲ့ဝင်များကို ဤသင်္ကေတနှင့်ပတ်သက်၍ မေးမြန်းသောအခါ၊ ၎င်းသင်္ကေတသည် သိပ္ပံပညာ၊ ဂျီသြမေတြီအစီအစဉ်နှင့် ယုတ္တိတန်သောတွေးခေါ်မှုစသည့် ခံယူချက်များကို ကိုယ်စားပြုသည်ဟု ရှင်းပြကြသည်။ သို့သော်လည်း၊ ထိုကွန်ပါနှင့်စတုရန်းပုံ၏အဓိပ္ပါယ်သည် အမှန်အားဖြင့် ထိုရှင်းပြချက်များနှင့်တခြားစီဖြစ်ပေသည်။

ဤအကြောင်းကို မေဆွန်ရီအဖွဲ့၏အကြီးကျယ်ဆုံးခေါင်းဆောင်ဖြစ်သူ အလ်ဘတ်ပိုက်၏စာအုပ်တွင် လေ့လာဆည်းပူးနိုင်ပေသည်။ သူ၏ *ကိုယ်ကျင့်တရားနှင့်တရားသေဝါဒ* ဟူသောစာအုပ်တွင် ထိုကွန်ပါနှင့်စတုရန်းပုံအကြောင်းကို အောက်ပါအတိုင်းရှင်းပြထားသည်။

> စတုရန်းသည်--ကမ္ဘာမြေကြီး၏ သဘာဝနှင့်သင့်တော်ကိုက်ညီသောသင်္ကေတဖြစ်သည်။-- နှစ်ဖက်ချွန်ပုံသည် ရှေးသရောအခါက နတ်ဘုရားကိုပွားများမှုအတွက် အပ်နှင်းလိုက်သောဖိုမစုံတွဲသဘာဝဖြစ်သည်။ အာရိယာန်လူမျိုးများတွင် ဗြမ္မာနှင့်မာယာရှိသကဲ့သို့၊ အီဂျစ်လူမျိုးများမှာလည်း အိုရီစစ်နှင့်အိုက်စစ်ဟူ၍ရှိသည်။ သူရိယနေမင်းသည် ဖိုဖြစ်၍၊ စန္ဒာလမင်းသည် မ ဖြစ်သည်။[၇၈]



ဆိုလိုရင်းမှာ၊ မေဆွန်ရီအဖွဲ့၏ အကျော်ကြားဆုံး လူသိအများဆုံးဖြစ်သော ကွန်ပါနှင့် စတုရန်းပုံသင်္ကေတသည်၊ အာရိယာန်လူမျိုးများ၏ မိစ္ဆာဒိဋ္ဌိအယူဝါဒသင်္ကေတဖြစ်၍၊ ခရစ်ယာန်သာသနာမပေါ်ပေါက်မီ ရှေးဟောင်းအီဂျစ်နိုင်ငံအထိရှေးကျပေသည်။ မေဆွန်ရီအဖွဲ့ ဦးစီးခေါင်းဆောင်ပိုက် ကိုးကားသောသူရိယနေမင်းနှင့် စန္ဒာလမင်းတို့သည် မေဆွန်ရီလော့ဂျ်များ၏ အရေးကြီးသောသင်္ကေတများဖြစ်၍၊ နေနှင့်လကို မှားယွင်းစွာဘုရားအဖြစ်ယုံကြည်ကိုးကွယ်ဆည်းကပ်သောလူ့အဖွဲ့အစည်း၏ ရောင်ပြန်ဟပ်ခြင်းသာ ဖြစ်ပေသည်။



လင်းယုံပုံနှင့်အတူ ကွန်ပါနှင့် စတုရန်းပါသောပုံသည် ရှေးဟောင်းအီဂျစ်၏ အရေးကြီးဆုံးသင်္ကေတဖြစ်သည်။





အလ်ဘတ်ပိုက်နှင့် သူ့အားအမှတ်တရထုတ်ဝေသော မေဆွန်ရီအဖွဲ့၏ ဆုတံဆိပ်

## မေဆွန်ရီအဖွဲ့၏ မိစ္ဆာဒိဋ္ဌိအတွေးအခေါ်
## MASONRY'S PAGAN PHILOSOPHY

ယခုအချိန်အထိ ကျွန်ုပ်တို့အနေဖြင့်၊ မေဆွန်ရီ၏မူလဇစ်မြစ်သည် ရှေးဟောင်းအီဂျစ်နိုင်ငံအထိရှေးကျသော မိစ္ဆာဒိဋ္ဌိအယူဝါဒတွင် အခြေခံ၍၊ ၎င်း၏ခံယူချက်အစစ်အမှန်နှင့် သင်္ကေတများ၏အဓိပ္ပါယ်အမှန်များကို လျှို့ဝှက်ထားကြောင်း လေ့လာခဲ့ကြလေပြီ။ ၎င်းသည် လူသားပဓါနအခြေပြုဝါဒီ၊ ရုပ်ဝါဒီနှင့် အီဗိုလူးရှင်းဝါဒီဖြစ်သည်။ အမေရိကန်လူမျိုး သမိုင်းပါရဂူ မိုက်ကယ်ဟိုးဝသ်က ဤလျှို့ဝှက်ချက်များကို အဆင့်မြင့်သောမေဆွန်ရီအဖွဲ့ဝင်တို့ကိုသာလျှင် အပြည့်အစုံ ဖွင့်ဆိုဖေါ်ပြကြောင်း ဖေါ်ထုတ်ထားသည်။

> အဘယ့်ကြောင့်ခရစ်ယာန်ဘာသာဝင်တို့က ဖရီးမေဆွန်ရီတို့ကို အပြစ်ရှာဝေဖန်လိုကြပါသနည်း–။ –– ဤမေးခွန်း၏အဖြေမှာ ဖရီးမေဆွန်ရီတို့၏ "လျှို့ဝှက်ချက်"များတွင် ရှိ၏။ ဤလျှို့ဝှက်ချက်များကို အများပြည်သူအား ဖေါ်ပြထားပါက လျှို့ဝှက်နက်နဲသောလောကီပညာနှင့် ရှေးဟောင်းဘာသာရေးအယူဝါဒများနှင့်ပတ်သက်၍ ကျွမ်းကျင်မှုမရှိသူတို့အနေဖြင့် ၎င်းတို့၏အဓိပ္ပါယ်ကို နားလည်သဘောပေါက်ကြမည်မဟုတ်ပေ။ အမှန်မှာ ဖရီးမေဆွန်လော့ဂျ်များမှ သာမန်အဖွဲ့ဝင်များပင်လျှင် ၎င်းလျှို့ဝှက်ချက်များသည် မည်သည့်အရာများကိုကိုယ်စားပြုနေသည်ကိုလည်း နားလည်သဘောပေါက်ကြမည်မဟုတ်ပေ။ မေဆွန်ရီအဖွဲ့၏မြင့်မားသည့်ယဇ်ပူဇော်မှုအဆင့်ကို ကျော်လွန်ပြီးသူအတွင်းပိုင်းအသိုင်းအဝိုင်းများသာလျှင်၊ မိမိတို့သည် ခရစ်ယာန်သာသနာမတိုင်မီ မိစ္ဆာဒိဋ္ဌိခေတ်ကာလမှ ရှေးဟောင်းထုံးတမ်းစဉ်လာကို အမွေဆက်ခံနေကြသူများဖြစ်ကြောင်း သိရှိကြသည်။[၇၉]

တူရကီမေဆွန်ရီအဖွဲ့စာပေများမှတဆင့်၊ အဆင့်မြင့်သောအဖွဲ့ဝင်တို့သည် သူတို့၏အခြားညီနောင်များအား အသိမပေးဘဲလျှို့ဝှက်ထားသောပညာရပ်များရှိကြောင်း သိရှိရပေသည်။ မာစတာမေဆွန် နက်ဒက် အီဂါရန်က အဆင့်မြင့်သောမေဆွန်အဖွဲ့ဝင်တို့က ဤကိစ္စနှင့်ပတ်သက်၍ မည်သို့သဘောရကြသည့်အကြောင်း ဖေါ်ထုတ်ထားပေသည်။

> မေဆွန်ရီအဖွဲ့ဝင်အချို့တို့သည်၊ မေဆွန်ရီအဖွဲ့အား ဘာသာရေးတစ်ဝက်၊ ကုသိုလ်ဖြစ်ညီနောင်မောင်နှမစိတ်ဓါတ်ဖြင့်လူမှုဆက်ဆံရေးရှိသောအသင်းအဖွဲ့တစ်ခုအဖြစ်သာ မှတ်ယူကြသည်။ အချို့ကလည်း မေဆွန်ရီအဖွဲ့သည် လူကောင်းဖြစ်လာအောင် လေ့ကျင့်ပေးသောဌာနတစ်ခုအဖြစ်သာ သတ်မှတ်ကြသည်။ အချို့ကလည်း မေဆွန်ရီအဖွဲ့သည် မိမိတို့၏အကျင့်စာရိတ္တကို ပြုပြင်လေ့ကျင့်ရမည့်ဌာနဖြစ်သည်ဟု ထင်ကြသည်။ အတိုချုံး၍ပြောရသော်၊ ရေးတတ်ဘတ်တတ်ခြင်းမရှိသူတို့နှင့် မေဆွန်ရီအဖွဲ့၏မွန်မြတ်သောစကားကို နားလည်သဘောပေါက်ခြင်းမရှိသူတို့သည် အဖွဲ့၏သင်္ကေတများနှင့်တင်စားမှုများကို ဤသို့ပင်အမျိုးမျိုးနားလည်ကြပေသည်။ သို့သော်လည်း အချို့သောမေဆွန်ရီအဖွဲ့သားအနည်းငယ်တို့သည် ပိုမိုနက်နဲစွာလေ့လာဆည်းပူးနိုင်ကြသူများအတွက်၊ မေဆွန်ရီအဖွဲ့၏ပန်းတိုင်မှာ အများအထင်နှင့် တခြားစီဖြစ်ပေသည်။ မေဆွန်ရီသည် ပညာဉာဏ်ဖွင့်ချပေးခြင်း၊ ဇာတ်သွင်းခြင်းနှင့် အသစ်အသစ်များကိုစတင်ခြင်းဖြစ်သည်။ ဆိုလိုရင်းမှာ လွန်ခဲ့သည့်ဘဝကိုချန်ထား၍ ပိုမိုမြင့်မြတ်ဂုဏ်ရှိသောဘဝလမ်းကြောင်းသစ်သို့ ဝင်ရောက်ခြင်းဖြစ်သည်။ ––မေဆွန်ရီအဖွဲ့၏အခြေခံသင်္ကေတများတွင်ဖေါ်ထုတ်ပေးထားသောအကြောင်းရပ်များ တသီတတန်းကြီးရှိ၍၊ ထိုဖေါ်ထုတ်ချက်များက ကျွန်ုပ်တို့၏ ဘဝရှင်သန်မှုနှင့်ပတ်သက်သော ပိုမိုမြင့်မားသည့်လျှို့ဝှက်ချက်များကို သိရှိရရှိရန် ကူညီလမ်းပြပေးသည်။ ထိုမှတဆင့် ပိုမိုနက်ရှိုင်းသောအသိဉာဏ်သို့ဝင်ရောက်သောတံခါးဝကို ကျော်ဖြတ်သွားပြီးနောက် မေဆွန်ရီ၏ဉာဏ်အလင်းပွင့်ခြင်းဘဝသို့ ရောက်ရှိသွားပေမည်။ ထိုရောအခါမှသာလျှင်၊ တိုးတက်ခြင်းနှင့် အီဗိုလူးရှင်း (တစတစအလိုလိုပြောင်းလဲခြင်း)တို့၏သဘာဝနှင့်အခြေအနေတို့ကို ဆည်းပူးသင်ယူနိုင်မည့်အဆင့်သို့ ရောက်ရှိပေတော့မည်။[၈၀]

ဤကိုးကားချက်အရ၊ အဆင့်နိမ့်သေးသောမေဆွန်ရီအဖွဲ့ဝင်တို့က မေဆွန်ရီအဖွဲ့အား ကုသိုလ်ရေးနှင့်လူမှုရေးအဖွဲ့အစည်းအဖြစ်သာ သိရှိကြသော်လည်း၊ အမှန်စင်စစ်မှာ လူ့ဘဝရှင်သန်တည်ရှိရေး၏ လျှို့ဝှက်ချက်အကြောင်းဖြစ်ပေသည်။ မေဆွန်ရီအဖွဲ့၏ အပြင်ဘန်းပြထားသော ကုသိုလ်ရေးနှင့်လူမှုရေးအဖွဲ့အစည်းသဏ္ဍာန်သည် အမှန်အားဖြင့် အဖွဲ့၏အဓိကအတွေး

အခေါ်အစစ်အမှန်ကို ဖုံးကွယ်ထားခြင်းဖြစ်ပေသည်။ အမှန်အားဖြင့် မေဆွန်ရီအဖွဲ့သည် မိမိတို့၏အဖွဲ့ဝင်များနှင့်အတူ ကျန်လူ့အဖွဲ့အစည်းတစ်ခုလုံးကို သီးခြားအစီအစဉ်တကျ စီမံချမှတ်ထားသောအတွေးအခေါ်သွတ်သွင်းနေသည့် အဖွဲ့အစည်းကြီးဖြစ်သည်။

အထက်တွင် ကျွန်ုပ်တို့ဖေါ်ပြခဲ့သည့်အတိုင်း၊ ဤအတွေးအခေါ်၏အခြေခံအစိတ်အပိုင်းမှာ၊ မေဆွန်ရီအဖွဲ့က အမွေဆက်ခံကျင့်သုံးသော မိစ္ဆာဒိဋ္ဌိယဉ်ကျေးမှုဖြစ်ပြီး အထူးသဖြင့် ရှေးဟောင်းအီဂျစ်နိုင်ငံမှ ရုပ်ဝါဒအတွေးအခေါ်ဖြစ်သည်။

## မေဆွန်ရီအဖွဲ့မှ ရုပ်ဝါဒအထောက်အထားများ
## MATERIALISM IN MASONIC SOURCES

### ၁။ ဒြပ်ပစ္စည်း ပရမတ်ဖြစ်သည်ဟူသောအမှား


ယနေ့ခေတ်မေဆွန်ရီအဖွဲ့ဝင်တို့သည်၊ ရှေးဟောင်းအီဂျစ်နိုင်ငံမှ ဖါရိုးဘုရင်များ၊ သမားတော်ဘုန်းတော်ကြီးများနှင့် အခြားလူတန်းစားတို့ယုံကြည်ခဲ့ကြသည့်နည်းတူ ဒြပ်ဝတ္ထုပစ္စည်းကို ဖန်ဆင်းထားခြင်းမဟုတ်ဘဲ အစဉ်အမြဲထာဝရတည်ရှိလာခဲ့သည်၊ နောင်လည်းဆက်လက်၍ ထာဝရတည်ရှိနေဦးမည်၊ ၎င်းမှသက်မဲ့ပစ္စည်း သက်ရှိပစ္စည်းအားလုံးတို့သည် မတော်တဆတိုက်ဆိုင်ခြင်းဖြင့် ပေါ်ပေါက်လာခဲ့သည်ဟု ယုံကြည်ကြသည်။ မေဆွန်ရီစာပေများတွင် ရုပ်ဝါဒအတွေးအခေါ်၏ ဤအခြေခံများယွင်းချက်အသေးစိတ်ကို တွေ့ရှိနိုင်ပေသည်။

*Masonluktan Esinlenmele* (ဖရီးမေဆွန်ရီမှပညာဉာဏ်ကွန့်မြူးချက်များ)ဟူသောစာအုပ်တွင်၊ မာစတာဆေလာမီ အီဆင်ဒါက်က မေဆွန်ရီအဖွဲ့၏ ရုပ်ဝါဒစစ်စစ်အတွေးအခေါ်နှင့်ပတ်သက်၍ ဤသို့ရေးသားထားသည်။

> အာကာသတစ်ခုလုံး၊ လေထု၊ ကြယ်တာရာ၊ သဘာဝ၊ သက်ရှိသက်မဲ့အားလုံးတို့သည် အတမ်(အဏုမြူ)များ ပေါင်းစည်းနေခြင်းဖြစ်သည်။ လူသားတို့သည်လည်း အတမ်များတပြိုင်တည်းပေါင်းစည်း၍ဖြစ်ပေါ်လာခြင်းသာဖြစ်သည်။ သက်ရှိပစ္စည်းများ၏ကိုယ်တွင်း၌ စီးတွေနေသောလျှပ်စစ်ဓါတ်၏ထိန်းကျောင်းမှုကြောင့် အသက်ဆက်လက်ရှင်နေခြင်းဖြစ်သည်။ ထိုလျှပ်စစ်ဓါတ်၏ထိန်းကျောင်းမှုပျက်ပြယ်သွားချိန် (အတမ်တွင်းမှလျှပ်စစ်ဓါတ်ပျက်ပြယ်သွားခြင်းမဟုတ်)တွင် ကျွန်ုပ်တို့အသက်သေဆုံးသွား၍၊ ပထဝီမြေကြီးသို့ ပြန်လည်ရောက်ရှိသွားကာ အတမ်များအဖြစ် ပြန့်ကျဲကွဲသွားသည်။ ဆိုလိုရင်းမှာ၊ ကျွန်ုပ်တို့သည် ဒြပ်ပစ္စည်းနှင့် စွမ်းအင်တို့မှလာခဲ့ပြီး၊ ဒြပ်ပစ္စည်းနှင့်စွမ်းအင်အဖြစ်သို့ပြန်လည်ပြောင်းလဲသွားကြမည်။ အပင်များသည် ကျွန်ုပ်တို့၏အတမ်များကိုအသုံးပြု၍၊ ကျွန်ုပ်တို့အပါအဝင် သက်ရှိအားလုံးတို့သည်လည်း အပင်များကိုအသုံးပြုကြသည်။ အရာရာတို့သည် အမျိုးအစားတူသောဝတ္ထုပစ္စည်းများဖြင့်သာ ပေါင်းစည်းဖြစ်ပေါ်လာခဲ့ကြသည်။ သို့သော်လည်း၊ ကျွန်ုပ်တို့၏ဦးနှောက်သည် တိရစ္ဆာန်များအားလုံးထက်ပိုမိုဖွံ့ဖြိုးသောကြောင့်၊ အသိတရားဖြစ်ပေါ်လာသည်။ လက်တွေ့စိတ်ပညာအရ၊ ကျွန်ုပ်တို့၏ သုံးဖက်တန်စိတ်ပိုင်းဖြစ်သည့် စိတ်လှုပ်ရှားမှု–အတွေးအာရုံ–စိတ်ဆန္ဒပြင်းပြမှုတို့သည်၊ ဦးနှောက်အပြင်လွှာနှင့်ဟိုမုန်းအတွင်းရှိဆဲလ်များ၏ပြောင်းလဲမှုနှင့်ချိန်ဆချက်များကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ကို တွေ့ရှိရသည်။– ယထာဘူတကျသောသိပ္ပံပညာက ဗလာနတ္ထိအလျှင်းမရှိခြင်းမှ မည်သည့်အရာမျှဖြစ်ပေါ်လာခြင်းမရှိဟုလက်ခံ၍၊ ဗလာနတ္ထိအလျှင်းမရှိခြင်းသည် ပျက်သုဉ်းသွားလိမ့်မည်။ ထို့ကြောင့်၊ လူသားသည် မည်သည့်အာဏာစက်ကိုမျှ ကျေးဇူးတင်နေစရာမလိုအပ်ချေ။ စကြဝဠာသည် စွမ်းအင်စုပေါင်းတည်ရှိရာဖြစ်၍ အစလည်းမရှိ အဆုံးလည်းမရှိချေ။ အရာခပ်သိမ်းတို့သည် ဤစုပေါင်းတည်ရှိခြင်းမှ မွေးဖွားပေါ်ပေါက်လာ၍၊ ရှင်ခြင်းသေခြင်းတွင်သံသရာလည်နေကာ မည်သည့်အခါမျှ ပျောက်ကွယ်သွားခြင်းမရှိပေ။ အရာရာသည် ပြောင်းလဲခြင်း၊ ပုံစံတစ်မျိုးမှအခြားတစ်မျိုးသို့ပြောင်းလဲခြင်း စသည်တို့ဖြစ်ပျက်လျက်ရှိသည်။ သေကျေပျောက်ကွယ်သွားခြင်းဟူ၍မရှိ၊ အစဉ်မပြတ်ပြောင်းလဲမှုသာဖြစ်ပေါ်နေသည်။ သို့သော်လည်း ဤမျှကြီးကျယ်သောအကြောင်းရပ်နှင့် စကြာဝဠာ၏လျှို့ဝှက်ချက်ကို သိပ္ပံပညာနိယာမများဖြင့် ရှင်းပြ၍မရနိုင်ပေ။ သိပ္ပံပညာမှလွှန်၍ရှင်းလင်းခြင်းသည်၊ စိတ်ကူးယဉ်ပုံနှိုင်းဖေါ်ပြခြင်း၊ တရားသေယုံကြည်ခြင်းနှင့် အဓိပ္ပါယ်ကင်းမဲ့သောယုံကြည်ချက်များသာ

ဖြစ်ပေသည်။ ယထာဘူတကျသောသိပ္ပံပညာနှင့် ကျိုးကြောင်းဆင်ခြင်ခြင်းအရ၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာမှလွဲ၍ ဝိညာဉ်ဟူသည်မရှိချေ။[၈၁]

ကားလ်မားက့်စ၊ ဖရက်ဒရစ် အင်ဂျဲလ်၊ ဗီအိုင် လီနင်၊ ဂျီ ပိုလစ်ဇာ၊ စီ ဆာဂန်နှင့် ဂျေ မိုနော့ကဲ့သို့သော ရုပ်ဝါဒီအတွေးအခေါ်ရှင်များ၏ စာအုပ်များ၌လည်း အထက်တွင်ဖော်ပြခဲ့သည့် အတွေးအခေါ်မျိုးကို တွေ့နိုင်ပေသည်။ သူတို့အားလုံးက စကြာဝဠာသည် အစဉ်အမြဲတည်ရှိလာခဲ့ပြီး နောင်တွင်လည်းထာဝရဆက်လက်တည်ရှိလိမ့်မည်၊ ဒြပ်ဝတ္ထုပစ္စည်းသည်ပရမတ်အဖြစ် ထာဝရတည်ရှိသည်၊ လူသားတို့သည် ဒြပ်ဝတ္ထုပစ္စည်းများပေါင်းစည်းနေခြင်းသာဖြစ်၍ ဝိညာဉ်မရှိ၊ ဒြပ်သည်လည်း ၎င်းအတွင်း၌သာ သံသရာလည်နေသည်၊ အသက်သည်လည်းတိုက်ဆိုင်မှုကြောင့်ဖြစ်ပေါ်လာသည်၊ ဟူသော ရုပ်ဝါဒအမြင်၏ အခြေခံစိတ်ကူးယဉ်ယူဆချက်ကို လက်ခံထားကြသည်။ “ဤဖြစ်စဉ်တို့သည် ယထာဘူတကျသောသိပ္ပံပညာနှင့်ကျိုးကြောင်းဆင်ခြင်ခြင်း”ဖြစ်သည်ဟူသော အီဆင်ဒါက်၏အခိုင်အမာအဆိုပြုချက်ကိုဆန့်ကျင်၍ နှစ်ဆယ်ရာစုနှစ်ဒုတိယပိုင်းလောက်တွင် ယင်းအဆိုမမှန်ကန်ကြောင်း သက်သေထူ၍ပယ်ဖျက်လိုက်ပြီဖြစ်သောကြောင့်၊ စိတ်ကူးယဉ်ဒဿနရှိ ဟုဆိုခြင်းသည် အသင့်တော်ဆုံး သုံးနှုန်းခြင်းဖြစ်ပေသည်။ ဥပမာ၊ သိပ္ပံပညာရှင်လောကတွင် အားလုံးက သက်သေခိုင်လုံသည်ဟုလက်ခံထားပြီးဖြစ်သော ဘစ်ဘိုင်းသီအိုရီက စကြာဝဠာကို လွန်ခဲ့သည့်နှစ်သန်းပေါင်းများစွာတုန်းက ဖန်ဆင်းခဲ့ကြောင်း ဖော်ထုတ်ထားပေသည်။ သာမိုဒိုင်နာမစ်နိယာမများက ဒြပ်ပစ္စည်းသည် မိမိကိုယ်တိုင်မည်သည့် ထိန်းကွပ်စီမံမှုမျှမပြုနိုင်ဟုဆိုထားသဖြင့်၊ စကြာဝဠာသည် အသိဉာဏ်ပြည့်စုံသောအရှင်က ဖန်ဆင်းထားသည် ဟုဆိုသောအဖြေကိုထုတ်နိုင်ပေသည်။ သက်ရှိပစ္စည်းတို့၏ သူမတူသော တည်



မဆွန်ရီစာပေများမှ ရုပ်ဝါဒသီအိုရီများသည် မားက့်စ၊ အင်ဂျဲလ်နှင့် လီနင်ကဲ့သို့သော အခြားရုပ်ဝါဒအတွေးအခေါ်ရှင်တို့ ရေးသားထားသောစာပေများနှင့် မည်သို့မျှ ခြားနားခြင်းမရှိချေ။

ဆောက်မှုကြောင့် ဇီဝဗေဒပညာရပ်က ဖန်ဆင်းရှင်ဘုရားသခင်(အလ္လာဟ်အရှင်မြတ်)ရှိသည်ဟု သက်သေထူထားပေသည်။ (အသေးစိတ်အချက်အလက်များကို ဟာရွန်ယဟ်ယာ၏ *စကြာဝဠာကိုဖန်ဆင်းခြင်း၊ ဒါဝင်ဝါဒကိုပယ်ဖျက်ခြင်း၊ အီဗိုလူးရှင်းသီအိုရီ၏လိမ်လည်မှု* စသည့်စာအုပ်များတွင် ဖတ်ရှုနိုင်ပါသည်။)

အီဆင်ဒါက်က သူ၏ဆောင်းပါးတွင်၊ မေဆွန်ရီအဖွဲ့ဝင်တို့သည် အမှန်တကယ်ရုပ်ဝါဒီများဖြစ်ကြသဖြင့်၊ ဘုရားမဲ့ဝါဒီများဖြစ်ကြသည်၊ သူတို့သည် အီဗိုလူးရှင်း(တိုက်ဆိုင်မှုကြောင့် တစ်စတစ်စပြောင်းလဲခြင်း)တွင် "စကြဝဠာ၏ကြီးကျယ်သောမဟာပိသုကာ"ခံယူချက်ကို အသုံးပြုကြသည် ဟုရေးသားထားသည်။

> မေဆွန်ရီအဖွဲ့မှ ရွေးချယ်လက်ခံထားသောမူဝါဒနှင့်အတွေးအခေါ်အချို့နှင့်ပတ်သက်၍ အတိုချုံး၍ဖေါ်ပြလိုပါသည်။ မေဆွန်ရီ၏ခံယူချက်အရ၊ အသက်သည် တစ်ခုတည်းသောဆဲလ်မှ စတင်၍၊ ပြောင်းလဲခြင်းဖြင့် လူသားအဖြစ်သို့တစ်စစီဖွံ့ဖြိုးပြောင်းလဲလာခဲ့သည်။ ဤသို့စတင်ဖြစ်ပေါ်လာခြင်း၏သဘာဝအခြေအနေများကိုမသိနိုင်ပေ။ အသက်သည် ဒြပ်ဝတ္ထုပစ္စည်းနှင့်စွမ်းအင်တို့၏ပေါင်းစည်းခြင်းကြောင့်ဖြစ်ပေါ်လာ၍၊ ဒြပ်နှင့်စွမ်းအင်အဖြစ်သို့ပြန်လည်ပြောင်းလဲသွားပေသည်။ အကယ်၍ စကြာဝဠာ၏ကြီးကျယ်သောမဟာပိသုကာကို အဓိကမူဝါဒအဖြစ်လက်ခံပါက၊ အဆုံးမရှိသောကောင်းမွန်ခြင်းနှင့်လှပခြင်း၊ အီဗိုလူးရှင်း(တစ်စစီပြောင်းလဲတိုးတက်ခြင်း)၏အဆုံးစွန်၊ လူသားတို့ကြိုးပမ်းသော ရည်မှန်းချက်၏အမြင့်ဆုံးအဆင့် စသည်တို့ကိုရရှိသည့်အပြင်၊ ၎င်းတွင်ပုဂ္ဂိုလ်ရေးအမြင်ကင်းမဲ့ပါက၊ ကျွန်ုပ်တို့ကို တစ်ယူသန်ဝါဒမှ ကယ်တင်နိုင်မည်ဖြစ်ပေသည်။[၈၂]

ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ မေဆွန်ရီအတွေးအခေါ်၏ အခြေခံအကျဆုံးမူဝါဒတစ်ခုမှာ အရာခပ်သိမ်းတို့သည် ဒြပ်ပစ္စည်းမှဖြစ်ပေါ်လာပြီး နောက်ဆုံးတွင် ဒြပ်ပစ္စည်းအဖြစ်သို့ပြန်လည်ရောက်ရှိသွားမည် ဟူ၍ဖြစ်၏။ အရေးကြီးဆုံးအချက်မှာ၊ မေဆွန်ရီအဖွဲ့ဝင်တို့က ဤအတွေးအခေါ်ကို သူတို့၏ကိုယ်ပိုင်အတွေးအခေါ်အဖြစ်သာမထားဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးသို့ ဖြန့်ဖြူးလိုခြင်းဖြစ်သည်။ အီဆင်ဒါက်က ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆက်လက် ဆိုထားသည်။

> ဤမူဝါဒ၏သွန်သင်ချက်အတွင်း လေ့ကျင့်ထားသောမေဆွန်အဖွဲ့ဝင်တစ်ဦးသည် လူအများအားစိတ်ဓါတ်မြှင့်တင်ပေး၍ တွေးတောဆင်ခြင်ခြင်းနှင့်ယထာဘူတကျသောသိပ္ပံပညာများကိုသင်ကြားပေးရန်တာဝန်ယူထားသည်။ ဤနည်းဖြင့် မေဆွန်ရီအဖွဲ့က လူထုသို့ဖြန့်ဖြူးပေးသည်။ လူထုအတွက် လူထု၏ကိုယ်စား လုပ်ဆောင်ခြင်းဖြစ်သည်။[၈၃]

၁။ မေဆွန်ရီအဖွဲ့သည်၊ ၎င်းယုံကြည်သောရုပ်ဝါဒအတွေးအခေါ်ကို ယထာဘူတကျသည့်သိပ္ပံပညာဟူသောအရေကိုခြုံ၍ ကျန်လူ့အဖွဲ့အစည်းအား အတင်းအကြပ်သွတ်သွင်းနေသည်။ (၎င်းအတွေးအခေါ်သည်လည်း ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ ဒဏ္ဍာရီယုံကြည်ချက်ဖြစ်သည်။)

၂။ သူတို့သည်၊ လူတို့သဘောမတူသော်လည်း ဆက်လက်ဆောင်ရွက်ရန်ရည်ရွယ်ကြသည်။ ဆိုလိုရင်းမှာ ထာဝရဘုရားသခင်အားယုံကြည်သူများက ရုပ်ဝါဒအတွေးအခေါ်ကိုလက်ခံရန် မလိုလားကြသော်လည်း၊ လူတို့၏ကမ္ဘာ့အမြင်ကို ပြောင်းလဲပစ်ရန် အရှုံးမပေးတန်းကြိုးပမ်းကြပေသည်။

မေဆွန်ရီအဖွဲ့သားတို့က လိမ်လည်လှည့်ဖြားရာတွင် အသုံးပြုသောဝေါဟာရအသုံးအနှုန်းများကို သတိထားရန်အရေးကြီး၏။ အထက်ပါကိုးကားချက်မှ "လူအများအား စိတ်ဓါတ်မြှင့်တင်ပေး၍ တွေးတောဆင်ခြင်ခြင်းနှင့်ယထာဘူတကျသောသိပ္ပံပညာများကို သင်ကြားပေးရန်"ဟူသောစာပိုဒ်သည် ဥပမာကောင်းတစ်ခုဖြစ်သည်။

အမှန်မှာ၊ မေဆွန်ရီအတွေးအခေါ်သည် "သိပ္ပံပညာနှင့်ကျိုးကြောင်းဆင်ခြင်ခြင်း"တို့နှင့် မည်သို့မျှမသက်ဆိုင်ပေ။ ၎င်းမှာ ခေတ်နောက်ကျပြီဖြစ်သော သိပ္ပံပညာနှင့်ဆန့်ကျင်သည့် ဒဏ္ဍာရီယုံကြည်မှုသာ ဖြစ်ပေသည်။ မေဆွန်ရီတို့သည် လူအများကို မြှင့်တင်ပေးရန် ရည်မှန်းချက်ပန်းတိုင်မရှိချေ။ လူတို့ကို သူတို့၏အတွေးအခေါ်တမင်သက်သက်သွတ်သွင်းရန်သာ

ဖြစ်ပေသည်။ ထိုကဲ့သို့ လူအများ၏သဘောတူညီချက်မရရှိဘဲ တမင်တကာသွတ်သွင်းခြင်းကြောင့် သည်းခံခြင်းတရားမရှိကြောင်း၊ အာဏာရှင်စနစ်ကမ္ဘာ့အမြင်သာရှိကြောင်း တွေ့မြင်ရပေသည်။

## ၂။ ဝိညာဉ်ရှိခြင်းနှင့် နောင်တမလွန်ဘဝရှိခြင်းကို ငြင်းပယ်ခြင်း။
## II. DENIAL OF THE EXISTENCE OF SPIRIT AND OF THE HEREAFTER

မေဆွန်ရီအဖွဲ့ဝင်တို့သည်၊ ဝိညာဉ်ရှိခြင်းကို လုံးဝငြင်းပယ်၍၊ နောင်တမလွန်ဘဝရှိသည်ဟူသောအတွေးအခေါ်ကို လုံးဝပစ်ပယ်ကြသည်။ သို့သော်လည်း၊ မေဆွန်စာပေများတွင် သေပြီးနောက် "ထာဝရတည်မြဲသောဘဝသို့"ရောက်သွားသည်၊ သို့မဟုတ် အလားတူ ဝိညာဉ်ပိုင်းဆိုင်ရာ ဖေါ်ပြချက်များကို တွေ့ရှိရပေသည်။ ဤအချက်သည် တစ်ခုနှင့်တစ်ခုကွဲလွဲနေသည်ဟုထင်ရသည်။ သို့သော်လည်း ကွဲလွဲမှုမဟုတ်ပေ။ မေဆွန်ရီအတွေးအခေါ်အရ၊ မေဆွန်ရီအဖွဲ့ကရည်ညွှန်းသောထာဝရရှင်သန်ခြင်းသည် တင်စားခြင်းသာဖြစ်သည်။ *မီမာရ်ဆီနန်* မဂ္ဂဇင်းမှ "ဖရီးမေဆွန်ရီမှတမလွန်ဘဝ" ဟူသောဆောင်းပါးတွင် ဤကိစ္စနှင့်ပတ်သက်၍ ပြတ်သားစွာရှင်းလင်းထားပေသည်။

> မာစတာဟီရာမ်၏ပုံပြင်တွင်၊ မေဆွန်ရီအဖွဲ့ဝင်တို့က သေလွန်ပြီးနောက်ရှင်ပြန်ထခြင်းကို တင်စားမှုသင်္ကေတအဖြစ် ခံယူထားသည်။ ၎င်းရှင်ပြန်ထခြင်းသည်၊ မှန်ကန်မှုက သေခြင်းနှင့်အမှောင်ကို အစဉ် လွှမ်းမိုးလျက်ရှိ၏။ မေဆွန်ရီအဖွဲ့သည် ကိုယ်ခန္ဓာမှလွဲ၍ ဝိညာဉ်ရှိခြင်းမရှိခြင်းကို အရေးမထားပေ။ မေဆွန်ရီအတွေးအခေါ်အရ၊ ရှင်ပြန်ထမြောက်ခြင်းသည်၊ စိတ်ဓါတ်ရေးရာနှင့်ရုပ်ဝတ္ထုအကောင်အထည်မြင်ရသောလုပ်ငန်းတခုခုကို လူသားများအတွက်အမွေအနှစ်အဖြစ် ချန်ထားခြင်းဖြစ်သည်။ ယင်းကပင် လူသားကိုအစဉ်အသက်ရှင်နေစေသည်။ ဤတိုတောင်းလှသော လူ့သက်သန်းတွင် သူတို့၏အမည်ကို အစဉ်အမြဲရှင်နေအောင်ပြုသူတို့သည်၊ အောင်မြင်သူများဖြစ်ကြသည်။ သူတို့၏အမည်ကို၊ ခေတ်တူပုဂ္ဂိုလ်များအတွက်သော်လည်းကောင်း၊ နောင်လာနောက်သားများအတွက်သော်လည်းကောင်း၊ ရှင်သန်နေအောင်သူတို့၏သက်တန်းတွင် ပိုမိုလူသားဆန်သောလောကဖြစ်အောင် ကြိုးပမ်းခဲ့သူများအား ကျွန်ုပ်တို့လေးစားကြသည်။ သူတို့၏ရည်ရွယ်ချက်မှာ အသက်ရှင်နေသေးသူတို့အတွက် ကြင်နာတရားစေ့ဆော်မှုမြှင့်တင်ပေးရန်ဖြစ်သည်။---အစဉ်အမြဲအသက်ရှင်နေရန် ရာစုနှစ်ပေါင်းများစွာတလျှောက်လုံး ကြိုးပမ်းလာခဲ့ကြသူများသည် သူတို့ဆောင်ရွက်ခဲ့သောလုပ်ငန်းများနှင့် သူတို့ဖေါ်ထုတ်ပေးသောအတွေးအခေါ်များဖြင့် အောင်မြင်မှုရရှိခဲ့ကြပေသည်။ ယင်းသည်ပင် သူတို့ရှင်နေခဲ့ကြသောသက်တန်းကို အဓိပ္ပါယ်ရှိစေသည်။ "ဤကမ္ဘာတွင် လူသားတို့သည် လောကနိဗ္ဗာန်တည်ဆောက်၍ အကောင်းဆုံးအခြေအနေသို့ရောက်ရှိကြလိမ့်မည်။"ဟု တောလ်စတွယ် (Tolstoy)က ဆို၏။[၈၄]

ဤကိစ္စနှင့်ပတ်သက်၍ မာစတာအီဆင်ဒါက်က အောက်ပါအတိုင်း ရေးသားထားပေသည်။

> **အရာခပ်သိမ်း၏အခြေခံပစ္စည်း။** မေဆွန်ရီအဖွဲ့အနေဖြင့် ဤကိစ္စကို စွမ်းအင်နှင့်ဒြပ်ပစ္စည်းဟုသဘောပေါက်သည်။ အစစအရာရာသည် တစ်ဆင့်စီတစ်စတစ်စပြောင်းလဲနေ၍ ဒြပ်ပစ္စည်းအဖြစ်သို့ ပြန်လည်ရောက်ရှိလိမ့်မည်။ သိပ္ပံပညာအရ ၎င်းကိုသေခြင်းဟုခေါ်ဝေါ်သည်။ ဘာသာရေးနှင့်အခြားသဘာဝလွန်ယုံကြည်မှုများတွင်၊ ဤကိစ္စနှင့်ပတ်သက်၍ လူတစ်ယောက်ချင်းသည်–ဝိညာဉ်နှင့်ကိုယ်ခန္ဓာ–အင်အားနှစ်ခုပူးတွဲနေ၍ ကိုယ်ခန္ဓာအသက်သေဆုံးသွားသောအခါ ဝိညာဉ်သည်မသေဆုံးဘဲ ဝိညာဉ်လောကသို့ရောက်ရှိသွားသည်ဟု ယုံကြည်သည်။ ထိုဝိညာဉ်လောကတွင်ဆက်လက်နေ၍ထာဝရဘုရားသခင်အမိန့်ပေးသောအခါ အခြားကိုယ်ခန္ဓာတစ်ခုတွင် ပြန်ဝင်သည်။ ဤယုံကြည်ချက်သည် မေဆွန်ရီအဖွဲ့မှ လက်ခံထားသော ပြောင်းလဲခြင်းအတွေးအခေါ်နှင့် အံဝင်ခြင်းမရှိချေ။ ဤကိစ္စနှင့်ပတ်သက်သော မေဆွန်ရီ၏အတွေးအခေါ်မှာ ဤသို့ဖြစ်၏။ **"ကိုယ်ခန္ဓာသေဆုံးသွားပြီးနောက် မသေဘဲကျန်ရှိနေသည့်အရာမှာ၊ သင်၏ရင့်ကျက်သောဉာဏ်ပညာနှင့်အောင်မြင်မှုများကို အမှတ်သညာပြုထားခြင်းဖြစ်သည်။"** ဤအတွေးအခေါ်မှာ ယထာဘူတကျသောသိပ္ပံနှင့် တွေးတော

ဆင်ခြင်ခြင်းမှုဝါဒတွင်အခြေခံသော ယုတ္တိဗေဒနည်းတွေးခေါ်ခြင်းဖြစ်သည်။ ဘာသာရေးယုံကြည်ချက်မှ ဝိညာဉ်သေခြင်းမရှိဘဲ ကိုယ်ခန္ဓာသေဆုံးသွားပြီးနောက် ပြန်လည်ရှင်ထခြင်းသည် ယထာဘူတကျသောမှုဝါဒနှင့် အံဝင်ဂွင်ကျခြင်းမရှိချေ။ မေဆွန်ရီတို့က ယထာဘူတကျ၍ ယုတ္တိတန်သောဒဿနတွေးခေါ်ခြင်းစနစ်ကိုသာ လက်ခံကျင့်သုံးသည်။ ထို့ကြောင့်၊ ဤကဲ့သို့သောနက်နဲသည့်ဒဿနဆိုင်ရာပြဿနာတွင်၊ ဘာသာရေးယုံကြည်ချက်မဟုတ်သည့် အခြားတွေးခေါ်နည်းဖြင့် ရှင်းလင်းရန် လိုအပ်ပေသည်။[၈၅]



မေဆွန်ရီအဖွဲ့ဝင်တို့က ရုပ်ဝါဒကို ယုံကြည်ကြ၍ တမလွန်ဘဝကို ငြင်းပယ်ကြသည်။ မေဆွန်ရီစာပေများတွင် တခါတရံ တမလွန်ဘဝအကြောင်းရေးသားထားသည်ကိုတွေ့ရသော်လည်း၊ ဟီရာမ်၏သက်တန်းအကြောင်း ဤ(လက်ဝဲ)ပုံတွင် ပုံဆောင်ပြထားသည့်အတိုင်း၊ ဤကမ္ဘာလောကတွင် လူတစ်ယောက်၏ အမည်ကို ဆက်လက်၍အမှတ်ရခြင်းကိုသာ ဆိုလိုပေသည်။

ပြန်လည်ရှင်ထခြင်းကိုငြင်းပယ်ခြင်းနှင့် လောကီဘဝအမွေအနှစ်တွင်အစဉ်အမြဲထာဝရရှင်နေမှုကို ရှာဖွေခြင်း--- မေဆွန်ရီအဖွဲ့ဝင်တို့က ခေတ်သစ်သိပ္ပံပညာနှင့်ကိုက်ညီသည်ဟု တင်ပြကြသော်လည်း၊ အမှန်မှာ ဤစိတ်ကူးယဉ်သည် ကမ္ဘာ့သမိုင်းဦးခေတ်ကတည်းက ဘုရားမဲ့မိစ္ဆာဒိဋ္ဌိတို့က ယုံကြည်လာခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ ဘုရားမဲ့သူ(ကာဖိရ်)တို့က **"အမြဲနေထိုင်နိုင်ရန် ကြီးကျယ်ခန်းနားသော ဂေဟာများကို ပြုလုပ်တည်ဆောက်ကြ၏"** ဟုဖော်ပြထားပေသည်။ နဗီတမန်တော်တစ်ပါးဖြစ်သော တမန်တော်ဟူဒ်(အလိုင်ဟေ့ဆလာမ်)သည် အာဒ်အမျိုးသားများ၏ ဤသို့သောမသိနားမလည်အမြော်အမြင်ကင်းမဲ့ခြင်းကို သတိပေးကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၌ အောက်ပါအဓိပ္ပါယ်အတိုင်း ဖော်ပြထားပေသည်။

အကြင်အခါဝယ် ၎င်းတို့၏နောင်တော် 'ဟူဒ်'က ပြောကြားခဲ့၏။ (အချင်းတို့) အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား)မကြောက်ရွံ့ကြလေသလော။

ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သောရစူလ်တမန်တစ်ပါးပင်ဖြစ်သည်။

သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

စင်စစ်ငါသည် အသင်တို့ထံ ဤအမိန့်တော်ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍မည်သည့်အကျိုးတစ်စုံတရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အားအကျိုးပေးရန်တာဝန်မှာ စကြာဝဠာခပ်သိမ်းတို့ကိုဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်၌သာ ရှိ၏။

> အသင်တို့သည် ကုန်းမြင့်တိုင်း၌ အထိမ်းအမှတ်တစ်ခု အချည်းနှီးတည်ဆောက်ကြလေသလော။
> ထိုမှတပါး အသင်တို့သည် မိမိတို့အမြဲနေထိုင်ကြရမည်ကဲ့သို့ပင် ကြီးကျယ်ခမ်းနားသော တိုက်တာဂေဟာများကို ပြုလုပ်တည်ဆောက်ကြကုန်၏။
> ထိုမှတပါးအသင်တို့သည် ဖမ်းဆီးအရေးယူကြလေသောအခါ ရက်စက်ကြမ်းကြုတ်သူများအဖြစ်ဖမ်းဆီး အရေးယူကြကုန်၏။
> သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။
> (စူရာအလ်ရှုအာရာ ၂၆း၁၂၄−၁၃၁)

ထိုဘုရားမဲ့သူများက ကြီးကျယ်ခန်းနားသောဂေဟာများကို ဆောက်လုပ်ခြင်းကြောင့်မှားယွင်းခြင်းမဟုတ်ပေ။ မွတ်စလင်မ်တို့လည်း အနုပညာ၌စိတ်ဝင်စား၍ ကမ္ဘာလောကကြီးကို လှပအောင်တန်ဆာဆင်ကြသည်။ ခြားနားချက်မှာ ရည်ရွယ်ချက်ဖြစ်၏။ မွတ်စလင်မ်တို့ အနုပညာ၌စိတ်ဝင်စားခြင်းသည်၊ အလ္လာဟ်အရှင်မြတ်က လူသားများအား ပေးထားသော သိမ်မွေ့လှပခြင်းကို ဖေါ်ထုတ်ရန်ဖြစ်သည်။ ဘုရားမဲ့(ကာဖိရ်)တို့က အနုပညာကို သူတို့၏ထာဝရရှင်သန်မှုအတွက် နည်းလမ်းတစ်ခုအဖြစ်သတ်မှတ်ခြင်း ဖြစ်သည်။

## ဝိညာဉ်ကိုငြင်းပယ်ခြင်းသည် သိပ္ပံပညာနှင့်မကိုက်ညီခြင်း
## THE SCIENTIFIC INCONGRUITY OF DENYING THE SOUL

မေဆွန်ရီအဖွဲ့ဝင်တို့က ဝိညာဉ်မရှိခြင်းနှင့် လူသားသည် ဒြပ်ဝတ္ထုပစ္စည်းများသာ ပေါင်းစည်းထားခြင်းဖြစ်သည် ဟုဆိုခြင်းသည်၊ သိပ္ပံပညာတွေ့ရှိချက်များနှင့် ကိုက်ညီခြင်းမရှိချေ။ ခေတ်သစ်သိပ္ပံပညာက လူသားတို့၏အသိတရားကို ဒြပ်ပစ္စည်းအဖြစ်လျှော့ချနိုင်ခြင်းမရှိကြောင်းကို သက်သေထူပြထားပေသည်။ ထို့အပြင်၊ လူသားတို့၏အသိတရားကို ဦးနှောက်၏ ဆောင်ရွက်ချက်များအဖြစ် ရှင်းပြ၍မရကြောင်း တွေ့ရှိရပေသည်။

ဤကိစ္စနှင့်ပတ်သက်သောစာပေများက၊ သိပ္ပံပညာရှင်များသည် ရုပ်ဝါဒီတို့၏ယူဆယုံကြည်ချက်အတိုင်း အသိတရားကိုဦးနှောက်၏ဘောင်အတွင်းသို့လျှော့ချရန်ကြိုးပမ်းချက်များသည် မည်သည့်အဖြေမျှမပေးနိုင်သဖြင့် လက်လျှော့ထားလိုက်ကြကြောင်း ဖေါ်ပြပေသည်။ ယနေ့အချိန်တွင် အသိတရားသည် အာရုံကြောနျူရွန်များနှင့်ဦးနှောက်တို့တွင် ပါဝင်ပေါင်းစည်းနေသောမော်လီကြူနှင့်အတမ်များထက်ကျော်လွန်သောမူလဇစ်မြစ်ရှိသည်ဟု သိပ္ပံပညာရှင်အများစုက ယူဆနေကြလေပြီ။

ထိုသုတေသီပညာရှင်များအနက်၊ ဝိုင်လဒါ ပင်ဖီးလ်က နှစ်ပေါင်းများစွာသုတေသနပြုပြီးနောက်၊ ဝိညာဉ်ရှိသည်ဟူသောအချက်သည် ငြင်းဆို၍မရနိုင်သောအချက်ဖြစ်သည်ဟု နိဂုံးချုပ်ထားပေသည်။

> စိတ်ကို ဦးနှောက်၏ဆောင်ရွက်ချက်တစ်ခုတည်းတွင်အခြေခံ၍ရှင်းပြရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရာတွင်၊ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းတွင် (ဦးနှောက်နှင့်စိတ်ဝိညာဉ်)အခြေခံအင်္ဂါရပ်နှစ်မျိုးပါဝင်သည်ဟူသော ယူဆချက်သည် အလွယ်ကူဆုံး(အကောင်းဆုံးနှင့်ယုတ္တိအရှိဆုံး)ဖြစ်သည်ဟု နိဂုံးချုပ်ပါသည်။−−− ဦးနှောက်၏အာရုံကြောဆဲလ်(နျူရွန်)များ၏ဆောင်ရွက်ချက်ဖြင့် စိတ်ကိုရှင်းပြ၍မဖြစ်နိုင်ခြင်းကြောင့်−− **ကျွန်ုပ်တို့အသက်ရှင်နေခြင်းကို အခြေခံအင်္ဂါရပ်နှစ်ခု**(ဦးနှောက်နှင့်စိတ် သို့မဟုတ် ကိုယ်ခန္ဓာနှင့်ဝိညာဉ်)**ဖြင့်သာ ရှင်းပြရမည့်အခြေအနေသို့ မရမကဆိုက်ရောက်လာပါသည်။**[၈၆]

သိပ္ပံပညာရှင်များက ဤသို့နိဂုံးချုပ်ရမည့်အခြေအနေသို့ ဆိုက်ရောက်ကြရခြင်းမှာ၊ အသိတရားကို ရုပ်ဝတ္ထုအခြေခံဖြင့် ဘယ်သောအခါမျှဖေါ်ပြနိုင်ခြင်းမရှိသောကြောင့် ဖြစ်၏။ လူ

သား၏ဦးနှောက်သည် အင်မတန်ဆန်းကျယ်သော ကွန်ပြူတာနှင့် အလားတူ၏။ ဦးနှောက်တွင်း၌ ကျွန်ုပ်တို့၏ အာရုံငါးပါးမှ စုဆောင်းရရှိသောအချက်အလက်များကို အဓိပ္ပါယ် ဖော်လျက်ရှိသည်။ သို့သော်လည်း ၎င်းကွန်ပြူတာသည်၊ "မိမိ"ဟူသောခံစားချက်မရှိချေ။ ၎င်းလက်ခံရရှိသော အာရုံများကို ခံစားခြင်း၊ တွေးတောဆင်ခြင်ခြင်း မလုပ်နိုင်ပေ။ ထင်ရှားကျော်ကြားသော ရူပဗေဒပါရဂူ ရော်ဂျာ ပင်ရိုးစ်က သူ၏ *ဧကရာဇ်မင်း၏စိတ်သစ်* ဟူသောစာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားသည်။


> လူတစ်ယောက် မည်သူမည်ဝါဖြစ်သည်ဟု မည်သည့်ပုဂ္ဂလိကကိုယ်ပိုင်လက္ခဏာက သတ်မှတ်ပေးပါသနည်း။ သူ၏ကိုယ်ခန္ဓာတွင်တည်ဆောက်ပေါင်းစည်းနေသည့် အတမ်အဏုမြူများလား။ သူမည်သူမည်ဝါဖြစ်သည်ကို သတ်မှတ်ရန် သူ၏ကိုယ်ခန္ဓာတွင်ပေါင်းစည်းပါဝင်နေသောအတမ်များကို သီးခြားရွေးချယ်မှုဖြစ်သလား။ ဥပမာ အခြားသူများနှင့်မတူသည့် ရွေးချယ်ထားသော အီလက်ထရွန်၊ ပရိုတွန်နှင့်အခြားအမှုန်များဖြစ်သလား။ ထိုသို့မဖြစ်နိုင်ခြင်းအတွက် အနည်းဆုံးအကြောင်းရပ်နှစ်ချက်ရှိနေသည်။ ပထမအချက်က၊ သက်ရှိအရာတိုင်း၏ခန္ဓာကိုယ်တွင်း၌ ပါဝင်ဖွဲ့စည်းလျက်ရှိသောအရာဝတ္ထုအားလုံးတွင် အဆက်မပြတ်သောအနှုတ်အသိမ်းဖြစ်ပေါ်လျက်ရှိနေသည်။ လူတစ်ယောက်မွေးဖွားလာပြီးနောက် အသစ်အသစ်သောဦးနှောက်ဆဲလ်များဖြစ်ပေါ်ခြင်းမရှိသော်ငြားလည်း၊ ဤဖြစ်စဉ်သည် ဦးနှောက်တွင်း၌ အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိသည်။ ရောမမြောက်မြားလှသောသက်ရှိဆဲလ်များ(ဦးနှောက်ဆဲလ်များအပါအဝင်)–အမှန်စင်စစ်လူတစ်ကိုယ်လုံးအတွင်းရှိဆဲလ်များသည်–မွေးဖွားလာပြီးချိန်မှစ၍ အကြိမ်ပေါင်းများစွာ အစားထိုးခြင်းခံရသည်။ ဒုတိယ အချက်မှာ၊ ကွမ်တမ်ရူပဗေဒမှအကြောင်းရပ်ဖြစ်သည်။ အကယ်၍ လူတစ်ယောက်၏ဦးနှောက်ထဲမှ အီအက်ထရွန်တစ်ခုကို အုတ်ခဲတစ်ချပ်မှအီလက်ထရွန်တစ်ခုနှင့် လဲလှယ်လိုက်ပါက *မည်သို့မှခွဲခြားနိုင်ခြင်းမရှိသည့်အပြင်* မည်သည့်ပြောင်းလဲမှုမျှရှိမည်မဟုတ်ပေ။ ထိုနည်းတူစွာ ပရိုတွန်များသို့မဟုတ် အတမ်တစ်ခုလုံး၊ မော်လီကြူများ စသည်တို့ကို သူ၏အိမ်ရှိအုတ်ခဲများမှ သက်ဆိုင်ရာအမှုန်များကို တစ်ခုချင်းလဲလှယ်လိုက်လျှင်လည်း ဘာမျှပြောင်းလဲထူးခြားခြင်း ရှိမည်မဟုတ်ပေ။[၈၇]

ပင်ရိုးစ်က လူသားတစ်ယောက်အတွင်းရှိအတမ်များအားလုံးကို အုတ်နီခဲတွင်းရှိအတမ်များနှင့် လဲလှယ်လိုက်ပါက မည်သို့မျှထူးခြားပြောင်းလဲမှုမရှိဘဲ ထိုလူသား၏ အသိတရားမှာ နကိုအတိုင်းသာ ရှိနေလိမ့်မည်ဟု ရှင်းလင်းထားခြင်းဖြစ်သည်။ သို့မဟုတ် ၎င်းကို ပြောင်းပြန်ထပ်မံတွေးကြည့်မည်ဆိုပါက၊ အကယ်၍ ဦးနှောက်မှအတမ်များကို အုတ်နီခဲအတွင်းမှအတမ်များ၌ လဲလှယ်ပေးလိုက်လျှင် ထိုအုတ်နီခဲသည် အသိတရားရှိလာမည်မဟုတ်ချေ။

အတိုချုံး၍ပြောရမည်ဆိုလျှင်၊ လူသား၏ လူသားဖြစ်နေခြင်းသည် သူ၏ခန္ဓာကိုယ်ကိုပေါင်းစည်းထားသောဒြပ်ဝတ္ထုပစ္စည်းများ၏ အရည်အချင်းများမဟုတ်။ သူသည် လူသားတစ်ယောက်ဖြစ်နေခြင်းသည် ထိုဒြပ်ဝတ္ထုပစ္စည်းများအပြင် သူ၏ဝိညာဉ်ပါဝင်ပေါင်းစည်းနေခြင်းကြောင့် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ပင်ရိုးစ်က သူ၏စာအုပ်တွင် အောက်ပါအတိုင်း ထပ်မံ ရှင်းပြထားသည်။

> ကျွန်ုပ်အတွက် အသိတရားသည် "မတော်တဆတိုက်ဆိုင်၍"ရှုပ်ထွေးပွေလီသောတွက်ချက်မှုများပါဝင်သည့်ပဋ္ဌလက်အဖြစ်အပျက်များကြောင့် ပေါ်ပေါက်လာသည်ဟုယုံကြည်ရန် မဖြစ်နိုင်လောက်အောင် အရေးကြီးသောဖြစ်ရပ်တစ်ရပ်ဟု လက်ခံပါသည်။ အမှန်မှာ စကြာဝဠာဖြစ်ပေါ်တည်ရှိနေခြင်းကို သိရှိစေရန် အထူးစီမံထားသောဖြစ်ရပ်တစ်ခုပင်ဖြစ်၏။[၈၈]

ဤတွေ့ရှိချက်နှင့်ပတ်သက်၍ ရုပ်ဝါဒီတို့၏ရှုထောင့် မည်သို့ရှိပါသနည်း။ ရုပ်ဝါဒီတို့က လူသားသည် ဒြပ်ဝတ္ထုပစ္စည်းများဖြင့်သာ ပေါင်းစည်းထား၍၊ လူသား၏ဉာဏ်ပညာ၊ ခံစားချက်၊ စဉ်းစားတွေးတောဉာဏ်၊ မှတ်ဉာဏ်နှင့်အာရုံခံစားချက်များအားလုံးတို့သည် သက်မဲ့ပစ္စည်းဖြစ်သည့် အသိတရားကင်းမဲ့သောအတမ်မှ မတော်တဆတိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည်ဟု မည်သို့အဆိုပြုနိုင်ကြပါသနည်း။ ထိုကဲ့သို့သောဖြစ်စဉ်သည် အဘယ့်ကြောင့်ဖြစ်နိုင်သည်ဟု သူတို့ထင်မြင်ယူဆနိုင်ကြသနည်း။



ပါမောက္ခ ပင်ရိုးစ်က ရုပ်ဝါဒသည် လူသားတို့၏ စိတ်ကို ဘယ်သောအခါမျှ ရှင်းပြနိုင်ခြင်းမရှိဟု အတည်ပြုပြောဆို၏။

ဤမေးခွန်းများသည် ဆွန်ရီအဖွဲ့ဝင်တို့ရေးသားသောစာပေများတွင် အခြားရုပ်ဝါဒီတို့ ရေးသားသည့်စာပေများထက် ပိုမိုထူးခြားသောအတွေးအခေါ်များ ပါရှိနေသည်ကို တွေ့ရသည်။ ယင်းစာပေများကို သုံးသပ်ခြင်းအားဖြင့်၊ မေဆွန်ရီအဖွဲ့၏ ရုပ်ဝါဒအတွေးအခေါ်နောက်ကွယ်တွင် "ဒြပ်ဝတ္ထုပစ္စည်းကို ကိုးကွယ်ဆည်းကပ်ခြင်း" ရှိနေကြောင်း ရှင်းလင်းစွာသိရှိရပေသည်။

## မေဆွန်ရီရုပ်ဝါဒ – ဒြပ်ဝတ္ထုပစ္စည်းကို ကိုးကွယ်ခြင်း
## MASONIC MATERIALISM: THE DIVINIZATION OF MATTER

ရုပ်ဝါဒအတွေးအခေါ်ကို ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်ရန် လိုအပ်ပေသည်။ ဤအတွေးအခေါ်ကို ထောက်ခံအားပေးသူတို့သည်၊ စကြာဝဠာ၏ကြီးကျယ်သောအစီအစဉ်နှင့်ချိန်ဆဟန်နိုင်မှုနှင့် ကမ္ဘာမြေပြင်ရှိ အရေအတွက်အားဖြင့် သန်းပေါင်းများစွာသော လူသားများအပါအဝင် သက်ရှိသတ္တဝါအမျိုးအစားများသည် ဒြပ်ဝတ္ထုပစ္စည်းများတွင် ပါဝင်နေသော အသိတရားကင်းမဲ့သည့်အတမ်များ၏ဆောင်ရွက်ချက်သာ ဖြစ်သည်ဟု ယုံကြည်ကြသည်။ (အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထို့ထက်သာလွန်တော်မူ၏။)

ဤအတွေးအခေါ်သည် မည်မျှပင်ခေတ်မီသည်ဟု ထင်ရသော်လည်း၊ ရှေးလွန်လေပြီးသောခေတ်ပေါင်းများစွာတုန်းကတည်းက ရှိလာခဲ့ပြီးသော၊ ရုပ်ဆင်းတုကိုးကွယ်မှု ပြန်လည်စန်းထလာခြင်းသာ ဖြစ်ပေသည်။ ရုပ်ဆင်းတုများကို ကိုးကွယ်သူတို့သည် သူတို့ကိုးကွယ်သည့် ကျောက်ရုပ်ကြေးရုပ်များနှင့် တိုတင်မ်ရုပ်ဆင်းတုများထုလုပ်ထားသောတိုင်များတွင် ဝိညာဉ်ရှိ၍ တန်ခိုးအာနိသင်ရှိသည်ဟု ယုံကြည်ကြသည်။ တစ်နည်းအားဖြင့်၊ အသိတရားကင်းမဲ့သော ဒြပ်ဝတ္ထုပစ္စည်းတွင် ကြီးကျယ်သောအသိတရားနှင့်တန်ခိုးအာဏာဘော်ရှိသည်ဟု မှတ်ယူကြသည်။ အမှန်စင်စစ် ဤသို့သောယုံကြည်ချက်သည် အဓိပ္ပါယ်ကင်းမဲ့ခြင်း ယုတ္တိယုတ္တာကင်းမဲ့ခြင်းသာ ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိစ္ဆာဒိဋ္ဌိအယူဝါဒသည်ကျိုးကြောင်းဆီလျော်မှုမရှိကြောင်းကို ကိုးကားပြဆိုထား၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် နဗီတမန်တော်များအကြောင်းနှင့်ပတ်သက်၍ ဖေါ်ပြရာ၌၊ အလ္လာဟ်အရှင်မြတ်က မိစ္ဆာဒိဋ္ဌိယုံကြည်မှု၏ ယုတ္တိ

မရှိခြင်းနှင့်ပတ်သက်၍ အထူးပြု ဖော်ပြထားတော်မူ၏။ ဥပမာ၊ နဗီတမန်တော် အီဗ်ရာဟီမ် (အလိုင်ဟေ့ဆလာမ်)က သူ၏ဖခင်ကိုအောက်ပါအတိုင်းမေးမြန်းသည်ဟု ကုရ်အာန်ကျမ်းတော်မြတ် စူရာမရ်ယမ် ၁၉း၄၂ တွင် **"တရံရောအခါ ထို(ထိုနဗီတမန်တော်အီဗ်ရာဟီမ်)သည် မိမိဖခင်(အာဇရ်)အား (ဤသို့) ပြောကြားခဲ့လေသည်။ အို–ကျွန်ုပ်၏ဖခင်၊ အသင်(ဖခင်)သည် အဘယ်ကြောင့် အကြင်အရာကို ခဝပ်ကိုးကွယ်နေပါသနည်း။ ထိုအရာသည် (တစ်စုံတရာကိုမျှ ပင်) ကြားသည်လည်းမဟုတ်၊ မြင်သည်လည်းမဟုတ်ချေ။ ထိုမှတပါး ယင်းအရာသည် အသင်(ဖခင်)အဖို့ စိုးစဉ်းမျှပင် အသုံးဝင်နိုင်မည်လည်းမဟုတ်ပေတကား။"** ဟုဖော်ပြထားပေသည်။ အမှန်စင်စစ် မြင်နိုင်ကြားနိုင်ခြင်းမရှိ၊ မည်သည့်စွမ်းပကားလည်းမရှိသည့် သက်မဲ့ပစ္စည်းကို အထွဋ်အမြတ်ထား၍ ခဝပ်ကိုးကွယ်ခြင်းသည် အလွန်နုံထိုင်းခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။


ရုပ်ဝါဒီတို့သည်၊ ခေတ်သစ်ရုပ်ဆင်းတုကိုးကွယ်သူများအဖြစ် အကောင်းဆုံးဥပမာ ဖြစ်သည်။ သူတို့က ကျောက်တုံးသစ်သားများဖြင့်ထုလုပ်ထားသော ဆင်းတုများကို မကိုးကွယ်ဘဲ ဒြပ်ပစ္စည်းသည် ၎င်းတို့တွင်သာမက ကိုယ်ခန္ဓာပစ္စည်းအားလုံးတွင် ပါဝင်ဖွဲ့စည်းနေ၍ အဆုံးမရှိသောစွမ်းအား၊ ဉာဏ်ပညာနှင့်အသိတရားများ ရှိသည်ဟု ယုံကြည်သည်။ မေဆွန်ရီစာပေများတွင် ဤကိစ္စနှင့်ပတ်သက်သော စိတ်ဝင်စားဖွယ်အချက်များ ပါရှိပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ မေဆွန်ရီအဖွဲ့ဝင်တို့သည် ဤမိစ္ဆာဒိဋ္ဌိယုံကြည်ချက်ကို ရုပ်ဝါဒ၏အဓိကအနှစ်သာရဖြစ်သည်ဟု ပွင့်ပွင့်လင်းလင်း ဝန်ခံထားကြခြင်းကြောင့် ဖြစ်သည်။ *မီမာရ်ဆောနန်* မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်တွင်၊ အောက်ပါအတိုင်း ကြေညာထားသည်။

> ရုပ်ဝတ္ထုပစ္စည်းတစ်ခုဖြစ်ပေါ်လာရန်၊ အတမ်များက အစီအစဉ်တစ်ခုဖြစ်အောင် စုရုံးလာကြသည်။ **ဤသို့ဖွဲ့စည်းစေရန် စေ့ဆော်ပေးသောအကြောင်းရပ်သည်၊ အတမ်တိုင်းတွင် ပါရှိသောဝိညာဉ် ဖြစ်သည်။ ဝိညာဉ်တိုင်းသည် အသိတရားရှိသဖြင့်၊ ဖြစ်ပေါ်လာသမျှ ဝတ္ထုပစ္စည်းများသည်လည်း အသိတရားရှိသည်။ ဖြစ်ပေါ်လာသမျှအရာဝတ္ထုတိုင်း၏ အသိတရားသည်လည်း အဆင့်အားဖြင့် တူညီသည်။ လူသားတစ်ယောက်၊ တိရစ္ဆာန်တစ်ကောင်၊ ဘက်တီးရီယားပိုးတစ်ကောင်နှင့် မော်လီကြူတစ်ခုတို့၏အသိတရားများသည် အဆင့်အားဖြင့် တန်းတူကြပေသည်။**[၈၉]

ဤနေရာတွင် အတမ်တစ်ခုချင်းသည် အသိဉာဏ်နှင့်အသိတရားရှိသည်ဟု အခိုင်အမာ အဆိုပြုထားသည်ကို သတိထားမိပါသည်။ မေဆွန်ရီအဖွဲ့ဝင်စာရေးဆရာသည်၊ အတမ်တိုင်းတွင် အသိတရားရှိသဖြင့် အရာဝတ္ထုတိုင်းမှာ အသိတရားရှိသည်ဟု အဆိုပြုထားသည်။ လူသားတွင် ဝိညာဉ်ရှိခြင်းကို ငြင်းပယ်ထားသောကြောင့်၊ လူသားသည် တိရစ္ဆာန်များနှင့်အတူတူဖြစ်သည့်ပြင်၊ သက်မဲ့ပစ္စည်းမော်လီကြူများနှင့်လည်း အတူတူဖြစ်သည်ဟုဆိုသည်။

သို့သော်လည်း၊ စင်စစ်အားဖြင့်၊ သက်မဲ့ဒြပ်ဝတ္ထု(အတမ်)သည် ဝိညာဉ်၊ အသိတရားသို့မဟုတ် ဉာဏ်ပညာမရှိချေ။ ဤအချက်သည် ကျွန်ုပ်တို့အတွက် စောင့်ကြည့်လေ့လာမှတ်သားခြင်းနှင့်အတူ လက်တွေ့စမ်းသပ်ချက်ပါ နှစ်မျိုးစလုံးဖြင့် သက်သေပြထားသောအချက်ဖြစ်သည်။ သက်ရှိသတ္တဝါများသာလျှင် ထာဝရဘုရားသခင် (အလ္လာဟ်အရှင်မြတ်) ပေးသနားထားတော်မူသော "ဝိညာဉ်"ကြောင့် အသိတရားရှိကြသည်။ အလ္လာဟ်အရှင်မြတ်သည်၊ သက်ရှိသတ္တဝါအားလုံးထက် လူသားများကို အထူးခြားဆုံးသောဝိညာဉ် ပေးထားသဖြင့် အဆင့်အမြင့်ဆုံးသောအသိတရားကိုလည်း ရရှိထားပေသည်။

ဆိုလိုရင်းမှာ၊ မေဆွန်ရီအဖွဲ့ဝင်တို့ယုံကြည်သော သက်မဲ့ပစ္စည်းများတွင်အသိတရားရှိခြင်းကို မတွေ့မြင်ရပေ။ ဝိညာဉ်ရှိသောသတ္တဝါများတွင်သာ တွေ့ရှိရပေသည်။ သို့သော်လည်း မေဆွန်ရီအဖွဲ့ဝင်တို့က ထာဝရဘုရားသခင်ကိုငြင်းပယ်ရန်အကြောင်းရင်းတစ်ခုတည်းအတွက် အတမ်တွင် "ဝိညာဉ်"ရှိသည်ဟု မိုက်မဲစွာတီထွင်ယုံကြည်ကြပေသည်။



ရုပ်ဝါဒသည် အသိတရားမရှိသောသက်မဲ့ဒြပ်ဝတ္ထုပစ္စည်းတွင် ဖန်ဆင်းနိုင်စွမ်းရှိသည်ဟု ယုံကြည်၏။ တစ်နည်းအားဖြင့်၊ ဒြပ်ဝတ္ထုပစ္စည်းကို ဘုရားအဖြစ်ကိုးကွယ်ခြင်းဖြစ်သည်။ မေဆွန်ရီအဖွဲ့ဝင်တို့က အတမ်များတွင်၊ ဝိညာဉ်ရှိသည်ဟူသော အယူသီးခြင်းကို မကွယ်မဝှက် ပွင့်ပွင့်လင်းလင်းပင် ဝန်ခံကြသည်။

မေဆွန်ရီအဖွဲ့ဝင်တို့ ထောက်ခံအားပေးသည့်ရုပ်ဝါဒယုံကြည်ချက်သည်(ကျောက်ဆောင် ကျောက်တုံး၊ တောတောင်၊ လေ၊ ရေအစရှိသည်တို့)"အရာဝတ္ထုတိုင်းတွင် ဝိညာဉ်နှင့် အသိတရားရှိသည်"ဟူသော မိစ္ဆာဒိဋ္ဌိယုံကြည်ချက်ကို ဖေါ်ထုတ်ခြင်းသာ ဖြစ်သည်။ အရစ္စတိုတယ်လ်က ဤယုံကြည်ချက်ကို (ဒြပ်ပစ္စည်းသည် ဖန်ဆင်းထားခြင်းမဟုတ်ဘဲ ၎င်းသည် တစ်ခုတည်းသောပရမတ်ပစ္စည်းဖြစ်သည် ဟုယုံကြည်သော) ရုပ်ဝါဒနှင့်ပူးပေါင်းခဲ့သဖြင့် ရုပ်ဝါဒ၏အဓိကယုံကြည်ချက်ရသဖြစ်လာ၍၊ မျက်မှောက်ခေတ်မိစ္ဆာဒိဋ္ဌိအယူဝါဒတစ်မျိုး ဖြစ်လာလေသည်။

မေဆွန်ရီအဖွဲ့စာပေများတွင် ဤယုံကြည်ချက်နှင့်ပတ်သက်၍ စိတ်ဝင်စားစရာအချက်များနှင့် ပြည့်နက်လျက်ရှိသည်။ *မီမာရ်ဆီနန်*မဂ္ဂဇင်းမှ "မှန်ကန်သောလမ်း" ဟူသောဆောင်းပါးတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရှိရပေသည်။

> အတမ်တွင်း၌ ဝိညာဉ်ရှိသည်၊ မော်လီကြူးသည် ထိုအတမ်၏ဝိညာဉ်ကို လမ်းညွှန်လျက်ရှိ၍၊ ဆဲလ်သည် မော်လီကြူး၏ဝိညာဉ်ကို လမ်းညွှန်ထိန်းကျောင်းသည် ဟူသောနတ်ကိုးကွယ်ခြင်း(သို့မဟုတ် အရာဝတ္ထုတိုင်းတွင် ဝိညာဉ်ရှိသည်ဟူသော)ယုံကြည်ချက်အမွေအနှစ်ကို ကျွန်ုပ်တို့လက်ခံထားပါသည်။ ဝိညာဉ်သည် ထိုဝိညာဉ်ငယ်များ၏ဘုရားဖြစ်သော လူသား၏ခန္ဓာကိုယ်တစ်ခုလုံးကို လမ်းညွှန်နေခြင်းမဟုတ်။[၉၀]

စကြာဝဠာ၏အစီအစဉ်တကျဖြစ်နေမှုနှင့် ချိန်ဆဟန်နိုင်နေခြင်းကိုသက်ရောက်စေသောပင်ရင်းမူလသည် သက်မဲ့ဒြပ်ဝတ္ထုပစ္စည်းဖြစ်သည်ဟူသော ဤမှားယွင်းသည့်ရှေးဟောင်းသင်ကြားချက်ကြောင့် ဖြစ်သည်။ *မီမာဆီနန်*မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်တွင်၊ ပထဝီမြေကြီး၏ တိုးတက်ပြောင်းလဲမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပါရှိသည်။

> ကမ္ဘာမြေကြီး၏ မျက်နှာပြင်ပျက်စီးယိုယွင်းမှုများသည် အလွန်ညှင်သာစွာဖြစ်ပေါ်လာခဲ့ပြီး **လက်ရှိအခြေအနေအထိ သက်ရှိသက်မဲ့များပေါ်ပေါက်လာအောင် ကမ္ဘာ့အတွင်းမြေလွှာမှ ကျောက်ရည်ပူ၌ကိန်းအောင်းနေသော အသိဉာဏ်ကြောင့်ဖြစ်သည်** ဟုပြောနိုင်ပေသည်။ အကယ်၍ ဤသို့မဟုတ်ပါက၊ ရေသည် ပထဝီမြေတွင်းမှာ အခေါင်းများတွင် စုဆောင်းနေခြင်းမရှိဘဲ ကမ္ဘာ့မျက်နှာပြင် အားလုံးကို ဖုံးလွှမ်းသွားပေမည်။[၉၁]

၎င်း*မီမာရ်ဆီနန်*မဂ္ဂဇင်းမှ နောက်ထပ်ဆောင်းပါးတစ်ပုဒ်တွင်၊ သက်ရှိဆဲလ်များနှင့် ထိုဆဲလ်များမှပွားထွက်လာသောဆဲလ်များသည် အသိဉာဏ်ရှိ၍ ထိုအသိဉာဏ်ကို အသုံးချရန် စီမံကိန်းချကြသည်ဟု အခိုင်အမာဆိုထားသည်။

> ကမ္ဘာမြေပေါ်ဝယ် အသက်ရှင်ခြင်းသည် တစ်ခုတည်းသောဆဲလ်စတင်ပေါ်ပေါက်လာသည့်အချိန်မှ စတင်ခဲ့သည်။ ဤတစ်ခုတည်းသောဆဲလ်သည် ချက်ချင်းစတင်လှုပ်ရှား၍၊ အရေးပါသောတော်လှန်ပုန်ကန်သည့်လှုံ့ဆော်မှုကြောင့် ဆဲလ်နှစ်ခုအဖြစ်ကွဲထွက်သွားသည်။ ထို့နောက်ဆက်တိုက်ပင် အဆုံးမရှိအောင်ဆက်လက်၍ ကွဲထွက်သွားသည်။ ထိုကွဲထွက်လာသည့်ဆဲလ်များသည်၊ ထမ်းဆောင်ရမည့်တာဝန်အတွက် ညွှန်ကြားချက်ကင်းမဲ့စွာ လှည့်လည်သွားလာနေခဲ့ကြသည်။ ဤသို့လှည့်လည်နေခြင်းတွင် စိုးရိမ်မကင်းဖြစ်လာသကဲ့သို့ ကိုယ်ပိုင်အတွင်းဇာတိလှုံ့ဆော်မှုဖြင့် ဆဲလ်များသည် လာရောက်စုပေါင်းကာ ဒီမိုကရေစီစနစ်ကျကျပြေပြေပြစ်ပြစ် ကိုယ်ကျိုးစွန့်၍အချင်း

ချင်းကူညီယိုင်းပင်းရင်း၊ အသက်ရှင်ခြင်းအတွက် အရေးကြီးသည့် အင်္ဂါအစိတ်အပိုင်းများအဖြစ်သို့ ဝိုင်းဝန်းတည်ဆောက်ဖန်တီးယူကြသည်။[၆၂]

သို့သော်လည်း၊ အမှန်စင်စစ်အားဖြင့် ဤကိုးကားချက်နှင့်ဖီလာဆန့်ကျင်၍ သက်ရှိဆဲလ်များတွင် အသိတရားမရှိချေ။ ဤကဲ့သို့ယုံကြည်ခြင်းသည် အယူသီးခြင်းသာ ဖြစ်သည်။ အထက်တွင်ကိုးကားခဲ့သည့်အတိုင်း ထာဝရဘုရားသခင်ရှိခြင်းနှင့် အရှင်မြတ်၏ဖန်ဆင်းခြင်းကို ငြင်းပယ်ရန်အတွက်၊ အတမ်များ၊ မော်လီကြူနှင့်ဆဲလ်များတွင်၊ အသိဉာဏ်၊ စီမံကိန်းချနိုင်စွမ်း၊ ကိုယ်ကျိုးစွန့်ခြင်းနှင့် "ဒီမိုကရေစီကျကျသဟဇာသ"ရှိခြင်း၊ စသည့်ပင်ကိုအရည်အချင်းများပေးအပ်ထားကြသည်မှာ အဓိပ္ပါယ်မဲ့သည်သာမက ရယ်ဘွယ်ပင်ကောင်းနေပေသည်။ "ပန်းချီရေးဆွဲသည့် ဆီဆေးသည် သူ့အလိုလိုအစီအစဉ်ချပြီး အရာရာသဟဇာတ သင့်အောင်စီမံ၍



ရှေးဟောင်းမိစ္ဆာဒိဋ္ဌိတို့က ကျောက်တုံးကျောက်ခဲများဖြင့် ထုလုပ်ထားသော ရုပ်ဆင်းတုများကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ ယ္ခုခေတ်မိစ္ဆာဒိဋ္ဌိတို့က ဒြပ်ဝတ္ထုပစ္စည်းကို ဖန်ဆင်းရှင်ဘုရားအဖြစ် ကိုးကွယ်ကြသည်။


လှပသည့်ပန်းချီကားတစ်ချပ်ဖြစ်အောင် ဆောင်ရွက်သည်"ဟူသော အဓိပ္ပါယ်ကင်းမဲ့သည့် အပြောမျိုးနှင့်တူပေသည်။ ထို့ကြောင့် မေဆွန်ရီအဖွဲ့ဝင်တို့မှတင်ပြသော အသက်၏မူလဘူတသည် အဓိပ္ပါယ်ကင်းမဲ့သော လူ့ဗာလတို့၏ တင်ပြချက်သာ ဖြစ်ပေသည်။

မေဆွန်ရီအဖွဲ့သားတို့၏ အယူသီးခြင်းရေသောက်မြစ်ကိုသိရှိသဘောပေါက်နိုင်သည့် နောက်ထပ်အချက်တစ်ချက်မှာ **"သဘာဝ၏မိခင်"** ဖေါ်ပြချက်ဖြစ်သည်။ ဤဖေါ်ပြချက်များကို ရုပ်ရှင်ဇာတ်လမ်းများ၊ စာအုပ်များ၊ စာပေမဂ္ဂဇင်းများနှင့် စီးပွားရေးကိစ္စများ စသည်တို့တွင် တွေ့ရှိရပေသည်။ သဘာဝတွင်ပါဝင်ဖွဲ့စည်းလျက်ရှိသော သက်မဲ့ဒြပ်ဝတ္ထုပစ္စည်း(နိုက်တြိုဂျင် အောက်စီဂျင်၊ ဟိုက်ဒြိုဂျင်၊ ကာဘွန်၊ စသည်)တို့သည် အသိတရားရှိ၍ လူသားအပါအဝင် သက်ရှိပစ္စည်းများကို ဖန်ဆင်းနိုင်သောအစွမ်းတန်ခိုးရှိကြောင်းကို ဖေါ်ပြခြင်းဖြစ်သည်။ ဤယုံကြည်ချက်သည် လက်တွေ့စောင့်ကြည့်မှတ်သားခြင်းနှင့် ကျိုးကြောင်းဆီလျော်ယုတ္တိတန်ခြင်းတို့တွင်အခြေခံခြင်းမဟုတ်ဘဲ၊ လူတို့ကိုအတင်းသွတ်သွင်းခြင်းဖြင့် လွှမ်းမိုးနိုင်ရန်ရည်ရွယ်ခြင်း

သာ ဖြစ်သည်။ လူတို့ကို စစ်မှန်သောဖန်ဆင်းရှင် ထာဝရဘုရားသခင်ကို မေ့လျော့သွားစေရန်နှင့် သဘာဝသည်သာလျှင် ဖန်ဆင်းရှင်ဖြစ်သည်ဟု ယုံကြည်သည့်မိစ္ဆာဒိဋ္ဌိအယူဝါဒသို့ လှည့်သွားကြစေရန် ဖြစ်သည်။

မေဆွန်ရီအဖွဲ့က ဤအယူဝါဒကို ပုံစံကျအောင်လုပ်၍ အင်အားတောင့်တင်းအောင် လုပ်ပြီး၊ အဖွဲ့ကမဟာမိတ်ဟုသတ်မှတ်သောလူမှုရေးအင်အားစုအားလုံးသို့ ဖြန့်ဖြူးရန်ကြိုးပမ်းသည်။ *မီမာရ်ဆီနန်*မဂ္ဂဇင်းမှ "အီဗိုလူးရှင်းစည်းလုံးမှုခံယူချက်နှင့်အတွေးအခေါ်ပေါ် သိပ္ပံပညာရှုထောင့်"ဟူသောဆောင်းပါးတွင်၊ ထို "ဆန်းကျယ်သော သဘာဝမိခင်က အမိန့်ပေးခြင်း" နှင့်ပတ်သက်၍ ဖော်ပြထားရင်း ၎င်းသည်ပင် မေဆွန်ရီအဖွဲ့၏ လူသားပဓါနအခြေပြုအတွေးအခေါ်၏အခြေခံအုတ်မြစ်ဖြစ်သည်ဟု ဆိုထားသည်။ ဤအတွေးအခေါ်ကို ထောက်ခံအားပေးသော လှုပ်ရှားမှုအားလုံးကို မေဆွန်ရီအဖွဲ့မှ ထောက်ပံ့သွားမည်ဟု ဆက်လက်ရေးသားထားသည်။

> သက်ရှိလောကတွင် ဝတ္ထုပစ္စည်းများကို အပေးအယူလုပ်ကြသည့်ရှုထောင့်ဖြင့်ကြည့်မည်ဆိုလျှင်၊ ကမ္ဘာမြေပေါ်နှင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတွင်းအပါအဝင်၊ အပင်များအားလုံး၊ တိရစ္ဆာန်နှင့်လူသားများတွင် ပါဝင်လျက်ရှိသော အကျိုးရှိသည့်အဏုဇီဝများသည် သဘာဝမိခင်က အမိန့်ပေးညွှန်ကြားသည့်အတိုင်း ဆန်းကျယ်စွာ ပြေပြေပြစ်ပြစ်ညီညွတ်စွာဖြင့် ဇီဝစည်းလုံးမှုအစဉ်မပြတ်ရှိနေပေသည်။



မေဆိုပိုတေးမီယားဒေသမှ မိစ္ဆာဒိဋ္ဌိအယူဝါဒ၏ ဖေါင်းကြွရုပ်ထုတစ်ခု။

လူသားပဓါနအခြေပြုဝါဒသို့ဦးတည်၍ တကမ္ဘာလုံးလူသားများ၏စည်းလုံးညီညွတ်မှုလမ်းကြောင်းတွင်ရှိက မိမိတို့၏ အကောင်းဆုံး စံနမူနာအတွက်လုပ်ဆောင်သည့် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများအားလုံးကို မေဆွန်ရီအဖွဲ့အနေဖြင့် လေးစားကြောင်း ထပ်မံအတည်ပြုလိုပါသည်။[၉၃]

ထို "လုပ်ဆောင်နည်း" များအနက် မေဆွန်ရီစံနမူနာများကိုမြင့်တင်ရာ၌ အရေးကြီးဆုံးမှာ၊ သိပ္ပံပညာတွင် အတင်းအဓမ္မအခြေခံသော အီဗိုလူးရှင်းသီအိုရီကို ရုပ်ဝါဒနှင့် လူသားပဓါနအခြေပြုဝါဒ၏ခေတ်သစ်ထောက်ခံမှုအဖြစ် ခြေကုတ်ယူခြင်းဖြစ်သည်။

ရှေ့လာမည့်အခန်းတွင်၊ အီဗိုလူးရှင်းသီအိုရီကို ဒါဝင်၏ခေတ်မှစတင်၍ ခေတ်သစ်အီဗိုလူးရှင်းဝါဒီတို့၏ဝါဒဖြန့်ပုံအထိ၊ အနီးကပ်လေ့လာကြပါမည်။ ၎င်းပြင်၊ သိပ္ပံပညာလောကတွင် အကြီးကျယ်ဆုံးသော ဤမှားယွင်းချက်နှင့် မေဆွန်ရီအဖွဲ့တို့၏ ဆက်စပ်မှု ကို ဖေါ်ထုတ် ကြပါမည်။




၁၈၃၂–ခုနှစ်တွင်ဖြစ်သည်။

အိချ်အဲမ်အဲစ် ဘီဂလ် (သင်္ဘော)သည် အတ္တလန်တိတ်သမုဒ္ဒရာကို ဖြတ်ကျော်လျက်ရှိသည်။ ကုန်သင်္ဘော သို့မဟုတ်ခရီးသည်တင်သင်္ဘောများနှင့်တူသော်လည်း၊ ထိုသင်္ဘော၏ခရီးမှာ ရှာဖွေစူးစမ်းရေးအတွက်ဖြစ်၍၊ နှစ်ပေါင်းများစွာကြာရှည်မည့် ခရီးဖြစ်သည်။ အင်္ဂလန်နိုင်ငံမှစတင်ထွက်ခွါ၍၊ ကျယ်ပြန့်လှသည့် မဟာသမုဒ္ဒရာကိုဖြတ်ကျော်ကာ တောင်အမေရိကတိုက်ရှိ ကမ်းခြေများတွင် ဆိုက်ကပ်မည်ဖြစ်သည်။


ထိုအချိန်မတိုင်မီကာလတွင်၊ အရေးမပါလှသိနည်းသော ဘီဂဲလ်သင်္ဘောသည် ၅ နှစ်ကြာမြင့်မည့်ပင်လယ်ရေကြောင်းခရီး ထွက်ခွာခဲ့လေသည်။

ထိုသင်္ဘောကိုကျော်ကြားစေခဲ့ခြင်းမှာ ၎င်း၏ခရီးသည်ဖြစ်သူ အသက်၂၂–နှစ်သာရှိသောသဘာဝလောကပညာရှင် ချားလ်စ် ရောဘတ် ဒါဝင်ကြောင့်ဖြစ်သည်။ သူသည် ဇီဝဗေဒကို အတည်တကျလေ့လာဆည်းပူးခဲ့သူမဟုတ်ချေ။ ကင်းဘရစ်ဂျ်တက္ကသိုလ်မှ ဘာသာရေးယုံကြည်မှုဆိုင်ရာပညာကို လေ့လာဆည်းပူးခဲ့သူဖြစ်သည်။

ထိုလူငယ်၏ ဘာသာရေးယုံကြည်မှုဆိုင်ရာပညာကို လေ့လာဆည်းပူးခြင်းသည် အလွန်ကျယ်ပြန့်ခဲ့သော်လည်း၊ သူ၏ခေတ်တွင် ရုပ်ဝါဒအတွေးအခေါ်များက လွှမ်းမိုးလျက်ရှိသောကာလဖြစ်သည်။ ဘီဂဲလ်သင်္ဘောကြီးဖြင့် ခရီးမဆန့်မီအလျင်တစ်နှစ်က၊ သူသည် ခရစ်ယာန်သာသနာ၏ အခြေခံယုံကြည်ချက်များကို ပစ်ပယ်ခဲ့လေသည်။

လူငယ်ဒါဝင်သည်၊ သူ၏ပင်လယ်ခရီးတစ်လျှောက် တွေ့မြင်သမျှအရာခပ်သိမ်းကို ရုပ်ဝါဒအတွေးအခေါ်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။ သက်ရှိသတ္တဝါများနှင့်ပတ်သက်သောအချက်အလက်များကို ထာဝရဘုရားသခင်၏ဖန်ဆင်းခြင်းနှင့်မပတ်သက်စေသော ရှာဖွေစူးစမ်းချက်များဖြင့် ရှင်းပြခဲ့လေသည်။ သူ၏အတွေးအခေါ်ကို သေချာစေ့စပ်စွာစစ်ဆေးမွှန်းမံပြီးနောက် သီအိုရီအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ သူ၏သီအိုရီကို ၁၈၅၉–ခုနှစ်တွင်၊ *မျိုးစုများ၏မူလအစ* ဟူသောစာအုပ်တွင် တင်ပြခဲ့သည်။ ၎င်းစာအုပ်ကို တစ်ဆယ့်ကိုးရာစုနှစ်တွင် ပညာရှင်လောကဥ္စလက်ခံခြင်းနည်းပါးခဲ့သော်လည်း၊ နောင်တွင် ဒါဝင်၏စာအုပ်တွင်တင်ပြထားသော အီဗိုလူးရှင်းသီအိုရီသည် ဘုရားမဲ့ဝါဒီတို့ နှစ်ပေါင်းရာစုများစွာရှာဖွေလာခဲ့ကြသော သိပ္ပံပညာအခြေခံဖြစ်လာခဲ့လေသည်။

အီဗိုလူးရှင်းသီအိုရီကို ဒါဝင်က စတင်တွေ့ရှိခဲ့သလော။ သူတစ်ဦးတည်းက ကမ္ဘာ့သမိုင်းတွင်၊ အကြီးကျယ်ဆုံးသောလိမ်လည်လှည့်ဖြားမှုများအတွက် လမ်းဖွင့်ပေးခဲ့နိုင်သော သီအိုရီကို တီထွင်ခဲ့သလော။



အီဗိုလူးရှင်းသီအိုရီကို ဒါဝင်ကစတင်တွေ့ရှိခဲ့ခြင်းမဟုတ်ချေ။ သူက ရှေးဟောင်းအတွေးအခေါ်ကို ပြန်လည်မွမ်းမံအသုံးပြုခြင်းသာ ဖြစ်သည်။

အမှန်မှာ၊ ဒါဝင်က လွန်ခဲ့သည့်ခေတ်ကာလများတွင် အခြေခံတည်ဆောက်ခဲ့သောအတွေးအခေါ်ကို မွမ်းမံခြင်းထက်ပို၍ မဆောင်ရွက်ခဲ့ချေ။

## အီဗိုလူးရှင်းစိတ်ကူးယဉ်ဇာတ်လမ်း –
## ရှေးဟောင်းဂရိနိုင်ငံမှ ခေတ်သစ်ဥရောပတိုက်သို့
## THE EVOLUTIONARY MYTH,
## FROM ANCIENT GREECE TO MODERN EUROPE

ဒါဝင်၏အီဗိုလူးရှင်းသီအိုရီ၏အဓိကအနှစ်သာရမှာ၊ သဘာဝအခြေအနေစစ်စစ်တွင်၊ သက်မဲ့ဒြပ်ဝတ္ထုပစ္စည်းသည် ပထမဦးဆုံးသောသက်ရှိပစ္စည်းကို မတော်တဆတိုက်ဆိုင်ခြင်းဖြင့် ဖြစ်ပေါ်စေ၍၊ ထိုအခြေအနေအတိုင်း မတော်တဆတိုက်ဆိုင်ခြင်းဖြင့် အခြားသက်ရှိမျိုးစုမျိုးများလည်း အလိုလိုဖြစ်ပေါ်လာခဲ့သည် ဟူ၍ဖြစ်သည်။ တစ်နည်းအားဖြင့်၊ အီဗိုလူးရှင်းသီအိုရီက မိမိကိုယ်တိုင် အလိုလိုဖြစ်ပေါ်ထိန်းသိမ်းနိုင်သောစနစ်ရှိသည်ဟု တင်ပြခြင်းဖြစ်သည်။ ဆိုလိုရင်းမှာ မိမိကိုယ်တိုင်ဖန်ဆင်းရှင်ဖန်တီးယူ၍ တပြိုင်တည်းတွင် သက်ရှိအရာများကို ဖြစ်ပေါ်စေသည်ဟု ဆိုလိုသည်။ ဖန်ဆင်းရှင်မရှိဘဲ သဘာဝက မိမိကိုယ်တိုင်အရာရာကို ဖန်တီးစီမံယူသည်ဟု ယုံကြည်ခြင်းကို "သဘာဝအခြေပြုဝါဒ" ဟုခေါ်သည်။

သဘာဝအခြေပြုဝါဒသည် စာရေးဆရာတစ်ဦးမျှမပါဝင် မရှိဘဲ စာကြည့်တိုက်တစ်ခု အလိုလိုပေါ်ပေါက်လာနိုင်သည်ဟု အဆိုပြုသကဲ့သို့သော အဓိပ္ပါယ်ကင်းမဲ့၍ ကပ်သီးကပ်သပ်နိုင်သည့်အတွေးအခေါ်ဖြစ်သည်။ ကမ္ဘာ့သမိုင်းဦးခေတ်ကတည်းက၊ ဤအတွေးအခေါ်ကို အတွေးအခေါ်ရှင်အမြောက်အမြားတို့က အတွေးအခေါ်သက်သက်ဖြင့်ထောက်ခံကာကွယ်လာခဲ့ကြပြီး၊ များစွာသောယဉ်ကျေးမှုခေတ်တို့ကလည်း လက်ခံကျင့်သုံးခဲ့ကြပေသည်။

သဘာဝအခြေပြုဝါဒသည် ဘုရားမဲ့မိစ္ဆာဒိဋ္ဌိလူ့အဖွဲ့အစည်းများမှ စတင်ပေါက်ဖွားလာခဲ့၍ ရှေးဟောင်းအီဂျစ်နှင့် ရှေးဟောင်းဂရိနိုင်ငံများတွင် အမြင့်မားဆုံး တိုးတက်ခဲ့ပေသည်။ သို့သော်လည်း၊ ခရစ်ယာန်သာသနာပြန့်ပွားလာခဲ့သည်နှင့်အမျှ၊ ယင်းမိစ္ဆာဒိဋ္ဌိအတွေးအခေါ်များကို ပစ်ပယ်ခဲ့ကြပြီး ထာဝရဘုရားသခင်က သဘာဝနှင့်စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းထားသည်ဟူသော ယုံကြည်ချက်က လွှမ်းမိုးခဲ့ပေသည်။ ထိုနည်းတူ၊ ကမ္ဘာ့အရှေ့အလယ်ပိုင်းနှင့်အရှေ့တိုင်းများတွင် အစ္စလာမ်သာသနာ ပျံ့နှံ့သည်နှင့်အမျှ၊ လောကကြီးတစ်ခုလုံးကို အလ္လာဟ်အရှင်



မြတ်ကဖန်ဆင်းထားတော်မူကြောင်းကို လက်ခံယုံကြည်ကြသဖြင့်၊ ဗိုရိုစတာဘာသာနှင့် နတ်ကိုးကွယ်သောအယူဝါဒကဲ့သို့သော မိစ္ဆာဒိဋ္ဌိအယူဝါဒများ ပျောက်ကွယ်သွားခဲ့သည်။

သို့ပင်ငြားလည်း၊ သဘာဝအခြေပြုဝါဒအတွေးအခေါ်သည် မြေအောက်လျှိုအောင်း၍ လှုပ်ရှားနေခဲ့သေးသည်။ ၎င်းအယူဝါဒကို လျှို့ဝှက်ဂိုဏ်းအဖွဲ့အစည်းများက ဆက်လက်ထိန်းသိမ်းထား၍ အခြေအနေကောင်းကြုံသည်နှင့်တပြိုင်တည်း ထပ်မံပေါ်လာလေသည်။ ဤစာအုပ်အစပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း၊ သဘာဝအခြေပြုဝါဒကို မေဆွန်ရီဂိုဏ်းဝင်တို့နှင့် သူတို့ဦးဆောင်သော အခြားလျှို့ဝှက်အသင်းအဖွဲ့တို့က ထိန်းသိမ်းလာခဲ့ကြသည်။ *မေဆွန်* ဟူသော တူရကီဘာသာစကားမဂ္ဂဇင်းတစ်စောင်တွင် အောက်ပါစိတ်ဝင်စားဖွယ်အချက်များကို ရေးသားထားသည်။

> ဤကမ္ဘာလောကတွင်၊ ထာဝရဘုရားသခင်ကို အကြောင်းပြုအခြေခံခြင်းမပြုဘဲ သဘာဝဖြစ်ပျက်မှုများနှင့်ပတ်သက်၍ အသစ်အဆန်းဖော်ထုတ်ချက်များကို တွေ့ရှိဖော်ထုတ်သူတို့သည် သူတို့ကိုယ်တိုင်အတွက်သာ ထိန်းသိမ်းထားကြရသည်။ သုတေသနများကို လျှို့ဝှက်စွာ ပြုလုပ်ကြ၍၊

ထိုသို့သောသုတေသနကို ဆောင်ရွက်သူများအချင်းချင်းပင် သူတို့အချင်းချင်း၏ဆက်သွယ်မှုကို လျှို့ဝှက်ထားကြရသည်။ သုတေသနပြုနေသောကာလအတွင်း သူတို့တာဝန်ယူရသောသုတေသန အကြောင်းများနှင့်ပတ်သက်သည့် လျှို့ဝှက်သင်္ကေတများဖြင့် အချက်ပြဆက်သွယ်ကြရသည်။[၉၄]

ဤနေရာတွင် "အသစ်အဆန်းဖေါ်ထုတ်ချက်များ" ဆိုသည်မှာ၊ သိပ္ပံပညာအဓိပ္ပါယ်ဖေါ်ချက်များ၌၊ ထာဝရဘုရားသခင်ရှိခြင်းကိုငြင်းပယ်သည့်အတွေးအခေါ်ဖြစ်သော သဘာဝအခြေပြုဝါဒနှင့်ကိုက်ညီအောင်ယှဉ်တွဲအဓိပ္ပါယ်ဖေါ်ခြင်းဖြစ်သည်။ ဤသို့သောသိပ္ပံပညာကို လိုရာသို့ ဆွဲ၍လေ့လာမှုကို လျှို့ဝှက်အသင်းအဖွဲ့များက ဤကိစ္စမျိုးအတွက် လျှို့ဝှက်အချက်ပြသင်္ကေတများအသုံးပြုကြသည်။ ၎င်းမှ မေဆွန်ရီ၏လျှို့ဝှက်အဖွဲ့များ စတင်တည်ဆောက်လာခဲ့ပေသည်။

ဖရီးမေဆွန်ရီအဖွဲ့၏ ဇစ်မြစ်ကိုတည်ဆောက်ခဲ့သည့်လျှို့ဝှက်အဖွဲ့အစည်းတစ်ခုမှာ နှင်းဆီပန်းလက်ဝါးကပ်တိုင်(ရိုစီခရူရှန်)ဂိုဏ်းဖြစ်သည်။ ဤဂိုဏ်းတည်ရာဌာနသည် တင်ပလာစစ်သူရဲကောင်းများနှင့် မေဆွန်တို့ဆုံတွေ့ရာဌာနဖြစ်သည်။ ဤဂိုဏ်းအကြောင်းကို တစ်ဆယ့်ငါးရာစုနှစ်တွင် စတင်ကြားသိခဲ့သည်။ ဤဂိုဏ်းဝင်တို့သည် အထူးသဖြင့် ဥရောပတိုက်တခွင်တွင် အလ်ခမီခေါ်ဖိုထိုးခြင်းလုပ်ကြ၍ လျှို့ဝှက်နက်နဲသောပညာတတ်မြောက်ကြသည်ဟု ကျော်ကြားသည်။ သို့သော်လည်း၊ ယနေ့ခေတ်နှင့်ပတ်သက်သော နှင်းဆီပန်းလက်ဝါးကပ်တိုင်ဂိုဏ်း၏သမိုင်းမှာ ၎င်း၏သဘာဝအခြေပြုအတွေးအခေါ်နှင့် ၎င်း၏တစိတ်တဒေသဖြစ်သော အီဗိုလူးရှင်းအတွေးအခေါ်ဖြစ်သည်။ မေဆွန်ရီအဖွဲ့က သူတို့၏မူလဇစ်မြစ်သည် တင်ပလာစစ်သူရဲကောင်းများနှင့်ရိုစီခရူရှန်ဂိုဏ်းတွင် အစပြုသည်ဟု ကြေညာ၍၊ ထိုဂိုဏ်း၏အီဗိုလူးရှင်းအတွေးအခေါ်ကို ရှေ့တန်းတင်ကြသည်။

> ယခုခေတ်မေဆွန်ရီအဖွဲ့အစည်းသည် ကျွန်ုပ်တို့က အလုပ်သဘောသက်ရောက်သော မေဆွန်ရီအဖွဲ့ဟုခေါ်လေ့ရှိသည့် အလယ်ပိုင်းခေတ် ဆောက်လုပ်ရေးအစည်းအရုံးများကိုအခြေခံ၍ တည်ဆောက်လာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း၊ ဤအခြေခံအုတ်မြစ်အတွက် စိတ်ကူးစိတ်သန်းအချက်အလက်များကို ရှေးဟောင်းလျှို့ဝှက်လောကီပညာများကို လေ့လာဆည်းပူးထားသည့်အဖွဲ့အစည်းအုပ်စုများက ယူဆောင်လာခြင်းဖြစ်သည်။ ထိုအုပ်စုများအနက် အရေးကြီးဆုံးအုပ်စုမှာ၊ တင်ပလာစစ်သူရဲကောင်းဂိုဏ်းဝင်များနှင့် ရိုစီခရူရှန်ဂိုဏ်းဝင်တို့ ဖြစ်ကြသည်။---
>
> ရိုစီခရူရှန်ဂိုဏ်းကို မည်သည့်ဒေသ မည်သည့်ကာလတွင် စတင်တည်ထောင်ခဲ့သည်ကို မသိရပေ။ ဥရောပတိုက်၌ တစ်ဆယ့်ငါးရာစုနှစ်တွင်ပထမဦးစွာပေါ်ပေါက်လာကြောင်း တွေ့ရှိရပေသည်။ သို့သော်လည်း ဤဂိုဏ်းသည် ထိုကာလထက် ပို၍ရှေးကျသည်မှာ ထင်ရှားပေသည်။ တင်ပလာစစ်သူရဲကောင်းဂိုဏ်းနှင့် ဤဂိုဏ်း၏ထင်ရှားသောခြားနားချက်မှာ၊ **ရိုစီခရူရှန်ဂိုဏ်းဝင်တို့၏** အခြေခံစိတ်ဝင်စားမှုသည် သိပ္ပံပညာဖြစ်သည်။ ဤဂိုဏ်းဝင်အများစုတို့သည် ဖိုထိုးကြသည်။-- **ဤဂိုဏ်းသားတို့၏ အရေးကြီးဆုံးအင်္ဂါရပ်မှာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲခြင်းအဆင့်တိုင်းသည် အီဗိုလူးရှင်းဖြစ်စဉ်အတိုင်း ဖြစ်သည်ဟု ယုံကြည်ကြခြင်းဖြစ်သည်။** ထို့ကြောင့် သဘာဝအခြေပြုဝါဒကို သူတို့၏အတွေးအခေါ်အခြေခံအဖြစ်ချမှတ်၍ "**သဘာဝအခြေပြုဝါဒီ**"များဟု ကျော်ကြားလာခဲ့ကြပေသည်။[၉၅]

အီဗိုလူးရှင်းအတွေးအခေါ်ကိုခံယူ၍ ပြုစုပျိုးထောင်သောနောက်ထပ်အဖွဲ့အစည်းတစ်ခုမှာ၊ အနောက်နိုင်ငံတွင်မဟုတ်ဘဲ၊ အရှေ့တိုင်းတွင်တည်ထောင်သောမေဆွန်ရီအဖွဲ့တစ်ခု ဖြစ်သည်။ ဂရဲင်းမာစတာ ဆေလာမီ အီဆင်ဒါက်က "မေဆွန်ရီနှင့် ကျွန်ုပ်တို့-၎င်းတည်ထောင်ချိန်မှစ၍ယနေ့အချိန်ထိ"ဟူသောဆောင်းပါးတွင် ဤကိစ္စနှင့်ပတ်သက်သော အချက်အလက်များကို ပေးထားသည်။

> အစ္စလာမ်သာသနာဝင်လောကတွင် မေဆွန်ရီအဖွဲ့နှင့်အဆင့်တူသော အဖွဲ့သည် *အီခဝါန် အတ်စ်ဆဖါ* (သန့်ရှင်းသောညီနောင်အဖွဲ့) ဖြစ်သည်။ ဤအဖွဲ့ကို အဘာဆီဒ်ခလီဖါ(ဘုရင်)များလက်ထက်တွင် ဘတ်စရာ၌ တည်ထောင်ခဲ့၍၊ အတွဲပေါင်း ၅၂တွဲပါဝင်သော စွယ်စုံကျမ်းကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၇တွဲသည် သဘာဝအခြေပြုသိပ္ပံနှင့်ပတ်သက်၍ရေးသားထားရာ ဒါဝင်ဝါဒနှင့်ဆင်တူသော



ခေတ်သစ်ဥရောပတိုက်တွင် အီဗိုလူးရှင်းသီအိုရီကို ပထမဦးဆုံးမြှင့်တင်သူတို့သည်၊ ရိုစီခရူးရှန်ဂိုဏ်းဝင်ဟုခေါ်သော မေဆွန်ရီအဖွဲ့ဝင်တို့ ဖြစ်သည်။ အထက်ပါပုံသည် ရိုစီခရူရှန်သင်္ကေတအမှတ်အသားဖြစ်သည်။

သိပ္ပံဆိုင်ရာရှင်းလင်းချက်များပါဝင်သည်။ ဤစာအုပ်များသည် စပိန်နိုင်ငံအထိ ရောက်သွားလေရာ အနောက်တိုင်းအတွေးအခေါ်များကိုပင် ဩဇာညောင်းပေသည်။[၉၆]

အစ္စလာမ့်ကမ္ဘာတွင်စတင်တည်ထောင်ခဲ့သော်လည်း၊ ဤအဖွဲ့သည် အစ္စလာမ့်အခြေခံယုံကြည်ချက်များနှင့် ကင်းကွာလျက်ရှိသည်။ ဤအဖွဲ့၏ခံယူချက်များကို ရှေးဟောင်းဂရိအ

တွေးအခေါ်ကသာ ဩဇာလွှမ်းမိုး၍၊ လျှို့ဝှက်နက်နဲသောသင်္ကေတများဖြင့် ဖော်ပြသည်။ ဆီလာမီ အီဆင်ဒါက်က အောက်ပါအတိုင်း ဆက်လက်ရှင်းပြထား၏။

> ဤအဖွဲ့သည် အစ္စမာအီလီဂိုဏ်းမှစတင်ပေါ်ပေါက်လာခဲ့၍၊ ဘာသာရေးတစ်ယူသန်ယုံကြည်ချက်များကို တင်စားမှုသင်္ကေတများဖြင့် အဓိပ္ပါယ်ဖော်ရန် ဖြစ်သည်။ ၎င်း၏အတွေးအခေါ်ကို ပိုက်သာဂိုရပ်စ်နှင့် ပလာတိုတို့၏အတွေးအခေါ်ကဩဇာလွှမ်းမိုးထားသည်။ ဤအဖွဲ့သို့ဝင်ရန်အတွက် ပထမဦးစွာ အဖွဲ့ဝင်ဖြစ်လိုသူအား လျှို့ဝှက်နက်နဲသောသင်ကြားပို့ချချက်များဖြင့် သွေးဆောင်သည်။ ထို့နောက် သူ၏အကျိုးမရှိသောဘာသာရေးယုံကြည်ချက်များနှင့် တစ်ယူသန်ချက်များကိုသုတ်သင်ရှင်းလင်းပစ်သည်။ နောက်တွင် သူ့ကိုအတွေးအခေါ်ဆိုင်ရာနည်းလမ်းများနှင့် သင်္ကေတများကို ကျက်မှတ်စေသည်။ ဤအလုပ်သင်အဆင့်ကို ကျော်လွန်ပြီးသူအား ပလာတိုအတွေးအခေါ်သစ်များကို သင်ကြားပို့ချပြီး၊ ဓါတုဗေဒပညာ၊ နက္ခတ်တာရာဆိုင်ရာပညာနှင့် ကိန်းဂဏန်းပညာများကို ဆက်လက်သင်ကြားပေးသည်။ သို့သော်လည်း ဤပညာများကိုလျှို့ဝှက်ထားကြပြီး၊ ထိုက်သင့်သူကိုသာ သင်ကြားပို့ချပေးကြသည်။ ဤသို့ဖြင့် မေဆွန်ရီ၏ဇစ်မြစ်ကို ဤအခြေခံအုတ်မြစ်တွင် တည်ဆောက်ခဲ့ကြပေသည်။ အသုံးပြုသောသင်္ကေတများ၏အဓိပ္ပါယ်အချို့မှာ သိပ္ပံပညာနှင့် ကွဲလွဲဆန့်ကျင်ခြင်းမရှိသဖြင့် ယနေ့ထိ ကျွန်ုပ်တို့၏ နေရာတကာရှိ ကျင့်စဉ်နှင့်ပူဇော်ပသမှုများတွင် ဆက်လက်ရှင်သန်လျက် ရှိပေသည်။[၆၇]

အထက်ပါကိုးကားချက်တွင်၊ “အကျိုးမရှိသောဘာသာရေးယုံကြည်ချက်များနှင့် တစ်ယူသန်ချက်များကိုသုတ်သင်ရှင်းလင်းပစ်သည်” ဟူသောစကားလုံးများသည် ဘာသာယုံကြည်မှုအားလုံးကို ပစ်ပယ်ခြင်းကို ဆိုလိုသည်။ ဤကား မေဆွန်ရီခေါင်းဆောင် အီဆင်ဒါက်၏ ဘာသာအယူဝါဒကို သတ်မှတ်ပုံဖြစ်သည်။ သို့သော်လည်း အထက်ကကျွန်ုပ်တို့ဆန်းစစ်ခဲ့ရာ၌ “အကျိုးမရှိသောဘာသာရေးယုံကြည်ချက်များ” ဟူသောစကားမှာ မေဆွန်ရီအတွေးအခေါ်က အသုံးပြုလေ့ရှိသည့် စကားလုပ်ဖြစ်သည်။ မေဆွန်ရီအဖွဲ့နှင့်အတူ အခြားရုပ်ဝါဒီအုပ်စုတို့သည်၊ ဘာသာယုံကြည်မှုကို ဆီလျော်သည့်ကျိုးကြောင်းပြဆိုခြင်းမရှိဘဲ ဘာသာရေးကိုဆန့်ကျင်ခြင်းသာဖြစ်ကြောင်း အသိအမှတ်ပြုရပေမည်။ သူတို့က ဝါဒဖြန့်ခြင်းနှင့် အကြံပြုပုံမျိုးကိုအားကိုးကြသည်။ သူတို့က ဘာသာရေးကို ကျိုးကြောင်းဆီလျော်သောအကြောင်းပြချက်များဖြင့် ရှုတ်ချပစ်ပယ်နိုင်ခြင်းမရှိသောကြောင့်ဖြစ်သည်။ ဤကဲ့သို့သော စကားလုံးများကို ရွေးချယ်ယူပြီး အကြံပြုသည့်သဘောမျိုးဖြင့် စိတ်ဓါတ်စစ်ဆင်ရေးလုပ်ကြသည်။

အထက်ပါကိုးကားချက်မှ *'အီခဝါန် အတ်စ်ဆဖါ'* (သန့်ရှင်းသောညီနောင်အဖွဲ့)သည်၊ အစ္စလာမ့်ကမ္ဘာတွင်ဖွဲ့စည်းဖွင့်လှစ်ထားသော ဖရီးမေဆွန်ရီအဖွဲ့တစ်မျိုးဖြစ်၍၊ ခေတ်သစ်မေဆွန်ရီအဖွဲ့များ၏လှုပ်ရှားမှုလုပ်ငန်းများအတိုင်း ဆောင်ရွက်သည်။ သူတို့၏လုပ်နည်းလုပ်ဟန်မှာ၊ စစ်မှန်သောဘာသာအယူဝါဒနှင့်ဆန့်ကျင်သော မိစ္ဆာဒိဋ္ဌိအတွေးအခေါ်ကို ထောက်ခံအားပေး၍၊ ၎င်းအတွေးအခေါ်ကို သင်္ကေတများဖြင့်ဖော်ပြကြသည်။ ထို့နောက်သူတို့၏အဖွဲ့ဝင်နှင့် ဘာသာဝင်များကို ၎င်းအတွေးအခေါ်သို့ တဖြေးဖြေးသိမ်းသွင်းကြသည်။

အစ္စလာမ့်သမိုင်းတွင်၊ ဤကဲ့သို့အစ္စလာမ်သာသနာမှ လမ်းလွဲသွားသောအတွေးအခေါ်ရှင်အများအပြားရှိခဲ့ရာ၊ ၎င်းတို့သည် ရုပ်ဝါဒီဖြစ်သောရှေးဟောင်းဂရိပညာရှင်များနှင့် အီဗိုလူးရှင်းစိတ်ကူးယဉ်ဇာတ်လမ်းများကလွှမ်းမိုးခြင်းခံရခြင်းဖြစ်သည်။ အစ္စလာမ့်လောကမှကြီးကျယ်သောပညာရှင်ဂါဇာလီက ဤအတွေးအခေါ်အုပ်စုနှင့်ပတ်သက်၍ အလွန်စက်ဆုပ်စွာရှုတ်ချထား၍ဤကိစ္စနှင့်ပတ်သက်၍ မေဆွန်ရီအင်္ဂါရပ်များပါကြောင်း ဖော်ပြထားသည့်စကားများသည် အမြင်မှန်ရစေနိုင်ပေသည်။ သူရေးသားသော *အလ်မွန်ကိဒ် မိန် အလ်ဒလာလ် (မှားယွင်းမှုမှ ပို့ချချက်)* ဟူသောစာအုပ်တွင်၊ ဂါဇာလီက *အီခဝါန်အတ်စ်ဆဖါ* အဖွဲ့ကို ဖေါက်ပြန်သည့်ရှေးဟောင်းဂရိလူမျိုးတို့၏အတွေးအခေါ်ကိုထောက်ခံအားပေးသည်ဟု တိုက်ရိုက်ဝေဖန်ထားသည်။ သူရေးသားသော *ဖီဒေအီဟုလ် ဘာတီနီယေး* ဟူသောစာအုပ်တွင် *အီခဝါန်အတ်စ်ဆဖါ*အဖွဲ့၏မိခင်အဖွဲ့ဖြစ်သော အစ္စမေအီလီဂိုဏ်း၏မလျော်မကန်သည့်သင်ကြားချက်များကို ဖော်ထုတ်ထားသည်။



အထက်ပါပုံတွင်ပြထားသောသင်္ကေတကို မေဆွန်ရီလော့ဂျ်များတွင် ပြထားကြသည်။ ၎င်းသည် ရိုစီခရူးရှန်သင်္ကေတ(နှင်းဆီပန်းနှင့်လက်ဝါးကပ်တိုင်)နှင့် မေဆွန်ရီသင်္ကေတ (ကွန်ပါနှင့်စတုရန်း)ကို စုပေါင်းထားခြင်းဖြစ်သည်။

## အီဗိုလူးရှင်းဇာတ်လမ်းပေါ်ထွန်းခြင်းနှင့် ပညာအလင်းပွင့်ခြင်း
## ENLIGHTENMENT AND THE ADVENT OF THE MYTH OF EVOLUTION

မေဆွန်ရီအဖွဲ့အစည်းများဖြစ်သော ရိုစီခရူးရှန် သို့မဟုတ် *အီလူမီနတီ အတ်စ်ဆဖါ*အဖွဲ့တို့ ခံယူကျင့်သုံးသောရုပ်ဝါဒနှင့် အီဗိုလူးရှင်း(အလိုလိုကြုံကြိုက်တိုက်ဆိုင်၍တစ်စတစ်စပြောင်းလဲခြင်း)အတွေးအခေါ်ကို လျှို့ဝှက်သင်္ကေတများဖြင့်သာ ဖော်ပြကြသော်လည်း၊ ဥရောပတိုက်တွင် ကာသောလိတ်ခရစ်ယာန်အသင်းတော်၏လူမှုရေးပိုင်းအာဏာစက်ကျဆင်းသွားသောအခါ ပေါ်ပေါ်လွင်လွင် စတင်ဖော်ပြလာခဲ့ကြသည်။ ထို့ကြောင့်၊ ခရစ်သာသနာအသင်းတော်၏ နိုင်ငံရေးနှင့်ပညာရှင်အသိုင်းအဝိုင်းတွင်စိုးမိုးခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်သောကာလအတွင်း မြေအောက်လျှိုနေခဲ့သည့် ဤမိစ္ဆာဒိဋ္ဌိအယူဝါဒသည်၊ ဥရောပတိုက်၌ တစ်ဆယ့်ခုနစ်ရာစုနှင့် တစ်ဆယ့်ရှစ်ရာစုနှစ်များမှအတွေးအခေါ်ရှင်များအကြား ရေပန်းစားခေတ်စားလာခဲ့လေသည်။



တော်လှန်ရေးသည် ပြင်သစ်နိုင်ငံကို သွေးပင်လယ်အဖြစ်သို့ ပြောင်းလဲပေးခဲ့သည်။

ဥရောပတိုက်လူ့အဖွဲ့အစည်းတွင် ရုပ်ဝါဒီတို့နှင့် အီဗိုလူးရှင်းဝါဒီတို့၏အတွေးအခေါ်များ ကျယ်ကျယ်ပြန့်ပြန့်ဩဇာလွှမ်းမိုး၍ ဘာသာရေးနှင့်ကင်းကွာသွားသည့် ယင်းကာလကို ပညာအလင်းပွင့်ခြင်းကာလဟု ခေါ်ကြသည်။ ဤဝေါဟာရ(အတွေးအခေါ်ပြောင်းလဲချက်များကို အလင်းသို့ဦးတည်သည်ဟူသောဝေါဟာရ)ကို ရွေးချယ်သူတို့သည် လမ်းလွဲသို့ခေါ်ဆောင်သွားခဲ့ကြသည့် ခေါင်းဆောင်များဖြစ်ကြပေသည်။ ယွှင်အတိတ်ကာလကို "အမှောင်ခေတ်" ဟုခေါ်၍ ဘာသာအယူဝါဒများကို အပြစ်ဖို့ကြသည်။ ဤဘက်လိုက်၍ မှားယွင်းသော ရှုထောင့်သည်၊ ဘာသာအယူဝါဒများကို ဆန့်ကျင်သူတို့ ယနေ့ခေတ်အထိ အသုံးပြုလျက်ရှိသော အခြေခံဝါဒဖြစ်၍ လက်နက်တစ်ခုဖြစ်နေသေးသည်။


အလယ်ခေတ်ခရစ်ယာန်သာသနာလောကသည်၊ တစ်စိတ်တစ်ဒေသအားဖြင့် "အမှောင်ခေတ်" ရောက်နေသည်ကား မှန်၏။ အယူသီးခြင်းနှင့်တစ်ယူသန်ယုံကြည်မှုများနှင့်ပြည့်ခဲ့သော်လည်း နှောင်းအလယ်ခေတ်ပိုင်းတွင် အားလုံးရှင်းလင်းသွားလေပြီ။ ပညာအလင်းပွင့်ခြင်းသည်လည်း အနောက်နိုင်ငံများသို့ ကောင်းမွန်သောအကြောင်းရပ်များကို ပေးဆောင်ခြင်းမရှိခဲ့ပေ။ ပညာအလင်းပွင့်ခြင်း၏အရေးကြီးဆုံးရလာဒ်မှာ၊ ပြင်သစ်နိုင်ငံတွင် ဖြစ်ပျက်ခဲ့သည်။ ပညာအလင်းပွင့်ခြင်းက၊ ပြင်သစ်နိုင်ငံကို သွေးပင်လယ်အိုင်စေခဲ့သော ပြင်သစ်တော်လှန်ရေးကို ဖေါ်ထုတ်ခဲ့သည်။ ယနေ့အချိန်တွင် ပညာအလင်းပွင့်ခြင်းအဖွဲ့က စာပေလောကကို လွှမ်းမိုးထားသဖြင့်၊ ပြင်သစ်တော်လှန်ရေးကို အမွှန်းတင်ချီးကျူးထားသည်။ သို့သော်လည်း အမှန်စင်စစ်အားဖြင့် ထိုတော်လှန်ရေးသည် ပြင်သစ်နိုင်ငံအား အကြီးအကျယ်ဆုံးရှုံးမှုသာ ပေးဆောင်၍ ပြင်သစ်လူမျိုးတို့၏ လူမှုရေးပဋိပက္ခများ တစ်ဆယ့်ကိုးရာစုနှစ်အထိ ဖြစ်ပေါ်စေခဲ့သည်။ ပြင်သစ်တော်လှန်ရေးနှင့်ပညာအလင်းပွင့်ခြင်းတို့နှင့်ပတ်သက်၍ သုတေသနပြုခဲ့သော ဗြိတိသျှလူမျိုးနာမည်ကျော်အတွေးအခေါ်ပညာရှင် အက်ဒ်မွန်ဘားက်၏ဝေဖန်သုံးသပ်ချက်က အရှင်းဆုံး ဖေါ်ပြထားပေသည်။ ၁၇၉၀–ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေသည့် *ပြင်သစ်နိုင်ငံတော်လှန်ရေးကို ပြန်လည်သုံးသပ်ခြင်း* ဟူသော သူ၏စာအုပ်တွင်၊ ပညာအလင်းပွင့်ခြင်းအတွေးအခေါ်နှင့် ၎င်း၏အသီးအပွင့်ဖြစ်သည့် ပြင်သစ်တော်လှန်ရေးလှုပ်ရှားမှုသည်၊ ပြင်သစ်လူမျိုးတို့ကို စုစည်းထားသော အခြေခံတန်ဖိုးများဖြစ်သည့် ဘာသာအယူဝါဒ၊ ကိုယ်ကျင့်တရားနှင့် အိမ်ထောင်စုတည်ဆောက်မှုများကို ဖျက်ဆီးပစ်၍ အကြမ်းဖက်ခြင်းနှင့်မင်းမဲ့စရိုက်သို့ လမ်းခင်းပေးခဲ့သည်ဟု သုံးသပ်ထားသည်။ နောက်ဆုံးတွင် ပညာအလင်းပွင့်ခြင်းသည် "လူသားတို့၏ ပညာဉာဏ်မြော်မြင်မှုကို ဖျက်ဆီးသောလှုပ်ရှားမှု" ဖြစ်သည်ဟု ဆိုထားသည်။[၉၈]



*ပြင်သစ်နိုင်ငံတော်လှန်ရေးကို ပြန်လည်သုံးသပ်ခြင်း* ဟူသောစာအုပ်တွင်၊ အက်ဒ်မွန်ဘားက်က ပြင်သစ်တော်လှန်ရေးနှင့် ပညာအလင်းပွင့်ခြင်းတို့ကြောင့်ပျက်စီးယိုယွင်းမှုများအကြောင်းဖေါ်ပြထား၏။

ဤပျက်စီးယိုယွင်းမှုများကိုပေးဆောင်သော လှုပ်ရှားမှု၏ခေါင်းဆောင်များသည် မေဆွန်ရီအဖွဲ့ဝင်များဖြစ်ကြသည်။ ဗိုလတေ၊ ဒစ်ဒါရွတ်၊ မွန်တက်စ်ကြူနှင့် အခြားဘာသာရေးဆန့်ကျင်ရေးအတွေးအခေါ်ရှင်အားလုံးတို့သည်၊ ထိုတော်လှန်ရေးကို လမ်းခင်းပေးသည့် မေဆွန်ရီအဖွဲ့ဝင်များ ဖြစ်ကြသည်။ မေဆွန်ရီအဖွဲ့ဝင်တို့သည် တော်လှန်ရေးကို ဦးစီးဦးဆောင်သော ဂျက်ကိုဘင်ဂိုဏ်းဝင်များနှင့် အကျွမ်းတဝင်ခင်မင်ရင်းနှီးကြသည်။ ဤအချက်ကြောင့် ပြင်သစ်နိုင်ငံတွင် ဂျက်ကိုဘင်ဂိုဏ်းဝါဒနှင့် မေဆွန်ရီအဖွဲ့တို့ကို ခွဲခြား၍မရနိုင်ဟု သမိုင်းပါရဂူအများက ပြောကြသည်။ (ဟာရွန်ယဟ်ယာ၏ ***New Masonic Order*** တွင် အသေးစိတ်ဖတ်ပါ။)

ပြင်သစ်တော်လှန်ရေးကာလတွင် ဘာသာရေးကို ရန်လိုဆန့်ကျင်သည့်စိတ်ထားကို အလွန်အမင်းဖေါ်ပြကြသည်။ ဘာသာရေးခေါင်းဆောင်၊ ခရစ်ယာန်ဘုန်းတော်ကြီးနှင့် တရားဟောဆရာအများအပြားကို ခေါင်းဖြတ်စက်သို့ပို့ခဲ့ကြသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို ဖျက်ဆီးပစ်ကြသည်။ ထို့ထက်မက၊ "ကျိုးကြောင်းဆင်ခြင်ခြင်းဘာသာ" ဟုခေါ်တွင်သည့် လူမှုရေးကိုယ်ကျင့်တရားကိုသွေဖည်သည့်သင်္ကေတဘာသာ မိစ္ဆာဒိဋ္ဌိအယူဝါဒကို အစားထိုးလိုကြသည်။ တော်လှန်ရေးခေါင်းဆောင်တို့ကိုယ်တိုင်လည်း၊ ထိုတော်လှန်ရေးရှုံးသွပ်မှုမှ မလွတ်မြောက်နိုင်ခဲ့ကြချေ။ လူ



ဗိုလတေ၊ ဒစ်ဒါရွတ်၊ မွန်တက်စ်ကြူနှင့် "စွယ်စုံကျမ်းပြုစုသူတို့"၏ပုံ။ ပညာအလင်းပွင့်ခြင်းအသင်းကို ဦးစီးခေါင်းဆောင်ပြုသော မေဆွန်ရီခေါင်းဆောင်များဖြစ်၍၊ ဘာသာရေးကိုအပြင်းအထန်ဆန့်ကျင်သူများဖြစ်သည်။

ပေါင်းအမြောက်အမြားကို သူတို့ကိုယ်တိုင် သေဒဏ်ပေးခေါင်းဖြတ်ခဲ့သောခေါင်းဖြတ်စက်တွင်ပင် သူတို့တစ်ဦးချင်း၏ခေါင်းများကို အဖြတ်ခံခဲ့ကြရသည်။ ယနေ့အချိန်အထိ ပြင်သစ်လူမျိုးအများအပြားက ထိုတော်လှန်ရေးသည် ကောင်းသောတော်လှန်ရေးဖြစ်မဖြစ် မေးခွန်းထုတ်နေကြသေးသည်။

ဘာသာရေးဆန့်ကျင်သည့်ခံယူချက်သဘောထားသည် ဥရောပတိုက်တစ်ခွင်လုံးသို့ ပျံ့နှံ့သွားခဲ့ရာ၊ နောက်ဆုံးအဖြေမှာ တစ်ဆယ့်ကိုးရာစုနှစ်သည် ဘာသာရေးဆန့်ကျင်သည့် ဝါဒဖြန့်မှုကို အတင့်ရဲဆုံးနှင့်ကျူးကျော်စော်ကားမှုအပြင်းထန်ဆုံးကျင့်သုံးခဲ့ကြသောကာလ ဖြစ်ခဲ့ပေသည်။

ထို့ကြောင့်၊ ဤအဖြစ်အပျက်က ရာစုနှစ်ပေါင်းများစွာ မြေလျှိုး၍ သင်္ကေတများဖြင့်သာ ဖော်ပြခဲ့ကြသော ရုပ်ဝါဒနှင့်အီဗိုလူးရှင်းအတွေးအခေါ်များသည် လူထုရှေ့တွင် ပြောင်ကျကျ ပေါ်လာလေတော့သည်။ ဒစ်ဒါရွတ်နှင့် ဘေရွန်ဒီဟိုးလ်ဘက်တို့က၊ ဘာသာအယူဝါဒဆန့်ကျင်ရေးစာတမ်းများကိုထုတ်ကာ ရှေးဟောင်းဂရိလူမျိုးတို့၏ အီဗိုလူးရှင်းစိတ်ကူးယဉ်ဇာတ်လမ်းကို သိပ္ပံပညာရှင်အသိုင်းအဝိုင်းသို့ သွတ်သွင်းကြလေသည်။

## အီရက်စ်မာစ် ဒါဝင်
## ERASMUS DARWIN

အီဗိုလူးရှင်းသီအိုရီကို စတင်ဖော်ထုတ်သည့်ဖခင်မှာ ပြင်သစ်လူမျိုးဇီဝဗေဒပညာရှင် ဂျင်း လာမက်နှင့် အင်္ဂလိပ်လူမျိုး ချားလ်စ်ဒါဝင်တို့ဖြစ်သည်ဟု လူအများကယူဆကြသည်။ ဂန္ထဝင်စာပေများ၏အဆိုအရ လာမက်က အီဗိုလူးရှင်းသီအိုရီကို ပထမဦးစွာတင်ပြခဲ့သော်လည်း၊ "လေ့ကျင့်၍ရသောအရည်အချင်းကို မျိုးဗီဇအဖြစ်အမွေခံခြင်း" ယူဆချက်အပေါ်အခြေခံသောကြောင့် မှားယွင်းခဲ့သည်ဟု ဆိုသည်။ နောင်တွင်၊ ဒါဝင်က ဒုတိယသီအိုရီကို သဘာဝ၏ရွေးချယ်ခြင်း၌ အခြေခံ၍ တင်ပြသည်။

ဤနေရာတွင်၊ အီဗိုလူးရှင်းသီအိုရီ၏ မူလဘူတဇစ်မြစ်၌ အရေးကြီးသောအပိုင်းတွင်ပါဝင်ခဲ့သော သီအိုရီအတွေးအခေါ်ပညာရှင်နောက်ထပ်တစ်ဦးကို ဖော်ပြရန်လိုအပ်ပေသည်။ ထိုပုဂ္ဂိုလ်မှာ ချားလ်စ်ဒါဝင်၏အဘိုး အီရက်စ်မာစ် ဒါဝင် ဖြစ်သည်။


အီရက်စ်မာစ်ဒါဝင်သည် တစ်ဆယ့်ရှစ်ရာစုနှစ် လာမက်နှင့်တစ်ခေတ်တည်းပေါ်ခဲ့သူဖြစ်သည်။ ရူပဗေဒပညာရှင်၊ စိတ်ပညာရှင်နှင့်ကဗျာဆရာဖြစ်၍ အီဗိုလူးရှင်းသီအိုရီကို အခြေခံချမှတ်ခဲ့သူအစစ်အဖြစ် လက်ခံကြသည်။ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိရေးသူ ဒက်စမွန် ကင်း ဟေလေက တစ်ဆယ့်ရှစ်ရာစုနှစ်၏ အကြီးကျယ်ဆုံးသောအင်္ဂလိပ်လူမျိုးဟု ခေါ်သည်။[၉၉] သို့သော်လည်း သူ့မှာအင်မတန်မှောင်မိုက်သော ကိုယ်ရေးကိုယ်တာဘဝ ရှိခဲ့သည်။[၁၀၀]

အီရက်စ်မာစ်ဒါဝင်ကို အင်္ဂလန်နိုင်ငံ၏အရေးကြီးဆုံးသဘာဝအခြေပြုဝါဒီဟု လက်ခံကြသည်။ အထက်က အစဦးပိုင်းတွင် ကျွန်ုပ်တို့ဆိုခဲ့သည့်အတိုင်း၊ သဘာဝအခြေပြုဝါဒသည် ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)က သက်ရှိလောကကိုဖန်ဆင်းသည်ဟူသောအချက်ကို လက်မခံသော အမြင်ဖြစ်သည်။ အမှန်မှာ ရုပ်ဝါဒနှင့်နီးစပ်သောဤအမြင်ကပင် အီရက်စ်မာစ် ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီ၏ အစပျိုးရာအချက်ဖြစ်သည်။

၁၇၈၀–ခုနှစ်များနှင့် ၁၇၉၀–ခုနှစ်များအတွင်း အီရက်စ်မာစ်ဒါဝင်က အီဗိုလူးရှင်းသီအိုရီ၏ အဓိကလိုရင်းအချုပ်ကိုအကြမ်းဖျင်းဖော်ပြသည့်အချက်များကို စီစဉ်ရေးသားခဲ့သည်။ ထိုအချက်များတွင်၊ သက်ရှိအရာအားလုံးသည် ဆဲလ်တစ်ခုတည်းမှ ကြုံကြိုက်တိုက်ဆိုင်ခြင်းဖြင့် သဘာဝဥပဒေသများအရ ဖြစ်ပေါ်လာခဲ့သည်ဟု ဖော်ပြထားသည်။ သူ၏အတွေးအခေါ်ကို သက်သေထူနိုင်ရန်အတွက်၊ ရှစ်ကေကျယ်ဝန်းသော ရုက္ခဗေဒဥယျာဉ်တစ်ခုတည်ဆောက်၍၊ သုတေသနပြုခဲ့သည်။ သူ၏အတွေးအခေါ်ကို *Temple of Nature (သဘာဝ၏ကျောင်းတော်)* ဟူသောစာအုပ်နှင့် *Zoonomia (ဇူးနိုမီယာ)*ခေါ်စာအုပ်နှစ်အုပ်တွင် ရှင်းပြထားသည်။ ၁၇၈၄–ခုနှစ်တွင် ဤအတွေးအခေါ်ကို ဖြန့်ဖြူးရန်အတွက် *Philosophical Society (အတွေးအခေါ်ဆိုင်ရာအသင်း)* ကို တည်ထောင်ခဲ့သည်။

နောင်နှစ်ပေါင်းများစွာတွင်၊ ချားလ်စ်ဒါဝင်က သူ၏အဘိုးရေးသားခဲ့သောအတွေးအခေါ်နှင့်လိုရင်းအချုပ်၏အကြမ်းဖျင်းဖော်ပြချက်များကို သူတင်ပြမည့်အီဗိုလူးရှင်းသီအိုရီအတွက် အမွေဆက်ခံယူခြင်းဖြစ်သည်။ ချားလ်စ်ဒါဝင်၏သီအိုရီသည်၊ သူ၏အဘိုးရေးဆွဲခဲ့သောတည်ဆောက်ပုံကို ထပ်မံချဲ့ထွင်လိုက်ခြင်းဖြစ်၍၊ အတွေးအခေါ်ဆိုင်ရာအသင်းက ဤသီအိုရီကို စိတ်ရောကိုယ်ပါ အများဆုံးထောက်ပံ့ခဲ့ပေသည်။[၁၀၁]




ZOONOMIA;
THE LAWS
ORGANIC LIFE.
IN THREE PARTS.
By ERASMUS DARWIN, M.D. F.R.S.

**ချားလ်စ်ဒါဝင်၏အဘိုး အီရက်စ်မာစ်ဒါဝင်သည်၊ "မာစတာမေဆွန်"ဖြစ်သည်။**
**အီရက်စ်မာစ်ဒါဝင်၏စာအုပ် *ဇူနိုမီယာ* တွင်၊ အီဗိုလူးရှင်းသီအိုရီ၏အခြေခံအုတ်မြစ် ချထားသည်။**

အတိုချုပ်၍ပြောရမည်ဆိုလျှင်၊ လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ အတွင်း တကမ္ဘာလုံး ဝါဒဖြန့်ခဲ့သည့် အီဗိုလူးရှင်းသီအိုရီဟု ကျွန်ုပ်သိထားကြသောသီအိုရီကို အစစ်အမှန်စတင်တီထွင်သူမှာ အီရက်စ်မာစ်ဒါဝင်ပင် ဖြစ်သည်။

အီရက်စ်မာစ်ဒါဝင်က အီဗိုလူးရှင်းအတွေးအခေါ်ကိုဘယ်ကရခဲ့သနည်း။ ဤအကြောင်းအရာကို သူဘယ်ကစတင်စိတ်ဝင်စားခဲ့သနည်း။

အသေးစိတ်လေ့လာကြည့်သောအခါ၊ အီရက်စ်မာစ်ဒါဝင်သည် မေဆွန်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်းသိရှိရသည်။ သာမန်ဖရီးမေဆွန်အဖွဲ့ဝင်သာမဟုတ်ဘဲ၊ အဖွဲ့၏အမြင့်ဆုံးအဆင့်ဖြစ်သော မာစတာမေဆွန်တစ်ဦးဖြစ်ကြောင်း ထပ်မံသိရှိရပေသည်။

သူသည်၊ စကော့တလန်နိုင်ငံ အီဒင်ဘာဂ်မှ အင်မတန်ကျော်ကြားသည့် ကင်နွန်ဂိတ်လော့ဂျ်မှ မာစတာမေဆွန်ဖြစ်သည်။[၁၀၂] ပြင်သစ်နိုင်ငံတော်လှန်ရေးကို ဖန်တီးသည့် ဂျက်ကိုဘင်မေဆွန်များနှင့်လည်းအလွန်ရင်းနှီး၍၊ ဘာသာရေးကို ရန်လိုဆန့်ကျင်ခြင်းကို အဓိကထားဖွဲ့စည်းထားသောအီလူမီနာတီခေါ် ဉာဏ်ပညာပွင့်လင်းခြင်းအသင်းသားများနှင့်လည်း အလွန်ခင်မင်ရင်းနှီးသူဖြစ်သည်။[၁၀၃] ထို့ကြောင့် အီရက်စ်မာစ်သည် ဥရောပတိုက်မှ ဘာသာရေးဆန့်ကျင်သည့် မေဆွန်ရီအဖွဲ့အစည်းများတွင် အလွန်အရေးပါသူတစ်ဦးဖြစ်ပေသည်။


အီရက်စ်မာစ်က သူ၏သားရောဘတ်(ချားလ်စ်ဒါဝင်၏ဖခင်)ကို ပညာသင်ပေး၍ မေဆွန်ရီလော့ဂျ်တွင်အဖွဲ့ဝင်တစ်ဦးဖြစ်အောင် ပျိုးထောင်ခဲ့သည်။[၁၀၄] ထို့ကြောင့်၊ ချားလ်စ်ဒါဝင်သည် သူ၏ဖခင်နှင့် အဘိုးတို့ထံမှ မေဆွန်အဖွဲ့၏ဩဝါဒများကို လက်ပူးလက်ကျပ်သင်ကြားခြင်းခံရ၍ ထိုဩဝါဒသင်ကြားချက်များကို အမွေအနှစ်ခံခဲ့ပေသည်။

အီရက်စ်မာစ်ဒါဝင်သည် သူ၏သီအိုရီကို သူ၏သားရောဘတ်က ထပ်မံတိုးပွား၍ ပုံနှိပ်ထုတ်ဝေရန်လိုလားခဲ့သည်။ သို့သော်လည်း သူ၏မြေးက ၎င်းတာဝန်ကို အပြည့်အဝထမ်းဆောင်ခဲ့ပေသည်။ နောင်နှစ်ပေါင်းအတန်ကြာသောအခါ အီရက်စ်မာစ်ဒါဝင်၏ *သဘာဝ၏*

*ကျောင်းတော်* စာအုပ်ကို ချားလ်စ်ဒါဝင်က ပြန်လည်စီစစ်တည်းဖြတ်ခဲ့သည်။ ဒါဝင်၏အတွေးအခေါ်မှာ၊ သိပ္ပံပညာအရ မည်သည့်လေးနက်မှုမျှမရှိပေ။ သူ၏အတွေးအခေါ်သည် သဘာဝသည် ဖန်ဆင်းနိုင်သောတန်ခိုးရှိသည်ဟု လက်ခံယုံကြည်သည့် သဘာဝအခြေပြုဝါဒ အတွေးအခေါ်ကို ထပ်မံတိုးချဲ့ဖော်ပြခြင်းသာ ဖြစ်ပေသည်။

## မေဆွန်ရီအဖွဲ့ဝင်များနှင့် သဘာဝအခြေပြုအတွေးအခေါ်
## MASONS AND THE NATURALIST PHILOSOPHY

သဘာဝ၏ရွေးချယ်မှုသီအိုရီကို ဒါဝင်က စတင်တီထွင်ကြံဆဖော်ထုတ်သောသီအိုရီဖြစ်သည်ဟု ကျွန်ုပ်တို့ကယူဆလာခဲ့ကြသော်လည်း၊ အမှန်စင်စစ်အားဖြင့် ၎င်းသီအိုရီကို ဒါဝင်၏အလျင် သိပ္ပံပညာရှင်အများအပြားတို့က တင်ပြခဲ့ဘူးပြီးဖြစ်သောသီအိုရီသာ ဖြစ်သည်။ သို့သော်လည်း ဒါဝင်မတိုင်မီကသိပ္ပံပညာရှင်တို့က ၎င်းသဘာဝ၏ရွေးချယ်မှုသီအိုရီကို ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ငြင်းခုံရာ၌ အသုံးမပြုခဲ့ကြပေ။ သူတို့က သက်ရှိအရာများ၏ မျိုးရိုးဇာတိပါပုံပျက်ခြင်းကိုကာကွယ်ရန်အတွက် ဖန်ဆင်းခြင်းတွင်ထည့်သွင်းထားသောအင်္ဂါအစိတ်အပိုင်းယန္တရားတစ်ခုအဖြစ်မြင်ကြသည်။ ကားလ်မာက့်စ်က ဟေဂျဲလ်၏ "အနုပဋိလောမ"ကို သူ၏အတွေးအခေါ်နှင့်ကိုက်ညီအောင် ဆွဲသုံးသည့်နည်းကဲ့သို့၊ ဒါဝင်ကလည်း ဖန်ဆင်းခြင်းကိုလေ့လာသူသိပ္ပံပညာရှင်များ၏ သဘာဝရွေးချယ်မှုသီအိုရီကို သဘာဝအခြေပြုအတွေးအခေါ်နှင့် ကိုက်ညီအောင် ဆွဲသုံးလိုက်ခြင်းဖြစ်သည်။



အဲလ်ဖရက် ရပ်ဆဲလ် ဝေါလေ့စ် နှင့် ချားလ်စ် ဒါဝင်

ထို့ကြောင့် အီဗိုလူးရှင်းသီအိုရီနှင့်ပတ်သက်၍ ဒါဝင်၏ပုဂ္ဂလိကပါဝင်ဆောင်ရွက်ချက်များကို အတိုင်းထက်အလွန်ချဲ့ထွင်ခြင်းမသင့်လျော်ပေ။ သူအသုံးပြုသောအတွေးအခေါ်ဆိုင်ရာခံယူချက်များကို ယွှင့်ယွှင်ကပေါ်ပေါက်ခဲ့သော သဘာဝအခြေပြုအတွေးအခေါ်ရှင်များက တီထွင်ကြံဆထားသော အတွေးအခေါ်သာဖြစ်သည်။ အမှန်မှာ ဒါဝင်က အီဗိုလူးရှင်းသီအိုရီကို မ

တင်ပြခဲ့ပါက သူနှင့်တစ်ချိန်တည်းမှ အခြားသူများက တင်ပြမည်သာဖြစ်သည်။ သူနှင့်တစ်ချိန်တည်းမှ အဲလ်ဖရက် ရပ်ဆဲလ် ဝေါလေ့စ် အမည်ရှိအင်္ဂလိပ်လူမျိုး သဘာဝအခြေပြုဝါဒီသိပ္ပံ



၁၃ပါးမြောက် ပုပ်ရဟန်းမင်းကြီး လီအို

ပညာရှင်တစ်ဦးကလည်း အီဗိုလူးရှင်းသီအိုရီကို တင်ပြခဲ့သည်။ ထို့ကြောင့် ဒါဝင်က သူရေးသားသော *မျိုးစုများ၏အစမူလ* စာအုပ်ကို ကမန်းကတန်းအလျင်စလို ပုံနှိပ်ထုတ်ဝေခဲ့သည်။

နောက်ဆုံးတွင် ထာဝရဘုရားသခင်နှင့် ဘာသာအယူဝါဒကို ဖျက်ဆီးပစ်၍၊ သဘာဝအခြေပြုအတွေးအခေါ်၊ သဘာဝအခြေပြုလူနေမှုစနစ်ဖြင့် လူတို့၏အသက်ရှင်နေထိုင်ရေးတွင် အစားထိုးရန် ခေတ်အဆက်ဆက် နှစ်ရှည်လများကြိုးပမ်းဆောင်ရွက်ခဲ့သောဇာတ်ခုံတွင် ဒါဝင်က ထင်ပေါ်လာခဲ့လေသည်။ ဤလုပ်ငန်းကြိုးပမ်းချက်၏နောက်ကွယ်ရှိ အထင်ရှားဆုံးအင်အားစုမှာ၊ ဟိုသိပ္ပံပညာရှင် ဒီသိပ္ပံပညာရှင်မဟုတ်မူဘဲ၊ မေဆွန်ရီအဖွဲ့သာလျှင်ဖြစ်သည်။ အတွေး

အခေါ်ရှင်အများအပြားနှင့် အာဘောင်အာရင်းသန်သည့် နိုင်ငံရေးသမားအမြောက်အမြားတို့သည်လည်း ၎င်းအဖွဲ့၏အဖွဲ့ဝင်များ ဖြစ်ကြသည်။

ဤအချက်ကို ထိုကာလမှ ခရစ်ယာန်ဘာသာဝင်အများအပြားက အသိအမှတ်ပြုခဲ့ကြသည်။ ကမ္ဘာ့ကာသောလိတ်ခရစ်ယာန်အသင်းဝင်တို့၏ ခေါင်းဆောင်ဖြစ်သော ပုပ်ရဟန်းမင်းကြီး ၁၃–ယောက်မြောက်လီအို၏ကျော်ကြားလှသော ၁၈၈၄–ခုနှစ်ထုတ် *လူသားမျိုးဗီဇ* အမည်ရှိအမိန့်စာကြေညာချက်တွင်၊ မေဆွန်ရီအဖွဲ့၏လှုပ်ရှားမှုနှင့်ပတ်သက်သော အရေးကြီးသည့် အချက်အများအပြားထည့်သွင်းဖော်ပြထားပေသည်။

ဤအချိန်ကာလတွင်၊ ဆိုးယုတ်ခြင်းအပေါင်းစုံတို့သည် **ဖရီးမေဆွန်ရီအဖွဲ့သားတို့**၏အင်တိုက်အားတိုက်ကျယ်ပြန့်စွာပေးသောအကူအညီဖြင့် အင်မတန်ပြင်းထန်စွာရုန်းကန်လှုပ်ရှားကြရန်အတွက် စုစည်းလာကြပုံပေါ်ပေသည်။ သူတို့၏ရည်ရွယ်ချက်များကို လျှို့ဝှက်နေခြင်းမရှိကြတော့ဘဲ၊ **ထာဝရဘုရားသခင်**ကို ရဲတင်းပွင့်လင်းစွာ သူပုန်ထ တော်လှန်နေကြလေပြီ။

--အဘယ့်ကြောင့်ဆိုသော်၊ ကမ္ဘာတစ်ဝှမ်းလုံးတွင် ခရစ်ယာန်သာသနာ၏သင်ကြားချက်နှင့်ကိုက်ညီသော နိုင်ငံရေးလူမှုရေးစနစ်များကို တော်လှန်ဖျက်ဆီးပစ်ပြီး၊ သူတို့၏အတွေးအခေါ်ဖြစ်သည့် **"သဘာဝအခြေပြုဝါဒမှ ထုတ်ယူရေးဆွဲသောအခြေခံဥပဒေနှင့် ဥပဒေစည်းမျဉ်းများ"**ကို အစားထိုးတည်ဆောက်ရန်ဖြစ်သည်ကို ရှင်းလင်းစွာ တွေ့မြင်နေရလေပြီ။[၁၀၅]

အထက်ပါကိုးကားချက်မှ တစ်ဆယ့်သုံးပါးမြောက်ပုပ်ရဟန်းမင်းကြီးလီအိုဖော်ပြသည့် ဘာသာအယူဝါဒက တည်ဆောက်ပေးထားသော ကိုယ်ကျင့်တရားကို အပြီးအပိုင်ဖျက်ဆီးပစ်ရန် ကြိုးပမ်းနေကြသည်ဟူသောအချက်သည် အရေးကြီးဆုံးအချက်ဖြစ်သည်။ မေဆွန်ရီအဖွဲ့က ဒါဝင်ဝါဒ၏အကူအညီဖြင့် မိုးကျကျမ်းဂန်များကိုငြင်းပယ်၍ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းမရှိဘဲ မည်သည့်ဒုစရိုက်အလုပ်ကိုဖြစ်စေ မတွန့်မဆုတ်လုပ်ဆောင်ကျူးလွန်နိုင်သည့် ကိုယ်ကျင့်တရားပျက်ပြားသောလူ့အဖွဲ့အစည်းကို တည်ဆောက်လိုခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြသည့် "သဘာဝအခြေပြုဝါဒမှ ထုတ်ယူရေးဆွဲသောအခြေခံဥပဒေနှင့် ဥပဒေစည်းမျဉ်းများ"ဆိုသည်မှာ ဤသို့သောလူမှုရေးပုံစံကို ဆိုလိုခြင်းဖြစ်သည်။


ဒါဝင်ကို အရှူးအမူးထောက်ခံအားပေးသော
သောမတ်စ် ဟပ်စ်လေ


ဒါဝင်ဝါဒသည် သူတို့၏ပန်းတိုင်သို့ရောက်အောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယူဆကြသဖြင့်၊ ဒါဝင်၏သီအိုရီကို အများလူထုထံသို့ဖြန့်ဖြူးရန် အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်းကြသည်။ ဒါဝင်၏သီအိုရီကို ပုံနှိပ်ထုတ်ဝေလိုက်သည်နှင့်တပြိုင်တည်း၊ အခမဲ့လုပ်အားပေးဝါဒဖြန့်သမားတို့က အုပ်စုလိုက်ဝိုင်းလည်ပတ်နေကြတော့သည်။ ၎င်းတို့အနက် ဒါဝင်၏"ခွေးဘီလူး"ဟုခေါ်ကြသော သောမတ်စ်ဟပ်စ်လေသည် အကျော်ကြားဆုံးဖြစ်သည်။ ဟပ်စ်လေက ဒါဝင်၏ အီဗိုလူးရှင်းသီအိုရီကို လျင်မြန် စွာလက်ခံ၍[၁၀၆] စိတ်ရောကိုယ်ပါအပြင်းအထန်ထောက်ခံအားပေးသည့်အပြင် ၁၈၆၀–ခုနှစ် ဇွန်လ ၃၀–ရက်နေ့တွင် အောက်စဖို့ဒ် တက္ကသိုလ်ရှေးဟောင်းပစ္စည်းပြတိုက်၌ အောက်စဖို့ဒ်မှ ဘိရှော့ဘ် ဆယ်မြူယဲလ် ဝီလ်ဘာဖို့စ်နှင့် စကားစစ်ထိုးယှဉ်ပြိုင်ခြင်းကပင် ဒါဝင်၏သီအိုရီကို တကမ္ဘာလုံးသို့ လျင်မြန်သောအရှိန်အဟုန်ဖြင့်ပျံ့နှံ့သွားစေသည့်တစ်ခုတည်းသောအကြောင်းရင်းဖြစ်သည်။

ဟပ်စ်လေ၏ အဆက်အသွယ်ဂုဏ်သိက္ခာနှင့်အတူ သူ၏အထူးတလည်အင်တိုက်အားတိုက်ဖြန့်ဖြူးမှုကြောင့် အီဗိုလူးရှင်းသီအိုရီသည် တဟုန်ထိုးလူသိများ၍ ခေတ်စားလာခြင်းဖြစ်သည်။ ဟပ်စ်လေသည် အင်္ဂလန်နိုင်ငံမှ ဂုဏ်သိက္ခာအမြင့်ဆုံးသိပ္ပံပညာဆိုင်ရာအဖွဲ့ဖြစ်သည့် ရော်ယဲလ်ဆိုဆိုင်တီအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ထိုအဖွဲ့၏အခြားအဖွဲ့ဝင်အားလုံးကဲ့သို့ပင်၊ သူလည်း အဆင့်မြင့်သောမေဆွန်[၁၀၇] တစ်ဦးဖြစ်သည်။ ရော်ယဲလ်ဆိုဆိုင်တီမှ အခြားအဖွဲ့ဝင်တို့ကလည်း ဒါဝင်ကို စာအုပ်ပုံနှိပ်ထုတ်ဝေခြင်းမပြုမီနှင့်ထုတ်ဝေပြီးချိန်များတွင် အင်တိုက်အားတိုက် ထောက်ပံ့အားပေးကြသည်။[၁၀၈] ဤမေဆွန်ရီအဖွဲ့က ထူးချွန်၍ဂုဏ်ပြုထိုက်သည်ဟု ယူဆသောသိပ္ပံပညာရှင်တို့အား နိုဘယ်လ်ဆုပေးသကဲ့သို့ ဒါဝင်ဆုတံဆိပ်အပ်နှင်းသည်အထိ ဒါဝင်နှင့်ဒါဝင်ဝါဒကို လက်ခံကြပေသည်။

အတိုချုံး၍ပြောရမည်ဆိုသော်၊ ဒါဝင်က တစ်ဦးတည်းဆောင်ရွက်ခဲ့ခြင်းမဟုတ်ပေ။ သူ၏သီအိုရီကို တင်ပြချိန်မှစ၍ အဓိကအခရာနေရာများတွင် မေဆွန်ရီအဖွဲ့ဝင်များသာ နေရာယူထားသည့် လူမှုရေးအဖွဲ့အစည်းများနှင့် လူမှုရေးအုပ်စုအားလုံးတို့က အင်တိုက်အားတိုက် ဝိုင်းဝန်းအားပေးထောက်ခံကြသည်။ မားက်စ်ဝါဒီအတွေးအခေါ်ရှင် အန်တွန်ပင်နီကုတ်က သူ၏ *မားက်စ်ဝါဒနှင့်ဒါဝင်ဝါဒ* ဟူသောစာအုပ်တွင်၊ ဥရောပတိုက်မှ အရင်းရှင်လူတန်းစား "ဘူဇွါ" တို့က ဒါဝင်ကို ထောက်ခံအားပေးခဲ့သည့်အရေးကြီးသောအချက်များကို ရေးသားထားပေသည်။

> မားက်စ်ဝါဒက လူတန်းစားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် အရေးကြီးသည့်အပိုင်းတွင်ပါဝင်ခဲ့ပုံကို အားလုံးက သိကြပြီးဖြစ်သည်။---ထိုနည်းတူ၊ အမှန်စင်စစ် ဒါဝင်ဝါဒသည်လည်း မားက်စ်ဝါဒကဲ့သို့ပင် ကြုံတွေ့ခဲ့ရသည်ကို မြင်နိုင်ရန်မခက်ခဲလှပါ။ ဒါဝင်ဝါဒသည် စိတ်ကူးသက်သက်သီအိုရီမဟုတ်တော့ဘဲ၊ ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးစမ်းသပ်ကြပြီးနောက် သိပ္ပံပညာလောကတွင် လက်ခံထားလိုက်သော သီအိုရီတစ်ခုဖြစ်သွားလေပြီ။ ဒါဝင်၏သီအိုရီ ထွက်ပေါ်လာလာချင်း စိတ်လိုက်မာန်ပါထောက်ခံအားပေးသူတို့ရှိသလို၊ သဲကြီးမဲကြီးဆန့်ကျင်သူတို့လည်း ရှိခဲ့ပေသည်။ ဒါဝင်ဝါဒ(ဒါဝင်သီအိုရီ)သည် လူတန်းစားရုန်းကန်လှုပ်ရှားမှုတွင် တကဏ္ဍအဖြစ် ပါဝင်ပေသည်။ ဤသို့သောပါဝင်ပတ်သက်မှုကြောင့် စိတ်အားထက်သန်စွာထောက်ခံအားပေးသူများနှင့် ပြင်းပြင်းထန်ထန်ဆန့်ကျင်သူတို့ ပေါ်ပေါက်လာရပေသည်။
>
> ဒါဝင်ဝါဒသည်၊ ဘူဇွါတို့က ပဒေသရာဇ်လူတန်းစား၊ အထက်တန်းမျုးမျိုးမတ်နွယ်များ၊ ဘုန်းတော်ကြီးများ၏ရပိုင်ခွင့်အာဏာနှင့် ပဒေသရာဇ်မြေရှင်များကို တော်လှန်ရာ၌ လက်နက်ယန္တရားအဖြစ် အသုံးပြုကြသည်။--ဘူဇွါတို့က သူတို့ရှေ့တွင်ကာဆီးနေသောစနစ်ဟောင်းအုပ်ချုပ်ရေးကို ဖျက်သိမ်းပစ်ရန်လိုလားကြသည်။--ဘူဇွါတို့၏တောင်းဆိုချက်များကို ဆန့်ကျင်စေသည့် ဘာသာရေးဘုန်းတော်ကြီးများ၏ လူထုအပေါ်ရှိသောဩဇာအာဏာကို ဖျောက်ဖျက်ပစ်လိုကြသည်။--
>
> သဘာဝအခြေပြုသိပ္ပံပညာသည် ယုံကြည်ချက်နှင့်ရိုးရာထုံးဓလေ့များကိုဆန့်ကျင်ရာ၌ လက်နက်တစ်ခုအဖြစ်အသုံးပြုကြသည်။ သိပ္ပံပညာနှင့်အသစ်အသစ်တွေ့ရှိသောသဘာဝအခြေပြုနိယာမများကို ရှေ့တန်းတင်ကြသည်။ ဘူဇွာတို့က ဤလက်နက်များဖြင့် တိုက်ခိုက်ကြသည်။---
>
> ဒါဝင်က လိုလားနေသည့်အချိန်တွင် အံကိုက်ရောက်လာသည်။ လူသားသည် အဆင့်နိမ့်သော တိရစ္ဆာန်မှဆင်းသက်လာသည်ဟူသောသီအိုရီသည် ခရစ်ယာန်သာသနာယုံကြည်ချက်တစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်သည်။ ဤအကြောင်းရင်းကြောင့် **ဒါဝင်ဝါဒထွက်ပေါ်လာလာချင်း၊ ဘူဇွာတို့က အင်တိုက်အားတိုက် ဖမ်းကိုင်လိုက်ကြခြင်းဖြစ်သည်။**
>
> ---ဤသို့သောအခြေအနေအောက်တွင်၊ လူတန်းစားလှုပ်ရှားရုန်းကန်မှုနှင့်ပတ်သက်၍ သိပ္ပံပညာဆိုင်ရာဆွေးနွေးပွဲများကိုပင် လှိုက်လှိုက်လှဲလှဲ နှစ်နှစ်ခြိုက်ခြိုက် ပြုလုပ်ကြလေသည်။ ထို့ကြောင့် ဒါဝင်ကိုထောက်ခံသည့်စာပေများနှင့် ဆန့်ကျင်သည့်စာပေများတွင်၊ ရေးသားသူတို့သည် သိပ္ပံပညာစာရေးဆရာများဖြစ်ကြသော်လည်း၊ စာသားများမှာ လူမှုရေးအင်္ဂါရပ်များနှင့်ပြည့်နေပေသည်။–[၁၀၉]

အန်တွန်ပင်နီကုတ်က မားက်စ်ဝါဒအရ လူတန်းစားဆန်းစစ်ခြင်းကိုပြုသောကြောင့်၊ ဒါဝင်ဝါဒ၏နောက်ကွယ်တွင်ရှိသောအင်အားစုကို "ဘူဇွာ"များဟု ထင်သည်။ သို့သော်လည်း၊ သမိုင်းသက်သေအထောက်အထားများအရ ထိုဘူဇွာတို့အတွင်း၌ အဖွဲ့အစည်းတစ်ခုက ဘာသာရေးကိုတိုက်ဖျက်နေကြသောစစ်ပွဲ၌ ဒါဝင်ဝါဒကို အသုံးပြုနေသည်ကို တွေ့ရှိရပေသည်။ ထိုအ



တစ်ဆယ့်ကိုးရာစုနှစ်မှ မဖြစ်စလောက်သောအထောက်အထားနှင့် ရေးကျနေသေးသည့် သိပ္ပံပညာ အဆင့်ကြောင့် ဒါဝင်၏သီအိုရီသည်၊ ထိုခေတ်မှအချို့သောလူများအတွက် ယုတ္တိရှိခဲ့ခြင်းဖြစ်သည်။

ဖွဲ့အစည်းမှာ မေဆွန်ရီအဖွဲ့ဖြစ်သည်။

ဤအချက်သည်၊ သမိုင်းအထောက်အထားအရရော မေဆွန်ရီအဖွဲ့မှအချက်အလက်ဇစ်မြစ်များအရပါ ထင်ရှားပေသည်။ ထိုဇစ်မြစ်များအနက်၊ မာစတာမေဆွန် ဆေလာမီ အီဆင်ဒါက်၏ *၁၉၆၂–ခုနှစ်ထုတ် ဖရီးမေဆွန်နှင့် လက်ခံထားသောမေဆွန်တို့အတွက်ထုတ်ဝေသော တူရကီဂရိတ်လော့ဂျ်နှစ်ပတ်လည်စာစောင်*မှ “အသိပညာနှင့်မေဆွန်ရီ၏ဖွံ့ဖြိုးတိုးတက်မှု အတွက်အဟန့်အတား”ဟူသောဆောင်းပါးပါအကြောင်းအချက်များဖြစ်သည်။ ဤဆောင်းပါး၏ အစပိုင်းတွင် ရှေးရိုးအတိုင်း ဘာသာအယူဝါဒဟူသည် လူသားတို့ကတီထွင်လာခဲ့သည့်စိတ်ကူးယဉ်ဖြစ်သည်၊ တစ်ပါးတည်းသောဖန်ဆင်းရှင်ကို ကိုးကွယ်ခြင်းသည် သိပ္ပံပညာနှင့်ဆန့်ကျင်သည်ဟု ရေးသားထားသည်။ ထို့နောက်၊ “သိပ္ပံပညာ”အရေခြုံ၍ ဘာသာအယူဝါဒကို တိုက်ခိုက်သည့်စစ်ပွဲကိုအမှန်တကယ်လှုံ့ဆော်သွေးထိုးပေးသူတို့အကြောင်းရေးသားထားသည်။

> ဤကဲ့သို့အသိပညာများကို ဖြန့်ဖြူးသည့် ရှန်းကန်လှုပ်ရှားမှုအဆင့်တိုင်းတွင် မေဆွန်ရီအဖွဲ့သားတို့ပါဝင်ဆင်နွှဲသည်ကို တွေ့ရှိရပေသည်။ အကြောင်းရင်းမှာ၊ မေဆွန်ရီအဖွဲ့ဝင်တို့သည်၊ ခေတ်တိုင်းတွင် ယုတ္တိရှိသောတွေးတောဆင်ခြင်ခြင်း၊ အသိပညာနှင့်ပြည့်စုံခြင်း၊ ပညာဉာဏ်ရည်ရင့်သန်ခြင်းစသည့် မြော်မြင်မှုများ၏လမ်းညွှန်မှုရှိခြင်းကြောင့်ဖြစ်သည်။ မေဆွန်ရီအဖွဲ့ကို စတင်ဖွဲ့စည်းချိန်မှစ၍၊ မေဆွန်ရီအဖွဲ့က စိတ်ကူးယဉ်ယုံကြည်မှုများနှင့် အယူသီးခြင်းများကို တိုက်ဖျက်လာခဲ့သည်။[၁၁၀]

မေဆွန်တို့က “အယူသီးခြင်းနှင့်စိတ်ကူးယဉ်”ဟု အခိုင်အမာဆိုခြင်းတွင် အမှန်စင်စစ်အားဖြင့် ဘာသာအယူဝါဒမဟုတ်ပေ။ သူတို့ဝိုင်းဝန်းထောက်ခံအားပေးမြှင့်တင်သည့် ရုပ်ဝါဒီ၊ သဘာဝအခြေပြုဝါဒီနှင့် အီဗိုလူးရှင်းဝါဒီတို့၏အခြေခံယုံကြည်ချက်ပင် ဖြစ်ပေသည်။ အရှင်းဆုံးသက်သေအထောက်အထားမှာ၊ သူတို့၏အတွေးအခေါ်သည် ရှေးဟောင်းအီဂျစ်နှင့် ဂရိလူမျိုးတို့၏တန်ဖိုးမဲ့အဓိပ္ပါယ်ကင်းမဲ့သော မိစ္ဆာဒိဋ္ဌိအယူဝါဒယဉ်ကျေးမှုကို ထပ်မံဖော်ထုတ်ခြင်းပင်ဖြစ်သည်။ ထိုရှေးဟောင်းမိစ္ဆာဒိဋ္ဌိအယူဝါဒအတွေးအခေါ်များကို ခေတ်သစ်သိပ္ပံပညာတွေ့ရှိချက်များက ပယ်ဖျက်ပြီးဖြစ်သည်။

သိပ္ပံပညာအချက်အလက်များနှင့် မေဆွန်ရီအဖွဲ့ဝင်တို့၏ အသက်နှင့်ပတ်သက်သော ယုံကြည်ချက်ကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ဤအချက်နှင့်ပတ်သက်၍ ယတိပြတ်ဆုံးဖြတ်နိုင်ပေသည်။

## မေဆွန်ရီအဖွဲ့၏ အသက်၏မူလဘူတသီအိုရီ

## THE MASONIC THEORY OF THE ORIGINS OF LIFE

အထက်တွင်ကျွန်ုပ်တို့ဆိုခဲ့သည့်အတိုင်း၊ အီဗိုလူးရှင်းသီအိုရီက သက်ရှိသတ္တဝါများသည်၊ ဖန်ဆင်းခြင်းကြောင့် ပေါ်ပေါက်လာခဲ့ခြင်းမဟုတ်ဘဲ၊ သဘာဝဥပဒေသများနှင့် တိုက်ဆိုင်မှုများကြောင့် ပေါ်ပေါက်လာသည်ဟု အခိုင်အမာဆိုထားသည်။ ဤသီအိုရီကို သိပ္ပံနည်းကျကျစမ်းသပ်မည်ဆိုလျှင်၊ ဤအဆိုအတိုင်းဖြစ်ပေါ်လာနိုင်သည့်ဖြစ်စဉ်အဆင့်တိုင်းကိုကြည့်ရပေမည်။ ထိုကဲ့သို့သောဖြစ်စဉ်သည် အတိတ်ကာလတွင်အမှန်တကယ်ဖြစ်ခဲ့ခြင်းရှိမရှိ၊ ဖြစ်ပေါ် နိုင်သည့် အလားအလာရှိမရှိ စသည့်အချက်များကိုဆန်းစစ်ရပါမည်။

ဤဖြစ်စဉ်တွင် ပထမဦးဆုံးအဆင့်သည်၊ သက်မဲ့ဒြပ်ပစ္စည်းသည် သက်ရှိပစ္စည်းတစ်ခုအဖြစ်သို့ပြောင်းလဲလာနိုင်ခြင်း သို့မဟုတ်ပြောင်းလဲပေးနိုင်ခြင်းရှိမရှိဟူသော အနုမာန(အဆိုကြမ်း)အခြေအနေဖြစ်သည်။

၎င်းအခြေအနေကိုမဆန်းစစ်မီ၊ ဇီဝဗေဒတွင် ပါစကျာ၏လက်ထက်မှစတင်၍ စီစဉ်လက်ခံလာခဲ့သော "သက်ရှိပစ္စည်းသည် သက်ရှိပစ္စည်းမှလာ၏" ဟူသောနိယာမကို ပြန်လည်သုံးသပ်ရပါမည်။ ဤနိယာမ၏အဆိုမှာ၊ သက်ရှိပစ္စည်းတစ်ခုသည် အခြားသက်ရှိပစ္စည်းတစ်ခုမှသာလျှင် ဖြစ်ပေါ်လာနိုင်သည်ဟု ဆိုလိုသည်။ ဥပမာ၊ ကျောရိုးရှိတိရစ္ဆာန်များသည် မိခင်မှမွေးဖွားလာသည်။ အခြားတိရစ္ဆာန်အမြောက်အမြားသည် ဥမှပေါက်လာကြသည်။ အပင်များသည် ထိုအပင်၏မျိုးစေ့မှ ပေါက်လာသည်။ ဆဲလ်တစ်ခုသာရှိသောသက်ရှိပစ္စည်းဖြစ်သည့် ဘက်တီးရီးယားများသည် ဆဲလ်ကွဲထွက်၍ များပြားလာသည်။

ဤနိယာမနှင့်ဆန့်ကျင်သည့် အဖြစ်အပျက် တစ်ခုမှမတွေ့ခဲ့ကြချေ။ လူ့သမိုင်းတစ်လျှောက်လုံးတွင် သက်မဲ့ပစ္စည်းမှသက်ရှိပစ္စည်းပေါ်ပေါက်လာသည်ကို မည်သူကမျှမတွေ့မြင်ခဲ့ဘူးပေ။ ရှေးဟောင်းအီဂျစ်နှင့်ဂရိနိုင်ငံတို့နှင့် အလယ်ခေတ်များတွင် ထိုအခြင်းအရာများကို တွေ့မြင်ရသည်ဟုတော့ ဆိုကြသည်။ အီဂျစ်လူမျိုးတို့က ဖါးများသည် နိုင်းမြစ်ရှိရွှံ့မြေများမှ ပေါ်ပေါက်လာသည်ဟုဆိုသည်။ ထိုယုံကြည်ချက်ကို ဂရိလူမျိုးတို့၊ ဥပမာ ရှေးဟောင်းဂရိအတွေးအခေါ်ရှင် အရစ္စတိုတယ်လ်ကလည်း ဆက်လက်ယုံကြည်ထိန်းသိမ်းလာခဲ့ကြသည်။ အလယ်ခေတ်များတွင် ကြွက်ကလေးများသည် စပါးကျီတွင်းရှိဂျုံများမှ အလိုလိုပေါက်ဖွားလာသည်ဟု ယုံကြည်ကြသည်။ ထိုယုံကြည်ချက်များသည် နောက်ဆုံးတွင် မှားယွင်းကြောင်း၊ ပညာမဲ့ခြင်းသာဖြစ်ကြောင်း ကျော်ကြားလှသည့် ပါစကျာ၏ ၁၈၆၀–ခုနှစ်လက်တွေ့စမ်းသပ်ချက်များက သက်သေထူလိုက်လေသည်။ ပါစကျာက သက်ရှိပစ္စည်းများ၏အခြေခံအကျဆုံးအနိမ့်ဆုံးဖြစ်သည့် ဘက်တီးရီးယားများသည်ပင်လျှင် မိခင်ဆဲလ်မရှိဘဲ အလိုလိုပေါက်လာခြင်းမဖြစ်နိုင်ကြောင်း သက်သေပြပြီးဖြစ်သည်။ အချုပ်မှာ သက်မဲ့ပစ္စည်းသည် သက်ရှိပစ္စည်းဖြစ်ပေါ်စေနိုင်ခြင်းမရှိဟု ဆိုလိုခြင်းဖြစ်သည်။

သို့သော်လည်း၊ အီဗိုလူးရှင်းသီအိုရီသည် မဖြစ်နိုင်သောအရာတွင် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သက်ရှိပစ္စည်းများသည် ဖန်ဆင်းရှင်မရှိဘဲ ပေါ်ပေါက်လာသည်ဟုဆိုသည်။ ထို့ကြောင့် သက်ရှိပစ္စည်းများသည် သူ့အလိုလိုတိုက်ဆိုင်၍ ပေါ်ပေါက်လာသည်ဟူသောအဆိုကို ဤဇာတ်လမ်း၏ ပထမအဆင့်အဖြစ်တင်ပြရပေတော့သည်။

ဒါဝင်က အသက်၏မူလဘူတနှင့်ပတ်သက်၍ သူကိုယ်တိုင်အသိနည်းပါးလွန်းသော်လည်း၊ ကြိုးစား၍ ဖေါ်ပြခဲ့သည်။ သက်ရှိအရာသည် ပထမဦးစွာ "နွေးထွေးသောရေအိုင်ငယ်ငယ်"[၁၁၁]တွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပေမည်ဟု သူကဆိုသည်။ သို့သော်လည်း၊ သူ့နောက်



ခေတ်နောက်ကျ၍ အခြေခံမျှသာရှိသေးသောသိပ္ပံပညာကြောင့် အရစ်တိုတယ်၏ဒဏ္ဍာရီပုံပြင်ဆန်သည့်တင်ပြချက်များကို မေဆွန်ရီစာပေများတွင် ယနေ့ထိ လက်ခံနေသေးသည်။

လိုက်သားတို့က ဤအချက်ကို များစွာချဲ့ထွင်ပြောဆို ရန်မဝန့်မရဲကြချေ။ နောင်နှစ်ဆယ်ရာစုနှစ်အတွင်းတလျှောက်လုံး အသက်၏မူလဘူတကို အီဗိုလူးရှင်း သီအိုရီနည်းဖြင့် ရှင်းပြနိုင်ရန် အပတ်တကုတ်ကြိုးပမ်းကြသော်လည်း၊ သူတို့၏ကြိုးပမ်းချက်များသည် သူတို့ကို ပို၍ချောင်ပိတ်မိစေတော့သည်။ အီဗိုလူးရှင်းဝါဒီတို့က အသက်၏အစမူလဘူတကို သိပ္ပံနည်းအရရှင်းပြနိုင်ခြင်းမရှိသည်သာမက၊ သက်မဲ့ဒြပ်မှ သက်ရှိပစ္စည်းပေါ်ထွန်းလာခြင်းကို သီအိုရီအတွေးအခေါ်အရပင် ရှင်းပြနိုင်ခြင်းမရှိကြတော့ချေ။ အဘယ့်ကြောင့်ဆိုသော်၊ သက်ရှိဆဲလ်တစ်ခုလုံးကို မဆိုထားဘိ၊ အလွယ်ကူဆုံးဖြစ်သည့် ဆဲလ်တစ်ခုသာပါသောအခြေခံပစ္စည်းပင်လျှင် အင်မတန်ရှုပ်ထွေးသောဖွဲ့စည်းမှုရှိနေပေသည်။ ဆဲလ်တစ်ခု၏အခြေခံအပိုင်းဖြစ်သည့် ပရိုတင်း–ဒီအင်အေ သို့မဟုတ် အာရ်အင်အေ–တို့ပင်လျှင် သင်္ချာသဘောအရ သူ့အလိုလို တိုက်ဆိုင်မှုဖြင့် ပေါ်ပေါက် လာရန် လုံးဝမဖြစ်နိုင်ချေ။

အသက်သည် မတော်တဆတိုက်ဆိုင်၍ ပေါ်ပေါက်လာနိုင်သည့်ဖြစ်နိုင်ဘွယ်အခွင့်အလမ်းသည် သင်္ချာနည်းအရ သုညဖြစ်ခြင်းအချက်တစ်ချက်တည်းက အစီအစဉ်ပြုလုပ်ထားခြင်းရှိသည်၊ တစ်နည်းအားဖြင့် ဖန်ဆင်းထားသည်ဟူသောအချက်ကို သက်သေထူလျက်ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ အလွန်ကျော်ကြားသော အင်္ဂလိပ်လူမျိုးနက္ခတ္တဗေဒပညာရှင်/သင်္ချာပညာရှင် ဖရက် ဟွဲလ်က အောက်ပါအတိုင်း ဝေဖန်ထားသည်။

(အသက်သည် အသိဉာဏ်တစ်ခုက စီမံစီစဉ်ထားသည်)ဟူသောအချက်သည် အလွန်တရာထင်ရှားနေသောကြောင့် အလိုလိုသိနိုင်သောအထောက်အထားများဖြစ်နေသော်လည်း အဘယ့်ကြောင့်ကျယ်ပြန့်စွာလက်မခံကြသည်ကိုမူ အံ့သြဖွယ်ဖြစ်နေပေသည်။ အကြောင်းရင်းမှာ စိတ်ပိုင်းဆိုင်ရာသာဖြစ်၍ သိပ္ပံပညာနှင့် မသက်ဆိုင်တော့ပေ။[၁၁၂]

ဟွဲလ်ဖေါ်ပြသည့် "စိတ်ပိုင်းဆိုင်ရာအကြောင်းရင်း"မှာ အီဗိုလူးရှင်းဝါဒီတို့၏ ငြင်းပယ်ရန်စိတ်ပိုင်းဖြတ်ချက်သာ ဖြစ်သည်။ ထာဝရဘုရားသခင် (အလ္လာဟ်အရှင်မြတ်)တည်ရှိခြင်းကိုဦးတည်သည့် သိပ္ပံပညာတိုးတက်မှုမှမည်သည့်တွေ့ရှိချက်ကိုမဆို ငြင်းပယ်ပစ်ရန် သူတို့ကိုယ်ကို ကြိုတင်ကန့်သတ်ထားပြီးဖြစ်သည်။

အီဗိုလူးရှင်းသီအိုရီနှင့်ပတ်သက်၍ ကျွန်ုပ်တို့ရေးသားသောအခြားစာအုပ်များတွင်၊ အီဗိုလူးရှင်းဝါဒီတို့တင်ပြသောယူဆချက်များက ဖန်ဆင်းရှင်ထာဝရဘုရားသခင်ရှိခြင်းကိုငြင်းပယ်ရန်သက်သက်တင်ပြထားကြောင်းနှင့် တရားမဝင်မမှန်ကန်ကြောင်း အများအပြားဖော်ပြထားပါသည်။ သို့သော်လည်း၊ ဤနေရာတွင် မေဆွန်ရီလော့ဂျ်များက ဤကိစ္စနှင့်ပတ်သက်၍ မည်သို့သောအမြင်ရှိကြသည်ကို အဓိကထားဖော်ပြပါမည်။ "အသက်ကို ပညာဉာဏ်နှင့်ပြည့်စုံသောဖန်ဆင်းရှင်က ဖန်ဆင်းထားသည်"ဟူသောအချက်သည်၊ အလွန်တရာထင်ရှားနေသော်ငြားလည်း မေဆွန်ရီအဖွဲ့ဝင်တို့က မည်သို့ယူဆကြသနည်း။

မာစတာမေဆွန် ဆေလာမီ အီဆင်ဒါက်က မေဆွန်ရီအဖွဲ့ဝင်များအတွက် ရေးသားထုတ်ဝေသော သူ၏ *Evrim Yolu* (အီဗိုလူးရှင်းလမ်းစဉ်) ခေါ်စာအုပ်တွင် ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားသင်ကြားချက်၏ အရေးကြီးဆုံးအင်္ဂါရပ်မှာ၊ ယုတ္တိရှိရှိစဉ်းစားဆင်ခြင်ခြင်းမူဝါဒမှ ကင်းကွာခြင်းမရှိဘဲ၊ ဘုရားတရားယုံကြည်မှု၏ မရေရာခြင်း၊ လျှို့ဝှက်အဓိပ္ပါယ်များနှင့် တစ်ယူသန်ခြင်းထဲသို့တိုးဝင်မိခြင်းမရှိရန် ဖြစ်သည်။ ပထမဦးဆုံးအသက်သည် ကျွန်ုပ်တို့ယနေ့အချိန်တွင် မဖော်ထုတ်နိုင်သေးသည့်အခြေအနေတွင်း၌ရှိသော (ကသိုဏ်းဖန်လုံးကဲ့သို့သော)ပုံဆောင်ခဲတွင် စတင်ဖြစ်ပေါ်လာခဲ့သည်။ သက်ရှိအရာများသည် အီဗိုလူးရှင်းနိယာမများအတိုင်း မွေးဖွားပေါ်ပေါက်၍ တဖြေးဖြေးချင်း ကမ္ဘာမြေပြင်ပေါ်တွင် ပျံ့နှံ့လာခဲ့သည်။ ထို့နောက်၊ ယနေ့လက်ရှိလူသားများသည် အီဗိုလူးရှင်းကြောင့် အသိတရားနှင့် ဉာဏ်ပညာပိုင်းတွင် အခြားတိရစ္ဆာန်များထက်ပိုမိုတိုးတက်ဖွံ့ဖြိုးလာခဲ့သည်။[၁၁၃]

အထက်ပါကိုးကားချက်တွင် အကြောင်းတရားနှင့်အကျိုးတရားတို့ကို သတိမူရပါမည်။ အီဆင်ဒါက်က မေဆွန်ရီ၏အရေးကြီးဆုံးအင်္ဂါရပ်မှာ ဘုရားတရားယုံကြည်မှု–ဆိုလိုရင်းမှာ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)–ကို ပစ်ပယ်ရန်ဖြစ်သည်ဟု ဆိုသည်။ ဤသည့်နောက် ချက်ချင်းပင် "ဤအခြေခံပေါ်တွင်" အသက်သည် သက်မဲ့ပစ္စည်းမှပေါ်ပေါက်လာသည်ဟု အတည်တကျ တင်ပြသည်။ သည့်နောက်တွင် အီဗိုလူးရှင်းဖြစ်ပေါ်လာပြီး လူသားများပေါ်ပေါက်လာခဲ့သည်ဟု ဆက်လက်၍ အခိုင်အမာဆိုထားသည်။

အီဆင်ဒါက်က အီဗိုလူးရှင်းသီအိုရီကို ထောက်ခံသည့်သက်သေသာဓကတစ်ခုမျှတင်ပြထားခြင်းမရှိသည်ကို သတိပြုရပါမည်။ "ကျွန်ုပ်တို့ ယနေ့အချိန်တွင် မဖော်ထုတ်နိုင်သေးသည့်အခြေအနေတွင်း၌ရှိသော ကသိုဏ်းဖန်လုံးကဲ့သို့သောပုံဆောင်ခဲတွင် စတင်ဖြစ်ပေါ်လာခဲ့သည်။"ဟူသောသိပ္ပံပညာကို မှီခိုသည့်စကားများသာရှိပြီး၊ အီဆင်ဒါက်၏အဓိက တင်ပြချက်မှာ အီဗိုလူးရှင်းသီအိုရီ၏ ဘာသာအယူဝါဒကိုလက်မခံပစ်ပယ်ရန်သာ ဖြစ်သည်။

တစ်နည်းဆိုသော်၊ မေဆွန်ရီအဖွဲ့ဝင်တို့သည် ထာဝရဘုရားသခင်ရှိခြင်းကိုလက်မခံသောကြောင့် အီဗိုလူးရှင်းဝါဒီဖြစ်လာကြသည်။ ဤသည်ပင် သူတို့က အီဗိုလူးရှင်းသီအိုရီကိုလက်ခံခြင်း၏ တစ်ခုတည်းသောအကြောင်းရင်းဖြစ်သည်။

တူရကီနိုင်ငံမှ မေဆွန်ရီအဖွဲ့ဝင်အဆင့် ၃၃ မှပုဂ္ဂိုလ်တို့ဖွဲ့စည်းသော "တူရကီနိုင်ငံ၏မဟာကောင်စီ"၏အခြေခံဖွဲ့စည်းပုံစည်းမျဉ်းဥပဒေတွင်၊ အီဗိုလူးရှင်းစိတ်ကူးယဉ်ဇာတ်လမ်းကို ထပ်မံဖော်ပြထားပေသည်။ မေဆွန်ရီတို့ ဖန်ဆင်းခြင်းကိုငြင်းပယ်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းပြထားပေသည်။

> ရှေးအခါ နှစ်ပေါင်းများစွာလွန်လေပြီးသောကမ္ဘာဦးကာလတွင် ဩဂဲနစ်ဖြစ်စဉ်ကြောင့် ဩဂဲနစ်သက်ရှိပစ္စည်းပေါ်ပေါက်လာခဲ့သည်။ ဆဲလ်များပါရှိသည့် အင်္ဂါအစိတ်အပိုင်းများဖြစ်ပေါ်လာရန်အတွက်၊ ဆဲလ်များသည် အုပ်စုဖွဲ့ရန် စုရုံးလာကြသည်။ ထို့နောက် အသိတရားဖြုန်းကနဲပေါ်ပေါက်လာ၍ လူသားများ မွေးဖွားလာလေသည်။ ဘယ်ကပေါ်လာသနည်း။ ကျွန်ုပ်တို့က မိမိကိုယ်ကို အဆက်မပြတ်ဤမေးခွန်းထုတ်နေကြသည်။ ထာဝရဘုရားသခင်က ပုံစံမရှိသောရွှံ့ခဲတွင် အသက်သွင်းပေးလေသလား။ **သဘာဝမကျသည့်ဖန်ဆင်းခြင်းကို ကျွန်ုပ်တို့ လက်မခံဘဲငြင်းပယ်ပစ်သည်။ လူသားကို ပယ်ပထားသည့် ဖန်ဆင်းခြင်းမျိုးကို လက်မခံပါ။** အသက်နှင့် ၎င်း၏မျိုးဆက်များရှိနေခြင်းကြောင့်၊ မျိုးရိုးဗီဇအစဉ်အဆက်ကို လိုက်ကြည့်၍၊ ၎င်းအချင်းအရာကို ခံစားခြင်း၊ သဘော

> ပေါက်ခြင်းနှင့်သိရှိခြင်းရှိလာအောင် ရှင်းပြသည့် ဘီးကဲ့သို့လည်ပတ်နေသည့်အရာရှိရမည်။ ၎င်းမှာ ကြီးကျယ်သော "ခုန်ကူးခြင်း"ဖြစ်သည်။ ဖွံ့ဖြိုးပြောင်းလဲနေသည့်ကာလအတွင်း အင်မတန်မြန်ဆန်သော အဆောတလျင်ပြောင်းလဲမှုတစ်ခုခုက အသက်ဖြစ်ပေါ်လာခြင်းဖြစ်စဉ်ကို ကာလအဆင့်တစ်ခုမှနောက်အဆင့်သို့ ခုန်ကူးသွားခြင်းရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြရပါမည်။[၁၁၄]

ဤနေရာတွင် မေဆွန်ရီအဖွဲ့ဝင်တို့၏ အယူသန်ခြင်းကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။ "လူသားကို ပယ်ပထားသည့် ဖန်ဆင်းခြင်းမျိုးကို လက်မခံပါ"ဟုဆိုခြင်းသည်၊ လူသားပဓါနအခြေပြုဝါဒမှ "လူသားသည် ရှိရှိသမျှသက်ရှိသတ္တဝါများအားလုံးထက် အမြင့်ဆုံးအဆင့်ရောက်လေပြီ"ဟူသော အယူသီးမှုကို ထပ်မံဖော်ပြခြင်းသာဖြစ်သည်။ ထို့နောက် မေဆွန်တို့က အခြားနည်းဖြင့် ရှင်းပြချက်မှန်သမျှကို ပယ်ချသည်ဟု ထပ်၍ကွန့်ထားသည်။ "သဘာဝမကျသည့်ဖန်ဆင်းခြင်း"ဟုဆိုခြင်းသည်၊ သက်ရှိအရာများကို ထာဝရဘုရားသခင်က ဖန်ဆင်းခြင်းကို ဆိုလိုသည်။ ထာဝရဘုရားသခင်(အလ္လာဟ်အရှင်မြတ်)၏ ဖန်ဆင်းခြင်းကို အားလုံးထက်ဦးစွာ ပစ်ပယ်ထားခြင်းဖြစ်သည်။ (အမှန်မှာ မေဆွန်ရီအဖွဲ့ဝင်တို့၏ ခံယူချက်သည်သာလျှင် သဘာဝမကျပေ။ သိပ္ပံနည်းကျကျ လက်တွေ့စမ်းသပ်ခြင်းနှင့် စနစ်တကျစောင့်ကြည့်မှတ်သားခြင်းများကို ထည့်မတွက်တော့ဘဲ၊ လူသားအပါအဝင် ကမ္ဘာမြေပေါ်ရှိ သက်ရှိပစ္စည်းအားလုံးသည်၊ သက်မဲ့ပစ္စည်းဖြစ်သော ဒြပ်ဝတ္ထုမှ တိုက်ဆိုင်ခြင်းဖြင့် ဖြစ်ပေါ်လာသည်ဟု ယုတ္တိယုတ္တာကင်းမဲ့သောယုံကြည်ခြင်းကသာလျှင် သဘာဝမကျမှုမမှန်သော ယုံကြည်ချက်ဖြစ်သည်။) မေဆွန်တို့၏ ရှင်းလင်းချက်များတွင် သိပ္ပံပညာအရသက်သေထူထားခြင်း တစ်ခုမျှမပါသည်ကို သတိမူသင့်ပါသည်။ "သိပ္ပံပညာအရ သက်သေထူထားပြီးဖြင့်၊ ဖန်ဆင်းခြင်းကိုပစ်ပယ်သည်"ဟု မေဆွန်တို့ပြောဆိုခြင်းမရှိချေ။ အမှန်စင်စစ် သူတို့သည် အတွေးအခေါ်ပိုင်းဆိုင်ရာ အယူသန်ခြင်းကြောင့် အမှန်တရားကို မမြင်နိုင်စွမ်းသည့် မျက်ကန်းမျက်ကွယ်များဖြစ်နေကြသည်။

မေဆွန်ရီအဖွဲ့စာပေများတွင် ဤယုံကြည်ချက်ကို ထပ်တလဲလဲဖော်ပြကြသည်။ မာစတာမေဆွန်ဆေလာမီ အီဆင်ဒါက်က "**သဘာဝမှလွဲ၍ ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏အတွေးအခေါ်နှင့် လုပ်ဆောင်ချက်ကို တာဝန်ယူလမ်းညွှန်သည့် မည်သည့်စွမ်းအားမျှမရှိ**"ဟုဆိုသည်။ ထို့နောက်၊ "**အသက်သည် တစ်ခုတည်းသောဆဲလ်မှစတင်၍၊ အီဗိုလူးရှင်းပြောင်းလဲမှုအမျိုးမျိုးကြောင့်၊ ယနေ့အခြေအနေအထိ ရောက်ရှိလာသည်။**"[၁၁၅] ဟု ထပ်မံဖြည့်လိုက်သည်။ နောင်တွင် မေဆွန်ရီအဖွဲ့ဝင်တိုင်းအတွက် အီဗိုလူးရှင်းသီအိုရီသည် မည်သို့အဓိပ္ပါယ်သက်ရောက်ကြောင်း အကျဉ်းချုံးထားသည်။

> အီဗိုလူးရှင်းအမြင်အရ၊ လူသားတို့သည် တိရစ္ဆာန်များနှင့် ထူးမခြားနားကြချေ။ လူသားဖြစ်လာစေသည့် အီဗိုလူးရှင်အင်အားများသည် တိရစ္ဆာန်များဖြစ်လာစေသည့်အင်အားများနှင့် အထူးတလည်ထူးခြားခြင်း မရှိပေ။[၁၁၆]

ဤအဆိုကပင်၊ မေဆွန်ရီအဖွဲ့ဝင်တိုက အီဗိုလူးရှင်းသီအိုရီကို မည်မျှတွယ်တာနေကြသည်ကို ဖော်ပြလျက်ရှိပေသည်။ သူတို့၏အဓိကရည်ရွယ်ချက်မှာ၊ လူသားအား ဖန်ဆင်းထားခြင်းမဟုတ် ဟူသောယူဆချက်ကို ကာကွယ်၍၊ သူတို့၏ လူသားပဓါနအခြေပြုဝါဒသာ မှန်ကန်ကြောင်းတင်ပြလိုခြင်းဖြစ်သည်။ လူသားကိုဖန်ဆင်းထားခြင်းမဟုတ်ဟု ငြင်းဆိုနိုင်သည့် အချက်များကို အီဗိုလူးရှင်းသီအိုရီတွင်သာလျှင် တီထွင်ဖော်ပြထားသည်။ ထို့ကြောင့် မေဆွန်ရီအဖွဲ့ဝင်တို့အနေဖြင့်၊ အီဗိုလူးရှင်းသီအိုရီ မည်သည့်အခြေသို့ပင် ဆိုက်နေသော်လည်း၊ လူ့အဖွဲ့အစည်းတွင် ဆက်လက်ဖြန့်ဖြူးနေကြခြင်းဖြစ်သည်။

ဤအချက်ကပင်၊ ထာဝရဘုရားသခင်ကို ယုံကြည်သူတို့အား တစ်ယူသန်သည်ဟု မပြတ်မစဲစွပ်စွဲနေကြသည့်မေဆွန်ရီအဖွဲ့ဝင်တို့သည်၊ သူတို့ကိုယ်တိုင်က တစ်ယူသန်များဖြစ်နေကြပေသည်။

# မေဆွန်ရီအဖွဲ့ဝင်များက ဟေကဲလ်ကိုမှားယွင်းစွာထောက်ခံခြင်း
# The Mason's False Support of Haeckel

မေဆွန်ရီအဖွဲ့စာပေများကို ကြည့်ခြင်းဖြင့်၊ အီဗိုလူးရှင်းသီအိုရီကို သူတို့၏မျက်စိမှိတ်ထောက်ခံခြင်းအပြင်၊ အကြီးအကျယ်အသိကင်းမဲ့ခြင်းကို အံ့အားသင့်ရပေသည်။ ဥပမာ၊ တူရကီနိုင်ငံမှ မေဆွန်ရီအဖွဲ့စာပေများကို စစ်ဆေးကြည့်ရှုသောအခါ၊ နှစ်ဆယ်ရာစုနှစ်စောစောပိုင်းကတည်းက မှားယွင်းကြောင်း သက်သေထူခဲ့ပြီးသောအီဗိုလူးရှင်းသီအိုရီအဆိုများကို လိုက်လိုက်လဲ့လဲ့ ကာကွယ်နေကြသည်ကို တွေ့ရပေသည်။ ၎င်းတို့အနက် ဟေကဲလ်၏ သန္ဓေသားလောင်းနှင့် ပတ်သက်သော သီအိုရီကို မေဆွန်ရီစာပေအားလုံးလိုလိုတွင် ဖေါ်ပြနေကြဆဲ ဖြစ်သည်။

ဓာတ်လမ်းက၊ ဒါဝင်နှင့်ရင်းနှီး၍ ဒါဝင်ကိုထောက်ခံအားပေးသောဂျာမန်လူမျိုး ဇီဝဗေဒပညာရှင် အန်းစ် ဟေကဲလ်အကြောင်း ဖြစ်သည်။ ဒါဝင်သေဆုံးပြီးနောက် အီဗိုလူးရှင်းသီအိုရီကို ထောက်ခံအားပေးရာ၌ အကျော်ကြားဆုံးပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ အီဗိုလူးရှင်းသီအိုရီကိုတရားဝင်စေရန်အတွက်၊ သက်ရှိသတ္တဝါအများအပြား၏ သန္ဓေသားများကို လေ့လာခဲ့သည်။ ထို့နောက်၊ သက်ရှိသတ္တဝါများအားလုံး၏သန္ဓေသားများသည် ဆင်တူကြ၍၊ အစဦးပိုင်းတွင် မပြောပလောက်သော ပြောင်းလဲမှုစတင်ဖြစ်ပေါ်သည်ဟု အဆိုတင်သွင်းလေသည်။ သူ၏အဆိုကို အထောက်အကူပြုရန် သန္ဓေသားအမြောက်အမြား၏ပုံများကို ရေးဆွဲ၍ နှိုင်းယှဉ်ပြလေသည်။ ၎င်းအထောက်အထားပုံများဖြင့် နှစ်ဆယ်ရာစုနှစ်ထက်ဝက်ပိုင်းလောက်တွင် လူအများကို ဆွဲဆောင်နိုင်ခဲ့လေသည်။

ကျွန်ုပ်တို့ဖေါ်ပြခဲ့သည့်အတိုင်း၊ မေဆွန်ရီအဖွဲ့ဝင်တို့က ဤသန္ဓေသားစာတမ်းကို အလွန်အမင်းအလေးထားကြပေသည်။ မာစတာ နာကီ ချေဗတ် အက်ကာမန်က *မီမာရ်ဆေနန်မဂ္ဂဇင်း*၌ရေးသားသောသူ၏ "မှန်ကန်သောခံယူချက်နှင့် မေဆွန်ရီအဖွဲ့၏မူဝါဒ" ဟူသောဆောင်းပါးတွင်၊ ဤစာတမ်းကို သိပ္ပံ"နိယာမ" ဖြစ်သည်ဟု တင်ပြထားပေသည်။ ဆိုလိုရင်းမှာ အငြင်းပွားခြင်းမရှိတော့သည့် သိပ္ပံပညာတွေ့ရှိချက်အဆင့်သို့ မြင့်တင်ထားလိုက်ခြင်းဖြစ်သည်။

*--ကျွန်ုပ်တို့အင်မတန်အရေးကြီးသည့် သဘာဝဆိုင်ရာနိယာမတစ်ခုကို သုံးသပ်ရန်လိုအပ်ပါသည်။ ၎င်းမှာ ဟေကဲလ်၏ "ဇီဝဖွံ့ဖြိုးပြောင်းလဲမှုသည် လူမျိုးဖြစ်ပေါ်လာခြင်း၌ ပြန်လည်ပေါင်းရုံးသည်" ဟုအဓိပ္ပါယ်ပေါက်သော* ***"ontogeny recapitulates phylogeny"*** *ပုံသေနည်းဖြစ်သည်။ ဤနိယာမတွင် လူသားများကိုဥဒါဟရုန်အဖြစ်သုံးသပ်မည်ဆိုလျှင်၊ ဤသို့အဓိပ္ပါယ်ပေါက်ပါသည်။ လူသားသည် သူ၏မိခင်ဝမ်းတွင်း၌ သန္ဓေဆဲလ်စတင်တည်ကတည်းကစ၍ အသက်သေဆုံးသည့်အချိန်အထိ အဆင့်ဆင့်ပြောင်းလဲမှုသည်၊ ကမ္ဘာမြေပြင်ရှိရေတွင် ဆဲလ်စတင် ဖြစ်ပေါ်လာ၍ ယနေ့အထိပြောင်းလဲလာမှုအားလုံး ပြန်လည်ပေါင်းစည်းဖြစ်ပေါ်ခြင်းသာ ဖြစ်သည်။*[၁]

မာစတာမေဆွန်ဆေလာမီအီဆင်ဒါက်ကလည်း ဟေကဲလ်၏သီအိုရီကို အလွန်အရေးကြီးသည့်အဆင့်အဖြစ်အလေးထားသည်။ သူရေးသားသော "မေဆွန်ရီအဖွဲ့၏အယူဝါဒဒေသနာ" ဟူသောဆောင်းပါးတွင်၊ "ဒါဝင်က တိရစ္ဆာန်အမျိုးမျိုးသည် ဆဲလ်တစ်ခုတည်းမှစတင်ပြောင်းလဲဖွံ့ဖြိုးလာခဲ့ကြ၍၊ နောင်တွင် မျိုးစုတစ်ခုတည်းမှဆက်လက်တိုးပွားလာကြကြောင်း သက်သေထူထားပြီးဖြစ်သည်။" ဟု ရေးထားသည်။ ထို့နောက်အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ထား၏။

*ဤလက်တွေ့စမ်းသပ်ပြီးဖြစ်သောတွေ့ရှိချက်များကို ထောက်ခံရန်အတွက် ဟေကဲလ်က ထပ်မံလေ့လာခဲ့ပေသည်။ သက်ရှိသတ္တဝါများအနက်အခြေခံအကျဆုံးဖြစ်သည့် မိုနီရာသည် အဇီဝဒြပ်ဝတ္ထုပစ္စည်းမှ ဇီဝအခြေခံသောသက်ရှိပစ္စည်းဖြစ်လာသော သက်ရှိသတ္တဝါဖြစ်သည်ဟု ယုံကြည်သည်။ ဤမိုနီရာဖြစ်ပေါ်လာခြင်းသည် ဒြပ်ပစ္စည်းနှင့် ဝိညာဉ်ပေါင်းစပ်ဖြစ်ပေါ်ခြင်းပင် ဖြစ်၏။ ထိုနှစ်မျိုးတို့သည်၊ ၎င်း၏မူလအခြေခံဖြစ်ပေါ်လာခြင်း၏အကြောင်းရင်းဖြစ်သည်။ ထို့ကြောင့် မေဆွန်ရီအဖွဲ့ဝင်တို့၏ယုံကြည်ချက်သည်၊ ဤသိပ္ပံပညာလက်တွေ့စမ်းသပ်ချက်ဖြင့် တွေ့ရှိဖေါ်ထုတ်ထားသောအချက်များနှင့် ကိုက်ညီပေသည်။*[၂]

နောက်ထပ် မေဆွန်ရီစာပေတစ်စောင်တွင် ဟေကဲလ်ကို "ကြီးကျယ်သောပညာရှင်" ဟုခေါ်၍ သူ၏ "ဇီဝဖွံ့ဖြိုးပြောင်းလဲမှုသည် လူမျိုးဖြစ်ပေါ်လာခြင်း၌ပြန်လည်ပေါင်းရုံးသည်" ဟူသောစာတမ်းသည် အီဗိုလူးရှင်းသီအိုရီမှန်ကန်ကြောင်း သက်သေအထောက်အထားဖြစ်သည်ဟု ရေးသားထားသည်။[၃]



အာန်းစ် ဟေကဲလ်

သို့သော်လည်း၊ မေဆွန်ရီအဖွဲ့ဝင်တို့က ကြီးကျယ်သည့် ပညာရှင်ဟုယုံကြည်ကြသောဟေကဲလ်သည် သိက္ခာရှိပညာရှင်သူ တော်ကောင်းယောင်ဆောင်သူတစ်ဦးသာဖြစ်၍၊ သူ၏တွေ့ရှိချက် ဆိုသည်မှာလည်း သူ၏ "ဇီဝဖွံ့ဖြိုးပြောင်းလဲမှုသည် လူမျိုးဖြစ်ပေါ်လာ ခြင်း၌ ပြန်လည်ပေါင်းရုံးသည်" ဟူသောစာတမ်းနှင့်အတူ သိပ္ပံလောကတွင် အကြီးကျယ်ဆုံးသောလိမ်လည်မှုသာလျှင်ဖြစ်ပေသည်။

ဤလိမ်လည်မှုကြီးကို သူရေးဆွဲထားသောပုံတွင် တွေ့ရသည်။ လူသားများ၏သန္ဓေလောင်းများသည် အခြားတိရစ္ဆာန်များ၏သန္ဓေလောင်းများနှင့် ဆင်တူကြောင်းကိုပြလိုသဖြင့်၊ ကြက်၊ ယုန်နှင့် ရေပုတ်သင်တို့၏သန္ဓေလောင်းများနှင့် နှိုင်းယှဉ်သောပုံကို ရေးဆွဲပြထားသည်။ အမှန်မှာ ထိုသန္ဓေလောင်းများသည် တစ်မျိုးနှင့်တစ်မျိုးဆင်တူခြင်း မရှိသော်လည်း၊ သူရေးဆွဲသောပုံများတွင် လိုတိုးပိုလျှော့လုပ်၍ လိမ်လည်ရေးဆွဲထားသည်ကို တွေ့ရှိရပေသည်။ အချို့အကောင်၏သန္ဓေလောင်းများ၏အင်္ဂါအစိတ်အပိုင်းများကို ထုတ်လိုက်၍၊ အချို့အကောင်၏သန္ဓေလောင်းတွင် ထပ်မံဖြည့်ထားသည်။ ထို့ထက်မက၊ အရွယ်အစားများကိုလည်း တစ်မျိုးတည်းဖြစ်အောင် ရေးဆွဲပြထားသည်။ တိုတိုပြောလျှင်၊ ဟေကဲလ်က သက်သေအထောက်အထားမရှိသည့်အချက်ကို တမင်တကာကြံဖန်လီဆယ်တီထွင်၍ သက်သေခံအတုလုပ် လိမ်လည်ခဲ့ခြင်းသာဖြစ်သည်။ အများလေးစားခြင်းခံရသော *သိပ္ပံပညာ* အမည်ရှိသိပ္ပံဂျာနယ်၏ ၁၉၉၇ခုနှစ် စက်တင်ဘာလ ၅–ရက်နေ့ထုတ်စာစောင်တွင် "အမှန်မှာ––အမျိုးချင်းအလွန်နီးစပ်သောငါးတို့၏သန္ဓေသားလောင်းများပင်လျှင် ပုံသဏ္ဌာန်ချင်းရော ကြီးထွားလာပုံလမ်းကြောင်းရော တစ်ခုနှင့်တစ်ခု အနည်းငယ်စီ ခြားနားကြသည်။––၎င်း(ဟေ ကဲလ်ရေးဆွဲထားသောပုံများ)သည် ဇီဝဗေဒလောကတွင် အကျော်ကြားဆုံးသောလုပ်ကြံထားသည့်အတု ဖြစ်လေတော့သည်။"[၄] ဟုရေးထားသည်။

စိတ်ဝင်စားဖွယ်တစ်ခုမှာ၊ ဟယ်ကဲလ်၏ကြံဖန်အတုလုပ်ထားသည့်ပုံများသည် လိမ်လည်ခြင်းဖြစ်ကြောင်း နှစ်ပေါင်းများစွာကတည်းက အသိအမှတ်ပြုခဲ့ကြလေပြီ။ ဟေကဲလ်အသက်ထင်ရှားရှိနေစဉ် (၁၉၁၀–ခုနှစ်)ကပင် ထိုလိမ်လည်မှု ဘူးပေါ်သလိုပေါ်ခဲ့သဖြင့်၊ ဟေကဲလ်ကိုယ်တိုင်ကလည်း ဝန်ခံခဲ့ပြီးဖြစ်သည်။ "ဇီဝဗေဒဆိုင်ရာ မျိုးဗီဇနိယာမသည် တံခါးတွင်ရိုက်ထားသောသံမှိုကဲ့သို့ ခိုင်မာလှလေပြီ––၎င်းနှင့်ပတ်သက်သည့် သီအိုရီကို မယ်မယ်ရရရှာဖွေရေးသည် နှစ်ဆယ်ရာစုကတည်းက ပျောက်ကွယ်သွားလေပြီ––"ဟု *အမေရိကန်သိပ္ပံပညာရှင်* စာစောင်မှ ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ခဲ့ကြရသည်။[၅]

သို့သော်လည်း၊ အီဗိုလူးရှင်းဝါဒီတို့က ဤကိစ္စကို မသိသည့် သာမန်လူထုကို လိမ်လည်လှည့်ဖြားရန် ၎င်းပုံများကို နှစ်ပေါင်းများစွာ ဆက်လက်အသုံးပြုကြသည်။

မေဆွန်ရီအဖွဲ့ဝင်တို့သည်၊ ဟေကဲလ်၏သီအိုရီကို အီဗိုလူးရှင်းသီအိုရီမှန်ကန်ကြောင်း အထောက်အထားအဖြစ်ဖက်လဲတကင်းဆက်လက်အသုံးပြုနေခြင်းနှင့် ဟေကဲလ်အားကြီးကျယ်သည့်ပညာရှင်ဟု သတ်မှတ်နေကြခြင်းမှာ၊ ၎င်းတို့ကအခိုင်အမာဆိုလေ့ရှိသည့် အသိပညာနှင့်မှန်ကန်ခြင်းအပေါ် အခြေခံသည် ဟူသောအဆိုအတိုင်းမဟုတ်ဘဲ၊ အမှန်စင်စစ် အသိပညာကင်းမဲ့ခြင်းကြောင့်သာလျှင် ဖြစ်ပေသည်။

၁။ နာကီ ချေဗက် အက်ကာမန်၊ *မီမာရ်ဆေနန်၊* အမှတ်–၁၊ စာမျက်နှာ ၁၃။

၂။ ဆေလာမီအီဆင်ဒါဂ်၊ မိုဆွန်လုက် အိုဂရက်တီလာရီ၊ (ဖရီးမေဆွန်ရီအဖွဲ့မှ စိတ်ကူးစိတ်သန်း)–အစ္စတန်ဘူလ်၊ စာမျက်နှာ ၁၃၇။

၃။ ဆေလာမီအီဆင်ဒါဂ်၊ ဘာသာအယူဝါဒအရ မေဆွန်ရီအဖွဲ့ဆိုင်ရာ သင်ကြားချက်၊ အကတ်စ် ယာ တေကာမှလ် မဟ်ဖီတီပုံနှိပ်တိုက်၊ စာမျက်နှာ ၁၀။

၄။ အဲလစ်စဘက် ပင်နီစီ၊ "ဟေကဲလ်၏သန္ဓေလောင်းစာတမ်း–လိမ်လည်မှုပြန်လည်ဖော်ထုတ်ခြင်း၊ သိပ္ပံပညာစာစောင်၊ ၁၉၉၇–ခုနှစ်၊ စက်တင်ဘာ၅–ရက်။

၅။ ကစ် အဲစ် သော်မ်ဆန်၊ "ဇီဝဖွံ့ဖြိုးပြောင်းလဲမှုသည် လူမျိုးဖြစ်ပေါ်လာခြင်း၌ပြန်လည်ပေါင်းရုံးသည်"၊ *အမေရိကန်သိပ္ပံပညာရှင်* ဂျာနယ်၊ အတွဲ ၇၆၊ စာမျက်နှာ ၂၇၃။

## မေဆွန်ရီအဖွဲ့ဆိုင်ရာ တစ်ယူသန်မှုနှင့် မိရိုးဖလာထုံးစံ
## Masonic Dogmatism and Traditionalism

တစ်ယူသန်ခြင်းဆိုသည်မှာ၊ သက်သေအထောက်အထားမရှိသောအတွေးအခေါ်အမြင်ကို စိတ်ဓါတ်ဆိုင်ရာကြိုတင်ခံယူချက်တစ်ခုခုကြောင့်၊ မျက်စိမှိတ်၍ အစဉ်တစိုက်ထောက်ခံအားပေးခြင်းဟု အဓိပ္ပါယ်သက်ရောက်သည်။ တစ်ယူသန်သူတစ်ဦးသည်၊ သူယုံကြည်ထားသောအချက်ကို မှန်သည်မှားသည် သို့မဟုတ် အထောက်အထားရှိမရှိကို စစ်ဆေးနေခြင်းမရှိချေ။ ထိုသူသည် သူယုံကြည်ထားသောအချက်ကို အတင်းဖက်ထားရင်း အကျောက်အကန်ကာကွယ်နေလိမ့်မည်။

မေဆွန်ရီအဖွဲ့ဝင်များနှင့် ဘာသာအယူဝါဒကိုဆန့်ကျင်သူတို့က ဘာသာအယူဝါဒယုံကြည်သူတို့ကို "တစ်ယူသန်" သမားတွေဟု အစဉ်ခေါ်ဝေါ်သမုတ်ကြသည်။ ကျွန်ုပ်တို့ကလည်း ယနေ့ခေတ်တွင် အဆက်မပြတ်ပင် ဤသို့စွပ်စွဲခံနေကြပေသည်။ ဥပမာ၊ အီဗိုလူးရှင်းသီအိုရီကို လက်မခံသူတို့ကို တစ်ယူသန် သမားတွေဟုစွပ်စွဲသည်။ သူတို့ကိုယ်ကို သိပ္ပံပညာသမားတွေဟု ကြေညာပြီး၊ သိပ္ပံပညာက "တစ်ယူသန်ခြင်း" ကို စိတ်မဝင်စားဟု ဆိုကြသည်။

သို့သော်လည်း၊ ဤစွပ်စွဲချက်သည် မှားယွင်းသောစွပ်စွဲချက်သာ ဖြစ်သည်။ ထာဝရဘုရားသခင်ရှိခြင်းနှင့် ထိုအရှင်မြတ်က သက်ရှိအရာအားလုံးကိုဖန်ဆင်းထားသည် ဟူသောအချက်သည် ကျိုးကြောင်းဆီလျော်ခြင်းအပြည့်အဝရှိ၍၊ သိပ္ပံနည်းဖြင့် သက်သေထူထားပြီးဖြစ်သည်။ သဘာဝတွင် အင်မတန်အနုစိတ်သောဟန်နိုင်မှုရှိသည့်အပြင်၊ တိကျကောင်းမွန်သောအစီအစဉ်နှင့် ဖွဲ့စည်းမှုရှိသည်။ ထို့ကြောင့်၊ သဗ္ဗညုတအသိဉာဏ်တော်ရှင်က ရည်ရွယ်ချက်ရှိရှိ ဖန်ဆင်းတည်ဆောက်ထားခြင်း ဖြစ်သည်။

ဤကဲ့သို့သောအကြောင်းများကြောင့်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် လူသားတို့အား အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်များကို လေ့လာဖေါ်ထုတ်ကြရန်နှင့် ၎င်းဟန်နိုင်ချိန်ဆမှု၊ အစီအစဉ်တကျဖွဲ့စည်းထားမှု စသည်တို့ကို စဉ်းစားဆင်ခြင်၍၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်၌ရှိသော အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း ထင်ရှားစေသည့်လက္ခဏာသက်သေအထောက်အထားများကို တွေးတောဆင်ခြင်ရန် ဖိတ်ခေါ်ထားခြင်း ဖြစ်ပေသည်။ ဤသက်သေအထောက်အထားများကို ညွှန်ပြရာ၌၊ စကြာဝဠာအတွင်းထိန်းထားသောဟန်နိုင်မှုနှင့် အစီအစဉ်ကျနမှုများတင်မကဘဲ၊ ကမ္ဘာမြေကြီးကို လူသားများအတွက် အသင့်တော်ဆုံး စီမံထားခြင်း၊ အပင်များနှင့်တိရစ္ဆာန်အပေါင်းတို့ကို စီမံထားပေးခြင်း၊ လူသား၏လုပ၍အံ့ဖွယ်မခန်းသော ပုံပန်းသဏ္ဍာန်နှင့်တည်ဆောက်မှုများ၊ စိတ်ဓါတ်ဆိုင်ရာနှင့်ဝိညာဉ်ဆိုင်ရာအရည်အချင်းများ၊ စသည်တို့ကို ခေတ်သစ်သိပ္ပံပညာက လက်ခံအတည်ပြုထားပြီးဖြစ်သည်။ (အသေးစိတ်ကို၊ ဟာရွန်ယဟ်ယာ၏ *အလ္လာဟ်အရှင်မြတ်ကို ကျိုးကြောင်းဆင်ခြင်ခြင်းဖြင့်သိနိုင်၏၊ စကြာဝဠာကို ဖန်ဆင်းခြင်း၊ ဒါဝင်ဝါဒကိုပယ်ဖျက်ခြင်း၊ သိနားလည်သောလူတို့အတွက်၊ သဘာဝရှိပုံစံများ၊* စသည့်စာအုပ်များတွင် ဖတ်ရှုနိုင်ပါသည်)။

တကယ်တန်းတော့၊ တစ်ယူသန်ခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်ရှိ အထက်ပါဖိတ်ခေါ်ထားချက်များကို စဉ်းစားဆင်ခြင်ရန်ငြင်းပယ်၍၊ စကြာဝဠာသည် သူ့အလိုလိုတိုက်ဆိုင်ကြုံကြိုက်ခြင်းဖြင့် ပေါ်ပေါက်လာသည်ဟူသော သူတို့၏အမြင်ကိုသာ ကာကွယ်ရန်အတွက် ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်ကို ငြင်းပယ်ကြခြင်းကပင် သူတို့၏တစ်ယူသန်အရည်အချင်းအင်္ဂါရပ်ဖြစ်နေပေသည်။ မေဆွန်ရီအဖွဲ့ဝင်တို့သည် အကောင်းဆုံးဥပမာရှုကွင်းဖြစ်ပေသည်။ ထာဝရဘုရားသခင်တည်ရှိခြင်းနှင့်ပတ်သက်၍ သက်သေသာဓကများထင်ရှားနေသော်လည်း၊ လူသားပဓါနအခြေပြုဝါဒနှင့် ရုပ်ဝါဒအတွေးအခေါ်ကိုအလေးပေးအသားပေးရန်အတွက်၊ ထိုသက်သေသာဓကများကို ပစ်ပယ်ငြင်းဆန်နေကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်က ထိုသို့သောစိတ်နေသဘောထားနှင့်ပတ်သက်၍ ဖေါ်ပြထားပေသည်။

အသင်တို့သည် မမြင်ခဲ့ကြလေသလော၊ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အကျိုးငှာ မိုးကောင်းကင်၌ရှိသည်တို့ကိုလည်းကောင်း၊ ပထဝီမြေ၌ရှိသည်တို့ကိုလည်းကောင်း၊ အသုံးချနိုင်စေတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် မိမိ၏ထင်ရှားသောကျေးဇူးတော်များကိုလည်းကောင်း၊ မထင်ရှားသောကျေးဇူးတော်များကိုလည်းကောင်း၊ အသင်တို့အပေါ်ဝယ် ချပေးသနားတော်မူ၏။

သို့ရာတွင် လူတို့အနက် အချို့မှာမူကား မည်သည့်ပညာ သက်သေအထောက်အထားမျှလည်းကောင်း၊ မည်သည့် တရားလမ်းညွှန်မှုမျှလည်းကောင်း၊ မရှိပါဘဲလျက် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ အငြင်းအခုံ ပြုလုပ်လေ့ရှိကြ၏။

ထိုမှတပါး ၎င်းတို့အား၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူသည်ကို လိုက်နာကြလေကုန်ဟု ပြောကြားခဲ့သည်ရှိသော်၊ ၎င်းတို့က ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မူကား ကျွန်ုပ်တို့သည် မိမိတို့ အဘ၊ ဘိုး၊ ဘေးတို့ လိုက်နာခဲ့ကြသည်ကိုတွေ့ရှိကြရသောလမ်းစဉ်ကိုသာ ကျွန်ုပ်တို့လိုက်နာကြမည်ဟု ပြောဆိုဖြေကြားခဲ့ကြကုန်၏။ ထိုအဘ၊ ဘိုး၊ ဘေး တို့အား 'ရှိုင်တွာန်'မိစ္ဆာကောင်သည် ငရဲဘုံ၏ပြစ်ဒဏ်သို့ ဖိတ်ခေါ်လျက်ရှိငြားအံ့လည်း (၎င်းတို့သည် ထိုအဘ၊ ဘိုး၊ ဘေး တို့၏လမ်းစဉ်ကို လိုက်နာကြဦးမည်လော။) (ကုရ်အာန် စူရာလွတ်က်မာန် ၃၁း၂၀–၂၁။)

ဤကုရ်အာန်အာယသ်တော်များက အလ္လာဟ်အရှင်မြတ်ရှိကြောင်း သက်သေအထောက်အထားခိုင်လုံနေလင့်ကစား၊ "အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ငြင်းခုံကြသည်၊" တစ်နည်းအားဖြင့် ထိုအရှင်မြတ်၏ သာသနာတော်ကို စစ်ကြောညာကြသည်ကိုပြဆိုပေသည်။ အကြောင်းရင်းမှာ ထိုဘုရားမဲ့သာသနာမဲ့သူတို့သည် သူတို့၏မိဘ ဘိုးဘေးများ၏ လုပ်ရပ်ကို လိုက်နာကျင့်သုံးကြသည်။ သူတို့သည် **မိရိုးဖလာထုံးတမ်းစဉ်လာ**တည်းဟူသော ရွှံ့နွံတော၌ မျက်စိမှိတ်၍နစ်မြုပ်နေကြသည်။

ဤစာအုပ်၏ အစပိုင်းမှစတင်၍ လေ့လာခဲ့သမျှ မေဆွန်ရီတို့၏သမိုင်းနှင့် အတွေးအခေါ်သည် မိရိုးဖလာထုံးစံများဖြင့်သာ သတ်မှတ်ထားကြောင်း ထင်ရှားလျက်ရှိသည်။

အမှန်စင်စစ်၊ မိရိုးဖလာထုံးစံသည် မေဆွန်ရီအတွေးအခေါ်ကိုသတ်မှတ်ခေါ်ဝေါ်သည့် အသင့်တော်ဆုံးဝေါဟာရဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်၊ မေဆွန်ရီအဖွဲ့သည် "မိရိုးဖလာထုံးတမ်းစဉ်လာအဖွဲ့ "သာဖြစ်နေပေသည်။ ၎င်းသည် ရှေးဟောင်းအီဂျစ်နိုင်ငံ၊ ဖါရိုးဘုရင်နှင့် သူ၏ပဥ္စလက်ပယောဂမှော်ဆရာများ၊ ရှေးဟောင်းရုပ်ဝါဒဂရိလူမျိုးအတွေးအခေါ်ရှင်များ၊ အလုံပိတ်စနစ်ကျင့်သူများ၊ ကဗ္ဗာလာဘုန်းကြီးများ၊ တင်ပလာစစ်သူရဲကောင်းများ၊ ရှီစီခရူးရှန်များနှင့် သူတို့၏အလျင် ပေါ်ထွန်းခဲ့သော မေဆွန်များနောက် မျက်စိမှိတ်၍ လိုက်နေကြသည်။

ဤမိရိုးဖလာထုံးစံကို သိထားရန်အရေးကြီးသည်။ ခေတ်သစ်မေဆွန်ရီလော့ဂျ်များတွင်၊ ရှေးနှစ်ပေါင်းထောင်ပေါင်းများစွာကပုံပြင်ဇာတ်လမ်းများ၊ သင်္ကေတများနှင့် ဝေါဟာရစကားလုံးများကို အသုံးပြုနေကြသေးသည်။ မေဆွန်ရီအဖွဲ့ဝင်အားလုံးနီးနီးတို့သည် အဆင့်မြင့်သောပညာအရည်အချင်းရှိကြ၍၊ အချို့မှာ လူ့အဖွဲ့အစည်းတွင် မြင့်မားသောရာထူးအဆင့်အတန်းရှိကြသော်ငြားလည်း၊ ရွှေကွပ်ထားသောခါးရည်များနှင့် လူဦးခေါင်းခွံများကို လက်ဖဝါးတွင်တင်ထား၍ ရှေးဟောင်းအီဂျစ်လူမျိုးများ၏ဝတ်စားဆင်ယင်မှုပုံစံအတိုင်း ငွေရောင်ရှေ့ဖုံးခါးစည်းများကိုပတ်ထား၊ အဖြူရောင်လက်အိတ်များကိုစွပ်၊ ရှေးဟောင်းအီဂျစ်လူမျိုးတို့၏စကားလုံးများကိုတန်းစီရွတ်ဖတ်၍ ယဇ်ပူဇော်အခန်းအနားများကျင်းပကြသည်။ အချို့မှာ အလွန်ထူးဆန်းသောဝတ်ရုံများကိုလည်းဝတ်စားဆင်ယင်ကြသည်။ သူတို့သည် ရှေးအီဂျစ်လူမျိုးတို့၏ ဘုရားကျောင်းများပုံစံဆောက်လုပ်ထားသောတိုင်ကြီးရှေးတွင် တန်းစီနေကြစဉ် လေးလေးနက်နက်သစ္စာဆိုကြသည်။ မေဆွန်ရီလော့ဂျ်အတွင်း၌ အဖွဲ့ဇာတ်သွင်းခန်းကျင်းပနေစဉ် အဖွဲ့ဝင်

သစ်များကို မျက်စိပိတ်စည်းထား၍ လည်ပင်းတွင် ကြိုးကွင်းစွပ်ထားကာ ခြေတစ်ဖက်တွင်ဖိနပ်မစီးဘဲ စက်ဝိုင်းပတ်ပတ်၍လမ်းလျှောက်နေသူတို့ကို၊ မေဆွန်ရီအဖွဲ့အကြောင်းလုံးဝမသိမကြားဘူးသူတစ်ယောက်က တွေ့မြင်ရပါက၊ မိမိကိုယ်ကို ဟာသဇာတ်လမ်းတင်ဆက်နေသည်ကိုကြည့်နေရသည်ဟုထင်၍ ဟားတိုက်ရယ်မိပေလိမ့်မည်။ သို့သော်လည်း၊ မေဆွန်ရီအဖွဲ့ဝင်တစ်ဦးအတွက်မှာမူကား၊ သူတို့၏လော့ဂျ်(အဆောင်)အတွင်းမှ ဆန်းဆန်းပြားပြား စိတ်ကူးယဉ်လောကဝန်းကျင်အခြေအနေသည် သူတို့အတွက်ရိုးနေသည့်အပြင် စိတ်ခါတ်ပိုင်းဆိုင်ရာကျေနပ်မှုရရှိစေသည်။ အခန်းအနားပြီးသည့်နောက်တွင်မူ၊ ဝိုင်းထိုင်ကာ သူတို့၏ယုံကြည်ချက်များနှင့်ပတ်သက်၍ စကားစမြီပြောကြ ဆွေးနွေးကြသည်။ “အတမ်အနုမြူသည် ဝိညာဉ်ရှိကြောင်း”၊ “ကမ္ဘာ့မြေလွှာအောက်ရှိကျောက်ရည်ပူအတွင်း လျှို့ဝှက်စွာခိုအောင်းသောအသိ




ဉာဏ်က ကမ္ဘာမြေကြီးကို တည်ငြိမ်ဟန်နိုင်နေအောင် ထိန်းထားသည်၊” သို့မဟုတ် “သဘာဝမိခင်”က ကျွန်ုပ်တို့ကိုအလွန်ပြေပြစ်ချောမောအောင် ဖန်ဆင်းထားသည်” စသည့်ဇာတ်လမ်းယုံကြည်ချက်များကိုဆွေးနွေးကြသည်။ ထိုဟန်ဆောင်မှုအားလုံးတို့သည်၊ ကျိုးကြောင်းဆင်ခြင်ခြင်းမရှိဘဲ ရိုးရာဓလေ့ကိုသာထိန်းသိမ်းထားသည့်စနစ်နှင့်အတွေးအခေါ်ဖြစ်၍ ယနေ့အထိ ရှင်သန်နေပြီး ကာကွယ်နေကြခြင်းသည် အလွန်အံ့သြဖွယ်ဖြစ်ရပ်ပင် ဖြစ်၏။

မေဆွန်ရီအဖွဲ့ဝင်တို့သည် သူတို့၏ရိုးရာထုံးစံကို မျက်စိမှိတ်ပြီးအလွန်အရေးထားခြင်းကပင်၊ သူတို့က ၎င်းအတွေးအခေါ်ကို “သမိုင်းမှတ်တိုင်”တစ်ခုအဖြစ်သတ်မှတ်ထားကြောင်းပေါ်လွင်လျက်ရှိသည်။ သမိုင်းမှတ်တိုင်ဆိုသည်မှာ၊ သမိုင်းအရ အရေးကြီးခြင်းသို့မဟုတ်အဓိပ္ပါယ်ရှိသောအဖြစ်အပျက်သို့မဟုတ် အရာဝတ္ထုကိုဆိုလိုသည်။ မေဆွန်တို့၏ဝေါဟာရအရသမိုင်းမှတ်တိုင်သည်၊ အဖွဲ့ကိုစတင်တည်ထောင်ကတည်းက မပြောင်းမလဲလက်ဆင့်ကမ်းလာခဲ့သော စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ၁၉၉၂–ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေသည့် *မီမာရ်ဆေနန်* စာစောင်မှ ဆောင်းပါးတစ်ပုဒ်တွင် အောက်ပါအတိုင်း ရေးသားထားပေသည်။

> မေဆွန်တို့၏သမိုင်းမှတ်တိုင်မှာ **တစ်ခေတ်ပြီးတစ်ခေတ်၊ မျိုးဆက်တစ်ခုပြီးတစ်ခု ဆက်လက်အမွေခံလက်ဆင့်ကမ်းခဲ့သောအလွန်ရှေးကျသောစည်းမျဉ်းဥပဒေများဖြစ်သည်။ မည်သည့်အချိန်ကရေးဆွဲထားခဲ့သောစည်းမျဉ်းဥပဒေများဖြစ်သည်ကို မည်သူကမျှမသိသည့်အပြင်၊ မည်သူကမျှပြောင်းလဲပိုင်ခွင့်သော်လည်းကောင်း၊ ဖျက်သိမ်းခြင်းသော်လည်းကောင်း ပြုပိုင်ခွင့်မရှိပေ။ သူတို့**



မေဆွန်ရီအဖွဲ့၏ မိရိုးဖလာထုံးစံလိုက်နာခြင်းကို ဖေါ်ပြသော နှစ်ပေါင်းရာစုများစွာ ရှေးကျ၍ မပြောင်း မလဲသေးသည့် သင်္ကေတများ။



**မေဆွန်ရီအဖွဲ့၏ အခြေခံဖွဲ့စည်းပုံဥပဒေဟု လက်ခံထားသော စည်းမျဉ်းများကို ရာစုနှစ်ပေါင်းများစွာ မပြောင်းမလဲဘဲ ထိန်းသိမ်းလာခဲ့ကြသည်။**

က လူ့အဖွဲ့အစည်း၏ စည်းမျဉ်းဥပဒေများကို ရေးဆွဲခြင်းနှင့် ဖျက်သိမ်းခြင်းများပြုခဲ့ကြသည်။ ရေးဆွဲထားခြင်းမရှိသည့် စည်းမျဉ်းဥပဒေများကိုမူ သူတို့၏လော့ဂျ်အဆောင်တွင် ကျင်းပသည့် အခန်းအနားများမှ သင်ယူကြရသည်။ စာဖြင့်ရေးသားထားသောစည်းမျဉ်းခြောက်စောင်ရှိ၍၊ ၁၇၂၃–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော "ဖရီးမေဆွန်တို့၏တာဝန်များ" ဟူသောအင်္ဂလိပ်ဘာသာဖွဲ့စည်းပုံအခြေခံဥပဒေ တွင်ပါရှိသည်။[၁၁၇]

ဤစကားလုံးများကို အသေးစိတ်လေ့လာကြည့်ကြပါစို့။ မေဆွန်ရီဟုခေါ်သောအဖွဲ့အစည်းတစ်ခုရှိသည်။ ဤအဖွဲ့ဝင်တို့သည်၊ မည်သူတို့က မည်သည့်အချိန်တွင် စတင်၍ရေးဆွဲခဲ့သည်ကို မသိရသော်လည်း ရာစုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဟုသာသိရသော ဥပဒေစည်းမျဉ်းများကို လိုက်နာကျင့်သုံးကြသည်။ သူတို့က၊ ထိုဥပဒေစည်းမျဉ်းများကို မည်သူကမျှပြောင်းလဲပြင်ဆင်ခြင်းမပြုရန် စိတ်ပိုင်းဖြတ်ထားကြသည်။ အဖွဲ့ဝင်တစ်ဦးတလေကမျှ အဘယ့်ကြောင့်သူတို့က ၎င်းဥပဒေစည်းမျဉ်းများကို လိုက်နာနေရကြောင်း စောဓကတက်မေးခွန်းထုတ်ခြင်း မရှိပေ။–– ၎င်းနောက်၊ ထိုဥပဒေစည်းမျဉ်းများကိုလိုက်နာရန်အတွက် သိပ္ပံပညာတွေ့ရှိချက်များနှင့် ယုတ္တိတန်သည့်နိဂုံးချုပ်ခြင်းများကို ချက်ချင်းငြင်းပယ်ပစ်ရန် အစဉ်အမြဲအဆင်သင့်ရှိကြသည်။ ဤကဲ့သို့သောလမ်းစဉ်ကိုလိုက်နာသောအသင်းအဖွဲ့သည် "ကျိုးကြောင်းဆင်ခြင်ခြင်း" နှင့် "သိပ္ပံပညာ"ကို လက်ခံလိုက်နာသည်ဟု သတ်မှတ်နိုင်ပါသလား။

အထက်တွင် ကိုးကားထားသောဆောင်းပါး၏အပိုင်းတစ်ပိုင်းတွင်၊ မေဆွန်ရီအဖွဲ့ဝင်တစ်ဦးသည် ၎င်းဥပဒေစည်းမျဉ်းများကို မေးခွန်းထုတ်နေခြင်းမရှိဘဲ လိုက်နာကျင့်သုံးရမည်ဟုရေးထားသည်။

> ကျွန်ုပ်၏သဘောအရ၊ သမိုင်းမှတ်တိုင်သည် မေဆွန်ရီ၏ရေးကျသောအပိုင်းတစ်ပိုင်းဖြစ်နေသောကြောင့်၊ ဖရီးမေဆွန်ရီအဖွဲ့ဝင်တစ်ဦးအနေဖြင့် ကျွန်ုပ်ကဘယ်သောအခါမျှ လော့ဂျ်အဆောင်တွင်ဖြစ်စေ၊ ပြင်ပလုပ်ငန်းဆောင်တာဆောင်ရွက်နေချိန်၌ဖြစ်စေ၊ **စူးစမ်းချင်စိတ်ပြင်းပြခြင်း မရှိခဲ့ဘူးပေ။** ကျွန်ုပ်အဘယ့်ကြောင့်ဤသို့ခံစားသင့်သည်ကို မဆန်းစစ်ဘဲမနေနိုင်ခဲ့ပါ။ သို့သော်လည်း အကယ်၍ ဖရီးမေဆွန်ရီ၏တည်ဆောက်ပုံကို ပြောင်းလဲခြင်းမပြုပါက အခွန့်ရှည်စွာတည်ရှိလိမ့်မည်ဟု ခံစားရပါသည်။––**သည့်ထက်ပို၍ပင်ပန်းခံပြီးစဉ်းစားမနေတော့ဘဲ ၎င်းဥပဒေစည်းမျဉ်းများဖြင့်ဆက်လက်အသက်ရှင်ပါသည်။**[၁၁၈]

ဘယ်သူကဘယ်အချိန်တွင်စတင်၍ရေးသားချမှတ်ခဲ့သည်ကိုပင်မသိသည့် စည်းမျဉ်းဥပဒေများကို စူးစမ်းချင်စိတ်ပင်မရှိကြဘဲလိုက်နာကျင့်သုံးနေကြသည့်အဖွဲ့ဝင်များသာ ပါဝင်သောအဖွဲ့အစည်းတစ်ခုကို ကျိုးကြောင်းဆင်ခြင်သည့်အဖွဲ့အစည်းဟု မည်သို့သတ်မှတ်နိုင်ပါမည်နည်း။––

အမှန်အားဖြင့်၊ မေဆွန်ရီတို့၏ ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် သိပ္ပံပညာဆန်သည်ဟူသောအဆိုသည် အနှစ်သာရမရှိဘဲ ဗလာသက်သက်သာ ဖြစ်ပေသည်။ အခြားရုပ်ဝါဒီများကဲ့သို့၊ ယုတ္တိလည်းမရှိ သိပ္ပံပညာကလည်းထောက်ခံခြင်းမပြုသည့် အတွေးအခေါ်ကို ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် သိပ္ပံပညာအရဟူသောဝေါဟာရများကိုအသုံးပြုကာ ပေကပ်၍ကာကွယ်နေကြရင်း သိပ္ပံပညာတွေ့ရှိချက်များကို မျက်နှာလွှဲ ပစ်ပယ်လိုက်ကြသည်။ မေဆွန်တို့ကို ဤသို့သောအမှားသို့ ဖမ်းစားညို့ယူ ခေါ်ဆောင်သွားသည့်အချက်မှာ ရိုးရာထုံးတမ်းစဉ်လာ၌ မျက်စိမှိတ်တွယ်တာနေကြသည့်အချက်ပင် ဖြစ်ပေသည်။

ဤအချက်က မေဆွန်ရီတို့၏သင်ကြားချက်များသည်၊ လိမ်လည်လှည့်ဖြားခြင်းသာဖြစ်သည်ကို ဖော်ပြလျက်ရှိသည်။ လူတို့ကို ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်းမှ ကင်းကွာသွားအောင်၊ အဓိပ္ပါယ်ကင်းမဲ့သည့်ဥပဒေစည်းမျဉ်းများကို လိုက်နာကျင့်သုံးရန်နှင့် စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်းအယူသီးမှုများကို ယုံကြည်လိုက်နာကြအောင် ဆွဲဆောင်နေကြခြင်းသာ ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်၊ အလ္လာဟ်အရှင်မြတ်ကိုပစ်ပယ်၍ နေမင်းကြီးကို ဝပ်တွားရှိခိုးကြသည့် ဆဘာအမျိုးသားမိစ္ဆာဒိဋ္ဌိတို့အကြောင်း မိန့်ဆိုထားသည့် အာယသ်တော်သည် မေဆွန်ရီအဖွဲ့ဝင်တို့နှင့်လည်း ကိုက်ညီလျက်ရှိပေသည်။ **"တဖန်ထိုရှိင်တွာန်မိစ္ဆာကောင်သည် ၎င်းတို့အား (မှန်ကန်သော)တရားလမ်းမှ ပိတ်ပင်တားဆီး၍ထားခဲ့ရာ ၎င်းတို့သည် တရားလမ်းမှန်ကို မရနိုင်ကြပေ။"**(စူရာတူလ်နမာလ် ၂၇း၂၄)ဟု ဖော်ပြထားတော်မူ၏။ မေဆွန်ရီတို့သည် ရေးကျ၍ခေတ်မမီတော့သောအယူအဆများအတွက် ထာဝရဘုရားသခင်၏သာသနာတော်ကို ပစ်ပယ်လိုက်၍ အပြစ်မကင်းမှားယွင်းသောသင်္ကေတများနှင့်ဆန်းပြားသည့်အရာများကိုသာ အကျယ်ချဲ့နေကြသည်။

ထို့ထက်မက၊ အလ္လာဟ်အရှင်မြတ်ကို ပစ်ပယ်ရုံဖြင့် မကျေနပ်ကြသေးဘဲ၊ ဘာသာတရားတို့၏ ကိုယ်ကျင့်တရားများကို တိုက်ဖျက်ကြသေးသည်။ ၎င်းမှာသူတို့က အချိန်ကာလအားဖြင့် အလွန်ကြာညောင်းသည့်တိုင်အောင် ကြိုးပမ်းအားထုတ်လာခဲ့ကြသောလုပ်ရပ်ဖြစ်သည်။




## THE MASONIC WAR AGAINST RELIGION

အင်္ဂလန်နိုင်ငံ၌ မေဆွန်ရီအဖွဲ့တည်ရှိကြောင်း ၁၇၁၇–ခုနှစ်တွင် တရားဝင်ကြေညာခဲ့သည်။ ဤအချိန်မတိုင်မီကာလတွင်ပင် အင်္ဂလန်နိုင်ငံတွင် ပျံ့နှံ့ခဲ့ပြီး၊ နောက်ပိုင်းတွင် ပြင်သစ်နိုင်ငံနှင့် ဥရောပတိုက်တခွင်လုံးသို့ ပျံ့ခဲ့လေပြီ။ မေဆွန်ရီအဖွဲ့တည်ရာဌာနများသည် ဘာသာရေးကိုဆန့်ကျင်သူတို့ တွေ့ဆုံကြသည့်နေရာဖြစ်သည်။ ဥရောပတိုက်သားမေဆွန်အများအပြားတို့သည် သူတို့၏လော့ဂျ်များတွင် ဆုံစည်းကြ၍၊ သူတို့ကိုယ်သူတို့ "လွတ်လပ်စွာတွေးခေါ်သူများ" ဟု ကြေညာကြသည်။ သူတို့အနေဖြင့် မိုးကျဘာသာအယူဝါဒကို အသိအမှတ်မပြုဟုဆိုလိုခြင်းဖြစ်သည်။ *မီမာရ်ဆေနန်* မဂ္ဂဇင်းမှ "မေဆွန်ရီ၏ ပထမပိုင်းကာလများ" ဟူသောဆောင်းပါးတွင်၊ **"မေဆွန်တို့က မှန်ကန်ခြင်းကိုရှာဖွေသည်ဟုဆိုသော ခရစ်ယာန်ဘုရားရှိခိုးကျောင်းပြင်ပရှိ စုရုံးတွေ့ဆုံရာနေရာသည် သူတို့ခိုလှုံသောနေရာဖြစ်သည်။**[၁၁၉] ဟုရေးထားသည်။

ဤအုပ်စုသည်၊ ဘာသာအယူဝါဒ၏ပြင်ပရှိအမှန်တရားကိုရှာဖွေသည်ဟုဆိုသော်လည်း ဘာသာတရားကို အလွန်အမင်းဆန့်ကျင်သည့်လုပ်ရပ်များ လုပ်ဆောင်ကြသည်။ ဤအချက်ကပင် ဤအသင်း၏နိုင်ငံရေးဆိုင်ရာအင်အား တိုးပွားလာခဲ့စေသဖြင့်၊ ခရစ်ယာန်အသင်းတော်၊ အဓိကအားဖြင့် ကာသောလိတ်ခရစ်ယာန်အသင်းတော်ကို ကသိကအောင့်ဖြစ်စေလေသည်။ မေဆွန်ရီအဖွဲ့နှင့် ခရစ်ယာန်အသင်းတော်တို့အကြားရှိ ၎င်းပဋိပက္ခသည် ဆက်လက်၍ကြီးထွားလာခဲ့ရာ၊ တစ်ဆယ့်ရှစ်ရာစုနှစ်နှင့် တစ်ဆယ့်ကိုးရာစုနှစ်များတွင် ဥရောပတိုက်၌ အရာထင်ကျန်ရစ်စေခဲ့လေသည်။ မေဆွန်ရီအဖွဲ့သည် ဥရောပတိုက်၏ပြင်ပ အခြားနိုင်ငံများသို့ပြန့်ပွားသွားလေရာ၊ ၎င်းရောက်သွားသည့်နေရာတိုင်း၌ ဘာသာအယူဝါဒဆန့်ကျင်ရေးအတွေးအခေါ်နှင့်လုပ်ငန်းများ၏ ဗဟိုအချက်အချာဌာနများ ဖြစ်လာခဲ့လေသည်။

*မီမာဆေနန်*မဂ္ဂဇင်းတွင် ပါလာသည့် "နိုင်ငံရေးနှင့် ဖရီးမေဆွန်ရီအဖွဲ့" ဟူသောဆောင်းပါးတစ်ပုဒ်တွင်၊ ဘာသာအယူဝါဒကို ဆန့်ကျင်တိုက်ခိုက်ရာ၌ သူတို့၏ဆောင်ရွက်ချက်များအကြောင်း အောက်ပါအတိုင်း ဖော်ပြထားပေသည်။

နိုင်ငံရေးပါတီတစ်ခုအဖြစ်ရပ်တည်ခြင်းမရှိဘဲ၊ ဖရီးမေဆွန်အဖွဲ့သည် တစ်ဆယ့်ရှစ်ရာစုနှစ်အစဦးပိုင်းတွင် နိုင်ငံရေးနှင့်လူမှုရေးသဘောတရားလေသံပါသည့် နိုင်ငံတကာဆိုင်ဌာနများအဖြစ် စည်းရုံးလာခဲ့သည်။ ဘာသာရေးဂိုဏ်းကွဲများကို ဘာသာရေးအရလွတ်လပ်မှုရရှိကြစေရန် **ခရစ်ယာန်အသင်းတော်၏ လူထုအပေါ်စိုးမိုးနေသောအာဏာကို ဖြုတ်ချလိုသည့် သူတို့၏အဓိကရည်ရွယ်ချက်နှင့် ဆောင်ရွက်ရှန်းကန်မှုများတွင်၊ ဖရီးမေဆွန်အဖွဲ့ကလည်း ပါဝင်ပတ်သက်ဆင်နွှဲခဲ့လေသည်။** ထို့ကြောင့်၊ ၁၇၃၈–ခုနှစ်နှင့် ၁၇၅၁–ခုနှစ်များတွင်၊ ပုပ်ရဟန်းမင်းကြီးက၊ ဖရီးမေဆွန်အဖွဲ့ကို ဘုရားတရားမဲ့အသင်းဟု ကြေညာခဲ့လေသည်။––ဘာသာရေးလွတ်လပ်မှုမူဝါဒကို လက်ခံကျင့်သုံးသည့်နိုင်ငံများတွင် ဖရီးမေဆွန်အဖွဲ့သည် လျှို့ဝှက်သိုသိပ်သောအဖွဲ့ဟုခေါ်ကြခြင်းမှာ နာမည်ခံသာဖြစ်လေသည်။ ထိုနိုင်ငံများတွင် အချိန်ပေးနိုင်၍ငွေကြေးတတ်နိုင်သောအထက်တန်းလူတန်းစားနှင့်ရာထူးရှိသူများကို အဖွဲ့ဝင်အဖြစ် စည်းရုံးနိုင်ခဲ့လေသည်။ ထိုအစိုးရအရာရှိများကို မိမိတို့၏အဖွဲ့အစည်းတွင် ခေါင်းဆောင်ပိုင်း၌ နေရာပေးခဲ့သည်။ လူတိုင်းက ကာသောလိတ်ခရစ်ယာန်အသင်းဝင်များဖြစ်ရမည့် တောင်ပိုင်းနိုင်ငံများတွင်၊ ဥပဒေမျက်စိမှ လွတ်မြောက်ရန်အတွက်၊ လျှို့ဝှက်တားမြစ်ထားသော တော်လှန်ရေးအဖွဲ့အစည်းအဖြစ် တည်ထောင်ထိန်းသိမ်းကြသည်။ ဤနိုင်ငံများတွင်၊ လူငယ်များနှင့် အစိုးရကိုမကျေနပ်သူအခြားအစိုးရအုပ်ချုပ်ရေးအမှုထမ်းများက မေဆွန်ရီလော့ဂျ်များတွင် အဖွဲ့ဝင်များဖြစ်လာကြသည်။ **ထို့ကြောင့် ဗက်တီကင်၏သြဇာလွှမ်းမိုးမှုအောက်ရှိ စပိန်၊ ပေါ်တူဂီနှင့် အီတာလီနိုင်ငံအစိုးရများကို ဖြုတ်ချနိုင်မည့် တော်လှန်ရေးအစီအစဉ်များကို ၎င်းမေဆွန်ရီလော့ဂျ်များတွင် စတင်ရေးဆွဲခဲ့ကြလေသည်။**[၁၂၀]


ဤနေရာတွင် မေဆွန်ရီစာရေးဆရာသည် မေဆွန်ရီအဖွဲ့က ခရစ်ယာန်အသင်းတော်၏ စိုးမိုးခြင်းကို တိုက်ဖျက်သောစစ်ကို ဆင်နွှဲသည်ဟုရေးသားခြင်းသည် မိမိ၏အဖွဲ့ကို ဘက်လိုက်၍ရေးသားခြင်းသာ ဖြစ်ပေသည်။ ဤပြဿနာကို ပိုမို၍နီးကပ်စွာလေ့လာကြည့်ပါက၊ ထိုသို့သော "သြဇာလွှမ်းမိုးမှု"က နိုင်ငံအတော်များများတွင် မေဆွန်ရီအဖွဲ့တည်ထောင်ရေးအတွက် ပို၍အဆင်ပြေခြင်း သို့မဟုတ်တမင်တကာအားပေးခြင်းများ ရှိသည်ကို တွေ့ရပေသည်။ ထို့ကြောင့်၊ မေဆွန်ရီတို့ပြောသော "သြဇာလွှမ်းမိုးခြင်း"ကို တိုက်ဖျက်ခြင်းဆိုသည်မှာ အကြောင်းပြချက်တစ်ခုသာဖြစ်ကြောင်း တွေ့နိုင်ပေသည်။ ခရစ်ယာန်သာသနာသည် နကိုမူလသင်ကြားချက်များကို ပြောင်းလဲဖြည့်စွက်ခြင်းရှိလာခဲ့ခြင်းနှင့်၊ ခရစ္စယာန်သာသနာအသင်းတော်က ပညာရှင်ဆိုင်ရာအတွေးအခေါ်များကို ထိန်းသိမ်း၍ ဖိနှိပ်ချုပ်ချယ်သည့်လုပ်ရပ်များရှိခဲ့သော်လည်း၊ မေဆွန်ရီတို့အနေဖြင့် ခရစ်ယာန်အသင်းတော်ကို ဆန့်ကျင်ခြင်းသည် ဤအချက်ကိုအခြေခံခြင်းမဟုတ်ပေ။ အမှန်စင်စစ် ရိုးရာကိုးကွယ်မှုဖြစ်သည့် တစ်ပါးတည်းသောထာဝရဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်သည့် သာသနာများကို မုန်းတီး၍ ဆန့်ကျင်တိုက်ခိုက်ခြင်းသာဖြစ်သည်။

မေဆွန်ရီအဖွဲ့၏တည်ဆောက်ပုံနှင့် ပူဇော်ပသခြင်းအပါအဝင်အခန်းအနားကျင်းပခြင်းများကိုကြည့်ခြင်းဖြင့်၊ ဤပြဿနာအတွက် ရှင်းသွားနိုင်ပါသည်။

## မေဆွန်ရီလော့ဂျ်ပုံစံတစ်ခု – ငရဲဘုံမီးအသင်း
## EXAMPLE OF MASONIC LODGE - THE HELL-FIRE CLUB

တစ်ဆယ့်ရှစ်ရာစုနှစ်များတွင် မေဆွန်ရီအဖွဲ့ကို မည်ကဲ့သို့စည်းရုံးဖွဲ့စည်းလာခဲ့ပုံနှင့် မည်ကဲ့သို့အောင်မြင်မှုရရှိခဲ့ကြသည်ကို သဘောပေါက်ရန် ထိုခေတ်ကာလတွင် ပေါ်ပေါက်ခဲ့သော မေဆွန်ရီလျှို့ဝှက်အသင်းအဖွဲ့များကို ဆန်းစစ်ရန်လိုအပ်ပေသည်။ တစ်ဆယ့်ရှစ်ရာစုနှစ်အတွင်း အင်္ဂလန်နိုင်ငံတွင် လှုပ်ရှားခဲ့သော "ငရဲဘုံမီးအသင်း"(Hell-Fire Club)သည် ထိုသို့သောအသင်းတစ်ခု ဖြစ်သည်။ ထိုအသင်း၏မေဆွန်ရီအဖွဲ့အင်္ဂါရပ်များနှင့် ဘာသာရေးဆန့်ကျင်သည့် မိစ္ဆာဒိဋ္ဌိအင်္ဂါရပ်များအကြောင်းကို မေဆွန်စာရေးဆရာ ဒယ်နီယယ်လ် ဝိလ်လင်၏ "ငရဲဘုံမီးအသင်း–တစ်ဆယ့်ရှစ်ရာစုနှစ်အတွင်း အင်္ဂလန်နိုင်ငံမှလိင်ကိစ္စ၊ နိုင်ငံရေးနှင့်ဘာသာရေး" ဟူသောဆောင်းပါးတွင် ဖော်ပြထားပေသည်။ အနောက်နိုင်ငံလောက အတွင်းရေးများကို

ဖေါ်ပြသည့် ဝိညာဉ်လောကနှင့်ပတ်သက်သည့်အကြောင်းအရာများဟုအဓိပ္ပါယ်ထွက်သော ***နော့ဆစ် (Gnosis)***ခေါ် ဂျာနယ်တစ်စောင်တွင် ပါရှိသည့်ဆောင်းပါးတစ်ပုဒ်မှ အပိုင်းတစ်ပိုင်းကို ဖေါ်ပြပါသည်။



တစ်ဆယ့်ရှစ်ရာစုနှစ်အတွင်း မေဆွန်ရီလော့ဂျ်တွင်ကျင်းပသည့် ဆန်းပြားသည့်ပူဇော်ပသခြင်းအခန်းအနားတစ်ခုကို ပြသောပုံ။

အင်္ဂလန်နိုင်ငံ တတိယမြောက်ဂျော့ဘုရင်၏လက်ထက် လသာသောညည့်များတွင် ဘုရင့်နန်းတော်မှ အလွန်သြဇာတိကမအာဏာရှိ၍ ရာထူးကြီးမြင့်သူအမှုထမ်းအရာရှိအရာခံများ၊ အရေးပါအရာရောက်သည့်ပညာရှင်များနှင့် သြဇာရှိအနုပညာရှင်တို့သည် တခါတရံသိမ်းမြစ်၏အထက်ပိုင်း အနောက်ဝိုင်ကွမ်အနီးရှိ ဘုရားရှိခိုးကျောင်းပျက်ကြီးသို့ ဝွန်ဒိုလာလှေများဖြင့် ဆန်တက်သွားကြသည်ကို တွေ့ရ၏။ လှုဒါန်းခြင်းမပြုတော့သောဘုရားရှိခိုးကျောင်းခေါင်းလောင်းကြီးရှိရာသို့ ခရစ်ယာန်ဘုန်းတော်ကြီးများကဲ့သို့ဝတ်ရုံများကို ဝတ်ဆင်ကာ၊ အစွမ်းကုန်သောဆိုးယုတ်မှု အပြုအမူများတွင် ယစ်မူးပျော်မွေ့နေကြသည်။ နာမည်ဆိုးဖြင့်ကျော်ကြားသော ဆာဖရန်းစစ် ဒဲရှ်ဝုဒ်က ဦးစီးဦးဆောင်ပြု၍ အကျင့်ပျက်နေသော ဆွေကြီးမျိုးကြီးမိန်းမဖြင့် မကောင်းဆိုးဝါးနတ်မိစ္ဆာများကို ပူဇော်ပသ၍ အခန်းအနားကို အဆုံးသတ်လိုက်ကြသည်။ အတွင်းလူများက ဗြိတိသျှအင်ပါယာကို လုပ်ကြံမည့်ကိစ္စများကို ဆက်လက်ဆွေးနွေးကြသည်။ ဤ"မသူတော်တို့၏မဟာမိတ်ဖွဲ့မှု"ကို အများလူထုသိကြသော "ငရဲဘုံမီးအသင်း"အမည်ဖြင့် မော်ကွန်းတင်ခဲ့ကြသော်လည်း၊ ဂိုးတစ်ဂျာမန်လူမျိုးတို့၏ဟန်ပန်အဆောင်အယောင်နှင့် "မက်မင်ဟင်မှစိန့်ဖရန်းစစ် နယ်လှည့်ဘုရင်ဂျီဘုန်းကြီးများ" ပုံပန်းဖမ်း၍ ဝတ်ဆင်ကြသည်။ မရေရာသောအတင်းအဖျင်းသတင်းများဖြင့် ပြည့်နက်နေသောထိုခေတ်ကာလတွင်၊ ၎င်းအသင်း၏ ဆိုးဝါးသောလုပ်ရပ်များအကြောင်း ထင်ကြေးအမျိုးမျိုးပေးကြသည်။ ၁၇၆၅–ခုနှစ်တွင် ချားလ်စ် ဂျွန်စတုန်းက *ပိုးရှုပ်ဖုံး၊ သို့မဟုတ် ပူးတစ်ကောင်၏စွန့်စားခန်း* အမည်ရှိ ရောမအက္ခရာဖြင့်ရေးထားသောသံစုံတေးတပုဒ်ကို ထုတ်ဝေခဲ့ရာ၌၊ ၎င်းသည် "မက်မင်ဟင်ဘုရင်ဂျီဘုန်းကြီးများ"၏ လျှို့ဝှက်ချက်များကို ဖေါ်ထုတ်ထားခြင်းဖြစ်သည်ဟု အများကယုံကြည်ကြသည်။–––

––ထိုဘုန်းကြီးများ၏ အရေးကြီးဆုံးရှေ့ပြေးအသင်းမှာ လန်ဒန်မြို့၌ ၁၇၁၉–ခုနှစ်တွင် ဝှါတွန်စော်ဘွားကြီးဖီးလစ်(၁၆၉၈–၁၇၃၁)ကတည်ထောင်သော ငရဲဘုံမီးအသင်းဖြစ်သည်။ ဝှါတွန်သည် လူစုလူဝေးရှိသောပွဲလမ်းသဘင်များ၌နတ်မိစ္ဆာအယောင်အဆောင်အမျိုးမျိုးဖြင့် ဘာသာရေးကို လူထုရှေ့တွင် ပြောင်လှောင်သယော်လေ့ရှိသော ဗိုဂ်နယ်မှနိုင်ငံရေးသမား ဖရီးမေဆွန် ဘုရားတရားမဲ့တစ်ဦးဖြစ်သည်။––၎င်းနောက် ဝှါတွန်သည် ၁၇၂၂–ခုနှစ်တွင် လန်ဒန်လော့ဂျ်၏ ဂရဲန်းမာစတာမေဆွန်ဖြစ်လာခဲ့သည်။––

၁၉၃၉–ခုနှစ်တွင် ဒဲရှ်ဝုဒ်က အိမ်ပြန်လမ်းခရီးကြားတွင်၊ ဖလောရင့်မှ အေဘေ နီကိုလီနီကို ဝင်ရောက်တွေ့ဆုံခဲ့ရာ လေဒီမေရီဝါတ်လေ မွန်တာဂူနှင့်လည်း တွေ့ဆုံရသည်။ နောက်ပိုင်းတွင် ထိုအမျိုးသမီးက ဒဲရှ် ဝုဒ်နှင့် ဒီဗန်အသင်း၌ပေါင်းစည်းခဲ့သည်။ အီတာလီနိုင်ငံတွင်မူ ဖရီးမေဆွန်ရီအဖွဲ့အတွက် ကံအကြောင်းမလှခဲ့ပေ။ တဆယ့်နှစ်နှစ်မြောက်ပုပ်ရဟန်းမင်းကြီးကလဲမင့်က ရဟန်းမင်းကြီးရုံးပြန်တမ်းတွင်၊ ဖရီးမေဆွန်လော့ဂျ်များကို စစ်ဆေးရန်အမိန့်ထုတ်လိုက်လေသည်။ ၁၇၄၀–ခုနှစ်ဦးပိုင်းတွင် ၎င်းရဟန်းမင်းကြီးကွယ်လွန်သွားခဲ့ရာ၊ ဒဲရှ်ဝုဒ်က ပုပ်ရဟန်းမင်းကြီးအသစ်ရွေးကောက်တင်မြှောက်သည့်ပွဲကျင်းပရာ ရောမမြို့တော်ကြီးသို့ သွားခဲ့သည်။––ရောမမြို့တော်ကြီးတွင်၊ ဒဲရှ်ဝုဒ်က မေဆွန်တို့ကို လိုက်လံဖိနှိပ်ရှင်းလင်းသည့် အဓိကဘုန်းတော်ကြီးများတွင် ပါဝင်သော ကာဒီနယ် အော့တ္တိဘိုနီအဖြစ် အသွင်ဆောင်ကာ လူထုရှေ့တွင် မတော်မတရား စော်ကားမော်ကားပြောင်လှောင်သယော်ခဲ့လေသည်။––

အစည်းအဝေးခန်းမဆောင်သည် ထိုဘုန်းကြီးများ၏ လုပ်ဆောင်ချက်များအကြောင်းကိုသဘောပေါက်နိုင်သည့်နေရာဖြစ်သည်။ မည်ကဲ့သို့ခင်းကျင်းဆင်ယင်ထားသည်ကို မသိရပေ။ ထို့ကြောင့် ထိုခန်းမဆောင်ကို မည်သို့အသုံးပြုကြသည်မှာလည်း လျှို့ဝှက်ဆန်းကျယ်သောအချက်အဖြစ် ကျန်ရှိနေသေးသည်။ သည်းထိတ်ရင်ဖိုဇာတ်လမ်းများကိုရေးသည့် စာရေးဆရာတို့က ဆာတန်နတ်မိစ္ဆာခိုအောင်းရာဌာနဖြစ်သည်ဟု ဆိုကြသည်။ မေဆွန်ရီထုံးစံပူဇော်ပသသည့်အခန်းအနားများကို ကျင်းပသည့်နေရာဖြစ်သည်ဟုဆိုလျှင် ပို၍ယုတ္တိရှိပေသည်။ မက်မင်ဟင်အသိုင်းအဝိုင်း၏ အရေးကြီးသည့်အဖွဲ့သားတစ်ဦးဖြစ်ခဲ့သူ ဂျွန် ဝိလ်ကက်စ်က ၎င်းအဖွဲ့မှထွက်ခွာမသွားမီအချိန်အထိ ဖရီးမေဆွန်အဖွဲ့ဝင် မဖြစ်ခဲ့ချေ။ သူ၏ယောင်းယင်းဟောင်းများအကြောင်းကို ဆောင်းပါးတစ်ပုဒ်တွင် ရှုတ်ချထားလေသည်။

ထိုအင်္ဂလိပ်အထက်တန်းလွှာတို့၏ ယုံကြည်မှုဆိုင်ရာလျှို့ဝှက်ချက်များကိုစည်းဝေးခန်းမတွင်း၌ ဘုန်းကြီးတို့က ကမကထပြု၍ အရက်သေစာများသောက်သုံးရင်း ပူဇော်ပသကျင့်ကြံကြသည်ကို စပ်စုရဲသူမရှိခဲ့ပေ။"––ဆာရောဘတ် ဝေါလ်ပိုလ်၏သား ဟိုးရေ(စ်)သည် ဒဲရှ်ဝုဒ်၏နိုင်ငံရေးရန်သူ

ဖြစ်၍ ထိုလျှို့ဝှက်ဘုရားကျောင်းကြီးနှင့်ပတ်သက်၍ သယောင်လေ့ရှိသည်။ **“သူတို့၏အတွေးအခေါ် မည်သို့ပင်ရှိစေကာမူ၊ သူတို့၏လုပ်ရပ်ကျင့်စဉ်များသည် မိစ္ဆာဒိဋ္ဌိလုပ်ရပ်ကျင့်စဉ်များသာဖြစ်သည်။ ဘက်ကပ်စ်နတ်သားနှင့်ဗီနပ်စ်နတ်သမီးတို့ကို ပူဇော်ပသကြသည်။ သစ်ပင်စောင့်(ရုက္ခစိုး)နတ်သမီးရုပ်များနှင့် ဝက်ခေါင်းများကို နတ်ပူဇော်ပွဲအတွင်း ဘုရားရှိခိုးကျောင်းရှေ့တွင် ခင်းကျင်းထားကြခြင်းကပင် အနီးပတ်ဝန်းကျင်ရှိလူတို့အတွက် ထိုရသေ့ဘုန်းကြီးများ၏ ပုံပန်းသဏ္ဍာန်ကို ပေါ်လွင်စေပေသည်။**–––ဟုရေးသားထားသည်။

မက်မင်ဟင်မ်ဘုန်းကြီးအဖွဲ့ဝင်များ မရှိတော့ပေ။ အကယ်၍ ကျန်နေသေးသည်ဟုဆိုလျှင်လည်း၊ လူအများမျက်စိအောက်တွင် မတော်တယော်ကိစ္စတွေကို ဖန်တီးမည့် အုပ်စုများနှင့်သာပတ်သက်ပါလိမ့်မည်။ ထိုသူတို့မှာ ဒဲရှ်ဝုဒ်၏ညီ ဂျွန်ဒဲရှ်ဝုဒ်ကင်း၊ ဂျွန်မွန်တာဂူ၊ ဆင်းဝိဒ်စော်ဘွား ဂျွန် ဝိလ်ကဲစ်၊ စသည့် ကျွမ်းကျင်သူများသာ ဖြစ်ပေသည်။

၎င်းအယူဝါဒနှင့်ပတ်သက်သည့်အကြောင်းအရာများသည် ဒဲရှ်ဝုဒ်၏လုပ်ဆောင်ချက်များဖြင့်သာ သိနိုင်တော့သည်။––ထို့ထက်ပိုသောသတင်းများကိုမူ လိင်ကိစ္စရုပ်ထွေးခြင်း၊ ထိုဘုရားရှိခိုးကျောင်းမှ ကဘ္ဘာလာဟ်ဆိုင်ရာစာအုပ်များ၊ ဟာပိုကရေးတစ် ဂရိနတ်ဘုရားရုပ်ဆင်းတုများ၊ ဒဲရှ်ဝုဒ်၏ မေဆွန်အဖွဲ့နှင့်ဆက်စပ်မှု၊ တဲလဲမာအယူဝါဒဂိုဏ်း၏ဆောင်ပုဒ် စသည့်ကောလာဟာလစကားများဖြင့် သိရှိရ၍ ငရဲဘုံမီးအသင်းသည် “ခရိုလေယာနီတီဂိုဏ်း”(၁၉၁၂–ခုနှစ်မှ အဲလစ္စတာ ခရိုလေ၏ ဂိုဏ်း–ဘာသာပြန်သူ)စတင်ဖွဲ့စည်းခြင်း၏ပဏာမပိုင်းဖြစ်သည်ဟု နိဂုံးချုပ်ရပေမည်။ နောင်တွင် ဒဲရှ်ဝုဒ်က မေဆွန်ရီအဖွဲ့နှင့်ပိုမိုဆက်သွယ်လာခဲ့ခြင်းကြောင့် “အစည်းဝေးခန်းမ”သည် မေဆွန်ရီ ထုံးစံ၏ ပူဇော်ပသရာဌာနဖြစ်သည်ဟု ဆိုလျှင်အမှန်ဆုံး ဖြစ်နိုင်ပါသည်။[၁၂၁]

ဤရှည်လျားစွာသောကိုးကားချက်ကို ထည့်ထားခြင်းမှာ တစ်ဆယ့်ရှစ်ရာစုနှစ်အတွင်း မေဆွန်ရီအဖွဲ့ပေါ်ပေါက်တိုးပွားလာခဲ့သည့် ဝန်းကျင်အခြေအနေနှင့် လူအများအပေါ်တွင် မည်သို့ဩဇာညောင်းလာခဲ့သည်ကို သဘောပေါက်ရန်ဖြစ်ပါသည်။ မေဆွန်ရီအဖွဲ့သည် လျှို့ဝှက်သောအဖွဲ့အသွင်ဆောင်၍ စိတ်ဝင်စားဖွယ်ဆွဲဆောင်သောအဖွဲ့အစည်းဖြစ်သည်။ ၎င်းသည် အများပြည်သူလူ့အဖွဲ့အစည်း၏ယုံကြည်ချက်ကိုဆန့်ကျင်သည့်အတွေးအခေါ်ကို ပေးထားသောကြောင့် အဖွဲ့ဝင်တို့အား အတွင်းစိတ်ဓါတ်အရ ကျေနပ်မှုတစ်မျိုးရရှိစေသည်။ မေဆွန်ရီ ပူဇော်ပသမှုပုံစံများ၏အခြေခံအင်္ဂါရပ်များသည် အထက်ပါကိုးကားချက်များအရ တစ်ပါးတည်းသောထာဝရဘုရားသခင်ကိုကိုးကွယ်သည့်ရိုးရာဘာသာအယူဝါဒများအစား၊ မိစ္ဆာဒိဋ္ဌိအယူဝါဒနှင့် ၎င်း၏သင်္ကေတများကို အထွတ်အမြတ်တင်ထားခြင်း ဖြစ်သည်။ ထို့ကြောင့်၊ မေဆွန်ရီအဖွဲ့သို့ဝင်သူတိုင်း ခရစ်ယာန်သာသနာကို ပစ်ပယ်ကြသည်။ မိစ္ဆာဒိဋ္ဌိအယူဝါဒကို ပြည့်ပြည့်ဝဝ ယုံကြည်ခြင်းမဟုတ်သော်လည်း ထိုသင်္ကေတများကို လိုလိုလားလားလက်ခံခြင်းဖြင့် အလိုလို မိစ္ဆာဒိဋ္ဌိများဖြစ်သွားကြသည်။

သို့သော်လည်း၊ မေဆွန်ရီအဖွဲ့သည် ဆန်းပြားသောအခန်းအနားများကို ကျင်းပခြင်းဖြင့်သာ ကျေနပ်နှစ်သိမ့်ခြင်းမရှိချေ။ ဥရောပတိုက်တစ်ခုလုံးကို မိုးကျဘာသာအယူဝါဒမှကင်းကွာသွား၍ မိစ္ဆာဒိဋ္ဌိအယူဝါဒသို့ ကျရောက်သွားအောင် မြူဆွယ်နိုင်မည့် နည်းဗျူဟာများကို တီထွင်ကြပေသည်။ ရှေ့လာမည့်အခန်းတွင်၊ မေဆွန်ရီအဖွဲ့က ဘာသာအယူဝါဒကိုတိုက်ခိုက်သည့်အကြောင်းကို သိရှိနိုင်ရန် ဥရောပတိုက် နိုင်ငံတစ်ခုစီ၏သမိုင်းမှ အရေးကြီးထင်ရှားသည့်အချက်များကို လေ့လာကြပါမည်။ ပြင်သစ်နိုင်ငံကို ပထမဦးစွာ ဆန်းစစ်ကြပါမည်။

## ပြင်သစ်နိုင်ငံတွင် ဘာသာရေးကို ကြိုးစားတိုက်ခိုက်ခြင်း
## THE STRUGGLE AGAINST RELIGION IN FRANCE

အထက်တွင် မေဆွန်ရီအဖွဲ့က ပြင်သစ်တော်လှန်ရေး၌ အရေးပါသောအပိုင်းတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ဖော်ပြခဲ့လေပြီ။ ပညာအလင်းပွင့်ခြင်းအသင်းမှ အထူးသဖြင့် ဘာသာရေးဆန့်ကျင်သည့်အတွေးအခေါ်၌ ပြင်းထန်သည့်အတွေးအခေါ်ရှင်အများဆုံးတို့သည်၊ မေဆွန်များ

ဖြစ်ကြသည်။ ပြင်သစ်တော်လှန်ရေးကို စတင်ဖော်ထုတ်၍ ရှေ့တန်းခေါင်းဆောင်လုပ်သူတို့သည် မေဆွန်ရီလော့ဂျ်အဖွဲ့ဝင်များ ဖြစ်ကြသည်။[၁၂၂]

မေဆွန်တို့၏ တော်လှန်ရေးတွင်ပါဝင်ဆောင်ရွက်ခြင်းအပိုင်းနှင့်ပတ်သက်၍ **ကောင့်ကက်လျိုစ်တြို** အမည်ရှိ "ရန်စ လှုံ့ဆော်ရေးတာဝန်ခံ" က ဝန်ခံထားသည်။ ကက်လျိုစ်တြိုကို အင်ကွီစီရှင်းခေါ်ထောက်လှမ်းရေးအဖွဲ့က ၁၇၈၉–ခုနှစ်တွင် ဖမ်းဆီး၍ စစ်ဆေးမေးမြန်းခဲ့ရာ အရေးကြီးသည့်အချို့သောအချက်အလက်များကို ဝန်ခံဖော်ထုတ်ခဲ့သည်။ မေဆွန်ရီအဖွဲ့ဝင်တို့က ဥရောပတခွင်လုံး အချိန်ကိုက်တော်လှန်ရေးဆင်နွှဲရန် စီမံကိန်းချထားကြောင်း ဖော်ထုတ်လေသည်။ မေဆွန်တို့၏အဓိကရည်ရွယ်ချက်မှာ ပုပ်ရဟန်းမင်းကြီးစနစ်ကိုဖျက်ဆီးပစ်ရန် သို့မဟုတ်သိမ်းပိုက်ရန်ဖြစ်သည်ဟု သူကဆိုသည်။ ကက်လျိုစ်တြိုက၊ တော်လှန်ရေးကုန်ကျစရိတ်ကို ဂျူးလူမျိုးတို့၏ဘဏ်တိုက်များကတာဝန်ယူထောက်ပံ့ကြောင်းနှင့် ဂျူးလူမျိုးတို့၏ငွေကြေးထောက်ပံ့မှုသည် ပြင်သစ်တော်လှန်ရေးတွင် အရေးပါသည့်အပိုင်းတွင်ပါဝင်ကြောင်း ဝန်ခံခဲ့လေသည်။[၁၂၃]

ပြင်သစ်တော်လှန်ရေးသည်၊ အဓိကအခြေခံအားဖြင့် ဘာသာရေးကို တော်လှန်ပုန်ကန်ခြင်းဖြစ်သည်။ ထိုတော်လှန်ရေး၏လုပ်ငန်းများတွင်၊ ဘာသာရေးခေါင်းဆောင်ဘုန်းတော်ကြီးများကို ဖျောက်ဖျက်ပစ်ရန်နှင့် အုပ်ချုပ်ရေးပိုင်းဖြစ်သည့် မင်းစိုးရာဇာများကိုလည်း သတ်ဖြတ်ပစ်ရန်ဖြစ်သည်။ ထို့ကြောင့် ဘာသာရေးခေါင်းဆောင်ဘုန်းတော်ကြီးအများအပြားသတ်ခံရလေသည်။ ဘာသာရေးအဆောက်အအုံအမြောက်အမြားလည်း ဖျက်ဆီးခံခဲ့ရသည်။ ဂျက်ကိုဘင်တို့က ခရစ်ယာန်သာသနာကို အပြီးအပိုင်းသုတ်သင်ရှင်းလင်းပစ်၍ "ကျိုးကြောင်းဆင်ခြင်ခြင်းသာသနာ" ကို အစားထိုးရန် လိုလားခဲ့ကြသည်။ သို့သော်လည်း တိုတောင်းသောအချိန်ကာလအတွင်း သူတို့၏ထိန်းချုပ်မှုကို လက်လွှတ်လိုက်ရပြီး ပြင်သစ်နိုင်ငံသည်လည်း ဖရိုဖရဲပရန်းပတာ ဖြစ်ကျန်ရစ်လေသည်။

မေဆွန်ရီအဖွဲ့၏ လုပ်ငန်းသည် ထိုနိုင်ငံတွင်ဌင်းတော်လှန်ရေးဖြင့်သာ ရပ်တန့်သွားခြင်းမရှိချေ။ ထိုပရန်းပတာဖြစ်နေသည့်အခြေအနေသည် နပိုလီယံအာဏာရသောအခါမှသာလျှင် ရပ်တန့်သွားတော့သည်။ သို့သော်လည်း၊ တည်ငြိမ်မှုမှာ ကြာရှည်မခံပေ။ ဥရောပတိုက်တစ်ခုလုံးကို စိုးမိုးလိုသည့် နပိုလီယံ၏ဆန္ဒပြင်းပြခြင်းကပင် သူ၏အာဏာဆုံးခန်းတိုင်သွားစေလေသည်။ နောက်ပိုင်းတွင် ပြင်သစ်နိုင်ငံ၌ ဘုရင်စနစ်ကိုလိုလားသူတို့နှင့် တော်လှန်ရေးအုပ်စုတို့အကြား ပဋိပက္ခဆက်လက်ဖြစ်ပွားလေသည်။ ၁၈၃၀–ခုနှစ်၊ ၁၈၄၈–ခုနှစ်နှင့် ၁၈၇၁–ခုနှစ်များတွင် သုံးကြိမ်တိုင်တိုင် တော်လှန်ပုန်ကန်မှုဖြစ်ပွားခဲ့သည်။ ၁၈၄၈–ခုနှစ်တွင် ဒုတိယအကြိမ် သမတနိုင်ငံကို တည်ထောင်ခဲ့၍၊ ၁၈၇၁–ခုနှစ်တွင် တတိယအကြိမ်မြောက် သမတနိုင်ငံကို တည်ထောင်ခဲ့ကြသည်။

မေဆွန်တို့သည် ထိုကာလအတွင်း တစ်ချိန်လုံးတွင် လှုံ့ဆော်ရေးလုပ်ငန်းများအဖြစ်ဖြင့် မအားမလပ်ခဲ့ကြပေ။ သူတို့၏အဓိကရည်ရွယ်ချက်မှာ ခရစ်ယာန်သာသနာအသင်းတော်နှင့် ၎င်း၏ထုံးတမ်းဓလေ့ကို အားနည်းသွားစေရန်နှင့် လူထုအပေါ်လွှမ်းမိုးထားသောဘာသာအယူဝါဒ၏တန်ဖိုးပြဋ္ဌာန်းချက်စည်းမျဉ်းဥပဒေများနှင့်သြဇာအာဏာများကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။ မေဆွန်တို့သည် **"ခရစ်ယာန်ဘုန်းတော်ကြီးစနစ်ဆန့်ကျင်ရေး"** ကို သူတို့၏လူမှုရေးနှင့်နိုင်ငံရေးလှုပ်ရှားမှု အချက်အခြာအဖြစ် သတ်မှတ်ကြသည်။

*ကာသောလိတ်ခရစ်ယာန်သာသနာစွယ်စုံကျမ်း*တွင် ဂရဲန်အိုရီယင့်ခေါ်သော ပြင်သစ်ဖရီးမေဆွန်ရီအဖွဲ့နှင့်ပတ်သက်သည့် အရေးကြီးသောအချက်အလက်များကို ဖော်ပြထားသည်။

> ပြင်သစ်မေဆွန်ရီအဖွဲ့ ဂရဲန်အိုရီယင့်မှ ထုတ်ဝေသော "ဘူလက်တင်" စာစောင်နှင့် "အစည်းအဝေးမှတ်တမ်း" များအရ၊ ပြင်သစ်ပါလီမန်လွှတ်တော်တွင် ဆုံးဖြတ်ချက်ချသည့် ခရစ်ယာန်ဘုန်းတော်ကြီးစနစ်ဆန့်ကျင်ရေးဥပဒေအမိန့်များအားလုံးသည် မေဆွန်ရီလော့ဂျ်များတွင်ကြိုတင်ဆုံးဖြတ်ထားပြီးသောအချက်များဖြစ်၍၊ ၎င်းဆုံးဖြတ်ချက်များကို ဂရဲန်အိုရီယင့်၏ကြီးကြပ်မှုအောက် ဆက်လက်အကောင်အထည်ဖော်ကြကြောင်း သိရှိရပေသည်။ ဂရဲန်အိုရီယင့်သည်လည်း ပြင်သစ်နိုင်ငံရှိ

> ကိစ္စအဝဝနှင့် လူတိုင်းကိုထိန်းချုပ်ရန် ရည်ရွယ်ချက်ရှိသည်။ “ဘာသာရေးကိုစော်ကားသည့်လုပ်ငန်းနှင့်နိုင်ငံရေးတွင် နေ့စဉ်နှင့်အမျှ ပို၍ပို၍ ဝင်ရောက်စွက်ဖက်ရန်မှာ ဖရီးမေဆွန်ရီအဖွဲ့၏အကြီးကျယ်ဆုံးသောတာဝန်ဖြစ်သည်ဟု ၁၈၇၈–ခုနှစ် ဇဟိုအစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။”ဟု ၁၉၀၃–ခုနှစ် ညီလာခံ၏ လက်ထောက်ပြန်ကြားရေးမှူးဖြစ်သူ မာဆေးက ဖေါ်ထုတ်ပြောဆိုခဲ့သည်။ “(ခရစ်ယာန်ဘုန်းတော်ကြီးစနစ်ကိုဆန့်ကျင်တိုက်ခိုက်ရေး)အောင်မြင်ခြင်းသည်၊ အများအားဖြင့် ဖရီးမေဆွန်ရီအဖွဲ့ကြောင့်ဖြစ်သည်။ ၎င်း၏စိတ်ဓါတ်ပြင်းပြကြံ့ခိုင်မှု၊ ၎င်း၏အစီအစဉ်နှင့်နည်းပရိယာယ်တို့က အောင်မြင်မှုကိုပေးဆောင်ခြင်းဖြစ်သည်။” “အုပ်စုတစ်ခုကိုဖွဲ့စည်းနိုင်ခြင်းသည် ဖရီးမေဆွန်ရီတို့ကြောင့်ဖြစ်ပြီး၊ လော့ဂျ်အသင်းတည်ရာဌာနတွင် သင်ယူခဲ့ကြရသောစည်းကမ်းများကြောင့် ဖြစ်ပေသည်။” ––“ကျွန်ုပ်တို့သည် အစဉ်သဖြင့်နိုးနိုးကြားကြားသတိဝိရိယရှိကြရမည်။ အားလုံးထက် အချင်းချင်းယုံကြည်စိတ်ချကြရမည်။ ကျွန်ုပ်တို့၏အလုပ်ပြီးဆုံးသွားချိန်တွင် တာဝန်မကုန်ဆုံးသေးပါ။ ဤ––ခရစ်ယာန်ဘုန်းတော်ကြီးစနစ်ကို ဆန့်ကျင်တိုက်ခိုက်ရေး–လုပ်ငန်းသည် အစဉ်သဖြင့် ဆက်လက်၍ ရှိနေဦးမည်ဖြစ်သည်။ သမတနိုင်ငံသည်၊ ဘာသာရေးအသင်းအဖွဲ့များကင်းစင်ရမည်။ သူတို့ကို ပြင်းပြင်းထန်ထန် သုတ်သင်ရှင်းလင်းပစ်ရမည်။ တစ်ဝက်တစ်ပြတ်ရှိနေသည့် အခြေအနေသည် နေရာတကာတိုင်းတွင် အန္တရာယ်ရှိသည်။ ရန်သူပြိုင်ဘက်ကို တစ်ချက်တည်းဖြင့် အပြီးပိုင်ချေမှုန်းပစ်ရမည်။”[၁၂၄]

*ကာသောလိတ်ခရစ်ယာန်စွယ်စုံကျမ်း* က ဖရီးမေဆွန်ရီအဖွဲ့ ဘာသာရေးကိုဆန့်ကျင်သည့် ကြိုးပမ်းချက်များအကြောင်း ဆက်လက်ရေးသားထားသည်။

> အမှန်မှာ၊ မေဆွန်ရီတို့၏“ခရစ်ယာန်ဘုန်းကြီးစနစ်ဆန့်ကျင်ရေး”ပြုပြင်ပြောင်းလဲမှုများကို ပြင်သစ်နိုင်ငံ၌ ၁၈၇၇–ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ကြသည်။ လောကီရေးသက်သက်ပညာရေး၊ ပုဂ္ဂလိကပိုင်ခရစ်ယာန်စာသင်ကျောင်းများနှင့် ကုသိုလ်ဖြစ်အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲထိန်းကွပ်ခြင်း၊ ဘာသာရေးအသင်းတော်များကိုဖိနှိပ်ချုပ်ချယ်ခြင်း၊ ခရစ်ယာန်အသင်းတော်နှင့်ဘုရားရှိခိုးကျောင်းများကို လုယက်ဖျက်ဆီးခြင်း၊ လူ့အဖွဲ့အစည်းတွင် ခရစ်ယာန်နှင့်အခြားဘာသာရေးများကိုဆန့်ကျင်သည့် လုပ်ငန်းအတွေးအခေါ်များကို အဆုံးစွန်သွတ်သွင်းခြင်း၊ စသည့်လုပ်ငန်းများကို ပြင်သစ်နိုင်ငံတစ်ခုတည်းတွင်သာမဟုတ်ဘဲ တကမ္ဘာလုံးတွင် ဆောင်ရွက်ကြသည်။ ထိုသို့ဖြင့်၊ ပြင်သစ်ဖရီးမေဆွန်ရီသည်၊ စံတင်ထားသောဖရီးမေဆွန်ရီအဖွဲ့အဖြစ်၊ မေဆွန်ရီဆန်သောညီနောင်စိတ်ဓါတ်ဖြင့် တကမ္ဘာလုံးက စံနမူနာယူထိုက်သည့် သမတနိုင်ငံစနစ်ကို ထူထောင်ခဲ့ပေသည်။ “ဂါလီလေးသားဂိုဏ်း၏ အောင်မြင်ကျော်ကြားမှုသည် ရာစုနှစ် နှစ်ဆယ်တိုင်အောင် ကြာညောင်းခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် ပျက်သုဉ်းသွားလေပြီ။–– ဂါလီလေးသား၏စိတ်ကူးယဉ်ဖြင့် တည်ထောင်ခဲ့သော ရောမခရစ်ယာန်အသင်းတော်သည်၊ မေဆွန်ရီအဖွဲ့တည်ထောင်သည့်နေ့ကစပြီး လျင်မြန်စွာ စတင်ဆွေးမြေ့သွားခဲ့သည်။”ဟု ဂရဲန်အိုရီယင့်၏ဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် ဒဲပက်ချ်က ၁၉၀၂–ခုနှစ် စက်တင်ဘာလ ၂၀–ရက်နေ့တွင် ထုတ်ဖေါ်ပြောဆိုခဲ့လေသည်။[၁၂၅]

“ဂါလီလေးသား”ဟူသောစကားလုံးမှာ၊ မေဆွန်ရီအဖွဲ့ဝင်တို့က သခင်ယေရှုကိုဆိုလိုခြင်းဖြစ်သည်။ သမ္မာကျမ်းစာအရ၊ သခင်ယေရှုသည် ပါလက်စတိုင်းနိုင်ငံ ဂါလီလေးအရပ်တွင် မွေးဖွားခဲ့သည်။ မေဆွန်ရီအဖွဲ့ဝင်တို့က ခရစ်ယာန်အသင်းတော်ကိုမုန်းတီးခြင်းသည် သခင်ယေရှုအားမုန်းတီးခြင်းကိုဖေါ်ထုတ်ခြင်းဖြစ်၍၊ ထာဝရဘုရားသခင်တစ်ပါးတည်းကိုယုံကြည်သောသာသနာအားလုံးကို မုန်းတီးခြင်းလည်း ဖြစ်သည်။ သူတို့က၊ မိုးကျဘာသာ သာသနာအားတစ်ဆယ့်ကိုးရာစုနှစ်အတွင်းတည်ထောင်ခဲ့သော ရုပ်ဝါဒ၊ ဒါဝင်အတွေးအခေါ်တို့ဖြင့်အစားထိုး၍၊ ဖျက်ဆီးပစ်ပြီး၊ ဥရောပတိုက်ကို ခရစ်ယာန်သာသနာမတိုင်မီက မိစ္ဆာဒိဋ္ဌိအယူဝါဒသို့ ပြန်ပို့နိုင်ပြီဟု ထင်မှတ်ကြသည်။

ဤစကားလုံးများကို ၁၉၀၂–ခုနှစ်တွင် ဖွင့်ပြောပြီးသည်နှင့်တပြိုင်တည်း၊ ပြင်သစ်နိုင်ငံတွင်၊ ဘာသာအယူဝါဒကိုဆန့်ကျင်သည့်လုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်ခဲ့ကြသည်။ ဘာသာရေးစာသင်ကျောင်းပေါင်း ၃၀၀၀ ကို ပိတ်ပစ်ကြသည်။ ကျောင်းများတွင် မည်သည့်ဘာသာရေးသင်ခန်းစာကိုမျှသင်ကြားခြင်းမရှိအောင် ပိတ်ပင်လိုက်သည်။ ဘာသာရေးခေါင်းဆောင် ဘုန်းတော်ကြီးအများအပြားကိုဖမ်းဆီး၍၊ အချို့ကို ပြည်နှင်ဒဏ်ပေးလိုက်သည်။ ဘာသာရေးကိုင်းရှိုင်းသူများကို ဒုတိယတန်းစားနိုင်ငံသားများအဖြစ် သတ်မှတ်လိုက်ကြသည်။ ထို့ကြောင့်၊

၁၉၀၄–ခုနှစ်တွင်၊ ဗက်တီကင်မြို့တော်က ပြင်သစ်နိုင်ငံနှင့်သံတမန်ဆက်ဆံရေးဖြတ်တောက်လိုက်လေသည်။ သို့သော်လည်း ပြင်သစ်နိုင်ငံအစိုးရ၏ သဘောထားပြောင်းလဲခြင်းမရှိခဲ့ချေ။ ပထမကမ္ဘာစစ်တွင် ဂျာမန်စစ်တပ်၏လက်ချက်ဖြင့် ပြင်သစ်လူမျိုးသိန်းပေါင်းများစွာ အသက်သေကြေပျက်စီးသွားသဖြင့်၊ ပြင်သစ်နိုင်ငံ၏မောက်မာမှုကို နှိပ်ကွပ်လိုက်မှသာ၊ ဘာသာရေးစိတ်ဓါတ်တန်ဖိုးအရေးကြီးကြောင်းကို ပြန်လည်အသိအမှတ်ပြုကြတော့သည်။



**တစ်ဆယ့်ရှစ်ရာစုနှစ် ပြင်သစ်မေဆွန်ရီလော့ဂျ်အတွင်းကိုဖော်ပြသောပုံ**

ပြင်သစ်တော်လှန်ရေးမှစတင်၍ နှစ်ဆယ်ရာစုနှစ်များအတွင်း ပြင်သစ်ပါလီမန်လွှတ်တော်တွင်ဆုံးဖြတ်ချက်ချ၍ ခရစ်ယာန်ဘုန်းတော်ကြီးစနစ် ဆန့်ကျင်ရေးဥပဒေအမိန့်များအားလုံးသည် မေဆွန်ရီလော့ဂျ်များတွင်ကြိုတင်ဆုံးဖြတ်ထားပြီးသောအချက်များဖြစ်၍၊ ၎င်းဆုံးဖြတ်ချက်များကို ဂရဲန်အိုရီယင့်၏ကြီးကြပ်မှုအောက် ဆက်လက်အကောင်အထည်ဖော်ကြကြောင်း *ကာသောလိတ်စွယ်စုံကျမ်း*တွင်လည်း ဖော်ပြထားပေသည်။[၁၂၆] မေဆွန်ရီအဖွဲ့ဝင်တို့ရေးသားသောစာပေများတွင်လည်း ထပ်မံအတည်ပြုထားပေသည်။ ဥပမာ "နောင်တော်ဂမ်ဘက်တာက ကလဲမင်တီ အာမိတီလော့ဂျ်၌ ၁၈၇၅–ခုနှစ် ဇူလိုင်လ ၈–ရက်နေ့တွင်ပေးသောမိန့်ခွန်း"ကို တူရကီဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသောစာစောင်၌ အောက်ပါအတိုင်း ရေးသားထားသည်။

> ပြင်သစ်နိုင်ငံကို တန်ပြန်အင်အားများကခြောက်လှန့်နေချိန်နှင့် ခေတ်နောက်ကျသည့် ဘာသာရေးအတွေးအခေါ်က ခေတ်သစ်မူဝါဒနှင့်ဥပဒေများကို တိုက်စစ်ဆင်နေချိန်တွင်၊ မေဆွန်ရီကဲ့သို့သော လုံ့လဝိရိယနှင့်ပြည့်စုံ၍ အမြင်ကျယ်သောအဖွဲ့အစည်းသည် ညီနောင်စိတ်ဓါတ်မူဝါဒဖြင့်၊ ခရစ်ယာန်အသင်းတော်၏မောက်မာ၍ အရှိထက်အလွန်အကျွံအပိုပြောသောစကားများကိုဆန့်ကျင်သည့်အင်အားများရရှိရန် မိမိတို့၏အချိန်နှင့်အင်အားများကို လုံးလုံးလျားလျားမြှုပ်နှံထားသည်။–––ကျွန်ုပ်တို့သည် အစဉ်သတိဝိရိယဖြင့် အကာအကွယ်ယူရင်းကြိုးပမ်းကြရမည်။ လူသားပဓါနအခြေပြုစနစ်နှင့် တိုးတက်မှုအတွက် ကျွန်ုပ်တို့၏ဒိုင်းကြီးများ ကွဲအက်သွားခြင်းမရှိအောင်၊ ဘာသာရေး၏မြူဆွယ်မှုများ ဖေါက်ထွင်းဝင်ရောက်လာခြင်းမရှိအောင် ကြံ့ကြံ့ခံထားကြပါစို့။[၁၂၇]

မေဆွန်ရီအဖွဲ့စာပေများတွင်၊ ဘာသာရေးသမားများသည် "ခေတ်နောက်ကျ"၍ ၎င်း၏အတွေးအခေါ်ကို "အမြင်ကျယ်"သည်ဟု အဆက်မပြတ်ရေးသား စွပ်စွဲလေ့ရှိကြသည်ကို သတိ

ထားကြပါလိမ့်မည်။ သို့သော်လည်း၊ ၎င်းမှာ စကားကိုလှည့်ကစားထားခြင်းသာ ဖြစ်ပေသည်။ အထက်ပါကိုးကားချက်မှ "တန်ပြန်အင်အားများကခြောက်လှန့်ခြင်း"ကို ဘာသာရေးကိုင်းရှိုင်းသူတိုင်းကလည်း ဆန့်ကျင်ကြပေသည်။ သို့သော်လည်း မေဆွန်တို့သည် မှန်ကန်သောဘာသာအယူဝါဒကို ဆန့်ကျင်တိုက်ခိုက်ရန်ကြိုးပမ်းကြရာ၌ လူတို့အား ဘာသာအယူဝါဒများမှ ကင်းကွာသွားစေရန် ယင်းအချက်ကိုလက်ဝါးကြီးအုပ် မူပိုင်လုပ်လိုက်ကြသည်။ ထို့ပြင်၊ မေဆွန်တို့ ထောက်ခံအားပေးဖြန့်ဖြူးနေသည့်ရုပ်ဝါဒ–လူသားပဓါနအခြေပြုဝါဒအတွေးအခေါ်သည်၊ အမှန်စင်စစ်အားဖြင့် အယူသီးသည့်ခေတ်နောက်ကျသောအတွေးအခေါ်များ၊ ရှေးဟောင်းအီဂျစ်နှင့် ဂရိနိုင်ငံများမှ မိစ္ဆာဒိဋ္ဌိယဉ်ကျေးမှုတွင် ဆက်လက်ဆုပ်ကိုင်တွယ်ကပ်နေခြင်းသာ ဖြစ်ကြောင်း အလေးထား၍ထပ်မံဖော်ပြရန် လိုအပ်ပါသည်။

မေဆွန်ရီအဖွဲ့ဝင်တို့အသုံးပြုသော "အမြင်ကျယ်ခြင်း"နှင့် "ခေတ်နောက်ကျခြင်း"ဟူသောဝေါဟာရများသည် အခြေခံမှုမရှိသော စကားများသာ ဖြစ်ပေသည်။ အမှန်မှာ၊ မေဆွန်တို့နှင့် ဘာသာအယူဝါဒကို လိုက်နာကျင့်သုံးသူတို့အကြား အတိုက်အခံဖြစ်ခြင်းသည် ကမ္ဘာ့သမိုင်းဦးခေတ်ကတည်းက ရှိလာခဲ့ပြီး အစဉ်အမြဲအတိုက်အခံရှုန်းကန်လာခဲ့ကြခြင်းသာ ဖြစ်ပေသည်။ လူသားများကို ထာဝရဘုရားသခင်အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထား၍ လူသားများသည် ထိုအရှင်မြတ်ကို ခဝပ်ကိုးကွယ်ဆည်းကပ်ရန် တာဝန်ရှိကြောင်းကို ဘာသာအယူဝါဒက ပထမဦးစွာ ကြေညာခဲ့လေသည်။ ဤကား အမှန်တရားပင်ဖြစ်၏။ ထို့နောက် ၎င်းနှင့်ဆန့်ကျင်သောအတွေးအခေါ်ဖြစ်သည့်၊ လူသားများသည် ဖန်ဆင်းထားခြင်းမဟုတ်၊ အလိုလိုကြုံကြိုက်တိုက်ဆိုင်မှုဖြင့် ပေါ်ပေါက်လာ၍၊ လူသားအဖြစ်အသက်ရှင်နေခြင်းသည် ရည်ရွယ်ချက်ကင်းမဲ့သည် ဟူသောအတွေးအခေါ်ကို အလ္လာဟ်အရှင်မြတ်အား ငြင်းပယ်သူ ကာဖိရ်တို့က တင်ပြခဲ့ကြသည်။ အမှန်တရားကို မှန်မှန်ကန်ကန်စီစစ်ပါက၊ သူတို့အသုံးပြုသည့် အပေါ်ရံကြော့စကားလုံးများဖြစ်သည့် "ခေတ်နောက်ကျခြင်း"နှင့် "အမြင်ကျယ်ခြင်း"ဟူသောဝေါဟာရတို့သည် အခြေခံမှုမရှိကြောင်း နားလည်သဘောပေါက်နိုင်ပေသည်။

မေဆွန်တို့က "တိုးတက်မှု"ဟူသောအတွေးအခေါ်ကိုအသုံးပြု၍ ဘာသာအယူဝါဒကို ဖျက်ဆီးရန် နည်းလမ်းရှာကြသည်။ "ကာသောလိတ်စွယ်စုံကျမ်း"တွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> အောက်ပါအချက်များသည်၊ (ဖရီးမေဆွန်ရီတို့၏)အခြေခံမူဝါဒများဖြစ်သည်။
>
> (၁) ခရစ်ယာန်သာသနာအသင်းတော်အား ပွင့်ပွင့်လင်းလင်းအကြမ်းဖက်သတ်ဖြတ်ခြင်းဖြင့်သော်လည်းကောင်း၊ အယောင်ဆောင်ပြု၍ အတုအယောင်စနစ်ဖန်တီးခြင်းဖြင့်လည်းကောင်း အမြစ်ဖြုတ်ဖျက်ဆီးပစ်ရန်၊ သာသနာအသင်းတော်နှင့် ဘာသာရေး၏ လူမှုရေးသြဇာလွှမ်းမိုးမှုများကို အမြစ်မှဖြုတ်၍ ဖျက်ဆီးပစ်ရန်၊ သာသနာကိုစော်စော်ကားကား "ဘုန်းတော်ကြီးဂိုဏ်းစနစ်"ဟုခေါ်ဝေါ်သမုတ်သည့်အပြင်၊ ခရစ်ယာန်သာသနာ့အသင်းတော်နှင့်အတူ၊ **မရေရာသည့်အဖမြေနှင့်လူသားပဓါနအခြေပြုဝါဒထက်မှန်ကန်၍ လူသားများထက်အဆင့်မြင့်သောအရှင်သခင်အား ကိုးကွယ်သည့်သာသနာကို အပြီးအပိုင် ဖျက်ဆီးပစ်ရန်**၊ ဖြစ်သည်။
>
> (၂) လူတို့၏ ကိုယ်ပိုင်ဘဝလမ်းကြောင်းနှင့်အတူ ပြည်သူ့စနစ်များအားလုံး၊ အထူးသဖြင့် ပြည်သူအများနှင့်သက်ဆိုင်သည့်ညွှန်ကြားချက်များနှင့် ပညာရေးကို "ဂိုဏ်းဂဏကင်းရှင်းသောဝါဒ"ဟု လိမ်လည်လှည့်ဖြားထားသည့်စနစ်ကို အတင်းသွတ်သွင်း၍ လောကီရေးသက်သက်စနစ်ကို ထူထောင်ရန်။ ဂရဲန်အိုရီယင့်ပါတီ၏ သဘောထားမှန်အရ "ဂိုဏ်းဂဏကင်းရှင်းသောဝါဒ"ဟူသည်မှာ၊ ကာသောလိတ်သာသနာဆန့်ကျင်ရေး၊ ခရစ်ယာန်သာသနာဆန့်ကျင်ရေး၊ ဘုရားမဲ့ဝါဒဆန်ခြင်း၊ ယထာဘူတကျခြင်း၊ ထာဝရဘုရားသခင်ရှိခြင်းကိုသံသယရှိသည့်ဂိုဏ်းဂဏ၊ စသည့်အဓိပ္ပါယ်များအဖြစ် သဘောပေါက် အဓိပ္ပါယ်ကောက်ကြပေသည်။ ကလေးငယ်များ၏ လွတ်လပ်သောအတွေးစိတ်ကူးများနှင့် အသိတရားများကို ကျောင်းမှစ၍ အတတ်နိုင်ဆုံး စနစ်တကျကာကွယ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း၊ ခရစ်ယာန်သာသနာဆရာတော်များနှင့် သူတို့၏မိဘများ၏သြဇာသက်ရောက်မှုများမှ ကာကွယ်ပေးရမည်။ ဤသို့ဆောင်ရွက်ရာတွင် ကိုယ်ကျင့်တရားနည်းများဖြင့်အပြင် အကယ်၍လိုအပ်ပါကကိုယ်ထိလက်ရောက်အတင်းအကျပ်ပြုကြရမည်။ ဤနည်းလမ်းများ

ကို ဂရဲန်အိုရီယင့်ပါတီအနေဖြင့် နောက်ဆုံးတကမ္ဘာလုံးဆိုင်ရာ လူမှုရေးသမတနိုင်ငံများကို တည်ဆောက်နိုင်လိမ့်မည်ဟု ယူဆပေသည်။--[၁၂၈]

မေဆွန်ရီအဖွဲ့သားတို့သည်၊ "လူ့အဖွဲ့အစည်းကို လွတ်မြောက်စေခြင်း"ဟူသောအမည်ဖြင့်၊ ဘာသာအယူဝါဒများကို ဖျက်ဆီးရှင်းလင်းပစ်ရန် အစီအစဉ်ချခဲ့ကြကြောင်း တွေ့မြင်နိုင်ပေသည်။ ထိုအစီအစဉ်ကို ယနေ့အထိလည်း အကောင်အထည်ဖေါ်ဆောင်ရွက်လျက်ရှိကြသည်။ ဤအချက်ကို ပြည်သူပြည်သားတိုင်းသည် မိမိယုံကြည်သည့်ဘာသာအယူဝါဒကို လွတ်လပ်စွာလိုက်နာကျင့်သုံးနိုင်သည့်အခွင့်အရေးရှိသောပုံစံနှင့်ရောထွေး၍ ဇဝေဇဝါမဖြစ်သင့်ပေ။ မေဆွန်ရီတို့၏စိတ်ကူးစိတ်သန်းမြော်မြင်သောပုံစံသည်၊ ဘာသာအယူဝါဒများကို လူတစ်ဦးချင်းနှင့်လူ့အဖွဲ့အစည်းတစ်ခုလုံး၏စိတ်ထဲမှ အပြီးအပိုင်ထုတ်ပယ်ရှင်းလင်းပစ်ရန် အများပြည်သူတို့အား ဦးနှောက်ဆေးသည့် ပုံစံဖြစ်သည်။ လိုအပ်ပါက ဘာသာအယူဝါဒကို စွဲလမ်းနေသေးသူတို့ကို အကြမ်းနည်းဖြင့် သုတ်သင်ရှင်းလင်းပစ်ရန်ဖြစ်သည်။

မေဆွန်ရီအဖွဲ့တည်ထောင်နိုင်သည့်တိုင်းပြည်တိုင်းတွင်၊ ဤအစီအစဉ်ကိုအကောင်အထည်ဖေါ်ဆောင်ရွက်ကြသည်။ သို့သော်လည်း ၎င်းတိုင်းပြည်များ တစ်ခုချင်း၏ ယဉ်ကျေးမှုနှင့်အခြေအနေပေါ်မူတည်၍ လိုက်ဖက်သင့်လျော်သည့်နည်းလမ်းပုံစံဖြင့် ဆောင်ရွက်ကြသည်။

ထိုကဲ့သို့သောတိုင်းပြည်များအနက်၊ ဂျာမဏီနိုင်ငံသည်လည်း တစ်နိုင်ငံဖြစ်သည်။

## ဂျာမဏီနိုင်ငံတွင် ဘာသာအယူဝါဒဆန့်ကျင်ရေးစည်းရုံးလှုံ့ဆော်မှု "ကုလ်တာကင့်ပ်"

### THE CAMPAIGN AGAINST RELIGION IN GERMANY: *"KULTURKAAMPF"*

လွန်ခဲ့သည့် နှစ်ပေါင်း-၁၅၀ လောက်တွင် ဂျာမဏီနိုင်ငံဟူ၍ မရှိခဲ့ပေ။ လက်ရှိဂျာမဏီနိုင်ငံနယ်နမိတ်သည် နိုင်ငံငယ်ပေါင်းအမြောက်အမြားပါဝင်ခဲ့သည်။ ထိုနယ်မြေများအနက် ပရပ်ရှားနိုင်ငံသည် အကျယ်ဝန်းဆုံးဖြစ်၍ အရှေ့ဂျာမဏီနိုင်ငံနှင့် ပိုလန်နိုင်ငံထက်ဝက်ကျော်ပါဝင်လေသည်။ ၁၈၆၀-ခုနှစ်များတွင် ပရပ်ရှားနိုင်ငံက ပတ်ဝန်းကျင်နိုင်ငံများကို တိုက်ခိုက်သိမ်းယူပြီး ၁၈၇၁-ခုနှစ်တွင် ဂျာမန်အင်ပါယာကို တည်ထောင်ခဲ့သည်။ ဤနိုင်ငံသစ်ဖြစ်သောဂျာမန်အင်ပါယာသစ်ကိုအုပ်ချုပ်သူသည်၊ ပရပ်ရှားနိုင်ငံဝန်ကြီးချုပ် အွတ်တို ဗွန် ဘစ်မားက်ဖြစ်သည်။

ဘစ်မားက်သည် နိုင်ငံခြားရေးနှင့်ပတ်သက်၍ အောင်မြင်သောနိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ သို့သော်လည်း ပြည်တွင်းအရေးတွင်မူကား ထိုမျှလောက်အောင်မြင်မှုမရှိခဲ့ချေ။ အကြောင်းအမျိုးမျိုးအနက်၊ ပြင်သစ်နိုင်ငံမှ ခရစ်ယာန်ဘုန်းတော်ကြီးစနစ်ဆန့်ကျင်ရေးအုပ်စုနှင့်အလားတူသည့် "အမျိုးသားရေးလွတ်လပ်စွာတွေးခေါ်သူများ"ခေါ် ပညာရှင်တစ်စု၏ဘာသာအယူဝါဒဆန့်ကျင်ရေးပေါ်လီစီကြောင့်တစ်ကြောင်းဖြစ်သည်။ ၎င်းအမျိုးသားရေးလွတ်လပ်စွာတွေးခေါ်သူများအုပ်စုက ဂျာမဏီနိုင်ငံ၏စည်းလုံးညီညွတ်ရေးရရှိရန်အတွက် ဂျာမဏီနိုင်ငံနယ်နမိတ်ပြင်ပသို့ဆက်သွယ်နီးနွယ်မှုရှိသူများကိုရှင်းလင်းပစ်ရန်လိုအပ်သည်ဟုယုံကြည်ကြသည်။ ထို့ကြောင့် နိုင်ငံ၏လူဦးရေသုံးပုံတစ်ပုံသောလူထုနှင့် ကာသောလိတ်ပုပ်ရဟန်းမင်းကြီးသည် ၎င်းတို့၏ပေါ်လီစီအရ အကြီးဆုံးအဟန့်အတားဖြစ်နေသည်ဟု ယူဆကြသည်။ ထိုအုပ်စု၏အားပေးအားမြှောက်မှုကြောင့်၊ ဘစ်မားက်က ကုလ်တာကင့်ပ်ခေါ် ကာသောလိတ်ခရစ်ယာန်သာသနာဆန့်ကျင်ရေး "ယဉ်ကျေးမှုစစ်"ကိုခင်းတော့သည်။ **ထိုစီမံကိန်းကို ဂျာမန်လူမျိုးတို့၏ စိတ်ကိုထိန်းချုပ်ရေးလှုပ်ရှားမှုဟုလည်း ခေါ်တွင်သည်။**[၁၂၉]

ယဉ်ကျေးမှုစစ်ကာလအတွင်း၊ ကာသောလိတ်ခရစ်ယာန်အသင်းဝင်များ၊ အထူးသဖြင့်တောင်ပိုင်းဂျာမဏီနိုင်ငံမှ ကာသောလိတ်ခရစ်ယာန်ဘာသာဝင်တို့က ဖိနှိပ်ချုပ်ချယ်သတ်ဖြတ်

မှုအများဆုံးခံကြရသည်။ ၁၈၇၂–ခုနှစ်တွင် လတ်လတ်ဆတ်ဆတ်အတည်ပြုလိုက်သောဥပဒေအရ၊ ဂျေဆွတ်ခရစ်ယာန်ဘုန်းတော်ကြီးအားလုံးကို တစ်ညဥ့်တည်းအတွင်းဝိုင်းဖမ်း၍ အသင်းပိုင်မြေယာဥစ္စာပစ္စည်းရံပုံငွေအားလုံးကို သိမ်းပိုက်လိုက်သည်။ ၁၈၇၃–ခုနှစ်ထုတ်ပြန်သည့် "မေဥပဒေများ" ***(maigesetze)***အရ၊ အစိုးရဌာနများအတွက် အလုပ်လုပ်ပေးနေသော ကာသောလိတ်ဘုန်းတော်ကြီးအားလုံးကို အလုပ်ဖြုတ်လိုက်၍၊ လက်ထပ်ထိမ်းမြားခြင်းနှင့် ပညာရေးကိစ္စအားလုံးတွင် ဝင်ရောက်စွက်ဖက်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်လိုက်သည်။ သူတို့၏ဘာသာရေးဟောကြားမှုခေါင်းစဉ်များကိုလည်း ကန့်သတ်ထိန်းချုပ်လိုက်သည်။ ဘိရှော့များနှင့်ဘုန်းတော်ကြီးအမြောက်အမြားကိုလည်း ဖမ်းချုပ်လိုက်သဖြင့်၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပေါင်း ၁၃၀၀ တွင် သာသနာဦးစီးမည့်ဘုန်းတော်ကြီးမရှိ ဖြစ်သွားလေသည်။


သာသနာဦးစီးမည့်ဘုန်းတော်ကြီးမရှိ ဖြစ်သွားလေသည်။

Otto von Bismarck

**အွတ်တို ဗွန် ဘစ်မားက်**

သို့သော်လည်း၊ ဤလုပ်နည်းလုပ်ဟန်များက တိုင်းပြည်ရှိကာသောလိတ်ဘာသာဝင်များထံမှအစိုးရဆန့်ကျင်ရေးပြင်းထန်လာခဲ့သဖြင့်၊ ကုလ်တာကင့်ပ်ယဉ်ကျေးမှုစစ်ကို လျှော့ပေါ့လိုက်လေသည်။ ဘစ်မားက်လည်း သူ့အားဤယဉ်ကျေးမှုစစ်ခင်းရန်ဆွဲဆောင်ခဲ့ကြသော အမျိုး

သားရေးလွတ်လပ်စွာတွေးခေါ်မှုအုပ်စု၏အကြံဉာဏ်ကို ဂရုမစိုက်တော့ဘဲ ယဉ်ကျေးမှုစစ်ကို ဆက်လက်ထိန်းကွပ်ကာ နောက်ဆုံးတွင် အပြီးအပိုင်ဖျက်သိမ်းလိုက်လေသည်။ ဤတိုက်ပွဲစီမံကိန်းတစ်ခုလုံးသည် သစ္စာရှိဂျာမန်ကာသောလိတ်ခရစ်ယန်ဘာသာဝင်တို့ကို ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် တိုင်းပြည်၏လူမှုရေးစည်ပင်သာယာမှုကို ဖျက်ဆီးပစ်ခြင်းထက်ပို၍ မည်သည့်အကျိုးကျေးဇူးမျှမရှိခဲ့ချေ။ ယနေ့သမိုင်းပါရဂူအများက ထိုယဉ်ကျေးမှုစစ်သည် ဂျာမဏီနိုင်ငံ၏ လူမှုဖူလုံရေးနှင့်လုံခြုံရေးကို ထိခိုက်ပျက်ပြားစေသော အရှုံးကြီးသာဖြစ်သည်ဟု ယုံကြည်ကြပေသည်။ ထို့ထက်မက၊ ဂျာမဏီနိုင်ငံ၏နောက်ပိုင်း ထိုယဉ်ကျေးမှုစစ်လှိုင်းဂယက်သည် ဩစတြီးယားနိုင်ငံ၊ ဆွိစ်ဇာလန်နိုင်ငံ၊ ဘဲလ်ဂျီယမ်နိုင်ငံနှင့် ဟော်လန်နိုင်ငံများကိုပါ လွှမ်းခြုံသွား၍ ထိုနိုင်ငံများတွင် လူမှုရေးတင်းမာမှုအကြီးအကျယ်ဖြစ်ပေါ်စေလေသည်။

စိတ်ဝင်စားဖွယ်အချက်တစ်ချက်မှာ၊ ဘစ်မားက်ကို ဤပေါ်လီစီကျင့်သုံးရန်ဆွဲဆောင်ခဲ့သည့် ပညာရှင်များသည် မေဆွန်ရီအဖွဲ့ဝင်ပညာရှင်များဖြစ်သည့်အချက်ပင်ဖြစ်သည်။ *ကာသောလိတ်စွယ်စုံကျမ်းတွင်၊* ဤသို့ဆိုထား၏။

> သို့သော်လည်း၊ သူတို့(မေဆွန်များ)က ပရပ်ရှားနိုင်ငံကို ဂျာမဏီနိုင်ငံ၏ဦးစီးဦးဆောင်နိုင်ငံအဖြစ်သို့ရောက်သွားစေသည့် ယင်းလှုပ်ရှားမှုကို ဆက်လက်၍တိုးချဲ့ကြသည်မှာ အမှန်ပင်ဖြစ်၏။ သူတို့ကိုယ်ကို "တစ်ယူသန်ဝါဒ"နှင့် "ပုပ်ရဟန်းမင်းကြီး၏မတရားလုယက်ခြင်း"အား ဆန့်ကျင်ရန်ခေတ်သစ်အီဗိုလူးရှင်းသီအိုရီကိုကာကွယ်စောင့်ရှောက်သူများအဖြစ် မှတ်ယူကြသည်။ ကျော်ကြားသောဥပဒေအကြံပေးအရာရှိမေဆွန်ဂရဲန်းမာစတာ ဘလန်စ်ချလီသည် ထိုပဋိပက္ခကိုဦးစွာစတင်လှုံ့ဆော်သူဖြစ်သည်။ ဆွိစ်ဇာလန်နိုင်ငံမှ "*ယဉ်ကျေးမှုစစ်–ကုလ်တာကင့်ပ်*"ကိုလည်း လှုံ့ဆော်မွှေနှောက်ပေးသူလည်းဖြစ်သည်။–– ဂျာမန်ဖရီးမေဆွန်တို့သည် တနိုင်ငံလုံး၏အသက်ရှင်နေရေးနှင့်လူနေမှုစနစ်တစ်ခုလုံးကို မေဆွန်ရီမူဝါဒအတိုင်းဖြစ်နေအောင် ဩဇာလွှမ်းမိုးထားနိုင်ရန် မမောမပန်းကြိုးပမ်းကြပေသည်။ ထို့ကြောင့် "*ကုလ်တာကင့်ပ်*"***(Kulturkampf)***ကို တိတ်တိတ်ဆိတ်ဆိတ် အစဉ်ရှင်သန်နေအောင် ထိန်းသိမ်းထားခဲ့ကြသည်။ သူတို့အသုံးပြုသောအဓိကခြေလှမ်းများမှာ၊ စာကြည့်တိုက်များ၊ ညီလာခံဆွေးနွေးပွဲများ၊ သဘောထားတူညီသောအဖွဲ့အစည်းအသင်းများကို ဆက်နွယ်ပေါင်းစည်းပေးခြင်း၊ လိုအပ်ပါက အဖွဲ့သစ်များကို ဖွဲ့စည်းပေးခြင်း၊ စသည်တို့ကိုဆောင်ရွက်၍ ၎င်းတို့မှတဆင့် မေဆွန်ရီစိတ်ဓါတ်ကို တစ်နိုင်ငံလုံးသို့ စိမ့်ဝင်ပျံ့နှံ့သွားအောင် ဆောင်ရွက်ကြသည်။[၁၃၀]

၎င်းမှာ၊ ဘစ်မားက်က *ကုလ်တာကင့်ပ်*ကို တရားဝင်ရပ်တန့်လိုက်သော်လည်း၊ မေဆွန်တို့က အများလူထုကိုဦးတည်၍ အဆက်မပြတ်သောဘာသာအယူဝါဒဆန့်ကျင်ရေးလုပ်ငန်းတစ်ခုအဖြစ်ဆက်လက်လုပ်ဆောင်ကြကြောင်း ပြဆိုခြင်းဖြစ်သည်။ ဤကြိုးပမ်းမှု၏အဆိုးဝါးဆုံးအသီးအပွင့်ရလဒ်ကို ၁၉၂၀–ခုနှစ်များတွင် ရရှိကြလေသည်။ ဂျာမဏီနိုင်ငံကို ခရစ်ယာန်သာသနာမပြန့်ပွားမီအလျင်က မိစ္ဆာဒိဋ္ဌိအယူဝါဒသို့ပြောင်းလဲရန်ရည်မှန်းချက်ရှိသည့် နာဇီပါတီသည် တစ်ဖြေးဖြေးချင်း အင်အားတောင့်တင်းလာ၍ ၁၉၃၃–ခုနှစ်တွင် အာဏာရရှိလေသည်။ နာဇီတို့၏အရေးကြီးဆုံးဆောင်ရွက်ချက်မှာ ဘာသာအယူဝါဒဩဇာအာဏာကိုတိုက်ဖျက်သည့် ဒုတိယမြောက်*ကုလ်တာကင့်ပ်*(ယဉ်ကျေးမှုစစ်)ဖြစ်သည်။ အမေရိကန်လူမျိုးသမိုင်းဝေဖန်ရေးပါရဂူတစ်ဦးဖြစ်သူ အဲလ်ဘရစ်ဂျ် ကိုလ်ဘီက၊ "နာဇီတို့သည်၊ ခရစ်ယာန်သာသနာကာသောလိတ်အသင်းတော်ကိုစစ်ခင်းသည့် *ကုလ်တာကင့်ပ်* ယဉ်ကျေးမှုစစ်အသစ်ဖွင့်ခဲ့ရာ၌ ကာသောလိတ်ခရစ်ယာန်ဘုန်းတော်ကြီးများကို အကျဉ်းထောင်သို့ဖမ်းပို့၍ ဘိရှော့ဘုန်းတော်ကြီးများကို ပြည်နှင်ဒဏ်ပေးသည်။ ၁၈၇၄–ခုနှစ်နှင့်မတူဘဲ၊ ဟစ်တလာက ပရိုတက်စတင့်ခရစ်ယာန်အသင်းတော်ကိုလည်း ရန်မူလေသည်။"ဟု ရှင်းပြထားသည်။[၁၃၁]

တိုတိုပြောရမည်ဆိုလျှင်၊ မေဆွန်တို့၏ လူ့အဖွဲ့အစည်းကို ဘာသာအယူဝါဒမှကင်းကွာစေသောလှုပ်ရှားမှုဆောင်ရွက်ချက်သည်၊ ကမ္ဘာ့သမိုင်းတွင် ရက်စက်ကြမ်းကြုတ်ဆုံးအာဏာရှင်စနစ်ဖြစ်သည့် နာဇီ "ရိခ်"ခေါ်ဂျာမန်အင်ပါယာကို မွေးထုတ်ပေး၍၊ ကမ္ဘာကြီးကို ဒုတိယကမ္ဘာစစ်သို့ဆွဲသွင်းခဲ့သဖြင့် လူ့အသက်ပေါင်း ၅၅ သန်းသေကြေပျက်စီးစေခဲ့သည်။



နာဇီတို့ အာဏာရလာသည့်အခါ၊ ဘစ်မားက်လုပ်ခဲ့သည်ထက်ပိုမိုဆိုးဝါးသော၊ ဘာသာအယူဝါဒ ဆန့်ကျင်ရေးကို ပြုကျင့်ကြသည်။

## အီတာလီနိုင်ငံတွင် ဘာသာရေးကိုဆန့်ကျင်မှု
## THE STRUGGLE AGAINST RELIGION IN ITALY

မေဆွန်ရီအဖွဲ့၏နောက်ထပ်ထင်ရှားသောလှုပ်ရှားမှုကို အီတာလီနိုင်ငံ၌ တွေ့ရ၏။ ၁၈၇၀–ခုနှစ်အထိ အီတာလီနိုင်ငံနယ်မြေများသည် ပဒေသရာဇ်ခေတ်မှကြွင်းကျန်နေခဲ့သော နိုင်ငံငယ် နယ်မြေအများအပြားပြန့်ကျဲလျက်ရှိသည်။ ထိုနယ်မြေများအနက် အရေးကြီးဆုံးနယ်မြေမှာ ပုပ်ရဟန်းမင်းကြီး၏နယ်မြေဖြစ်သည်။ ရောမမြို့တော်တွင်ဗဟိုပြု၍ အီတာလီနိုင်ငံအလယ်ပိုင်းဒေသမှ ကျယ်ဝန်းသောနယ်မြေကို ပုပ်ရဟန်းမင်းကြီးက အုပ်ချုပ်သည်။ အီတာလီနိုင်ငံမှ မေဆွန်ရီအဖွဲ့ကို ပြင်သစ်နိုင်ငံမေဆွန်ရီအဖွဲ့မှ တိုးချဲ့ဖွဲ့စည်းခဲ့၍၊ တစ်ဆယ့်ကိုးရာစုနှစ်ဦးပိုင်းမှစတင်၍ အီတာလီနိုင်ငံတွင် သြဇာလွှမ်းမိုးစပြုခဲ့သည်။ သူတို့က ပုပ်ရဟန်းမင်းကြီးအုပ်စိုးသောနယ်မြေကို ဖျက်ဆီးပစ်ပြီး အီတာလီနိုင်ငံတွင် ခရစ်ယာန်သာသနာအသင်းတော်၏သြဇာအာဏာကို အပြီးအပိုင် ဖျက်သိမ်းလိုကြသည်။ ဖရီးမေဆွန်စာရေးဆရာ အလက် မဲလ်လော်က *ရိုမန်ကာသောလိတ်ခရစ်ယာန်အသင်းတော်နှင့် ဉာဏ်နီဉာဏ်နက်* ဟူသောစာအုပ်တွင်၊ **“အီတာလီနိုင်ငံတွင်၊ ယာယီလော့ဂျ်တို့သည် နိုင်ငံရေးအတွက်သက်သက်ဖွင့်ခဲ့သော်**

**လည်း၊ သူတို့၏မေဆွန်ရီလုပ်ငန်းကို ပုပ်ရဟန်းမင်းကြီး၏ လောကီရေးဆိုင်ရာသြဇာအာဏာကိုတိုက်ဖျက်ရာ၌ ရောထွေးလိုက်ကြသည်။”**[၁၃၂] ဟု ရေးသားထားပေသည်။

မေဆွန်ရီအဖွဲ့သည် အီတာလီနိုင်ငံတွင် “**ကာဘိုနာရီ**”ဟုခေါ်သော နောက်ထပ်လျှို့ဝှက်အသင်းတစ်ခုကိုဖွဲ့စည်းထိန်းကွပ်ခြင်းဖြင့် ဘာသာအယူဝါဒကိုတိုက်ဖျက်ခဲ့ကြသည်။




A publication of Italian Masonry.
**အီတာလီမေဆွန်ရီအဖွဲ့မှထုတ်ဝေသောစာစောင်**

ဤအသင်းသည် တစ်ဆယ့်ကိုးရာစုနှစ်ဦးပိုင်းတွင် နေပေလ်မြို့၌ ပထမစတင်ပေါ်ပေါက်လာခဲ့၍ အသင်းအမည်ကို မီးသွေးဖုတ်သမားများဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ မေဆွန်တို့က သူတို့၏အတွေးအခေါ်နှင့်သင်္ကေတများကိုပေါ်လွင်စေရန် တံတိုင်းဆောက်လုပ်သူတို့ကိုအသုံးပြုသကဲ့သို့ ကာဘိုနာရီကို သူတို့အသင်း၏အမှတ်တံဆိပ်သင်္ကေတအဖြစ် သတ်မှတ်ကြသည်။ သို့သော်လည်း ဤအသင်းသည် ကွယ်ဝှက်ထားသောရည်ရွယ်ချက်ရှိသည်။ အဖွဲ့ဝင်တို့သည် နိုင်ငံရေးဦးတည်ချက်အစီအစဉ်ရှိကြသည်။ ပထမဦးဆုံး အီတာလီနိုင်ငံနှင့် နောက်တွင်ပြင်သစ်နိုင်ငံတွင် ခရစ်ယာန်အသင်းတော်၏သြဇာအာဏာကို ဖျက်သိမ်းပစ်ပြီးနောက် အစိုးရသစ်ဖွဲ့စည်းကာ လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် လောကီရေးသက်သက်ကိုသာအခြေပြုသောစနစ်အဖြစ်သို့ ပြောင်းလဲပစ်ရန် အစီအစဉ်ရှိကြသည်။

မေဆွန်ရီအဖွဲ့နှင့် ကာဘိုနာရီအသင်းတို့အကြား ဆက်စပ်မှုရှိခြင်းသည် ထင်ရှားပေသည်။ မေဆွန်တို့သည် ကာဘိုနာရီအသင်းများ၏အသင်းဝင်များ အလိုလိုဖြစ်သွားကြသည်။ သူတို့က ကာဘိုနာရီအသင်းသို့ဝင်ရောက်သည်နှင့်တပြိုင်တည်း မာစတာဒီဂရီအဆင့် ရရှိသွားကြသည်။ (သို့သော်လည်း အခြားကာဘိုနာရီအသင်းဝင်တို့သည် ဤအဆင့်ကိုရရှိရန် ရှည်လျားလှသောအဆင့်များစွာကို ကျော်လွှားကြရသည်။) ကွန်ဆလ်ဗီနှင့် ပက်ကာအမည်ရှိသော ကာသောလိတ်ခရစ်ယာန်ဘုန်းတော်ကြီးနှစ်ပါးက ကာဘိုနာရီအသင်းသည် လူမှုရေးနှင့်နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်၍ အကြမ်းဖက်ဆူပူမှု ဖြစ်အောင် လှုံ့ဆော်နှိုးဆွပေးသည်ဟု ၁၈၁၄–ခုနှစ် ဩဂုတ်လ ၁၅–ရက်နေ့တွင်ခရစ်ယာန်အသင်းတော်ပြန်တမ်းတွင် စွပ်စွဲထားသည်။

ဤစွပ်စွဲချက်မှန်ကန်ကြောင်း ကာဘိုနာရီအသင်းမှ နိုင်ငံရေးဥပါယ်တံမျဉ်အသုံးပြု၍ လက်နက်ကိုင်တော်လှန်ရေးစည်းရုံးခြင်းက မှန်ကန်ကြောင်းသက်သေထူလိုက်လေသည်။ မာဆာရာတာ၌ ၁၈၁၇–ခုနှစ် ဇွန်လ ၂၅–ရက်နေ့တွင် ကာဘိုနာရီအသင်းသားတို့စည်းရုံးဖော်ထုတ်သော လက်နက်ကိုင်ပုန်ကန်မှုဖြစ်ပေါ်ခဲ့ရာ၊ ပုပ်ရဟန်းမင်းကြီး၏ လုံခြုံရေးတပ်က နှိမ်နင်းလိုက်သည်။ ၁၈၂၀–ခုနှစ်တွင် စပိန်နိုင်ငံ နေပေလ်နယ်၌လည်းကောင်း၊ ၁၈၂၁–ခုနှစ်တွင် ပစ်ဒမွန်နယ်၌လည်းကောင်း၊ ခရစ်ယာန်အသင်းတော်နှင့်လူနေမှုစနစ်ကိုဆန့်ကျင်သည့် တော်လှန်ရေးကို ကာဘိုနာရီတို့က ဖော်ထုတ်ခဲ့သည်။

ကာဘိုနာရီအသင်းကို မေဆွန်တို့က တော်လှန်ပုန်ကန်မှုများဆော်ဩစည်းရုံးရန် သူတို့၏အဖွဲ့နှင့်ပြိုင်တူထား၍ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု အများကလက်ခံထားသည်။ ၁၈၃၀–ခုနှစ် ပြင်သစ်နိုင်ငံတော်လှန်ရေးနောက်ပိုင်းတွင် ကာဘိုနာရီ၏ဩဇာညောင်းမှု ကျဆင်းလာ၍ နောင်တွင် တဖြေးဖြေးပျောက်ကွယ်သွားလေသည်။ အီတာလီတွင် ဂွီဆက်ပေ မာဇ်ဇီနီတည်ထောင်ဖွဲ့စည်းထားသော "အီတာလီလုင်" လှုပ်ရှားမှုနှင့် ပူးပေါင်းသွားသည်။



Giuseppe Mazzini and Count di Cavour: two Master Masons who brought the Papal State to an end.

ဂွီဆက်ပေ မာဇ်ဇီနီနှင့် ကောင့် ဒီကာဗိုတို့၏ပုံ။
ဤပုဂ္ဂိုလ်နှစ်ဦးက ပုပ်ရဟန်းမင်းကြီး၏နိုင်ငံတော်ကို ဆုံးခန်းတိုင်အောင် ဖြိုဖျက်ခဲ့သည်။

အများသိသော ဘုရားတရားမဲ့ဝါဒီ မာဇ်ဇီနီသည် ပုပ်ရဟန်းမင်းကြီးအုပ်ချုပ်မင်းလုပ်သည့်အစိုးရစနစ်ကို ဖျက်သိမ်းနိုင်ရန် နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ရာ အဆင့်မြင့်သောမေဆွန်တစ်ဦးဖြစ်လာပြီး အီတာလီလူမျိုးများသမဂ္ဂကို တည်ထောင်ခဲ့သည်။ ဂွီဆက်ပေ ဂါရီဘောလ်ဒီနှင့် ကောင့် ဒီကာဗို အမည်ရှိကျော်ကြားသောမေဆွန်နှစ်ဦးတို့၏အထောက်အကူဖြင့် ၁၈၇၀–ခုနှစ်တွင် အီတာလူမျိုးများသမဂ္ဂကို တည်ထောင်၍ ယနေ့လက်ရှိပုပ်ရဟန်းမင်းကြီး၏ နယ်မြေနယ်နမိတ်ကို သတ်မှတ်ခဲ့သည်။ ထို့နောက် အီတာလီနိုင်ငံသည် တစ်နေ့တစ်ခြား ဘာသာအယူဝါဒမှပိုမိုကင်းကွာသောနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့လေသည်။ ထိုသို့ဖြစ်လာခြင်းကပင် ၁၉၂၀–ခုနှစ်မှ မိုဆိုလီနီ၏ ဖက်ဆစ်အာဏာရှင်စနစ်အတွက် အခြေခံအုတ်မြစ်အဖြစ် ပြင်ဆင်ပေးခြင်းဖြစ်ခဲ့သည်။

တိုတိုပြောလျှင်၊ မာဇ်ဇီနီ၊ ဂါရီဘောလ်ဒီနှင့် ကာဗိုတို့သုံးဦးသည် ဥရောပတိုက်မှ ဘာသာအယူဝါဒကို ဆန့်ကျင်သောလှုပ်ရှားမှုများတွင် အရေးကြီးသောအပိုင်းတွင် ပါဝင်သူများဖြစ်ကြသည်။ မာဇ်ဇီနီသည် ရိုးရိုးနိုင်ငံရေးခေါင်းဆောင်တစ်ဦးသာမဟုတ်ပေ။ အာဝိဇ္ဇန်းရှင်၍ အာဘောင်အာရင်းသန်သန်ဟောပြောနိုင်သူဖြစ်သည်။ သူ၏ "အမျိုးသားတိုင်း နိုင်ငံရှိရမည်" ဟူသောသူ၏ကြွေးကြော်သံက လူနည်းစုတော်လှန်ရေးများကို မီးရှို့ပေးသည့်စနက်တံဖြစ်ခဲ့၍၊ ဥရောပတိုက်တခွင်လုံးရှိ လူမျိုးပေါင်းစုံပါဝင်စုစည်းနေသောဩစတြီးယားနှင့်ဟန်ဂေရီအင်ပါယာနှင့် အော်တိုမန်အင်ပါယာများအပါအဝင် အများအပြားပြိုပျက်သွားစေခဲ့သည်။ မာဇ်ဇီနီ

၏ ၎င်းကြွေးကြော်သံသည် လူတို့အားစုစည်းထားသော ဘာသာရေးအသိစိတ်ဓါတ်ကို ပျက်ပြားသွားစေသည်။ လူမျိုးရေးပဋိပက္ခဖြစ်ပွားအောင် ဖိတ်ခေါ်လိုက်သည့်ကြွေးကြော်သံဖြစ်၍၊ ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖေါ်ပြသော "အမိုက်ခေတ်၏အစွဲအလမ်းကြီးမှု" (ကုရ်အာန် ၄၈း၂၆)ပင် ဖြစ်လေသည်။



**မေဆွန်ဝါဒဖြန့်စာပေများတွင်၊ ဂါရီဘောလ်ဒီအား ကြီးကျယ်သည့် သူရဲကောင်းအဖြစ် သရုပ်ဆောင်ထားကြသည်။**

အမှန်မှာ၊ ဤကြွေးကြော်ချက်သည် အဆင့်မြင့်သော မေဆွန်တို့ထံမှလာခြင်းဖြစ်သည်မှာ ထင်ရှားပေသည်။ *ကျော်ကြားသောဖရီးမေဆွန် ၁၀၀၀၀* ဟူသော ဖရီးမေဆွန်လော့ဂျ်ထုတ်စာစောင်တွင်ပါရှိသည့်အချက်များအရ၊ မာဇ်ဇီနီသည် မေဆွန်ရီလော့ဂျ်တွင် အဖွဲ့ဝင်အဆင့်များစွာကျော်လွန်လာခဲ့ပြီး ၁၈၆၇–ခုနှစ်တွင် အီတာလျံဂရဲန်လော့ဂျ်၏ မာစတာမေဆွန်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ရောမမြို့၌ ၁၉၄၉–ခုနှစ်တွင်ကျင်းပသော မာဇ်ဇီနီ၏ကျေးရုပ်ဖွင့်လှစ်ပွဲအခန်းအနားသို့ မေဆွန်အဖွဲ့သားပေါင်း ၃၀၀၀တို့က သူတို့၏ဂရဲန်မာစတာကို သတိရစွာဂါရဝပြုကြသည်။ မာဇ်ဇီနီ၏လက်ရုန်းတော်ဖြစ်သူ ဂါရီဘောလ်ဒီကလည်း ၁၈၆၃–ခုနှစ်တွင် အီတာလျံစူပရင်းမ်ကောင်စီ၏အဆင့်–၃၃ ကိုရရှိ၍ ၁၈၆၄ခုနှစ်တွင် အီတာလျံမာစတာမေဆွန်အဖြစ် တင်မြှောက်ခြင်းခံရသည်။ မေဆွန်ရီလော့ဂျ်တစ်ခုကို ဂါရီဘောလ်ဒီ၏အမည်ပေး၍ နယူးယောက် "တောင်ကြား"၏ အမှတ် ၅၄၂ အဆက်အဖြစ်သတ်မှတ်ခဲ့ကြသည်။

# ရုရှားနိုင်ငံ၌ မေဆွန်တို့၏ တော်လှန်ရေးအစီအစဉ်
# MASONIC REVOLUTIONARY AGENDA IN RUSSIA

အီတာလီနိုင်ငံအပြင်၊ မေဆွန်တို့၏ တော်လှန်ရေးလှုပ်ရှားမှုများကို အခြားသော ဥရောပနိုင်ငံများ၌လည်း တွေ့ရှိနိုင်ပေသည်။ ကာသောလိတ် စွယ်စုံကျမ်းတွင် ဤသို့ရေးထား၏။

**"နောင်အခါ--ပြင်သစ်၊ အီတာလီ၊ စပိန်၊ ပေါ်တူဂီ၊ အလယ်ပိုင်းနှင့်တောင်ပိုင်း အမေရိကတိုက်ရှိနိုင်ငံများ၌ ပေါ်ပေါက်သောတော်လှန်ရေးလှုပ်ရှားမှုများတွင်၊ မေဆွန်ရီအဖွဲ့များက အနည်းနှင့်အများ ပါဝင်ပတ်သက်ကြသည်ဟု ဆိုကြသည်။--ရုရှားနိုင်ငံတွင် တနိုင်ငံလုံးပြည့်နက်သွားခဲ့သော မေဆွန်ရီအဖွဲ့နှင့်ပတ်သက်သည့်အသင်းအဖွဲ့များက နောက်ဆုံးတွင် 'နိုင်ငံရေးလုပ်ကြံမှု' ဆောင်ရွက်ကြကြောင်း ပေါ်ခဲ့သည်။"**[၁၃၃]

မေဆွန်တို့၏ ရုရှားနိုင်ငံတွင်ပြုလုပ်သည့် လုပ်ကြံမှုသည် စိတ်ဝင်စားဖွယ်ကောင်း၏။

မေဆွန်ရီသည် ဤနိုင်ငံသို့ တစ်ဆယ့်ရှစ်ရာစုနှစ်ဒုတိယပိုင်းတွင်ရောက်ရှိလာပြီး တနိုင်ငံလုံးရှိပညာရှင်များအတွင်း ပျံ့နှံ့သွားခဲ့သည်။ အပြင်ဘန်းအားဖြင့် ယဉ်ကျေးမှုကလပ်အသင်းများအဖြစ် ဖွဲ့စည်းထားသော်လည်း၊ အဖွဲ့လော့ဂျ်များတွင် ဥရောပရှိအခြားနိုင်ငံများမှ ဘာသာအယူဝါဒဆန့်ကျင်ရေးနှင့် အစိုးရဆန့်ကျင်ရေးအတွေးအခေါ်များကို ဆွေးနွေးကြသည်။ ဩသော်ဒေါ့ခရစ်ယာန်ဘုန်းတော်ကြီးများက ထိုအချင်းအရာများကို ပထမဦးစွာ သတိထားမိကြသည်။ ထိုဘုန်းတော်ကြီးတို့က၊ ခရစ်ယာန်အသင်းတော်နှင့်ဆက်ဆံရေးကောင်းမွန်နေသည့် ဇာဘုရင်ပထမမြောက်အလက်ဇန္ဒာထံသို့ ဇာဘုရင်၏အစိုးရကို ဖျက်သိမ်းပစ်မည့်လုပ်ကြံမှုအစီအစဉ်ရှိကြောင်း သတင်းပို့လိုက်ကြသည်။ ဇာဘုရင်ကလည်း ၁၈၂၂-ခု နှစ်တွင် တတိုင်းပြည်လုံးရှိ မေဆွန်ရီလော့ဂျ်များကိုပိတ်ပစ်၍ မေဆွန်ရီအဖွဲ့များကိုလည်း မတရားသင်းအဖြစ် ကြေညာလိုက်လေသည်။ သို့သော်လည်း မေဆွန်တို့ကိုမူ ရှင်းပစ်နိုင်ခြင်းမရှိခဲ့ချေ။ မေဆွန်တို့သည် မြေအောက်လျှိုး၍ဆက်လက်လှုပ်ရှားကြလေသည်။

မေဆွန်ရီလော့ဂျ်များကို မတရားသင်းအဖြစ်ကြေညာပြီးနောက် သုံးနှစ်အကြာတွင် ပထမမြောက်အလက်ဇန္ဒာဇာဘုရင် နာဖျားမကျန်းဖြစ်၍ ကွယ်လွန်သွားလေသည်။ ပထမမြောက်နိကိုလပ်စ်ဇာဘုရင်နန်းတက်သော်လည်း သူနန်းတက်ခြင်းတွင် အငြင်းပွားမှုနှင့်အတွင်းရေးလုပ်ကြံမှုများဖြင့်ပြည့်နက်နေသဖြင့် တိုင်းပြည်သည်လည်း မငြိမ်မသက်ရှုပ်ထွေးနေခဲ့သည်။ ထိုအခြေအနေကို ငြိမ်ဝပ်ပိပြားစေလိုသူပုဂ္ဂိုလ်အချို့က ဇာဘုရင်သစ်၏အာဏာကို သိမ်းရန်ကြံစည်ကြသည်။ တော်လှန်ရေးစစ်သားနှင့် လူထုအတော်များများ၏ထောက်ခံအားပေးမှုကို အားကိုးအားထားပြု၍ ၁၈၂၅-ခုနှစ် ဒီဇင်ဘာလ ၁၄-ရက်နေ့တွင် စိန့်ပီတာစဘာဂ်မြို့တော်ရှိ ဘုရင့်နန်းတော်သို့ ချီတက်သွားကြသည်။ ဘုရင့်ကိုယ်ရံတော်တပ်နှင့် ရင်ဆိုင်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တော်လှန်ရေးအုပ်စုတို့ ရှုံးနိမ့်သွားလေသည်။ သူတို့တော်လှန်ရေးစတင်သည့်လကို အခြေပြု၍ ဤအုပ်စုကို "ဒီဇင်ဘာတော်လှန်ရေးသမား"များဟုခေါ်တွင်ကြသည်။ ခေါင်းဆောင်များကို ဖမ်းဆီး၍ ငါးဦးကို ကြိုးစင်တင်ကွပ်မျက်လိုက်လေသည်။ ဒီဇင်ဘာတော်လှန်ရေးသမားတို့သည် မေဆွန်ရီအဖွဲ့ဝင်များဖြစ်ကြသည်။ --လွန်ခဲ့သည့်သုံးနှစ်လောက်က ပထမမြောက်အလက်ဇန္ဒာဇာဘုရင်က မတရားသင်းအဖြစ်ကြေညာခဲ့သော မေဆွန်ရီလော့ဂျ်အဖွဲ့ဝင်များဖြစ်ကြသည့် အရာရှိအရာခံများ၊ ပညာရှင်များနှင့် စာရေးဆရာများက ထိုအာဏာသိမ်းလုပ်ကြံမှုတွင် အဓိကပါဝင်သူပုဂ္ဂိုလ်များဖြစ်ကြသည်။ ၎င်းတော်လှန်ရေးလုပ်ကြံမှုမှမေဆွန်ရီအဖွဲ့ဝင်တို့အနက် နာမည်ကျော်စာရေးဆရာ ကောင့်ပွရှ်ကင်လည်း ပါဝင်လေသည်။[၁၃၄]



နာမည်ကျော်စာရေးဆရာပွရှ်ကင်သည် မေဆွန်တို့ရုရှားနိုင်ငံတွင်စည်းရုံးလုပ်ကြံခဲ့သော အာဏာသိမ်းအစီအစဉ်တွင် ပါဝင်ခဲ့သည့် မေဆွန်ရီခေါင်းဆောင်တစ်ဦးဖြစ်သည်။

ဒီဇင်ဘာတော်လှန်ရေးသမားတို့၏ကြိုးပမ်းမှုသည် အရှုံးဖြင့်သာနိဂုံးချုပ်ခဲ့ရသော်လည်း၊ မေဆွန်တို့က ဇာဘုရင်ကိုဖြုတ်ချမည့်ရည်ရွယ်ချက်ကိုမူ အရှုံးမပေးကြသေးပေ။ တစ်ဆယ့်ကိုးရာစုနှစ်တလျှောက်လုံးနှင့် နှစ်ဆယ်ရာစုနှစ်ပထမပိုင်းအတွင်း ဇာဘုရင်ကို ဖြုတ်ချရန်ကြိုးပမ်းသည့်အုပ်စုများတွင် မေဆွန်တို့သည် အရေးပါသောနေရာတွင် ပါဝင်ဆင်နွှဲခဲ့ကြပေသည်။ ၁၉၁၇–ခုနှစ် ဖေဖော်ဝါရီတော်လှန်ရေးအုပ်စုခေါင်းဆောင် အလက်ဇန္ဒာကာရင်စကီနှင့်သူ့ကို အနီးကပ်ထောက်ခံအားပေးခဲ့သူအားလုံးသည် မေဆွန်များဖြစ်ကြသည်။[၁၃၅] အစိုးရသစ်အဖွဲ့ဝင်အများစုသည်လည်း မေဆွန်ရီအဖွဲ့များဖြစ်ကြသည်။[၁၃၆] အချိန်တိုတောင်းသည့် ကာရင်

စကီ၏အစိုးရ၏ သမိုင်းတွင်ထင်ရှားခဲ့သည့်တစ်ခုတည်းသောအချက်မှာ တိုင်းပြည်ကို လီနင်နှင့် လီနင်ခေါင်းဆောင်သော ဘိုလရှီဗစ်တို့ကို အာဏာလွှဲပြောင်းပေးခဲ့ခြင်းသာ ဖြစ်ပေသည်။

## နှစ်ဆယ်ရာစုမေဆွန်ရီအဖွဲ့–တိတ်တိတ်ဖြင့်အဝေးမှထိန်းကျောင်းခြင်း
## TWENTIETH-CENTURY MASONRY: SILENT AND REMOTE

ပြင်သစ်၊ ဂျာမဏီ၊ အီတာလီနှင့်ရုရှားနိုင်ငံများမှ မေဆွန်တို့၏လှုပ်ရှားမှုများကို ကျွန်ုပ်တို့ဤအချိန်အထိလေ့လာခဲ့ကြသမျှအရ၊ မေဆွန်ရီအဖွဲ့၏ရည်မှန်းချက် ပန်းတိုင်သည် လူမှုရေး–နိုင်ငံရေးဆိုင်ရာ တော်လှန်ရေးဖြစ်ကြောင်း ထင်ရှားပေသည်။ မေဆွန်ရီအဖွဲ့က ဘာသာရေးအစည်းအရုံးနှင့်ဘာသာရေးယုံကြည်မှုကိုဖျက်ဆီးပစ်၍ စနစ်သစ်တည်ဆောက်ရန် လိုလားကြသည်။ ထို့ကြောင့် ထိုနိုင်ငံများတွင် ဘုရင်စနစ်ကို တော်လှန်ဖျက်သိမ်းရန်ကြိုးပမ်းခဲ့ကြသည်။ ဥရောပနိုင်ငံအမြောက်အမြားတွင်၊ မေဆွန်ရီလော့ဂျ်များသည် အာဏာသိမ်းရေး၊ ဆူပူမှုဖန်တီးရေး၊ လုပ်ကြံသတ်ဖြတ်ရေး၊ ဘာသာအယူဝါဒဆန့်ကျင်ရေးနှင့်နိုင်ငံရေးလုပ်ကြံမှုများကို ဆွေးနွေးစီမံသည့်ဌာနဖြစ်ခဲ့သည်။ ၁၇၈၉–ခုနှစ် ပြင်သစ်တော်လှန်ရေးဖြစ်ပေါ်ပြီးနောက်ပိုင်းမှစ၍ နှစ်ဆယ်ရာစုနှစ်အထိ ထိုသို့သောလှုပ်ရှားမှုကြီးငယ်မှန်သမျှ၏နောက်ကွယ်တွင် မေဆွန်ရီအဖွဲ့၏ ဩဇာပါဝင်နေကြောင်း တွေ့ရှိရပေသည်။

အင်္ဂလိပ်လူမျိုးသမိုင်းပါရဂူ မိုက်ကယ်ဟိုးဝါဒ်၏အဆိုအရ၊ တစ်ဆယ့်ကိုးရာစုနှစ်အတွင်း မေဆွန်ရီလော့ဂျ်များက ကျန်ရှိနေသေးသောအင်ပါယာနှစ်ခုဖြစ်သည့် ဩစတြီးယား–ဟန်ဂေရီအင်ပါယာနှင့် ရုရှားအင်ပါယာတို့ကိုဖြုတ်ချဖျက်သိမ်းနိုင်ရန် အထူးပြုအလေးထား၍ ဆောင်ရွက်ကြသည်။ သူတို့၏ကြိုးပမ်းချက်သည်လည်း ပထမကမ္ဘာစစ်ကြောင့် အောင်မြင်သွားလေသည်။

တစ်နည်းအားဖြင့်အဓိပ္ပါယ်ကောက်လျှင်၊ မေဆွန်ရီအဖွဲ့သည် နှစ်ဆယ်ရာစုနှစ်အစပိုင်းအတွင်း ၎င်း၏လူမှုရေး–နိုင်ငံရေးဆိုင်ရာ တော်လှန်ရေးပန်းတိုင်ကို ကြီးကျယ်သည့်အတိုင်းအတာဖြင့် အောင်မြင်မှုရရှိခဲ့လေသည်။

ထို့ကြောင့်၊ နှစ်ဆယ်ရာစုနှစ်အဆုံးပိုင်းမှစ၍ မေဆွန်ရီဆိုင်ရာတော်လှန်ရေးတစ်ခုမျှ မရှိတော့ချေ။ မေဆွန်တို့က နောက်ထပ်ရင်ဆိုင်ရမည့် မည်သည့်အဟန့်အတားမျှမရှိတော့ဟု ယူဆကြသဖြင့်၊ မေဆွန်ရီအဖွဲ့ဝင်တို့သည် နိုင်ငံရေးလုပ်ကြံမှုများကို ဖေါ်ထုတ်မည့်အစား၊ သူတို့၏အတွေးအခေါ်ကို ဖြန့်ဖြူးရန်ကိုသာ ပိုမိုအလေးထားကြလေသည်။ သူတို့၏ ရုပ်ဝါဒနှင့်လူသားပဓါနအခြေပြုဝါဒကို အများလူထုထံသို့၊ သိပ္ပံပညာအရေခြုံ၍လည်းကောင်း၊ အနုပညာနည်းမျိုးစုံဖြင့်လည်းကောင်း၊ မီဒီယာသတင်းလောကဖြင့်လည်းကောင်း၊ တေးဂီတနှင့်အများလူထုကြိုက် ရေပန်းစားသည့်ယဥ်ကျေးမှုမှန်သမျှဖြင့်လည်းကောင်း၊ ဖြန့်ဖြူးကြသည်။ မေဆွန်တို့က မိုးကျသာသနာကို ဤကဲ့သို့သောဝါဒဖြန့်ခြင်းဖြင့် တော်လှန်ရေးပုံစံမျိုးလို ချက်ချင်းလက်ငင်းပြောင်းလဲဖျက်ဆီးပစ်ရန် မရည်ရွယ်ကြချေ။ ဤပန်းတိုင်ကို ရေရှည်စီမံကိန်းဖြင့် အများလူထုအား သူတို့၏အတွေးအခေါ်ကို တစ်ဖြေးဖြေးချင်း တစ်စတစ်စသွတ်သွင်းခြင်းဖြင့် အောင်မြင်ရန်လိုလားကြသည်။

ဤနည်းကို အမေရိကန်လူမျိုးမေဆွန်တစ်ဦးက အောက်ပါအတိုင်း အတိုချုံး၍ပေါင်းရုံးဖေါ်ပြထားသည်။

> ဖရီးမေဆွန်ရီသည်၊ ၎င်း၏လုပ်ငန်းကို တိုးတိုးတိတ်တိတ်လုပ်ဆောင်သည်။ သို့သော်လည်း နက်ရှိုင်းသောမြစ်အောက်ခြေတွင် ရေစီးကြောင်းက ပင်လယ်သမုဒ္ဒရာသို့တိုးတိုးတိတ်တိတ်တွန်းပို့သည့် အချင်းအရာနှင့် အလားတူသည်။[၁၃၇]

အမေရိကန်နိုင်ငံ ဂျော်ဂျီယာနယ်မှ ဘုန်းတော်ကြီး ဂျေ ဒါဗလျူ တေလာက ဤကိစ္စနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် သုံးသပ်ထားပေသည်။



## လူသားပဓါနအခြေပြုဝါဒကျောင်းတော်မှ ထူးဆန်းသောပူဇော်ပသခြင်း

## STRANGE RITES IN THE TEMPLE OF HUMANISM

မေဆွန်တို့သည် တကမ္ဘာလုံးကို "ကျောင်းတော်"အဖြစ်ပြောင်းလဲလိုကြသည်။ သူတို့တည်ဆောက်လိုသည့်ကျောင်းတော်သည် စစ်မှန်သောဘာသာအယူဝါဒ၏ကျောင်းတော်မဟုတ်ဘဲ လူသားပဓါနအခြေပြုဝါဒကျောင်းတော်ဖြစ်သည်။ သူတို့၏စိတ်ကူးယဉ်မှာ၊ လူသားလောကကို ရုပ်ပွားတော်အဖြစ်ကိုးကွယ်၍၊ လူတို့က စစ်မှန်သောဘာသာအယူဝါဒများကို ပစ်ပယ်လိုက်ပြီး၊ အီဗိုလူးရှင်းဝါဒီတို့၏အတွေးအခေါ်ကို တစ်ခုတည်းသောမှန်ကန်သည့်အတွေးအခေါ်အဖြစ်လက်ခံသည့်အယူတိမ်းပါးဖေါက်ပြန်သောကမ္ဘာကို တည်ဆောက်ရန်ဖြစ်သည်။

မေဆွန်ရီစာပေတွင်၊ ဤထူးဆန်းသည့်အခန်းအနားကိုကျင်းပရန်ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ဖေါ်ပြထားသည်။

ယနေ့၊ တကမ္ဘာလုံးဆိုင်ရာဘာသာအယူဝါဒ ပေါ်ထွန်းလာလေပြီ။ နေးကွေးသော်လည်း ၎င်းသည် အသိတရား၏လိုလားချက်များကို အဓိပ္ပါယ်ရှိရှိဖြည့်တင်းပေးလိမ့်မည်။––ဤဘာသာအယူဝါဒနှင့်ပြိုင်တူ ကမ္ဘာ့အမြင်နှင့်ကိုက်ညီသောကိုယ်ကျင့်တရားကို တည်ဆောက်ပေးလိမ့်မည်။––ဤသို့သောဘာသာအယူဝါဒသည် တကမ္ဘာလုံးရှိလူသားများကို ညီညွတ်အောင်စည်းလုံးထားလိမ့်မည်။ ဤသည်ကား မေဆွန်ရီပင်ဖြစ်၏။ ဤဘာသာအယူဝါဒသည် နှလုံးသားတစ်ခုမှ အခြားတစ်ခုသို့လက်ဆင့်ကမ်းကူးစက်သွားလိမ့်မည်။ ဤဘာသာအယူဝါဒ၏ကျောင်းတော်သည် လူသားလောက၏ကျောင်းတော်ဖြစ်လိမ့်မည်။ ဤကျောင်းတော်တွင် သီဆိုသောဓမ္မသီချင်းသည် ဘီသိုဗင်၏နဝမမြောက်တေးသံဖြစ်၍၊ လူသားတို့၏စိတ်ဓါတ်အရင်းခံမှ ထွက်ပေါ်လာသော အမြင့်မြတ်ဆုံးတေးသံဖြစ်သည်။––

မစ်သရာနတ်ဘုရားပူဇော်သည့်အခန်းအနားမှ အမဲသားနှင့်သွေးအစား၊ ဤမွေးနေ့တွင် ပေါင်မုန့်နှင့်ဝိုင်အရက်နီသောက်သုံးကြမည်။ ခရစ်တော်၏ညစာစားပွဲအထိမ်းအမှတ်ကဲ့သို့ တူညီသောယုံကြည်မှုတွင် ကျွန်ုပ်တို့စည်းလုံးကြမည်။ နှစ်သစ်ကူးတွင် ကျွန်ုပ်တို့၏ရှုန်းကန်လှုပ်ရှားမှုဆုံးခန်းတိုင်စေ၍ အောင်ပွဲခံလိုပါသည်။ ညီနောင်တို့––နောက်ထပ်မုန့်တစ်လုံးကိုစားပါလေ။ သင်တို့သည် ဤဒေသနာ၏သာသနာပြုတွေဖြစ်ကြသည်။ ဤမုန့်ကိုဝိုင်းဝန်းသုံးဆောင်သည့် သူတော်ကောင်းများသည် ကျွန်ုပ်တို့၏မိတ်သင်္ဂဟဖြစ်ကြပါစေ။ ညီနောင်များခင်ဗျား––သွေးသောက်ညီနောင်များဖြစ်စေဘို့၊ သင်တို့ခွက်မှ နောက်ထပ်ဝိုင်အရက်တစ်ငုံစာလောက် စုပ်လိုက်ပါဦးခင်ဗျာ။
(*မေဆွန်* နှစ်ပတ်လည်၂၉၊ ၁၉၈၁ခုနှစ် အမှတ် ၄၀–၄၁၊ စာမျက်နှာ ၁၀၅–၁၀၇)



မဲဆွန်တို့ဆောက်ခါးသေးသေးသောရုပ်ပါခသည် တစ်ဆယ့်ကိုးရာစု
နှစ်အတွင်း လူသားတို့ကို အကြီးအကျယ်ဒုက္ခရောက်စေခဲ့သည်။
ဘုံးအထဲကြောင့်ရက်ပြတ်သွားသောကျဉ်းဝိုင်းထဲမှစတာလင်ဂရတ်အနီး
မြို့ကျဆုံးသွားသောစစ်သား၏ မျက်နှာသည် လူသား
ပေါ်နေသည့်ပြဿနာ မနိုင်ခဲ့သော ထိုဒုက္ခများ၏
ဥပမာတစ်ခုဖြစ်သည်။

> အများရေပန်းစားသည့်ကိစ္စဟောင်းတစ်ရပ်ရပ်ကိုပစ်ပယ်၍ အသစ်တစ်ခုခုသို့ပြောင်းလဲသွားခြင်း၏ အရင်းခံအကြောင်းရပ်သည် လတ်တလောသတိထားမိနိုင်အောင် အမြဲတစေသိသာထင်ရှားခြင်းမရှိပေ။ လူတို့၏စိတ်တွင် နှစ်ပေါင်းများစွာဖြစ်ပေါ်မြုံမြုပ်နေသောအခြေခံမှုများကို နောက်ဆုံးသင့်တော်သောချိန်သမယနှင့်ပတ်ဝန်းကျင်တွင် ထတောက်ရှင်သန်အောင်မီးမွှေးအဆုံးသတ်ခြင်းဖြစ်ပေသည်။––အားလုံးက စိတ်အားတက်ကြွထက်သန်ခြင်းအရှိန်အဟုန်ဖြင့် အကြောင်းရပ်တစ်ခုတည်းအတွက် တိုင်းနိုင်ငံတစ်ခုလုံးသည် လူတစ်ကိုယ်တည်းကဲ့သို့ အောင်ပွဲခံသည်အထိ ချီတက်ကြပေသည်။ ဤအခြေခံမှုပေါ်တွင် မေဆွန်ရီအဖွဲ့အစည်းသည် လူသားကမ္ဘာကြီးကို သူ၏ဩဇာလွှမ်းမိုးမှုအတွက် မီးမွှေးလိုက်ခြင်းဖြစ်သည်။ ၎င်းသည် တိုးတိုးတိတ်တိတ်နှင့် လျှို့ဝှက်စွာဆောင်ရွက်သည်။ မိမိတို့တွင်ရှိသမျှသောအဆက်အသွယ်မျိုးစုံဖြင့် လူ့အဖွဲ့အစည်းအတွင်းရှိအက်ကြောင်းတိုင်းသို့တိုးဝင်၍ ဆောင်ရွက်ကြသဖြင့်၊ အခွင့်အရေးခံစားကြသူတို့က သူတို့၏အောင်မြင်မှုကို အံ့အားသင့်လျက်ရှိကြပေသည်။ မည်သည့်အချိန်ကစ၍ ထိုကြီးကျယ်သည့်အောင်မြင်မှုအခြေအနေသို့ရောက်အောင်ဖန်တီးလာခဲ့သည်ကို မပြောပြနိုင်ကြချေ။[၁၃၈]

ချီကာကိုမြို့ကြီးမှ ဂရဲန်လော့ဂျ်တွင်ထုတ်ဝေသော *ဖွဲ့စ်*(အသံ)မဂ္ဂဇင်းတွင် **“၎င်း(မေဆွန်ရီအဖွဲ့)သည် ကြီးကျယ်သောလူ့အဖွဲ့အစည်းယက်ကန်းထည်ကို တိုးတိုးတိတ်တိတ်ဖြစ်သော်လည်း သေချာစွာအဆက်မပြတ်သောလုံ့လဖြင့် ယက်လုပ်သည်”**[၁၃၉] ဟု ရေးထားသည်။ “ဤကြီးကျယ်သောယက်ကန်းထည်”သည်၊ မေဆွန်ရီအဖွဲ့၏အခြေခံမှုဝါဒအတွေးအခေါ်ဖြစ်သော–ရုပ်ဝါဒ၊ လူသားပဓါနအခြေပြုဝါဒနှင့် ဒါဝင်ဝါဒ–တို့ကို လူ့အဖွဲ့အစည်းသို့ အတင်းအဓမ္မသွတ်သွင်းပေးခြင်းဖြင့် ဖြစ်ပေါ်လာပေသည်။

ဤတိုးတိုးတိတ်တိတ်နှင့်အဝေးမှထိန်းကျောင်းခြင်းနည်းပရိယာယ်တွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးအချက်မှာ၊ ၎င်းနည်းပရိယာယ်ကိုလက်တွေ့အကောင်အထည်ဖော်သည့် မေဆွန်တို့က မေဆွန်ရီအဖွဲ့အမည်ဖြင့်ဆောင်ရွက်သည့်အချက်ကို မဖော်ထုတ်သလောက်ဖြစ်သည့်အချက်ပင် ဖြစ်သည်။ သူတို့၏အလုပ်ကို အခြားပုံပန်း၊ အမည်၊ ရာထူးအဆင့်အာဏာများဖြင့် ဆောင်ရွက်ကြသည်။ သို့သော်လည်း သူတို့ကမေဆွန်ရီအဖွဲ့က ထောက်ခံအားပေးသည့်အတွေးအခေါ်ကို လူ့အဖွဲ့အစည်းအပေါ် ဝိုင်းဝန်းသွတ်သွင်းကြသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်တွင် တွေ့ဆုံဆွေးနွေးခဲ့ရသော တူရကီနိုင်ငံမေဆွန်ရီအဖွဲ့မှ မာစတာမေဆွန် ဟာလီလ် မုလ်ကွပ်စ်က ဤကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းပြပေသည်။

> မေဆွန်ရီအဖွဲ့သည်၊ မေဆွန်ရီအဖွဲ့အနေဖြင့် ဘာမျှမဆောင်ရွက်ချေ။ မေဆွန်ရီအဖွဲ့က လူပုဂ္ဂိုလ်များနှင့် ဤအဖွဲ့တွင်လာရောက်လေ့ကျင့်သင်တန်းတက်သူတို့ကို ရှေ့ဆောင်လမ်းညွှန်ပေးသည်။ အသိပညာဖွံ့ဖြိုးမှုတွင် ပါဝင်ဆောင်ရွက်သူမေဆွန်တို့သည် သူတို့နေထိုင်သောလောက၌ အလုပ်အကိုင်ရာထူးနှင့် နေရာဒေသအမျိုးမျိုး ကွဲပြားပျံ့နှံ့လျက်ရှိသည်။ သူတို့သည် တက္ကသိုလ်အဓိပတိများ၊ ပါမောက္ခများ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ဆေးဆရာဝန်များ၊ ဆေးရုံအုပ်ချုပ်သူအာဏာပိုင်များ၊ ရှေ့နေများ၊ စသည်ဖြင့် ဖြစ်ကြသည်။ သူတို့သည် မည်သည့်နေရာတွင်နေထိုင်သည်ဖြစ်စေ၊ သူတို့လေ့ကျင့်သင်ယူခဲ့သောမေဆွန်ရီအတွေးအခေါ်များကို လူ့အဖွဲ့အစည်းသို့ စိတ်အားထက်သန်စွာဖြန့်ဖြူးကြပေသည်။[၁၄၀]

လွန်ခဲ့သည့်အခန်းများ၌ ကျွန်ုပ်တို့တွေ့ခဲ့ဆွေးနွေးခဲ့ကြသည့်အတိုင်း၊ မေဆွန်ရီအဖွဲ့က ဆက်တိုက်မရပ်မနားလေ့လာ၍ လူ့အဖွဲ့အစည်းသို့သွတ်သွင်းနေသော မေဆွန်ရီအတွေးအခေါ်သည်၊ လှည့်ဖြားခြင်းထက်မပိုပေ။ မေဆွန်ရီအတွေးအခေါ်သည်၊ ရှေးဟောင်းအီဂျစ်နှင့်ဂရိလူမျိုးတို့၏ စိတ်ကူးယဉ်ဒဏ္ဍာရီအယူသီးမှုများမှအခြေခံလာခဲ့၍၊ သူတို့ယုံကြည်သောထိုဒဏ္ဍာရီများကို သိပ္ပံပညာနှင့်တွေးတောဆင်ခြင်ခြင်းအထုပ်များတွင်ထည့်သွင်း၍ စိတ်အားထက်သန်စွာပို့ချနေကြခြင်းသည် သူတို့ကိုယ်တိုင်နှင့်အခြားသူများကို လိမ်လည်လှည့်ဖြားနေခြင်းသာဖြစ်ပေသည်။ ဤသည်ကား ဂလိုဘာလိုင်ဇေးရှင်းခေါ် တကမ္ဘာလုံးတပြေးညီဖြစ်ပေါ်ပြန့်ပွားစေခြင်းခေတ်ကာလတွင် “တကမ္ဘာလုံးဆိုင်ရာ ဖရီးမေဆွန်ရီအဖွဲ့”၏ ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍပင်ဖြစ်ပေသည်။

ဤလိမ်လည်လှည့်ဖြားခြင်း၏ရလာဒ်သည် အလွန်တရာဆုံးရှုံးထိခိုက်နစ်နာပေသည်။ တစ်ဆယ့်ရှစ်ရာစုနှစ်နှင့် တစ်ဆယ့်ကိုးရာစုနှစ်အတွင်း အများလူထုကို ဘာသာအယူဝါဒမှ

ကင်းကွာစေသည့်မေဆွန်ရီတို့၏ပရိုဂရမ်အစီအစဉ်ကြောင့် မိစ္ဆာဒိဋ္ဌိဝါဒသစ်အတွေးအခေါ်များဖြစ်သော လူမျိုးရေးဝါဒ၊ ဖက်ဆစ်ဝါဒ၊ ဆက်ကူလာခေါ် လောကီရေးသက်သက်ဝါဒနှင့် ကွန်မြူနစ်ဝါဒကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့်အတွေးအခေါ်များကို ပေါ်ထွန်းစေခဲ့သည်။ လူမှုရေးဒါဝင်ဝါဒပျံ့နှံ့သွားခြင်းကြောင့် လူအများက အသက်ရှင်နေရေးအတွက် ရုန်းကန်တိုက်ခိုက်နေကြရသည့်တိရစ္ဆာန်များဖြစ်သည်ဟုယူဆကြသဖြင့်၊ တစ်ဆယ့်ကိုးရာစုနှစ်ဒုတိယပိုင်းနှင့် နှစ်ဆယ်ရာစုနှစ်အတွင်း အလွန်ရက်စက်ကြမ်းကြုတ်သည့်ရလာဒ်များ ထွက်ပေါ်လာခဲ့သည်။ ပထမကမ္ဘာစစ်သည်၊ ဒါဝင်သီအိုရီ၏အကြံပြုချက်ကြောင့် စစ်ဖြစ်ခြင်းနှင့် သွေးထွက်သံယိုဖြစ်ခြင်းသည် ဇီဝဆိုင်ရာလိုအပ်ချက်ဖြစ်သည်ဟု ယူဆသောဥရောပတိုက်ခေါင်းဆောင်များ၏လုပ်ရပ်ဖြစ်သည်။ ထိုစစ်အတွင်း ဦးရေအားဖြင့် ၁၀ သန်းကျော်သောလူသားတို့၏အသက် အလဟဿဆုံးရှုံးခဲ့သည်။ ထိုစစ်နှင့်မရှေးမနှောင်းဆက်လက်ဖြစ်ပွားသော ဒုတိယကမ္ဘာစစ်တွင် လူ့အသက်ပေါင်း ၅၅–သန်းခန့် သေကြေပျက်စီးခဲ့သည်။ ထို့နောက်၊ မေဆွန်တို့မျိုးစေ့ချပေးလိုက်သောအကြမ်းဖက်လောကီရေးသက်သက်အတွေးအခေါ်(ဆက်ကူလာရစ်ဇင်း)ဖြစ်သည့် ဖက်ဆစ်အာဏာရှင်စနစ်နှင့် ကွန်မြူနစ်စနစ်တို့ကြောင့်နောက်ထပ်အပြစ်မဲ့လူ့အသက်ပေါင်းသန်းပေါင်း ၁၀၀–ခန့် စတေးခဲ့ရသည်။ နှစ်ဆယ်ရာစုနှစ်အတွင်း တကမ္ဘာလုံးတွင် ပျက်စီးယိုယွင်းမှု ဖြစ်စေခဲ့သောစစ်ပွဲများ၊ ပဋိပက္ခများ၊ ရက်စက်ကြမ်းကြုတ်မှုများ၊ မတရားမှုများ၊ ခေါင်းပုံဖြတ်မှုများ၊ အစာငတ်မွတ်ခေါင်းပါးခြင်းနှင့် ကိုယ်ကျင့်တရားပျက်ပြားခြင်းစသည်တို့အားလုံးသည်၊ အခြေခံအားဖြင့် ဘုရားတရားကိုစော်ကားသည့် ဘုရားတရားမဲ့သောအတွေးအခေါ်များကြောင့် ဖြစ်သည်။ (အသေးစိတ်ကို *လူ့လောကသို့ဒုက္ခပေါင်းစုံယူဆောင်လာခဲ့သော ဒါဝင်ဝါဒ*စာအုပ် တွင် ကြည့်ပါ။)

အချုပ်အားဖြင့် မေဆွန်ရီအတွေးအခေါ်သည် ခါးသက်သောအသီးအပွင့်ကိုသာ ပေးခဲ့၏။ အကယ်၍ မိုးကျဘာသာအယူဝါဒကိုသာ မပစ်ပယ်ခဲ့ကြပါက ထိုသို့ဖြစ်မည်မဟုတ်ပေ။ သမိုင်းတလျှောက်လုံးတွင် အလ္လာဟ်အရှင်မြတ်ကိုပစ်ပယ်သော မိစ္ဆာဒိဋ္ဌိကတို့သည်၊ သူတို့၏မိရိုးဖလာထုံးစံနှင့်စိတ်ကူးယဉ်ဒဏ္ဍာရီအယူဝါဒများကိုနှစ်သက်ကြ၍ ဖျက်ဆီးခြင်းလမ်းစဉ်ကိုသာ လိုက်နာခဲ့ကြပေသည်။ လက်ရှိကမ္ဘာမှ မိစ္ဆာဒိဋ္ဌိအယူဝါဒကို လိုက်နာကျင့်သုံးသည့် ဖရီးမေဆွန်ရီအဖွဲ့သည်၊ ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် သူတို့ကိုယ်တိုင်ကို ပျက်စီးခြင်းသို့ ဆွဲခေါ်လျက်ရှိ၏။

ထို့ကြောင့်၊ ကျော်ကြားသည့်အစ္စလာမ်သာသနာ့ ပညာရှင်တစ်ဦးဖြစ်သူ ဘိဒုဇ္ဇမန်ဆအီဒ်နူရ်ဆီက "ရုပ်ဝါဒနှင့်သဘာဝအခြေပြုဝါဒဟူသောရောဂါ"ဟုမှည့်ခေါ်ထားသည့်အတွေးအခေါ်များနှင့်အကျွမ်းဝင်မှောက်မှားခြင်းမှရှောင်ရှားခြင်းဖြင့် ပေါ်ပေါက်လာမည့်ပျက်စီးခြင်းဒုက္ခများမှ လူသားလောကတစ်ရပ်လုံးကို ကာကွယ်ရန်မှာ အဓိကအကြောင်းရင်းဖြစ်သည်ဟု ရေးသားထားပေသည်။



# နိဂုံးချုပ်
# CONCLUSION

မေဆွန်ရီအဖွဲ့သည် လွန်ခဲ့သည့်ရာစုနှစ်နှစ်ခုအတွင်း စိတ်ဝင်စားဖွယ်ထူးခြားသော အဖွဲ့ဖြစ်ခဲ့ပေသည်။ ၎င်း၏လျှို့ဝှက်ဆန်းကြယ်သည့်အင်္ဂါရပ်များက လူအများကိုဆွဲဆောင်ခဲ့သည်။ တစ်ချိန်တည်းတွင် မေဆွန်ရီအဖွဲ့ကိုမလိုမုန်းထားဆန့်ကျင်သူတို့လည်းပေါ်ပေါက်လာခဲ့၍၊ "အန္တရာယ်ကင်းသော ကုသိုလ်ရေးအသင်းအဖွဲ့" တစ်ခုအဖြစ် ကြေညာလေသည်။ ထိုကြေညာချက်နှင့်ဆန့်ကျင်သော လုပ်ရပ်များကြောင့် မေဆွန်ရီအဖွဲ့ကိုဆန့်ကျင်မှုပိုမို၍ တိုးပွားလာခဲ့သည်။

သို့သော်လည်း၊ မေဆွန်ရီအဖွဲ့ကို ဆန့်ကျင်ရာ၌ မျက်စိမှိတ်ဆန့်ကျင်ရေးအစီအစဉ်မဖြစ်သင့်ပေ။ ထိုသို့ပြုမည့်အစား၊ ဤအဖွဲ့အစည်းက လူသားလောကကို အတင်းအဓမ္မသွတ်သွင်းနေသည့် မလျော်မကန်မှားယွင်း၍ တရားမဝင်သည့်အတွေးအခေါ်ကို သတိပြုကာ အများသိအောင်ဖော်ထုတ်ခြင်းပြုသင့်ပေသည်။

ကြီးကျယ်သောအစ္စလာမ့်ပညာရှင် ဘိဒုဇ္ဇမန် ဆအီဒ်နူရ်ဆီက ထိုတာဝန်ကို အတိုချုံး၍ ဖော်ပြထားပေသည်။

> သဘာဝအခြေပြုဝါဒနှင့် ရုပ်ဝါဒအတွေးအခေါ်တို့ကမွေးထုတ်လိုက်သောရက်စက်ကြမ်းကြုတ်သည့်ဖြစ်ရပ်များသည် နောက်ဆုံးအချိန်ပိုင်းတွင် ရုပ်ဝါဒအတွေးအခေါ်လမ်းစဉ်ဖြင့် အားကောင်းလာပြီး ပိုမိုပျံ့နှံ့သွားလေရာ၊ အလ္လာဟ်အရှင်မြတ်ကိုငြင်းပယ်သည့်အဆင့်ထိဆိုက်ရောက်သွားပေသည်။[၁၄၁]

တစ်နည်းအားဖြင့်၊ ရုပ်ဝါဒအတွေးအခေါ်သဘောထားသည် နောက်ဆုံးနေ့ရောက်ခါနီးတွင် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းကို ငြင်းပယ်သည့်အဖြစ်သို့ ရောက်သွားလိမ့်မည်။ ယင်းကိုတန်ပြန်ခြင်းအနေဖြင့်၊ ထိုအတွေးအခေါ်များသည် မည်မျှကြီးကျယ်သော လိမ်လည်လှည့်ဖြားမှုဖြစ်ကြောင်းဖော်ထုတ်ခြင်း၊ အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ပြဆိုထားသည့် သက်သေသာဓကများဖြင့် ဖော်ထုတ်ခြင်း၊ စသည်တို့ကိုဆောင်ရွက်ကြရပါမည်။

ဤနည်းလမ်းသည်၊ မေဆွန်ရီအဖွဲ့ကို တိုက်ခိုက်သည့် ပညာရှင်ဆိုင်ရာလှုပ်ရှားမှုတိုက်ပွဲ ဖြစ်သည်။ အရေးကြီးဆုံးအချက်မှာ မေဆွန်ရီအတွေးအခေါ်မှားယွင်း၍ တရားမဝင်ကြောင်း ပယ်ဖျက်ပစ်ရန်ဖြစ်သည်။ ဤအဖွဲ့၏အတွေးအခေါ်များကို အများလူထုပေါ်တွင်၊ အဝေးမှနေ၍ ဝါဒဖြန့်နည်းဖြင့် လူအများအား ဘာသာအယူဝါဒများ၏ကိုယ်ကျင့်တရားများမှကင်းကွာသွား၍၊ ရုပ်ဝါဒ၊ လူသားပဓါနအခြေပြုဝါဒနှင့် ဒါဝင်သီအိုရီစိတ်ကူးယဉ်အတွေးအခေါ်များဖြင့်ဩဇာလွှမ်းမိုးနေခြင်းကို ဖျက်ဆီးပစ်ရန် အရေးကြီးဆုံးဖြစ်သည်။ အတွေးအခေါ်ပိုင်းအရ ရှုံးနိမ့်သွားသောသီအိုရီဝါဒများသည် နောက်ထပ်ထိရောက်မှုမရှိနိုင်တော့ပေ။ တစ်ချိန်တည်းတွင် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း၊ ထိုအရှင်မြတ်သည် တစ်ပါးတည်းသောအရှင်ဖြစ်ကြောင်းနှင့် ဘာသာအယူဝါဒယုံကြည်ချက်များ၏အမှန်တရားများကို လူအများထံသို့ပို့ချပေးရန်လည်း လိုအပ်ပေသည်။ ထိုသို့လမ်းမှန်ကိုပြသပေးရာတွင် သိပ္ပံပညာအချက်အလက်များဖြင့် ထောက်ခံအထောက်အကူပြု၍ ပြသရန်လည်း လိုအပ်ပေသည်။

အမှန်စင်စစ်၊ ဤပညာရှင်ဆိုင်ရာတာဝန်ယူဆောင်ရွက်ခြင်းသည်၊ မေဆွန်ရီကိုဆန့်ကျင်တိုက်ခိုက်ခြင်းသာမဟုတ်ဘဲ ရည်ရွယ်ချက်ပန်းတိုင်တွင် မိမိကိုယ်ကိုပင် လိမ်လည်လှည့်စားနေကြသည့် မေဆွန်ရီအဖွဲ့ဝင်တို့ကို ကယ်တင်ရန်လည်း ပါဝင်ပါသည်။ မေဆွန်တို့ရောက်ရှိနေသောအခြေအနေသည်၊ ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖော်ပြထားသော အာဒ်နှင့်သလ်မူဒ်အမျိုးသားတို့အကြောင်းနှင့် အလားတူနေပေသည်။ **"စင်စစ်သော်ကား 'ရှိုင်တွာန်'မိစ္ဆာကောင်သည် ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို ၎င်းတို့၏အမြင်၌ တင့်တယ်လှပအောင် ပြုလုပ်ပြီးလျှင် ၎င်းတို့အား(မှန်ကန်သောတရား)လမ်းမှ တားဆီးပိတ်ပင်ခဲ့လေ၏။ စင်စစ် ၎င်းတို့မှာ အသိအမြင်ရှိသောသူများပင် ဖြစ်ခဲ့ကြကုန်၏။"** (စူရာအလ်အန်ကဘူတ် ၂၉း၃၈)

ပန်းတိုင်မှာ၊ မေဆွန်များအပါအဝင် ကမ္ဘာ့လူထုတစ်ရပ်လုံးအား သူတို့၏မှားယွင်းမှုများမှ ကယ်တင်ရန်ဖြစ်ပေသည်။

မေဆွန်ရီအဖွဲ့ဝင်တို့က လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာအတွင်း သူတို့၏အတွေးအခေါ်ကို ထောက်ခံသည်ဟူသောသိပ္ပံပညာသည် ယနေ့အချိန်တွင် သူတို့ကိုပြန်လည်ဆန့်ကျင်နေပြီဖြစ်ကြောင်း ရှင်းလင်းစွာ တင်ပြရန်လိုအပ်ပေသည်။ ရုပ်ဝါဒလောကအမြင်၏အခြေခံအုတ်မြစ်ဖြစ်သော အီဗိုလူးရှင်းသီအိုရီသည် ၁၉၇၀–ခုနှစ်မှစတင်၍ အကြီးအကျယ်နိမ့်ကျလျှောဆင်းသွားလေပြီ။ တူးဖော်ရရှိသည့်ကျောက်ဖြစ်ရုပ်ကြွင်းများက ၎င်းသီအိုရီက အတည်တကျတင်ပြထားသော သက်ရှိအရာများသည် တစ်စတစ်စဆင့်ကဲပြောင်းလဲလာခဲ့သည်ဟူသောအချက်များကို "အီဗိုလူးရှင်းဘိုးဘေးများမရှိဘဲ" အစစအရာရာသည် ချက်ချင်းလက်ငင်းအင်္ဂါရပ်အပြည့်အစုံဖြင့်သာပေါ်ပေါက်လာကြသည်ဟူသောတွေ့ရှိချက်များဖြင့် ပယ်ဖျက်လိုက်လေပြီ။ အဏုဇီဝဓါတုဗေဒပညာက အီဗိုလူးရှင်းသီအိုရီနှင့် သဘာဝအလျောက်အလိုလိုဖြစ်ပေါ်လာသည်ဟူသောအဆိုဖြင့်ရှင်းပြ၍မရနိုင်တော့သည့် သက်ရှိအရာများ၏အံ့ဖွယ်မဆုံးသော အချင်းအရာများကို ဖော်ထုတ်ထားလေပြီ။ ဒါဝင်၏ "သက်ရှိအရာများဆိုင်ရာဇယား" အရ နီးကပ်သည်ဟူသောသက်ရှိအရာများနှင့်သတ္တဝါများသည်၊ မျိုးဗီဇဗေဒအရ အလွန်ဝေးကွာနေကြောင်းကို တွေ့ရှိဖော်ထုတ်ထား၏။ သိပ္ပံပညာက အီဗိုလူးရှင်းသီအိုရီမှားယွင်းကြောင်း၊ တရားမဝင်ကြောင်း သက်သေထူလိုက်လေပြီ။ အီဗိုလူးရှင်းဝါဒီတို့က နောက်ထပ်ထိန်ချန်ထား၍မရနိုင်တော့ပေ။ ရုပ်ဝါဒ–လူသားပဓါနအခြေပြုဝါဒအတွေးအခေါ်တရားမဝင်မှားယွင်းကြောင်း သိပ္ပံပညာက ရှင်းလင်းစွာ တင်ပြထားပြီဖြစ်ကြောင်း အများလူထုအား အသိပေးရန် အထူးလိုအပ်ပေသည်။

**မေဆွန်ရီအဖွဲ့သည်၊ ထိရောက်သောဝါဒဖြန့်နည်းများဖြင့် အချိန်ကာလအတန်ကြာသည်အထိ လူအများအား မှားယွင်းသောအတွေးအခေါ်ကို လက်ခံစေနိုင်ခဲ့ပေသည်။ အမှန်တရားကိုပြောပြ၍ လူအများအားကူညီခြင်းသည် ထို့ထက်ပိုမို၍လွယ်ကူပေသည်။**

မွတ်စလင်မ်တို့က ဤတာဝန်ကိုလက်ခံဆောင်ရွက်၍၊ အလ္လာဟ်အရှင်မြတ်ကလည်း ခွင့်ပြုပါက၊ အောက်ပါကြေညာချက်သည်လည်း အထင်းသားပေါ်လွင်ပြည့်စုံသွားလိမ့်မည်။ **"စင်စစ်မှာကား ငါအရှင်မြတ်သည် အမှန်ကို အမှားပေါ်၌ပစ်ပေါက်တော်မူ၏။ ထိုအခါ ယင်းအမှန်သည် ထိုအမှား၏ဦးနှောက်ကို ထွက်စေ၏။ ထိုအခါ ယင်းအမှားသည် ရုတ်တရက်ပျောက်ပျက်သွားလေ၏။"** (အလ်အမ်ဗီယာ ၂၁:၁၈)

ထို့နောက်၊ နှစ်ဆယ့်တစ်ရာစုနှစ်သည် ဖရီးမေဆွန်တို့မျှော်လင့်သကဲ့သို့သော "တကမ္ဘာလုံး ဆိုင်ရာဖရီးမေဆွန်အဖွဲ့" ၏ရာစုနှစ်မဖြစ်တော့ဘဲ အစ္စလာမ့်ကိုယ်ကျင့်တရားနှင့်ပြည့်စုံသည့်ရာစုနှစ် ဖြစ်ပေလိမ့်မည်။

အို–အရှင်၊ ကိုယ်တော်အရှင်မြတ်သည်ချို့တဲ့ခြင်းအပေါင်းတို့မှ
သန့်ရှင်းစင်ကြယ်တော်မူသောအရှင် ဖြစ်တော်မူပါသည်။
ကိုယ်တော်အရှင် သင်ကြားပေးသနားတော်မူသော ပညာရပ်များမှအပ
ကျွန်တော်မျိုးတို့အဘို့မှာ အခြားအသိတရားဟူ၍ အလျှင်းမရှိပါ။
ဧကန်မုချ ကိုယ်တော်အရှင်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့
သိရှိတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်
ပြည့်စုံတော်မူသော အရှင်မြတ် ဖြစ်တော်မူပါသတည်း။
(စူရာ အလ်ဘက္ကရာ ၂း၃၂)

## မှတ်ချက်များ
## NOTES


1 *World Book Encyclopedia*, "Crusades," Contributor: Donald E. Queller, Ph.D., Prof. of History, Univ. of Illinois, Urbana-Champaign, World Book Inc., 1998
2 *Geste Francorum, or the Deeds of the Franks and the Other Pilgrims to Jerusalem*, trans. Rosalind Hill, London, 1962, p.91, *(emphasis added)*
3 August C. Krey, *The First Crusade: The Accounts of Eye-Witnesses and Participants,* Princeton & London, 1921, p.261, *(emphasis added)*
4 August C. Krey, *The First Crusade: The Accounts of Eye-Witnesses and Participants,* Princeton & London, 1921, p.262
5 Michael Baigent, Richard Leigh, *The Temple and the Lodge, London,* Corgi Books, 1990, pp. 78-81
6 Nesta H. Webster, *Secret Societies And Subversive Movements,* Boswell Publishing Co., Ltd., London, 1924, Chapter 3
7 For this thesis about Freemasonry, see. John J. Robinson, *Born in Blood: The Lost Secrets of Freemasonry,* New York, M. Evans & Company, 1989
8 Ender Arkun, "Masonlarin Dusunce Evrimine Katkisina Kisa Bir Bakis" (A Short Look at the Contribution of Freemasonry to the Evolution of Thought), *Mimar Sinan*, 1990, No. 77, p.68, *(emphasis added)*
9 Teoman Biyikoglu, "Tampliyeler ve Hurmasonlar" (Templars and Freemasons), *Mimar Sinan*, 1997, No.106, p.11, *(emphasis added)*
10 Teoman Biyikoglu, "Tampliyeler ve Hurmasonlar" (Templars and Freemasons), *Mimar Sinan*, 1997, No.106, p.9, *(emphasis added)*
11 Teoman Biyikoglu, "Tampliyeler ve Hurmasonlar" (Templars and Freemasons), *Mimar Sinan*, 1997, No.106, p.19, *(emphasis added)*
12 Christopher Knight and Robert Lomas, *The Hiram Key*, Arrow Books, 1997, p.37
13 G. Delaforge, *The Templar Tradition in the Age of Aquarius;* Christopher Knight, Robert Lomas, *The Hiram Key,* p.37, *(emphasis added)*
14 C. Wilson, *The Excavation of Jerusalem*, Christopher Knight, Robert Lomas, *The Hiram Key*, p.38
15 Murat Ozgen Ayfer, *Masonluk Nedir ve Nasildir?* (What is Freemasonry and What is it Like?), Istanbul 1992, pp.298-299, *(emphasis added)*
16 Gougenot des Mousseaux in *Le Juif, La Judaïsme et la Judaïsation des Peuples Chrétiens*, 2nd edition, 1886, p. 499
17 Nesta H. Webster, *Secret Societies And Subversive Movements,* Boswell Publishing Co., Ltd., London, 1924; p.9
18 Theodore Reinach, *Histoire des Israélites*, p.221, and Salomon Reinach, *Orpheus,* p.299, *(emphasis added)*
19 Fabre d'Olivet, *La Langue Hébraïque*, 1815, p.28, *(emphasis added)*
20 *Mason Dergisi* (The Journal of Freemasonry), No. 48-49, p.67, *(emphasis added)*
21 Christopher Knight, Robert Lomas, *The Hiram Key*, Arrow Books, London, 1997, p.131, *(emphasis added)*
22 Christopher Knight, Robert Lomas, *The Hiram Key*, Arrow Books, London, 1997, p. 131
23 Richard Rives, *Too Long in the Sun*, Partakers Pub., 1996, pp. 130-31
24 Murat Ozgen Ayfer, *Masonluk Nedir ve Nasildir?* (What is Freemasonry?), Istanbul, 1992, pp. 298-299
25 Nesta H. Webster, *Secret Societies And Subversive Movements,* Boswell Publishing Co., Ltd., London, 1924, *(emphasis added)*

26 Nesta H. Webster, *Secret Societies And Subversive Movements,* Boswell Publishing Co., Ltd., London, 1924; Theodore Reinach, *Histoire des Israélites,* p. 221, Salomon Reinach, *Orpheus*, p. 299, *(emphasis added)*
27Lance S. Owens, *Joseph Smith and Kabbalah: The Occult Connection, Dialogue: A Journal of Mormon Thought,* Vol. 27, No. 3, Fall 1994, pp. 117-194
28 Lance S. Owens, *Joseph Smith and Kabbalah: The Occult Connection, Dialogue: A Journal of Mormon Thought,* Vol. 27, No. 3, Fall 1994, pp. 117-194, *(emphasis added)*
29 Eliphas Lévi, *Histoire de la Magie,* p. 273; Nesta H. Webster, *Secret Societies And Subversive Movements*, Boswell Publishing Co. Ltd., London, 1924
30 Umberto Eco, *Foucault's Pendulum,* Translated from the Italian by William Weaver, A Helen and Kurt Wolff Book, Harcourt Brace Jovanovich, Publishers, p. 450, *(emphasis added)*
31 For further information, see, John J. Robinson, *Born in Blood: The Lost Secrets of Freemasonry,* New York: M. Evans & Company, 1989
32 *Encyclopaedia Judaica*, vol. 10, p. 759.
33 *Encarta® World English Dictionary* © 1999 Microsoft Corporation. Developed for Microsoft by Bloomsbury Publishing Plc.
34 Lamont, *The Philosophy of Humanism*, 1977, p. 116
35 http://www.jjnet.com/archives/documents/humanist.htm)
36 Henry Margenau, Roy Abraham Vargesse, *Cosmos*, *Bios*, *Theos*. La Salle IL, Open Court Publishing, 1992, p. 241
37 Patrick Glynn, *God: The Evidence, The Reconciliation of Faith and Reason in a Postsecular World*, Prima Publishing, California, 1997, p. 61
38 http://www.garymcleod.org/2/
johnd/humanist.htm)
39 Malachi Martin, *The Keys of This Blood: The Struggle for World Dominion Between Pope John Paul II, Mikhail Gorbachev, and the Capitalist West*, New York, Simon & Schuster, 1990, pp. 519-520, *(emphasis added)*
40 Malachi Martin, *The Keys of This Blood*, p. 520
41 Malachi Martin, *The Keys of This Blood*, pp. 521-522
42 Dr. Selami Isindag, Sezerman Kardes V, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul1977, p. 73, *(emphasis added)*
43 Dr. Selami Isindag, Sezerman Kardes VI, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul1977, p. 79, *(emphasis added)*
44 *Mimar Sinan*, 1989, No. 72, p. 45, *(emphasis added)*
45 *Selamet Mahfilinde Uc Konferans* (Three Confrences in Safety Society), p. 51, *(emphasis added)*
46 Manly P. Hall, *The Lost Keys of Freemasonry,* Philosophical Research Society; 1996, pp. 54-55
47 J. D. Buck, *Mystic Masonry,* Kessinger Publishing Company, September 1990, p. 216, *(emphasis added)*
48 "Masonluk Iddia Edildigi Gibi Gizli Bir Tesekkul mudur?" (Is Freemasonry a Secret Organization as It is Claimed to be?) (Mim Kemal Oke, *Turk Mason Dergisi* (The Turkish Mason Magazine), No. 15, July 1954, *(emphasis added)*
49 Franz Simecek, Turkiye Fikir ve Kultur Dernegi E. ve K. S. R. Sonuncu ve 33. Derecesi Turkiye Yuksek Surasi, 24. Konferans, (Turkish Society of Idea and Culture, 33rd degree, Turkey Supreme Meeting, 24th conference), Istanbul, 1973, p. 46, *(emphasis added)*
50 http://www.mason.org.tr/uzerine.

html, *(emphasis added)*
51 Dr. Selami Isindag, *Ucuncu Derece Rituelinin Incelenmesi* (The Examination of the Third Degree Ritual), Mason Dernegi (Masonic Society) Publications: 4, Istanbul, 1978, p. 15, *(emphasis added)*
52 Harun Yahya, *Komunizm Pusuda* (Communism in Ambush),Vural Publishing, Istanbul, April 2001, p. 25
53 Moiz Berker, "Gercek Masonluk" (Real Freemasonry), *Mimar Sinan*, 1990, No. 77, p. 23, *(emphasis added)*
54 Dr. Selami Isindag, Sezerman Kardes IV, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul1977, p. 62, *(emphasis added)*
55 Dr. Selami Isindag, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, pp. 145-146, *(emphasis added)*
56 Dr. Selami Isindag, "Olumlu Bilim-Aklin Engelleri ve Masonluk" (Positive Science-The Obstacles of Mind and Freemasonry), *Mason Dergisi*, year 24, No. 25-26 (December 76-March 77), *(emphasis added)*
57 Ibrahim Baytekin, *Ayna* (Mirror), Ocak 1999, No: 19, p.4, *(emphasis added)*
58 Dr. Selami Isindag, Masonluk Ustune (On Freemasonry), *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul1977, p. 32, *(emphasis added)*
59 Christopher Knight, Robert Lomas, *The Hiram Key*, Arrow Books, London, 1997, p. 131, *(emphasis added)*
60 Dr. Selami Isindag, Kurulusundan Bugune Masonluk ve Bizler (Freemasonry and Us: From Its Establishment Until Today), *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul1977, pp. 274-275, *(emphasis added)*
61 Dr. Selami Isindag, Sezerman Kardes VII, Masonlukta Yorumlama Vardir Ama Putlastirma Yoktur (There is No Idolization in Freemasonry but Interpretation), *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, p. 120, *(emphasis added)*
62 Celil Layiktez, "Masonik Sir, Ketumiyet Nedir? Ne Degildir?" (Masonic Secret, What is Secrecy?), *Mimar Sinan*, 1992, No. 84, pp. 27-29, *(emphasis added)*
63 Dr. Cahit Bergil, "Masonlugun Lejander Devri" (The Lejander Age of Freemasonry), *Mimar Sinan*, 1992, No. 84, p. 75, *(emphasis added)*
64 Oktay Gok, "Eski Misirda Tekris" (Initiation in Ancient Egypt), *Mimar Sinan*, 1995, Vol. 95, pp. 62-63, *(emphasis added)*
65 Dr. Cahit Bergil, "Masonlugun Lejander Devri" (The Lejander Age of Freemasonry) , *Mimar Sinan*, 1992, No. 84, p. 74, *(emphasis added)*
66 Resit Ata, "Çile: Tefekkur Hucresi" (Ordeal: Reflection Cell), *Mimar Sinan*, 1984, No. 53, p. 61, *(emphasis added)*
67 Rasim Adasal, "Masonlugun Sosyal Kaynaklari ve Amaclari" (The Social Origins and Aims of Freemasonry), *Mimar Sinan*, December 1968, No. 8, p. 26
68 Robert Hieronimus, *America's Secret Destiny: Spiritual Vision and the Founding of a Nation*, Vermont, Destiny Books, 1989, p. 84, *(emphasis added)*
69 Koparal Çerman, "Rituellerimizdeki Allegori ve Semboller" (Allegory and Symbols in our Rituals), *Mimar Sinan*, 1997, No. 106, p. 34
70 Michael Howard, *The Occult Conspiracy: The Secret History of Mystics, Templars, Masons and Occult Societies,* 1st ed., London, Rider, 1989, p. 8
71 Michael Howard, *The Occult Conspiracy: The Secret History of Mystics, Templars, Masons and Occult Societies,* 1st ed., London, Rider, 1989, p. 9
72 Koparal Çerman, "Rituellerimizdeki Allegori ve Semboller" (Allegory and Symbols in our Rituals), *Mimar Sinan*, 1997, No. 106, p. 38, *(emphasis added)*

73 Christopher Knight ve Robert Lomas, *The Hiram Key*, p. 188
74 Christopher Knight ve Robert Lomas, *The Hiram Key*, p. 188
75 Orhan Tanrikulu, "Kadinin Mason Toplumundaki Yeri" (The Woman's Place in Masonic Society), *Mimar Sinan*, 1987, No. 63, p. 46
76 Koparal Çerman, "Rituellerimizdeki Allegori ve Semboller" (Allegory and Symbols in our Rituals), *Mimar Sinan*, 1997, No. 106, p. 39, *(emphasis added)*
77 Resit Ata, "Bir Fantezi: Mitoloji'den Masonluga" (A Fantasy: From Mythology to Freemasonry), *Mimar Sinan*, 1980, No. 38, p. 59, *(emphasis added)*
78 Albert Pike, *Morals and Dogma*, Kessinger Publishing Company, October 1992, p. 839
79 Michael Howard, *The Occult Conspiracy: The Secret History of Mystics, Templars, Masons and Occult Societies*, 1st ed., London, Rider, 1989, pp. 2-3, *(emphasis added)*
80 Previous Master Mason Enver Necdet Egeran, *Gercek Yuzuyle Masonluk* (Freemasonry Unveiled) , Basnur Press, Ankara, 1972, pp. 8-9, *(emphasis added)*
81 Dr. Selami Isindag, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, p. 189, *(emphasis added)*
82 Dr. Selami Isindag, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, p. 190, *(emphasis added)*
83 Dr. Selami Isindag, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, pp. 189-190, *(emphasis added)*
84 Hasan Erman, "Masonlukta Olum Sonrasi" (After Death in Freemasonry), *Mimar Sinan*, 1977, No. 24, p. 57
85 Dr. Selami Isindag, Masonlugun Kendine Ozgu Bir Felsefesi Var Midir, Yok Mudur? (Does Freemasonry Have an Original Philosophy or Not?), *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, p. 97, *(emphasis added)*
86 Wilder Penfield, *The Mystery of the Mind: A Critical Study of Consciousness and the Human Brain*, Princeton, New Jersey, Princeton University Press, 1975, p. 80, *(emphasis added)*
87 Roger Penrose, *The Emperor's New Mind*, Penguin Books, 1989, pp. 24-25, *(emphasis added)*
88 Roger Penrose, *The Emperor's New Mind*, Penguin Books, 1989, p. 448
89 Onur Ayangil, "Yeni Gnose" (New Gnosis), *Mimar Sinan*, 1977, No. 25, p. 20, *(emphasis added)*
90 Enis Ecer, "Gercegin Yolu" (The Path of the Truth), *Mimar Sinan*, 1979, No. 30, p. 29, *(emphasis added)*
91 Faruk Erengul, "Evrende Zeka" (Intelligence in the Universe), *Mimar Sinan*, 1982, No. 46, p. 27, *(emphasis added)*
92 Albert Arditti, "Hurriyet-Disiplin-Dinamizm-Statizm" (Freedom-Discipline-Dynamism-Statism), *Mimar Sinan*, 1974, No. 15, p. 23
93 Naki Cevad Akkerman, "Bilimsel Acidan Dayanisma Kavrami ve Evrimi Uzerine Dusunceler II" (Thoughts About The Concept and the Evolution of Solidarity from the Scientific Point of View II), *Mimar Sinan*, 1976, No. 20, p. 49, *(emphasis added)*
94 *Mason Dergisi* (Journal of Freemasonry), No. 48-49, p. 67
95 *Mason Dergisi* (Journal of Freemasonry), No. 48-49, p. 67, *(emphasis added)*
96 Dr. Selami Isindag, Kurulusundan Bugune Masonluk ve Bizler (Freemasonry and Us: From Its Establishment Until Today), *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, pp. 274-275, *(emphasis added)*

97 Dr. Selami Isindag, Kurulusundan Bugune Masonluk ve Bizler (Freemasonry and Us: From Its Establishment Until Today), *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977,
pp. 274-275
98 Pocock, in; Edmund Burke, *Reflections on the Revolution in France*, ed. J. G. A. Pocock, Indianapolis: Hackett Publishing Company, 1987, pp. 33-38
99 Desmond King-Hele, *Doctor of Revolution: The Life and Times of Erasmus Darwin*, Faber & Faber, London, 1977, p. 361
100 Henry Morris, *The Long War Against God*, p. 178
101 William R. Denslow, *10,000 Famous Freemasons*, vol. I. Macoy Publishing & Macoy Supply Co., Inc. Ricmond, Virginia, 1957, p. 285
102 William R. Denslow, *10,000 Famous Freemasons*, vol. I. Macoy Publishing & Macoy Supply Co., Inc. Ricmond, Virginia, 1957, p. 285
103 Henry Morris, *The Long War Against God*, p. 198. Order of the Illuminati, which was founded in Bavaria, Germany in 1776 was a kind of a Masonic lodge. The founder of the Illuminati, Dr. Adam Weishaupt, was a Jew. He enumerated the goals of the Order as follows: 1- To abolish all monarchies and regular governments, 2- To abolish the personal property and inheritance, 3- To abolish the family life and the marriage institution and to establish a communal education system for children, 4- To abolish all religions. (see, Eustace Mullins, *The World Order: Our Secret Rulers*, p. 5; Lewis Spence, *The Encyclopedia of the Occult*,
p. 223)
104 Henry Morris, *The Long War Against God*, Master Books, April 2000, p. 198
105 Pope Leo XIII, *Humanum Genus*, "Encyclical on Freemasonry," promulgated on April 20, 1984.*(emphasis added)*
106 Henry Morris, *The Long War Against God*, p. 60
107 For Huxley's Masonry, see (Albert G. Mackey. "Charles Darwin and Freemasonry." *An Encyclopedia of Freemasonry*, New York: The Masonic History Company, 1921, Vol. III.) Royal Society or with the full name The Royal Society of London for The Improvement of Natural Knowledge was founded in 1662. All the members of the society were all Masons without an exception. See, John J. Robinson, *Born in Blood*,
p. 285
108 For the support Royal Society gave to Darwinism, see Henry Morris, *The Long War Against God*, pp. 156-57
109 Anton Pannekoek, *Marxism And Darwinism*, Translated by Nathan Weiser. Transcribed for the Internet by Jon Muller, Chicago, Charles H. Kerr & Company Co-operative Copyright, 1912 by Charles H. Kerr & Company, *(emphasis added)*
(http://www.marxists.org/archive/pannekoe/works/1912-dar.htm)
110 Dr. Selami Isindag, "Bilginin Gelismesinde Engeller ve Masonluk" (Obstacles in the Development of Knowledge and Freemasonry), 1962 Annual Bulletin of the Turkish Grand Lodge of Free and Accepted Masons p. 44, *(emphasis added)*
111 Francis Darwin, *Life and Letters of Charles Darwin*, Vol.II, from charles Darwin to J. Do Hooker, March 29, 1963
112 Fred Hoyle, Chandra Wickramasinghe, *Evolution from Space*, p.130, *(emphasis added)*
113 Dr. Selami Isindag, *Evrim Yolu* (The Way of Evolution), Istanbul1979, p. 141, *(emphasis added)*
114 P. M. Giovanni, Turkiye Fikir ve Kultur Dernegi E. ve K. S. R. Sonuncu ve 33. Derecesi Turkiye Yuksek Surasi, 24. Conference (The Turkish Society of Idea and

Culture, 33rd degree, Turkey Supreme Meeting, 24th conference), Istanbul, 1973, p. 107*, (emphasis added)*
115 Dr. Selami Isindag, Sezerman Kardes VI, *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, p. 78, *(emphasis added)*
116 Dr. Selami Isindag, "Masonluk Ogretileri" (Masonic Doctrines), *Masonluktan Esinlenmeler* (Inspirations from Freemasonry), Istanbul 1977, p. 137
117 Tanju Koray, *Mimar Sinan*, 1992, No: 85, p. 46, *(emphasis added)*
118 Tanju Koray, *Mimar Sinan*, 1992, No: 85, p. 49, *(emphasis added)*
119 Neset Sirman, "Masonlugun Ilk Devirleri" (The First Periods of Masonry), *Mimar Sinan*, 1997, No. 104, p. 41, *(emphasis added)*
120 Naki Cevad Akkerman, "Politika ve Masonluk" (Politics and Freemasonry), *Mimar Sinan*, September 1968, No. 7, pp. 66-67
121 Daniel Willens "The Hell-Fire Club," *Gnosis*, no.24, Summer 1992, *(emphasis added)*
122 For the relationship of Enlightenment and French Revolution with Masonry, see Harun Yahya, *Yeni Masonik Duzen* (New Masonic Order), pp. 203-215
123 Michael Howard, *The Occult Conspiracy,* p. 69
124 Compterendu Gr. Or., 1903, Nourrisson, "Les Jacobins," 266-271; *The Catholic Encyclopedia*, "Masonry (Freemasonry)," NewAdvent,(http://www.newadvent. org/cathen/09771a.htm), *(emphasis added)*
125 *The Catholic Encyclopedia*, "Masonry (Freemasonry)," New Advent, (http://www.newadvent.org
/cathen/09771a.htm), *(emphasis added)*
126 *The Catholic Encyclopedia*, http://www.newadvent.org/cathen/09771 a.htm#VIII
127 Nur Safa Tekyeliban, "Taassuba Karsi Mucadele" (Struggle Against Bigotry): From the Speech of Brother Gambetta made on July 8, 1875 in Clémente Amitié Lodge," Dogus Kolu Yilligi: Ankara Dogus Mahfili Çalismalari (Dogus Branch Yearbook: Ankara Dogus Society Studies) , 1962, Kardes Press, Ankara, 1963, p. 19
128 *The Catholic Encyclopedia*, "Masonry (Freemasonry)," New Advent, (http://www.newadvent.org/cathen/09771a.htm), *(emphasis added)*
129 Louis L. Synder and Ida Mae Brown, *Bismarck and German Unification*, New York, 1966,pp. 90-91, *(emphasis added)*
130 *The Catholic Encyclopedia*, "Masonry (Freemasonry)," New Advent, (http://www.newadvent.org/cathen/09771a.htm), *(emphasis added)*
131 Elbridge Colby,"*In Hitler's Shadow: The Myth of Nazism's Conservative Roots," In Bad Faith?*: Politics and Religion at Harvard, October 13, 1999
132 Alec Mellor, *The Royal Arch Mason*, Spring 1972
133 *The Catholic Encyclopedia*, "Masonry (Freemasonry)," New Advent, (http://www.newadvent.org/cathen/09771a.htm)
134 Michael Howard, *The Occult Conspiracy*, p. 105
135 Stephen Knight, *The Brotherhood: The Explosive Expose of the Secret World of the Freemasons*, HarperCollins, 1985, p.33
136 Daniel Ligou, *Dictionnaire de la Franc-Maconnerie*, p.1064
137 *The Catholic Encyclopedia*, "Masonry (Freemasonry)," New Advent, (http://www.newadvent.org/cathen/09771a.htm), *(emphasis added)*
138 *The Catholic Encyclopedia*, "Masonry (Freemasonry)," New Advent, (http://www.newadvent.org/cathen/09771a.htm), *(emphasis added)*

139 *Voice*, Chr. 1889, II, 257 sq.; *The Catholic Encyclopedia*, "Masonry (Freemasonry)," New Advent, (http://www.newadvent.org/cathen/09771a.htm), *(emphasis added)*
140 "Masonluk Gucunu Yitiriyor mu?" (Is Freemasonry Losing its Power?), *Nokta*, October 13, 1985, vol. 40, p. 30
141 Bediuzzaman Said Nursi, *Letters*, 15th Letter, The Meaning of Your Fourth Question, The Second Current
(http://www.bediuzzaman.org/letters/let15d.html)